www.burmeseclassic.com

# လရောင်ကျေးရင့်

## ကျွန်တော့်ရဲ့ရှိ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၅၂၃၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၅၁၆၀၅၁၁ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်စောနိုင်ဦး (မြ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ကျွန်တော့်ရဲ့ ရှီ/ လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၃၅၆ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ကျွန်တော့်ရဲ့ ရှီ




## အခန်း (၁)

"ဂုဏ်မြင့်သူ.."

ပြောလိုက်တာကို သံယောင်လိုက်ရွတ်ပြီး သီသာအောင် မဲ့ပစ်သည်။ မောင်နှမနှစ်ယောက်ကလည်း ထိုမျက်နှာ၊ ထိုနှုတ်ခမ်းကိုပဲ စိုက်ကြည့်နေတာမို့ သေချာမြင်လိုက်၏။

ပြီးတော့ ထင်သည့်အတိုင်း ချပြထားသည့်ဓာတ်ပုံကို တစ်ချက်လေးမှ မျက်လုံးဝေ့မကြည့်ဘဲ ပိုက်ထားသည့်ဂစ်တာကို ဟိုခေါက်ဒီခေါက်..။

"ဓာတ်ပုံကိုလဲ ကြည့်ပါဦး သုဘာဘာ ရယ်..၊ မင်း ကြေးများလွန်းလို့ ဒီတစ်ခါ လုံးဝ မငြင်းချင်လောက်အောင် မင်းနဲ့ ဂိုက်တူ၊ ဆိုက်တူ၊ ဒီဇိုင်းတူကို သေချာရွေးထားတာ..၊ မင်း သဘောကျဖို့ အဓိကနဲ့ စီးပွားဥစ္စာ အသိုင်းအဝိုင်းတောင့်တင်းမှုဆိုင်ရာမှာတောင် ဘီလေးတို့ သဘောကျမဟုတ်သေးဘဲ ရွေးခဲ့လိုက်တာ.."

"ကျေးရှူးတောင် တင်ရဦးမယ်.."

ဂစ်တာကို ရင်ခွင်ထဲက ဆွဲဖယ်လိုက်ပြီး မကြားတကြား ပြောသည်။ ဒေါ်စုလတ် ကလည်း ကြားဖြစ်အောင် ကြား၏။

www.burmeseclassic.com



"ကျေးဇူးမတင်ရပါဘူး၊ တီလေးတို့ စီစဉ်နေတဲ့ အိမ်ထောင်ရေးကို သား နည်းနည်းလောက် ဂရုစိုက်ပေးရင် တော်ပြီ"

"ကျွန်တော် ဘယ်လောက် အသက်ကြီးနေလို့ မိန်းမပေးစားဖို့ပဲ အပူတပြင်း ဖြစ်နေတာလဲ..၊ လုံးဝကို စိတ်မဝင်စားတာ.."

"စိတ်ဝင်စားတယ်တော့ လုပ်လိုက် ဘာဘာ.."

ဦးမျိုးလတ် က အမြင်ကတ်ပုဒ်မနှင့် ဝင်ပြောကာ...

"ရည်းစားသနာကိစ္စတွေကို စိတ်မဝင်စားခဲ့တဲ့ လူတော်လူကောင်းလေးဆိုရင်တောင် မိဘ ဒီလောက် နားချ ဖျောင်းဖျနေတာကို အားနာရကောင်းမှန်းတော့ သိပြီ.."

"လာပြန်ပြီ..၊ ဒီ ရည်းစားထားတာကိုပဲ"

"မပြောချင်ပါဘူး၊ ဒါက လူငယ်သဘာဝကို.."

"တော်သေးတာပေါ့ မပြောချင်လို့"

"မင်းကို ငါက ဘာတွေ ပြောနေလို့လဲ"

"ရည်းစားထားလို့ လူရှုပ်လူပွေဖြစ်နေတဲ့အတိုင်း ခုပဲ ပြောနေတာ.."

"ဘာပဲဖြစ်ဖြစ် ကင်းကင်းရှင်းရှင်းရှိခဲ့ရင် လူတော်လူကောင်းလို့ ခေါ်ထိုက်တာပဲ"

"ရည်းစားမထားတိုင်း လူတော်လူကောင်း မဟုတ်ဘူးဆိုတာ အန်ကယ့်လ်ကို ဆွဲပြချင်တယ်"

"ရှိတော့ရှိမှာပေါ့၊ ဒါပေမယ့်..."

"ကဲ... တော်ပါတော့ ကိုလေး ကို့ရယ်.."

ဒေါ်စုလတ် က ခတ်ပုံကို ပြန်ကောက်ယူလိုက်ပြီး ကာယကံရှင်လက်ထဲထည့်ဖို့ဟာ မအောင်မြင်ဘဲ ရှိနေသဖြင့် စိတ်ရှုရည်နိုင်..။

မောင်နှမသုံးယောက်ပေါင်းမှ မျိုးဆက်ကျန်ရစ်တာ ဒီတူလေး တစ်ယောက်တည်း ရှိသည်။ ဆွေမျိုးမကင်းတာတွေ၊ နီးနီးစပ်စပ်ရင်း





တာတွေ အများကြီး ရှိကြပေမယ့် 'တြိဂံ'စံအိမ်ကြီးရဲ့ ဆက်ခံခွင့် မျိုးဆက်ကတော့ ကမ္ဘာ ပဲ ဖြစ်၏။

ကမ္ဘာ ကို အကြီးဆုံးအစ်ကို ဦးမောင်မောင်လတ်၊ ဒေါ်သီဂီလင်း တို့က မွေးဖွားခဲ့သည်။ ဒေါ်သီဂီလင်း ကတော့ ကမ္ဘာ သုံးနှစ်သားလောက်မှာ ရုတ်တရက် သေဆုံးခဲ့ရှာသည်။

ဦးမောင်မောင်လတ် က ဒီနေ့ထိ စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်တိုးတက်နေပေမယ့် နောက်အိမ်ထောင်သစ်မထူဘဲ ရှာဖွေရသမျှ ဒီသားတစ်ယောက်အတွက်ချည်း ဖြစ်သည်။

သူမကလည်း သားတစ်ယောက် ထွန်းကားပေမယ့် အဖတ်မတင်ခဲ့ပေ။ ခုတော့ ခင်ပွန်းဖြစ်သူကလည်း နိုင်ငံခြားမှာပဲဖြစ်ကာ ပြန်မလာတော့ဘူးလို့ ထင်ရလောက်အောင် ခပ်စိမ်းစိမ်း ဖြစ်နေပါပြီ..။

ဦးမျိုးလတ် က သားလတ်ပေမယ့် ဒီနေ့ထိ အိမ်ထောင်မပြုခဲ့သဖြင့် ညီမဖြစ်သူကို အကြံပေးနေသေးသည်။

"မိစု..၊ နင့်ယောကျ်ားနောက်ကို နင် လိုက်သွားတော့၊ သူ ဒီကို ပြန်လာမှာပဲလို့ထင်ပြီး ထိုင်စောင့်နေလို့ကတော့ နောက်ဘဝကူးသွားတာတောင် နင့်ကို သနားမယ့်သူ ရှိမှာမဟုတ်ဘူး၊ ဘာဘာ့ကို ငါနဲ့ထားခဲ့" တဲ့..။

ကိုယ့်ယောကျ်ားနဲ့ အတူမနေချင်ဘဲတော့ ရှိမလား၊ ဒါပေမယ့် တြိဂံစံအိမ်မှာ အမွေဆက်ခံခွင့်နှင့်ပတ်သက်ပြီး ရှုပ်ထွေးမှုတွေ ရှိလာနိုင်သည်။

ရှိလာခဲ့လျှင် ကိုလေး တစ်ယောက်တည်းနှင့် မဖြစ်ပါ။ ဖေဖေတို့လက်ထက်က မွေးစားခဲ့သည့် သားသမီးတွေ၊ သားသမီးကဲ့သို့ သဘောထားပါသည်ဟု ခေါင်းစဉ်တပ်၍ ဂရုစိုက် ထောက်ပံ့ပေးခဲ့သည့် တပည့်လက်သားတွေ...။

အားလုံးက ဖေဖေတို့ မရှိတော့ဘူးဆိုကတည်းက သူလည်း ရင်း



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဒါလည်း ဆိုင်သည်နှင့် အရေးဆိုခွင့်မရှိကြပေမယ့် မနီးမဝေးမှာ ရပ်ကနေခဲ့ကြ၏။

မင်းဘိုးဘွား အစဉ်အဆက်က ကျန်ရစ်ခဲ့သည့်ပစ္စည်းတွေနှင့် သူမတို့မောင်နှမလက်ထက်မှာ တိုးပွားလာတာတွေအားလုံးဟာ ကမ္ဘာ တစ်ယောက်တည်း ပိုင်ဆိုင်ရမှာ ဖြစ်သည်။

တကယ်တမ်း ရှုပ်ထွေးလာလျှင် ဥပဒေလမ်းကြောင်းအတိုင်း ဖြေရှင်းပြီး ကမ္ဘာ ကိုသာ လွှဲပြောင်းပေးအပ်ဖို့ ရှိသည်။ ဒါပေမယ့် သက်ဆိုင်တာတွေပဲ တွေးခေါ်မျှော်လင့်ပြီး မဟုတ်မဟတ် လုပ်ကြံလာခဲ့လျှင် ကာကွယ်ဖို့ ခက်၏။

ဦးမာ ကမ္ဘာ ကို ပိုင်ဆိုင်ဖို့အတွက် အမျိုးမျိုးသော ကြံစည်မှုများနှင့် ကြိုးစားလာခဲ့လျှင်···

"သားရယ်··၊ တီလေး ပြောတာကို သေချာ နားထောင်စမ်းပါ၊ ဒီပုံလေးကို အရင်ကြည့်··၊ ရော့···"

ကိုယ့်ဘာသာတွေးရင်း စိုးရိမ်စိတ်တွေဖြစ်လာကာ ဒေါ်စုလတ် က ဓာတ်ပုံကို ကမ္ဘာ လက်ထဲ မရမက ထည့်ပေးသည်။

ကမ္ဘာ ကလည်း မျက်လုံးတစ်ချက်ပဲ ဝေ့လိုက်ပြီး စားပွဲပေါ် ပြန်တင်၏။ ဒေါ်စုလတ် က စိတ်ပျက်သွားသည့်မျက်လုံးများနှင့် စွန့်ပစ်ခံရသည့်ဓာတ်ပုံကို ငုံ့ကြည့်လိုက်ပြီး···

"သားရယ်··၊ မင်း ဒီလောက်တောင် ပြောရခက်ရသလား၊ တကယ်ပါပဲ မင်း လက်ထပ်ဖို့အတွက် မင်းဘက်မှာ အရေးမကြီးပေမယ့် လူကြီးတွေဘက်က ရှုပ်ထွေးမှုတွေဖြစ်လာမှာကို ကာကွယ်ထားရဖို့ ရှိတယ်"

"ကာကွယ်ဖို့က မိန်းမ ယူမှလား··"

ကမ္ဘာ က ဆိုဖာမှာ ပက်လက် မှီချလိုက်ပြီး လက်နှစ်ဖက်ကိုပါ ပစ်စလက်ခတ် ပုံချထားကာ ဒေါ်စုလတ် ကို ကြည့်သည်။



"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့အရွယ် ရောက်နေပြီ၊ တီလေးတို့ ဘာကြောင့် ဒီလောက် စိုးရိမ်နေတာလဲ၊ ပိုင်ဆိုင်မှုဆိုတာလဲ ဥပဒေနဲ့၊ ဇယားနဲ့၊ သူ့အကန့်နဲ့သူ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ အဲဒီအကန့်တွေ အကုန်လုံးက ကမ္ဘာ ဆိုတဲ့ လူငယ်လေးကို လက်ထပ်နိုင်တဲ့မိန်းမ ပိုင်ဆိုင်ခွင့်ရှိတယ်၊ မင်းကို အဲဒီလို သူများ ထောင်ချောက်ဆင်ခံရပြီး မဟုတ်မဟတ် မိန်းကလေးခဲ့တွေနဲ့ အဖြစ်မခံနိုင်ဘူး"

ဒီလောက်ထိ မပြောချင်လို့ အိမ်ထောင်ရေးတစ်ခုကိုပဲ အဓိက ပြောနေတော့လည်း နားမှ မဝင်ဘဲ··။ စိတ်မရှည် ဖြစ်သွားခြင်းကနေ ဒေါ်စုလတ် လေသံကို ချက်ချင်းပြန်လျှော့ကာ···

"ဘာဘာ··၊ သား ဒီမိန်းကလေးကိုတော့ တွေ့ကြည့်လိုက်ပါဦး သားရယ်နော်၊ တီလေးတို့ကလေ သားကို ပိုင်ဆိုင်သမျှတွေ လွှဲပေးချင်ပြီ၊ သားရဲ့ဘဝကို မိသားစုလေးတစ်ခုအဖြစ် စီးပွားဥစ္စာတွေပါ ထူထောင်ပေးပြီးရင်···"

"လေးလေးထွန်း နောက်ကို လိုက်သွားချင်ပြီလို့ ပြောမလို့လား"

"ဒါပေါ့ကွ··၊ သူ့ယောက်ျားက လိုက်ခဲ့ဖို့ခေါ်နေတာ ကြာလှပြီ၊ မင်းအဒေါ် မင်းကြောင့် မသွားနိုင်ဖြစ်နေတာ··"

"ဒီလိုလား··"

ကမ္ဘာ မျက်နှာ ပြုံးချင်ချင်ဖြစ်သွားကာ မျက်ခုံးတွေပင့်ထားပြီး ခေါင်းညိတ်၏။ ဦးမျိုးလတ် က သူ့ဘေးမှာ ထိုင်လိုက်ပြီး ထုတ်ထားပြီးသည့်စီးကရက်ကို မီးမညှိသေးဘဲ ဒီတိုင်း လက်ကြားညှပ်လျက်နှင့်···

"မနက်ဖြန် မင်း ဂုဏ်ခြင့်သူ နဲ့ သွားတွေ့လိုက်ပါ"

"တွေ့···ဆိုတာက လွယ်ပါတယ်"

"ဟာ!··· မင်း လုပ်ပြီ"

"အန်ကယ်လ်ကလဲ ကိုယ် မသိတဲ့ မိန်းမတစ်ယောက်ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ ချက်ချင်း လက်ထပ်ဖို့စကားတွေ ပြောစရာလား"

"မပြောရဘူးလေ၊ မင်းဘက်က လိုလားတဲ့မျက်လုံးလေးနဲ့ တစ်ချက်လောက်ကြည့်ပြီး အဆွေဆင်ပြေပြေလေး ပြောဆိုလာခဲ့ဖို့ပါ၊ လက်ထပ်ဖို့က လူကြီးချင်း ပြောထားပြီးသား"

"လူကြီးချင်း ယူကြမှာမှ မဟုတ်တာ"

"သားရယ်..."

မြေရှင့် ဘာပဲပြောပြော ခေါင်းခါဖို့အကြောင်းကိုပဲ ပြန်ရောက်နေသဖြင့် [illegible]လတ် တောင်းပန်သည့်မျက်လုံးတွေ ကမ္ဘာ့ နားကို ပိုတိုးလာကာ...

"တွေ့လိုက်ရင် သား သဘောကျသွားမှာပါ၊ သူကတော့ သားရဲ့ ဇနီး ဖြစ်ကိုဖြစ်ထိုက်တဲ့ မိန်းကလေး၊ ကိုယ်လုံး အချိုးလှတယ်၊ အရပ်မြင့်တယ်၊ အသားအရည် ကောင်းတယ်၊ ခေါင်းခြင်းပါးဖြာဆိုတာကို မမီနိုင်သေးမယ့် မိန်းကလေးတွေထဲမှာ အလှဆုံးမိန်းမပဲ၊ ပြီးတော့ သားတို့လူငယ်အကြိုက်၊ သူက မော်ဒယ်တစ်ယောက်ပဲ သားရဲ့၊ ကြော်ငြာတွေ ကမ်းလှမ်းနေကြတာတောင် ရှိတယ်၊ သူ့အမေက ခွင့်မပြုလို့"

ညွှန်းနေတာကတော့ မြေးကြည့်လိုက်ဖို့ ကောင်းနေပါပြီ။ ဒါပေမယ့် သူ စိတ်မဝင်စားဘဲ ဖြစ်နေတာက ဆိုးသည်။

"ကျွန်တော် ဂစ်တာသွားတီးမလို့"

"ဟဲ့! ဩော်... ခဏ ထိုင်စမ်းပါဦး၊ မိုးပဲချုပ်တော့မယ်၊ ဒီအချိန်သွားပြီး ဘယ်တော့ ပြန်လာမှာလဲ၊ အပြင်မှာ ညဉ့်နက်အောင် မနေရဘူးလို့ တီလေး ပြောထားတယ်နော်"

"မနေပါဘူး၊ တစ်နာရီလောက်ပဲ"

လို့ပြောပြီး ဂစ်တာကို ပြန်ကောက်လိုက်တော့ ဒေါ်စုလတ် က လက်ကိုဆွဲထားလိုက်ကာ...

"သမီးလေးနဲ့တွေ့ဖို့ တီလေးက ချိန်းထားပြီးပြီနော်၊ မနက်ဖြန် သွားတွေ့ရင် လက်စွပ်လေးပါ ယူသွားရမယ်"



"ဟင်!... ဟာ... အဓိပ္ပာယ်မရှိ..."

ဂစ်တာကိုလည်း မကိုင်ဖြစ်ဘဲ လက်ကို ရုန်းပစ်လိုက်ပြီး ကမ္ဘာ က ခါးခါးသီးသီး။ ဦးမျိုးလတ် ဝင်ပါရဖို့အတွက် သက်ပြင်းရှည်ကြီး ချ၍...

"မင်းကိုလဲ သူ့လက်ကလေးကို ဆွဲပြီး တယုတယ ဝတ်ပေးခဲ့ဖို့ မပြောဘူး ဘာဘာ၊ လူကြုံပါးတဲ့ပစ္စည်းတစ်ခုကို ပေးခဲ့သလိုပဲ ပေးခဲ့ရင် ရပြီ၊ မင်္ဂလာကိစ္စက လူကြီးချင်း ကြောင်းလမ်းခဲ့တာ၊ ဒီလက်စွပ်က စေ့စပ်လက်စွပ် အထိမ်းအမှတ်ပေမယ့် မင်းတို့လူငယ်တွေနဲ့ တိုက်ရိုက် မပတ်သက်ရသေးဘူးလို့လဲ ပြောလို့ရတယ်၊ တစ်ခုတော့ ရှိတယ်၊ လူကြီးချင်း သဘောတူထားပြီးပြီ၊ မင်းတို့ဟာ သေချာပေါက် လက်ထပ်ကြရမယ့်သူတွေဆိုတာ မျက်နှာချင်းဆိုင် သိရှိပြီး ရင်းနှီးမှုတွေ အများကြီး ပိုလာမယ်လို့ တို့က မျှော်လင့်တာ"

ဘာထူးလို့လဲ..၊ ကမ္ဘာ့ မျက်နှာ ရှုံ့မဲ့နေ၏။

"ကျွန်တော့်မှာ ရည်းစားရှိတယ်" လို့ပြောတော့ "အဲဒါ ဘာဖြစ်လဲ" တဲ့..။ "မင်းတို့ခေတ်မှာ ဖိုင်ရာမထဲ ရည်းစားထားလို့ ရတယ်၊ အဲဒါ အိမ်ထောင်ဖက်နဲ့ မဆိုင်ဘူး" လို့ ယတိပြတ် ပယ်ချခဲ့သည်။

ခက်နေတာက သူ ရည်းစားထားခဲ့တာ မှန်ပေမယ့် အိမ်ထောင် တစ်ခု ထူထောင်ကြဖို့အထိ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူးလေ..။

အွန်လိုင်းမှာ တွေ့မိကြပြီး ဟိုလိုလို ဒီလိုလိုတွေ ပြောဆိုငြိစွန်းခဲ့ကြတာ ရှိသည်။ ဒါတွေကြောင့် သတင်းကြီးတော့ ကမ္ဘာ ရည်းစား တွေထားနေတာ တစ်ယောက်ပြီး တစ်ယောက်တဲ့..။

ခုလို တစ်ယောက်ပြီးတစ်ယောက် ရွေးနေရတာထက် အများကြီး ပျော်ဖို့ကောင်းသည်။ လုပ်ကြည့်လိုက်ဦးပေါ့၊ ကိုယ့်မှာလည်း ရွေးစရာ ရှိနေတော့..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဟင်!... တစ်စိတ်ကို သုံးရာ..."

"ဟုတ်တယ်၊ ရှေ့က တစ်ရာ၊ နောက်က သုံးရာ၊ အရွယ်ချင်းလဲ ယှဉ်ကြည့်ဦးလေ"

သူမ ပြုတ်ကျသွားသည့် ဖရဲသီးစိတ်ကို တအံ့တဩ လိုက်ငုံ့ကြည့်ရင်း မယုံနိုင်။ ဘေးမှာ လူတွေကလည်း အများကြီး ဖြစ်သည်။ ရှက်သည့်စိတ်နှင့် လှည့်ပြေးသွားချင်ပေမယ့်...

"ဒါ... ဒါနဲ့ အစ်မ အော်နေတုန်းက တစ်ရာတည်း..၊ တစ်ရာတည်းနဲ့..."

"ဖြစ်ရလေအေ..၊ တစ်ရာက တစ်ရာနဲ့တန်တာပဲ ရမှာပေါ့၊ အရွယ်မတူတာတွေ မြင်ရဲ့သားနဲ့၊ နည်းနည်းပါးပါး မေးပါဦးလား"

ဈေးသည်က ပဝါပါးလေးအုပ်ထားသည့် ဖရဲသီးစိတ်တွေကို ပလတ်စတစ်မွေ့တွေတပ်ထားသော ဝါးရိုးတံနှင့် ဆော့ပတ်ခတ်ရင်း မျက်နှာကို တင်းထား၏။

သူမ မျက်လုံးလေးတွေ ပြူးဝိုင်းနေကာ ဖရဲသီးစိတ်တွေကို ငေးလိုက်၊ အောက်မှာ ကြွေမွနေသည့်တစ်ခုဆီ ရောက်လိုက်..။





လက်ထဲမှာ ဆုပ်ကျစ်ထားသည့် ငါးရာတန်တစ်ရွက်ကို ဈေးသည်လက်ထဲ ထည့်ပေးလိုက်ရုံနှင့် ပြီးသွားမှာပေမယ့် ဒီပိုက်ဆံနှင့် သူမ ခရီးဆက်ရဦးမည်။

အနားက လူတချို့ ကြည့်နေကြတာကို ဘယ်သူမှ မရှိဘူးလို့ သတ်မှတ်နိုင်အောင် အံကြိတ်၍ ပင့်သက်ရှိုက်နေမိတာ ဘယ်နှစ်ကြိမ်မှန်း မသိ..။ ပြီးတော့မှ ဈေးသည်အမျိုးသမီးကို ပြန်မော့ကြည့်ကာ...

"အစ်မရယ်..၊ ဟိုလေ... နှစ်ရာပဲ ယူပါနော်၊ သူမ..."

ပိုက်ဆံကို မြင်အောင်ကိုင်ထားတာက ဆက်ရှင်းပြဖို့ ဖြစ်သည်။ ဒါပေမယ့် ဈေးသည်က ပိုက်ဆံကိုကြည့်ပြီး ချက်ချင်း ခေါင်းခါ၏။

"ကိုယ့်လက်ထဲက ကိုယ် လွှတ်ကျတာ၊ ဘာလဲ.. အောက်ကျသွားတာနဲ့ တစ်ရာ လျှော့ပေးရမှာလား..၊ ထုံးစံမရှိဘူး"

"မဟုတ်ပါဘူး၊ သူမ မှာ ပိုက်ဆံ ဒါပဲရှိလို့ပါ၊ ကားခ မချန်လို့ မဖြစ်..."

"ဒါမျိုးတွေ ရိုးနေပြီ ညီမ၊ ပါတာကိုပေးခဲ့ပြီး အေးအေးပြန်ဖို့လုပ်"

"ဒီမှာ..."

အနားမှာ နက်ပြာရောင်အရိပ်တစ်ရိပ် ရောက်လာ၏။ သူမလက်ထဲက ပိုက်ဆံကို ဆွဲယူလိုက်တော့မလို လက်ပြင်နေသည့် ဈေးသည်က နောက်တစ်ယောက်ဆီ အာရုံရောက်သွားသည်။

"ဘယ်လောက်လဲ.."

မဆီမဆိုင် ကိုယ့်ဘက်က ရပ်တည်ပေးမယ့်သူမှန်း သိလိုက်တော့ သူမ ကျေးဇူးတင်လွန်းသဖြင့် ဘာမှကို မပြောနိုင်ဘဲ ငေးနေမိ၏။

နက်ပြာရောင် တလက်လက်တောက်နေသော လည်ကပ်ပန်းနှင့် ခရမ်းရင့်နှင့် နက်ပြာစလွယ်ကျားထားသော ခါးရှည်ကိုယ်ကျပ်က ပခုံးစွန်း မရောက်တရောက်ထိ ဟိုက်ထား၏။ အသားရောင်ကို မြင်နေရသော စတော့ကင်အပါးလေးကလည်း ကျပ်ကပ်နေကာ အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ပို့ဂွင့်ဒေါက်မြင့်နှင့် ခေတ်မီလှစသောဒီဇိုင်းက သူမ မျက်လုံးထဲမှာ ရုပ်ရှင်မင်းသမီး တစ်ယောက်ယောက်လားလို့ ထွေးမိခဲ့တဲ့အထိ…။

"လာ… သွားမယ်…"

သူမကပဲ သူမ ကို လက်တွဲခေါ်ခဲ့သေးသည်။ လူရှင်းသည့် တစ်နေရာကို ခေါ်သွားမည်ထင်ခဲ့ပေမယ့် လူရှင်းတာ တစ်နေရာမှမတွေ့။

ရန်ကုန်မှာ နေရာတိုင်း ဒီလိုပဲလား၊ ဒါမှမဟုတ် သူမ ပဲ ရှုပ်ထွေးလွန်းသည့်နေရာကို ရောက်နေခဲ့တာလား…။ မင်းသမီးလို့ သူမ သတ်မှတ်သည့် မိန်းကလေးသည် သူမ ကို လက်ဆွဲသွားနေရင်း…

"မင်း တစ်ခုခု ဖြစ်လာတာလား"

"ဟင်!…"

"ရန်ကုန်က မဟုတ်မှန်း သိသာတယ်၊ ဘယ်ကလဲ"

"ဟို… သူမ က နယ်ကပါ"

"သူမ…"

သူမ က ခြေလှမ်းမရပ်ဘဲ ပြန်လှည့်ကြည့်ကာ…

"နာမည်က သူမ တဲ့လား"

"ဟုတ်…"

အနက်ရောင်ကားတစ်စီး ဘေးမှာ ရပ်လိုက်သဖြင့် ထိုနေရာမှာတော့ လူအနည်းငယ် ရှင်းနေတာကို သူမ သတိထားလိုက်မိသည်။

"ဘယ်ကို သွားမှာလဲ၊ ဘာဖြစ်လာတာလဲ ပြောပါဦး"

"လှိုင်သာယာကို သွားမလို့ အဝေးပြေးဂိတ်ကနေ ၄၉ ကားမှတ်တိုင်ကို ရှာပြီး ဆင်းလိုက်တာ"

"အင်း…"

"အဲဒါ ကား မသိလို့၊ ဟိုမေးဒီမေး လုပ်နေတုန်း သူမ အိတ်ကို ဘယ်သူ ကောက်ဆွဲသွားလဲ မသိဘူး"

"ဪ… ဒုက္ခ"





စာနာသွားသည့်ပုံမပေါက်ဘဲ ရှုံ့မဲ့သွားတာဖြစ်၏။ သူမ ကတော့ ကျေးရူးတင်မဆုံးဖြစ်ကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြခဲ့၏။ ဘယ်ကလာသည်၊ ဘယ်လိုရှေ့ဆက်မည်ဆိုတာတွေ အကုန်…။

"ကစ်မနက်လုံး ဘာမှမစားရသေးဘူးနဲ့ ဖရဲသီးစိတ်ကလဲ တစ်ရေဆိုတော့ စားမလို့လေ၊ ဒါပေမယ့် အောက်ပြုတ်မကျခဲ့ရင် မစားဘဲပြန်ထားခဲ့မိမှာ"

"မြို့ကြီးတွေမှာတော့ ဒီလိုပဲ လုပ်စားနေကြတာ၊ သိချင်လို့မေးမြန်းနေရင်လဲ မသိနားမလည်ဘူးဆိုပြီး လူလိမ်ခံရမယ်၊ မမေးမြန်းဘဲခုလိုဖြစ်သွားရင်လဲ ကိုယ်ပဲ ညံ့တာပဲ၊ အဲဒါ သင်ခန်းစာယူလိုက်တော့…"

"ဟုတ်ပါတယ်၊ ဒီက…"

"တို့က ဂုဏ်မြင့်သူ…၊ မင်းနဲ့ မတိမ်းမယိမ်းလောက် နေမှာပါ၊ သူများတွေခေါ်သလို ဂုဏ် လို့ပဲ ခေါ်ပေါ့"

သူမ နားထဲမှာ သီချင်းသံလေး ကြားလိုက်ရသလိုရှိကာ ဂုဏ်က ကြိုးသိုင်းအိတ်လေးကို ဖွင့်ပြီး ဖုန်းကုတ်ယူလိုက်မှ ဖုန်းလာသည့်အသံမှန်း သိရသည်။

"ဘယ်လို ဖြစ်နေတာလဲကွာ၊ ဒီမှာလဲ ကိုင် ရှိဘယ်"

"… … … …"

"မလွယ်သေးလို့ပေါ့၊ ညကျမှ အကျိုးအကြောင်း ပြန်ဆက်မယ်၊ အဆင်ပြေဖို့ ကြိုးစားနေတာပဲဟာ စိတ်ရှည်မှပေါ့"

"… … … …"

"မတွေ့လို့ ဘယ်ဖြစ်မလဲ၊ ဒါပဲနော်၊ ဂုဏ် မအားသေးလို့"

ဖုန်းကို အိတ်ထဲ ပြန်ထည့်နေရင်း ငြိမ်သက်စွာ ရပ်ကြည့်နေသည့် သူမ ကို ပြုံးပြကာ…

"မင်းတစ်ယောက်တည်း လည်နေလိမ့်မယ်၊ ဘာမှလဲ မစားရသေးဘူးမို့လား၊ တို့နဲ့ လိုက်ခဲ့…"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ထမင်း သွားစားမယ်လေ၊ ပြီးတော့ မင်းအကြောင်းတွေ ထမင်းစားရင်း ပြောပြပေါ့၊ တို့က အရမ်းစိတ်ညစ်နေရင် တစ်ယောက်ယောက်နဲ့ စကားပြောနေချင်တဲ့အကျင့် ရှိတယ်၊ တို့နှစ်ယောက်စလုံး အဆင်ပြေတာပေါ့"

"ပြီးတော့ သူမ ကို လှိုင်သာယာထိ ပို့ပေးမှာလားဟင်"

ဂုဏ် က ကားတံခါးဖွင့်ပေးရင်း၊ ရယ်ပဟာမျက်နှာလေးနှင့် ပြန်လှည့်ကြည့်ကာ...

"လှိုင်သာယာထိတော့ ဘယ်ပို့နိုင်မလဲ၊ စိတ်ချပါ၊ လမ်းစရိတ်အလုံအလောက်နဲ့ သေချာရောက်သွားအောင် ပို့ပေးပါ့မယ်၊ ကားပေါ်တက်..."

"ဂုဏ် ရယ် ဘာမှမဆိုင်ဘဲနဲ့ ကူညီနေတာ သူမ အရမ်း အားနာတာပဲ"

"ဒါဆို ထမင်းမစားတော့ဘူးလား"

"မစားရဲတော့ဘူး၊ လှိုင်သာယာရောက်အောင် ပို့ပေးရင်ပဲ ကျေးဇူးတင်လှပြီ၊ သွားတော့မယ်နော်"

သူမ ပုံစံလေးကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ဂုဏ် က ကြည်လင်စွာ ပြုံး၏။

"ဘာမှမဆိုင်ပေမယ့် သူမ တကယ် ရိုးသားမှန်းသိလို့ ကူညီခဲ့တာပါ၊ ဒီလောက် ပိုက်ဆံလေးကို ကျေးဇူးတင်ဖို့လဲ မလိုဘူး၊ လာပါ ကျေးဇူးတင်ချင်နေရင် ထမင်းလိုက်စားလိုက်၊ တို့အတွက် စကားပြောဖော် လိုအပ်နေလို့.."

သူမ ပျာပျာသလဲ ခေါင်းညိတ်မိသည်။ မနက်ဖြန်ဆိုတာ ဘာမှန်းမသိ..။

❋ ❋ ❋ ❋ ❋





## အခန်း (၃)

"တူမ ဆိုတာ ဟုတ်ရဲ့လား ကိုတိုး၊ ဇာတ်လမ်းတွေထဲကလို ရှင့်သမီးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး စိုး ရယ်...၊ ကောင်မလေးက ငယ်စဉ်ကတည်းက ဖတဆိုးလေးပါ၊ သူ့အမေကလဲ မျက်လုံးမမြင်တဲ့ဘဝနဲ့ တောင်းယက်၊ ဖျာယက်လုပ်ပြီး ဒီကလေးမလေးကို ပညာတတ်အောင် သင်ပေးခဲ့ရှာတာ၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ သူ့ခမျာ ဒုက္ခိတဆိုတော့ ဝမ်းစာပဲ ရှာနိုင်တာ၊ ဒီကောင်မလေး ပညာသင်စရိတ်အတွက်ကျတော့ နေတဲ့ ဝိုင်းလေးကို တတိတိခွဲရောင်းပြီး ချေတာ ရင်းနှီးရတာပေါ့၊ သူမ ဘွဲ့ရပြီးမှ သူ့ခမျာ မီးစာကုန်ဆီခန်း ဖြစ်သွားခဲ့တာ"

"အေးပေါ့၊ ဝိုင်းလေးခြံလေး ဖဲ့ရောင်းလို့လဲ ကုန်၊ မအေကလဲ သေတော့ အဲဒီအထုပ် ရှင့်ဆီ ရောက်လာတယ်ပေါ့"

ဒေါ်စိုးယု က မကြည်လင်ပါ..။

နှစ်ယောက်စလုံးအတွက် နောက်ထပ် အိမ်ထောင်သစ် ထူထောင်ကြတာမို့ သူမမှာ သားတစ်ယောက်ပါသလို ဦးတိုးနိုင် မှာလဲ သမီးတစ်ယောက် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောတုန်းကတော့ အဲဒီသမီးက အဆောင်မှာပဲ နေသလိုလို၊ ကုမ္ပဏီမှာနေသလိုလိုနှင့်။ ပြီးတော့လည်း တစ်အိမ်တည်း အတူတူပဲ ဖြစ်ခဲ့၏။

ဆိုးတာက ကိုယ့်သားက ခပ်အေးအေး၊ သင်းရဲ့သမီးက တကယ့်ဖက်ရှင်၊ စာရေးဆရာတစ်ယောက်နှင့် တက်သစ်စမော်ဒယ် အဆင်ပြေပါ့မလား..။

အခု နောက်ထပ်တစ်ယောက် ရောက်လာဦးမည်။

"ခက်ပါတယ်ကွာ..၊ ဘာဖြစ်လို့ ရောက်မလာတာလဲ မသိဘူး"

"ဒီနေ့ ပါမလာလို့ ဖြစ်မှာပေါ့"

"ပါလာမယ်လို့ ဦးတက်ထွန်း သေချာ ဖုန်းဆက်ထားတာ၊ မနက်ကတည်းက ရောက်လာရမယ့်ဟာ..၊ ဘာများဖြစ်နေပါလိမ့်"

ရောက်မလာလေ ကောင်းလေလို့ စိတ်ထဲမှာ ပြောမိရင်း ဒေါ်စိုးယုံ မီးဖိုခန်းဆီ ထွက်လာခဲ့သည်။

ဦးတိုးနိုင် တယ်လီဖုန်းနားမှာ ရပ်နေရင်း ရွာကို ဖုန်းလှမ်းဆက်ရမလား၊ ဒီတိုင်း စောင့်ကြည့်နေရမည်လား ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေခဲ့၏။

သူမ ရဲ့မိခင်ဟာ ဦးတိုးနိုင် ရဲ့ညီမဝမ်းကွဲဆိုပေမယ့် ဆွေမျိုးဉာတိလည်း သိပ်မများခဲ့ကြတော့ အချစ်ဆုံး မောင်နှမတွေလို့ ပြောရင်လည်း ရသည်။

ဒါကြောင့် သူမ လေးကို ကူညီစောင့်ရှောက်ပေးဖို့ မျက်လုံးကွယ်သွားသည့်ကာလကတည်းက စာရေး ပြောကြားထားခဲ့ကြတာကို သူ လက်ခံခဲ့ခြင်းဖြစ်သည်။

သေဆုံးသွားခဲ့တာကိုတော့ ဦးတိုးနိုင် မသိခဲ့ပေ။ သူမ ကို လွှတ်လိုက်မည်ဟု ရွာကသူဌေး ဦးထွန်းလူ စာရေးတော့မှ သူ သိခဲ့ရပြီး မှန်နေ့ပါတ်ပါ လှမ်းပေးလိုက်တာ ဖြစ်၏။





ခုကျမှ ဖုန်းဆက်မေးရမှာကို သူ နောက်တွန့်နေခဲ့သည်။ တကယ်လို့ သူမ ဆိုတဲ့မိန်းကလေး ရန်ကုန်မြို့ကို ရောက်လာပြီးမှ ပျောက်ဆုံးနေခဲ့တာမှန်လျှင် ဒီကိစ္စ အကျယ်တဝင့်ကြီး ဖြစ်သွားမှာ သေချာသည်။

ဒါကို လိုက်ရှင်း၊ လိုက်ရှာတွေ ဖြစ်လာပြီဆို သဝန်တိုတက်လွန်းသည့် ဇနီးသည်က ကျေနပ်တော့မှာ မဟုတ်။ ဆွေမျိုးသံယောဇဉ်က ရှိနေသည့်တိုင် ရှုပ်ထွေးလာမှာကိုတော့ သူ မဖြေရှင်းချင်ဘဲရိုကာ စိတ်ရှုပ်ထွေးစွာ ရပ်နေခဲ့မိ၏။

ညမိုးချုပ်ရင်တော့ တစ်ခုခုလုပ်ဖို့ သူ ဆုံးဖြတ်မည်။ သူမ ဘာမှမဖြစ်ဘဲ ရောက်လာပါစေလို့ ဆုတောင်းရင်း စောင့်ကြည့်ဦးမည်ဆိုသည့်စိတ်နှင့် ပင့်သက်မောကို ရှိုက်မိသည်။

အစ်ကို တစ်ကိုယ်ကောင်းဆန်မိတယ်ဆိုရင် ခွင့်လွှတ်ပါ ညီမလေးရယ်...။

ကွယ်လွန်သူကို မှန်းဆ တောင်းပန်၍..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

'ဆွေထိုင်း' ဆိုသည့်စာလုံးကို မြင်လိုက်ကတည်းက ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားသည်။

"ဆံပင်အလယ်ခွဲ လှိုင်းတွန့်သေးသေးနဲ့ ကုတ်လောက်ထိ ရှည်တယ်၊ မျက်နှာသွယ်သွယ်၊ မျက်ခုံးကောင်းကောင်း.. အဲ... ကျန်တာ မသိတော့ဘူး၊ ဒီလောက်ဆိုရင် သိသာထင်ရှားတဲ့ပုံစံပဲ၊ မှတ်ထားနော်၊ ပြောပြထားတာတွေကို လုံးဝ မမေ့နဲ့"

ဂုဏ် မှာလိုက်တာတွေကို စိတ်ထဲမှာ နောက်တစ်ခေါက် ပြန်ရွတ်ကြည့်ရင်း လှေကားထစ်ပေါ်ကို ပထမဆုံး ခြေချ၏။

"အတုဆိုတာ အစစ်ထက် သာရတယ်၊ တို့ရဲ့စတိုင်မျိုး မဟုတ်ရင်တောင် မျက်နှာကို ဒီလို ကြောက်ကြောက်ရွံ့ရွံ့ ကျိုးတိုကြောင်တိပုံနဲ့ မနေနဲ့၊ သူက ဟိုမေးဒီမေး လုပ်နေရင်လဲ အလိုက်အထိုက် ပြန်ပြောနိုင်အောင် စိတ်ကို တင်းထားပါ။ ဒီလူနဲ့က ဒီတစ်ခါပဲ တွေ့ရမှာမို့အတွက် အားလုံး အဆင်ပြေအောင် တို့က ကူညီမှာဆိုတာကို မမေ့နဲ့ပေါ့ .နော်...၊ ဂရုစိုက်ပေးပါ"

သူမ စားပွဲနံဘေးကို ရောက်လာတော့ စားပွဲခုံကို ပြုံးပြုံးကြည့်နေမိသည်။



ပြီးတော့ ဂုဏ် ကားရပ်ပြီး ဒီနေရာကို ညွှန်ပြခဲ့တာမို့ ကားဆီကို မျှော်လုံးရောက်မိပြန်သည်။ ဂုဏ် မရှိတော့ပါ။

"အဲဒီတည့်တည့်မှာ ချိန်းထားတာ၊ သူ မရှိရင် စောင့်နေလိုက်" တဲ့..။ သူမ ဒီမှာပြီးလို့ ထွက်လာရင်တော့ "ဘယ်လိုသွား၊ ဘယ်ကိုချိုး တို့ ရောက်လာမယ်" လို့ မှာထားတာ ရှိသည်။ ဘယ်အချိန်ပြီးမှာလဲ..။

ဦးလေးတို့အိမ်ကို ဘယ်အချိန်ကျမှ ရောက်မှာလဲ..၊ စိတ်က ဗျာပွန်နဲ့ အနာဂတ်ကို တစ်စက္ကန့်မှာ အခေါက်တစ်သောင်းနှုန်းနှင့် ပြေးလွှားနေခဲ့၏။

တကယ်ရောက်ရမယ့်အချိန့်မှာ မရောက်ခဲ့သည့် မိန်းကလေးတစ်ယောက်ကို ဦးလေးတို့အိမ်သားတွေက ဘယ်လိုထင်ကြမလဲ..။ မတတ်နိုင်ပါ။ ကိုယ်လည်း ဖြစ်ချင်လွန်းလို့ ဖြစ်ခဲ့ရတာတွေ မဟုတ်..။

"ဟင်း.."

သက်ပြင်းလေးချပြီး ငုံ့လိုက်မိစဉ် စားပွဲမှာ လူတစ်ယောက် လာထိုင်လိုက်သဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။ အပေါ်အုပ်မပါသော အနက်ရောင်လျှာထိုးဦးထုပ်ကို ဆောင်းထားသည်။

ဆံပင်ကို နောက်မှာ သားရေကွင်းနှင့် စုချည်ထားသဖြင့် နားသယ်စပ်မှာ တချို့တလေ ပြိုကျနေသည့် ဆံစများနှင့်ပုံစံက ယောက်ျားလား၊ မိန်းမလား ရုတ်တရက် ခွဲလို့မရ..။

ဒါပေမယ့် ခါးလျားရှည်နေတာ၊ ပခုံးစွန်းတွေ ကျယ်ပြန့်တာကို ကြည့်ကာ ယောက်ျားဖြစ်မှန်းလည်း သိသာသည်။ မိန်းမလျာလား..။

ထိုသူက မီနူးယူကြည့်ပြီး ငြိမ်သက်နေသဖြင့် လျှာထိုးကွယ်နေသည့်မျက်နှာကို မမြင်ရပေ။ စားသောက်ဆိုင်ဆိုတာ လူတိုင်း ဘယ်နေရာမဆို ထိုင်ခွင့်ရှိသည်။ ဒီလူက ဂုဏ် ပြောတဲ့လူ ဟုတ်,မဟုတ် ဘယ်လိုလုပ်သိမလဲ..။

ဖြူသော ခပ်သွယ်သွယ်လက်ချောင်းများမှာ လက်စွပ်တွေဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားဘာလည်း မုံစံအမျိုးမျိုး…၊ ပြီးတော့ ဝတ်ထားသည့် လယ်သာဂျက်ကက်အနက်ရောင်နှင့် ဆင်တူသော လက်ပတ်ကို တစ်ဖက်လက်မှာ ပတ်ထားသည်။ ပြောတဲ့ထဲမှာ ဒါတွေမပါပေ…။

ဆံပင်လှိုင်းတွန့်သေးသေးနှင့် ကုတ်ထောက်ကို အလယ်ခွဲ၊ မျက်နှာသွယ်သွယ်၊ မျက်ခုံးကောင်းကောင်းဆိုတာကို…

"မင်း ဘာလုပ်နေတာလဲ"

"ရှင်!…"

သူ့မျက်နှာ ဖျတ်ခနဲ မော့လာသည်။ မျက်နှာသွယ်သွယ်ကို မြင်လိုက်ရ၏။ ပြီးတော့ ထူနက်သော မျက်ခုံးတွေကလဲ သိသာစွာ…။

"ဟုတ်တယ်…၊ ဟုတ်တယ်…"

"ဘာ!…"

"အဲ… ဟို…"

ရုတ်တရက် တုန်သွားတာကို ထိန်းမရလိုက်ပေ…။ အလို အလျောက် မြူးကူးယဉ်ခြင်းသို့ ရောက်ခဲ့သည့်မျက်လုံးတွေကိုတော့ အမြန်ဆုံး ပြင်ဆင်ကြိုးစားလိုက်ကာ…

"သူမ… အဲ… ကျွန်မက ဂုဏ်မြင့်သူ"

"ဘာ!…"

သူ့ရဲ့ ဘာ…သံက နှုတ်ခမ်းလှုပ်ရုံပဲ ပြောလိုက်တာကို သူမ တစ်ကိုယ်လုံး ပူထူရှိန်းဖိန်းသွား၏။ ဂုဏ် ပြောတော့ "သူက တို့ကို မသိဘူး"တဲ့။ သူ့ပုံစံကတော့ သိနေသလိုပါလား။ ကယောင်ချောက် ချားမိတ်တွေကို ထိန်းရင်း သူမ ခုံဆွဲပြီး ထိုင်လိုက်သည်။

"မင်းက… ဂုဏ်မြင့်သူ…"

ဂမ္ဘာ မျက်လုံးတွေ သူမ မျက်နှာကနေ တစ်ကိုယ်လုံးသို့ တစ်ပတ်ဝေ့သွား၏။ ဆံပင်ဖားလျားချထားပေမယ့် သူများတွေလို ဖြောင့်တာ၊ ပျော့တာတွေမဟုတ်ဘဲ တွန့်တွန့်ကြေကြေ…။





တမင် လှအောင်လုပ်ထားတာမဟုတ်မှန်း မလှသည့်ဆံပင်တွေက သက်သေခံနေ၏။ အရပ်ကလည်း မြင့်ပါတယ်လို့ ပြောရလောက်အောင်တော့ မဟုတ်ပါ။ ချောတယ်၊ လှတယ်၊ ပြောမယ့်အစား ရုပ်တော့ မဆိုးပါဘူးလို့ ပြောသင့်တာကို…။

အနီကယ်လ်တို့ ညွှန်းစာဖွဲ့တာတွေကို တွေးပြီး သူ ပြုံးမိသည်။

"မင်းက ငါ့ကို သိလား"

"မသိ… သိတယ်"

ဘာဖြစ်လို့ စကားတွေ မှားနေတာလဲ မိသူ…၊ ကိုယ့်ကိုယ်ကိုယ် စိတ်တိုမိရင်း တံတွေးမျိုချသည်။ သူ့နှုတ်ခမ်းတွေက ဘာဖြစ်လို့ ပြုံးစိစိဖြစ်နေတာလဲ…။ မျက်လုံးတွေက ရှုးရဲပုံပေါ်ပေမယ့် ရယ်မြူးရိပ်သန်းနေတော့ မျက်လုံးချင်းဆုံတိုင်း ထွက်ပြေးချင်စိတ် ပေါက်၏။

"မကြောက်နဲ့ သူမ…၊ ကယောင်ချောက်ချားနဲ့ ဒိုးနှင်းခွက်နင်းဖြစ်ကုန်ရင်သာ လိမ်လည်မှုနဲ့ ညည်း ထောင်ထဲရောက်သွားနိုင်တယ်"

ထိန်းချုပ်နေရင်း ရင်တွေခုန်လာသည်။ ကျေးရွာဆပ်ဖို့ လွယ်လွယ်လေး ခေါင်းညိတ်ခဲ့မိတာ မှားပြီလား…။

"မင်း ဘာဖြစ်လာတာလဲ ဂုဏ်မြင့်သူ"

"ဟင်!…"

"တစ်ခုခုကို ထိတ်လန့်နေသလိုပဲ၊ ဘာလဲ ရည်းစားနဲ့ ပက်ပင်းတိုးသွားမှာစိုးလို့လား"

"အို… မဟုတ်ပါဘူး"

ဒါကိုတော့ ပက်ခနဲ ပြောဖြစ်၏။ သူမ မှာ ရည်းစားမှမရှိတာ။ ဆံမြိတ်ပါးလေးတွေ ဖြန့်ခင်းနေသော နဖူးစပ်က မျက်ခုံးထူထူတွေကို ကြည့်ကာ ဂမ္ဘာ က မျက်မှောင်ကြုတ်၏။ မျက်နှာလေးက ဆိုးတော့ မဆိုးပါ။ ဒါပေမယ့် ဘာမှပြုပြင်ခြယ်သထားတာ မရှိခဲ့ခြင်းက မော်ဒယ် ဂုဏ်မြင့်သူ ဆိုတာတော့ အံ့သြဖို့တော့ ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိရင် ပြောလေ၊ ကျွန်မတို့ ပြန်ရအောင်"

ကမ္ဘာ က မျက်မှောင်ကြုတ်မပြောဘဲ သူမကို စိုက်ကြည့်သည်။ ပြီးတော့ မချိုမချဉ်ပြုံး၍…

"ထူးထူးထွေထွေ မရှိပါဘူး၊ မင်း တစ်ခုခု မစားတော့ဘူးလား"

"ဟင့်အင်း…"

သူမ ကို ဂုဏ် ကိုယ်တိုင် စားကောင်းသောက်ဖွယ်တွေ ကျွေးမွေးညှို့ခံရင်း ဒီအလုပ်ကို လုပ်ဖြစ်စေခဲ့တာပါ။ သူမ ဟာ စားစရာငွေမရှိ၊ သွားစရာ မြေမရှိသည့်အဖြစ်ကြောင့်…

"မင်းမှာ အကျပ်အတည်းဖြစ်နေရင် အခု တို့ တွေ့တဲ့ကိစ္စကို စိတ်ထဲ ထားမနေနဲ့၊ ဒါက လူကြီးတွေ စီစဉ်ချင်နေတာ၊ ရှေ့ဆက်တာ မဆက်တာက မင်းနဲ့တို့ပဲ ဆုံးဖြတ်ခွင့်ရှိတယ်"

သူက ကုတ်အိတ်တစ်ဘူး လှမ်းမှာပြီး အင်္ကျီအိတ်ထဲက ဘာစိတ်ခုတစ်ခုကို ထုတ်ယူလိုက်သည်။

"ဒါကိုယူပြီး မင်း ပြန်ချင်ပြန်လို့ရပြီ"

"ဘာလဲ…ဟင်…"

သူမ မျက်နှာ ဆီးရွက်လေးလောက် ငယ်ကျသွားသည်ထင်၏။ မျက်စိရှေ့ရောက်လာတာ ဘာဘူးလဲဆိုတာကို ချက်ချင်း သိလိုက်သည်။ ဂုဏ် ခိုင်းလိုက်သည့်အစီအစဉ်ထဲမှာ ဒီကိစ္စမပါ…။

"မင်း ဖွင့်ကြည့်လိုက်ပေါ့၊ ဒါလဲ လူကြီးတွေရဲ့ဆန္ဒအတိုင်းပဲ၊ ပေးလိုက်ပါဆိုလို့ တို့က ပေးတာ၊ မင်းလဲ ဝတ္တရားရှိတဲ့အတိုင်း ယူသွားပေးရုံပဲ"

"ဒီထဲမှာ လက်စွပ်လားဟင်"

သူမ မျက်နှာ နီရဲတက်လာတာကို သူကတော့ အေးတိအေးစက် စိုက်ကြည့်နေခဲ့၏။

"ဟုတ်တယ်၊ အဲဒါကို…"





"ဘာလုပ်ဖို့လဲ…၊ ရှင်နဲ့ ရှေ့ဆက်ဖို့ မလိုဘူးဆိုရင် ဒါကြီး ဆောင်ယူနေဖို့လဲ မလိုပါဘူး၊ ကျွန်မ ပြန်မယ်"

"နေဦးလေ…"

"အို!… မကိုင်ပါနဲ့"

ချက်ချင်း လှည့်ပြေးတော့မလို ဖြစ်သွားသဖြင့် ကမ္ဘာ အမှတ်တမဲ့ လှမ်းဆွဲလိုက်တာဖြစ်သည်။ ခါးခါးသီးသီး လွှဲခါပစ်တာကျတော့ ခံပြင်းသွားကာ လက်ကိုဖိဆွဲ၍ ပြန်ထိုင်ဖြစ်အောင် မရအရလုပ်ပစ်လိုက်သည်။

"မင်း ဒါကို ယူသွားပါ၊ ငါ ဒီကိုလာတာ မင်းကိုတွေ့ဖို့ မဟုတ်ဘူး၊ ဒါ ပေးဖို့…"

ဖိဆုပ်ခံလိုက်ရသည့်လက်က နာကျင်သွားသည်မို့ တစ်ဖက်နှင့်ဆုပ်ကိုင်ပွတ်သပ်ရင်း သူမ နှုတ်ခမ်းလေးမဲ့နေ၏။ ပြီးတော့ လက်စွပ်ဆိုသည့်ဘူးကို စိတ်ဆင်းရဲပင်ပန်းသည့်မျက်ဝန်းလေးများနှင့် ငေးကြည့်ကာ…

"ဒါကြီးကြောင့် ကျွန်မတို့ ဝန်ထုပ်ဝန်ပိုးဖြစ်ကြရင် ဘယ်လိုလုပ်မလဲ…၊ ဟိုလေ ကျွန်မတို့ ငြင်းကြမယ်ဆိုရင်…"

"ပစ်စလက်ခတ် ငြင်းပစ်လိုက်လို့ ရတယ်၊ အခု တွေ့ကြတဲ့ တာဝန်ကိုက အဲဒါ…"

သူမ လက်စွပ်ဘူးကို ငေးနေဆဲဖြစ်ကာ ကမ္ဘာ က သူမ ကိုတစ်ချက်ကြည့်၍ ပြုံးသည်။ ကုတ်အိတ်ဘူးကို သူ ဖွင့်နေတုန်း သူမ လက်တစ်ဖက် လက်စွပ်ဘူးလေးပေါ်ကို အသာလေးလှမ်းကိုင်ယူသွားကာ…

"ကျွန်မ ပြန်တော့မယ်"

"အိုခေ…"

သူမ ထွက်သွားတော့ ဇေဒါရောင်သေားစင်းပါသော ဝတ်စုံလေးနှင့် ကျောပြင်ကို ရှုးစိုက်ကြည့်ရင်း အိတ်ထဲက ပိုက်ဆံထုတ်လိုက်ပြီး စားပွဲပေါ်မှာ ချသည်။ မနေ့တစ်နေ့ကတော့ စိတ်မဝင်စားခဲ့မယ်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဘယ်သွားမလို့လဲ သား.."

"အပြင်သွားတော့မယ်"

ကိုယ့်သားမျက်နှာကို ကြည့်ခြင်းဖြင့် ဒေါ်စိုးယု သဘောပေါက်သွားသည်။

"ဒီနေ့ အိမ်မှာပဲ နေမလို့ဆို..၊ ဘာဖြစ်လို့လဲ သားရယ်"

မိုးသောက် မျက်နှာက မိခင်ဖြစ်သူကိုကြည့်ကာ စိတ်ပျက်ခြင်းများနှင့် ဘာမှလဲ မပြော..။

"မေမေတို့ စကားပြောနေကြတာ သားက နားငြီးလို့လား၊ အထဲနဲ့အပြင် အဝေးကြီးပဲဟာ"

"ဝေးပေမယ့် ကြားနေရတာပဲ မေမေ၊ ဘာတွေမှန်းမသိပေမယ့် ဆူနေတာ မေမေ့အသံချည်းပဲ"

"မေမေပဲ ပြောနေရတာကိုး သားရဲ့..၊ ကိုတိုး ရဲ့တူမ ညက ရောက်လာတာ သား သိလား"

"မသိပေမယ့် အခု သိတယ်လေ၊ သူများတူမကို မေမေ ဘာဖြစ်လို့ ဒီလောက် ပြောဆိုနေရတာလဲ"





"မပြောလို့ ရမလား၊ စ,ပင်လာကတည်းက မည်းမဲ့ယမ်းမဲ့နဲ့ မိန်းကလေးတစ်ယောက်ကို ထိန်းသိမ်းဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ခုကတည်းက သဘောကောင်းနေလိုက်ရင် နောက် ဘယ်လိုထိန်းမလဲ"

"အဲဒါ ဦးလေးဟိုး အလုပ်ပဲ၊ ကိုယ့်ကိုယ်ကိုယ် ကြမ်းတမ်းတဲ့ပုံပေါက်အောင် ပြောဆိုနေတာ မကောင်းပါဘူး မေမေ၊ မဟားဆိုဟာ ပြောရေးရှိမှ ပြောတာကောင်းတယ်"

မျက်လွှာချထားလျက်နှင့်ပြောပြီး မိုးသောက် က ဒေါ်စိုးယု ကို ဝခုံးတိမ်းစောင်းရှောင်၍ ယွက်သွား၏။ ဒေါ်စိုးယု အားမလိုအားမရနှင့်ပဲ ကျန်ခဲ့ရပြန်သည်။

သူမ ဟာ ဒီလိုပြောဆိုတာတိသည့်အကျင့်ရှိလို့တော့ မဟုတ်ပါ။ ဦးတိုးနိုင် ကို လက်ထပ်ပြီးမှ ဘာတွေ စိတ်တိုလာပေဘိမှန်း မသိ..။

သားကလည်း စာရေးဆရာပီပီ ကိုယ့်ကို ကြမ်းဝခမ်းလှာသည်လို့ မြင်လာပြီဖြစ်၏။ ခက်တော့ ခက်သည်။

"ဒေါ်ဒေါ်"

တွေးနေတုန်း သူမ ဆိုသည့်ကောင်မလေး နောက်ရောက်လာတာကို မသိလိုက်။ ဒေါ်စိုးယု မျက်နှာတည်တည်နှင့် လှည့်ကြည့်လိုက်တော့ သူမ က ခေါင်းလေးငုံ့သွားကာ...

"ဦး ပြောသလို သူမ ကို အဝတ်အစားဝယ်ပေးဖို့ဆိုတာ မပေးပါနဲ့၊ ဒေါ်ဒေါ့်ထဘီအကျီအဟောင်းလေး နှစ်ထည်၊ သုံးထည်ဆို ရပါပြီ"

ဒေါ်စိုးယု မျက်နှာ ချက်ချင်းပြေသွား၏။ ရင်ညွှန့်အောက် မကျတကျ ကျစ်ဆံမြီးနှစ်ဖက် ကျမ်လေးနှင့် ဆံမြိတ်ပါးပါးလေးချထားသည့်မျက်နှာကိုလည်း သေချာကြည့်မိသည်။

မျက်ခုံးထူထူ နှာတံပေါ်ပေါ်လေးနှင့် နှုတ်ခမ်းလေးတွေလည်း ထူသည်၊ သိပ်မလှပေမယ့် သူမ မျက်နှာမှာ ရိုးသားမှုတွေကို မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ချစ်တော့ ချစ်စရာလေးပါ..။

"ဝယ်ပေးရမှာပေါ့အေ..၊ ကျုပ်က ကြားထဲက မကောင်းဖြစ်ရဦးမယ်"

"ရပါတယ် ဒေါ်ဒေါ်ရယ်၊ သူမ ဘယ်တုန်းကမှလဲ ကောင်းကောင်း မဝတ်ခဲ့ပါဘူး၊ အဟောင်းပဲ ပေးပါ၊ အိတ်ထဲမှာ ပါသွားတာတွေကလဲ နည်းနည်းလတ်တာတွေပဲ၊ အသစ် မပါပါဘူး"

"ညည်းက စက်ချုပ်တတ်တယ်မို့လား၊ ဈေးသင့်တဲ့ ပိတ်စလေးတွေ ဝယ်ပေးမယ်၊ ကိုယ့်ဟာကိုယ် ချုပ်ဝတ်ပေါ့"

"ဟင်!... ဟုတ်ကဲ့"

ဒါကျတော့ သူမ မျက်နှာလေး ပြုံးသွားကာ ဖျာဖျာသလဲ ခေါင်းညိတ်၏။ မနက်စောစော ထမင်းကြော်စားကြတော့ ဆူး တစ်ယောက်ပဲ ကော်ဖီသောက်သည်။ ကော်ဖီဝိုင်းမှာ ဦးတိုးနိုင် က သူမ အတွက် အင်္ကျီအဝတ်အစား ဝယ်ပေးဖို့ပြောရင်း စကားများကာ ကတောက်ကဆတ်တွေ ဖြစ်ခဲ့ရ၏။

ဒေါ်သတော့ ထွက်ခဲ့တာပေမယ့် ခုလို သိတတ်တာလေးကျတော့လည်း တောင်းပန်လိုက်တာထက် ပိုပြီး ကျေနပ်ဖို့ကောင်းသည်။

ဒေါ်စိုးယု မျက်နှာမှာ ပြေပြစ်မှုတွေ ပေါ်လာခဲ့ပြီး...

"ညည်းကို ညက အိမ်ပြန်ဖို့ လမ်းစရိတ်ပေးတဲ့ မိန်းကလေးဆိုတာ တော်တော် စိတ်ကောင်းရှိတာပဲ၊ ဘာဖြစ်ဖြစ် ကိုယ်က ကောင်းလို့ နတ်ကောင်း မ,တာပါ"

ဖေးဖေးမမ ပြောဆိုမိတဲ့အထိ အဆင်ပြေသွားခဲ့သည်။ ပြီးတော့ သူမ က မီးဖိုချောင်ထဲထိ ဝင်ပါကာ အလုပ်လုပ်တာ ဈေးစပ်သလောက် မြန်လည်းမြန်သည်။ ကိုင်တာတွယ်တာလေးတွေလည်း သန့်သည်။

ဒေါ်စိုးယု ကျေနပ်ရပြန်၏။ ဒီမနက်မှ စကားပြောဖြစ်ပေမယ့် ချက်ချင်း ရင်းနှီးသွားကာ ချက်ပြုတ်ဆေးကြောရ သက်သာသွားသည့်





အဖြစ်ကြောင့် ပြုံးပြုံးရယ်ရယ်တွေ ဖြစ်ခဲ့၏။

"ဒေါ်ဒေါ် ထိုင်နေပါ၊ မီးဖိုချောင်ဝင်တာ နှစ်ယောက်လုပ်ဖို့မှ မလိုတာ၊ နောက်ဆိုရင်လဲ သူမ ပဲ ချက်ပေးမယ်၊ ခွင့်ပြုပါနော်"

"ကောင်းတာပေါ့အေ..၊ အစကတော့ ဒီအိမ်မှာ အိမ်ဖော်ရှိတယ်၊ ညည်းဦးလေးနဲ့ ငါနဲ့ လက်ထပ်ပြီးမှ ငါပဲ ဖြုတ်ပစ်လိုက်တာ၊ ကိုယ်လဲ အားနေတာပဲလေ၊ ပြီးတော့ ဆူးလဲ ရှိတာပဲဆိုပြီး အတူတူ အဆင်ပြေသလို လုပ်သွားဖို့ပေါ့၊ တကယ်တမ်းကျတော့ ငါပဲ တာဝန်ကျတာပါ"

ဒေါ်စိုးယု စကားထဲမှာ ဆူး ပါလာပေမယ့် ဒီမှာတင် ရပ်သွားခဲ့သည်။ ထမင်းစားပွဲရဲ့ဘေးမှာ ထိုင်နေပြီး သူမ လုပ်ကိုင်နေတာကို အကဲခတ်ရင်း တခြား အကြောင်းတွေဆီ ရောက်သွား...

"ညည်းက စက်ချုပ်တတ်တယ်ဆိုတာနေရင် ဒီအိမ်မှာ အစ နည်းနည်းပါးပါးလား၊ ဖြစ်မြောက် အောမဟုတ်..။

"သူမ ယောက်ျားလေးရုပ်သံနေရာမှာ တော်နေမှန်း သိ..။



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ ဒေါ်စိုးယု သူမ ကို ကရုဏာစိတ်တွေ ဖြစ်သွားခဲ့သည်။

''ဒါဆို ညည်း ငယ်ငယ်ကတည်းက စက်ချုပ်တတ်နေတာပဲ''

''ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မေမေ အိမ်မှာ ကောင်းတွေ၊ ဖျာတွေ ရက်နေတုန်း သူမ က အချိန်ပိုင်းနဲ့ စက်ချုပ်ပါတယ်၊ အဲဒီမှာချုပ်နေရင်း အင်္ကျီပုံတွေလှလို့ ဟိုကအစ် ဒီကအစ်နဲ့ ပုံစံအသစ်လေးတွေ ထွင်ရတာလဲ သူမ ဝါသနာပါတယ်လေ''

''အင်း ‥ အင်း''

''ပြီးတော့ မေမေ့သူငယ်ချင်း ကြီးကြီးမာလာ ကလဲ စက်ချုပ်သင်တန်းကျောင်း ဖွင့်ထားတယ်ဆိုတော့ သူနဲ့ ပြန်ဆုံမိပြီး သေချာ ၆ကြာ်ချဲ့ဘူးပေ။ သူမ ကျောင်းပြီးခဲ့တာ ကြီးကြီးမာလာ တို့ရဲ့ကျေးဇူး ညီတ်၏။ မနက်စောစော ယ်၊ ဒါပေမယ့်…''

ကော်ဖီသောက်သည်။ ကော်‌ အသံလေး တိမ်ဝင်သွားကာ အင့်ခနဲ အင်္ကျီအဝတ်အစား ဝယ်ပေးဖို့ပြေ

ကဆတ်တွေ ဖြစ်ခဲ့ရ၏။ ၁လတွေကြောင့် မေမေ့မျက်လုံး

ဒေါ်သတော့ ထွက်ခဲ့တာပေမယ့် ရှာဘူး၊ မေမေ ခုလို မြန်မြန်ဆန်ဆန် လည်း တောင်းပန်လိုက်တာထက် ပိုပြီး ၆ ပါတယ်''

ဒေါ်စိုးယု မျက်နှာမှာ ပြေပြစ်မှုတွေ ဇော်ရင် သနားလျက်ကောင်

''ညည်းကို ညက အိမ်ပြန်ဖို့ လမ်းစရိတ်ပေးပါ၊ ကဲ… ကဲ… တာ တော်တော် စိတ်ကောင်းရှိတာပဲ၊ ဘာဖြစ်ဖြစ် သွားကြတာပေါ့'' နတ်ကောင်း မ,တာပါ''

ဖေးဖေးမမ ပြောဆိုမိတဲ့အထိ အဆင်ပြေသွားခဲ့ နေ့ရာမှစကာ သူမ က မီးဖိုချောင်ထဲထိ ဝင်ပါကာ အလုပ်လုပ်တာ ရှင့်ကြည့်သည်။ မြန်လည်းမြန်သည်။ ကိုင်တာတွယ်တာလေးတွေလည်

ဒေါ်စိုးယု ကျေနပ်ရပြန်၏။ ဒီမနက်မှ စကားပြောင်းတည်တ် ချက်ချင်း ရင်းနှီးသွားကာ ချက်ပြုတ်ဆေးကြောရ သက်သ





ဒီကနေ့စပြီး ပိုက်ဆံမကုန်၊ အချိန်မကုန်ဘဲ သူမ သက်သာတော့မည်။

အိမ်ဖော်ငှားထားလို့ ကိုယ် မချက်ရတော့ရော စိတ်ချရလို့လား၊ ဟိုဟာ ဝင်ပြောရ၊ ဒီလိုဝင်ဆူရ။ ပြီးတော့ လူလစ်တာနှင့် ဟင်းခိုးစား၊ ထမင်းခိုးစားတာက ရှိသေးသည်။

ချက်ပြုတ်တဲ့လက်ရာကလည်း ကောင်းဦးမှ‥၊ သန့်သန့်ပြန့်ပြန့် လုပ်တာမလုပ်တာလည်း ကိုယ်က တစ်ချိန်လုံး ငုတ်တုတ်ထိုင်ကြည့်နိုင်မဲလား‥။

သူမ ဆိုတဲ့ကောင်မလေး ရောက်လာတာ ကိုယ့်အတွက် အားလုံး အဆင်ပြေသွားသည်ပဲ။

ကိုတိုး ရဲ့သမီးများ အဲဒီလောက်ကောင်းနေရင် ဒီအိမ်မှာ အစကတည်းက ပြဿနာကြီးငယ်တွေ ရှိခဲ့မှာမဟုတ်‥။

ခုတော့ ဆူး တော်ပါသည်။ ဘယ်နေရာမှာ တော်နေမှန်း မသိ‥။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မော်ဒယ်အေဂျင်စီမှာ ရှာလိုက်တော့ ဂုဏ်မြင့်သူ ဆိုတာကို တန်းတွေ့သည်။

''သူ ဒီည ရှိုးပွဲကို လာမှာ''ဆိုသည့် သတင်းအတိအကျကိုလည်း ရထားး၏။

ထို့ကြောင့် စတေ့ချ်နှင့် မနီးမဝေးလေးမှာ သူ ရောက်နေခဲ့သည်။ ဂုဏ်မြင့်သူ က တကယ် ရောက်လာပါသည်။ ဒါပေမယ့် ရှိုးလျှောက်ဖို့မဟုတ်ဘဲ ဝင်သွားတာတွေပြီး အားလုံးပြီးမှ ပြန်ထွက်လာတာ ဖြစ်၏။

ထို့ပြင် သူ့လိုပဲ စောင့်နေသည့် အရပ်မြင့်မြင့် ခပ်ဖြောင့်ဖြောင့် လူရွယ်တစ်ယောက်နှင့် သူ့ရှေ့မှာပဲ တွဲလျှောက်သွားခဲ့ပြီး..

''အခက်အခဲဆိုတာတော့ ရှိမှာပေါ့ ဖေ..၊ တို့ နှစ်ယောက်စလုံး ပေါင်းရရေးအတွက် ကြိုးစားနေကြတာပဲ ဆန္ဒမစောပါနဲ့''

''မစောလို့တော့ မရဘူး ဂုဏ်၊ မင်းနဲ့ လက်ထပ်ပေးမယ့်ကောင်က ကိုယ် ဂရုမစိုက်ဘဲနေလို့မရမယ့်ကောင်မျိုး၊ စိတ်ပူတယ်ကွာ၊ ဟိုနေ့ကလဲ သွားတွေ့တယ်ဆိုလို့ ခွေးသွားတာပဲ''





''ခွေးရုံနဲ့ မပြီးဘူး ဖေ ရဲ့..၊ ဖေ က ထစ်ခနဲရှိ သပန်တိုမယ်၊ လွမ်းမယ်ဆိုတာပဲ၊ နည်းနည်းပါးပါးများ မာနလေး ဖွဲ့လေး တင်းပါဦးလား''

စကားပြောရတာ အဆင်မပြေဖြစ်ကြရင်း အိမ်က ပြင်သွားမှာလည်းစိုးကာ ဂုဏ် က ခြေလှမ်းမရပ်ဘဲ ပြောနေတာ ဖြစ်၏။

''ဂုဏ် အရမ်းလှတာပဲကွာ၊ စိတ်မချတော့ဘူး''

''ကဲ..ပါ အလွမ်းဇယားတွေနဲ့ ချည်တုပ်ထားတာ၊ ဒီမှာလဲ ကော်နဲ့ကပ်ထားတာထက် ပိုမြဲနေပါပြီ၊ ပြန်တော့...''

ဖေ့ မျက်နှာကိုမြင်တိုင်း စိတ်တိုပြီး အားမလိုအားမရဖြစ်ရတာတွေ၊ ဘာတစ်ခုမှကို မပြောဖြစ်တော့တဲ့အထိပါ..။

ဖေ့ ကို ဂုဏ် ချစ်သည်။ ကိုယ့်ထက် အဆင့်အတန်းနိမ့်တဲ့သူမို့လည်း မပစ်ခဲ့နိုင်။ မိဘတွေကတော့ ဖေ နှင့်လွဲဖို့အတွက် စီစဉ်နေကြ၏။ ထို့ကြောင့်လည်း ဖေ နှင့် သူမတို့ အလွတ်ရုန်းထွက်နိုင်ဖို့ ကြိုးစားနေကြခြင်းဖြစ်သည်။ မောတော့ မောပါ၏။

ဖေ့ ကိုနှုတ်ဆက်ပြီး ကားဆီကို ရောက်လာတော့ ဂံခါးဖွင့်ဖို့ ကိုင်လိုက်တာနှင့် ဟိုဘက်ကနေ ထွက်လာသည့် အရိပ်တစ်ခုကြောင့်...

''ဟင်!...''

''မင်း ငါ့ကို သိပါတယ်..''

ဂုဏ် မျက်နှာပျက်သွားတာကို ချက်ချင်းပြန်တင်းပြီး ဣန္ဒြေမပျက် ရပ်နေလိုက်၏။ မသိဘဲနေမလား..၊ ကိုယ်က မရိုးသားမှုပြုထားခဲ့သည်မို့ နည်းနည်းတော့ လှုပ်ရှားစိတ်တွေ ဖြစ်နေသေးသည်။

ကမ္ဘာ ဆိုသည့်လူဟာ ဓာတ်ပုံထဲမှာထက် ပိုပြီး ကြည့်ကောင်းနေကာ အသားဖြူပုံကလည်း အဖြူသက်သက်ကြီး မဟုတ်။ ထို့ပြင်...

ဓာတ်ပုံထဲမှာက ကျောခိုင်းထားပြီးမှ ကိုယ် ပြန်ငဲ့ကြည့်နေသည့် ပုံစံမို့ ဆံပင်တွေနဲ့ ထပ်ကွယ်နေသော မျက်နှာဟာ ပါးရိုးအထက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနှင့် မျက်လုံးလောက်ပဲ ပေါ်နေတာဖြစ်၏။

ဆံပင်ရှည်ဖျားလျားနှင့် မျက်လုံးတွေ စူးရဲလျက် စိတ္တဇဆန်နေတာကလည်း ဘယ်လိုမှ စိတ်ဝင်စားဖို့မရှိ··။

"ကြည့်ပါ··၊ အတုလား၊ အစစ်လား သေချာအောင်"

ဂုဏ် ကြည့်နေတာကို သူက မဲ့ပြုံးနှင့် ခနဲ့သည်။ ပြီးတော့ ကားကို နောက်ပြန် ခြေတစ်ဖက်ထောက်ထားပြီး မှီလိုက်ကာ···

"မင်း ငါ့ကို သိနေတယ်မို့လား ဂုဏ်မြင့်သူ"

"သိနေတော့ ဘာဖြစ်သွားနိုင်လို့လဲ"

"မင်းကို ငါက မသိခဲ့ဘူး၊ ပြောချင်တာက မင်းရဲ့ဓာတ်ပုံ ငါ့မျက်နှာရှေ့ ရောက်လာတာတောင် မကြည့်ဖြစ်ခဲ့တဲ့အကြောင်း···"

"အဲဒါလဲ သိတယ်၊ ယူ ပြောချင်တာကို ဆက်ပြော···"

"မင်း ငါ့ကို သိနေတာလဲ စိတ်ဝင်စားလွန်းလို့ပါလို့ ငါ မပြောလိုဘူး၊ ဒါပေမယ့် စိတ်မဝင်စားကြတဲ့လူချင်း တွေ့ရမယ့်နေရာကို ငါ ရောက်သွားခဲ့ပြီး မင်း မလာဘူး"

ဂုဏ် မျက်နှာငံ့သွားခဲ့တာ တော်တော်နှင့် ပြန်မမော့မလာ။ သူ သိသွားပြီဆိုတာ ထင်တော့ထင်လိုက်ပေမယ့် တကယ် သိသွားပြီဆိုတော့ သူ့ရှေ့မှာ နေရခက်နေ၏။

"ငါ သွားခဲ့တာက မင်းနဲ့ လက်ထပ်ဖို့အကြောင်း ဆွေးနွေးချင်တာ မဟုတ်ဘူး၊ မင်းနဲ့ ငါ့ရဲ့ ဆုံးဖြတ်ခွင့်တွေအကြောင်း ပြောကြဖို့၊ လူကြီးတွေဆန္ဒ ဘယ်လိုရှိရှိ မင်းကို ငါ လုံးဝ စိတ်မဝင်စားခဲ့တာ သိစေချင်လို့··"

"ဒီကရော···"

"မင်း စိတ်မဝင်စားတာလဲ နားထောင်ပေးမလို့ပါ၊ ဒါပေမယ့် မင်းက ရောက်မလာတော့ ငါက တစ်ဖက်သတ် မျှော်လင့်စောင့်စားနေခဲ့ရသလို ဖြစ်သွားတယ်"





ဂုဏ် က ဟွန့်ခနဲ မဲ့၍ သူ့မျက်နှာကို ကြည့်သည်။ ရုပ်ပုံနှင့် မာနကလည်း ဆတူ၊ အချိုးတူပါလား··။

"အဲဒါတွေလဲ ထားလိုက်ပါ၊ အဲဒီနေ့က လက်စွပ်ကို ဖွတ်အတင်း ပေးလွှတ်လိုက်တာ မင်းကို ရှင်းပြချင်လို့၊ ဒီလက်စွပ်ကြောင့် မင်းဘက်မှာ ဘာတာဝန်မှ မရှိဘူးနော်၊ ပေးပေးရမယ်ဆိုလို့ တာဝန်ဘာစ်ရပ်အနေနဲ့ ပေးလိုက်တာ၊ စေ့စပ်တာတွေ၊ ချည်နှောင်တာတွေ ဘာမှမပါဘူး၊ တစ်ခုရှိတာက ငါက ယောကျ်ားလေးဖြစ်နေတဲ့အတွက် ငြင်းတဲ့ဘက်က နေလို့မဖြစ်ဘူး၊ ဒီ စေ့စပ်ခြင်းကို မင်းဘက်က လက်မခံနိုင်တဲ့ တစ်စွန်းတစ်စအသံလောက်တော့ လွှင့်ပေးရမယ်၊ ကျန်တာ အိုခေဗြီ"

"ဒီမှာ ကမ္ဘာ···"

"ပြော···"

"လက်စွပ်ဆိုတာ ဘာလဲ၊ ဘာတွေ လာပြောနေတာလဲ၊ တို့ မသိဘူး"

"အာ··ပြောတယ်···"

ဒေါသက ယယ်ထိပ်ထိ တက်ဆောင့်သွားသလား ထင်ရသည်။ မယုံနိုင်သည့်မျက်ဝန်းများက ဂုဏ့် မျက်နှာလေးထက်မှာ စူးစိုက်ကျရောက်လျက်···

"မင်း ဘာပြောလိုက်တာလဲ··၊ ငါ လူတော်လူကောင်း ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမယ့် မဟုတ်တမ်းတရား ပြောထွက်တဲ့အထိတော့ မျက်နှာမပြောင်ဘူး"

"ယူက တို့ကို မဟုတ်တာပြောနေတယ်လို့ စွပ်စွဲလိုက်တာလား၊ ဒီမှာ မျက်နှာကို ကြည့်ထားလိုက်၊ ဦးအုပ်စိုး ဒေါ်ထားထား တို့ရဲ့ တစ်ဦးတည်းသောသမီး"

"အဲဒါ ဘာလုပ်ရမှာလဲ၊ ဦးအုပ်စိုး ဒေါ်ထားထား က ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်ကောင်းပေမယ့် သမီးက…”

“ရှင်… တော်…နော်…”

“ဂုဏ်မြင့်သူ…”

“အား…”

ဒေါသဖြစ်ဖြစ်နှင့် သူမ ပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်မိသည်။ ပြီးမှ ပြန်လွှတ်၍…

“မအူမလည်မိန်းမတစ်ယောက်ကို မင်းက ငွေပေးခိုင်းပြီး သူ ပြန်ပို့တဲ့ပစ္စည်းကို ယူထွက်သွားတာ၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်တယ်”

ဂုဏ် မျက်နှာ တစ်ချက် နီသွားသည်။ ဒါပေမယ့် ဘာမှမဖြစ်သလို ချက်ချင်း…

“ဘာမြင်တာလဲ၊ အဲဒီလက်စွပ်ကြီး ကျွန်မလက်ထဲ ပါသွားတယ်လို့ မြင်တာလား၊ ဟွန်း ခုခေတ်ကြီးမှာ ဆက်သေးဆိုတဲ့ လူ၊ ပစ္စည်း ဘာမဆို ငွေရှိရင် ဖြစ်တယ်၊ တို့ကို ယူ စွပ်စွပ်စွဲစွဲပြောနေတာ ဘယ်လို အမှုမြောက်သလဲ နားလည်ရဲ့လား၊ စကားကို ပြောတိုင်း ရတယ်ဆိုပြီး ထင်သလို မပြောရဘူး”

“တောက်…”

မချင့်မရဲ တက်ခေါက်ရင်း လက်သီးဆုပ်မိသည်။ ဟိုကောင်မလေးနောက်ကို သူ လိုက်ကြည့်ခဲ့၏။ ကောင်မလေးနောက်ကို ကားအဖြူလေးနှင့် ကပ်လိုက်သွားတာ၊ တံခါးအထဲနှင့်အပြင် ပေးတာယူတာ အားလုံးကို သူ မြင်ခဲ့ရသည်။

ကောင်မလေး ရသွားတာ ပိုက်ဆံဆိုတာ ကောင်မလေးက ချက်ချင်းငုံ့ကြည့်ပြီး ရေတွက်လိုက်တာမို့ သိသည်။

ဂုဏ့် လက်ထဲ ထည့်ပေးလိုက်တယ်ဆိုတာကတော့ ထည့်လိုက်တာမှန်း မြင်ပေမယ့် ဘာလဲဆိုတာ…

“ယူကို ဟိုတစ်ယောက် တစ်ပတ်ရိုက်သွားပြီ၊ တို့ ဟုတ်ပေမယ့်



တို့ကြောင့် ဖြစ်ရတာမို့လို့ စိတ်မကောင်းပါဘူး”

“ဂုဏ်မြင့်သူ…၊ မင်း လက်ဆုပ်လက်ကိုင် သက်သေပြနိုင်လားဆိုတဲ့ သူခိုးကြမ်းပိုးတွေ ပြောတဲ့စကားနဲ့ ငါ့ကို ချည်တုပ်ဖို့ မကြိုးစားနဲ့၊ မင်းစီးလာတဲ့ ကားအဖြူရဲ့နံပါတ်တောင် ငါ မှတ်မိတယ်”

“လုံးဝ မှားသွားပြီ ကမ္ဘာ…၊ တို့ အမြဲတမ်းစီးတာ အက်စ်အီးကားအနက်ရောင်…”

“မင်း…”

“ကားအဖြူဆိုတာ တို့ရဲ့ အသိမိတ်ဆွေထဲမှာတောင် မရှိဘူး၊ ယူလဲ သိမှာပါ၊ ဂုဏ်မြင့်သူ က အသိမိတ်ဆွေတစ်ယောက်ယောက်ရဲ့ ကားကို ငှားစီးမယ့် မိန်းမလား”

ကျကျနန လိမ်နေပြီဆိုတာကို သူ သိသည်။ ဒါပေမယ့် ဒီ့ထက်ပိုပြီး သူ့မှာ ထောက်ပြစရာ သက်သေမရှိ…။

“ဒီလက်စွပ်ကို ပြန်တောင်းမလို့ ငါပြောနေတာ မဟုတ်ဘူး ဂုဏ်မြင့်သူ…၊ လက်စွပ်ကြောင့် ဝန်မလေးဖို့ပဲ ပြောချင်တာ၊ ဒီလက်စွပ်ပေးခဲ့ခြင်း၊မပေးခဲ့ခြင်းက မင်းနဲ့ငါ လက်မထပ်ဖြစ်ခဲ့ရင် ပြီးသွားမှာပဲ၊ ဒီလိုဖြစ်လာမှာစိုးလို့ မင်း မယူဘူးလို့ ညာနေတာဆိုရင် ငါ ကတိပေးတယ်၊ မင်း ဝန်ခံလိုက်ပါ”

“ဘာလို့ ဝန်ခံရမှာလဲ၊ ဒါက ပျောက်ပျက်သွားရအောင် သိန်းတစ်ဆယ်နှစ်ဆယ်တန်တဲ့ပစ္စည်းမျိုးလဲ မဖြစ်နိုင်ဘူး”

“ဒါတော့ မင်းသိလား”

“သိတာပေါ့၊ ဦးမျိုးလတ် တို့လက်ထဲက ထွက်လာတဲ့ပစ္စည်း ခပ်နုပ်နုပ် ဖြစ်ပါ့မလား၊ တို့က ယူထားတယ်၊ မြှုနေတယ်လို့ အသင်မခံနိုင်ပါဘူး”

သူမကို စိုက်ကြည့်နေရင်း မှုမမှန်သည့်မျက်ဝန်းတွေ အများတွေ ပါနေသည့် စကားလုံးတွေကို သူ ဆုပ်ဖမ်းလို့ရနေသည်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပြစရာမရှိ…။

သူမ ဘာကြောင့် လိမ်နေတာလဲ…၊ ဘာအတွက်လဲ…၊ ကမ္ဘာ အံကြိတ်ခံနေရင်း မျက်နှာမော့လိုက်ပြီး သက်ပြင်းနှင့်အတူ စိတ်ကို ဖြေချလိုက်၏။

သူ ရောက်လာခဲ့တာ လက်စွပ်ပြဿနာကို ရှင်းကြဖို့ မဟုတ်။ သူမနှင့် နောက်ထပ် ပတ်သက်ကြဖို့မရှိတော့အောင် ဆွေးနွေးဖို့ဖြစ် သည်။ ဒါကြောင့်လည်း သူမ ရောက်မလာခဲ့သည့်အဖြစ်ကို သူ ဘာမှ ပြန်ပြောမထားခဲ့ပေ…။

ခုတော့ မဆိုင်တာတွေပြောပြီး ကိုယ်ပဲ အံကြိတ်နေရသည့်အဖြစ်။ မိန်းကလေးတွေ လျှာစောင်းထက်တယ်ဆိုတာ ဒါမျိုးလား…။

"မင်း ဒါကို မက်မောလောက်တဲ့ မိန်းကလေးမျိုးဆိုရင် လိုချင်လို့ ယူတာပဲဆိုပြီး ငါ ကျေနပ်လိုက်နိုင်တယ်၊ အခု မင်း ဘာဖြစ်လို့ ဒီလို ဘူးကွယ်လိုက်တာလဲဆိုတာ ငါ နားမလည်ဘူး ဖြစ်နေတယ်၊ မင်း ဘယ်လိုငြင်းငြင်း၊ ဘယ်လိုရှောင်တွက်တွေ နှင်းနှင်း ဒါတွေကို မင်း ကြိုတင် ကြံစည်ထားခဲ့တာ၊ ဘာလဲ ပြောစမ်းပါ၊ လက်မထပ်ဖြစ် ဖို့လား၊ တကယ် လိုချင်သွားတာလား"

"ယူ ပြောလေ ကဲလေပါလား"

"ဟွန့်… မင်း ယူလိုက်တယ်ဆိုရင် တစ်ခွန်းတည်းနဲ့ ပြီးသွားပြီ၊ မယူဘူးဆိုတော့ ဒီလက်စွပ်ကိစ္စက ကျယ်ပြန့်လာနိုင်တယ်၊ အဲဒါ သိလား"

"ကျယ်ပြန့်တော့လဲ ယူ ရှင်းပေါ့၊ တို့နဲ့ ဘာဆိုင်လဲ၊ နေပါဦး… သူက ဟို ဆင်းရဲစုတ်ပြတ်နေတဲ့တစ်ယောက်ကိုတော့ လုံးဝ မထင်ဘဲ တို့ကို ဘာဖြစ်လို့ ထပ်ခါထပ်ခါ စွပ်စွဲနေတာလဲ"

"ဒီလိုမိန်းကလေးကိုပဲ ထင်သွားမှာလို့ အစိုင်တွက်ပြီး မင်း လုပ်ခဲ့တာမို့လား"





"ယူ…နော်…၊ တောက်…"

"ကောင်းပြီ၊ အဲဒီကောင်မလေးက ဘယ်ကလဲ"

ဂုဏ့် မျက်လုံးတွေ ဟိုဒီဝေ့၍ လှုပ်ရှားသွားသည်။ ပြီးတော့ ချတ်ခနဲ လွှဲပစ်ပြီးမှ…

"ခရီးသွားရင်း ဗိုက်ဆာပြတ်ပြီး မျက်စိရှေ့မှာ ဒုက္ခရောက်နေလို့ ထမင်းလိုက်ကျွေးတာ၊ ယူနဲ့ တွေ့နိုင်းဖို့စိတ်ကူးက နောက်မှ ဖြစ်လာ တာ"

"အဲဒီတော့ ပြောကြဆိုကြရင်း သူ ဘယ်သွားမယ်၊ ဘယ်က လာတယ်ဆိုတာ ပြောမပြခဲ့ဘူးလား"

"ဒေါပုံလို့ ပြောတာပဲ"

တွေးတွေးဆဆနှင့် မျက်နှာမမော့ဘဲ ဖြေ၏။ ပြီးမှ တံခါးကို ဆွဲဖွင့်လိုက်ပြီး သူ့ကို နှုတ်ဆက်သလိုကြည့်ကာ…

"ယူ့ပြဿနာအတွက် စိတ်တော့မကောင်းဘူး ကမ္ဘာ၊ တို့မှာလဲ အချိန်တော်တော်ကုန်သွားပြီ၊ ဒီကိစ္စအတွက် ယူ ဖြေရှင်းချင်သေးရင် လူကြီးတွေကို ပြောပြလိုက်ပေါ့၊ အခု ယူ့ကို ပြောပြသလို တို့ သိ သလောက်တော့ ပြောပေးနိုင်ပါတယ်"

ဂုဏ် က ကားထဲကို ဟန်ကျပန်ကျ ဝင်ထိုင်လိုက်ပြီးမှ သူ့ကို လက်ချောင်းလေးတွေ ကစားပြရင်း ဠတ်ဒ်ဘိုင် လုပ်သွား၏။

သူ ခပ်မှဲမှဲအပြုံးနှင့် ကျန်ခဲ့ရင်း မြေပြင်မှာ ငြိမ်သက်စွာ ဝပ်စင်း နေသည့်ခဲလုံးလေးကို ခြေဦးထိပ်နှင့် လွှဲကန်လိုက်သည်။

တစ်ခုခုတော့ သေချာမှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

“အဖေတ်အစားကိစ္စ အဆင်ပြေသွားပြီလား သူမ”

“ဟုတ်ကဲ့ ဦး…၊ ဒေါ်ဒေါ် ဝယ်ပေးထားတာ အားလုံး ကောင်းပါတယ်”

ထမင်းစားရင်း ဦးတိုးနိုင် က ခေါင်းညိတ်သည်။ သူမ လေးက သိတတ်ရှာပါသည်။ ရောက်လာကတည်းက အိမ်ကအလုပ်တွေကို သူမပဲ ကုန်းကျုံးလုပ်သည်လို့ ဇနီးဖြစ်သူက ပြောပြသည်။ သူမ ကိုလည်း သဘောကျသည့်ပုံပါ…။

ထမင်းစားပြီးဆိုလည်း ဘယ်တော့မှ မိသားစုဝိုင်းထဲ ဝင်မစားခဲ့ပေ။ အနားမှာ ယပ်ခတ်တည်ခင်းပေးတဲ့အထိ ပြည့်စုံအောင် လုပ်သွားသည်။ ခဏပဲ ပျောက်သွားပြီး လိုက်ပွဲလိုနိုင်မည့်ဟင်းတွေ ကုန်လောက်သည့်အချိန်ဆို သူမ ပြန်ရောက်လာပြီး လိုလေသေးမရှိ လုပ်ပေး၏။

ထမင်းပွဲသိမ်းတော့လည်း သူမ ပဲဖြစ်နေရာ ဇနီးသည်နှင့်တော့ အဆင်ပြေလို့ပါ…။

“ကဲ… တစ်ခါတည်း ဝင်စားလိုက်လေ”

“မဂားချင်သေးလို့ပါ၊ အရင်ကတည်းက စားချိန်မမှန်ဘဲ ဆာမှ စားတတ်တာအကျင့် ဖြစ်နေလို့”





ထမင်းစားတွေဘာတွေ ခေါ်နေသည့် ဒေါ်စိုးယု ကို ဆူး က မချိမချဉ် မျက်လွှာပင့်ကြည့်ပြီး မဲ့သည်။ ခိုင်းလို့ကောင်းနေတော့ မိထွေးတော်က ကြည်လို့ပါလား…။

“ရောက်တာ တစ်ပတ်တောင်ရှိပြီဆိုတော့ အလုပ်ကြောင်း ပြောရအောင် ညည်း စက်ချုပ်ဆိုင်လေး ဖွင့်မလား၊ ဒါမှမဟုတ် ကမ်းနားက ဦးရဲ့ပွဲရုံမှာ လက်ထောက်မန်နေဂျာ လုပ်မလား၊ ခုနေ စက်ဆိုင်ဖွင့်ရင်တော့ နေရာဒေသ အထာမကျတာနဲ့၊ ပြီးတော့ ဦးလဲ များများ စားစား ရင်းနှီးထူထောင်ပေးနိုင်မှာ မဟုတ်တော့ လုပ်ငန်းတစ်ခုရယ်လို့ ထင်ထင်ပေါ်ပေါ် သိပ်ဖြစ်မယ် မထင်ဘူး”

“ပွဲရုံမှာ ခေါ်ထားလို့လဲ မဖြစ်ပါဘူး ကိုတိုး ရယ်…၊ အလုပ်သမားတွေနဲ့၊ ရန်ကုန်အထာနဲ့ နယ်က မိန်းကလေးတစ်ယောက်ကို ဘယ်လို ရောစပ်ပေးမလဲ၊ နောက်ပြီး အလုပ်ရှင်နေရာကနေ မှင်နဲ့ မောင်းနဲ့ ပြောနိုင်ဆိုနိုင်ဦးမှ၊ သူမ ပုံစံက ပျော့စိစိရယ်”

ဒေါ်စိုးယု ဝင်ပြောတာ သဘာဝကျပေမယ့် ထမင်းစားနေသည့် ဆူး ကတော့ ဒါကိုလည်း နှုတ်ခမ်းမဲ့လေသည်။ သူမ ပွဲရုံရောက်သွားရင် မခိုင်းရမှာစိုးလို့ဟု စိတ်ထဲမှတွက်ရင်း ကိုယ့်အတွက်လည်း သူမ က လိုအပ်တာမို့…

“ဖေဖေကလဲ ရောက်တာဖြင့် တစ်ပတ်ပဲရှိသေးတာ နေပါစေဦး၊ အိမ်မှာလဲ အလုပ်တွေက တောင့်စေ့တာမဟုတ်ဘူး”

“အလုပ်ကတော့ အိမ်သားတွေ ဒီလိုပဲ၊ အဆင်သင့်သလို လုပ်ကြရမှာပေါ့၊ ဖေဖေတို့က သူ့ကိုခိုင်းဖို့ ခေါ်တာမှ မဟုတ်တာ”

“ဖေဖေ အဲဒါကို သူ့ရှေ့မှာ ပြောရသလား၊ တကယ်ပါပဲ”

“နေပါစေ၊ ရပါတယ် ဦးရယ်၊ သူမ ဒီမှာပဲ ဝိုင်းကူရင်း လုံလုံခြုံခြုံနေရတာ၊ ဘာမှလဲ ပူပင်စရာမရှိတော့ ပြည့်စုံပါတယ်၊ အပြင်ကိုလဲ မထွက်ရဲသေးပါဘူး၊ တကယ်ပါ…”



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲ ရှင်းပြရင်း သူမ အပြင်ကို ထွက်သွားသည်။ ဦးတိုးနိုင် က ထမင်းလုတ်ပါးစပ်ထဲ မသွင်းသေးဘဲ ပန်းကန်ထဲမှာပဲ စုလုံးကိုင်ထားရင်း ဆူး ကို ငဲ့ကြည့်သည်။

"နောက်ကို စကားပြော ဆင်ခြင်စမ်း သမီး၊ ကိုယ့်အဖေကို သူများရှေ့မှာ၊ ဆရာ လုပ်သလိုလို၊ လမ်းပြသလိုလို သဟောက်သဟာမ်းပြောတာ ကောင်းတယ်မှတ်လို့လား"

"အဲဒီလို မဟုတ်ပါဘူး၊ ဖေဖေက ဒီလိုကြီးပြောလိုက်တော့ သူ ရှောင့်ကက်သွားမှာပေါ့၊ နမ့် တစ်ပတ်လောက်ပဲရှိသေးတာ၊ သူ တကယ် တော်၊မတော် သေချာအကဲခတ်ရဦးမှာလေ"

"သူ့စိမ်းမှုမဟုတ်ဘဲ၊ သူက သမီးနဲ့လဲ ညီအစ်မဝမ်းကွဲ တော်တယ်၊ တော်သည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ စောင့်ရှောက်တဲ့သူက ပြုစုပျိုးထောင်ပေးရမယ့်တာဝန် ရှိကယ်၊ အလုပ်သမားလို ဆက်ဆံတဲ့ပုံစံတွေ သမီး မလုပ်ရဘူး၊ သမီးလိုပဲ သူလဲ ဘွဲ့ရပညာတတ်၊ သမီးထက်တော်တာက သူ့မှာ လက်မှုပညာတွေ တတ်ထားသေးတယ်"

"ဘာလဲ..၊ တောင်းရုက်၊ ပလုံးရက်တဲ့ပညာတွေလား၊ ခါးချိအောင် ထိုင်ချုပ်ပြီးမှ ထမင်းစားရတဲ့ စက်ချုပ်ပညာတွေလား၊ ဒီခေတ်မှာ ဒီပညာတွေ မလိုဘူး ဖေဖေ၊ Certificate တွေ လိုတာ..."

ဦးတိုးနိုင် က ထမင်းဝါးရင်း ခဏတော့ တိတ်ဆိတ်သွား၏။ ပြီးမှ...

"ခေတ်တွေ ဘယ်လိုပြောင်းပြောင်း၊ လူတွေ အဝတ်မဝတ်ဘဲနေလို့မရဘူး သမီး၊ ခါးချိအောင် ချုပ်နေကြတဲ့လူတွေရှိလို့ လူတွေ အရှက်လုံနေကြတာ၊ နမ်းတစ်လုံးနဲ့ ဆီ မဖြစ်ပေမယ့် သူ့ရဲ့အရေအတွက်တွေကြောင့် ဆီဖြစ်ခဲ့တာမို့လား၊ အခု စက်ချုပ်သမားလေးပေမယ့် နောင်အခါမှာ ဒီခေတ်ရဲ့ ဒီဇိုင်နာတစ်ယောက် ဖြစ်မလာဘူးလို့ ပြောနိုင်မလား"





"ဓာတ်လမ်းတွေထဲမှာတော့ ဖြစ်လာတာတွေ ရှိပါတယ်"

"ရှင်တို့ ထမင်းစားနေတုန်း စကားပြောတာ အရသာ ပိုနေလို့လား ကိုတိုး ရယ်..၊ ခက်တော့တာပဲ"

အဲဒါကြောင့် သား ဒီအိမ်မှာရှိနေလဲ လူစုံတက်စုံ ထမင်းဝိုင်းဖွဲ့ခြင်းမှာ ဘယ်သောအခါမှ မပါခဲ့တာဟု စိတ်ထဲက ဆက်ပြောမိသည်။

"ထမင်းဝိုင်းမှာ လူစုံစေချင်တယ်ဆိုတာ မိသားစု နွေးထွေးဖို့ပဲ မေမေ၊ တစ်နေကုန် အလုပ်သွားနေတဲ့ လင်ယောကျ်ားကို သားမယားတ ခူးခပ်ကျွေးမွေးမယ်၊ စားသောက်ရင်း အိမ်မှာဖြစ်သမျှ ကမ်းနေတာလူမှုရေး၊ ကျန်းမာရေး မိသားစုကိစ္စလေးတွေကို ပြောပြမယ်၊ ဒါတွေပဲ အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းကြတာ၊ မေမေတို့ထမင်းဝိုင်းက ဆွေးနွေးကြတာ မဟုတ်ဘူး..၊ ရန်ပွဲ၊ သားအဖချင်း မဖြစ်ရရင် လင်မယားချင်းဖြစ်တယ်၊ ကျွန်တော် စိတ်ပျက်လို့ ထမင်းစားဖို့ဆိုရင် မခေါ်ပါနဲ့" တဲ့။

ဒီယောကျ်ားကို လက်ထပ်မယ်ဆိုတော့လည်း မတားဆီးခဲ့တဲ့ သားပါ၊ ပြီးတော့ ကိုတိုး ကိုယ်တိုင်ကလည်း လက်မထပ်ခင်ကတည်းက သားနှင့် ရင်းနှီးအောင် နေတတ်ခဲ့သည်။

ကိုတိုး ကိုတော့ သားက လေးစားသမှု ရှိသည်သာ။ ထမင်းစားပြီးကြသည်နှင့် ဆူး က ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေရင်း သူမ စက်ချုပ်နေသည့်အခန်းထဲကို ရောက်သွား၏။

အိမ်မှာ လိုအပ်လျှင် မြန်မြန်ဆန်ဆန် သုံးလွယ်အောင် စက်တစ်လုံးတော့ ရှိသည်။ ဆူး ကတော့ ချုပ်ရိုးဖြောင့်အောင်တောင် မနင်းတတ်ပါ။ ဒီစက်ကို အန်တီယု တစ်ယောက်တည်း ထဘီလေးချုပ်လိုက်ကာ၊ ခန်းဆီးလေးချုပ်နှင့် တစ်ခါတစ်ရံ သုံးတာ ဖြစ်၏။

သူမ ရောက်လာကာမှ စက်ချုပ်သံက မစဲတော့ပေ..။

"အထည်တွေက အများကြီးပါလား၊ အပ်ထည်တွေလား"

စားပွဲပေါ်မှာ အထပ်လိုက်ရော၊ ပုံထားတာတွေရော ရှောင်စုံရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေကို ဆွဲဖွပစ်လိုက်ပြီး ပြောသည်။

သူမ က စက်ချုပ်နေတာကို ရပ်လိုက်ပြီး လှည့်ကြည့်ကာ..

"သူမ အတွက် ဒေါ်ဒေါ် ဝယ်ပေးထားတာပါ"

"ရောက်ဟဲ့နေ့ကတည်းက ဝယ်ပေးခဲ့တာဆို..၊ ခုထိ ချုပ်လို့မပြီးနိုင်တာ ဘယ်လောက်တောင် များနေလို့လဲ"

"ဒီနေ့မှ အင်္ကျီနှစ်ထည်ပဲ ပြီးတာ ဆူး ရဲ့..၊ ဝတ်စရာရှိနေတော့လဲ အလုပ်ပြီးမှပဲ အေးအေးထိုင်တာလေ"

"အဝတ်အစားအိတ် သူများ ခိုးသွားတယ်ဆိုပြီး ဝတ်စရာက ဘယ်ကရှိသွားတာလဲ"

"ဒေါ်ဒေါ်အဝတ်အစားတွေ ပေးထားတာ"

ပြောလိုက်မှ ဆူး မျက်လုံးတွေ သူမ ကိုယ်ပေါ်ကို ရောက်၏။ ပြီးမှ လက်ပိုက်ပြီး ခေါင်းညိတ်ကာ...

"အထည်စတွေက မင်္ဂလာဈေးမှာ အပုံလိုက် သွားကျူးမှ လေးငါးထောင်ပဲ ပေးရတဲ့ ဖြတ်စ အတိုအထွာတွေပါ၊ ကိုယ်ပေါ် ရောက်ဖို့ အရေး ပင်ပန်းတာနဲ့ မတန်လိုက်တာ"

သူမ က စက်ပြန်နင်းရင်း ရယ်လိုက်ကာ...

"ငါ့အတွက်တော့ အကောင်းဆုံးတွေပါပဲ ဆူး ရယ်..၊ နင်လဲ ဝယ်လာပြီးမှ အင်္ကျီ၊ စကတ်တွေကို ပုံမကြိုက်ရင် ငါ့ကို ပြောနော်၊ ပြင်ပေးမယ်"

"အဟွန်း..ဟွန်း... နင့်ကိုယ်နင် နိုင်ငံခြားပြန် ဒီဇိုင်နာကြီးများ ထင်နေလား သူမ ရယ်..၊ ငါ ဝတ်တဲ့ အဝတ်အစားတွေကိုများ ပြင်ဆင်ပေးဦးမယ်တဲ့၊ ဒီမှာ နင် ပြင်ပေးနိုင်ရင်လဲ မလိုဘူး၊ ငါက မကြိုက်တာကို မပြောနဲ့၊ ဝတ်ပြီးသားတောင်မှ တစ်ခါကနှစ်ခါ ဝတ်တာ မဟုတ်ဘူး"

"အေးပါ.. နင့်ဘဝက ဆင်းရဲတယ်ဆိုတာကိုတောင် ကြားဖူးချင်





မှ ကြားဖူးမှာကိုး"

"ဟုတ်တယ်..၊ နင့်ကို အဲဒါ ပြောမလို့၊ ငါ့အင်္ကျီဟောင်းတွေ ရှိတယ်၊ ဝတ်မလား"

သူမ က မော့မကြည့်ဘဲ စက်ချုပ်နေရင်း ခေါင်းခါသည်။

"နေပါစေ..၊ မြို့က ခေတ်မီဒီဇိုင်းတွေလဲ ငါ မဝတ်ချင်ဘူး၊ ချိတ်ထဘီတွေ၊ စကတ်တွေ ဝတ်ဖြစ်တာတောင် အလုပ်လုပ်ရင်း ထဘီ ဝတ်နေရတာ အလုပ်ရှုပ်လာတယ် ထင်လို့"

"ငါ့ရဲ့အဟောင်းတွေ မဝတ်ချင်တာမို့လား၊ အဟောင်းဆိုပေမယ့် တစ်ခါမှ ရေမချရသေးတာတွေတောင် ရှိတယ်၊ မာနတွေ ကြီးမနေနဲ့"

"မဟုတ်ပါဘူး ဆူး ရယ်..၊ ဒီအိမ်ကလူတွေကို ငါက မာနကြီးနေစရာလား၊ မြို့ရောက်တာနဲ့ ချက်ချင်း ပုံစံပြောင်းသွားတာလဲ မကောင်းပါဘူး၊ စောစောက ပြောသလိုပေါ့ မြို့ကြီးတွေကအထာနဲ့ ငါက အဝေးကြီးပါ"

"ဟွန့်"

ဆူး ကတော့ သူမ တမင် အကြောင်းပြကောင်းနှင့် ရှောင်ထွက်တာလို့ပဲ သတ်မှတ်၍ မဲ့၏။ ထိုစဉ် သူမ က မတ်တတ်ရပ်လိုက်ပြီး စားပွဲနားမှာရပ်ကာ ပေတံကို ဆွဲယူလိုက်လျှင် ဆူး ရဲ့အင်္ကျီရင်ဘတ်မှာ တစောင်းချိတ်ထားသည့် စတီးကွင်းလေးနှင့် ကြိုးက ငြိပါသွား၏။

"အ.."

"ဂျောက်..."

"အယ်!... ဆောရီး..ဆောရီးပါ ဆူး ရယ်..၊ တောင်းပန်ပါတယ်"

သူမ ပျာပျာသလဲ တောင်းပန်ကာ ကွင်းလေးတွေကို ကောက်လိုက်တော့ အတွဲလိုက်လေး ပါလာ၏။

"ဒီနားမှာလား၊ ငါ ပြန်တပ်ပေးမယ်နော်၊ တောင်းပန်ပါတယ်

www.burmeseclassic.com



ဆူး ရယ်၊ စိတ်မဆိုးပါနဲ့နော်”

“ဒါကို ပြန်တပ်မယ် ဟုတ်လား”

ဆူး မျက်နှာက နီရဲနေ၏။ ကွင်းလေးတွေမှာ ကုတ်ထားသည့် ချိတ်လေးတွေပဲပါကာ ဘယ်လိုကပ်ထားမှန်းတောင် မသိတဲ့ဟာ..။

“အေးပါ..၊ ငါ တပ်ပေးပါ့မယ်၊ အခု ချွတ်လိုက်လေ၊ မြန်မြန် လုပ်ပေးမှာပါ”

“ဒီလောက်တောင်ရှိတာ ပြီးရောနော်၊ နဂိုအတိုင်း မဖြစ်လို့က တော့ အဲဒီအင်္ကျီကို ခြံထဲမှာ မီးပုံရှို့ပြီး ဒီစက်ကို နင် ဘယ်တော့မှ တက်မချုပ်ရတော့ဘူးဆိုတာ မှတ်ထား”

“အေး... အေးပါ”

အခန်းထဲဝင်ပြီး ပြန်ထွက်လာကာ အင်္ကျီကို ပစ်ပေါက်ထားခဲ့ သည်။ သူမ က ချုပ်နေဆဲအင်္ကျီကို ဘေးမှာကပ်ထားလိုက်ပြီး ဆူး ရဲ့အင်္ကျီကို သေချာဖြန့်ကြည့်နေ၏။

ဆူး က မဲ့ရွဲ့ပြီး ပေစောင်းစောင်းကြည့်နေကာ...

“အမြန်ဆုံးနော်၊ ငါ အခု အပြင်သွားမလို့ ပြန်လာရင် ပြီးနေပစေ”

“ဟင်!... ဘယ်လောက်ကြာမှာလဲ”

“ဘယ်လောက်ကြာကြာပေါ့”

သူမ ပါးစပ်လေးအဟောင်းသားနှင့် ကျန်ခဲ့လေသည်။ လမ်းထိပ် ကိုပဲသွားပြီး ပြန်လှည့်လာတာဆိုလျှင်...

“သူမ...”

“ဟင်!... ရှင်.. ဒေါ်ဒေါ်”

ဒေါ်စိုးယု က ဝင်လာပြီး သူမကိုင်ထားသည့်အင်္ကျီကို ကြည့် လိုက်ကာ...

“ကြားလိုက်သားပဲ၊ ဆူး ဆိုတဲ့အတိုင်း ပြဿနာရှာသွားပြန်ပြီ မို့လား”





“မဟုတ်ပါဘူး၊ သူမ ကြောင့် ပြုတ်သွားတာပါ”

သူမ ခမျာ ပြန်ဖြေတာတောင် မော့မကြည့်နိုင်ဘဲ လက်တုန် ခြေတုန်နှင့် အင်္ကျီကို ဆွဲဆန့် လှန်လှောကြည့်နေရှာ၏။

“ကြောက်မနေနဲ့..၊ သူ ဒီလိုပဲ ပြဿနာရှာနေကျ၊ ညည်းကို ဘယ်သူမှ အပြစ်တင်မှာ မဟုတ်ဘူး”

“မဟုတ်ဘူး..၊ သူမ...”

ကိုယ့်ကြောင့် ဖြစ်သွားတာမို့ ကိုယ့်မှာ တာဝန်ရှိသည်။ ဒါကို မလုပ်နိုင်လျှင် ကိုယ့်အပြစ်သာ ဖြစ်၏။

“ပွဲရုံက မန်နေဂျာ လာမယ်ထင်တယ်၊ ရောက်လာလို့ ကိုတိုး မနိုးသေးရင် မနှိုးပေးနဲ့၊ ခဏ စောင့်ခိုင်းထားနော်၊ ညည်း ဦးလေး သိပ်နေမကောင်းဘူးတဲ့၊ အပေါ်ထပ်က ဘုရားခန်းမှာ အိပ်နေတယ်၊ ငါက သားကို သွားကြိုမလို့၊ အပြင်မှာ လိုက်ပြီး တံခါးပိတ်ဦး”

“ရှင် ဟုတ်ကဲ့ ဒေါ်ဒေါ်”

တံခါးပိတ်ဆိုလို့ လိုက်လာပြီး ဒေါ်စိုးယု တံခါးပြင်ရောက်သည် နှင့် အထဲက သော့ခတ်ပစ်သည်။ ပြီးတော့ ချက်ချင်း ပြန်လှည့်သွား တာ မပြေးရုံတမယ်..။ ဩော်... ဖြစ်ရလေ..၊ ဒီမိန်းကလေးနှယ်..။

ဒေါ်စိုးယု ခေါင်းတယမ်းယမ်းနှင့် အပြင်ထွက်သွား၏။ အိမ်မှာ ကားသုံးစီးရှိပေမယ့် ဆလွန်းကားလေးတွေကို တက္ကစီလုပ်ထားသည်။

ဘန်တစ်စီးကိုပဲ ဦးတိုးနိုင် စီးတာ ဖြစ်၏။ မိသားစုတွေ အရေး အကြောင်းရှိလျှင် ဖုန်းဆက်ခေါ်၊ ကားက ဟိုပြေးဒီပြေးနှင့် ဒီလိုပဲ လည်ပတ်ခဲ့ရသည်။

သားက အောင်မြင်သည့် စာရေးဆရာတစ်ယောက်မို့ သူ့ဘာသာ ပါဂျဲရိုမီးခိုးရောင်လေးတစ်စီး ဝယ်စီး၏။ ဒီကားကိုတော့ ဆူး တစ်ခါ တလေ တောင်းယူပြီး မောင်းတတ်တာပဲရှိကာ ဘယ်သူမှ မစီးကြပေ..။

ခုလို ခရီးသွားနေပြီဆို ကားနှင့်မဟုတ်ဘဲ လေယာဉ်နဲ့သွားတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် ကားကို ဘယ်မှာထားခဲ့မှန်း မသိ။ အိမ်မှာတော့ သားပျောက်နေတဲ့အချိန် သူ့ကားလည်း ပျောက်သွားတာပဲ ဖြစ်သည်။

ဒေါ်စိုးယု လေဆိပ်ကိုသွားဖို့ တက္ကစီ ငှားရမှာဖြစ်သည်။ သူမကတော့ တခြားအာရုံတွေ ချုပ်ငြိမ်းကုန်ကာ အင်္ကျီပြင်ဖို့ကိုပဲ အာရုံစိုက်နေခဲ့၏။ အပြင်က လှုပ်ရှားသံကို နားစွင့်ရင်း ရင်ခုန်သံတွေမြန်ကာ ချွေးတွေလည်း စို့လာသည်။ ရောက်တာတစ်ပတ်ပဲ ရှိသေးသည်။ အိမ်သားတွေရဲ့ ငြိုငြင်မှုကိုတော့ မလိုချင်ပေ..။

ထို့ကြောင့် ဆူး နှင့် ကတောက်ကဆတ်တွေ မဖြစ်ရဖို့ လိုသည်။ အပြင်က ရောက်လာမည့်လူဟာ ဒေါ်ဒေါ်တို့သားအမိ ဒါမှမဟုတ် ပွဲရုံကမန်နေဂျာ မဟုတ်ဘဲ ဆူး ဖြစ်နေခဲ့လျှင်...

"တင်း..တောင်..."

"ဟင်!..."

စက်ချုပ်နေရင်း သူမ ကိုယ်လေး မတ်ခနဲ ဖြစ်သွားသည်။ ဆူး ပြန်လာပြီလား..၊ ပြီးခါနီးနေပြီဖြစ်သည့် အင်္ကျီကို အပြီးသတ်ဆုံးအောင် နင်းပစ်လိုက်သည်။

"တင်း..တောင်..."

နောက်ထပ် ဘဲလ်သံ ထပ်ပေါ်လာတာလည်း မထဲဖြစ်။ သို့သော် အပေါ်ထပ်က ဦး ကြားမှာတိုတွေးမိကာမှ ကမန်းကတန်း ထရပ်မိ၏။

"တင်း..တောင်..."

"လာပါပြီ"

ရှုတ်ခမ်းဖျားထက်မှာ အေးစက်စက်ဖြစ်နေတာကို ချွေးတွေမှန်း သိကာ လက်ခုံလေးနှင့် ပွတ်သုတ်ပစ်လိုက်ပြီး ပြေးထွက်ခဲ့သည်။

တံခါးအပြင်မှာ မျက်မှောင်ကြုတ်ရပ်နေသည့်လူက ကျောပိုးအိတ် ခပ်လတ်လတ်ကို ပခုံးမှာချိတ်ထားကာ လက်တစ်ဖက်ထဲမှာ ပလတ်စတစ်အကြည်စားနှင့် ညှပ်ထားသည့် ဖိုင်တစ်ထပ်နှင့်။ ပွဲရုံက မန်နေဂျာ





ခဲ..။ ရင်ထဲမှာ ပူလောင်လေးလံသော အလုံးကြီးတစ်လုံး ပြုတ်ထွက်ပျောက်ကွယ်သွားသလို လှိုက်ခနဲ ဝမ်းသာသွားကာ ပေါ့ပါးသွားခဲ့၏။

"ခဏလေးနော်"

သူမ သော့ပြေးယူပြီး တံခါးဖွင့်လိုက်သည်။ သူက သူမ ကို တစ်ချက်ပဲကြည့်ပြီး တံခါးတစ်ခြမ်းပွင့်သွားတာနှင့် ပခုံးစောင်းဝင်လိုက်၏။ သူမ တံခါးကို သေချာပြန်ပိတ်လိုက်ရင်း...

"ဦး အိပ်နေလို့ ခဏ ထိုင်ပါဦးရှင်..."

သူက ဖျတ်ခနဲ လှည့်ကြည့်ကာ ဘာမှမပြောဘဲ ဆိုဖာမှာ ဝင်ထိုင်၏။ စက်ပြေးချုပ်ဖို့ စိတ်ကူး၍ ခြေလှမ်းပြင်ပြီးမှ ဧည့်သည်ကို ငုတ်တုတ်ကြီး ဒီတိုင်းထားလို့ ကောင်းပါ့မလားဟု တွေးမိသည်။

ကော်ဖီ၊ အအေး တစ်ခုခု ဖျော်တိုက်ဖို့လည်း ဒေါ်ဒေါ်က မှာသွားခဲ့ပေ။ ဒီလူက အိမ်မှာ ဝင်ထွက်နေကျဆိုလျှင် အကြောင်းပေါ့တ်။ လူစိမ်းဆိုလျှင်...

သူမ ကျောခိုင်းပြီးမှ ပြန်လှည့်သွားမိကာ...

"ဟိုလေ နေပူတော့ အအေးလေးဆို အဆင်ပြေမှာနော်၊ ခဏစောင့်ပါ၊ သူမ အအေးသွားယူလိုက်မယ်"

ဘာဖြစ်ဖြစ် မြန်မြန်ဆန်ဆန် လုပ်နေမိသဖြင့် သူမ ပုံစံက ပြေးပြေးလွှားလွှားတွေ ဖြစ်နေ၏။ အအေးသွားယူပို့တော့လည်း မန်နေဂျာက သမ်းယူပြီး သူမကို မျက်မှောင်ကြုတ်နှင့် ကြည့်၏။

ဧည့်သည်ဖြစ်ပြီး နေပါစေ..၊ ရပါတယ်လည်း မပြော၊ ဘာ့ိုင်ပါဆိုတော့ ထိုင်နေသည်။ သောက်ပါဦးဆိုတော့ ယူသောက်တာ အေးဆေး..။

ဘာတစ်ခွန်းမှ မေးလည်းမမေး၊ ပြောလည်း မပြောတော့ သူမ အထဲဝင်လိုက်ရမလား၊ သူ့နားမှာပဲ ရပ်စောင့်နေရမှာလား၊ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

ထိုစဉ် မန်နေဂျာဆိုသူက အအေးတစ်ငက်နှင့် ဖန်ခွက်ကို ချထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး မတ်တတ်ရပ်လိုက်သဖြင့် ဘာလုပ်မလို့လဲလို့ မေးရန် တာဝန်ရှိသည့်အတိုင်း သူမ ပါးစပ်ပြင်နေတုန်း ထိုသူက အိမ်နောက်ခန်းထဲကို တန်းဝင်သွားလျှင်…

ကြည့်စမ်း…၊ သူ့အိမ်သူ့နေရာကျနေတာပဲ၊ ရဲတင်းလိုက်တာ…

"ဒီမှာ…၊ ဒီမှာ… ရှင် ဘာလိုချင်လို့လဲ"

သူမ နောက်ကနေ အပြေးတစ်ပိုင်းလိုက်သွားကာ ခြေလှမ်းမရပ်ဘဲ ပြန်ငဲ့ကြည့်သည့် သူ့မျက်လုံးတွေကို နားမလည်နိုင်စွာ ကြည့်မိရင်း…

"ဦး အိပ်ရာက နိုးတဲ့အထိ ထိုင်စောင့်ပါလို့ ရှင့်ကို ပြောထားတယ်လေ"

သူ့ခြေလှမ်း နှေးကျသွား၏။ ပြီးတော့ ပြန်ဆက်လျှောက်တာ မီးဖိုခန်းဆီပါ ကျော်ဖြတ်လာခဲ့လျှင်…

"ဒီမှာ…"

သူမ သူ့ရှေ့ကနေ ဖျတ်ခနဲ ပြေးရပ်လိုက်ကာ…

"ရှင့်ဘာသာ မန်နေဂျာဖြစ်ဖြစ် ဘာဖြစ်ဖြစ် အိမ်မှာ ဘယ်သူမှ မရှိဘူး၊ အစက ဘယ်လောက်ပဲ တရင်းတနှီး ရှိခဲ့ရှိခဲ့၊ အခု ဧည့်သည်က ဧည့်သည်လို နေသင့်တယ်၊ ထိုင်စောင့်ပါဆို စောင့်နေပေါ့၊ မစောင့်နိုင်ရင် ပြန်လေ…၊ မှာစရာရှိတာ သူမ ကို မှာထားခဲ့လို့ရတယ်"

လူချင်းနီးနီးလေးဖြစ်သွားတော့ သူ့မျက်နှာရဲ့ အောက်နားမှာရှိနေသည့် သူမ ကို ထိုသူက စူးစိုက်ကြည့်၏။ ပြီးတော့ ဖြုံး၍ လွယ်ထားသည့်အိတ်ရဲ့ကြိုးမှာ လက်မနှင့် ချိတ်ထိုးလိုက်ကာ…

"မင်းက သူမ လား"

"ဟင်!…"

သူမ အံ့ဩသွားသည်။ ပွဲရုံကလူတွေအထိ သူမ နာမည်ကို မိတ်ဆက်အသိပေးထားတာမျိုးတော့ မဖြစ်နိုင်ဘူး ထင်သည်။ တစ်ခုခုတော့ မှားနေပြီ…။





"သူမ ဘယ်သူဖြစ်ဖြစ် ဒေါ်ဒေါ် မှာခဲ့တာ ရှင့်ကို ပျူပျူငှာငှာ ဧည့်ခံထားဖို့ မပါဘူး၊ ဦး အပေါ်မှာ အိပ်နေတယ်၊ ရှင် အခု အပြင်ကို ပြန်ထွက်သွားပါ"

သူက ဟွန့်ခနဲ ရယ်လိုက်ပြီး သူမ ကို သနားစရာသတ္တဝါလေး သဖွယ် ကြည့်ပြန်သည်။ ထိုစဉ်…

"ဟော… သား ပြန်ရောက်နေပြီလား"

အပေါ်ထပ်ကနေ ဘယ်တုန်းက ဆင်းလာမှန်းမသိသော ဦးတိုးနိုင် က အတွင်းလမ်းကလေးရဲ့ထိပ်မှာ ပေါ်လာ၏။ သူမ နှုတ်ခမ်းလေး ဟ,သွား၏။ သား ဆိုတာ ဘယ်သူ့ကိုခေါ်လိုက်တာလဲ…။

"မင်းအမေနဲ့ မင်း လွဲပြီထင်တယ်၊ လေဆိပ်မှာ မဆုံကြဘူးလား"

"ဟုတ်ကဲ့၊ လေယာဉ်ဆိုက်တာ နည်းနည်းလေး စောသွားတယ်၊ ကျွန်တော်လဲ သူငယ်ချင်းက လာကြိုနေတာနဲ့ တန်းထွက်လာခဲ့တာ"

"အေး… အေး… မင်းကို မတွေ့ရင် သူ ပြန်လာမှာပါ၊ သွားနားပါ၊ သွား…"

ဟုတ်ကဲ့လို့ ပြောပြီး သူ့ရှေ့မှာ ပြူးတိပြူးကြောင် စိတ်ရှုပ်ထွေးဖွယ်ဖြစ်နေသည့် သူမ ကို ပြန်ကြည့်၏။ ပြီးတော့ ပြုံးလိုက်ရင်း သူမ ကို ရှောင်၍ ဆက်လျှောက်သွားသည်။

ပခုံးစွန်းချင်း အနည်းငယ် ပွတ်တိုက်သွားကာ သူမ ပခုံးလေး ထိသွားသည့်ဘက်ကို တိမ်းသွားခဲ့၏။ ထို့နောက် သူမ မျက်လုံးတွေလည်း သူ့နောက် ပါသွားခဲ့လေသည်။

ဒေါ်ဒေါ့်သား စာရေးဆရာ မိုးသောက်နေ…။

ခဏခဏ မှားယွင်းနေခဲ့သည့် ကိုယ့်အဖြစ်ကို ဘယ်လိုအပြစ်တင်ရမှန်းတောင် မသိတော့ပါ…။ ဒီတစ်ခါလည်း မှားပြန်ပြီ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အလုပ်တွေပြီးသွားမှ ထမင်းစားဖြစ်တော့ နေ့လယ်တစ်နာရီ ကျော်ပြီ ဖြစ်၏။ အားလုံးအတွက် ချက်ပြုတ်ပေးထားသလောက် သူမ ယူမစားပါ။

ဟင်းရွက်ကြော်နှင့် ငါးပိရည်ဆမ်းပြီး အုပ်ဆောင်းအုပ်ထားသည့် စားပွဲစွန်းမှာ ထမင်းပန်းကန်လေး ဒီတိုင်းတင်၍ စားနေလိုက်တာဖြစ် သည်။ သူများတွေလည်းပြီးမှ၊ တကယ် ဆာလောင်လာမှ စားတာမို့ ဘာနဲ့ပဲစားစား သူမ ထမင်းစားလို့မကောင်းဘူးဆိုတာ မရှိ..။

ဒါပေမယ့် မျက်နှာမူထားသည့် ထမင်းစားခန်းရှေ့မှာ ပေါ်လာသည့် လှုံရိပ်ကြောင့် လည်နင်သွားခဲ့သည်။

"ထမင်းစားနေတာလား"

"ဟင်!... အဟွတ်.. အဟွတ်.. အဟွတ်.."

သူ ဝင်လာတာ မြင်လိုက်သည်နှင့် သူမ အသက်ရှူမှားကာ ဘာတွေဖြစ်ကုန်မှန်း မသိ..။

"ရော့... နည်းနည်းထိန်းထားပြီး ရေသောက်လိုက်"

သေစမ်း သူမ..၊ နင့်ကိုပဲ ဟိုက ပြန်ပြီး ပြုစုနေရပြီ၊ သေလိုက်..။





"ရ...ရပါတယ်"

လည်ချောင်းတွေ စပ်ဖျဉ်းသွားသဖြင့် ရေကိုတော့ ယူသောက် လိုက်မိသည်။ ထိုစဉ် ဒေါ်စိုးယု အခန်းထဲ ဝင်လာကာ...

"သြော်... သူမ ရှိနေတာပဲ၊ သူမ သားကို ခူးခပ်ပေးလိုက်စမ်း ဝါ၊ ငါ လုပ်စရာရှိသေးလို့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

မှာပြီး ဒေါ်စိုးယု က ပြန်ထွက်သွား၏။ သူမ ထမင်းလက်စနှင့် ထရပ်လိုက်တော့ မိုးသောက် က မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီးဖြစ် ကာ...

"မင်း ပြီးအောင် စားပါ၊ ကိုယ် မဆာသေးပါဘူး"

"ရပါတယ်၊ သူမ စားသောက်ရင်း ဒီလိုပဲ အလုပ်ထလုပ်တတ် ပါတယ်၊ ဘာမှမဖြစ်ဘူး"

ယောကျ်ားတစ်ယောက်နှင့် မျက်နှာချင်းမဆိုင်ခဲ့ဖူးသောစိတ်က ထမင်းဟင်းတွေ မြန်မြန်ဆန်ဆန် ပြင်ပေးနေခဲ့ပေမယ့် ပြီးစီးလို့ သူ့ ရှေ့မှာ ပြန်ထိုင်ရမှာကိုလည်း ကြောက်မိပြန်သည်။ ထို့ပြင် မနေ့ကမှ သူ ပြောဆိုထားခဲ့မိသည့် မှားယွင်းမှုတွေ..။

"ထိုင်လေ..၊ ထမင်းစား မပျက်ဘူးဆို..."

သူ ထမင်းစားဖို့ ပြင်လိုက်စဉ် သူမက မတ်တတ်ကနေ ပန်းကန် ကိုင်လိုက်တော့ ဘာလုပ်တော့မယ်ဆိုတာ သိနေသလိုမျိုး မိုးသောက် က ပိတ်ပြော၏။

"ဟုတ်ကဲ့"

သူမ လက်ကို ပြန်လွှတ်ပြီး ပြန်ထိုင်လိုက်တာလည်း သံပတ်ပေး ထားသည့် အရုပ်လေးအတိုင်း..။

မိုးသောက် က မျက်တောင်ဖျားတွေ စိုက်ချထားရင်း တစ်ချက်မှ မော့မလာသည့်မျက်နှာလေးကိုကြည့်ကာ တစ်ယောက်သည်း ပြုံး၏။

www.burmeseclassic.com



ပြီးတော့ သူမ စားနေသည့်ပန်းကန်ကို လှမ်းကြည့်၍…

"ဟင်းတွေ ထည့်စားလေ၊ အသီးအရွက်တွေပဲ စားပြီး အဆိုတော်မှာ နိုးလို့လား"

"မဟုတ်ပါဘူး"

သူမ ဒီတိုင်းပဲစားနေတော့ ငါးသလောက်နှပ်နဲ့ ဆိတ်သားဟင်းကို သူကိုယ်တိုင် လှမ်းထည့်ပေးလိုက်ပြီး…

"မင်း ထမင်းစားတိုင်း ဒီလိုပဲ စားသလား"

"ရှင်…"

"ဟင်းတွေ လေးမျိုးလောက်ရှိတာ ဘာဖြစ်လို့ ထည့်မစားတာလဲ"

"သူမ ဟင်းတစ်မျိုးပဲ စားတတ်လို့ပါ"

"တစ်မျိုးဆိုရင်လဲ ကောင်းတာတစ်မျိုးမျိုး ယူစားပေါ့"

"အသီးအရွက်ပဲ ကြိုက်လို့"

တကယ် ဟုတ်,မဟုတ်တော့ မသိပေမယ့် သူ ထည့်ပေးတာတွေကို တို့တို့တိတိလေးပဲစားပြီး သူမ ထမင်းစားခြင်း ပြီးမြောက်ခဲ့သည်။

ထွက်ခွာဖို့အခွင့်အရေးရပြီမို့ ပန်းကန် မြန်မြန်ဆေးပြီး ပြန်လှည့်လိုက်ပေမယ့်…

"သူမ…"

"ရှင်…"

"လာ ထိုင်ပါဦး၊ စကားပြောရအောင်…"

"ရှင်!…"

တရှင်ရှင်နှင့် သူမ နေရာက မရွှေ့ဘဲနေသဖြင့် မိုးသောက် က ကြည့်၍…

"မင်း ဟိုနေ့က ကိုယ့်ကို ဖိဟောက်သွားခဲ့တာ မတောင်းပန်ချင်ဘူးလား"

"ရှင်!…"





နောက်ထပ် ရှင်…ပြီးမှ သူမ နေရာမှာ ပြန်ထိုင်လိုက်ကာ…

"ဟုတ်ပါတယ်၊ ဟိုလေ… ကိုမိုးသောက်နေ ကို သူမ တကယ် မသိလို့ပါ၊ အဲဒီနေ့က ဒေါ်ဒေါ်ကလဲ ကိုမိုးသောက်နေ ကို သွားကြိုမယ်ဆိုပြီး ပွဲရုံကမန်နေဂျာ လာရင် စောင့်ခိုင်းထားဖို့ မှာခဲ့တာနဲ့…"

"ရပြီ…၊ တော်ပြီ"

သူက ကိုင်ထားသည့် ဖွန်းခက်ရင်းကို အသာလေးချထားလိုက်ပြီး နူးညံ့ကြည်စင်သည့်အပြုံးနှင့် လက်ကာပြကာ…

"ကိုယ် တမင် ပြောတာပါ၊ အဲဒါက မင်း မှားတာ မဟုတ်ဘူး၊ ကိုယ့်အမှားလဲ ပါတယ်၊ မင်းရောက်လာတဲ့နောက်နေ့မှာ ကိုယ် ထွက်သွားတာဆိုတော့ ကိုယ်တို့ မတွေ့ဖူးခဲ့ကြဘူး၊ ဒါပေမယ့် မင်းကို မြင်လိုက်တာနဲ့ သူမ ဆိုတာ ကိုယ် သိလိုက်တယ်၊ မင်းက မသိတဲ့သူဆိုတော့ ရောက်လာမယ်လို့ မှာခဲ့တဲ့လူနဲ့ မှားသွားတာ မှန်ပါတယ်၊ တကယ်ဆို ကိုယ်က မင်း မှားနေတာကို ငြိမ်နေလိုက်ဖို့ မကောင်းဘူးလေ"

"မဟုတ်ဘူး…၊ သူမ ကိုယ်က အရိပ်အကဲ မသိခဲ့တာပါ၊ သူမ တောင်းပန်ပါတယ်"

"ကိုယ်ကလဲ တောင်းပန်ပါတယ်…၊ ကျေပြီပေါ့"

ရယ်ပြဖို့မဟုတ်ဘဲ ရယ်မြူးရိပ်သမ်းနေသည့် မျက်လုံးများနှင့် မျက်ခနဲ ဆုံလိုက်တော့ သူမ ပြုံးပြလိုက်မိသည်။

စာရေးဆရာဆိုသည့်အတိုင်း မိုးသောက်နေ ဆိုသူ၏ မျက်နှာမှာ ကောက်ကျေ့တင်းမာသည့် အမူအရာဆိုလို့ တစိုးတစိမှ မတွေ့ရပေ…။

မျက်ခုံးတန်းသွယ်သွယ်နှင့် မျက်လုံးအိမ်က ရှည်ချင်သလိုရှိသော့ သူ ပြုံးလိုက်တာနှင့် မျက်တောင်ဖျားတွေ စင်းကျသွားကာ နှစ်လိုဖွယ်ကောင်းသည့်မျက်နှာမျိုးကို ဖြစ်စေခဲ့၏။

နှာတံပေါ်ပေါ် နှုတ်ခမ်းအစုံက မထူမပါးဖြစ်လျှယ် အသားလတ်



www.burmeseclassic.com

www.burmeseclassic.com



လတ်က ကြည့်ကောင်းသည်။ ချောမွေ့တည်ကြည်သည့်ပုံစံနှင့် အရပ် မြင့်မြင့်ဂါလည်း ဆွဲဆောင်မှုရှိ၏။

မိုးသောက်နေ ၏ အပြုံးတစ်ချက်မှာ သူမ တော်တော် နားလည် သွားခဲ့သည်။ ဒါပေမယ့် အထူးသဖြင့် ယောကျ်ားတစ်ယောက်နှင့် ဤသို့အကူတူ…

"ဒါဆို သူမ သွားတော့မယ်နော်"

သူက ခဏကြည့်နေပြီးမှ ခေါင်းညိတ်သည်။

"ခင်း… သွားလေ…"

ပြောပြီး ပြုံးလိုက်ပုံက သူမကပဲ ရယ်စရာဖြစ်နေသလိုလို…၊ ဖြစ်ပါစေတော့။

ထမင်းစားခန်းက ထွက်လိုက်တာနှင့် ဒီဘက်ကိုလာနေသည့် ဆူး နှင့် မျက်လုံးချင်းဆုံသွားသည်။

"ကိုကို အထဲမှာလား"

"ဟင်!…"

ကိုကိုဆိုတာ မိုးသောက်နေ ကို ခေါ်တာမှန်း ရုတ်တရက် မတွေး မိလိုက်သဖြင့် သူမ ကြောင်တောင်တောင်ဖြစ်သွားတာကို ဆူး က မျက်မှောင်ကြုတ်လျက်…

"ဘာကြည့်နေတာလဲ…၊ ကိုကို ထမင်းစားနေတာလားလို့ မေး တာ"

"ခင်း ဟုတ်တယ်၊ ရုတ်တရက်ဆိုတော့ ဘယ်သူ့ကိုမေးမှန်း မသိလိုက်ဘူး"

မပြောဖြစ် မဆိုဖြစ်ကြလို့ မိုးသောက်နေ နှင့်ပတ်သက်တာ သူမ သိပ်မသိမှန်း ဆူး သိသည်။ ဒါပေမယ့် ဒီအိမ်မှာ ဖေဖေကလွဲပြီး ယောကျ်ားဘယ်နှစ်ယောက် ရှိနေလို့လဲ…။

ခေတ်ပညာတတ်တစ်ယောက် ဖြစ်ရက်နဲ့ ဖျတ်ခနဲ လက်ခနဲ





သိလိုက်တယ်ဆိုတာ ဘယ်အခါမှ မရှိ။ ဒီခေတ်ထဲမှာ ထုံအအ လူငယ် ဆိုတာ မရှိသင့်တော့ဘဲ သူမ ကျမှ…။

မျက်စောင်းတစ်ချက်ထိုးရင်း အထဲဝင်လိုက်တော့ မိုးသောက် က ရေသောက်မလို့ ဖန်ခွက်ကိုင်ထားလျက်နှင့် ဖျတ်ခနဲ လှည့်ကြည့် သည်။

ကြည့်ပုံက တစ်ခုခုကို မျှော်လင့်နေတုန်း ဝမ်းသာသွားသည့်ပုံစံ နှင့် ဖြစ်သည်။ ဆူး ကို မြင်လိုက်သဖြင့် မျက်နှာပြန်လွှဲသွားတော့ လှုပ်ရှားမှုတွေ ချုပ်ငြိမ်းသွားခဲ့သလိုမျိုး…။

မိုးသောက်နေ ရဲ့ တည်ငြိမ်သော အပြုအမူ အနေအထိုင်တွေမှာ အားမလိုအားမရ ဖြစ်ခဲ့ရခြင်းတွေ ဆူး ရင်ထဲမှာ မှတ်ကျောက်တင်ထား သည့်အတိုင်းပင်…။

ထို့ကြောင့် ထူးခြားသည့် ဒီအကြည့်တစ်ချက်ကို ဆူး ချက်ချင်း ဖမ်းမိလိုက်သည်။

သူမ နဲ့ ကိုကို ခင်မင်သွားပြီလား…။

"ကိုကို…"

ရှေ့မှာထိုင်လိုက်ပြီး ခေါ်ပေမယ့် မိုးသောက် က ရေခွက်ကိုပြန်ချ ၍ ထမင်းပန်းကန်နဲ့ ဟင်းပွဲတွေကို ဟိုတို့ဒီရွှေ့လုပ်ခြင်းဖြင့် မျက်လွှာ တစ်ချက်မှ ပင့်မလာ…။

"ကိုကို…"

"ပြောလေ…၊ မင်းရှေ့မှာ ငါ ထိုင်နေတာပဲ"

"နည်းနည်းတော့ ပြန်ကြည့်ဦးပေါ့၊ ကိုကိုက တကယ်ပဲ"

ပြောလိုက်မှ မိုးသောက် အကြည့်တွေ ဆူး ထံ ရောက်လာသည်။ နက်ပြာရောင် ဆွဲသားကိုယ်ကျပ်နှင့် လက်တွန့်တွေ၊ အဟိုက်တွေက လည်တိုင်မှာ တဖျပ်ဖျပ်လက်နေသည့် ခရစ္စတယ်နက်ပြာရောင် လည် ကပ်ကြိုးလေးကြောင့် ပိုလှနေသလိုပင်…။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မော်ဒယ်တစ်ယောက် ဖြစ်နေသဖြင့် ဆူး ၏ သွားလာနေထိုင်ပုံကအစ ဆွဲဆောင်မှုရှိနေခဲ့၏။ ဒါပေမယ့်···

"ဒီညနေ ရှိုးပွဲရှိတယ်၊ အဲဒါ ကားခဏငှားမလို့"

"ယူသွားလေ··၊ ညဘက် သွားစရာမရှိပါဘူး"

လိုချင်တာက ဒါမဟုတ်ပေ။ ကားပေးပါဆိုရင် ယူသွားလို့ပဲ ပြောမှာကို သိသည်။ ဒီတစ်ခါ ကားချည်းပဲလိုချင်တာ မဟုတ်တော့။ ဆူး နှုတ်ခမ်းလေးစူသွားကာ···

"ကိုကို သွားစရာမရှိရင်လဲ ဆူး ကို လိုက်ပို့ပါလား"

"ဘာ!···"

"တစ်နာရီခွဲလောက်ပဲ ကြာမှာ"

မိုးသောက် က နေရာမှ ထရပ်လိုက်ကာ···

"မပို့နိုင်ဘူး ဆူး၊ အဲဒီလိုနေရာတွေ ငါ သွားလဲ မသွားဖူးဘူး။ စိတ်လဲ မဝင်စားခဲ့ဘူး"

"အဲဒီလိုနေရာတွေလို့ မပြောပါနဲ့ ကိုကိုရာ··၊ ပြောပုံကြီးကလဲ ဒီခေတ်မှာ အဲဒီလိုနေရာကမှ···"

"ခေတ်ကို မင်း တော်တော် စိတ်ဝင်စားပုံရတယ်"

"ဟုတ်တယ်လေ··၊ ဘာလဲ ကိုကိုက စိတ်မဝင်စားဘူးလို့ ပြောချင်တာလား"

"ငါ လျှောက်နေတဲ့လမ်းမှာ လင်းနေသလား၊ မှောင်နေသလားဆိုတာမျိုးကို စိတ်ဝင်စားတယ်၊ တို့လိုလူတွေအတွက် ဘဝဆိုတာ ရင်ဆိုင်ခြင်းပဲ၊ စီးမျောဖို့ မဟုတ်ဘူး"

"အဲဒီလိုလူတွေပဲ ရှိနေရင် ကမ္ဘာကြီးတစ်ခုလုံး ခုလို တိုးတက်ပြောင်းလဲနိုင်တော့မလား ကိုကို ရဲ့··၊ အင်အားမရှိတာတွေ ရှုတ်ပြမနေစမ်းပါနဲ့"

"ကမ္ဘာကြီးအကြောင်း ပြောနေတာမှမဟုတ်တာ၊ မိုးသောက်နေ





အကြောင်း၊ မင်းရှေ့မှာ ရပ်နေတဲ့ ငါက အဲဒီလိုလူ··"

"ကိုကို···"

မိုးသောက်နေ ထွက်သွားသည်နှင့် ဆူး က လက်ကို အတင်းလိုက်ဆွဲကာ···

"ညဘက်ကြီးဆိုတော့ ကားလာမောင်းပေးပါလို့ ခေါ်ရမယ့် သူငယ်ချင်းလဲ မလွယ်ဘူးလေ၊ ကိုကိုလဲ ဘယ်မှမသွားဘဲနဲ့ လိုက်ပို့ပါ ကိုကိုရယ်"

မိုးသောက် က ခြေလှမ်းရပ်လိုက်ပြီး ဆူး ရဲ့လက်ကို ဖယ်ချပစ်၍···

"မင်း ပြောတဲ့အတိုင်း ငါ ခေါင်းညိတ်ခဲ့ဖူးလား ဆူး၊ မိန်းကလေးတစ်ယောက် သွားချင်တဲ့နေရာနောက်ကို တကောက်ကောက် လိုက်ပေးနေရတဲ့အလုပ်မျိုး ငါ စိတ်အပျက်ဆုံးပဲ"

"ကိုကိုက ဘယ်နှစ်ယောက်လောက် လိုက်ခဲ့ဖူးလို့လဲ"

မိုးသောက် က ခပ်မဲ့မဲ့ပြုံးလိုက်ကာ···

"ယောက်ျားလေးဖြစ်လာကတည်းက အဲဒီအလုပ်မျိုး ရှောင်ကြဉ်ပါ၏လို့ သစ္စာဆိုထားခဲ့တာ"

တမင်ပြောခဲ့ပြီး ထွက်လာခဲ့တော့ မိုးသောက် မျက်နှာက ပြုံးနေ၏။ ဒီကောင်မလေးကို လမ်းမှာဆုံကြလို့ အိမ်အပြန် ကားပေါ်ခေါ်တင်ခဲ့မိတာတောင် ကျွန်ရစ်ခဲ့တဲ့ သူမရဲ့ အပေါင်းအသင်းတွေရဲ့မျက်နှာတွေ ဘယ်လို ဖြစ်ကျန်ခဲ့ကြသလဲ··။

ပြုံးတုံ့တုံ့လက်တို့ကြရင်း တီးတိုးဝေဖန်သံတွေ ထွက်လာခဲ့တာ ဘာတွေပြောနေကြသလဲလို့ မေးဖို့မလို··။

လင်ပါသမီးနဲ့ မယားပါသားဆိုကတည်းက ပတ်ဝန်းကျင်ကလည်း ပုံသေနည်းနှင့် အဖြေထုတ်ခဲ့ကြပြီးဖြစ်သည်။

သူကတော့ ဒီလိုအဖြစ်မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုးနိုင် ကို မေမေ အားကိုးရာခဲ့တယ်ဆိုတာကို လက်ခံသည်။ မေမေ သူ့အပေါ်မှာ ဘယ်အချိန်မှာမှ ဝတ္တရားမပျက်၊ မေတ္တာမလျော့ခဲ့ဘူးဆိုတာကိုလည်း သိသည်။

ဒါကြောင့် မေမေ အိမ်ထောင်ပြုလိုက်လို့ သားဟ မကြည်ဖြူစွာ ခွဲထွက်သွားသည့်အဖြစ်မျိုး မရောက်ရအောင် အတူတူနေခဲ့ခြင်းဖြစ်၏။

ဦးတိုးနိုင် တို့သားအဖအမြင်မှာ မေမေဟာ အားကိုးမဲ့နေသည့် မိန်းမတစ်ယောက်အဖြစ် ရှိမနေစေချင်..။

လူတွေ ထင်ကြေးပေးနေကြသလို လှတဲ့ မော်ဒယ်ကောင်မလေးနဲ့ စာရေးဆရာ ညားကြလေသတည်း ဆိုတာမျိုးကို မလိုချင်..။

အထူးသဖြင့် မလိုလားခြင်းဟာ မော်ဒယ်တစ်ယောက်၏ ဝတ်စားသွားလာပုံတွေကို ဖြစ်သည်။ ထို့ကြောင့်...

ဆူး ဆိုတဲ့မိန်းကလေး ဘယ်လောက်လှနေနေ သူ့ဘက်က တုန့်လှုပ်လာဖွယ်မရှိ..။ မေမေကတော့ မေးခဲ့ဖူးသည်။

"ဆူး ကို သားက သဘောကျသလား"ဟု..။

သူ ခေါင်းခါလိုက်တော့ သက်ပြင်းချလိုက်တာ တစ်ခုခုတော့ ဖြစ်နိုင်၏။





## အခန်း (၉)

"သေသေချာချာ ချုပ်ပေးနော်၊ အိမ်ရောက်မှ တစ်ခုခုလိုအပ်နေရင် ဘာမှလုပ်လို့မရတော့ဘူး၊ ရက်ကပ်ပြီးမှ အပ်ရတာဆိုတော့ ရောက်တာနဲ့ တန်းဝတ်ရမှာ.."

"စိတ်ချပါ အန်တီယု ရယ်..၊ 'ထိပ်တန်း' ဆိုတဲ့နာမည်ကို အပျက်မခံပါဘူး"

ထိပ်တန်းက ဆရာမ၏ မျက်လုံးတွေက သူမ ဆီကို ခဏခဏ ဝေ့နေကာ နောက်တော့ ဒေါ်စိုးယု နှင့်ကွယ်သလိုဖြစ်နေသည့် သူမကို လည်ပင်းရှည်၍ သေချာကြည့်၏။

"ဒီ ညီမလေးက အန်တီနဲ့ ဘာတော်တာလဲ"

"ဩော်..."

ခုကျမှ သူမ ကို ခေါ်လာတာ သတိရကာ ဒေါ်စိုးယု က သူမကို လှည့်ကြည့်၍...

"ယောက်ျားရဲ့တူမပါ၊ နာမည်က သူမ တဲ့၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တူမ ဟုတ်လား၊ ချစ်စရာလေးပဲ၊ သူ ဒီကိုပါလာတာ နှစ်ခါရှိပြီ နော်၊ အင်္ကျီလေးတွေ ဝတ်လာတာကို သတိထားမိတယ်၊ ဘယ်မှာ ချုပ်ထားတာလဲ"

သူမ က ရင်စေ့တွေ၊ ရင်ဖုံးတွေကို ဝတ်ထားတာတောင် ခေတ်မီ ဆန်းပြားနေအောင် ပန်းလေးတွေထည့်၊ အင်္ကျီစအရောင်တွေ ခြား၊ အမျိုးမျိုး ထွင်ထားတာဖြစ်၏။

သူများတွေ စက်နဲ့ပန်းထိုးကြပေမယ့် သူမ ကတော့ လက်နဲ့ပဲ ပုံစံမျိုးစုံ လုပ်ထားရတာဖြစ်သည်။ ဒေါ်စိုးယု ကိုယ်တိုင် စက်ချုပ် ဆရာမကပြောမှ သတိထားမိသလို ဖြစ်သွားပြီး သေချာကြည့်ဖြစ်သည်။

"အဲဒါ သူ့ဟာသူ ချုပ်ဝတ်တာတွေပါ၊ သူက ငယ်ငယ်ကတည်း က စက်ချုပ်တတ်တာ၊ တို့ဆီကို ရောက်တာတော့ မကြာသေးဘူး"

"ဩော်… လက်ရာကောင်းသားပဲ၊ အန်တီက သူ့ကိုချုပ်ခိုင်းရင် တောင် ရနေပြီဟာ"

"ရပလေ့စေကွယ်၊ ပွဲထိုင်အဝတ်အစားတွေကျတော့ တန်ဖိုးကြီး တဲ့ပိတ်စတွေဆို ပေးမကိုင်ရဲပါဘူး၊ ရှာနားကမြက် ရှာနွားမစားဘူး ဆိုတာမျိုး၊ အဲ… မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် နွားနဲ့နှိုင်းသလို ဖြစ်နေပြီ"

စက်သင်တန်းက မိန်းကလေးတွေပါ ပြုံးစိစိဖြစ်ကုန်ကြ၏။ ဆရာမ ဖြူပြာ ကတော့ ပြောနေရင်း၊ ပြုံးနေရင်း မျက်လုံးတွေက သူမ ဆီမှာပါ…။

ဒါကို အကဲခတ်မိနေကာ ဒေါ်စိုးယု က အိမ်ပြန်ရောက်တော့ ဦးတိုးနိုင် ကို ပြောပြသည်။

"အိမ်နဲ့လဲ သိပ်မဝေးဘူးဆိုတော့ ကိုတိုး တူမကို အဲဒီဆိုင်မှာ အလုပ်လုပ်ခိုင်းကြည့်ပါလား၊ ကျွန်မနဲ့ ရင်းနှီးတယ်၊ ဖြူပြာ ကိုယ်တိုင် ကလဲ သူမ ကို သဘောကျနေပုံပဲ၊ ထိပ်တန်းက ရုပ်ရှင်သရုပ်ဆောင်





တွေ၊ မော်ဒယ်တွေ အားကိုးနေရတဲ့ဆိုင်၊ အလုပ်ဝင်လုပ်တယ်ဆိုပေ မယ့် တက်လမ်းရှိတယ်လေ"

ဦးတိုးနိုင် မလှုပ်တလှုပ်နှင့် မဖြေ…။

"ကျွန်မက သူလဲ ဝါသနာပါနေတာကို လုပ်စေချင်လို့ပါ၊ ရှင်က ရှင့်တူမကို ခံ့ခံ့ညားညား ဝင်ငွေလေးနဲ့ အလုပ်တစ်ခုခုမှာ ရပ်တည်စေ ချင်ပေမယ့် သူကိုယ်တိုင် ဝါသနာပါ ကျွမ်းကျင်တဲ့အလုပ်မဟုတ်ရင် တိုးတက်မှုရှိပါ့မလား"

ဦးတိုးနိုင် က လေ့ကားထိပ်ကနေ တစ်ထစ်ချင်းဆင်းနေရင်း ခေါင်းညိတ်၏။ ဒေါ်စိုးယု က ဘေးမှာပခုံးချင်းယှဉ်လျက် ပါလာကာ…

"သူမ က စက်ချုပ်တာ တကယ်တော်တယ်၊ အနုပညာမျက်စိ ရှိတယ် ပြောမလားဘဲ၊ သူ့ဘဝ သူ တိုးတက်အောင် ကြိုးစားလာရင် ထူထောင်ပေးပေါ့၊ အဲဒီကျရင် သူ့အရည်အချင်းကိုလဲ အကဲခတ်ချိန် ရမယ်၊ ကိုယ် ထူထောင်ပေးရကျိုးလဲ နပ်မယ်လေ၊ မဟုတ်ဘူးလား"

ဦးတိုးနိုင် က ဒေါ်စိုးယု ကို လှည့်ကြည့်၍…

"မှန်တယ်၊ မင်းက ပြည့်စုံအောင် တွေးထားတာပဲ၊ ကျေးဇူးပဲကွာ၊ ဒီကောင်မလေးကို ငါ ဘာလုပ်ပေးရမှန်းမသိဘူး ဖြစ်နေတာ၊ အိမ်မှာ လဲ လွတ်လွတ်လပ်လပ် နေစေချင်တာ၊ သူက မနေဘူး၊ အပြင်လူလာ တိုင်း အိမ်ဖော်လိုလို ပြောဆိုဆက်ဆံသွားကြတာလဲ သူက ဘာမှ မခံစားပေမယ့် ငါ စိတ်မကောင်းဘူး၊ ကိုယ့်သမီးက ပြောဆိုမကောင်း လေ၊ လိမ္မာရေးခြားရှိတဲ့ မိန်းကလေးမို့ မနစ်မွန်းစေချင်တဲ့စေတနာ တွေ ဖြစ်ရလေစ၊ သူမ ကို မင်း နားလည်နေတာလဲ ငါ ကျေးဇူးတင် ပါတယ်"

ဒေါ်စိုးယု က ကျေနပ်သည့်အပြုံးနှင့် ခေါင်းခါလိုက်ရင်း…

"ရှင့်သမီးကို နားလည်မပေးနိုင်တာတော့ ကျွန်မဘက်မှာ ချို့ ယွင်းချက်တွေ ရှိနေမြဲပါ၊ အဲဒီတော့ မတောင်းပန်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလဲ ငါ နားလည်ပါတယ်၊ သမီးဘက်က ချောင်မှုမရှိတာတွေအတွက် မင်း ဘာမှမတုံ့ပြန်ခဲ့တာကိုပဲ ကျေနပ်နေခဲ့တာပါ၊ ရင်မဆိုင်ချင်လောက်အောင် အမုန်းတရားတွေဖြစ်မကုန်ကြရင်ပဲ တော်ပါပြီ၊ နောက်လဲ ဒီတိုင်းလေးပဲ သွားပါ စိုး ရယ်၊ ကောင်းမလာရင်တောင်မှ ဆိုးဆိုးရွားရွားတွေ ဖြစ်မလာဖို့လေ"

ဦးတိုးနိုင် က သမီးအတွက် တောင်းပန်ရင်း မျက်နှာမကောင်းရှာ။ မိုးသောက်နေ ကို သမီး သဘောကျနေမှန်း သူ သိသည်။ တကယ်ဆို ဒီကလေးနှစ်ယောက် လက်ထပ်ဖြစ်သွားကြည့်ဖို့ဆိုတာလည်း ဘာမှ ခဲယဉ်းစရာမရှိပေ..။

ခဲယဉ်းအောင် ဆူး ကိုယ်တိုင်က လုပ်နေတာဖြစ်၏။ ဒါကို သူမ ကိုယ်တိုင်ရော သတိထားမိရဲ့လား မသိ..။

သားကို သဘောကျနေပြီး မအေကိုတော့ မိတွေးရာထူးမှာပဲ စွဲမြဲဆက်ဆံခဲ့သည်။ သူ့မှာ သမီးရှင်ဖြစ်နေတော့လဲ စိုး က ကိုယ့်မိန်းမပေမယ့် စ,ပြောရမှာ ခက်နေသည်။

စိုး မျက်စိထဲမှာ သမီးက အမှိုက်တစ်စလို ကန့်လန့်ဖြစ်နေမှန်း သိလို့လည်း ပြောမထွက်နိုင်။ မိုးသောက်နေ ဟာ သမီးအတွက် အိမ်ထောင်ဖက် ဖြစ်သင့်ဆုံးဟု စိတ်ထဲမှာ ထပ်တူညီပြီး ဖြစ်သော်လည်း..။





## အခန်း (၁၀)

ကိုယ့်မှာ အပြစ်ရှိနေမှန်း သိပေမယ့် ဒေါ်စိုးယု ပြောနေသံကြားတော့ ဒေါသက ခေါင်းပြူလာ၏။ မိုးသောက် နှင့် တစ်ခုခု ပတ်သက်မှုရှိလာတိုင်း သင်းကပဲ ရှေ့က..။

"ပြောတော့ ပြောထားရမှာပေါ့ သားရယ်၊ ပိုက်ဆံကုန်သွားတာလဲ ငါးသောင်း တစ်သိန်း မဟုတ်ဘူး၊ ကားယူစီးတာ စီးပေါ့၊ မီးလုံးကွဲတဲ့အထိ ပျက်စီးလာတာ တရားလွန်လာပြီလေ"

"သူက ကားမောင်းသင်နေတာ မေမေ"

"အို!... ကားမောင်းသင်တာ ဒီကားကြီးနဲ့ သင်ရလား၊ သင်တန်းမှာ သွားသင်ပြီးတိုင်း ဒီလို လက်လွှတ်စပယ်လုပ်လို့ မရဘူး၊ လမ်းပေါ်တက်မောင်းဖို့ဆိုတာ လူရောပစ္စည်းရော ဘယ်လောက် အန္တရာယ်များသလဲ.."

"မပြောပါနဲ့ မေမေရာ၊ တော်ကြာ ကျွန်တော် လိုက်မပို့တာကို ပြောစရာရသွားဦးမယ်၊ တစ်အိမ်တည်းနေကြတာ ကင်းကင်းနေလို့မှ မရဘဲ၊ မီးလုံးကွဲတာ ပစ္စည်းထည့်လိုက်ရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ လိုက်မပို့ရရင် ပြီးရောလို့ ပြောချင်တာမှန်း ကွယ်ရာကနေ ကြားနေရရင်း ဆူး နားလည်နေခဲ့သည်။

ဒါကြောင့်လဲ ဒီကားကို ကိုယ့်ဘာသာ မောင်းနိုင်အောင် ဆူး ကားမောင်းသင်ခဲ့ခြင်းဖြစ်သည်။

ဒေါ်စိုးယု သာ ဝင်မပါခဲ့ရင် ကားကို ဘယ်အချိန် ဘယ်လိုစီးစီး မိုးသောက် က မျက်နှာပျက်တဲ့သူ မဟုတ်··။

ခုနက ပြောသွားသလို သူ့ကို မပို့နိုင်ရင် ပြီးရောလို့ သဘောထားတဲ့သူ ဖြစ်သည်။

ပြီးတော့ စာရေးဆရာ မိုးသောက်နေ ဆိုလျှင် သူ့ကားကို မောင်းသွားတာတောင်မှ ကားကို စိတ်ပင်တစား ရှိကြတာမို့ ဆူး ဒီကားကို စီးကိုစီးချင်နေတာ ဖြစ်၏။

သားအမိနှစ်ယောက် ပြောနေကြတာကို မသိအောင် နားထောင်ရင်း မိုးသောက်နေ ထွက်လာတာကို နေရာရွှေ့ပြီး အသာစောင့်နေလိုက်၏။

"ကိုကို···"

တိုက်ပုံအင်္ကျီနှင့် ပိုးတွဲပုဆိုးကို ဝတ်ထွက်လာသည့် မိုးသောက်နေ က ချောမောမပျက်ပါ။ ဒါပေမယ့် ဆူး က တမင်မှဲ့ပစ်လိုက်ပြီး···

"မင်္ဂလာဆောင် သွားမလို့မို့လား"

"အင်း···"

"ကိုကိုက သတို့သားနဲ့တူနေပြီ၊ ပုံတုံးလိုက်တာ အရမ်းပဲ"

"တုံးတာပဲ ကြိုက်တယ်"

မိုးသောက်နေ က ကားသော့ထုတ်လိုက်ပြီး အိမ်ရှေ့ထွက်သွားသဖြင့် ဆူး က လိုက်ကာ···

"မီးခွက်လဲလိုက်တာ တော်တော် ကုန်သွားလားဟင်"

"ဘာလုပ်မလို့လဲ··၊ မင်း ပြန်ပေးမှာလား"





"ကိုကိုကလဲ စိတ်မကောင်းလို့ မေးတာပါ၊ ဆူး က ကိုကိုကို ဖြစ်ဖြစ် လိုက်မပို့ဘူးချည်းပဲ ဖြစ်နေလို့ ကိုယ့်ဟာကိုယ် မောင်းလို့ သင်တာ···"

ဒီစကားပါအောင် တမင်ပြောလိုက်ပြီး ဆူး က အနိုင်သူဖို့ ထားသည်။ တကယ်လည်း ဟုတ်နေတာပဲမို့ သိစေချင်တာပါ··။

"ကိုကိုက ဖေဖေ့ထက်တောင် ချမ်းသာနေတဲ့ဟာကို ဆူး က နိုင်ပါ့မလား"

စာရေးဆရာတစ်ယောက်၏ တိုးတက်မှုန်းကို တမင်သိချင်လို့ မေးကြည့်လိုက်မိသည်။ မိုးသောက် က ဘာမှမပြောဘဲ ကားဝင်ထိုင်၏။

"ကိုကို···"

"ဘာလဲ··၊ ဒီမှာ နောက်ကျနေပြီ"

"ဘယ်လောက်ကုန်သွားလဲလို့ မေးနေတာကို··"

"ကျွတ်!··· ဆယ်သိန်းကျော်ကုန်တယ်၊ ဝမ်းမြောက်ဝမ်းသာ သွားလိုက်တော့၊ ရပြီလား"

သူ မောင်းထွက်သွားတော့ ဆူး စကားမပြောနိုင်ဘဲ ကျန်ရစ်ခဲ့သည်။

ကိုကိုက ဒီလောက်ငွေကို ဂရုမစိုက်ရလောက်အောင် ချမ်းသာလား၊ မဖြစ်နိုင်··။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

''ခုခေတ် လူငယ်တွေကို ရှေးထုံးအစဉ်အလာတွေအတိုင်း မိဘ
သဘောတူရုံနဲ့ သူတို့ချင်း မတွေ့မြင် မရင်းနှီးဖူးဘဲ လက်ထပ်ပေး
မရဘူး''

''အဲဒီတော့ နင်က ဘာပြောချင်တာလဲ''

''အကြောင်းသိ၊ မာတ်သိ ငယ်စဉ်ကတည်းက ရင်းနှီးခဲ့တဲ့ မိ
ကလေးတွေ ကိုမျိုး တို့နားမှာ အများကြီးပဲလေ''

''ဘာလဲ..၊ ဆွေမျိုးမကင်းတဲ့လူတွေထဲက တန်းစီရွေးဖို့လား

ဒေါ်ထိပ်တင် မျက်နှာတစ်ချက်ပျက်သွားပေမယ့် ပြောလက်စ
ပဲ ဆက်ပြော၏။

''ဟုတ်တယ်၊ တို့တွေက မဟာဆိမဟာသွေးတွေ မဟုတ်ကြ
မယ့် သူဌေးသူကြွယ်တွေဟာ ရှေးခေတ်မှာကတည်းက ရှင်ဘုရင်
၁ ကိုယ်တိုင် အွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့်ပြီး တစ်မြို့တစ်ရွာ တည်
တာပါ၊ တော်ဝင်သုံးစကားနဲ့ပြောရရင် မဟာဆိမဟာသွေးဟာ
ရွှေခွက်မှာသာ တင့်တယ်ပါတယ်၊ ကိုယ့်ဆွေမျိုးချင်း လက်ထပ်
က်ခြင်းအားဖြင့် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ရာလဲ ရော



မယ်၊ ကလေးတွေရဲ့နောင်ရေးကိုလဲ ပူစရာမလိုတော့ဘူး၊ ငါက ဒီတိုင်း
ဖြစ်စေချင်လို့ လူမှန်းခံပြီး လိုက်ပြောနေတာ ကိုမျိုး၊ ဒီမှာ ချပြထားတဲ့
ဓာတ်ပုံတွေထဲမှာလဲ ငါ့သမီး တစ်ယောက်မှ မပါဘူး''

''ဘယ်ပါမလဲ၊ နင်က ကလေးမှ မမွေးနိုင်တာ..''

အိမ်ထောင်ပြုထားပြီး ကလေး တစ်ယောက်မှမရခဲ့သော ဒေါ်ထိပ်
တင် က ဦးမျိုးလတ် စကားကြောင့် မျက်နှာတော့ တင်းသွား၏။
ဒါပေမယ့် ခဏပဲဖြစ်ကာ...

''အေးပါ၊ ပြောပါ၊ ကလေးမမွေးနိုင်ပေမယ့် ကလေးတွေအတွက်
အုပ်ထိန်းသူတော့ ဖြစ်ထိုက်ပါသေးတယ်၊ ဒီဓာတ်ပုံတွေထဲက မိန်း
ကလေးတွေဟာ အားလုံး ပညာတတ်၊ ရုပ်ချောတွေနော်၊ ချမ်းသာကြ
တာလဲ နင်တို့ကို မမီတာပဲရှိမယ်၊ သူများတွေထက်တော့ မနိမ့်ဘူး''

''နေပါဦး..၊ နေပါဦး... မမတင် ကို အခု ဘယ်သူက လွှတ်
လိုက်တာလဲ''

ဒေါ်စုလတ် ဘေးကနေ ကြာကြာငြိမ်မနေနိုင်တော့ဘဲ ဝင်ပြောကာ
ဓာတ်ပုံတွေကို နောက်တစ်ခါ ပြန်ကိုင်ကြည့်ရင်း...

''ဒီမှာ ဓာတ်ပုံ ငါးပုံတောင်မှ၊ မမတင် က ဘယ်သူ့အကျိုး
ဆောင်လဲ''

''အလိုတော်... ကျုပ်ကို အောင်သွယ်တော် လုပ်စားနေတဲ့လူ
ထင်နေလား၊ ကိုယ့်ဆွေမျိုးရင်းကိစ္စမို့လို့ ဝင်ပါနေရတာ သိရဲ့လား''

''သိတယ်''

ဦးမျိုးလတ် က ဝင်ပြော၍ ခပ်လျှော့လျှော့ ထိုင်ရာကနေ ခါးမတ်
တ် ပြင်ထိုင်လိုက်၏။

''သိတာပေါ့၊ 'တြိဂံ'စံအိမ်နဲ့ ရွှေလမ်းငွေလမ်းဖောက်ခွင့်ရှိ
တက်က နင့်ကို ဘယ်လောက်ပေးမယ်ဆိုတာ...''

''အို!... ပေါက်ပေါက်ရှာရှာ...''



www.burmeseclassic.com

www.burmeseclassic.com



"မပေါက်ရှာပါဘူး၊ ဘယ်လောက်ပေးမယ်ဆိုတာပါ ကြားပြီးသား၊ ပြောရမလား..."

"ကိုမျိုး ရယ် နင်ဟာ ဟိုတုန်းကအတိုင်းပဲ သိလား"

ဒေါ်ထိပ်တင် က ဦးမျိုးလတ် ကို စကားဆုံးအောင် ပြောခွင့်မ ဘဲ ကမန်းကတန်း ပိတ်ပြော၍ နေရာမှာပဲ ဖင်ချွထိုင်လိုက်၊ မျက် ကိုင်လိုက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ...

"အဲဒီလို အပြောအဆိုတွေခံပြီး ငါမှာ လုပ်နေရတာ ကေ အတွက်လဲ စိတ်ပူလို့ သိလား၊ ဒီခေတ်ထဲမှာ အားကိုးရှာချင်တဲ့ ကလေးတွေနဲ့ ခွေကိုအလွယ်သုံးချင်တဲ့ မိန်းကလေးတွေရော၊ ယော ဆိုရင် ဖူးတာအိုတာ သိပ်မရှောင်တော့ဘူး၊ တကယ် ဣန္ဒြေသိ ရှိရှိနေတဲ့ မိန်းကလေးတွေ ဘယ်လောက် နစ်နာသလဲ၊ ပြော မိန်းမတွေဆိုတာနဲ့ အခြောပြီး ဘယ်လို ပျက်စီးနေတာ၊ ဘယ်လို ယေ စုံနေသလဲ၊ တကယ့် မိန်းမကောင်း၊ မိန်းမမြတ်မျိုးကျတော့ ရ ဘယ်လိုကြိုးစားရသလဲ၊ ဒါတွေကျ မပေါ်လွင်ဘူး"

"မိန်းမတန်ဖိုးတွေ ထုတ်လွှင့်ကြေညာတဲ့အပိုင်း ရောက်သွာ

ဦးမျိုးလတ် က စိတ်မရှည်သံနှင့်ပြောပြီး နေရာမှ ထသွာ ထိုအခါ ဒေါ်စုလတ် က ဦးမျိုးလတ် ထိုင်သည့်နေရာမှာ ရွှေ ဒေါ်ထိပ်တင် နှင့် ပုံမှီးသွားမှ...

"မတောင် ကို စု တစ်ခုပြောချင်တယ်"

"ဘာလဲ..."

"ခွေမျိုးတွေထဲက တစ်ယောက်ယောက်နဲ့ မစုစပ်သာတွေ လုမ်းကာတွေ ဆက်မလုပ်ပါနဲ့၊ အဲဒါတွေ ဘာမှ ဖြစ်လာမှာ မ ဘူး၊ မမတင် လုပ်နေတာနဲ့ စု တို့ အားလုံးနဲ့ မုန်းရတာပဲရှိမယ်၊ တော့ ဖေဖေတို့ မွေးစားခဲ့တဲ့ သားနှစ်ယောက်ထဲက မျိုးဆက်ဖေ ရှိမယ်၊ သူတို့က ခွေမျိုးတွေထက် ပိုရင်းသလိုလိုပြောပြီး ဘာ





မင်္ဂလာကိစ္စကို မျက်စိဒေါက်ထောက်ကြည့်နေကြတာ"

"ကြည့်ကြည့်အေ..၊ သူစိမ်းက သူစိမ်းပဲ၊ ကျုပ်တို့တွေက ခွေမျိုး ရင်းတာတွေရော၊ ဖျားတာတွေရော အားလုံးက သွေးသားတော်စပ်ကြ တာ၊ သူတို့က အမွေဆက်ခံခွင့် မရကြတိုင်း ကမ္ဘာ ကို မည်းခြေတင် နေတာပါ"

"ဟုတ်တယ်၊ အမွေဆက်ခံခွင့် ရှိ၊ မရှိဆိုတာကို ဆုံးဖြတ်ဖို့တောင် တအားခက်ခဲနေတာ မမတင် သိသားနဲ့၊ ဘာဘာ့ မင်္ဂလာကိစ္စ စီစဉ် နေပြီဆိုတာနဲ့ သူတို့က ဘယ်လိုခြေလှမ်းမယ်ဆိုတာ မပြောနိုင်ဘူး"

"ဒါဆို ကမ္ဘာ ကို ဘယ်တော့မှ အိမ်ထောင်ချမပေးဘဲ ထားတော့ မှာလား"

"အဲဒီတိုင်း ထားရတော့မလို ဖြစ်နေပြီ၊ အထူးသဖြင့် ခွေမျိုးထဲ က တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးလိုက်ရင် မတော်စပ်တဲ့လူ တွေကို စည်းခြားလိုက်သလိုဖြစ်ပြီး ပိုဆိုးကုန်မှာ..."

"တခြား သူစိမ်းတစ်ရုံဆံနဲ့ဆိုရင်တော့ ဖြစ်နိုင်တယ်လို့ ပြောတာ လား စု..."

"အဲဒီလိုလဲ မဟုတ်ပါဘူး၊ ဘယ်လိုပြောရမယ်မှန်းကို မသိ တော့ဘူး"

ဒေါ်စုလတ် စကားကို ထိန်းပြောနေရရင်း မိန်းမငယ်လေးတစ် ယောက်လို ရှုံ့ရှုံ့မဲ့မဲ့ဖြစ်လာ၏။ ကမ္ဘာ ကို ခွေမျိုးစုတွေအားလုံးက သူ့သမီးနဲ့ ရသင့်သည်၊ ငါ့သမီးနဲ့ ရသင့်သည်နှင့် လုယက်နေကြ တာ တန်ဖိုးကြီးပစ္စည်းတစ်ခုနဲ့ တူနေတော့သည်။

တကယ်တော့လည်း လူကိုမဟုတ်ဘဲ ပိုင်ဆိုင်မှုတွေကိုသာ လိုင် ချင်နေကြတာဖြစ်သည်။ ဘယ်သူနဲ့မှ မဖြစ်စေချင်လို့ တစ်ယောက်က ဘာ မင်္ဂလာကိစ္စကို ကြိတ်စီစဉ်ပစ်လိုက်ဖို့ ကြိုးစားတော့လည်း ရွှေမင်းသား က ဟင့်အင်းဆိုတာချည်းပဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမွေကိစ္စတွေ ရှုပ်ထွေးနေသည့် တိုက်စံအိမ်ကြီးမှာ ဘယ်သူ့မှာမှ သက်ဆိုင်ကြောင်း အခွင့်အရေးဆိုခွင့် မရှိကြသလို အားလုံးကလည်း သူတို့ကိုယ်သူတို့ ရသင့်သူတွေလို့ပဲ သတ်မှတ်နေကြတော့ ခက်သည်။

ကွယ်လွန်သွားခဲ့ကြသည့် အရှင်သခင်တွေကိုပဲ အပြစ်တင်ရတော့မလိုလို ဒါမှမဟုတ် နာမည်တွေကို အော်ခေါ်ပြီး တမ်းတ ငိုကြွေးရမည်လား..။

ဆင်းရဲဒုက္ခမှန်သမျှကို မြင်မြင်သမျှ ကယ်တင်ခဲ့ကြသည်။ ထောက်ပံ့ကျွေးမွေးမှုတွေ ပြုခဲ့ကြသည်။

ပေးချင်တာကို ပေး၊ ကျွေးချင်တာကို ကျွေးခဲ့လိုက်ပေါ့။ ကျန်တာဘာမှဆက်စရာမရှိ။ ခုတော့ ဒီလိုမဟုတ်ဘဲ သံယောဇဉ်တွေ ချည်နှောင်မှုတွေနှင့် ကျွန်ရစ်တဲ့လူတွေကို ရှင်းမရအောင် ရှုပ်ထွေးစေခဲ့သည်နှယ်..။

ကမ္ဘာ ဆိုသည့် ပုဂ္ဂိုလ်လေးကတော့ လူကြီးတွေ ဘာဖြစ်နေကြတယ်ဆိုတာ ကြားလည်းမကြားသလို၊ သိလည်း မသိသလို နေ၏။

"ဒီမှာ ရောက်လာပြန်ပြီ..၊ မကြည့်ချင်လဲ ကြည့်၊ ကြည့်ချင်လဲ ကြည့်၊ မျက်နှာကို အဲဒီဂစ်တာကနေ နည်းနည်းခွာပြီး ဒီဘက်လှည့်..."

ဒေါ်ထိပ်တင် ပြန်သွားသည်နှင့် ဒေါ်စုလတ် ကမ္ဘာ ရှိနေသည့်နေရာကို ရှာဖွေသွားကာ ဓာတ်ပုံတွေကို ယပ်တောင်ဖြန့်သလို ဖြန့်ကိုင်၍ မျက်နှာရှေ့မှာ ကပ်ပြ၏။

မြက်ခင်းစိမ်းစိမ်းနှင့် ကုံကော်ပင်ရိပ်အောက်မှာ အေးအေးလူလူ ဂစ်တာတီးနေသည့် ကမ္ဘာ က သီချင်းဆိုမပျက်ဘဲ ဓာတ်ပုံတွေကို ငုံ့ကြည့်သည်။

ပြီးတော့မှ သံစဉ်တွေ တီးခတ်နေခြင်းကိုပါ ရပ်ပစ်လိုက်ကာ...

"ဒီဓာတ်ပုံတွေ ယူယူလာပြီး ဘာလုပ်နေကြတာလဲ တီလေးရာ





ကိုယ့်ကိုယ်ကိုယ် ရာဇဝင်ထဲ ပြန်ရောက်နေပြီလို့တောင် ထင်လာပြီ၊ ဘာလဲ... ကျွန်တော့်ကို ဒီအရွယ်ထိ မွေးမြူလာတာ မိန်းမပေးစားဖို့ အစီကလား"

"အေး... မင်းကလဲ မေးတာပဲ ဘာဘာ၊ တီလေးတို့လဲ ဒီပြဿနာတွေကြောင့် ဘယ်လောက် ခေါင်းခဲရလဲ သိလား၊ အဲဒါ မင်း အိမ်ထောင်ပြုလိုက်ရင် အားလုံး ငြိမ်းချမ်းသွားမှာပဲ"

"ဘာဆိုင်လို့လဲ"

"ဟဲ့ မဆိုင်ဘဲ နေမလား၊ မင်း အိမ်ထောင်ပြုရင် အမွေတွေခွဲပေးဖို့ တီလေးတို့မောင်နှမသုံးယောက် ပြန်ဆုံကြမယ်၊ အားလုံးရှင်းလိုက်ရင် ပြီးပြီပေါ့၊ ခုတော့ ဒီတိုင်းလာပြီး ပြောရေးဆိုခွင့်မရှိတဲ့လူတွေက မင်းနဲ့ ဆွေမျိုးတော်ပြီး အမွေဆက်ခံဖို့ ကြိုးစားနေကြတာလေ၊ သူတို့တွေ မက်နေကြတာ မင်းကိုပဲ..."

"တော်ပြီ..၊ ကိုယ့်ဘာသာ လွတ်ရာကျွတ်ရာ ထွက်သွားတော့မယ်"

"ဟင်!... ဘယ်လို... အမလေး..၊ ပြန်ထိုင်စမ်း ဘာဘာ၊ မဟုတ်တရုတ်တွေပြောပြီး ဘယ်ကိုလဲ.."

ကမ္ဘာ က ဂစ်တာကို ဖြစ်သလို ချထားလိုက်ပြီး ထရပ်လိုက်၏။ ဒေါ်စုလတ် က လက်ကို ပြန်ဆွဲထားကာ...

"ဂုဏ်မြင့်သူ နဲ့ပတ်သက်ပြီး အားလုံး ပြည့်စုံတယ်လို့ ထင်ခဲ့တာ တီလေးတို့ မှားပါတယ်၊ သူ့မှာ ချစ်သူရှိတယ်ဆိုတာကို သူကိုယ်တိုင်က ဖုံးထားတော့..."

"အဲဒီလို မိန်းကလေးတွေ ထပ်မရှိတော့ဘူးလို့ရော ပြောနိုင်မလား၊ တီလေးတို့ဘာသာ သင့်တော်မယ်ထင်လို့ စီစဉ်နေကြတာ ဘယ်လောက် အန္တရာယ်ကြီးသလဲ"

ဒေါ်စုလတ် စိတ်မကောင်းသည့်မျက်နှာနှင့် ငြိမ်သက်နေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးကိုတော့ ကိုယ့်ကလေးက သေချာပေါက် သဘော ကျမှာပဲလို့ တွက်ပြီး သိန်းငါးဆယ်ကျော်တန်သည့် စိန်မြရဲလက်စွပ်လေ တစ်ကွင်းနှင့်တောင် လမ်းခင်းဖို့ ကြိုးစားခဲ့သေးသည်။

ခုတော့ လက်စွပ်လည်း ဆုံး၊ လူလည်း ဆုံး။ ဒီကောင်မလေး ဘယ်လိုသဘောလဲလို့တောင် သူမတို့ မမေးရဲတော့ပါ…။

"သူ့မှာ ချစ်သူရှိဘာယ်" လို့ ပြန်ပြောပြီး ကမ္ဘာ ဒေါ်ပွနေတာ ကြည့်ကာ 'ငါတို့ကြောင့်' ဆိုသည့် နောင်တတွေသည်း အသီးသီး ရခဲ့ကြသည်။

လက်စွပ်တစ်ကွင်းကို ယူတော့ယူထားခဲ့ပြီး မိန်းကလေးဘက် တာဝန်မဲ့ကြတာကိုလည်း နေပါစေတော့လို့ပဲ ထားလိုက်ရတော့သည်

ခက်နေတာက ဒီကလေးကို အိမ်ထောင်ချပေးလိုက်ဖို့ အ တကြီး လိုအပ်နေခြင်းပင်။ လူ့ဘဝမှာ ချမ်းသာကြွယ်ဝမှုဟာ လို ချက်တစ်ခုဆိုပေမယ့် ချမ်းသာခြင်းကြောင့် ရောက်ရှိလာသည့် ဒု တွေကျတော့ ပြောရင်ယုံမည်မထင်…။

မင်းသားက ကမ္ဘာ၊ မင်းသမီးက ဘယ်သူမှန်းမသိသေးသည့် နှစ်ပါးခွင်မှာ…။





## အခန်း ( ၁၂ )

"အမေ့!…"

ကားက ကိုယ်နဲ့ တစ်တောင်လောက် ကွာသေးသည်။ ဘေးမှ မည်းမည်း ပေါ်လာပြီး ရပ်သွားသဖြင့် သူမ လန့်ဖျပ်ကာ ကိုင်ထားသ အထုပ်လေး ဘုတ်ခနဲ ပြုတ်ကျ၏။

ကိုယ့်အပြစ်နဲ့ကိုယ်ပဲမို့ အထုပ်ကိုပဲ ပြန်ငုံ့ကောက်ပြီးသည် မျက်နှာမော့လိုက်တော့ သူမ ဘေးမှာ မိုးသောက်နေ…။

"ဆောရီး ညီမရယ်…၊ အနားနီးမှ မြင်လိုက်တော့ ကမန်းကတ ရပ်ပစ်လိုက်တာ…"

"ရပါတယ် ကိုမိုးသောက်နေ…"

"ကိုမိုး ဖြစ်ဖြစ်၊ အစ်ကိုဖြစ်ဖြစ် တစ်ခုခု လုပ်ပါကွာ၊ ဒီလော ရင်းနှီးနေပြီပဲ၊ အရှည်ကြီး ဆုံးအောင်ခေါ်ရတာ မမောဘူးလား"

မိုးသောက် က သူမ ပုံစံလေးကိုကြည့်၍ ပြုံးသည်။ အမြဲတ ကျစ်ဆံမြီးလေးနှစ်ဖက်ကို ရှေ့ရင်မို့မို့မှာ ချထားတတ်တာမြင်ရပြီး တာလည်း မဟုတ်၊ ဆန်းပြားတာလည်း မဟုတ်ဘဲ ပြုံးလိုက်တို ချစ်ဖို့ကောင်းသည့် ကောင်မလေး…။



www.burmeseclassic.com

www.burmeseclassic.com



ချွေးပြန်နေတာတောင် ပါးပြင်လေးနှစ်ဖက်က နီမြန်းပြီး မျက်နှာလေးက အလှမပျက်ခဲ့ပေ..။

"ဘယ်လိုလဲ..၊ သွားလာနေရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်"

"ကားပေါ်တက်လေ..၊ အတူတူပြန်မယ်"

"ရှင်!..."

သူမ မျက်လုံးတွေ ကားဆီ တန်းရောက်သွား၏။ ဒီကားစီးဖို့အတွက် ဆူး ဘယ်လို ပြင်ဆင် ကြိုးစားနေသလဲဆိုတာ နေ့စဉ် မြင်နေကြားနေရသည်။

သူမ က ဒီလို လမ်းကြုံတိုင်း လိုက်စီးနေလို့ သင့်တော်ပါ့မလား။

"ရပါတယ်၊ သူမ ဝင်စရာရှိသေးလို့"

"ဝင်စရာရှိတယ် ဟုတ်လား"

မိုးသောက် က ရှေ့ကို လှမ်းမျှော်ကြည့်ပြီး မျက်ခုံးနှစ်ဖက်ပင့်သွားကာ...

"ရှေ့မှာ ဘာဆိုင်မှ မရှိတော့ဘူး၊ တွေ့လိုက်တာနဲ့ လမ်းထဲရောက်ပြီလေ၊ ဘယ်ကိုဝင်မှာလဲ.."

"သူမ..."

"လာပါ..၊ တစ်အိမ်တည်း ပြန်ကြရမယ့်ဟာ၊ ဒီတိုင်းကြီးထားပြီး ကျော်တက်မသွားချင်လို့"

ပြောပြန်ပြီ..။

"ကိုကိုက တကယ်နေနိုင်တယ် သိလား၊ လမ်းမှာ ဆူး တစ်ယောက်တည်း သူငယ်ချင်းတွေနဲ့ခွဲပြီး ဆင်းနေခဲ့တာကို မြင်သားနဲ့ လုံးဝ မခေါ်ဘဲ ထွက်သွားတယ်၊ စိတ်ပုပ်..."

"သူ့ကားဆိုရင် ယူမောင်းရင် မောင်း၊ ဘယ်တော့မှ ပိုဒီ လိုက်ပို့မပေးဘူး"





စသဖြင့် ဆူး ရဲ့မကျေမနပ် ဆူပူနေတဲ့အသံတွေကို ပြန်ကြားကာ သူမ အကျပ်ရိုက်သွား၏။ သူများအိမ်မှာ သူများ မျက်စိစပါးမွေးမစူးအောင် နေတတ်မှ...

"ဟော့.. လာလေ..၊ ဒီမှာ ကား ကြာကြာရပ်လို့ မရဘူး"

သူမ လိုက်မှာမဟုတ်တာကို သိလိုက်တာမို့ မိုးသောက်နေ က သူမ လက်ကလေးတစ်ဖက်ကို ဆွဲ၍ ဘေးတံခါးဖွင့်ကာ ကားထဲရောက်တဲ့အထိ သူပဲ ဦးဆောင်လှုပ်ရှားလိုက်သည်။ ပြီးတော့ ကားသည် ရှေ့အနည်းငယ်သွားပြီးမှ ပြန်ဝိုက်ကွေ့လိုက်သဖြင့်...

"ကိုမိုး ဘယ်ကိုလဲဟင်၊ အိမ်ပြန်မှာ မဟုတ်ဘူးလား"

"အစက ဟုတ်တယ်၊ အခု မင်းကိုတွေ့လိုက်မှ စိတ်ကူးရသွားတာ၊ ဒီနေ့ မင်း လခထုတ်ခဲ့တယ်မို့လား"

"ရှင်!... ဟုတ်..."

"ကိုယ့်ကို တစ်ခုခု ဝယ်မကျွေးချင်ဘူးလား"

သူမ ငြိမ်သက်သွားသည့်မျက်နှာလေးကို နောက်ကြည့်မှန်ထဲက လှမ်းကြည့်၍ မိုးသောက် က ကြိတ်ပြုံးကာ...

"ဘာလဲ ပိုက်ဆံကုန်မှာ စိုးလို့လား၊ ဈေးကြီးတာတွေ မစားဘူး၊ ကတိပေးတယ်"

"အို!... မဟုတ်ပါဘူး၊ ဟို.. သူမ အိမ်ပြန်နောက်ကျမှာစိုးလို့ပါ"

"ကိုယ်နဲ့အတူ ရှိနေတာပဲကွ၊ ဘာဖြစ်စရာရှိလို့လဲ"

သူမ စိတ်ကူးထားခဲ့တာက ပထမဆုံးရသည့် ဒီလခကို ဦးလေးတို့ကို ကန်တော့ဖို့ပါ။ တစ်ပြားတစ်ချပ်မှ မလျှော့ချင်လို့ သူမ ချည်လုံးဝယ်ဖို့ဟာတောင်မှ မဝယ်သေးဘဲ ထားခဲ့တာ..။

စားသောက်ဆိုင်မှာ ထိုင်ကြတော့လည်း မကျွေးချင်ဘူးဖြစ်မှာစိုးလို့ မစားချင်ပေမယ့် သဘော်သီးမစ်ရှိတ်တစ်ခွက်တော့ မှာလိုက်ရ၏။

မိုးသောက်နေ က စားစရာတွေ စားပွဲတစ်ခုလုံးပြည့်အောင် မှာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ သူမ ပိုက်တံလေးနှင့် မွှေနှောက်နေပြီး သောက်လည်း မသောက်ဖြစ်ဘဲရှိသည့် မစ်ရှိုတ်ကိုဆွဲယူ၍ ဘေးကိုဖယ်ထားလိုက်ကာ…

"ဒါတွေ စားပြီးမှ သောက်၊ အများကြီး ကိုယ် တစ်ယောက်တည်း ဘယ်လိုစားမလဲ"

"ကိုမိုး ကလဲ…၊ သူမ အစကတည်းက မစားဘူးလို့ ပြောထားသားနဲ့"

"သိတယ်လေ၊ မင်း အိမ်ပြန်ပြေးချင်နေတာ"

"မဟုတ်ပါဘူး"

"ဒါဆို ပိုက်ဆံတွေ ကုန်ပါပြီဆိုပြီး ရင်ခုန်နေတာလား"

"မဟုတ်ပါဘူးဆို…"

သူမ နှုတ်ခမ်းစူသလိုလေး ဖြစ်သွားတော့ မိုးသောက် က စိုက်ကြည့်ပြီး ရယ်သည်။

"မင်းက တအားချစ်ဖို့ ကောင်းတာပဲ"

"ရှင်!…"

"ရိုးရိုးသားသား ပြောတာပါ၊ မင်းကို ခေါ်လာကတည်းက ကိုယ်က ကျွေးချင်လို့ ခေါ်တာ၊ ဒါတွေ နည်းနည်းမှ မစားဘဲနဲ့တော့ ပြန်မပို့ဘူးနော်"

ပြောပြီး သူကိုယ်တိုင်ပဲ သူမရှေ့ကို စားစရာတွေတွန်းပို့နေကာ…

"ညစာလွတ်သွားတော့လဲ ပြီးတာပဲကွာ၊ ဒီမှာ အဝစားလိုက်ပါ၊ ဒါနဲ့ပြုရတဲ့သူ စိတ်ချမ်းသာအောင်ပေါ့"

ယန်းကန်ပြားပက်ပက်ပေါ်မှာ ယန်းကန်လုံးလေး မှောက်တင်ထားသလို ပျစ်စေးစေးနေသော ပချူးထမင်းပေါင်းဆိုတာကို ပထမဆုံးစားဖူးတာပေမယ့် သူမ ကြိုက်သွားသည်။

ပြီးတော့ ပုစွန်ခရုဆီနှင့် ပင်လယ်စာတွေလည်း ပါသေးသည်။ ဘယ်ဟင်းဖြစ်ဖြစ် သူမ စားဖြစ်အောင် မိုးသောက်နေ က ကစ်ခုမကျန်



…ိုက်ထည့်ပေးနေသဖြင့် အားလုံးကို စားခဲ့ရသည်။ စားစရာတွေကို …ည်း သူမ ကြိုက်လေသည်။

"စားလို့ကောင်းလား"

"ကောင်းတယ်၊ ကိုမိုး ကို ကျေးဇူးတင်ပါတယ်"

"မဘင်နဲ့၊ ကျေးဇူးဆိုတာ တင်ပြီးရင် ပြန်ဆပ်ရတာမျိုး"

"နောက်ထပ် လခရရင် ဒီလို တစ်ဝိုင်းစာတော့ မကျွေးနိုင်ပေမယ့် …မ ပြန်ဝယ်ကျွေးပါ့မယ်"

"ရပါတယ်ကွာ၊ မင်းကို ခုလို ခေါ်လာခွင့်ရသွားတာကိုပဲ ကိုယ် … ကျေနပ်နေတာပါ"

"ပြီးတော့လေ ဟို… ကိုမိုး ဝယ်ကျွေးတယ်ဆိုမှ ဝလုတ် …လောင်း ကျူးစားနေသလိုကြီး ဖြစ်သွားလား မသိဘူး"

ကိုယ့်ဘာသာ ပြောပြရင်း ရယ်လိုက်တာလေးကို မိုးသောက် … စိုက်ကြည့်နေ၏။ ပွင့်ပွင့်လင်းလင်း ပြောတတ်တာလေးကလည်း …ထဲမှာ အမှတ်တရပါ။

"သူမ လေး၊ အိမ်ကို အပြန်နောက်ကျမှာ စိုးတာရယ်…"

"မင်းရဲ့လခကို လူကြီးတွေကို ပြန်အပ်ဖို့စိတ်ကူးတာ ပျက်ပါ… …ဆိုပြီး ရင်ခံနေတာ ပြောမလို့လား"

"ဟင်!…"

သူမ စိတ်ထဲမှာရှိတာကို ကွက်တိပြောချလိုက်သဖြင့် ဖုံသြသည့် …တ်ဝန်းလေးတွေ ဖြစ်သွား၏။ မိုးသောက် က ပြုံး၍ သူမ ရှေ့ကို …ရှိုတ်ဖန်ခွက်လေး ပြန်တွန်းပို့ကာ…

"နေဦး…၊ မသောက်ရသေးဘူးနော်"

သူပဲ ပြန်ဆွဲဖယ်လိုက်ရင်း…

"မေ့သွားလို့…၊ စားသောက်ပြီးမှ မသောက်နဲ့တော့၊ အေးအေးသီး … အခန့်မသင့်ရင် ဝမ်းပျက်တတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ စိရင်ချက်ချကာ စီးကရက်တစ်လိပ် ထုတ်သောက်၏။

"ပြန်မယ်လေ ကိုမိုး၊ ညနေစောင်းနေပြီ"

"ခဏနေပါဦး၊ စကားပြောရအောင်"

ပြန်ချင်ပေမယ့် သူမ ငြိမ်နေလိုက်ရပြန်သည်။

"မင်းမှာ တခြား ဆွေမျိုးနီးစပ်တွေ မရှိတော့ဘူးလား"

"ရှိတော့ရှိတယ်၊ ဒါပေမယ့် မေမေက ဦးဆီကိုပဲ သွားခိုင်းခဲ့တာ"

"ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးဘူးပေါ့"

"ဟင့်အင်း၊ အဲဒါကြောင့် ရန်ကုန်ကိုရောက်ကာမှ လိုင်သာယာကို ဘာကားစီးရမှန်းမသိလို့ ဟိုမေးဒီမေး လျှောက်မေးနေတုန်း အိတ်တစ်အိတ်လုံး ပါသွားတာပေါ့၊ အဲဒီနေ့က သူမ အရမ်းကို ဒုက္ခရောက်ခဲ့တာ"

ဆာလွန်းလို့ ဖရဲသီးစိတ်လေး ဝယ်စားပါသည်။ စားလည်း မစားရဘဲ ငွေငါးရာလေးနှင့် အရှက်ကွဲခဲ့ရသည့်အဖြစ်ကို ဘယ်တော့မှ မေ့လို့ရမည် မထင်··။

သူမ မျက်နှာလေးကိုကြည့်ကာ သူမ ဘာမှ ထပ်မပြောတော့ပေမယ့် ရောက်လာတဲ့ညက ကြားရသမျှတွေနှင့် ခြုံငုံသပ်၍ မိုးသောက် စိတ်မကောင်းဖြစ်သွားမိသည်။

"ဆောရီး၊ ကိုယ်က အဲဒါကို သိချင်လို့ မေးတာ မဟုတ်ပါဘူး၊ ညီမ ရန်ကုန်ကိုလာတဲ့ ရည်ရွယ်ချက်တွေထဲမှာ ဦးလေးဆီမှာ ခိုလှုံခွင့်ရဖို့ တစ်ခုတည်းလား၊ ဒါမှမဟုတ် ဘဝအတွက် ဘာညာကွာ··၊ ရည်ရွယ်ချက်ကြီးကြီးမားမားတွေပေါ့၊ အဲဒီလို အများကြီး ရှိသေးလား၊ အဲဒါကို မေးတာ"

"ရှိတာပေါ့ ကိုမိုး ရယ်··၊ ဒါပေမယ့် ကိုယ့်ခြေလှမ်းနိုင်သလောက်နဲ့ပဲ တဖြည်းဖြည်း ကြိုးစားသွားချင်တယ်၊ စိတ်ကူးတွေ တောင်လိုပုံနေလဲ ကြိုးစားဖို့အခွင့်အရေးက ရှိဦးမှ··"





"မင်း သိုးမွေးအကျႌတွေလဲ ထိုးနေတယ်ဆို···"

"ဟုတ်···"

"အရမ်း အပင်ပန်းမခံပါနဲ့၊ မင်း တတ်ထားတဲ့ စက်ချုပ်ပညာနဲ့လဲ ဟိုးအမြင့်ကြီးထိ တက်လို့ရပါတယ်"

ဆူး နှင့်တွေ့တိုင်း ရှုံ့မဲ့ ဝေဖန်ခံရသမျှ မိုးသောက် ရဲ့စကားကြောင့် သူမ ကြည်နူးသွားမိ၏။

"ကိုမိုး ကရော အိမ်မှာ ဘာဖြစ်လို့ မနေတာလဲဟင်၊ စာရေးတာ အိမ်မှာရေးလို့ မရဘူးလား၊ ကိုမိုး စာရေးတဲ့အခန်း သပ်သပ်လုပ်ထားတယ်ဆို···"

မိုးသောက် က ရယ်လိုက်ကာ···

"ဘာက စ,ဖြေရမလဲ"

ဒီတော့မှ မေးခွန်းတွေ များသွားတာကို ကိုယ့်ဘာသာကိုယ် သတိရသည်။

"ဟို··· ဆောရီးနော်၊ သူမ···"

"ရပါတယ်ကွာ၊ ဖြေချင်လွန်းလို့ ကိုယ် စောင့်နေတာပါ"

မိုးသောက် က စီးကရက်ညှပ်ထားသည့်လက်ကို စားပွဲပေါ် တင်လိုက်ပြီး ပြာခွက်ထဲမှာ စီးကရက်ကို အသာလေး တောက်၍ ပြာခြွေလိုက်၏။

အနုပညာသမားပီသစွာ နုသွယ်သည့် မိုးသောက် ၏လက်ချောင်းတွေကို မျက်လုံးရောက်ရင်း ပြာခြွေပစ်လိုက်သည့်ပုံစံတိုင်တစ်မျိုးကို သူမ ငေးနေမိသည်။

မိုးသောက်နေ က တည်ကြည်ချောမွေ့သူပါ။ ဝတ်လိုက်ပြန်ရင်းလည်း စပို့ရှပ်တွေ သိပ်မဟုတ်ဘဲ ရှပ်လက်ရှည်တွေကို လက်ပင်မှာရီ လွှတ်ရုံလေး ခေါက်တင်ပြီး ဝတ်တတ်၏။

"ဖြေရတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



အို!...

ငေးနေမိသည့် သူမ ပါးပြင်လေး ရဲခနဲဖြစ်သွား၏။ မိုးသောက်နေ က ပြုံး၍...

"အိမ်မှာ မနေတာက နေချင်စရာ မရှိလို့လေ၊ စာရေးတယ်ဆိုတာကလဲ တိတ်ဆိတ်မှုရှိတိုင်း၊ အလုပ်မရှိတိုင်း ရေးလို့ရတာမဟုတ်ဘူး။ အဲဒါကြောင့် အပြင်ကိုပဲ ထွက်ဖြစ်နေတာ၊ လိုကေးရှင်းကြိုက်တာတွေ့ရင်လဲ အဲဒီမှာ ရေးဖြစ်တယ်"

"နောက်တစ်ခု မေးချင်တယ်.."

"မေး...."

"တခြား ယောက်ျားစာရေးဆရာတွေဆိုရင် ကဗျာနဲ့ တူတယ်၊ ကဗျာတွေရေးပဲ၊ ပြီးတော့ တက္ကသိုလ်နောက်ခံတွေ အရေးများတယ်၊ ကိုမိုး က သိပ်အများကြီး မပါဘူး"

"ကိုယ့်စာအုပ်ကို ဖတ်ဖူးလို့လား"

"ကိုမိုး ကလဲ မိုးသောက်နေ က အရမ်းပော့ပူလာ ဖြစ်နေတဲ့ဟာ"

မိုးသောက်နေ က ပေါ်လွင်မှုကို အရေးတယူ ဝမ်းမြောက်ကြည်နူးသွားတာမျိုးမဖြစ်ဘဲ စီးကရက်တစ်ရှိုက်နှင့် ဘေးကို မျက်ဝန်းရှောရောက်သွားသည်။ ပြီးမှ...

"တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ၊ သင်တန်းတက်နိုင်တဲ့လူတွေပဲ ချစ်တတ်ကြတာ မဟုတ်ဘူးလေ၊ မျှမျှတတပေါ့"

"နောက်ပြီး တချို့ဆိုရင် ယောက်ျားလေးဆို ယောက်ျားလေးဘက်က၊ မိန်းကလေးဆိုရင်လဲ မိန်းကလေးဘက်ကပေါ့၊ ရပ်တည်မှုတွေနဲ့ ရေးတာများတယ်"

"ကိုယ်က အဲဒီလို မဟုတ်ဘူးလား"

"သိပ်အများကြီးတော့ သူမ မဖတ်ဖူးပါဘူး၊ ဒါပေမယ့် ကိုမိုး က တစ်ဖက်စောင်းနင်းရပ်တည်မှု မပြုဘူးလို့ ထင်တယ်"





"ဟုတ်တယ်..၊ လူ့လောကမှာကွာ ကောင်းတာချည်းပဲ ရှိသလို ဆိုးတာချည်းပဲလဲ ရှိမနေပါဘူး၊ ကောင်းတယ်ဆိုတာရော မကောင်းဘူးဆိုတာရော အားလုံးက မရှိမဖြစ် လိုအပ်တာချည်းပဲ၊ ကိုယ်က ဖြစ်စဉ်တစ်ခုကိုပဲ အလေးထားတာ.."

"အင်း အဲဒါလဲ ကောင်းပါတယ်"

"ဆူး နဲ့ကိုယ် တစ်အိမ်တည်းနေလာတာ ကြာပြီ၊ မင်း ပြောတာတွေ သူ တစ်ခါမှ မပြောဖူးဘူး"

"သူ စာဖတ်တာ ဝါသနာမပါလို့ ဖြစ်မှာပါ"

"ကိုယ် နောက်နေ့ကစပြီး ညစာတော့ အိမ်မှာပဲပြန်စားတော့မယ်"

"ဟင်!..."

မဆိုင်သည့်စကားကို ကောက်ခါငင်ကာ ထ,ပြောလိုက်တော့ သူမ ကြောင်သွား၏။

"ကိုယ် ထမင်းစားခန်းထဲ ဝင်လာရင်တော့ မင်း ထွက်မပြေးဘူးမို့လား"

"ဘာဖြစ်လို့ ပြေးရမှာလဲ ကိုမိုး ကလဲ..၊ ဟိုအရင်ကတော့ ကိုမိုး ဘာကြိုက်မှန်း၊ မကြိုက်မှန်းမသိတော့ မနေတတ်လို့ပါ၊ နောက်ပြီး သူမ ထမင်းစားနေတုန်းနဲ့ တိုးနေတော့..."

"အတူတူ စားဖြစ်တာပေါ့၊ ဘာဖြစ်လို့လဲ"

သူမ ဘာမှမဖြေတတ်ဘဲ မျက်လွှာပင့်ကြည့်လိုက်တော့ မျက်လုံးချင်း ဆုံသွား၏။ မိုးသောက်နေ ပုံစံက ရိုးသားသည့်ပုံလည်း ပေါက်တာ တစ်ခါတစ်ခါ မရိုးသားသလိုကြီးလည်း ခံစားနေမိ၏၊

သူမ ပင့်သက်လေး ကြိတ်ချရင်း..၊ သူ့မျက်နှာကို ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဟား!..."

"ဟား!... ကြည့်စမ်း.."

"အလန်းတွေချည်းပဲကွ၊ ဟား ဟား"

တဟားဟားနှင့် ရယ်နေကြတာမဟုတ်ဘဲ တမင်တကာ အာ... ဒိုတ်သံတွေလုပ်၍ ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကူးလူး ပြောင်း... ကြည့်နေကြခြင်း ဖြစ်၏။

"ဒီလောက် လန်းနေတာလေးတွေကို မင်း တစ်ယောက်မှမကြိုက်... ဘူးလား ကမ္သာ ရာ..."

"မဖြစ်နိုင်ဘူး၊ အကုန်လုံးကို လိုချင်နေလို့ ပြောရခက်နေတာ..."

"အေးလေ နတ်သားတွေလို တစ်ဖက်ငါးရာ မဟုတ်ရင်တော... ငါးယောက်စီတော့ မင်း ထည်လဲတွဲလို့ရတယ်၊ ဘာဖြစ်လဲကွ၊ နေ့စဉ်... သွားလာမိတ်ဆက်နေတဲ့ကာလလေးမှာ ပျော်ရတာပေါ့"

သူငယ်ချင်းတွေက အိမ်ကိုရောက်လာပြီး ပါလာသည့် ဂစ်တာ... တွေကိုဘေးချကာ ဓာတ်ပုံတွေနှင့်ပဲ အလုပ်ရှုပ်လို့ကောင်းနေကြသည်...

သူတို့ သူငယ်ချင်းလေးယောက်ဟာ ဂစ်တာတီးဖို့ကိုသာ အ... သန်ဆုံးဖြစ်ကာ ရည်းစားတွေ ထားဖူးကြပေမယ့်လည်း ခုတော့ အားလုံ...



... သနားစဖွယ် ရည်းစားတစ်ခုလပ်လေးတွေပါ..။ တစ်ယောက်မှာ ချစ်သူရှိပြီဆို ကျန်တဲ့လူတွေက အကဲစမ်းသည်။ ပြီးတော့...

"မင်းရဲ့တစ်ယောက်က မိတ္တူကြီးလိုပဲကွာ..၊ နေရာတကာ တိုပုံစံ မဖြစ်လို့၊ ဒီလို အံမဝင်လို့၊ အရမ်း ဇယားများတယ်"

"မင်းနာမည် ကျော်သက်အောင် မလုပ်နဲ့..၊ ကျော်သက်ပြောင် လို့ ပြောင်းလိုက်၊ ကြာရင် မင်း ထိပ်ပြောင်လာမှာပဲ၊ အချိန်တိုင်း ဒီ ... နိုးမ ခေါက်လိုက်၊ ဆွဲလိုက်နဲ့..."

"ဒီလောက် အစားသန်တာ၊ မင်းထက် များများကျွေးမယ့် ငနဲ တစ်ယောက် ပေါ်လာရင် ပါသွားနိုင်တယ်၊ ကြည့်လုပ်ဦး..."

သို့လောသို့လော အုပ်စုထဲမှာ နာခေါင်းရှုံ့ခံရပြီဆို နောက်နေ့ ... အဲဒီရည်းစားနဲ့ ပြတ်လေသည်။ ဤနည်းစဉ်နှင့် အတွဲမဲ့လေရှာသော် ... လည်း ဘယ်သူမှလဲ အပြုံးပျက်တယ်ဆိုတာ မရှိ..။ "ငါ့ကောင်မလေး ကို ဒီလိုမပြောပါနဲ့" ဆိုသည့် မခံချင်လုံးလေးတောင် မထွက်ကြသော အုပ်စုဟာ ဒီနေ့ထိ ဂစ်တာတခေါင်ခေါင်နှင့် စည်းလုံးနေဆဲ..။

"ဒါပေမယ့် ဂုဏ်မြင့်သူ ကတော့ အားလုံးထဲမှာ အဂွတ်ဒ်ဆုံးပဲ၊ ... မင်း သူ့ကိုတော့ သွားတွေ့တယ်မို့လား၊ ရည်းစားလက်ရှိဖြစ်နေလို့ ... ပြန်ဆုတ်လိုက်တာလား"

ခုကျမှ ကိုယ့်ဆီကို တိုက်ရိုက်မေးခွန်းရောက်လာတာမို့ ကမ္သာ ... ရေသန့်ဘူးအဖုံးဖွင့်နေရင်း မျက်လုံးဖွေကြည့်၏။

"သွားတွေ့တာနဲ့ လာမရောနဲ့..၊ သူ့ဓာတ်ပုံကို မကြည့်မိလို့ ... လက်စွပ်တစ်ကွင်း ဆုံးပါတယ်ဆိုမှ..."

"အေး ဟုတ်သားပဲ"

"ဒါဆို မင်းပြောတဲ့ အဲဒီတောခေါ်လီလေး တကယ်ယူသွားတာလား"

ကမ္သာ က ရေဘူးကို မော့သောက်နေပြီးမှ စားပွဲပေါ် ဒီတိုင်း ပြန်ချလိုက်ကာ...

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဒါဆို…"

"မသိဘူး…၊ ဒါပေမယ့် ဒီကောင်မလေး ယူမှာမဟုတ်ဘူးဆိုတာ လုံးဝ သေချာတယ်၊ ငါ အံ့သြနေတာက ဂုဏ်မြင့်သူ ကိုပဲ"

အားလုံးက သူ့စကားကို စိတ်ဝင်တစား အာရုံစိုက်လာကြ၏။

"သူ့အခြေအနေနဲ့ ဒီလက်စွပ်လောက်ကို ခုလိုပုံစံနဲ့ ယူထားရလောက်အောင် မဖြစ်သင့်ဘူး"

"မင်းက သူ ယူထားတယ်ဆိုတာ ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

မဲဒီနေ့က သူ့ရှေ့ရောက်လာသည့် ကောင်မလေးနောက်ကို သူ လိုက်ကြည့်သေးသည်။ ကားတစ်စီးနားကို အပြေးအလွှား ရောက်သွားပြီး ပေးဘာယူတာတွေထိ သူ မြင်နေခဲ့တာပဲ…။ လက်ဆုပ်လက်ကိုင် မပြနိုင်သည့် သက်သေဆိုတာ တစ်ခုတည်းကြောင့် ဂုဏ်မြင့်သူ ၏ ပြက်ရယ်ပြုခြင်းကို သူ ခံခဲ့ရသည်။ ဒါကို ပြောပြလိုက်တော့လည်း သူငယ်ချင်းတွေက ဒီတိုင်းဖြစ်မှာပဲလို့ လက်ခံသွားကြကာ…

"ဒါ ဟာကယ်ဖြစ်နိုင်ဝာယ်ကွ၊ ပြီးတော့ ကိုယ်ညံ့လို့ ခံလိုက်ရတာကို၊ သူက ကွယ်ရာမှာ ရယ်နေဦးမှာ…၊ ငါတို့ ဒီကိစ္စကို ပေါ်အောင် ဖော်ဖို့ လိုတယ်"

တစ်ယောက်က အကြံပေးသည်။ တစ်ယောက်က ခေါင်းညိတ်၍…

"ဟိုကောင်မလေးကိုလဲ သိပ်ယုံလို့ မဖြစ်ဘူး၊ အဲဒီလို မလိမ်တိုး မလိမ္မာ့လေးတွေနဲ့ လုပ်စားကြတာတွေလဲ ရှိတာပဲ"

"ဒါပေမယ့် ကမ္ဘာ တွေးသလိုလဲ ဖြစ်နိုင်တာပဲ၊ ဒီကောင်မလေးကို 'အဲဒ်ကောင်ကို သွားတွေ့ပြီး ပြန်တော့' လို့တော့ ဂုဏ်မြင့်သူ က တိုးလွှက်လိုက်မှာ မဟုတ်ဘူး၊ ပြီးတာနဲ့ အကျိုးအကြောင်းပြန်ပြောဖို့တော့ ရှိရပဲလေ၊ နောက်ပြီး လက်စွပ်ဘူးကို ဒီတိုင်းကိုင်ပြီး ကားနား ကပ်သွား ဘာလဲ ကမ္ဘာ မြင်ခဲ့တယ်မို့လား၊ ဂုဏ်မြင့်သူ မရှိးသားတာ





သေချာတယ်၊ သူ့အရှိန်အဝါဆိုတာကလဲကွာ တချို့ကျတော့ အထည်ကြီးပျက်ဖြစ်နေတာကို လူမရိပ်မိအောင် ဖုံးဖိနေတတ်ကြတယ်၊ သူတို့ အိမ်တွင်းရေး ဘယ်လိုဆိုတာ ကိုယ်သိနိုင်တာ မှတ်လို့…"

"သား…၊ ဘာဘာ…"

စကားကောင်းနေကြတုန်း အပေါ်ထပ်က ဆင်းလာရင်း ခေါ်လိုက်သည့် ဒေါ်စုလတ် အသံကြောင့် တိုးတိုးကြိတ်ကြိတ်တွေ တိခနဲ တိတ်ကျသွား၏။

"သူငယ်ချင်းတွေနဲ့ ဟိုဒီ ထွက်လိုက်မသွားနဲ့ဦးနော်၊ ညနေ ညှိသည်တွေ ထမင်းစားလာမှာ…"

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ…"

"ဩော်… သားရယ်…"

ဒေါ်စုလတ် က ကမ္ဘာ့ ကို ချစ်စနိုး မျက်စောင်းရွယ်ရင်း အားလုံးကို ပြုံးပြ၍…

"သားတို့ လွတ်လွတ်လပ်လပ်နေကြနော်၊ ကြောင်လျှာပွင့် သုပ်နိုင်းထားတယ်၊ လာပွဲလိမ့်မယ် သိလား၊ တီလေး သွားစရာလေးရှိလို့…"

"ဟုတ်ကဲ့ တီလေး"

စားရသောက်ရတော့မည်ဆိုလို့ ချိုအီသွားကြသည့် မျက်နှာတွေကို ကမ္ဘာ က တစ်ယောက်ချင်း ကြည့်ပြီး မဲ့ရွဲ့နေ၏။

"ဘယ်လိုလဲ ကမ္ဘာ၊ ဒါ နောက်တစ်ယောက်လား"

"ဟုတ်လား၊ ခေတ်ပုံထဲမှာမပါတဲ့ တစ်ယောက်လား"

"မသိဘူးကွာ…၊ လုံးဝ စိတ်မဝင်စားဘာတွေ လာမေးမနေနဲ့၊ ငါ အကီအကျ ဆုံးဖြတ်ပြီးသား"

"ဘာကိုလဲ…"

"ကိုယ့်ကိုယ်ကိုယ် အစဖျောက်မလို့…"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ကွန်ဂရက်ကျူလေးရှင်း"

"ဟင်!..."

မျက်နှာရှေ့မှာ ကတ်ထူအိတ်လေးထိုးပေးရင်း 'ကွန်ဂရက်ကျူလေးရှင်း' လုပ်နေသည့် မိုးသောက်နေ ကို သူမ ဘာမှန်းမသိသည့် မျက်လုံးလေးနှင့် ကြည့်၏။

"ယူပါ..၊ မင်းရဲ့ အောင်မြင်မှုအတွက် ဂုဏ်ပြုတာ..!"

"သူမ ကို..."

"ဟုတ်တယ်လေ..၊ မင်းက အခု မော်ဒယ်အောင်စီတစ်ခုနဲ့ ချိတ်မိသွားပြီမို့လား၊ ဒီဇိုင်နာတစ်ယောက် ဖြစ်သွားပြီလေ"

"အယ်!... မဟုတ်ပါဘူး ကိုမိုး ကလဲ...၊ ဆရာမ သော်တာတို့နဲ့ ဆက်သွယ်မိတာပါ"

"ကိုယ် ကြားပြီးပါပြီ၊ မင်းတစ်ယောက်တည်းကိုပဲ မော်ဒယ်တွေက သဘောကျတာတဲ့၊ နောက်ဆိုရင် ဒီ့ထက် ပေါ်ပြူလာ ဖြစ်တော့မှာပေါ့၊ ကြိုးစားထား..."

ခုပဲ အားလုံးက ဒီအကြောင်းကိုပြောပြီး ဝမ်းသာနေကြတာပါ။





သူမ အတွက်ကတော့ ဒီဇိုင်နာတစ်ယောက်ဖြစ်ဖို့ထက် ကိုယ့်ဒေသမှာ ရှိနေတဲ့အတိုင်း ထိုးထွင်းကြိုးစားခဲ့တာပဲ ဖြစ်သည်။

ဆိုင်ကိုရောက်လာကြသည့် မော်ဒယ်တွေက စကားပြောလို့ ကောင်းသည့် သူမ ကို ခင်ကြသည်။ ပြီးတော့ သူမ ရဲ့ပညာကို သိသွားကြသည်နှင့် သူမ ဘေးမှာပဲ ဝိုင်းဝိုင်းလည်နေတာ ဆရာမတွေက တောင် အံ့ဩရသည်။

"ဘာပဲဖြစ်ဖြစ် တို့ဆိုင် နာမည်ပိုကြီးသွားပြီ၊ သူမ ကို ဆုချရမယ်"

ဆိုပြီး ငွေသားတစ်သိန်းတိတိကို ပေးခဲ့၏။ ငွေရတာထက်ပို၍ ကြည်နူးရသည်မှာ မေမေ အမွေပေးခဲ့သည့်ပညာရပ်နှင့် သူမဘဝ ရပ်တည်နိုင်ခဲ့ပြီမို့ မျက်ရည်များတောင် လည်ခဲ့မိသည်။

ဦးနဲ့ ဒေါ်ဒေါ်တို့ကလည်း ပြုံးလို့ပါ။ ဘာသိဘာသာ နေတတ်တာက ဆူး တစ်ယောက်တည်း ရှိ၏။

"သိပ်မာန်တက်မနေနဲ့ဦး၊ ဒေဝစ္ဆရာက ဆုချလိုက်တာ၊ နင့်ကို အစ်နွယ်တစ်စင် ထူထောင်မှာစိုးလို့နော်၊ ကျေးဇူးဆိုတာ မေ့ကောင်းတာမဟုတ်ဘူး"တဲ့..။ သူမကတော့ စေတနာနဲ့ သတိပေးတာလို့ပဲ မှတ်ယူပါသည်။

"သူမ..."

"ရှင်..."

"ကိုယ်ပေးတဲ့လက်ဆောင်ကိုယူဖို့ ဒီလောက်တောင် စဉ်းစားနေရသလား"

"မဟုတ်ပါဘူး"

အတွေးလွန်သွားတာကို မပြောဖြစ်ဘဲ သူမ ပျာပျာသလဲ ငြင်းမိသည်။

"စဉ်းစားနေတာ မဟုတ်ဘူး ကိုကိုရေ..၊ ဖီးလ်မြင့်ပြီး ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တောင်ဖြစ်သွားတာ..''

သူတို့ဘေးကို ဆူး က လက်ဖိုက်လျက်နှင့် ခပ်လှုပ်လှုပ်လျှောက်လာကာ…

''ဒီနေ့ မကိုင်စဖူး တစ်သိန်းတောင် ကိုင်လိုက်ရတယ်လေ၊ ကိုကို ပေးတာ ဘယ်လောက်တန်လို့လဲလို့ တွေးနေတာ ဖြစ်မှာပေါ့''

''အို!..မဟုတ်ပါဘူး ဆူး ရယ်..၊ တကယ် လုံးဝ မဟုတ်ပါဘူး''

''ဟုတ်ဟုတ်,မဟုတ်ဟုတ် ညီအစ်မချင်း ဒီလောက် ပြောစရာလား ဆူး''

မိုးသောက်နေ က သူမ မျက်နှာလေးကို မကြည့်ရက်စွာ ဆူးကို ဟန့်တား၏။

''ညီအစ်မချင်းမို့ ပွင့်ပွင့်လင်းလင်း ဝေဖန်လိုက်တာလေ၊ ဖေဖေ က သူ့ကို အလုပ်ခန်းတစ်ခန်း ဖွင့်ပေးဖို့တောင် ကြံစည်နေပြီ''

''ဒါ ဖြစ်သင့်တာပဲ၊ ပညာသင်ကြတဲ့လူတွေတောင်မှ ပညာစုံရင် ကိုယ့်လမ်းကိုယ် လျှောက်ကြရတာ၊ သူမ က အဲဒီဆိုင်မှာ အစကတည်းက ပညာသင်မှုမဟုတ်ဘဲ၊ ကိုယ့်အောင်မြင်မှုနဲ့ ကိုယ် ခွဲထွက်တာ မှန်တာပဲ''

''ဟင့်အင်း..၊ သူမ အဲဒီလိုလုပ်ဖို့လဲ စိတ်ကူးမရှိသေးပါဘူး ကိုမိုး ရယ်၊ အခု အောင်မြင်မှု ရလာတာလေးကိုပဲ ကြည်နူးလို့မဆုံးသေးဘူး၊ သူမ ကို ခွင့်ပြုပါနော်''

သူမ ခေါင်းလေးငုံ့ကာ ချာခနဲ လှည့်ထွက်သွား၏။ မိုးသောက်မျက်နှာကြီးလည်း ဘာည်သွားလျက် နောက်ပြန်လှည့်သွားလျှင်…

''ကိုကိုတို့များ အရမ်း သိသာတာပဲ၊ ဟွန်း…''

ကျောခိုင်းသွားပြီးမှ မိုးသောက် ခြေလှမ်းတုံ့သွား၏။

''ဆူး တို့ကိုတော့ ဒီနေ့ထိ ငါးဆယ်တန် ကလစ်လေးတစ်ချောင်းတောင် ဝယ်မပေးဖူးဘူး''





ပြန်လှည့်ပြောမည်ထင်ပေမယ့် မိုးသောက် က ဆက်လျှောက်သွားသဖြင့် ဆူး မျက်နှာလေး မဲ့ရွဲ့ကျန်ခဲ့လေသည်။

သူမ ဆိုတဲ့ မိန်းမကိုက ကြံဖန်ပြီး စန်းထနေတာထင်သည်။ ဆူး ကို ဟိုအင်္ကျီ ပြင်ပေး၊ ဒီအင်္ကျီပြင်ပေးနှင့် ဂါဝန်တွေချုပ်ပေးတဲ့အထိ လုပ်ပေးခဲ့သည်။ ဆူး ဝတ်သွားတိုင်း မော်ဒယ်အချို့က မေးမြန်းစပ်စုကြသည်။

နာမည်ကြီးမော်ဒယ်တွေလို မဟုတ်သေးတော့ ဆူး တို့မှာ ကိုယ်ပိုင် ဒီဇိုင်နာ မရှိကြသေးပါ။ ဒါကို ဆူး က သူမ နာမည်ကို လုံးဝ ထည့်ပြောခဲ့တာမဟုတ်..။

အပ်ချုပ်ဆိုင်ကို သူမ ရောက်သွားသည့်အတွက် ဒီလို အမြင်အတ်စရာတွေ ရှိခဲ့ရတာ ဖြစ်သည်။ သူမ ဟာ မျက်ဝန်းလေးတွေ ဘာလက်လက်နှင့် စိတ်ဓာတ်မာကျောပုံလေးရှိသော်လည်း ဒီအိမ်မှာတော့ ဆူး ကို ကြောက်ရွံ့ရိုသေမှုတွေအပြည့် ရှိ၏။

ထို့ကြောင့် သူမကို နိုင်သမျှတော့ အပီအပြင် ချုပ်ကိုင်ထားဖို့ ဆုံးဖြတ်ထားသည်။

သူမ အတွက် ဖေဖေ ဘာမှ ထောက်ပံ့ကူညီမှု မပြုစေဖို့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မွေးနေ့ပါတီဆိုတာကို နှစ်ယောက်အတူ သွားကြပေမယ့် တစ်ယောက်က အနက်ရောင်ကိုယ်ကျပ်လက်ပြတ် လည်ဟိုက်မှာ သိုးမွေးပဝါပြတ်လေးကို ပခုံးစွန်းနှစ်ဖက်လုံးရုံလေး ကပ်ချိတ်ထားသည်။

ပြီးတော့ အောက်ပိုင်းနေရာမှာ လူရှိုင်းတွေလို အင်္ကျီစနှင့်ပဲ အမြိတ်ဖွားလေးတွေ တပ်ထားတာ ကိုယ်မှာ သတ္တဝါတစ်ကောင်ကောင် ရစ်ခွေတက်နေသလို ထူးထူးခြားခြားလေး ဖြစ်နေ၏။

အနက်ဝတ်ထားပြီး မျက်နှာကို အဖြူဘက်ပါအောင် ခြယ်သထားသော ဆူး က အားလုံးနဲ့ အတော်ဝေးဝေးမှာကတည်းက လူအများ၏ သမင်လည်ပြန်အကြည့်တွေနှင့် ဖမ်းစားနိုင်လေသည်။

သူမ ကျတော့ ပုစွန်ဆီရောင်ဖျော့ဖျော့ ဖောက်ဇာအကျဲလေးမှာ သူမဘာသာ ပုံဖော်ချုပ်လုပ်ထားသည့်အတိုင်း ရင်ဘတ်မှာ ကမာသားအပါးလေးနှင့် ဖြတ်ဆက်ကာ ဂျပန်ကော်လံအဆင်းလေးနှင့် ရင်ညွန့်လောက်ထိ မဟာတဟာလေး ချထား၏။

ထိုနေရာလေးကိုဝိုက်၍ ပန်းထိုးလိုက်တော့ လက်ပြတ်ခါးရှည်လေးပေမယ့် ရိုးရိုးလေးနဲ့ ဆန်းသည်။





ဘာပဲဖြစ်ဖြစ် အရွယ်တူ ဒီဇိုင်းကွဲလေးနှစ်ယောက်မို့ ဆူး ကို လှလို့ကြည့်သလို သူမ ကိုလည်း ကြည့်ကြသည်။ ပြုံးတာတွေကတော့ ဘာအဓိပ္ပာယ်တွေလည်း မသိပါ..။

ပါတီဆိုတာ ဘယ်လိုပွဲမျိုးကို ပါတီခေါ်မှန်းတော့ မသိပေမယ့် တခမ်းတနားကြီး သိပ်မဟုတ်ဘဲ စားပွဲကျဲကျဲ လူနည်းနည်းနှင့်ပဲ တဝါးဝါးတဟားဟားနှင့် ပွဲစည်နေ၏။ ပြီးတော့ ရောင်စုံမီးလုံးတွေ သာမကဘဲ စတော့ချ်ရှိုးတစ်ခုလို ဆလိုက်မီးတွေကလည်း ဟိုဒီဝေ့နေသေးသည်။

ထိုမီးလုံးတွေရဲ့ အဓိကရည်ရွယ်ချက်ကို သိလိုက်ရတော့ သူမ မျက်လုံးပြူးသွား၏။

သူတို့အားလုံး အသီးသီး ထသွားကြပြီး မျက်နှာချင်းဆိုင် က,ကြတာပါလား။ မြူးဇစ်သံနှင့် က,ကွက်တွေကတော့ သူမ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲကလိုပင်..။

"ဟိတ်... လာလေ..."

"ဟင့်အင်း"

"ဆူး ခေါ်လေကွာ၊ မိတ်ဆက်ပေး၊ အတူ က,ရအောင်"

ဆူး အတင်းလာဆွဲမှာစိုးလို့ သူမ လက်ဖျားတွေတောင် အေးစက်နေခဲ့သည်။ ဆူး က မခေါ်ပါ။

"နေပါစေ..၊ သူက နယ်ကလာတာ၊ ဒါတွေ ရမှာ မဟုတ်ဘူး"

"ချစ်စရာလေးနော်၊ တောပုံတော့ မပေါက်ဘူးကွ၊ ကြည့်ရတာ အေးတယ်"

ဆူး မပြန်မချင်း ထိုင်စောင့်နေရစဉ် ရောက်လာတတ်သည့်မျက်လုံးရိုင်းကြီးတွေရော၊ မသိဘဲ စကားလာပြောပြီး စပ်စုနေကြသည့် မိန်းကလေးတွေရော..။

အားလုံးကို စိတ်ညစ်နေမိ၏။ ပို၍ စိတ်ညစ်သွားရသည်က ပြန်



www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုသည့် ဆူး တစ်ယောက် ခြေလှမ်းမမှန်တော့ခြင်းပင်…။

"နှင် … နှင် အရက်သောက်တယ်၊ ဟုတ်လား ဆူး"

"ဟာ!… မဟုတ်ပါဘူး၊ ဝိုင် ပါ"

"ဝိုင်လဲ အရက်ပဲ ဆူး ရယ်၊ ဒုက္ခပါပဲ၊ နှင် ကား ဘယ်လိုလုပ် မောင်းမှာလဲ"

"ရတာယ်…၊ အေးအေးထိုင်လိုက်ခဲ့"

"ဆူး… ဆူး နေပါဦး"

ဆူး က မျက်တောင်ဖျားလေးတွေ စင်းကျနေသည့်အကြည့်နှင့် တံခါးတစ်ဖက်ဖွင့်လာရင်း သူမ (ံ) ပြန်ကြည့်သည်။

"ငါတို့ ကားငှားပြန်ရအောင်နော်"

"ဟမ်!… ဘာ… ဒီကားကြီးကိုထားပြီးတော့ ဟုတ်လား"

"အင်းလေ…၊ ကိုမိုး ကို အကျိုးအကြောင်း ကပ်ပြောလိုက်ရင် သူ့ဟာသူ လာယူမှာပေါ့"

"အံမယ်… နှင်က ကိုကို့ကို ပိုင်တယ်ဆိုပြီး ကြီးကြီးကျယ်ကျယ် တွေ ပြောနေတာလား"

"မဟုတ်ပါဘူး ဆူး ရယ်…"

ဆူး က မူမမှန်တော့သည့်လေသံနှင့် နီကျင်ကျင်ဖြစ်လာနေသော မျက်နှာလေးကိုမဲ့၍…

"ဒီလမ်းကို အဖော်မပါဘဲ မသွားရဘူးလို့ ဖေဖေပြောလို့ နှင့်ကို တင်ခေါ်လာခဲ့တာ သိလား၊ ဖြစ်နိုင်ရင် လမ်းကတည်းက ကန်ချပစ်ခဲ့ ချင်တာ၊ ဟွန်း… ကိုကို့ကိုများ သူက ပြောပေးမလေးဘာလေးနဲ့ ကိုကိုက ငါ့အတွက်နော်၊ နှင်နဲ့ ဘာမှမဆိုင်ဘူး၊ ခုတည်းက ကိုကို့ပစ္စည်း တစ်ခုလုံးကို ငါ သွန်လိုသွန်၊ မှောက်လိုမှောက်လုပ်နေတာ တွေ့လား"

မူးမူးနှင့် ထင်ရာတွေပြောကာ ဆူး က ကားကို လက်သီးဆုပ်လေး နဲ့လည်း ထုပြ၏။





"ဟုတ်ပါတယ် ဆူး ရယ်၊ ငါကလေ…"

"ငါကလေတွေ၊ ရေတွေ လုပ်မနေနဲ့၊ တက်ဆိုတက်…"

ရင်တွေတုန်နေပေမယ့် ခြံထဲကနေ မောင်းထွက်ခဲ့တော့လည်း အကောင်းတိုင်းမို့ စိတ်တော့ နည်းနည်းအေးသွားမိသည်။

ဒါပေမယ့် ဆူး ကားမောင်းသင်ထားတာမကြာသေးမှန်း သိထား တော့ ရှေ့က ပြေးလာနေသည့် ကားမီးရောင်တွေမြင်တိုင်း ဘုရားတ နေမိ၏။ ထိုစဉ်…

"ဆူး… လူ!… လူ…"

"ဟင်!… အမလေး"

"ကျွီ…"

"အား…"

မောင်းတဲ့သူရော၊ စီးတဲ့သူပါ မျက်နှာတွေကို ဖြိုင်တူ မှောက်ချ လိုက်မိကြ၏။ ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ခြင်းမလှတိတ် ကုသွားသည့်အဖြစ်ဟာ ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးပျောက်ကွယ်သွား သလို ချောက်ချားဖွယ်အတိပြီးလျက်…,

"ဆူး…"

"ဟင်!…"

"သေ…သေပြီ ထင်တယ်"

ဆူး လည်း အမူးတွေပျောက်ကုန်ကာ သူမ စကားကြောင့် ဟို ကြည့်ဒီကြည့်ဖြစ်သွားလျက်…

"သေလဲ မတတ်နိုင်ဘူး၊ လောလောဆယ် ဘယ်သူမှမမြင်လိုက် ခင် မောင်းပြေးမှ…"

"အို!… နေပါဦး… နေပါဦး ဆူး ရယ်…၊ မသေသေးဘဲနဲ့ရင် တော်ထားတာက မည်းမည်းနဲ့ မထနိုင်မကြွနိုင်ရှာဘဲ နောက်အား တက် ကြိတ်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြိတ်..ကြိတ်...၊ ဒီကားမောင်းတိုင်း ပြဿနာဖြစ်နေတယ် ဆိုရင် နောက်ဆို ကိုကို ငါ့ကို ကားပေးမောင်းနိုင်းမှာ မဟုတ်တော့ဘူး"

ဆူး က စက်ပြန်နှိုးသည်။ ထိုစဉ် လမ်းပေါ်က ညည်းသံသဲ့သဲ့ ထွက်လာသဖြင့် နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

သူမ ဆူး ကို ဘာမှမပြောတော့ဘဲ ကားတံခါးဖွင့်၍ ဆင်းလိုက်လျှင် ဆူး ဒေါသဖြစ်သွားကာ...

"သူမ..၊ နင် ဘာလုပ်တာလဲ..၊ ပြီးမှ ငါ့ကို အဆိုးမဆိုနဲ့နော်"

ဆူး စကားကိုကြား၍ တစ်ခုခု ပြန်ပြောမလို့ပေမယ့် ကားရှေ့မှာ လဲကျနေသူက လူးလွန့် ညည်းညူနေသဖြင့် စိတ်က လူနာဆီမှာ အဓိကဖြစ်သွား၏။ အနက်ရောင်လယ်သာဂျာကင်ချိုင်းပြတ်ခါးတိုနှင့် ဘောင်းဘီရှည်အနက်ဝတ်ထားသူဖြစ်ကာ မျက်နှာက ကားကို ကျော နိုင်းထားသလို ကွေးနေသဖြင့် မမြင်ရ..။

ဘောင်းဘီခါးပတ်စ ပြန်ကျနေသည့်အဖျားက ဖြိုးပြက်လက်နေသော ချိန်ကွင်းအစတို့ကိုတော့ မြင်နေရ၏။ ထိုစဉ်...

"ဟင်!... ဆူး... ဆူး နေပါဦး"

အမှုပတ်မှာကြောက်နေသည့် ဆူး က ကားကို ဘက်ခ်ပြန်ဆုတ် လိုက်ပြီး ဝေါခနဲ မောင်းထွက်သွားလေသည်။

"ဆူး..."

ရုတ်တရက် သူမ ထိတ်လန့်ကာ ကားနောက်ကို ပြေးလိုက်မိ၏။ ဆူး က ရပ်တန့်မည့်ပုံမရှိဘဲ တစ်ရှိန်ထိုး မောင်းထွက်သွားတာကိုမြင်မှ နောက်ပြန်ကြည့်မိသည်။

ညမှောင်မှောင် လမ်းမပေါ်မှာ ဒီလူနာနဲ့ သူမ နှစ်ယောက်ပဲ ရှိတော့သည်။ ဒီလူဟာ လူဆိုးဖြစ်ဖြစ်၊ လူကောင်းဖြစ်ဖြစ် လောလော ဆယ်တော့ သူမ ကို ဒုက္ခပေးနိုင်မှာမဟုတ်ဘူး ထင်၏။





စိတ်ကိုတင်း၍ အနားတိုးသွားမိသည်။

"အား!...၊ တောက်... ကားစုတ်"

လူနာက လေသံအမာကြီးပါလား၊ ပြီးတော့ လူငယ်တစ်ယောက်၊ သူမ ရှေ့ကို နောက်ထပ်တိုးသွားတော့ သွေးကို ရောက်သွားသည်။

"ဒီမှာ ရှင်... ရှင် ဘယ်ထိသွားလဲဟင်.."

"အား... မသိဘူး၊ နာနေတာ လက်ရော၊ ခြေထောက်ရော"

"ထ,မကြည့်ရသေးဘဲနဲ့ ခြေထောက်နာနေတာ ရှင် ဘယ်လိုလုပ် သိသလဲ"

"လှုပ်လို့မရလို့ သိတာပေါ့ကွ၊ မင်း ဘာကြည့်နေတာလဲ"

"ဟင်!... ဟုတ်.."

သူလည်း မမြင်ဘဲနှင့် သူမ ခေါင်းတွင်တွင်ညိတ်ပြရင်း မျက်နှာ ရှေ့ရောက်အောင် ပြောင်းထိုင်လိုက်ကာ...

"သူမ ဘာလုပ်ပေးရမလဲဟင်"

"ထ,လို့မရဘူး၊ နည်းနည်း ထူပေး"

သွားပြီး..၊ ပြောပုံဆိုပုံက ဒေါသကြီး အငြိုးကြီးတတ်တယ်ဆိုတာ အသိသာကြီး။ ပြီးတော့ ကားထွက်သွားတဲ့ဘက်မှာ သူ့မျက်နှာရှိနေ တော့ ကားနံပါတ်ကိုလည်း မှတ်ထားပြီးဖြစ်လိမ့်မည်။

"ဒီဘက်လက်တော့ အားပြုလို့ရတယ်မို့လားဟင်၊ သူမ ကိုတွဲပြီး အားပြုကြည့်လိုက်လေ"

သူမ လက်ဖဝါးလေး ဖြန့်ခံပေးလိုက်ပေမယ့် သူက သူမ လက် မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်ပစ်လိုက်၏။

အမှတ်တမဲ့ လန့်သွားပေမယ့် လက်မောင်းတစ်ခုလုံးကို ဆုပ်ကိုင် အားလိုက်တာတောင် သူ ထ,ထိုင်ဖို့ ကြိုးစားသည်နှင့် သူမ လဲပြိုကျ သွားအောင် မနည်းတောင့်ထားလိုက်ရ၏။

လက်ဖဝါးလေးတစ်ဖက်ကိုပဲ အားပြုပြီး ဘယ်လို ထနိုင်မှာလဲ..။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည့်စိတ်ကို တစ်ယောက်တည်း ကြိတ်ဖြေရင်း တံတွေးမျို
လိုက်၊ ပင့်သက် တစ်ချက်ကြီး ရှိုက်ပြီး နှုတ်ခမ်းတွေကို ပိဟ်ထားမိလို
နှင့် သူမ ပူလောင်နေလေသည်။

"အား!... နာတယ်"

"ဟင်!... ဘယ်ကလဲဟင်"

"ခါး... ခါးထဲက..."

ငုတ်တုတ်ထိုင်နိုင်တော့ ခါးကို တောင့်ထားပြီး ရှုံ့မဲ့နေ၏။ မီး
ရောင်တွေနှင့် ဝေးနေသောကြောင့် မျက်နှာဖွေးဖွေးကို မြင်နေရပေမယ့်
သေချာကြီးတော့ မဟုတ်..။

"ဒါဆို မတ်တတ်ရပ်ကြည့်ပါဦး၊ သူမ ကို တွဲလေ"

သူမ က ငုံ၍ စကားပြောနေသဖြင့် သူက ရှုံ့မဲ့သည်းညူနေရာ
နေ အသံတိတ်သွား၏။ ပြီးတော့ သူမ မျက်နှာကို သေချာကြည့်လို
မှန်းသိကာ ထိတ်ခနဲ ဖြစ်သွားမိသည်။

ဒီလူ ဘာမှမဖြစ်ဘဲ တမင် ကြံစည်တာဆိုရင်...

"အို!... ဘာလုပ်တာလဲ"

သူ ဘောင်းဘီအိတ်ထဲက တစ်စုံတစ်ရာကို နှိုက်ယူလိုက်ပြီ
သူမ မျက်နှာကို အလင်းရောင်တစ်ခုနှင့် အနီးကပ် ထိုးကြည့်လိုက်
သူမ လက်ဝါးနှစ်ဖက်နှင့်ကာရင်း မျက်နှာကိုပါ လွှဲပစ်မိသည်
သို့သော်..

"မင်း..ကိုး..."

ဟင်!...၊ သူမ ကိုယ်တိုင် အံ့သြကာ ကာထားသည့်လက်တွေ
ဖယ်ကြည့်လိုက်မိ၏။ သူ့လက်ထဲက အလင်းရောင်ထွက်နေတာ
ဟန်းဖုန်းဖြစ်လျက် ထိုအလင်းရောင်ဖြင့် သူ့မျက်နှာကိုပါ မြင်လိုက်
ရလေသည်။

"ရှင်!..."





"ဟွန်း..."

သူက တော်တော်အကျည်းတန်စေသည့် မဲ့ခြင်းဖြင့် ပခုံးနှစ်ဖက်
ပါ တွန့်သွားလျက်...

"ကားတိုက်ခံလိုက်ရကျိုး နပ်တယ်၊ သူခိုး ဖမ်းမိပြီ"

"အာ!... ရှင် ဘာပြောလိုက်တာလဲ"

"မင်းကို ပြောနေတာ၊ ဒါပေမယ့် အခု မပြောချင်ဘူး၊ ငါ့ကို
တ်တတ်ရပ်လို့ရအောင် ထူပေး"

သူက နဖူးစောင်းမှာ တစိမ့်စိမ့်ဆင်းကျလာသည့် သွေးစကို
က်ခုံနှင့်ကပ်လိုက်ပြီး သေချာပြန်ကြည့်ကာ...

"ဘယ်နေရာမှာ ကွဲသွားလဲ မသိဘူး"

"ဒုက္ခပါပဲ..၊ ရှင် အဲဒါတွေ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်လုပ် ထူမှာသာ ထူစမ်းပါ"

စေတနာအရင်းခံနှင့် တကယ်ထူမလို့ သူ့လက်မောင်းတစ်ဖက်
ကို ကိုယ့်ပခုံးပေါ် ဆွဲတင်လိုက်ပြီးမှ...

"မတ်တတ်ရပ်နိုင်ပြီး သူ ကြီးကြီးကျယ်ကျယ် ဘာမှမထိခိုက်တာ
သေချာရင် ငါ့ကို ဘာလုပ်နိုင်သလဲ" ဆိုသည့်အတွေး ဝင်လာ၏။

"ဟ!... မင်း ဘာလုပ်နေတာလဲ"

"မတ်တတ်ရပ်နိုင်ရင် ရှင် ဘာလုပ်မှာလဲလို့..."

"ဘာ!..."

"အို!... ဖြည်းဖြည်းအော်ပါ"

သူက အော်၊ ကိုယ်က ချောက်ချားဆဲနှင့် သူမ ကိုယ်လေး
တွန့်သွား၏။ အသားချင်းထိနေသဖြင့် သူမ ဘာဖြစ်သွားမှန်း ကသူ
လည်း သိသည်။ ကိုယ့်ဒေါသနဲ့ကိုယ် တစ်ကိုယ်လုံး နာကျင်နေရတဲ့
အထဲ ကိုင်ပေါက်ပစ်လိုက်ချင်သည်။

"လက်ကိုထမ်းထားပြီး ဘာလုပ်နေတာလဲ၊ တွေးများမှတ်နေတာ

www.burmeseclassic.com



လား‥၊ လမ်းပေါ်မှာ မှောင်မှောင်မည်းမည်းထဲ မသက်သာမှုနဲ့ လှည့်ကင်းတွေဆွဲသွားရင် ဒုက္ခတပျားတုပ်ခံရဦးမယ်"

"မဟုတ်ပါဘူး‥၊ ရှင် မတ်တတ်ရပ်နိုင်ပြီး ခြေက်မလျှောက်နိုင်ရင်…"

"မင်းအလုပ် မဟုတ်ဘူး၊ အခု ငါ့ကို ထူပေး"

"အင်းပါ"

သူ့ကိုယ်ကြီး ပါလာအောင် အံကြိတ်တွဲထူရင်း သူမ မတ်တတ်ရပ် အနေအထားကို ရောက်သွား၏။

"ရလား‥၊ လျှောက်ကြည့်လေ"

"မရဘူး"

သူ့မျက်နှာ ရှုံ့မဲ့ကာ တကျွတ်ကျွတ် အသံထွက်နေသဖြင့် သူမ သနားသွားမိသည်။ ထို့ပြင် သွေးစီးကြောင်းက ထပ်မံ ထွက်ကျလာသဖြင့်…

"သွေး… သွေးတွေကျပြန်ပြီ"

"ခေါင်းတွေ မူးနေပြီ၊ မင်း နည်းနည်းတောင့်ထားနော်၊ ငါ ခြေထောက်လှမ်းလိုက်လို့ ယိုင်သွားရင် မင်းပါ လဲသွားလိမ့်မယ်"

"အင်း…"

သူ ခြေထောက်တွေကို အားယူပြီး လှမ်း၏။ ဒုတိယခြေလှမ်းမှာ တစ်ကိုယ်လုံး ညွတ်ကျသွားလျှင် သူမ စိုးရိမ်လွန်ပြီး ရှေ့ကနေ သိုင်းဖက်ထားလိုက်သဖြင့် သူက ပြန်အားပြုတော့ တစ်ယောက်နှင့်တစ်ယောက် ဖက်ထားကြသလို ဖြစ်သွား၏။

"ဆောရီး… ဆောရီး… ကျွတ်!…"

"ရပါတယ်"

သူမ ပူပူထူထူကြီးဖြစ်သွားကာ ဖက်ထားလျက်နှင့်ပဲ ငြိမ်သက်နေခဲ့ရ၏။





"မင်း ငါ့ကို ငါ့အခန်းထိ လိုက်ပို့ပေးပါ"

"ဘာ!…"

"ဟုတ်တယ်၊ ဟိုရှေ့က လမ်းချိုးကွေ့လေးထဲမှာ သိပ်မဝေးဘူး"

"မဟုတ်ဘူးလေ၊ သူမ က…"

"ဟုတ်ဟုတ်,မဟုတ်ဟုတ် မင်းကို ငါ သွားခွင့်မပေးနိုင်ဘူး၊ အစက လက်စွပ်ပျောက်နေလို့ မင်းကို ရှာတာ၊ အခု ကားတိုက်ပြီး ပြေးတာနဲ့ နှစ်မှု…"

သူမ ပါးစပ်လေး အဟောင်းသားနှင့် ဘာမှမပြောနိုင်တော့ပေ။ မေတ္တာထားတတ်လျှင် မြတ်သည်'တဲ့‥။

စာနာခြင်းတရား လက်ကိုင်ထား၊ နတ်လူ သာဓုခေါ်လိမ့်မည်' တဲ့‥။ လောလောဆယ် ဆွေး တားနေတဲ့ကြားက စေတနာမေတ္တာတွေ ရှေ့ထားပြီး ဆင်းနေခဲ့မိသောကြောင့်…

သူမ ခေါင်းထဲမှာ မီးတောက်ကာ နားပေါက်တွေထဲကနေ မီးခိုးတွေ အူထွက်နေပြီလား မသိ‥။

နတ်လူ သာဓုခေါ်ပါစေ‥။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"သူမ ရော..."

"အတူတူသွားကြတာမို့လား"

အပြင်ဘက်က မေးမြန်းသံတွေကြောင့် မိုးသောက် ခြေလှမ်းတွေ ရပ်သွားကာ နားစွင့်ပြီးသားဖြစ်သွား၏။

"ဟိုလေ..."

"ဘာလဲ သမီး၊ မြန်မြန်ပြောစမ်း၊ သူမ ဘယ်မှာ ကျန်ခဲ့တာလဲ"

"ဟို... ပါတီမှာ ဆူး တို့ သီချင်းဆိုပြီး က,နေကြတာ သူက ညည်းညူရှုံ့မဲ့နေတာနဲ့ ပြန်ချင်ပြန်လို့ ဆူး က အော်ပစ်လိုက်တာ..."

"ကြည့်စမ်း..."

"သူ တကယ် ပြန်သွားမယ်လို့မှ မထင်တာ"

ဒေါ်စိုးယု က ဦးတိုးနိုင် မျက်နှာကို လှမ်းကြည့်သည်။ မျက်နှာချင်းဆိုင်လိုက်ကတည်းက ရေမွှေးနံ့နှင့်ဆင်ဆင်တူသော အနံ့တစ်မျိုးကို ရခဲ့သည်။





ဆူး ဆိုတဲ့ကောင်မလေး အဲဒီလို ထင်သလို နေတတ်တာကိုပဲ ဒေါ်စိုးယု သဘောမကျခဲ့တာဖြစ်၏။ မိန်းကလေးတန်မဲ့ အရက်သောက်နေအောင် မြန်မာမိန်းကလေး မဟုတ်ဘူးလား...။

"အစီအစဉ်မရှိလိုက်တာ သမီးရာ...၊ နှစ်ယောက်သွားတဲ့ဟာ တစ်ယောက်တည်း ပြန်လွှတ်လိုက်ရသလား"

"သူကရော ဒီလို ပြန်စရာလား မေမေရဲ့၊ ဆူး က မထင်လို့ပေါ့"

ဆူး သည် အထဲကို ဝင်လို့မရအောင် ဒေါ်စိုးယု တို့က ပိတ်ရပ်ထားသလို ဖြစ်နေသောကြောင့် ဆိုဖာပေါ်မှာပဲ သွားထိုင်ဝင်လိုက်၏။

လူတစ်ယောက်လုံးကို ကားနှင့်တိုက်ပစ်ခဲ့ပြီးမှ မူးယစ်ရီဝေနေတာတွေလည်း မရှိတော့ပါ။ ဒါပေမယ့် ကတုန်ကယင် ဖြစ်ကျန်ခဲ့တာ ပိုဆိုး၏။

မူးနေတာလား...၊ ကြောက်နေတာလား ကိုယ့်ကိုယ်ကိုယ်လည်း သိ...။ ဒါတောင် သူမ ကို ထားပစ်ခဲ့ပြီး အိမ်ကိုတန်းမပြန်ရဲဘဲ အမ်းဘားက ကော်ဖီဆိုင်လေးမှာ ငုတ်တုတ်ထိုင်နေခဲ့တာ အကြာကြီး...။

ဟိုလူ သေသွားပြီလား၊ ဖျတ်ခနဲ မည်းခနဲ မြင်လိုက်ရသည်က တော့ ယောက်ျားတစ်ယောက်ပဲ ဖြစ်သည်။

ဒီလူ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ သူမ ကို ထားခဲ့မိတာ မှားမှန်း ကိုယ့်ကိုယ်ကိုယ်လည်း နားလည်နေ၏။

လမ်းပေါ်မှာ လူသေအလောင်းကြီးနှင့် သူမ ဘယ်လို ဖြစ်နေသလဲ...၊ ဒါမှမဟုတ် ပတ်ဝန်းကျင် တစ်ယောက်စ နှစ်ယောက်စက သူမ်းမြင်ပြီး ဝိုင်းအုံလာကာ သူမ့ ကို ဘယ်လို စီရင်ကြမည်ပေါ့...။

"ဒါ မဖြစ်နိုင်ဘူး ဦးလေး၊ သူမ အဲဒီလို စိတ်ဆတ်တဲ့မိန်းကလေး မဟုတ်ဘူး"

"ဟာင်!..."

ရုတ်တရက် အသံထွက်လာသဖြင့် မိုးသောက် ကို ဆူး လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိတာ မျက်လုံးဖြူးလေးနဲ့ ဖြစ်သည်။ ဒီလိုအဖြစ်မျိုး မကျူးလွန်ခဲ့ဖူးသဖြင့် ကြောက်နေတာကို ဘယ်လိုမှ ဖုံးမရနိုင်ဘဲ ဖြစ်နေ၏။

"မင်း လမ်းမှာ တစ်ခုခု ဖြစ်လာသလား၊ သူမ ဘာဖြစ်ကျန်ခဲ့တာလဲ..၊ ဆူး မှန်မှန်ပြောစမ်း၊ အချိန်မရှိတော့ဘူး"

"ကိုကို ဘာတွေ လာအော်နေတာလဲ..၊ ဆူး အမှန်အတိုင်း ပြောနေတာ"

မညာချင်ပေမယ့် အမှန်ကို မပြောရဲသည်မို့...

"သူက ဆူး တို့ကို ကြည့်ပြီးတော့တောင် ကဲ့ရဲ့နေသေးတယ်၊ သူ့ပုံစံကို ဆူး သူငယ်ချင်းတွေက ရယ်တာကို စ,သွားကတည်းက မကျေနပ်မှုတဲ့ဟာ..."

"ပေး... ကားသော့"

မိုးသောက် စိတ်မရှည်ဖြစ်ကာ ဆူး ဆုပ်ကိုင်ထားသည့်ကားသော့ကို သူ့ဘာသာ ဆွဲယူလိုက်ပြီး အိမ်ရှေ့ကို ခြေလှမ်းကျဲကြီးများနှင့် ထွက်၏။

သူမ အတွက် ပူပင်စိတ်က ငယ်ထိပ်ထိ ပစ်ဆောင့်လောင်မြိုက်နေသလို ခံစားနေရသည်။

သူ့ခများ တောကနေ ရောက်လာတုန်းကလည်း အတိဒုက္ခတွေ ရောက်လျက် အချိန်မတော်ကြီးကျမှ အိမ်ကို ရောက်လာခဲ့ရှာသည်။ ခုရော ဘာတွေ ဖြစ်ခဲ့ပြီလဲ..။

"ဟင်!..."

သူ ကားရှိရာကိုရောက်သွားသည်နှင့် မှောင်ရိပ်ထဲက ထွက်လာသည့် သူမ ကို မြင်လိုက်ရ၏။

"သူမ..."

သူမ က သူ့ကို ပြန်ငေးကြည့်နေပြီးမှ ဖျတ်ခနဲ ငုံ့သွား





မျက်ဝန်းကို လက်ခုံတစ်ဖက်နှင့် မသိအောင် ကပ်ထိ၏။ မျက်ရည်သုတ်လိုက်ခြင်းကို မိုးသောက် သိသည်။

"မင်း ဘာဖြစ်လာတာလဲ..၊ ဘာဖြစ်လို့ ကျန်ခဲ့တာလဲ"

ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်မေးလိုက်လျှင် သူမ ငိုချင်စိတ်ကို ဘယ်လိုမှ ထိန်းမရနိုင်ဖြစ်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလေသည်။

"သူမ ပြန်ရောက်လာတာလား"

အထဲက ဦးတိုးနိုင် ၏မေးသံနှင့် အရိပ်တွေကို မြင်လိုက်ရလျှင် သူမ မျက်ရည်သုတ်ဖို့ ကြိုးစား၏။ မိုးသောက် က လက်တွေကို မြှောက်မရအောင် ဖိဆုပ်ထားလိုက်ပြီး...

"ဟော့.. ဘာဖြစ်လာတာလဲလို့ မေးနေတယ်လေ"

"သူ့ဟာသူ အရဲကိုးထွက်သွားပြီးမှ ကြောက်လို့ ဖြစ်မှာပေါ့"

သူမ ရောက်လာမှန်းသိသည်နှင့် ဆူး အတင်း ရှေ့ထွက်လာကာ သူမ ဘာပြောရမည်မှန်း သိစေလိုက်တာဖြစ်သည်။

"ပြန်ချင်ပြန်တော့လို့ ပြောတာလေးကို သူက တကယ် ထ,ပြန်သွားတာ၊ မေးကြည့်ပေါ့၊ အဲဒီမှာ..."

"ဆူး...၊ မင်းကို ငါ မေးနေတာ မဟုတ်ဘူး"

"သူလဲ ဒါပဲ ဖြေမှာ၊ ဒီတိုင်းပဲ လုပ်သွားတဲ့ဥစ္စာ"

သူမ ပါးပြင်မှာ စိုလက်နေသည့် မျက်ရည်တွေကို မြင်လိုက်ကတည်းက ဆူး ပြောပြတဲ့ ဖြစ်စဉ်အတိုင်း မဟုတ်နိုင်ဘူးဆိုတာကို ဦးတိုးနိုင် ကလည်း သဘောပေါက်သည်။

ဒေါ်စိုးယု ၏ သက်ပြင်းချသံကြီးကြောင့် ရှက်လည်း ရှက်မိပါ၏။ သူ့ဟာ သမီးတစ်ယောက်ကိုတောင် မနိုင်နင်းခဲ့သည့် ဖခင်တစ်ယောက်..။

"ပြောလိုက်လေ သူမ..၊ မဟုတ်ကဟုတ်ကတွေပြောပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချုန်ဖို့တော့ မကြိုးစားနဲ့နော်၊ ကိုယ်လုပ်တာ ကိုယ်ဝန်ခံ…"

သူမ ကို နိုင်ရတိုင်း ဆူး က ရှေ့ကချည်းပဲ လမ်းကြောင်းပေးနေ၏။

သူမက ခေါင်းလေးညိတ်ကာ…

"ဟုတ်ပါတယ်၊ သူမ တစ်ယောက်တည်း ပြန်ခဲ့မိတာပါ"

ဆူး ပြောသလိုတော့ မဟုတ်ပေမယ့် ဒါဟာ မှသားတော့ မပါပေ။ သူမ ကိုယ့်ဒုက္ခ ကိုယ်ရှာပြီး နေခဲ့မိတာက အမှန်…။

မိုးသောက် ၏လက်တွေ သူမ ပခုံးထက်ကနေ လျှောကျသွား၏။

ခပ်သဲ့သဲ့သော သက်ပြင်းချသံတွေနှင့်အတူ ဦးတိုးနိုင် တို့ အထဲကို ပြန်ဝင်သွားကြ၏။ စိတ်အေးလက်အေး ဖြစ်သွားကြတာတော့ မဟုတ်ပါ…။

ဆူး ပြောသမျှတွေရဲ့နောက်ကွယ်က တစ်ခုခုကို သိခွင့်မရကြသဖြင့် ဒီမျှနှင့်ပဲ ထားလိုက်ကြရတာမျိုး…။

သူမ အိမ်ထဲဝင်သွားတော့ မိုးသောက် မျက်လုံးတွေက ဆူး မျက်နှာဆီ ရောက်သွား၏။ ဆူး က မသိချင်ယောင်ဆောင်ပြီး ပြန်လှည့်သွားလျှင်…

"ဆူး…"

သူ ဆူး ဘေးကို ခုန်လွှားရောက်လာသလို ဘွားခနဲ ရောက်သွားပြီး ရှေ့ကနေ ပိတ်ထားကာ…

"ဒီနေ့ည သူမ ဘယ်ဘဝရောက်နိုင်သလဲဆိုတာ မင်း သိရဲ့လား"

"သိတော့ ဘာလုပ်ရမှာလဲ…၊ သူတောင် မကြောက်လို့ သွားနေသေးတာ"

"အဲဒါ မဟုတ်ဘူးဆိုတာ ငါ သိတယ်၊ မင်း ဒီည မပြောလဲ နောက်နေ့ ပေါ်လာမှာပါ"

"ကိုကိုက ဘာလာဖြစ်နေတာလဲ…၊ ကိုကိုနဲ့ ဘာဆိုင်လို့လဲ"





မိုးသောက် မျက်နှာတင်းသွား၏။ ဒီလိုမေးခွန်းတွေ ဆူး နှစ်ကြိမ်မက မေးခဲ့ပြီးပြီ။ ဒေါသဖြစ်ပေမယ့်လည်း သူ့မှာ ပြန်လည်ချေပဖို့ မရှိပေ…။

နောက်မှာ ဘယ်သူတွေ ဘာတွေ ဖြစ်ကျန်ခဲ့သည်ကို သူမ ကတော့ မသိပေ။ လောလောဆယ် အဖြစ်ချင်ဆုံးက အခန်းတံခါးပိတ်၍ တစ်ယောက်တည်း ငိုနေချင်တာပဲဖြစ်၏။

ကမ္ဘာ…၊ ကမ္ဘာ ဆိုသည့်လူ၏လက်ထဲမှာ သူမ ဘဝပါလား…။

"လက်စွပ်ကို သူ မရခဲ့ဘူးလို့ ဂုဏ်မြင့်သူ က ပြောခဲ့တာ"

"မဟုတ်ဘူး၊ သူ့လက်ထဲကို သေချာ ထည့်ပေးခဲ့တာပါ၊ တကယ်ပါ၊ လက်စွပ်ဆိုတာပဲ သိတယ်၊ ဘယ်လိုဟာမှန်းတောင် သူမ မသိဘူး၊ အဲဒါ ပေးလိုက်ပြီးမှ သူမ ပြန်ဖို့ လမ်းစရိတ်ထုတ်ပေးတာ၊ သူ ပေးတဲ့ ပိုက်ဆံတစ်သောင်းပဲ သူမ ယူခဲ့တာ…"

"ဘာဖြစ်ဖြစ် ငါ မင်းလက်ထဲကို ထည့်ပေးလိုက်တာပဲ၊ သူက မရဘူးဆိုရင် မင်း ယူထားတာကလွဲပြီး ဘာဖြစ်နိုင်မှာလဲ…၊ မင်းနဲ့ငါ ဆုံခဲ့တဲ့ စားသောက်ဆိုင်မှာ ဗီဒီယိုကင်မရာတွေ ရှိတယ်၊ ငါ ပေးတာကို မင်း လက်ခံယူသွားတဲ့ ပုံရိပ်တွေပေါ့၊ လိုအပ်ရင်သုံးဖို့ အဲဒီခွေ ငါ ကူးယူထားတယ်၊ အခု ငါ့ကို ခြေတစ်ဖက်၊ လက်တစ်ဖက်ကျိုးအောင်၊ ခေါင်းကွဲအောင် ကားနဲ့တိုက်ပြီးပြေးတဲ့ မင်းနဲ့ ဟိုတစ်ယောက်ကိုရော၊ ဒီကိစ္စအတွက် ငါ ကျေနပ်မယ် ထင်လို့လား"

"ရှင် စွဲချက်တင်နေတာတွေအားလုံး သူမ နဲ့ ဘာမှမဆိုင်ဘူး၊ လက်စွပ်ဆိုတာလဲ မသိဘူး၊ သူမ ကားလဲ မမောင်းတတ်ဘူး၊ အဲဒါတွေကို ဘာလုပ်ပေးရဦးမှာလဲ၊ ရှင်က တရားစွဲချင်လို့လား"

"အဲဒါတွေ မနက်ဖြန်ကျမှ ပြောမယ်၊ ဒီည မင်း စဉ်းစားလ…၊ မင်းက မဆိုင်ဘူးလို့ ထင်ခဲ့ပေမယ့် ဒီအမှုတွေ မင်းကြောင့် ဖြစ်ခဲ့တာ ဟုတ်,မဟုတ်…"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖုန်းနှင့် သူမကို ဓာတ်ပုံရိုက်ယူခဲ့သည်။ ရိုးရိုးလေး မဟုတ်ပါ။ သူ ထိုင်လျက်ကနေ လက်ကိုဆွဲချလိုက်သဖြင့် သူမ ပြိုလဲသွားတုန်း ပခုံးကိုဆွဲဖက်လိုက်ပြီး ရိုက်ပစ်လိုက်တာဖြစ်သည်။

သူ ဘာလုပ်လိုက်မှန်း နားမလည်သော်လည်း…

"မနက်ဖြန် မင်း မလာဘဲနေရင် ဘာဖြစ်သွားနိုင်လဲဆိုတာ စိတ်ဝင်စားတယ်ဆိုရင်တော့ ရတယ်နော်"

အလွန် မုန်းတီးဖွယ်ကောင်းသော ဆံပင်တွန့်ကောက်ကောက် ကုတ်ထောက်နှင့်မျက်နှာသည် သူမအတွက် အာဏာပါးကွက်သားကြီးနှင့် တူ၏။

"ခဏစောင့်..၊ မင်း ပြန်ဖို့ ငါ စီစဉ်ပေးမယ်"

လို့ ပြောပြီး ဒဏ်ရာကို သူ့ဘာသာ ဆေးထည့်ပြီး ပလတ်စတာလေးတစ်ချက် တုပ်ထားလိုက်တာနှင့် ပြီးသွားပြီဟု သတ်မှတ်သည်။

ဆံပင်တွေအောက် နဖူးထောင့်မှာဖြစ်လျက် ဒဏ်ရာကြီးသလား။ သေးသလား သူမ မသိသလို သူကိုယ်သူလည်း သိပုံမပေါ်..။

ပလတ်စတာကပ်လိုက်ပေမယ့် သွေးတွေ ချက်ချင်းစို့စွတ်ရဲတက်လာတာကို မြင်နေရ၏။ သူမ ဒဏ်ရာကို ငေးကြည့်နေသော်လည်း ထိုအချိန်လေးမှာ အတိတ်မေ့သွားခဲ့သလိုပင်..။

မနက်ဖြန် ဘာတွေဖြစ်မှာလဲ..၊ သူ ဘာလုပ်ချင်ပါလဲ..။

မဟုတ်တရုတ်လုပ်မည့်သူ မဟုတ်ဘူးဆိုတာကိုတော့ သေချာသည့်အကြောင်းပြချက်မရှိပေမယ့် သူမ အတိအကျသိနေ၏။

ခဏစောင့်ဆိုသည့်ကားကို တော်တော်ကြာအောင် စောင့်လိုက်ရသည်။ ဒီကားပေါ်ကိုတက်ပြီး ယုံကြည်စွာစီးနင်းလိုက်ပါဖို့ သင့်,မသင့်ကိုလည်း သူမ တွေးဖို့ မေ့နေခဲ့၏။

ကိုယ့်အိမ်ပြန်ရောက်ပြီး မိုးသောက်နေ ထွက်လာတာကိုမြင်လိုက်ရမှ ကိုယ့်ကိုယ်ကို ငိုနေမိသည်မှန်း သတိရသည်။





ဆူး ကတော့ အိမ်မှာ သေချာအကွက်ရွှေ့ပြောပြထားခဲ့လေသည်။ ဆင်းနေခဲ့မိတာလည်း ကိုယ်ပဲမို့ သူမ ဘာမှပြန်မပြောချင်တော့ပါ..။

ဒီအတွက်ကြောင့် နောက်တစ်နေ့မိုးလင်းတာနှင့် ဖြေရှင်းဖို့ရှိနေသမျှ ပြဿနာအလုံးအရင်းဟာ သူမနှင့်သာ သက်ဆိုင်တော့သည်ဖြစ်မှန်းလည်း နားလည်ခဲ့၏။

သိန်းငါးဆယ်ကျော်တန်သည့် လက်စွပ်တစ်ကွင်းအတွက် အလျော်အစား...၊ ကားတိုက်ပြေးသည့်အမှု...။

အခု ဆူး ပြောတဲ့အတိုင်း သူမ ခေါင်းညိတ်ခဲ့ခြင်းသည် ဒီည ဒီကား ဒီလိုဖြစ်ခဲ့ပါသည်ဆိုတာကို ပြည်ဖုံးကားချလိုက်ခြင်းသာဖြစ်ရာ ဘယ်လိုမှ အစပြန်ဖော်ဖို့ မဖြစ်နိုင်တော့ပေ..။

လူတတ်ကြီးလုပ်ပြီး ခေါင်းခံဖြေရှင်းတယ်ပြောရအောင်လည်း သူမ ဘာမှမတတ်ပါ။ ဒါပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

သူမ ဆိုသော မိန်းကလေးသည် ညကလိုပုံစံလေးတိုင်းပဲ သူ့ရှေ့ကို ပြန်ရောက်လာခဲ့၏။

ဒါပေမယ့် ဆံပင်ကို ကျစ်ဆံမြီးနှစ်ဖက်ကျစ် ချထားတာမဟုတ်ဘဲ ကျောနောက်မှာ ဖြစ်သလို စုစည်းထားတာ ဖြစ်သည်။

အမြဲတမ်း ကျစ်ဆံမြီးနှင့်ပဲ အနေများပုံရသည့်ဆံပင်တွေက ဒီတိုင်းထားတော့လည်း ခပ်တွန့်တွန့်တွေမပြေဘဲရှိသောကြောင့် သူ ပြုံးမိ၏။ ပထမဆုံး ဂုဏ်မြင့်သူ အဖြစ်နဲ့ သူ့ကို လာတွေ့တုန်းကတော့ ဘယ်လိုမှ ပုံကျလုပဖို့မရှိသည့် ဒီဆံပင်တွေကို တမင်ဖြန့်ချလာခဲ့တာ ဖြစ်နိုင်၏။

"ထိုင်လေ၊ ဘာရပ်လုပ်နေတာလဲ"

"ရှင် ဘယ်လိုစီရင်မှာလဲဆိုတာ နားထောင်ဖို့ သူမ လာတာ"

"နားထောင်ပြီး တန်းပြန်သွားလို့ရမှာ မဟုတ်ဘူးလေ၊ မင်းနဲ့ငါ နောက်ထပ်ရှင်းရဖို့တွေ ရှိသေးတယ်၊ အဲဒီတော့ အခု ထိုင်လိုက်ပါ"

သူ စီးကရက်မီးညှိနေတုန်း သူမ ရှေ့ကိုတိုးလာ၏။ တိုက်ခန်းတစ်ခုလုံးမှာ တစ်ယောက်တည်းနေတာလားဆိုသည့် အကြည့်တွေ ဟိုဒီဝေ့ပတ်သွားပြီးမှ ထိုင်လိုက်တာကို ကမ္ဘာ အားလုံး မြင်သည်။





ပန်းနုရောင် အပေါ်အောက်ဆင်တူလေးနှင့် မျက်နှာလေးက လုံးတာပြားတာမဟုတ်ဘဲ ပြည့်ပြည့်ဝင်းဝင်းလေးနှင့် မျက်ခုံးထူထူလေးတွေက ထင်းနေ၏။

နှစ်ခါဆုံပြီးသည့် သုံးခါမြောက်မှာ သူမ မျက်နှာကို ပထမဆုံး သေချာကြည့်ဖြစ်ခဲ့ခြင်း ဖြစ်၏။ သူမ ကလည်း သူ ဘာမှထပ်မပြောတော့ မျက်ခုံးလေးတွေတွန့်ကုတ်လျက် ပြန်ကြည့်ရာ မျက်လုံးချင်းဆုံသွားသည်။

"သူမ တစ်ခုပြောချင်တယ်"

သူ မပြောတော့ သူမ ကပဲ စ,ပြောလိုက်၏။ ကမ္ဘာ က စီးကရက် ရှိုက်ရင်း ခေါင်းညိတ်ကာ…

"ပြောလေ.."

"ဂုဏ်မြင့်သူ နဲ့ သူမ ရှင့်ရဲ့ရှေ့မှာပဲ စကားပြောချင်တယ်"

"သူ နိုင်ငံခြားထွက်သွားတယ်"

ဘယ်လိုမှယုံမှာမဟုတ်သည့် မျက်လုံးတွေ ကမ္ဘာ ဆီ ရောက်လာ၏။ ညက ပလတ်စတာနှင့် ဖြစ်သလိုကပ်ပိတ်ထားသည့်ဒဏ်ရာဟာ ပတ်တီးနှင့်ဖြစ်နေလျက် ဘယ်လက်မှာလည်း ပတ်တီးနှင့်ဖြစ်သည်။

ဆိုဖာမှာထိုင်နေတာမို့ ခြေတစ်ဖက် မထောက်နိုင်ခြင်းကိုတော့ ဘယ်လိုကုစားစီရင်ထားသည် မသိ..။

"အခု ငါ ဒီတိုက်ခန်းလေးထဲမှာ မိုးခိုသလိုနေရတာ ဘာဖြစ်လို့လဲလို့ မင်း မသိချင်ဘူးလား"

ဒီလက်စွပ်ပြဿနာနှင့်လား၊ သူမ ဖွင့်မမေးပေမယ့် သဘောပေါက်သွားပြီဆိုတာ ကမ္ဘာ က အကဲခတ်မိပြီး နှုတ်ခမ်းထောင့်တစ်ဖက် မသိမသာ တွန့်သွား၏။

"အခု ထပ်ပြီး ဒုက္ခိတလိုနေရဦးမှာလဲ မင်းကြောင့်ပဲ"

"ရှင် ဒါကိုပဲ အထပ်ထပ်တူးဖော်မနေပါနဲ့၊ သူမ ဘာလုပ်ပေး

www.burmeseclassic.com



ရမှာလဲ၊ ရှင့်မှာ အစီအစဉ်တွေရှိနေမှာပါ”

“ရှိတယ်၊ လက်စွပ်ကို မင်း ပြန်လျှော်ပေးနိုင်ရင် ပေးနိုင်မယ့်နေ့ကို အခု သတ်မှတ်ပြီး လက်မှတ်ထိုး”

သူမ မျက်နှာလေး နီမြန်းသွားသည်။ ကမ္ဘာ ဆိုသော မုန်းတီးဖွယ်ကောင်းသည့် ဆံပင်ရှည်ဘုတ်သိုက်နှင့်လူကတော့ ပြုံးခြင်းမဲ့ခြင်းကင်းသည့် မျက်နှာတည်တည်နှင့်…

“လက်စွပ်ကိစ္စပြီးတာနဲ့ ကားတိုက်ပြေးတဲ့အမှုကိုပါ ငါ ဖိတ်ပေးမယ်၊ မင်း မောင်းလာတာ ဟုတ်ဟုတ်၊မဟုတ်ဟုတ် ဒီကားက မင်းနဲ့အရင်းနှီးဆုံးပတ်သက်တဲ့သူ မဟုတ်လား၊ မင်းကိုယ်တိုင်က ဒါကို ထိခိုက်မခံနိုင်ဘူးဆိုတာလဲ သေချာတော့…”

“အဲဒါကြောင့် သူမ ကို ရှင်က အကျပ်ကိုင်တယ်ပေါ့”

“မကိုင်ပါဘူး၊ ငါ မင်းရှေ့မှာ ဘာဖြစ်နေသလဲ မင်းအမြင်ပဲ၊ ခုချိန်မှာ ငါ စားဖို့ ငါ ဖန်တီးရမှာ၊ ဒီလိုဖြစ်သွားတဲ့အတွက် ဆေးဖိုးမပြောနဲ့ စားသောက်ဖို့တောင် ငါ မဖန်တီးနိုင်တော့ဘူး”

ဒီလက်စွပ်ကိစ္စကြောင့် သူ့ကို အိမ်ပေါ်က နှင်ချခံထားရသည်လား..၊ ဒီလိုမှမဟုတ် ပြဿနာတွေ ဘယ်လိုဆက်စပ်နေခဲ့သလဲ..၊ သူမ လက်ဖဝါးထဲမှာ ချွေးစေးတွေနှင့် စိုထိုင်းထိုင်းဖြစ်လာခဲ့၏။

တစ်ညလုံး ငိုထားခဲ့သည့်မျက်လုံးတွေကလည်း လေးလံ ဖန်စပ်နေလေသည်။ ထို့ကြောင့် မျက်လုံးကို ဖွင့်လိုက်၊ဖိပိတ်လိုက်နှင့် မျက်တောင်ခတ်သည့်အကြိမ်ရေတွေ များနေခဲ့ပြီး…

“မင်း ငိုနေတာလား”

ကမ္ဘာ က မေးလိုက်တော့ သူမ စိတ်တိုသွားကာ…

“ဟုတ်တယ်..၊ အခုတော့ မဟုတ်ဘူး၊ ညကတည်းက ငိုနေရတာ မိုးလင်းတဲ့အထိပဲ၊ ရှင် ဒုက္ခပေးတော့မှာကို သိလို့လေ”

“ဟ!.. မင်း ရန်တွေ့ကောင်းလှချေလား၊ လောလောဆယ် ဘယ်





သူ့ဒုက္ခက ပိုကြီးနေသလဲ သေချာလဲကြည့်ဦး”

“ဘာပဲဖြစ်ဖြစ် လက်စွပ်ကို ဂုဏ်မြင့်သူ လက်ထဲ သူမ သေချာထည့်ပေးခဲ့တာ၊ သူနဲ့မတွေ့ရဘဲ ဒီပြဿနာကို သူမ လက်မခံနိုင်ဘူး”

“မင်းက မအူမလည်ပုံလေးနဲ့ ရှင့်လှချေလား၊ ဒီလက်စွပ်ကို မဟုတ်ဘဲ စွပ်စွဲရအောင် မင်းက လိမ်ချင် ကောက်ချင်စရာကောင်းလောက်အောင် ချမ်းသာနေလို့လား၊ မင်းနဲ့ပတ်သက်ဖို့အတွက်နဲ့ ငါက အမင် လမ်းပေါ်တက်ပြီး ကားတိုက်ခံသလိုလို…”

“မသိဘူး၊ ရှင့်ဟာရှင် ဘယ်လိုလူစားဖြစ်ဖြစ်၊ သူမက ရန်ကုန်မြို့ပေါ်တက်လာကတည်းက ထမင်းစားစရာတောင်မရှိလို့ သူများကျွေးတာစားပြီး ခိုင်းတာလုပ်ခဲ့ရတာ၊ အဲဒါကြောင့် ရှင်နဲ့ပတ်သက်ဖို့အကြောင်းတွေဖြစ်ခဲ့ရတာ၊ ဒီလောက်အဖိုးတန်တဲ့ပစ္စည်းကို ဘယ်လိုသူပ် လျှော်နိုင်မှာလဲ၊ ရှင် ရိုးသားတယ်ဆိုရင် ဖြစ်နိုင်တာတွေ ပြောပါလား”

ကမ္ဘာ က သူမ မျက်ခွံမို့မို့လေးတွေကို စိုက်ကြည့်ပြီး တင်းခန့်ဖြစ်သွားသည့်မျက်နှာကို ပြန်လျှော့လိုက်၍…

“ကောင်းပြီ၊ ဖြစ်နိုင်တာကိုပြောမယ်၊ ဒီလက်စွပ်က ငါတို့မိသားစုအစဉ်အဆက်က လက်ထပ်ခွင့်တောင်းခဲ့တဲ့လက်စွပ်၊ ဒါကြောင့် လက်စွပ်က ဂုဏ်မြင့်သူ ဆီကို မရောက်ခဲ့ဘူးဆိုရင် ဘယ်မှာလဲဆိုတဲ့ဖြစ်မနေ စစ်ဆေးမှုတွေ ဖြစ်လာတာမဲ့၊ အဲဒါကို ငါ မဖြေနိုင်လို့လဲ ခုလို ဒုက္ခရောက်နေတာ၊ တကယ်လို့ ဂုဏ်မြင့်သူ ကို သဘောမကျလို့ ကျွန်တော်ချစ်တဲ့မိန်းကလေးကိုပဲ လက်ထပ်ခွင့်တောင်းခဲ့တာပါလို့ ပြောနိုင်ရင် ပြဿနာအားလုံး အေးပြီ”

“ဒါဆိုလဲ ရှင် အဲဒီလိုပြောလိုက်ပါရှင်၊ သူမ အဲဒီလက်စွပ်ကို အကယ်မယူပါဘူး၊ ဂုဏ်မြင့်သူ ဆိုတဲ့တစ်ယောက် နိုင်ငံခြားက ပြန်လာတဲ့အထိ ရှင် စောင့်ပါ”

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ က သူမ ကို တိတ်ဆိတ်စွာပဲ ကြည့်နေခဲ့၏။ ဒီမိန်းကလေး ကို သူ ယုံကြည်နေသည်။ အစကတည်းကလည်း သူမ ကို မယိုးစွပ်ခဲ့ မိပါ။

ဂုဏ်မြင့်သူ က ခေါင်းခါခြင်းကို ဘယ်လိုမှ မပြင်ဆင်ခဲ့ခြင်း ကြောင့်သာ မပြေးသော်ကန်ရာရှိဆိုသလို ဖြစ်နိုင်တာကို ထည့်တွက် ထားခဲ့ရခြင်း ဖြစ်သည်။

ခုလည်း သူ့ဆီက လက်စွပ်ဖိုးတန်ဖိုးကို သူ အလိုရှိတာမဟုတ် ပေ။ သူ့ဘက်မှာ မဖြစ်မနေဆုံးဖြတ်ဖို့ လိုအပ်နေသော တစ်စုံတစ်ရာ သည်··။

“ရှင်··· ရှင် လက်ခံပေးမလားဟင်”

“ဆက်ပြောပါ”

“တကယ်လို့ သူကိုယ်တိုင်က ရှင်ပြောသလိုပဲပြောတယ်ဆိုရင် တော့ သူမ ရဲ့ကံကြမ္မာပါပဲ၊ အဲဒီကျရင်···”

“မင်း ပြန်လျော်မယ်ပေါ့”

“သူမ···”

မျက်ဝန်းမှ မျက်ရည်တွေ ပြိုးပြက်လက်လာကြသည်။ စားခဲ့ သည့်အစားတစ်လုတ်နှင့် ပြန်လည်ပေးဆပ်ရတာ တန်ရဲ့လား··။

သူမ ရှက်ရမှန်းလည်း မသိတော့ဘဲ စူးစိုက်ကြည့်နေသည် ယောက်ျားတစ်ယောက်ရှေ့မှာပဲ အင့်ခနဲ ရှိုက်မိလေသည်။

“မင်းက ပေးစရာမရှိသလို ငါ့မှာလဲ ဖြေရှင်းဖို့နည်းမရှိဘူး အဲဒီတော့ မင်းနဲ့ငါ အပေးအယူတစ်ခုလုပ်လို့ရတယ်၊ မင်း စိတ်ဝင်စားလား”

“ဟင်!···”

သူမသည် ဘာမှလိမ်းကျံမထားသည့်အပြင် ငိုထားသည့် ပါး နီနီလေးတွေနှင့် မျက်နှာလေး မော့လာ၏။ ကမ္ဘာ က မျက်နှာလွှဲထား လိုက်ပြီး···



“မင်းက ငါ လက်ထပ်ခွင့်တောင်းထားတဲ့ မိန်းကလေးအဖြစ် ခဏ ဟန်ဆောင်ရမယ်”

“ဘာ!···”

သူမ နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။ ကမ္ဘာ က မှုန်ကုပ်ကုပ် မော့ကြည့်၍···

“ဘာဖြစ်သွားတာလဲ”

“ဘာဖြစ်တာလဲ ဟုတ်လား၊ သူမ က ရှင့်ရဲ့···”

“မင်းကို တကယ်ပြောနေတာမှ မဟုတ်တာ၊ အချိန်ကာလတစ်ခုခု သတ်မှတ်ပြီး လက်စွပ်တန်ဖိုးနဲ့ အလုပ်သဘော စာချုပ်ချုပ်မှာ···”

သူမသည် ဝမ်းပမ်းတနည်းဖြစ်နေသည့်ဟန်တွေ၊ အားငယ်ကြောက် ရွံ့နေတာတွေ ပျောက်ကွယ်လျက် မျက်လုံးပြူးလေးနှင့် ကမ္ဘာ့ ကို ငေးငိုင်ကြည့်နေတာ ကြည့်နေလျက်နှင့် မမြင်တဲ့အတိုင်း··။

ကမ္ဘာ က အကောင်းတိုင်းကျန့်သည့် လက်တစ်ဖက်ကို ဆိုဖာ လက်ရုံမှာ ဆန့်တင်လိုက်ပြီး ကိုယ်ကို ခပ်လျော့လျော့မြှုပြင်လိုက်၍···

“ငါ့ရဲ့အုပ်ထိန်းသူတွေနဲ့ ပြောဖို့ဖြစ်လာတဲ့အခါ မလွဲမရှောင်သာ ပြနိုင်ဖို့အတွက် မင်း ရှိနေပေးရမယ်၊ ကျွန်တော် ချစ်တဲ့သူကို လက် ခံထားပြီးပြီလို့ ငါ ပြောနိုင်တယ်ဆိုရင်···”

“ရှင့်အတွက် ပြဿနာပြီးသွားနိုင်တာပေါ့၊ ဒါပေမယ့် သူမ က ရှင်နဲ့လက်ထပ်ထားတဲ့မိန်းမအဖြစ်နဲ့ ဘဝပျက်သွားပြီလေ”

“ဘာလို့ပျက်ရမှာလဲ၊ မင်း ငါ လိုအပ်တဲ့အချိန် အနားမှာ ခဏ ရှိနေပေးရုံပဲ၊ မင်းနဲ့ငါ ဘာမှပတ်သက်စရာ မရှိဘူး၊ အဲ··· ပိုင်သားစွာပတ်သက်ဖို့ မလိုတာကိုပြောတာ၊ ပြတ်ပြတ်တောင်းဆို ဆက်နေလို့တော့ မရဘူး”

သူမ ပြောချင်တာတွေများနေပြီး ရှုတ်တရက် ဘယ်လိုစကားကို ပြောရမှန်းမသိအောင် ရင်တွေတုန် စိတ်တွေလှုပ်ရှားကာ လက်သီး

www.burmeseclassic.com

www.burmeseclassic.com



လေးနှစ်ဖက်ဆုပ်ထားလျက် သူ ပြောသမျှ နားထောင်နေရသလိုဖြစ်[illegible] ခဲ့၏။

"ငါ အားလုံးစီစဉ်ပြီးပြီ၊ မင်း ငါ့ဆီကို မနက် သို့မဟုတ် ညနေ တစ်ခေါက်ကို ပုံမှန်လာရမယ်၊ အဲဒါက ငါ့အတွက် စားသောက်[illegible] ဒီမှာ မင်း ချက်ပြုတ်ပေးရမှာ…"

ကမ္ဘာ က သူမ ကို မကြည့်မိအောင် မျက်နှာခပ်လွှဲလွှဲထား[illegible] ပြောဖို့ရှိတာကို ပြီးဆုံးအောင်ပြောနိုင်ဖို့ပဲ ကြိုးစား၏။

ဒီအချိန်မှာ သူမ လိုမိန်းကလေးပဲ သူ့အတွက် အလိုအပ်ဆုံး[illegible] ထို့ကြောင့် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူ့ဘက်မှာ[illegible] တကယ်ဖြစ်နေတာတွေရော၊ မဖြစ်ခဲ့တာတွေရော သူမ ကို ထိန်း[illegible] ထားနိုင်ရေးအဓိကနှင့် ဖြစ်သလို ပြောနေခဲ့ရသည်။

မတတ်နိုင်…၊ ကိုယ့်အခက်အခဲပြေပျောက်ဖို့ အရေးတကြီးဖြစ်[illegible] ချိန်မှာ သူမ နှင့် တိုက်ဆိုင်စွာ ပတ်သက်ငြိတွယ်ခဲ့သည်မို့…။

"ပြီးတော့ ငါ့အိမ်က မေးလာတဲ့အခါ ငါက လှမ်းခေါ်[illegible] မင်း သဘာဝကျကျနဲ့ ရောက်လာပေးရမယ်"

"ဒီမှာ ကိုကမ္ဘာ ဆိုတဲ့လူ…"

"ပြော…"

"လက်စွပ်ပျောက်တာ၊ ဘယ်လောက်တန်တာ ရှင် ပြောတဲ့အတို[illegible] သူမ က ယုံကြည်ပြီး တစ်ထိုင်တည်းနဲ့ ဟန်ဆောင်လက်ထပ်ဖို့ လ[illegible] မှတ်တွေထိုး၊ ရှင့်ကို ပြုစုပါ့မယ်ဆိုတဲ့အချက်တွေကို လိုက်နာ၊ အား[illegible] ပြီးလိုက်ရမယ်ပေါ့၊ သူမ မလည်မဝယ် မိန်းမတစ်ယောက် ဟုတ်[illegible] ဟုတ်မယ်၊ အဲဒီလောက်တော့ မနုံဘူး သိလား"

"ဒါဆိုလဲ မင်းသဘောပါ၊ ခုချက်ချင်း မင်း ငါ့ရှေ့က ထွက်[illegible] လို့လဲ ရတယ်၊ ဒါပေမယ့် ငါလဲ ဒုက္ခတွေနဲ့ ရင်ဆိုင်နေရတဲ့အ[illegible] ငါနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ မင်းကိုပဲ ငါ့ဒုက္ခတွေ မျှဝေရမှာ[illegible]



[illegible] ငါ့ရှေ့က ထွက်သွားနိုင်တာနဲ့ ဒါတွေ မင်းနောက်မှာ ကျန်ရစ်ခဲ့ပြီ [illegible] မထင်နဲ့၊ မင်း ရှေ့မှာ ကြိုစောင့်နေမှာ…"

သူမ ငိုင်သွားလေသည်။ ကားတိုက်မိသည့်နေရာမှာ သူမ မျက်[illegible]ကိုမြင်တာနှင့် လက်စွပ်သူခိုးဟု သူ ချက်ချင်းပြောခဲ့တာကို မမေ့ပါ…။

လက်စွပ်ပြဿနာဟာ တကယ်ဖြစ်ခဲ့တာကို မယုံကြည်လို့ မဖြစ်…၊ [illegible]ဖြင့် ကားတိုက်ပြေးသည်ဆိုသောအမှုကို သူက တိုင်တန်းမည်ဆို[illegible] ဒီပြဿနာ ကိုယ့်ကြောင့် မဟုတ်နိုင်တာကို ယုံချင်ယုံကြလိမ့်မည်။

ဆူး ကတော့ 'နင့်ကြောင့်' လို့လက်ညှိုးထိုးကာ သူမ ကို ပက်[illegible]စက်စက် မုန်းတီးသွားမှာ သေချာ၏။ ဘာဖြစ်လို့လဲဆိုလျှင် ဆူး[illegible]သည့်ကြားက လူနာကို မပစ်ခဲ့နိုင်ဘဲ ဆင်းကြည့်ခဲ့မိတာက သူမ…။

"မင်း စဉ်းစားပေါ့"

ကမ္ဘာ့ အသံ ပေါ်လာပြန်သည်။ ဒီတစ်ခါ သူနှင့်သူမ မျက်လုံး[illegible] တည့်တည့်ဆုံသွားပြီးမှ သူက အေးစက်စွာကြည့်၍…

"မင်းကြောင့်လို့ ခိုင်လုံစွာသတ်မှတ်ဖို့ သက်သေ အထောက်[illegible]ထားတွေ ငါ့မှာ ရှိတယ်၊ စားသောက်ဆိုင်က ကူးယူထားတဲ့ မင်းနဲ့[illegible] လက်စွပ်အပေးအယူလုပ်ခဲ့တဲ့ ဗီဒီယိုမှတ်တမ်းရယ်၊ မနေ့ညက [illegible] ဆေးလာကုတဲ့ဆရာဝန်ရယ်၊ မင်းကို ပြန်လိုက်ပို့တဲ့ ငါ့သူငယ်[illegible] ကျော်သက် ရယ် လက်စွပ်အမှုရော၊ ကားတိုက်မှုရောပေါ့…"

သူမ နေရာမှာပဲ တအိအိ ပြန်ထိုင်ကျလေသည်။

ကမ္ဘာ သည် ဘေးခွဲမကျတကျပုံကြောင့် တစ်ဖက်စောင်း ပြိုကျ[illegible]သော ဆံပင်တွေကို မသပ်ဘဲ သူမ မျက်နှာကို စူးစိုက်ကြည့်၏။ ကြည့်လေ… သေချာလေ ဖြစ်ရခြင်းသည် သူ့ပြဿနာအတွက်[illegible] [illegible]ကလေးသာ အသင့်တော်ဆုံး ဖြစ်နေခြင်း…။

"သူမ က ရှင့်ကိစ္စကို သဘောတူလိုက်ရင် ဦးလေးတို့[illegible]သားစုကို [illegible]ယ်လိုရင်ဆိုင်ရမလဲ၊ သူမ ဘက်မှာ…"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မသိဘူး သူမ..၊ အဲ..."

ကမ္ဘာ က စကားပြောရင်း ပါးစပ်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားသည်။ ရပ်ပစ်လိုက်ပြီး ဆံပင်တစ်ခြမ်းကို မျက်နှာမော့၍ ခါပစ်လိုက်သည်။ ပြီးမှ...

"သူမ ဆိုတာကြီးက ခေါ်လို့မကောင်းဘူး၊ သူမ ရဲ့ အင်္ဂလိပ် က ရှီ ဆိုတော့ မင်းကို ရှီ လို့ပဲ ခေါ်မယ်"

"အို!... သူမ နာမည်က သူမ ပဲဟာ..."

"ဟုတ်တယ်..၊ ငါ တစ်ယောက်တည်း ခေါ်တဲ့နာမည်မျှ ရှီ လို့ပဲ မှတ်ထား"

ကမ္ဘာ က သူ့ဟာသူ ရွေးချယ်၍ သူ့ပဲ ဆုံးဖြတ်၏။ လတ် ပြောဆိုနေကြသည့် အကြောင်းအရာကလည်း နာမည်ပြောင်းလဲခြင်း နှင့် မသက်ဆိုင်တာမို့ သူမ ငြိမ်နေလိုက်မိသည်။

"အခု မင်းနဲ့ သဘောတူစာချုပ် ချုပ်ဖြစ်ခဲ့ရင် ဒီကိစ္စက မင်း ငါရယ်၊ ငါ့အိမ်သားတွေရယ် ဒါပဲ သိတယ်"

"ရှင်က တကယ် နှုတ်လုံပေးမှာလား"

"ဘာ!..."

ကမ္ဘာ့ မျက်လုံးက သူမ ကိုယ်ပေါ်မှာ အထင်မြင် မကြီးနိုင်သော မဲ့ပြုံးနှင့် တစ်ပတ်ဝေ့သွားခဲ့ပြီး...

"မင်းကိုယ်မင်း ပြန်ကြည့်ပါဦး"

"ဟင်!..."

သူမ တကယ်ပဲ ပြန်ငုံ့ကြည့်၏။ ပြီးတော့ ပြန်မော့လာကာ...

"သူမ က ဘာဖြစ်နေလို့လဲ"

"မင်းကို ငါ့ဇနီးပါလို့ လျှောက်ကြွားနေရအောင် မင်း ဘယ် လောက်လှနေသလဲဆိုတာလေ၊ အဟွန်း..."

သူမ က ဒေါသဖြစ်မသွားဘဲ ဒါလည်း မှန်တာပဲဆိုသည့် မျက်





နှာလေးနှင့် မျက်တောင်တဖျပ်ဖျပ်ခတ်နေရင်း...

"ဟုတ်ပါတယ်၊ သူမ က ရှင် စိတ်ကူးချင်စရာမရှိတဲ့ပုံမျိုးပါ၊ အဲဒါမျိုးကို ရှင့်အိမ်က လူတွေကရော ယုံပါ့မလား"

"ဒါ မင်းကိစ္စ မဟုတ်ပါဘူး"

"ဒီလိုတော့ မပြောနဲ့လေ၊ သူတို့က ရှင်နဲ့ သူမ ကို မတူဘူး၊ တော်ဘူးဆိုပြီး ပြောလားဆိုလား လုပ်လာရင် သူမ ပဲ ခံရမှာ..."

"အဲဒီလို မဖြစ်စေရဘူးလို့ ကတိပေးတယ်"

"သူမ က သဘောတူတယ်ဆိုရင် အချိန် ဘယ်လောက်လောက် တာဝန်ဆောင်ပေးရမှာလဲ"

"ခြောက်လ"

"ခြောက်..လ..."

သူမ က သံယောင်လိုက်ပြောရင်း မျက်တောင်များတို့မှာ စိုစွတ် နေဆဲ မျက်ရည်တို့ကို ဖြစ်သလို ပွတ်သုတ်ပစ်ကာ...

"အဲဒီခြောက်လပြည့်တာနဲ့ လက်စွပ်ကိစ္စနဲ့ ကားတိုက်မှုတွေ အားလုံးကို ဖျောက်ဖျက်ပစ်မယ်ပေါ့"

"ဟုတ်တယ်"

"ဟင့်အင်း..၊ သူမ လက်မှတ်ထိုးပြီးတာနဲ့ ရှင် အဲဒါတွေ ဖျောက် ပေးပါ၊ ပေးဆပ်နေရမယ့် ခြောက်လအတွင်းမှာတော့ စားကောင်းခြင်း၊ အိပ်ကောင်းခြင်းနဲ့ နေပါရစေ၊ လက်မှတ်ထိုးပြီးနေကာမှ ရှင့်ကို သူမ ရှောင်ပြေးနေလို့လဲ ရတော့မှာမှ မဟုတ်တာ၊ ဒါလေးတော့ ရှင် လိုက်လျောပေးဖို့ စဉ်းစားပါ"

ကမ္ဘာ က မေးဖျားခပ်လှုပ်လှုပ်နှင့် တံခါးဆီကို လှမ်းငေးရင်း စဉ်းစားသလို လုပ်နေ၏။ ပြီးမှ ခေါင်းညိတ်ကာ...

"ဒါဆို မင်း သဘောတူပြီပေါ့"

"နေပါဦး..၊ ဟို..."



www.burmeseclassic.com

www.burmeseclassic.com



သူမ က ခြောက်ကပ်ကပ် တင်းတင်းကြီး ဖြစ်နေသည့် ပါးပြင်ကို လက်ဖဝါးနှစ်ဖက်နှင့်အုပ်၍ ပွတ်သပ်နေသေးသည်။ ပြီးမှ အားတင်းလိုက်သည့်မျက်နှာလေးနှင့်…

"စာချုပ်ပါ အချက်အလက်တွေကို သူမ ကျေနပ်မှဖြစ်မှာ၊ ပြီးတော့ အဲဒီထဲမှာ ဂုဏ်မြင့်သူ နဲ့ သူမ တွေ့ဖြစ်ခဲ့လို့ သူ့ဆီက အဖြေက တစ်မျိုးထွက်လာရင် အဲဒီနေ့မှာ စာချုပ်သက်တမ်းကို တစ်ဝက် လျှော့ပေးရမယ်"

ကမ္ဘာ က ပြုံးလိုက်သည်။ သူမ ဆိုတဲ့ မိန်းကလေးက မဆိုးဘူးပဲ…။ အူလည်လည်ကောင်မလေးလို့ ကြည့်နေမိသည့် ကမ္ဘာ့ မျက်လုံးထဲမှာ အထင်ကြီးခြင်းတွေ ရှပ်တိုက်ပြေးသွား၏။

ဒါပေမယ့် သူ့အတွက်က ဒီထိ မလိုအပ်ပေ။ သူမ ကိုယ့်ဖနီးအဖြစ် လက်မှတ်ထိုးလိုက်တာနှင့် သူ့ပြဿနာက ပြီးပြီ…။

"ရတယ်လေ…၊ လက်မှတ်မထိုးခင် မင်း ဖတ်ကြည့်ပေါ့၊ ဒါဆို မြန်မြန်လုပ်ရှားမယ်၊ ဒီညနေ မင်း လာခဲ့လိုက်…"

သူမ ခေါင်းညိတ်ခဲ့လေသည်။

တစ်နေကုန် စိတ်တို့ လွင့်ပျံ့ရင်း အယောင်ယောင်အမှားမှားတွေလည်း ဖြစ်၏။ မျက်နှာဖြူနုနု ခပ်သွယ်သွယ် ဆံပင်တစ်ခြမ်း ခပ်အုပ်အုပ်နှင့် ဂျစ်ကန်ကန်ကြည့်တတ်သော မျက်ဝန်းတွေကိုမြင်ယောင်တိုင်းငိုချင်နေသည်။

ဒီလူ ဘယ်လိုလူစားလဲ…၊ သူ့ပြဿနာတွေက ဘာလဲ၊ မရေရာပေမယ့် သေချာနေသော ပြဿနာတွေကြောင့် သူမနှင့် သူ ငြိမိခဲ့ပြီဖြစ်၏။

နောက်နေ့တွေမှာ…။





## အခန်း (၁၈)

"ဒီတိုက်ခန်းလေးပဲ သူမ၊ ညည်း သဘောကျရဲ့လား"

"ရှင်… ဟုတ်… ဟုတ်ကဲ့ ဦး"

ဒီဇိုင်နာတစ်ယောက် ဖြစ်နေပြီမို့ ကိုယ့်အလုပ်ခန်းလေးနှင့်ကိုယ်ရှိသင့်သည်ဟု သတ်မှတ်ကာ ဦးက တိုက်ခန်းရှာသည်။

အစက အားမပေးခဲ့ပေမယ့် ဒေါ်ဒေါ်ကလည်း ခုတော့ ကိုယ်တိုင်လိုက်ကြည့်ပေးရှာ၏။

"သုံးလွှာမှာဆိုတော့ သိပ်တော့ မမြင့်လှပါဘူး၊ မြေညီထပ်ဆိုရင်သဲ ဈေးက နည်းမှာမဟုတ်ဘူးလေ၊ ညည်းက သဘောမကျလို့လား"

"ရှင်… မဟုတ်ပါဘူး ဒေါ်ဒေါ်၊ သူမ သဘောကျပါတယ်"

တကယ်တော့ သူမ တိုက်ဆိုင်တာကို ထိတ်လန့်နေတာ ဖြစ်သည်။ ဦး ရှာပေးတဲ့တိုက်ခန်းက ကမ္ဘာ နေတဲ့တိုက်ခန်းနဲ့ အလယ်တစ်လုံးကျော်လေးပဲ ဖြစ်သည်။

ဒါကို ပျော်ရမည်လား…၊ ထိတ်လန့်စရာလား ဝေခွဲမရနိုင်ဘဲ ကမ္ဘာ နဲ့ နီးကပ်နေတာကို ဦးတို့သိသွားမှာ ကြောက်နေမိတာမျိုး…။



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုင်လို့လဲ..၊ ကမ္ဘာ နဲ့ပြဿနာတွေ ဘယ်သူမှ သိတာ မဟုတ်ဘူး။

ဘာကြောက်နေတာလဲ သူမ..၊ စေတနာနဲ့ လုပ်ပေးနေတဲ့လူတွေ တစ်မျိုးထင်ကုန်ပြီ..၊ ဘယ်လိုလဲ..။

ကိုယ့်ကိုယ်ကိုယ် အားပေးထွမတ်ရင်း တံတွေးမျိုချ၍ ကိုယ်ကို တောင့်မတ်စွာ ရပ်မိသည်။

"လောလောဆယ်တော့ ငှားထားရတာပေါ့၊ ပွဲရုံကငွေကို ယူထည့် ပေးထားတာလေ၊ ဦးရဲ့ပွဲရုံက ရှယ်ယာလုပ်ငန်းဆိုတော့ ဒီငွေကို ညည်း ပြန်ပေးရမှာ.."

"ဟုတ်ကဲ့ပါ၊ သူမ ကြိုးစားပါ့မယ်"

ဦးတိုးနိုင် က ခေါင်းညိတ်သည်။ သူ ဒီတိုင်း ထောက်ပံ့ ထူ ထောင်ပေးချင်ပေမယ့် သူစိမ်းဖက်နေတာမို့ စိတ်ရှိတိုင်းတော့ မဖြစ်ပေ..။

ပြီးတော့ သူမ ကိုလည်း ဒီ့ထက် ကြိုးစားစေချင်သည်။ ဒါကို ဒေါ်စိုးယု ကလည်း နားလည်ကာ သူမ မျက်နှာလေးကို ငဲ့ကြည့်၍...

"ငွေပြန်ဆပ်ဖို့အတွက် အရေးမကြီးသလို ညည်းအတွက် အယ်း တကြီးဖြစ်မှာလဲ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက်အချိန် လေးအတွင်းမှာ ညည်း အရမ်း အောင်မြင်လာတာ မယုံနိုင်စရာပဲလေ ဒီအလုပ်ကို အထင်တကြီး မရှိခဲ့တဲ့ ငါကိုယ်တိုင် ယုံကြည်လာတဲ့အထိ ပေါ့"

တိုက်ခန်းကို ရှေ့ကနေပဲကြည့်ကာ သုံးယောက် ဒီတိုင်းရပ်၍ စကားပြောနေမိကြသည်။

"တကယ်ဆို ဒီတိုက်ခန်းတွေက ရောင်းမှာ၊ သူတို့က ညည်း ဦးလေးကို ခင်လို့သာ ငှားထားကြတာ၊ ကိုယ် အလုပ်လုပ်ရင်း သဘော ကျလာတော့လဲ ဝယ်လိုက်ပေါ့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"





"အိမ်နဲ့ နည်းနည်းဝေးပေမယ့် ကားစီးရတာ လွယ်တယ်၊ နယ် ဝေးက တပည့်တွေဘာတွေ ရလာတဲ့အခါ ညည်းလဲ အိမ်ကို သိပ်ပြန် ဖြစ်တော့မှာ မဟုတ်ပါဘူး၊ နောက် နှစ်လလောက်ဆို ညည်း နာမည် တင်လို့ရပြီ ထင်တယ်၊ ခုလဲ သူမ ဆိုတာ နာမည်ကြီးနေတော့ ဆိုင်း ဘုတ်တင်ရင်လဲ သူမ ပဲ ကောင်းပါတယ်၊ နော် ကိုတိုး..."

ဒေါ်စိုးယု က ရှေ့ဆက်တွေးပြီး ဦးတိုးနိုင် ကို ထောက်ခံမဲ တောင်းနေသေးသည်။

"အင်း... ဒါတွေက သူ့အလိုလို ဖြစ်လာမှာတွေပါ၊ ကိုယ့်အလုပ် က အမြဲ ကြိုးစားနေဖို့ပဲ..."

"ဟုတ်ကဲ့ ဦး၊ သူမ အစွမ်းကုန် ကြိုးစားမှာပါ"

ကတိပေးလိုက်ရပေမယ့် အခါက အခက်အခဲက မော်ဒယ်တွေ စုဝေးနေတဲ့နေရာတွေကို ရံဖန်ရံခါ လိုက်ရတာမျိုးတွေ ရှိတတ်ခြင်း ပင်..။

အလှအပတွေ ဖန်တီးရတာ ဝါသနာပါပေမယ့် သူမ ကိုယ့်ကိုယ် ကိုယ် လှသထက်လှအောင် ပြင်ဆင်ဖို့တော့ စိတ်ကူးမရင့်ပေ..။

ကိုယ့်ကို အားကိုးတဲ့ မော်ဒယ်တွေကျတော့ ကိုယ့်ပုံစံကြောင့် မျက်နှာငယ်ရမည်တဲ့..။

"ဆံပင် အလှပြင်ဆိုင်ဖွင့်တဲ့ လူတွေလဲ ကိုယ့်ဆံပင်ကို စတိုင်လ် တစ်မျိုးမျိုး တင်ထားရတာပဲ၊ အလှပြင်ဆိုင်မှာထိုင်ပြီး ဘီးဆံပတ်ကြီး ထုံးထားလို့ ဖြစ်မလား သူသူ ရယ်"

"ကိုယ့် ဆံပင်လေးကို ပြင်ပါဦး၊ အင်္ကျီတွေဝတ်တာလဲ မရိုးပေ မယ့် မဆန်းဘူး၊ လုပ်စမ်းပါ သူမ ရဲ့၊ သူမ ကိုမြင်ပြီး ချက်ချင်း ဦးညွတ် ခံစားချင်လာအောင်..."

စသဖြင့် သူမ ကို 'သူသူ'၊ 'မသူ'၊ 'သူမ' အမျိုးမျိုး ခေါ် ကြသလို အမျိုးမျိုးသော အကြံဉာဏ်တွေ ပေးနေတာကြာပြီ..။



www.burmeseclassic.com

www.burmeseclassic.com



ဘာခွဲဆိုင်လို့လဲ..၊ သူမ စက်ချုပ်တတ်သည်။ သူများတကာလို လာအပ်တဲ့ပုံအတိုင်း မချုပ်ဘဲ သင်ထားသလောက်နှင့် လုပ်စားနေတာမျိုးလည်း မဟုတ်ဘဲ...

ထိုးထွင်းတီထွင်ပြီး ကိုယ့်ဟာကို အဆန်းအပြားတွေ ဖော်ထုတ်ရတာကို ဝါသနာကြီးခဲ့၏။ ဒါဟာ ဒီနေ့ခေတ်ထဲကို ထိုးဖောက်ဝင်ရောက်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေ မပါခဲ့ပေ..။

ကိုယ့်ရဲ့တီထွင်မှုတွေကို သဘောကျပြီး မော်ဒယ်တွေထဲမှာ လူးလိမ့်ရောနှောပါသွားခဲ့သဖြင့် ဒီတိုင်း ရပ်တည်ဖို့ ဖြစ်ခဲ့ပေမယ့်...

"သူမ..."

"ရှင်"

"ညည်း ကြည့်ရတာ ကြောက်နေသလိုပဲ၊ ဘာတွေ အခက်အခဲဖြစ်နေသလဲ၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း"

ဒေါ်စိုးယု က သူမ မျက်နှာလေးကို စူးစိုက်ကြည့်ပြီး မေးလာခဲ့၏။ သူမ ခေါင်းငုံ့ပစ်မိကာ...

"မဟုတ်ပါဘူး၊ ဟိုလေ..."

"အင်း... ပြော..."

"ကြောက်တာ မဟုတ်ပေမယ့် သူမ..."

"အားငယ်နေတာလား"

ဦးတိုးနိုင် က ဖြတ်မေးလိုက်တော့ သူမ အသံတိတ်သွားသဖြင့်...

"ထင်ပေါ်လို့ စင်တော်ကောက်တာပဲ၊ ဆရာဖြစ်ထိုက်တဲ့ အရည်အချင်းရှိလို့ ဆရာ လုပ်နိုင်တာ၊ ကိုယ့်ကိုယ်ကိုယ် အားငယ်စရာမလိုပါဘူး၊ အရမ်းလှပြီး ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးတွေအလယ်မှာ ညည်းက မချမ်းသာဘူး၊ သူတို့လိုလဲ လှချင်မှ လှမယ်၊ ဒါပေမယ့် ညည်းက သူတို့အတွက် မရှိမဖြစ်တဲ့လူ ဖြစ်နေပြီ၊ အဲဒါကြောင့် ညည်းကျေနပ်လောက်တဲ့ ငွေကြေးပမာဏတွေ ပုံပေးပြီး ချဉ်းကပ်နေကြတာ





မော်ကြွားတဲ့စိတ် မထားသင့်သလို ကိုယ့်ကိုယ်ကိုယ်လဲ ဘယ်တော့မှ နှိမ့်ချမတွေးနဲ့၊ ကိုယ်လုပ်ရမယ့် အလုပ်ကိုပဲ အာရုံစိုက်ပြီး ကြိုးစားပါ"

ဦးတိုးနိုင် က ဆုံးမစကားတွေ ပြောနေ၏။ သူမ လည်း ဒီလိုပဲ စိတ်ထားခဲ့တာပါ။ ဒါပေမယ့် ဆံပင်ကို ဘယ်လိုပြင်ပါလား၊ အဝတ်အစား ဘယ်လိုလေး ဝတ်လိုက်မလား စသဖြင့် နေ့စဉ် ပြုပြင်ပြောင်းလဲဖို့တွေ တစ်မျိုးမဟုတ်တစ်မျိုး ကြားနေရတာတော့ စိတ်ညစ်မိတာ အမှန်ပင်..။

ပြီးတော့ ရှိုးပွဲတွေဆို ညဘက်ကျမှ သွားရလာရတာတွေက ရှိသေးသည်။

"ကဲ... ဒါဆိုရင် တိုက်ခန်းအတွက် စာချုပ် ချုပ်လိုက်တော့မယ်၊ ညည်းအတွက်ဆိုတော့ ညည်းကိုယ်တိုင် လက်မှတ်ထိုးရမှာ၊ ဒီညနေ လုပ်လိုက်ရအောင်.."

"ဟုတ်ကဲ့"

သူမ ခေါင်းညိတ်လိုက်ရင်း ကမ္ဘာ နေတဲ့ တိုက်ခန်းဆီ မျက်လုံးရောက်သွားမိ၏။ တော်သေးသည်။ ဒီနေ့ ကမ္ဘာ ဆီကို သူမ မနက်ပိုင်းမှာ ဝင်ခဲ့မိလို့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဟား!... ဟင်းတွေက ညှို့အားကောင်းလှချည်လား"

"အေးဟ..၊ ဘာလဲ ဒီမှာ ငါးရှူစဥ်းကော၊ ဒါက ငါးခေါင်းချဥ်ဟင်း၊ ကြက်သား..."

"မင်းက မိုက်လှချေလား ကမ္ဘာ၊ ကံနိမ့်လို့ ကားတိုက်ခံရတာလား၊ ခြေကျိုးလက်ကျိုးဖြစ်သွားလို့ ဘုန်းကံကြီးမားသွားတာလား"

ထမင်းစားပွဲများမှာ သုံးယောက် ကုန်းကုန်းကွကွ ကြည့်ရှု အနံ့ခံရင်း အပြင်မှာရှိနေသည့် ကမ္ဘာ့ ဆီကို မေးခွန်းတွေ ပို့လွှတ်နေ၏။

ပြီးတော့ တို့တို့တိတိ နှိုက်စားလိုက်ကြပြီး...

"အရသာကလဲ တကယ် ဗွတ်ဒ်တယ်ကွာ.."

သုံးယောက် တန်းစီထွက်လာတော့ ရေသန့်တစ်ဘူးကို တစ်လက်ပြီးတစ်လက် ပြောင်းသောက်နေကြကာ...

"အဲဒီလောက် အပိုးကျိုးနေအောင် မင်း ဘယ်လို စည်းရုံးထားတာလဲ၊ လုံးဝကို အထင်ကြီးထိုက်နေပြီ၊ မင်းကို..."

ကမ္ဘာ က လက်ကပတ်တီးကို တစ်ရစ်ပြီးတစ်ရစ် ခွာချနေရင်း ကြီးကြီးကျယ်ကျယ်နိုင်သော အပြုံးနှင့်...





"အထင်ကြီးထိုက်တာ မဟုတ်ဘူး၊ ဆရာ ခေါ်လိုက်တော့၊ လုံးဝချောင်တာ မရစေရဘူး"

"အေးပါ..၊ ခေါ်ပါ့မယ်၊ နေပါဦး၊ သူမ ဆိုတဲ့ သတ္တဝါလေးကိုငါ လုံးဝ မမြင်ဘူးလို့ ပြောစမ်းပါ၊ တောသူပုံ နံ့အအ အူချာချာလေးအား၊ မင်း ပြောသမျှ ခေါင်းညိတ်ရရှာသူလေး..."

"ဘယ်ကလာ..၊ ငါပြောသမျှ ခေါင်းညိတ်ရမှာလဲ၊ ဒီလိုဖြစ်ဖို့ဘယ်လောက် ကြိုးစားခဲ့ရသလဲ သိလို့လား"

ကမ္ဘာ က ဒါပဲပြောတော့ ကားတိုက်မိသည့်ညက ကိုယ်တိုင်ကားမောင်းပြီး ပြန်ပို့ပေးခဲ့ရသည့် ကျော်သက်အောင် က ကိုယ်ကြီးရှေ့ကိုင်း၍...

"ဘယ်ကလာ တောသူပုံ နံ့အအ အူချာချာရမှာလဲ၊ အဲဒီညကဒီကောင် ဖုန်းဆက်လို့ အိပ်ရာဝင်ခါနီးမှ ငါ ကားမောင်းပြီး ထွက်ခဲ့တာလေ၊ အဲဒီတစ်ယောက်ကို မြင်လိုက်တော့ အိပ်ချင်နေတဲ့ မျက်လုံးတွေတောင် ကျယ်သွားတယ်"

"တော်တော်လှလို့လား"

"လှတယ်..၊ ဒါပေမယ့် မျက်နှာမဟုတ်ဘူး၊ ကိုယ်လုံး"

"ဟင်!... မျက်နှာက ရုပ်ဆိုးကြီးလား"

"ရုပ်တော့ မဆိုးပါဘူး၊ ဒါပေမယ့် ဘယ်ကကြည့်ကြည့် ထင်းနေအောင် လှတာက ကိုယ်လုံးကွ၊ တကယ်ကွာ.. မယ်ဘွဲ့ရထားတဲ့ကိုယ်မျိုးပဲ၊ ငါ့ဘေးမှာ ပါလာပေမယ့် မျက်နှာကို လက်နဲ့အုပ်ပြီးကြိတ်ငိုနေတော့ မျက်နှာကို သေချာမမြင်ဘူး"

"ကမ္ဘာ..၊ ဘယ်လိုလဲ ဖေ့စ်တိုက်ပ်..."

"ရှက်ကြမ်းရေကျိုပါပဲ"

မင်းလူ က ဟိုလှည့်မေး၊ ဒီလှည့်မေးနှင့် သူမ ဆိုတာကို တော်တော် စိတ်ဝင်စားနေပုံ ပေါ်၏။ သက္ကာ ကတော့ နှိုက်ပြည်းလာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေကိုသာ တသသနှင့်…

"ငါကတော့ အဲဒီလက်ရာမျိုး တစ်သက်လုံး စားသွားရရင် သေ ပျော်ပြီ"

"သေသင့်တယ်"

သဏ္ဍ က ချမ်းသာပေမယ့် မွေးချင်းမောင်နှမ များသည်။ ယေ ရွယ်တဲ့သူတွေပဲ ကြုံသလို ချက်ပြုတ်ကြတာမို့ အိမ်ဖော်လည်း မထား တော့။ လက်ရာက တစ်လက်ရာတည်း ဖြစ်မနေပေ..။

ကောင်းတဲ့လက်ရာဆိုလည်း ပါးစပ်ထဲ စွဲကျန်ခဲ့လောက်အောင် တော့ မရှိတာမို့ သူမ ချက်ထားတာကို သဘောတွေကျနေတာ ဖြစ်

ထို့ပြင် သူက အစားထက် ဘာကိုမှ မက်တာမဟုတ်..။

"ကမ္ဘာ…"

"ဟင်.."

"အဲဒီကောင်မလေး အထဲမှာ ချက်ပြုတ်နေတော့ မင်း အမြင်မှာ ဘယ်လိုနေလဲ..၊ ဟို,.. ပထမဆုံးအတွေ့အကြုံဆိုတော့ကွာ မိသား ဘဝလေးတစ်ခု မင်း စိတ်ကူးယဉ်မိတာမျိုး..၊ အဲဒါမျိုး ဖြစ်လား"

"မဖြစ်ဘူး"

မင်းလူ က မယုံပါဘူးဆိုသည့် မျက်နှာကြီးနှင့် ကျော်သက် ကို မေးငေါ့ပြသည်။ ကျော်သက် ကလည်း မဲ့၍…

"ဟုတ်တယ်..၊ နည်းနည်းပါးပါးတော့ ဟိုလိုလို ဒီလိုလိုဖြစ် တယ် လုပ်လိုက် ကမ္ဘာ..၊ တစ်ခန်းလုံးမှာ နှစ်ယောက်တည်း၊ နော ပြီး သူမ က ဘောဒီစထေရက်ချာ မိတယ်"

"မိတိုင်း ရင်ခုန်နေရအောင် ငါက နှာဘူးလား"

"အပြင်မှာ မဘူးသလိုနေပေမယ့် ရင်ထဲမှာ ဘူးချင်ဘူးမှာပေါ့"

"ခွေးကောင်..၊ ငါ ဆွဲထိုးလိုက်လို့.."

မဖြစ်နိုင်မှန်းသိရက်နှင့် စ,နောက်ပြီး ဟားတိုက်ရယ်မိကြ၏။





"ဒါတွေ သူပဲ ဝယ်လာတာပေါ့"

"ဒီနေ့တော့ ဝယ်ပေးပါလို့ ခိုင်းရတာပေါ့"

ကမ္ဘာ က ပြောပြနေရင်း ပြုံးစိစိနှင့်…

"တကယ် ပြောဆိုမကောင်းတဲ့ဟာလေးပါကွာ..၊ သူ စက်ချုပ် သွားဖို့ နောက်ကျမှာစိုးလို့တဲ့၊ အဲဒီလိုဟာတွေ စာချုပ်ထဲမှာမပါဘူးလို့ ငြင်းပြီး ရစ်နေတာ၊ ခြိမ်းလား ခြောက်လားနဲ့ ခိုင်းရတယ်"

"ခြိမ်းခြောက်တော့ ရတယ်ပေါ့"

"ရတယ်..၊ ကြည့်ရတာ ဖြူဖြူစင်စင်လေးပါ၊ မြို့ပြမှာ သူ သိရတာတွေ အများကြီးရှိနေလို့၊ မဟုတ်ရင်တော့ ဒီလောက် မအ, ပါဘူး"

"မင်း မျက်နှာကြီးက ပြုံးအီနေတာ ဘာဖြစ်တာလဲ၊ မဘူးဘူးဆို ဦးတော့…"

သဏ္ဍ က ရွဲ့မေးတော့ ကမ္ဘာ ဟက်ခနဲ ရယ်သည်။

"ချက်ပြုတ်နေရင်း အပြင်က အသံတစ်ခုခုကြားတိုင်း ခေါင်းပြူ ကြည့်ပြီး ပြူးပြူးပြဲပြဲနဲ့၊ အဟွန်း တကယ် ရယ်ချင်တယ်"

ပြောပြီး ရယ်နေသေးသည်။ သူတို့ ကမ္ဘာ့ ကို ကြည့်ပြီးမှ တစ်ယောက်မျက်နှာတစ်ယောက် မျက်လုံးချင်းဖလှယ်၍…

"မင်းကို ကြောက်နေတာ ဖြစ်မှာပေါ့၊ ခုတောင်မှ မင်းက ခြေကျိုး သက်ကျိုးမို့ သူ အရဲစွန့်ထားရတာဖြစ်မှာ…"

"ကမ္ဘာ..၊ မင်း မကြုံစည်နဲ့နော်.."

"မမြင်ဖူးပေမယ့် ကောင်မလေးကို ငါလဲ သနားတယ်"

တစ်ယောက်တစ်ခွန်း ထောက်ပံ့ပြောရင်း ကမ္ဘာ့ ကို စ,နေကြ၏။

"မင်းရဲ့အခေါ်ကတော့ မင်းကို မိန်းမခိုးသွားပြီလားမှ မသိတာလို့ ငါ ပြောကြည့်လိုက်တာနဲ့ ရင်ဘတ်တွေ ဖိ၊ ဘုရားတ,နဲ့ မင်းမှာ ချစ်သူရှိလားလို့ မေးတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ က အပုံလိုက်ဖြစ်သွားသည့် ပတ်တီးကို မြှုက်ပ လှမ်းပစ်ထည့်ပြီး အညိုရောင်သမ်း၍ ရောင်ရမ်းနေသေးသည့် လက်ကို သေချာမြှောက်ကြည့်ရင်း··

"အဲဒီတော့ ငါ ပြောခိုင်းတဲ့အတိုင်း ပြောလိုက်တယ်မို့လား

"ပြောလိုက်တယ်··၊ ဒါပေမယ့် ငါတို့ သေချာမသိဘူးဆိုတာ ယုံပုံမရဘူး၊ သူ့အစ်ကိုနဲ့ ဘာတွေ ပြေးတိုင်ပင်နေမှန်း မသိဘူး၊ ငါ ပြန်ကြားရတာကတော့ မင်းနာမည်နဲ့ ဘဏ်မှာ အကောင့်ဖွင့်ပေးထား မလားလို့ အန်ကယ်လ်က ဆူ၊ ဒီလိုလုပ်ပေးထားလို့ အခု ကလေး မပျက်တာပေါ့ဆိုပြီး အန်တီက ငိုလို့···"

"ဟုတ်လဲ ဟုတ်တာပဲ၊ ဘဏ်ကနေ သုံးမကုန်အောင် ထုတ် ရနေမှာတော့ ဒီကောင် ဘာယ်လိုလုပ် ပြန်တော့မှာလဲ··၊ အခု ကြည့် လား၊ စားစရာနဲ့ ပြုစုမယ့်သူနဲ့၊ ဟွန်း···"

ထမင်းဟင်းတွေကိုကြည့်ပြီး အူတိုနေသည့် သက္ကာ က မဲ့ရွဲ့ သည်။ ပြီးတော့ နေလည်း မနေနိုင်ဘဲ ကမ္ဘာ့ အဝတ်ဟောင်းတွေ စုရုံးပြီး ပလတ်စတစ်ခြင်းထဲ ထည့်ပေးနေ၏။

ထို့ပြင် အိပ်ခန်းထဲဝင်ပြီး မွေ့ရာခင်းနှင့် ခေါင်းအုံးစွပ်တွေ လဲပေးကြရဦးမှာ ဖြစ်သည်။ သူတို့ပြန်တာနှင့် အဝတ်လျှော်သ ကုလားမကြီးတစ်ယောက်က ဒါတွေ လာယူသွားမည်။ မီးပူတိုက် သား မွေးကြိုင်ကော့ပျံနေမှ ပြန်လာပို့မည်။

ကမ္ဘာ ဒီတိုက်ခန်းကို တိတ်ဆိတ်စွာ ပြောင်းလာပြီဆိုကတည်း ဒါတွေအားလုံးကို သူတို့ပဲ အစီအစဉ်ဆွဲပေးခဲ့ရတာ ဖြစ်သည်။

ဒါ ဟောင်း သူများ အဝတ်လျှော်တာ မကြိုက်ပါဘူးဆိုပြီး အဝ လျှော်စက် ဝယ်မည်လုပ်လို့ တားဆီးကြရသေးသည်။

စက်ထဲ ပစ်ထည့်လိုက်ရုံနဲ့ အဝတ်လျှော်ခြင်းအလုပ်က ပြီး သွားတာ မဟုတ်။ ဘောင်းဘီတွေဆို ချိန်းကွင်းတွေ၊ ကြိုးတွေ





ထဲ လုံးဝ ထည့်မရသည့် အမျိုးအစားလဲ ရှိသေးသည်။ ပြီးတော့ ပြီးလှန်းရမှာဆို လှန်း၊ မလိုတဲ့ဟာကျတော့လည်း မီးပူတိုက်ခြင်း ကို ရှောင်လို့ရမလား··။

အားလုံး သူတို့ခေါင်းပေါ်ပဲ ကျလာမှာကို ကြိုတင်တွေးမြင်ကာ တ်လျှော်စက်ဝယ်ဖို့ကို တားဆီးခဲ့ရသည်။ ကျန်တဲ့အလုပ်တွေက ာ့ လုပ်ကိုလုပ်ပေးရမှာမို့···

"ကမ္ဘာ··· မင်းကောင်မလေးကို တစ်အိမ်လုံး ဝေယျာဝစ္စလုပ်ဖို့ က်ပါ ပြောကြည့်ပါလား၊ ဟဲ··· ဟဲ··· ငါတို့ နည်းနည်းပါးပါး သာရာရအောင်··"

အိပ်ခန်းထဲဝင်ဖို့ ကျော်သက် က တာဝန်သိစွာ ထရပ်လိုက်ရင်း လှည့်ကြည့်ပြီး စကားစ,၏။ ထိုင်ရာမထ ပဒေသာပင် ရူးဆွတ်စား ာက်ခွင့် ရနေသည့် မင်းသားက စပ်ဖြဲဖြဲနှင့်···

"ထမင်းဟင်းလေးချက်တာတောင် လေဖတိုက်သွားသလိုပဲ၊ တစ် ာကလုံး သူ့လောက် အလုပ်ရှုပ်တဲ့ မိန်းမ မရှိတဲ့အတိုင်း၊ ဒါတွေ ခိုင်းမိရင် ကန်တော့ပွဲနဲ့ ပြန်တောင်းပန်ရမှာ သေချာတယ်"

"နေပါဦး··၊ မင်းမျက်နှာကြီးက ဒီဟာလေးအကြောင်းပြောတိုင်း ဖြစ်ဖြစ်သွားတာလဲ၊ သက္ကာ ကြည့်စမ်း၊ ဒီကောင် သွားကြီးဖြဲနေတာ ့တူနေသလဲ"

"နွားပြာကြီး အောက်သွားမရှိ···"

"ဟား··· ဟား··· ဟား···"

ကမ္ဘာ က ဆံပင်တွေသပ်တင်လိုက်ပြီး မျက်နှာမော့ရယ်၏။ တော့ သူ့ကိုယ်သူလည်း အဖြေမသိသည့် မျက်ဝန်းတွေနှင့်···

"ဟုတ်တယ်··၊ သူ့အကြောင်း ပါလာတာနဲ့ သူ့ပုံစံက ပေါ်လာ ာ့ ရယ်ကို ရယ်ချင်နေတာ···"

"ဘာတွေဖြစ်နေလို့လဲ··၊ သတိရတိုင်း ရယ်ချင်ရအောင်···"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး..၊ သူပုံစံက ဒီမှာ ဝင်လာ ချက်ပြုတ်နေတာ 'ချစ်
အရွယ် ကစားကြမယ်' အစီအစဉ်ထဲမှာ ကလေးတွေ အပြိုင်အ
ကြိုးစားပြေးလွှားနေတာနဲ့ တူတယ်၊ တကယ်ပြောတာ.."

ကမ္ဘာ က ဒဏ်ရာတွေကို ကိုင်နေရင်း ရှုံ့မဲ့သွားတာလည်းရှိ
ရယ်နေတာလည်း မပျက်..။

"မပြေးရ်တမယ်ပဲ၊ ချက်ပြီး ပြန်ထွက်သွားတဲ့အထိ ငါက ဘာ
မပြောရင် သူလဲ တစ်ခွန်းမှ မပြောဘူး"

"မင်းက ဘာပြောစေချင်လို့လဲ"

"မပြောချင်ပါဘူး၊ ဒါပေမယ့် နှစ်ယောက်တည်း ရှိနေတာ
တော့ နားစွင့်မိ၊ လှမ်းကြည့်မိတာတွေတော့ ရှိတာပေါ့၊ နောက်
ငါ အစပ်ကြိုက်လား၊ အချိုကြိုက်လား တစ်ခုခု မမေးသင့်ဘူးလား
သူ ချက်ပြုတ်ထားခဲ့တာကို ငါ စားရမှာလေ.."

"ဟား... ဟား... ဟား..."

ကျော်သက် က တဟားဟား ထ,ရယ်သည်။

"အဲဒါ သူ့အရည်အချင်းကို သူ ယုံကြည်တာကွ..၊ အခု
သူ ချက်ပြုတ်ထားတာတွေ သွားမြည်းကြည့်ပြီးပြီလား"

ကမ္ဘာ က ခေါင်းခါသည်။

"အစပ်လဲ ပါတယ်၊ အချဉ်လဲ ပါတယ်"

"အေး..ရာပဲ.."

သဏ္ဍ က ဝင်ထောက်ပေးကာ...

"မင်းလိုကောင် ဆိုင်ထမင်းဟင်းတွေတော့ စားဝင်မှာပဲဆို
အိမ်လယာရာနဲ့ ဆိုင်ကအနံ့အသက်မျိုးတွေ ရောသမမွှေပြီး ချက်ထား
တာ၊ သွားစားကြည့်လိုက်၊ မကြိုက်ဘူးဆိုရင် မင်း ကြိုက်သလို ပြော

"ဘယ်သူ့ကို ပြောရမှာလဲ"

"ငါ့ကိုကွာ..၊ ကဲ... မင်း ငါ့ကို ကျကျနန ထိုင်ဆဲလိုက်



စိတ်မဆိုးဘဲ ငြိမ်နေလိုက်မယ်၊ တကယ်ပြောတာ..၊ မင်းရဲ့ ရှိ
မ်းတော်တယ်၊ ဟဲလေး သီချင်းထဲကလို ကျွန်တော်ရှာချစ်ခဲ့တဲ့
နေမတွေထဲ ဒီကောင်မလေးကတော့ အောက်သက်ကျေတယ်.."

သဏ္ဍ က လက်နှစ်ဖက်မြှောက်ပြီး က,နေသေးသည်။ ပြီးတော့
ချင်းရော က,နေတာရော ချက်ချင်း ရပ်တန့်သွားကာ...

"တစ်ခုတော့ လေးစားထိုက်တယ်နော် ကမ္ဘာ၊ မင်းအတွက်
မင်းကို ပေါင်းအိုးထဲပစ်ထည့်ပြီး ခလုတ်ဖွင့်ချက်သွားတာ မဟုတ်ဘူး"

ဒါက သဏ္ဍ တစ်ယောက်တည်း သတိထားမိခဲ့တဲ့အချက်မို့
အားလုံး တိတ်ကျသွားပြီး သူတို့ လှည့်ကြည့်ကြ၏။

"မင်း တစ်ယောက်စာကို အိုးလေးနဲ့ ထမင်းရည်ငှဲ့ပြီး သေချာ
ပေးခဲ့တာ"

"ဟုတ်လို့လား.."

"ဟုတ်တယ်..၊ စတီးအိုးလေး ဒီတိုင်းချထားလို့ ငါ လှန်ကြည့်
လိုက်တာ အဖုံးအောက်မှာ ချွေးခံထားတဲ့ ပိတ်ပါးစလေးတောင် ရှိ
သေးတယ်"

"အား..ပါး... တကယ့် ဘုန်းရှင်ကံရှင်ပါလား"

ကျော်သက် က အားပါးတရပြောပြီးမှ မျက်စောင်းလှည့်ထိုးကာ...

"မင်းကို မြှောက်ပြောနေတာ မဟုတ်ဘူး၊ ဟိုကောင်မလေးကို
အားလို့.."

"အဟွန်း.."

ကမ္ဘာ က ဆေးပုလင်းကိုင်လိုက်တာနှင့် သဏ္ဍ က လှမ်းဆွဲ
ယူကာ...

"ဒီနေ့ ဒေါက်တာ မလာဘူးလား၊ သူလာရင် ပြန်ပြနေရဦးမယ်"

"မလာဘူး..၊ နောက်လဲ မလိုတော့ဘူးလို့ ပြောလိုက်တယ်"

"ဟား!... မင်းက လုပ်ပြီ၊ ဒီလောက် ဒဏ်ရာတွေကို.."

www.burmeseclassic.com



ဒေါက်တာက ကျော်သက် တို့ရဲ့ မိသားစုဆရာဝန် ဖြစ်သည်။ ကမ္ဘာ က ခေါင်းခါ၍...

"ငါ ခရီးသွားမှာလို့ပြောပြီး ဆေးတွေ ယူထားလိုက်တာ၊ နောက်ထပ် ဖယားရှုပ်လာမှာစိုးလို့.."

"မရှုပ်ပါဘူး ကမ္ဘာ ရာ..၊ ဒေါက်တာက ငါတို့မိသားစုဝင် ရင်းနှီးတဲ့သူပါ၊ မင်းအိမ်နဲ့လဲ ဘာမှ နီးစပ်ပတ်သက်ဖို့ မရှိတဲ့လူ.."

"တော်ပြီ.."

ကမ္ဘာ က အိမ်ကို နောက်ပြန်လှည့်မကြည့်ချင်လောက်အောင် စိတ်ပျက်နေတဲ့သူ ဖြစ်သည်။

သူတို့ကလည်း သိနေတော့ ဒီတိုက်ခန်းကို စီစဉ်ပေးတာက ကမ္ဘာ ရဲ့ပေယျာလစ္စအတွက်ပါ သူတို့ပဲ တာဝန်ခွဲဝေယူခဲ့ကြတာ ဖြစ်သည်။ ဒါပေမယ့် အားလုံးကို သူတို့လေးယောက်မှလွဲ၍ ဘယ်သူမှ မသိစေရ..။

"ဟိုအိုးအိမ်က လစ်ထွက်လာပေမယ့် ဒီမှာလဲ အိုးနဲ့အိမ်နဲ့ နွေးထွေးစွာနေရတယ်ဆိုတော့ မင်းရဲ့ကုသိုလ်ကံက မသေးဘူး ကမ္ဘာ ငါ ပြောချင်တာ အဲဒါပဲ.."

ပြတ်တောက်သွားသည့်စကားကို ကျော်သက် က ပြန်ဆက်၏။

"နောက်တစ်ခုက ဒီကောင်မလေးနဲ့ မင်း ဆုံစည်းကြပုံကလဲ ဆန်းတယ်နော်၊ တစ်ခါ၊ နှစ်ခါ ဆုံလိုက်ရုံနဲ့ လက်ထပ်ပြီးသွားတဲ့အထိ.."

"ဟော့ကောင် ပြဿနာတွေနဲ့ လာငြီတာ၊ လျှောက်ပြောမနေနဲ့"

ဒါကျတော့ ကမ္ဘာ က ချက်ချင်း ထငြင်း၏။ မင်းလူ က ဖုံး တွန့်လိုက်ပြီး ကမ္ဘာ ကို ပြန်စိုက်ကြည့်ကာ...

"ဘာဖြစ်ဖြစ် အခု မင်းတို့ လက်ထပ်ထားတာ မဟုတ်ဘူးလား"

"ကဲ... ကတ်သတ်ဖွဲ့မနေကြစမ်းပါနဲ့"

သက္ကာ က လူကြီးလေသံနှင့် စကားပြောဖြစ်၍ အနားမှာ ဝင်ထိုင်သည်။ ပြီးတော့ ကမ္ဘာ့ လက်ကို သူပဲ ဆေးလိမ်းပေးကာ...





"အရေးကြီးတာကို မပြောဖြစ်ဘဲ ဟိုပြောဒီပြောနဲ့ မေ့သွားဦးမယ်"

"ဘာလဲ..."

"မင်းက ဘယ်လောက်ထိ ရှောင်ပုန်းနေမှာလဲ..၊ အခု လက်ထပ်ထားပြီးတဲ့ပုံစံ လုပ်လိုက်တာ အန်တီတို့ကို အသိပေးချင်လို့လား၊ ဘာအတွက်လဲ..."

ကမ္ဘာ က ဆေးလိမ်းပေးနေသည့်လက်ကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေပြီးမှ...

"သူတို့တွေ နောက်ထပ် လက်ထပ်ပေးဖို့ မကြိုးစားအောင် အနားသတ်မျဉ်းတစ်ကြောင်း ဆွဲလိုက်တဲ့သဘောပဲ၊ ငါကိုယ်ငါတောင် ဘယ်လို ဆက်လိုမ့်ရမှန်း မသိသေးဘူး"

"ဟ!... မင်း မသိလို့ မဖြစ်ဘူးနော်၊ ဟော့ကောင် အန်ကယ်လ်က အရမ်းလျှင်တာ..၊ ပြီးတော့ လက်တံရှည်တယ်၊ မင်း ကြာကြာပုန်းလို့ရမှာ မဟုတ်ဘူး၊ ဘာဖြစ်လဲ မင်း ပင်ပင်ပန်းပန်း ဟန်ဆောင်လုပ်ယူထားတာ၊ အသိပေးလိုက်ဖို့ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်ကွ၊ ကမ္ဘာ က အသိပေးလိုက်ရင် သူမ လို မိန်းကလေးနဲ့တော့ အန်တီတို့ လုံးဝ သဘောတူမှာမဟုတ်ဘူး၊ တကယ်လို့ အသိသွားတဲ့အခါ လက်ထပ်ပေးဖို့ထက် ခွဲပစ်ဖို့ပဲ များတယ်"

"ခွဲရအောင် ကမ္ဘာ က လူငယ်ပေါက်စလေးမှ မဟုတ်တာ..."

"ပေါက်စ မဟုတ်တာတော့ လူရော၊ ကမ္ဘာ ရဲ့ ကျန်တာအားလုံးရော ဘယ်ဟာမှ ပေါက်စ မရှိဘူး၊ အဲဒါကြောင့် ခက်နေတာ၊ သူမနဲ့ ကမ္ဘာ ကို ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး၊ အဆင့်အတန်းအခြေအနေချင်းက မိုးနဲ့မြေကမှ နီးစပ်ဦးမယ်"

"နေပါဦး..၊ မင်းတို့ပြောနေတာက ကမ္ဘာ နဲ့ သူမ ပေါင်းသင်းနိုင်မြဲသွားဖို့လား၊ အိမ်နဲ့ အဆင်မပြေတာတွေကို တိုက်ဖိုက်ဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပဲ မေး၊ သူတို့ဘာသာ အဖြေထုတ်နေကြသဖြင့် ကမ္ဘာ က ပြုံးနေပြီး တစ်ခွန်းမှ ဝင်မပြောဘဲနေ၏။

"မဟုတ်ဘူးလေ၊ သူမ နဲ့ ခိုင်မြဲဖို့မလိုပေမယ့် ကမ္ဘာ လက်ထပ်ထားပြီးတာကို အသိအမှတ်ပြုပြီး နောက်ထပ် လက်ထပ်စေ့စပ်ရေးတွေ ထပ်ရှိမလာဖို့က အရေးမကြီးဘူးလား၊ အဲဒါကြောင့် ကမ္ဘာ နဲ့ သူမ လောလောဆယ် ကွဲကွာလို့ လုံးဝ မဖြစ်ဘူး"

"အဲဒီတော့..."

"အဲဒါကြောင့် လတ်တလော အခြေအနေအရ ဒီတိုင်းပဲ ပုန်းနေသင့်တယ်လို့ အဖြေထွက်တယ်.."

ကမ္ဘာ က ပတ်တီးစည်းပြီးသည့်လက်ကို ပြန်ရုတ်လိုက်ပြီး ဘေးကို ရွှေ့ထိုင်လိုက်ကာ...

"ကျော်သက် ပြောတာ မှန်တယ်၊ ငါလဲ အခု ဒီတိုင်းပဲ နေချင်တယ်၊ တြိဂံ ဆိုတဲ့အသံက ငါ့အတွက် အိမ်နဲ့မတူဘူး၊ တိုင်လေးတိုင်ထောင်နေတဲ့ အနီရောင်သိမ်းတဲ့ မင်္ဂလာမွေ့ရာခင်းကြီးပဲ၊ ပက်လက်နေတော့လဲ ဒီအခန်း ဒီမြင်ကွင်း၊ စောင်းအိပ်လိုက်ရင်လဲ ဘေးမှာ ခေါင်းအုံးတစ်စုံနဲ့ တစ်နေရာစာ အိပ်ခင်း၊ တကယ် ပူလောင်တယ်၊ ဒီလိုအချိန်မှာ ဒီလိုအကျပ်အတည်းမျိုးတွေ ရှိလာမယ်ဆိုတာ ဘယ်တုန်းကမှ တွေးမကြည့်ခဲ့ဖူးဘူး"

ကျော်သက် တို့ကလည်း တြိဂံစံအိမ်ရဲ့ အမွေကိစ္စတချို့ကို အနည်းအပါးတော့ သိထားကြသဖြင့် ကမ္ဘာ့ စကားကို နားထောင်ပြီး သက်ပြင်းကိုယ်စီချသည်။

"ချမ်းသာလို့ စိတ်ညစ်ရတာ မင်းကျမှပဲ ကြားဖူးတော့တယ် ကမ္ဘာ ရာ..၊ ငါသာ မင်းနေရာမှာဆိုရင်တော့ လူကြီးတွေက ဒီလိုစီစဉ်မှဖြစ်မယ်ဆိုရင် စီစဉ်ပါစေတော့၊ ရွှေ့ရောက်လာတာလေးတွေကိုပဲ သက်သက်သာသာ ရွေးယူလိုက်တော့မယ်"





"ဘာလဲ သက်သက်သာသာ..."

မင်းလူ စကားကို သဏ္ဍ က အတည်ပေါက်ကြီးနှင့် ဝင်မေးသည်။ မင်းလူ က အူကြောင်ကြောင်မျက်နှာနှင့် ဟိုကြည့်ဒီကြည့်...

"မသိဘူးလေ၊ ဓာတ်ပုံလေးတွေကြည့်ပြီး ရွေးတာဆိုတော့.."

"ဟွန်း..."

အချင်းချင်း မျက်စောင်းတွေ ပစ်ပေါက်နေခဲ့ကြပြီး...

"အရေးထဲမှာ သူက သက်သာတာ၊ ပင်ပန်းတာ ရွေးပြနေသေးတယ်၊ ဓာတ်ပုံကြည့်ရုံမကလို့ ရင်ခွင်ထဲပဲ တစ်ခါတည်း ပစ်ထည့်ပေးပေး ရင်မခုန်တာကို ဘာလုပ်မှာလဲ"

"ခုန်တာ,မခုန်တာက စမ်းသပ်ကြည့်မှ သိမှာပေါ့ကွ၊ မင်းတို့ကသာ ကမ္ဘာ့ အသံ မထွက်ဘူး၊ မင်းတို့နဲ့ပဲ..."

"ဒီကောင့်အသံထွက်လာရင် ပိုတောင်ဆိုးဦးမှာ၊ မေးကြည့်လိုက်"

ကမ္ဘာ က မမေးရသေးဘဲ ခေါင်းညိတ်ပြီးသား ဖြစ်နေကာ...

"ရည်းစားလဲ ထားခဲ့ပြီးပြီကွာ၊ ပျော်စရာတွေလဲ ကြုံဖူးတာပဲ၊ အိမ်ထောင်ဖက်ကျမှ မိဘဆီက လက်ဝါးဖြန့်စရာလား၊ ကိုယ် ချစ်တာလေးပဲ ရှာယူမှာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မိဘနဲ့ ခေတ်မတည့်ရင်လဲ မင်းစိတ်ညစ်ရဦးမှာ မဟုတ်ဘူးလား"

"မညစ်ပါဘူး၊ မိဘနဲ့ တည့်တည့်,မတည့်တည့် ငါနဲ့ပေါင်းမှာ၊ ငါချစ်ဖို့ပဲ လိုတယ်"

"ဒါဆို မင်းချစ်ခဲ့တဲ့ရည်းစားကို ပြန်ပြေးခိုးချင်စိတ် ပေါက်နေပြီလား၊ ဆုနန္ဒ လေ၊ သူလဲ နောက်တစ်ယောက်ရှာသုံးတော့ မကြားသေးပါဘူး၊ အဆင့်အတန်းချင်းလဲ..."

"ကဲ..၊ မင်းတို့ပါးစပ်တွေ မသောင်းသေးဘူးလား၊ ငါမင်းသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ က ပြောပြောဆိုဆို ကောင်းတဲ့လက်တစ်ဖက်နှင့် ထောက်၍ ထရပ်ဖို့ ကြိုးစား၏။ သဏ္ဍာ ဝင်တွဲလိုက်ပြီး…

"မင်း တစ်ယောက်တည်းကို ငါတို့ ဘယ်လိုလုပ်စားမလဲ"

"စားလို့ ရသလောက်ပေါ့"

တစ်ယောက်တည်း နေပေမယ့် စားပွဲမှာ ထိုင်ခုံငါးလုံး ရှိနေသဖြင့် လေးယောက်တော့ ဝိုင်းထိုင်လို့ရသည်။ ထမင်းက လေးပွဲစာမရှိ‥။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခုံတွေ ပူးကပ်ဆွဲလိုက်ကြကာ ခေါင်းလေးလုံး စုသွားကြသည်။

လှငယ်တွေချည်း လွှတ်လပ်ချင်တိုင်း လွှတ်လပ်နေကြသဖြင့် ဖွန်းသံ၊ ပန်းကန်သံတွေလည်း ထွက်ကုန်သည်။ အဆင်သင့် ပြင်ဆင်ထားသည့် ဟင်းတွေဆိုလည်း တစ်စက်မှမကျန်‥။

"ကဲ… ဘယ့်နှယ်လဲ‥၊ မင်း မနှစ်သက်လောက်တဲ့ အရသာမျိုး ပါနေသေးလား"

ကမ္ဘာ က ရေတစ်ခွက်ထည့်သောက်ပြီး ခပ်တည်တည်နှင့်…

"နောက်နေ့ဆို ပြောလို့ရမလား…"

လာသေးတယ်‥၊ သဏ္ဍာ မျက်နှာမှာ ခပ်ချဉ်ချဉ်ဖြစ်လာသည့် ပုံရိပ်တွေဖြစ်လျက်…

"အဲဒီတော့လဲ ကိုယ့်မိန်းမပဲကွ၊ နားရင်းနှစ်ချက်လောက် အုပ်ပေးလိုက်ပေါ့"

ကမ္ဘာ က သွားတွေပေါ်အောင် ရယ်သည်။ ကျော်သက် က တဟားဟား ရယ်ကာ…

"ဘယ်လိုလုပ် အုပ်ရဲမလဲကွ‥၊ သူ့လို ခြေကျိုးလက်ကျိုးတို့ ဟိုက လက်နဲ့ တစ်ချက်ပြန်တွန်းလိုက်ရုံပဲ"

"အဟွန်း‥၊ အပြန်အလှန်လုပ်ကြပုံတွေ ထိုင်ကြည့်နေချင်တယ် တကယ်ပဲ"



"ဘာလုပ်ကြမှာလဲ"

"သြော်… တွန်းကြလဲကြ ဖြစ်ကြမှာကိုပါ၊ နှစ်ယောက်တည်းဆိုတော့လေ…"

"ဘာဖြစ်လဲ…"

"ရန်ဖြစ်လို့ ကောင်းတာပေါ့"

ကျော်သက် နှင့် မင်းလူ ပြောနေကြတာကို နားထောင်ရင်း ကမ္ဘာ က ပခုံးကို ကောင်းတဲ့လက်နဲ့ လှမ်းရိုက်ပစ်လိုက်၏။ သဏ္ဍာ ဘေးကိုယိုင်သွားရင်း ကမ္ဘာ့ လက်ကို လက်ညှိုးပြန်ထိုး၍…

"တွေ့လား‥ တွေ့လား‥၊ လူပျို့လက် ဝက်မြီးဆိုတာ‥"

"ပြောချင်ရင်လဲ တကယ်သိမှ ပြောပါ ဖိုးသဏ္ဍာ ရာ‥၊ လူအို့လက် ဝက်မြီးပဲ ကြားဖူးပါတယ်"

"ခုခေတ်မှာ လူပျို့တွေလဲ ဝက်မြီးဖြစ်ကုန်ပြီ၊ သွက်မှသွက်…"

"ဉပမာ ဖိုးသဏ္ဍာ ပေါ့"

"သူတောင်းစား…"

သူပဲ အစဖော်ပေးပြီး ပြောတော့လည်း မကြိုက်။ သဏ္ဍာ ဆဲလိုက်တော့မှ ကျော်သက် နဲ့ မင်းလူ မရယ်ချင်ဘဲ အခြောက်တိုက်ကြီး အော်ရယ်ကြသည်။

"ဝါး ဟား ဟား ဟား"

"လည်ချောင်းကွဲပြီး၊ တုံးခနဲ လဲပါစေဗျာ"

"ပေးတဲ့ဆုနဲ့ မပြည့်ပါစေနဲ့၊ ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

အသင့်ဖွင့်ထားသည့် တံခါးကနေ အထဲကို တောက်လျှောက်ဝင်ခဲ့သည်။ မီးဖိုခန်းထဲရောက်တဲ့အထိ ကမ္ဘာ ကို မတွေ့ပါ⋯။

တွေ့တွေ့၊မတွေ့တွေ့ ကိုယ့်အလုပ်ကို ပြီးအောင် လုပ်သွားဖို့ပဲ လိုတာမို့ ရေခဲသေတ္တာကို ဆွဲဖွင့်လိုက်သည်။ ဖရီဇာအကန့်မှာ အစီအရီ ထည့်ထားသည့် အသားဘူးတွေကိုတွေ့မှ သက်ပြင်းချဖြစ်၏။

ဟိုနေ့ကလို ဘာမှမဝယ်ထားမိဘူး၊ သွားဝယ်ပေးပါဆိုလျှင် ဒီနေ့တော့ သူနဲ့ သူမ အတိုက်အခံပြောရတော့မှာ ဖြစ်၏။ ပြီးတော့ ဒီနေ့က တိုက်ခန်းကိစ္စတွေ လှုပ်ရှားရမှာဖြစ်သည်မို့ သူမ ကြာကြာ ပျောက်နေလို့ မဖြစ်⋯။

ထိုစဉ် နောက်က အရိပ်တစ်ချက်ထင်သွားသဖြင့် သူမ လှည့်ကြည့်လိုက်တော့ ကမ္ဘာ က တံခါးနားမှာခဏရပ်ကာ အထဲကို ခြေတစ်ဖက်ထောက်နှင့် ဝင်လာ၏။

"မင်း အဆင်ပြေလား⋯"

"အင်း⋯ ပြေပါတယ်၊ ဒါတွေကို သူမ အကုန်လုံး ချက်သွားရမှာလား"





ဆွဲထုတ်ထားသည့် ဘူးတွေကို ကမ္ဘာ က စားပွဲပေါ်မှာ လက်ထောက်ရင်း ငုံ့ကြည့်၏။

"ဟိုကောင်တွေ ဝယ်ထည့်သွားတာပဲ၊ ဘာတွေမှန်းတောင် ကိုယ်မသိဘူး၊ မင်း အဆင်ပြေသလို လုပ်သွားပါ"

"ဒါဆိုရင် သူမ နှစ်မျိုးလောက်ပဲ ချက်ခဲ့မယ်၊ ဒီနေ့ သိပ်အချိန်မရလို့ပါ"

"အင်း⋯ ဖြစ်ပါတယ်"

"ရှင် အစပ်ကြောက်သလား⋯၊ ချဉ်တာဘာညာတွေ၊ မကြိုက်တာ ပြောထားလေ⋯"

ဒီနေ့တော့ မေးသင့်သည်မှန်း သတိရသွားပုံပေါ်သည်။ ဒါပေမယ့် ကမ္ဘာ ကို မကြည့်ဘဲ ဘူးတွေကိုဖွင့်ပြီး ပြန်ပိတ်တာ ပိတ်၊ ဖရီဇာထဲ ပြန်ထည့်တာ ထည့်⋯။

ပြီးတော့ ရေခဲသေတ္တာကို လက်တစ်ဖက်က ပြန်ပိတ်ကာ တစ်ဖက်က အထပ်စင်မြင့်ပေါ်က ပလတ်စတစ်ဇလုံနှစ်လုံးဆင့်ကို လှမ်းကိုင်ပြီး ဖြစ်၏။ မျက်နှာတည့်တည့် ပြန်လှည့်သည့်အချိန်တွင် ဇလုံထဲကို အသားဘူးတွေ ပြန်ထည့်ကာ ဘေဇင်ဆီကိုရောက်သွားတာ ဘယ်လေနှင့် ရွေ့ပါသွားသည်မသိ⋯။

ခဏလေးအတွင်းမှာ သူမ ချက်ပြုတ်ပြီးစီးသည့်အဖြစ်ကို ကမ္ဘာ နားလည်သွားသည်။ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လျက် လက်ထောက်၍ ငုံ့နေသည့်ကိုယ်ကို မတ်မတ်ပြင်ရပ်မိ၏။

"ရှိ⋯ မင်း အလုပ်လုပ်နေတုန်း⋯ ကိုယ် စကားပြောရင် အနှောင့်အယှက်ဖြစ်မလား⋯"

သူမ က နောက်လှည့်မကြည့်ပါ။ ဖွင့်လျက်ထားပြီးသည့် အသားဘူးတွေပေါ်ကနေ ဆန်ခါပြန့်ပြန့်လေးတစ်ချက် အုပ်လိုက်ပြီး ထမင်းအိုးကိုကိုင်ကာ ဆန်ပုံးဆီ လျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ..၊ ရပါတယ်"

"လောလောဆယ် မင်းကို ကိုယ် စိတ်ဝင်စားသွားပြီ၊ မင်းအတွက် အချိန်တွေ ဘယ်လောက်အရေးကြီးနေလို့ အလုပ်လုပ်တာ ရုပ်တိုက် ပြေးသလို ဖြစ်နေတာလဲ.."

သူမ လှုပ်ရှားမှုတစ်ချက် တုံ့ခနဲ ဖြစ်သွားသည်။ ပြီးမှ သူ့ကို ခပ်စောင်းစောင်းကနေ ပြန်ငဲ့ကြည့်ကာ...

"အရေးကြီးတာက အခု ရှင့်အတွက် သူမ အချိန်တွေထဲက လူမသိအောင် ဖဲ့ထုတ်ထားရတာတွေကြောင့်လေ၊ ဒီအချိန်မှာ သူမ ဘာလုပ်တယ်ဆိုတာ ဘယ်သူမှ မသိလိုက်မှ စာချုပ်ပြီးတဲ့အထိ ဒီကိစ္စ လျှို့ဝှက်ထားလို့ရမှာပေါ့"

"ဒါကြောင့်လား.."

သူမ အတွက် အရမ်းအရေးကြီးနေတဲ့ လျှို့ဝှက်ခြင်းကို သူက 'ဒါလေးများ' ဆိုသည့်မျက်နှာနှင့် ခပ်မဲ့မဲ့...

"ဒါကြောင့်ဆိုပေမယ့် မင်း အလုပ်လုပ်တာ အရမ်းကို ကျွမ်းကျင် သွက်လက်ပါတယ်၊ မချီးကျူးဘဲကို မနေနိုင်ဘူး"

သူမ က ကမ္ဘာ ကို ကြည့်မရသည့်မျက်ဝန်းလေးတွေနှင့် စူးစူး ကြည့်ပြီး သူမအိတ်ထဲက ပလတ်စတစ်ပိုင်းလေးတစ်ခုကို ထုတ်ယူ နေသည်။ ဖြန့်လိုက်တော့ စားဖိုမှူးတွေသုံးသည့် ကြိုးသိုင်းနှင့် ရှေ့ကာ လေး သေချာချုပ်ထားတာဖြစ်သည်။ သူမ ကိုယ်မှာ နှုတ်ခမ်းစူပုတ်ပုတ် လေးနှင့် သိုင်းချည်နေတာကို ကမ္ဘာ ကလည်း သေချာကြည့်နေကာ...

"ပြီးတော့ ရှိသေးတယ်၊ မင်း ဒီကိစ္စကို ပြီးဆုံးသွားတဲ့အထိ လျှို့ဝှက်သွားနိုင်မယ်လို့ ယုံကြည်ထားသလား"

"ဘာ!..."

"မေးကြည့်တာ၊ ဥပမာ ကိုယ် ဒီမှာလိုအပ်လို့ လှမ်းခေါ်ရင် ဒါမှ မဟုတ် လိုအပ်တဲ့အခါ မင်း ပြန်ချင်ပေမယ့် ပြန်လို့မရသေးတာမျိုး.."





သူမ က ကိုယ်လာချင်မှ ဖြစ်တာဆိုသည့်မျက်နှာလေးနှင့် မီးဖို ဘက်လှည့်သွားတော့ ကမ္ဘာ က ပြုံးလိုက်ပြီး ဘောင်းဘီအိတ်ထဲက ဓာတ်စုံတစ်ရာကို ထုတ်ယူလိုက်ကာ...

"ဒီမှာ မင်းအတွက် ဖုန်း.."

သံပတ်ကုန်သွားသည့်အရုပ်လေးလို ကျောခိုင်းလျက်နှင့် သူမ တုံ့ခနဲ ရပ်သွား၏။ ပြီးတော့ ဖျတ်ခနဲ လှည့်လာတာ မျက်ဝန်းလေးတွေ ဝိုင်းနေကာ...

"ဖုန်း..."

"ဟုတ်တယ်..၊ ဒါကို မင်း ကိုင်ထားရမယ်"

"အို!... ဒါ ဘယ်လိုလုပ် ဖြစ်မှာလဲ၊ သူမ အဆင့်အတန်းနဲ့ ဒီဖုန်းကြီး လူကြားထဲ ထ,မြည်လာရင်..."

"မမြည်ချင်ရင် မမြည်အောင် လုပ်ထားလိုက်လို့ ရတယ်၊ မင်း ကိုယ်နဲ့မကွာ ထားရင် ရပြီ"

"အဲဒါလဲ ဘယ်လိုလုပ်မလဲ..၊ သူမ...ဟင့်အင်း..မဖြစ်ပါဘူး"

"မင်းအတွက် မဖြစ်လဲ ငါ့အတွက် မင်း ဖြစ်ရမှာပဲ၊ မဟုတ်ရင် တစ်နေကုန် မင်း လိမ့်ချင်ရာလိမ့်နေမှာ..၊ ငါ လိုအပ်ရင် ဘယ်လိုက် ခေါ်ရမလဲ"

"ရှင် ကြိုပြောထားပေါ့၊ သူမ ဘက်က..."

"ကြိုပြောထားလို့မရတဲ့ ပြဿနာတွေရှိနေလို့ မင်းနဲ့ငါ ဒီအခြေ အနေ ရောက်နေတာပေါ့၊ ဆင်ခြေများမနေနဲ့ ရှီ၊ မင်းကို ဒါပေးဖို့ စောင့်နေတာ၊ ဒီဖုန်းကို မင်း လိုသလိုသုံး၊ ငါ ခေါ်တဲ့အချိန်မှာ ဒီဖုန်း အားနေရင် ပြီးရော..."

"ဘယ်လို!..."

"ဟုတ်တယ်..၊ ငါ ခေါ်လို့ မင်းရဲ့ဖုန်းက မအားမလပ်တဲ့အထိ ဖြစ်နေတာကို မလိုချင်ဘူး၊ ငါ့အတွက် အနှောင့်အယှက်မဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



မင်း သုံးလို့ရတယ်၊ ပြောချင်တာက ဒီဖုန်းကို မင်းကိုင်ထားတဲ့ အခါက ကို မမေ့ဖို့…''

''သူမ…''

''မင်းနဲ့ငါ လုပ်ထားတဲ့ကိစ္စကို ပြန်စဉ်းစားလိုက် ရှီ…၊ မင်း မငြင်းသင့်ဘူးဆိုတာ ပေါ်လာလိမ့်မယ်''

သူ နောက်ပြန်လှည့်ထွက်ခဲ့သည်။ တံခါးဝရောက်မှ ခဏရပ် လိုက်ကာ…

''မင်း ပြန်ရင် ငါ့ဆီက ငွေထုတ်သွားပါ''

''ဘာ…ဘာလုပ်ဖို့လဲ…''

''မင်း အဝတ်အစားဝယ်ပြီး ဒီတိုက်ခန်းမှာ အနည်းအကျဉ်းတော့ ထည့်ထားဖို့ လိုတယ်၊ သရုပ်ဆောင်ရမှာက ငါ ထမင်းချက်ငှားထား တယ်ဆိုတာမျိုး မဟုတ်ဘူး၊ မိန်းမယူထားတာ သဘာဝကျဖို့…''

''ဒါဆိုလဲ သူမ မှာ ရှိတာလေး နှစ်စုံ၊ သုံးစုံ…''

''ဟား!… မင်း တော်တော် ပြောရခက်ပါလား''

စိတ်ပေါက်ပေါက်နှင့် ပြန်လှည့်လိုက်သဖြင့် လူက ယိုင်ထား တံခါးဘောင်မှာ ပခုံးတစ်ဖက်နှင့် ကပ်မှီလိုက်ရသည်။

''မင်းကို စေတနာတွေ ဗရပွနဲ့ ပေးနေတာ မဟုတ်ဘူး၊ ငါ ဘယ်လိုလူလဲဆိုတာ မင်း သိလား…''

''မသိဘူး''

ဘုဆတ်ဆတ်ပြောပြီး မျက်နှာ ဆတ်ခနဲ လှည့်ပစ်လိုက်သဖြင့် ရင်ဘတ်လှလှလေးထက်မှာ အမြဲတမ်း ငြိမ်ငြိမ်သက်သက်လေး ကပ်နေခဲ့သော ကျစ်ဆံမြီးလေးတစ်ဖက် လွဲယမ်းသွား၏။

ထူပြည့်သော နှုတ်ခမ်းသားလေးတွေဟာ တစောင်းပုံစံလေးဖြစ် သွားမှ ထောင့်ချိုးလေးတွေထိ မြင်လာရပြီး သူမ မျက်နှာလေးက ချစ်စဖွယ်လေး ဖြစ်သွား၏။ ကမ္ဘာ က စူးစိုက်ကြည့်နေလျက်…





''မသိရင် ငါ ပြောတာကို မင်း ဘာမှ အတွန့်မတက်နဲ့၊ ငါ့အိမ် က ဖြန့်းခနဲ ရောက်လာပြီး တွေ့သွားတဲ့အခါ ဗီရိုထဲမှာ အဝတ်စုတ် လေး နှစ်စုံသုံးစုံနဲ့ မင်းကို…''

''သူမ မှာလဲ အသစ်တွေရှိတယ်၊ ရှင် အဲသလောက် ချိုးဖဲ့ မပြောနဲ့…''

''မင်း မပြောအောင်နေတတ်ဖို့ လိုတယ်လေ၊ စတိုခန်းကို ဟို ကောင်တွေ ရှင်းထားတယ်၊ အထဲမှာ ဗီရိုကတော့ တစ်လုံးပဲရှိတယ်၊ အပေါ်နှစ်ထပ်မှာ ငါ့အဝတ်အစားတွေ ရှိတယ်၊ မင်းက အောက်တစ် ထပ်မှာ ထည့်…၊ အဲဒါ မင်း ဝတ်ချင်ဝတ်၊ မဝတ်ချင်နေ၊ လိုတာက ရှိနေဖို့ပဲ''

''ကိုကမ္ဘာ…''

''ပြော…''

''သူမ က ရှင့်အတွက်ချည်းပဲ လုပ်နေလို့ မရဘူး၊ တခြားအလုပ် တွေ ရှိသေးတယ် သိရဲ့လား''

''မသိဘူးလေ…၊ သိလဲ မသိချင်ဘူး၊ မင်းပြောတဲ့စကားထဲမှာ ရှင့်အတွက်ဆိုတာတွေတော့ တော်တော်များနေသလိုပဲ၊ ငါက မင်းဆီ က ဘာတစ်ခုမှ အလကားမယူသေးဘူးဆိုတာလဲ မြန်မြန်စဉ်းစားဦး''

ကမ္ဘာ နဲ့ သူမ မျက်လုံးချင်းဆုံနေကြ၏။ ဒါပေမယ့် ကြည်မွေ့ သာယာခဲ့ကြတာမဟုတ်ဘဲ စစ်ချီဗုံမောင်းသံတွေ ဆူညံလျက် အတွင်း ကြိတ်စစ်ပွဲတစ်ခု ခင်းကျင်းနေကြခြင်း ဖြစ်သည်။

ဒါက ရန်ငြိုးမဲ့စစ်ပွဲ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

"အဝတ်က ဒါပဲလား"

"ဟင်!..."

ဝင်လိုက်ကတည်းက နှစ်ယောက်အိပ်ခုတင်ကြီးကို မြင်ကာ ထဲမှာ စိမ့်ခနဲ ဖြစ်သွားခဲ့တာမို့ ဗီရိုကိုဖွင့်နေတုန်း နောက်က အသံ လိုက်တော့ သူမ ကိုယ်လေး တုန်ခနဲ ဖြစ်သွား၏။

အချိန်ကလည်း ညနေခင်းဖြစ်ကာ တိုက်ခန်းထဲမှာတော့ ရိပ်ကျနေပြီ ဖြစ်သည်။

"ရှင် ဘာလို့ အသံမပေးဘဲ ဝင်လာတာလဲ"

"ဘာ!..."

သူ့က နားမလည်သည့်လေသံနှင့် ပြန်မေးရင်း မီးဖွင့်လိုက် အခန်းထဲမှာ လင်းသွားသည်။

"ဘာလို့ဝင်လာတာလဲ.. ဟုတ်လား..."

"ဟုတ်တယ်လေ.."

သူမ ဆက်မပြောဖြစ်ဘဲ အားနာသွားပုံလေးဖြစ်ကာ ငုံ့ပစ်လိုက်၏။ ပြီးတော့ ပြန်မော့လာကာ...





"ဆောရီးပါ၊ သူမ အမှတ်တမဲ့ လန့်သွားလို့"

ကမ္ဘာ့ မျက်နှာက တင်းနေသလိုဖြစ်လျက်...

"မလန့်နဲ့..၊ ငါက မင်းအတွက် ကျီးလန့်စာစား ဖြစ်နေလောက်တဲ့ကောင်မျိုး မဟုတ်ဘူးဆိုတာ ခေါင်းထဲမှာ ထည့်ထား..."

ပြောလည်း ပြောသေးသည်၊ ပြီးတော့ သူက သူမ ကိုယ်မှာ နှစ်ပတ်လောက် ဝေ့ကြည့်ကာ...

"ငါ့စိတ်ဖောက်ပြန်ရလောက်အောင် မင်းမှာ ဘာမှမရှိသေးဘူး"

"သိပါတယ်..၊ သူမ ပြောတာက ရှင်က ယောကျ်ား၊ သူမ ကလဲ မိန်းမက မိန်းမပဲ"

"အင်း..၊ ဘာတွေ ဆက်ရွတ်ဦးမလဲ၊ ရွတ်ပြဦး"

"ရွတ်နေတာ မဟုတ်ဘူး၊ လူကို ရှင် အထင်မြင်သေးလွန်းလို့ ပြောပြတာ၊ ရှင့်လို သူဌေးသားက မှန်းချင်လောက်တဲ့ အဆင့်အတန်း ရှိဘူးဆိုလဲ သူမ မှာ ကိုယ့်မာနနဲ့ ကိုယ့်ဂုဏ်သိက္ခာ ရှိတယ်၊ မှန်း ချင်ပါတယ်ဆိုရင်လဲ ဆောရီးပဲ၊ ဒီမှာ..."

"အဟွန်း.."

ကမ္ဘာ က ပခုံးတွန့်၍ မဲ့သည်။

"ရှင်လဲ ရှင့်ရဲ့ဂုဏ်သိက္ခာကို စော်ကားတာမကြိုက်ရင် သူမ ကို ကျီးလန့်စာစားဖြစ်သွားလောက်တဲ့အထိ ထင်ယောင်ထင်မှားပုံစံတွေ နေမိဖို့ ကြိုးစားပါ"

"အခု ငါ ဒီထဲဝင်လာတာ မင်းကို ကြံစည်ချင်တဲ့ပုံပေါက်နေ ယ်လို့ ပြောလိုက်တာလား"

"ဟုတ်တယ်"

ဟား!...၊ ကမ္ဘာ ခါးထောက်လိုက်ပြီး ရင်ထဲမှာ ဟားခနဲ သွားသည်။ သူမ သည် ယဉ်ကျေးသိမ်မွေ့ပုံလေး ရှိနေတာက ဖက်၊ မခံချင်စိတ်လေး ဖြစ်သွားပြီဆိုလည်း ပြောချင်တာကို ပက်ခနဲ

ရွှေသမင်စာပေ

www.burmeseclassic.com



ပြောတတ်လေသည်။

မှားရင် ကြောက်တတ်သလို မှန်နေရင်တော့ ဘာမဆို ရင်ဆိုင် တွာမျိုး။ မိန်းကလေးတစ်ယောက်နှင့် ဒီလိုစကားမျိုးတွေ ပြော ပေးယူနေရတာ ဒါ ပထမဆုံးမို့ သူမ ပက်ခနဲ ပြောလိုက်ပြီဆို ကျ ရုတ်တရက် ပြန်မပြောနိုင်··။

ခက်နေတာက ကျောလောက်ဆံပင်လေးကို ကျစ်ဆံမြီးနှစ် ကျစ်လိုက်၊ နောက်မှာ ဒီတိုင်းစည်းထားလိုက်နှင့် ပြေးမြေးလွှား ရောက်ရောက်လာတတ်သော သူမ ပုံစံလေးကို ဒေါသဖြစ်ကြည့် မရ··။ သူမ ဒေါသထွက်နေပြီဆို ဘာပြောမှာလဲ နားစွင့်ချင်သ ဘယ်လိုဖြစ်သွားသလဲဆိုတာကို ကြည့်နေချင်၏။

သူဟာ ကိုယ့်အတွက် အပျင်းပြေ အရုပ်လေးတစ်ရုပ် မဟုတ်ပေမယ့် အလွန်ရိုးစင်းသောနည်းဖြင့် ကိုယ့်ရှေ့ကို ရောက် ခဲ့သည့်အတွက် သူမ မျက်နှာထက်မှာ ဘာရောင်ခြယ်ကြည့်လို့မှ မ ဖြစ်သည်။ သူမ ဆိုသည့် ကောင်မလေး ဆင်းရဲသည်။

သူမ နှင့် ပြဿနာ တကယ်ရှိခဲ့ဖူးပေမယ့် သူမ ဟာ အမှု ကွင်းလုံးကျွတ်လွတ် မြောက်နိုင်သည့် တရားခံမှန်း သိနေလျ ကိုယ့်အတွက် အသုံးချထားမိတာလည်း မှန်နေသည်မို့ သူမ ကို ခဲ့တာက အဖြူထည်အတိုင်း··။

မခံချင် ဖြစ်သွားသည့်စိတ်ကို သက်ပြင်းတစ်ချက်နှင့် ဖြေ ပြီး နောက် နည်းနည်းပြန်ဆုတ်မိသည်။

ပြီးတော့ လက်ပိုက်၍ တံခါးဘောင်မှာပဲ ကျောမှီလိုက်

"မင်း အဝတ်တွေ အရမ်းနည်းနေတယ်၊ ဒီတစ်ထပ် ဆိုရင်တောင် နည်းသေးတာ၊ အခု အထုပ်လေးတစ်ထုပ်တည်း

သူမ က ကျွတ်ကျွတ်အိတ်ကြီးထဲက အသစ်ဝယ်လာ ရော၊ အိမ်က ခိုးထုတ်လာတာတွေရော အားလုံးကို သူပြော



သချာ ပြုံးပြုံးကြည့်ကာ···

"ဒါ နည်းသေးလား၊ အားလုံး ဆယ်စုံ ရှိတယ်"

"မင်း အဲဒါထည့်လိုက်ရင် ဗီရိုထဲမှာ ကြမ်းခင်းလောက်ပဲရှိမှာပေါ့"

"ရှိလဲ မတတ်နိုင်ဘူး၊ ပြည့်စေချင်ရင် သူမ ကို ဒီဗီရိုကြီးထဲ ထည့်ခိုင်းနဲ့၊ တစ်ပေပတ်လည် သံသေတ္တာလေးတစ်လုံးဆို ရပြီ··"

အင်္ကျီ အဝတ်အစားတွေကို သေချာစီထည့်နေတာပေမယ့် ပုံစံက တော့ ထိုးသိပ်ဆောင့်အောင့်ထည့်နေတာနှင့် တူ၏။ ကမ္ဘာ က ကြည့် ပြီး ပြုံးလိုက်ရင်း···

"မင်း ငါပေးတဲ့ ပိုက်ဆံကို စုဘူးထဲ ပြေးထည့်လိုက်တာတော့ ဟုတ်ပါဘူးနော်"

"အံမာ··"

သူမ တော်တော်ဒေါပွသွားသည့်မျက်နှာလေးနှင့် သူ့ကို စူးစူး နစ် ကြည့်သည်။

"ရှင် ကားတိုက်ခံရတာ မျက်လုံးပါ ကန်းသွားတာလား"

"ဘာကွ··"

"ရှင့်ပိုက်ဆံတွေ ရေခဲသေတ္တာပေါ်မှာ အထုပ်လိုက် ပြန်ထားခဲ့ တယ်၊ မမြင်ဘူးလား··၊ ဒီထဲကနေ တစ်ကျပ်မြိတ်ရောက်အောင်တောင် မသွားဘူး၊ ဟွန့်·· ငွေအကြောင်း တော်တော်ပြောတဲ့လူ၊ သူမ ဟာ ဆင်းရဲပေမယ့် သူများပေးတာ ကျွေးတာကို ဘယ်တော့မှ ရတိုင်း ယူဘူး၊ ကျွေးတိုင်းမစားဘူး၊ အဲဒါကြောင့်လဲ ရှင့်ရဲ့ ဂုဏ်မြင့်သူ နဲ့··"

"ဘာဖြစ်လဲ··"

စကားမဆုံးဘဲ ရပ်သွားသဖြင့် ကမ္ဘာ က မေးဆက်ပြီး ထောက် သည်။

"ရှင် လက်ထပ်မယ့်မိန်းကလေးကို သူမ ဒီထက်မပြောချင်ပါဘူး"

"ငါ လက်ထပ်မယ့်မိန်းကလေး မဟုတ်ပါဘူး၊ သူ ငါ လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ထားတာက မင်း…”

“ဘာ!…”

“မင်း အားမနာတမ်း ပြောနိုင်တယ်လို့ ဖွင့်ပေးတာ…”

“ရှင်… ရှင်နဲ့ သူမ နှစ်ယောက်တည်းရှိနေတဲ့အချိန်မှာ ဒီစကား မျိုးတွေ မပြောပါနဲ့”

“ပြောတော့ ဘာဖြစ်လို့လဲ”

“မလိုအပ်ဘူးလေ..၊ သူမ တို့ ဘာဖြစ်လို့ ဒီလိုလုပ်ခဲ့ရတာလဲ ဘယ်သူမှ မသိပေမယ့် ရှင်နဲ့ သူမ သိတယ်..”

ဒေါသဖြစ်ဖြစ် ရိုးရိုးပဲပြောပြော ‘သူမ’ လို့ ထည့်ပြောတတ်တာ လေးကို သတိထားမိပြီး ကမ္ဘာ ပြုံးသည်။

“သူဌေးတွေမှာပဲ မာနကြီးတတ်တာ မဟုတ်ဘူး ကိုကမ္ဘာ၊ ဆင်း ရဲတဲ့လူတွေမှာလဲ မာနရှိတယ်၊ ရှင်နဲ့ သူမ ပေးချေကြရမယ့်အတိုင်း အတာထက်ပိုပြီး အခွင့်အရေးယူတဲ့စကားမျိုးတွေ မပြောပါနဲ့..”

“ဒီလိုစကားမျိုး ပါလာတိုင်း မင်း မခံနိုင်ဘူးဖြစ်နေရင်တော့ ဒါ ရှော့ ရှိတယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘက်မှာ ဖြစ်နေ မင်း နားမလည်နိုင်တဲ့အခြေအနေတစ်မျိုးမျိုး ရှိလာတိုင်း မင်းကို ရှင်းမပြနိုင်ခင်ပေါ့၊ ဒီ့ထက်မကတဲ့ အပြောအဆို၊ အထိအတွေ့ ရှိလာဦးမှာ..”

“အဲဒါတွေ သူမ နားလည်တယ်၊ ဒါပေမယ့် အခုလို ပြောလိုက် တာက မလိုအပ်ဘူးလေ၊ ရှင် သတိထားပေးပါ”

“ဒါလဲ မလိုပါဘူး..၊ သူနဲ့ ငါ မသက်ဆိုင်တာကို မင်း ရှင်းရှင်းသိသွားအောင် ပြောလိုက်တာ..၊ ရှိ မင်း မာနကြီးတဲ့ ကလေးဆိုတာ ငါ နားလည်တယ်၊ မင်း မသိသေးတာက မာနကြီး လူတိုင်းရဲ့ အတ္တတစ်ခုက သူများကို နားမလည်တတ်တာပဲ၊ အဲဒီ မင်းနဲ့ငါ ခံနချင်းမပြိုင်ဖြစ်ရင်တောင် တစ်ယောက်နဲ့တစ်ယောက်



နားလည်မှုရှိကြဖို့ မလွယ်မှာကတော့ သေချာတယ်၊ အရေးကြီးတာက ငါပြောတဲ့စကားထဲမှာ အခွင့်အရေးယူတယ်လို့ မင်းဘက်က ထင်စရာ ဖြစ်သွားခဲ့ရင် ထင်တာနဲ့ပဲ ပြီးလိုက်၊ တကယ် မဟုတ်တာကို ခဏဖယ် ပြီး လက်ထပ်ထားကြတာကို ဖြည့်တွေးဖို့ပါ၊ ဒါဆို အားလုံး သဘာဝ ကျကျ ဖြစ်သွားလိမ့်မယ်”

သူမ မျက်ဝန်းလေးတွေက မကျေမနပ် စူးရဲနေဆဲဖြစ်၏။ ဒါကို အတိုက်အခံထပ်ပြောနေလည်း ပြောရေးဆိုခွင့်တွေက သူ့ဘက်မှာ ညီးပဲမို့ အံကြိတ်နေလိုက်သည်။

“မနက်က ငါ ဖုန်းခေါ်သေးတယ်၊ မင်း ဘာဖြစ်လို့ မကိုင်တာလဲ”

“ကိုင်မှ မကိုင်တတ်တာ…”

“ဟင်!…”

သူမ ပြောလိုက်မှ သဲတိရသည်။ ဖုန်းပေးလိုက်တုန်းက နံပါတ် မှတ်ဖို့တောင် သူမ ထွက်သွားမှ ပြောလိုက်ရတာဖြစ်ကာ ရန်ဖြစ်နေရ တာနှင့် ဘယ်လိုကိုင်၊ ဘယ်လိုခေါ် ဆိုတာတွေ မပြောလိုက်ရ။ ဒီ လောက်ထိ သင်ပေးရမည်လို့ မထင်မိခဲ့တော့ ခေါင်းထဲမှာလည်း မရှိခဲ့ တာအမှန်..။

“ခု ဖုန်းပါလာတယ်မို့လား”

သူ လျှောက်ဝင်သွားတော့ သူမ မျက်ခနဲ ထရပ်လိုက်ကာ…

“ရှင့်ကို အဲဒါကြီး ပြန်ပေးချင်တယ်”

“လာပြန်ပြီ..”

သူမ က စားပွဲပေါ်မှာ သွားတင်ထားခဲ့သည့် ဆလင်းဘက်ခ်ဆီကို လှမ်းကြည့်၍ စိတ်ညစ်သွားသည့် မျက်နှာလေးနှင့်…

“သူမ အဲဒါကို ဘယ်လိုမှ ဖုံးကွယ်ထားနိုင်မှာ မဟုတ်ဘူး၊ ဆိုလေ…”

“ငါပြောရင် မစာမနာပြောတယ် ဖြစ်ဦးမယ်၊ မင်းနဲ့ငါ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတာကို မမေ့နဲ့လေ၊ ဒါက တို့နှစ်ယောက်ကြားမှာ မရှိလို့ မဖြစ်ဘူး''

''ဒါပေမယ့်…''

''ကောင်းပြီ…၊ မင်း ဒီလောက်ဖြစ်နေရင် နောက်တစ်နည်း ရှိတယ်''

ဘာလဲ…ဆိုသည့် မျှော်လင့်ချက်နှင့် သူမ က သူ့မျက်နှာကို ကြည့်နေ၏။ ဒီဖုန်းကြောင့် ဘယ်လောက်စိတ်ညစ်နေမှန်း သိသာပေမယ့် ကမ္ဘာ့ မျက်နှာကလည်း ဒီပြဿနာကိုပဲ ရှင်းနေရသဖြင့် စိတ်မရှည်ခြင်းတွေနှင့်…

''မင်း ဒီမှာပဲ စာချုပ်မပြည့်မချင်း နေလိုက်…''

''ဘယ်လို!…''

''ဒါဆို ဖုန်းသုံးဖို့ မလိုတော့ဘူး''

''ရှင် ဘာပြောလိုက်တယ်…''

''ကြားတဲ့အတိုင်းပဲ…''

ဘုကျကျ မှုန်ကုပ်ထားသည့်မျက်နှာကို အနားရောက်လာတော့ သေချာကြည့်၍ ပစ်စလက်ခတ် မုန်းခွင့်ရသွားသည်။

သူမ စလင်းဘက်ခ်ရှိရာကို လျှောက်ထွက်သွားပြီး ဖုန်းထုတ်ယူလိုက်သည်။ ကမ္ဘာ က သူမ လက်ထဲကို ဖုန်းရောက်လာမှ အနားကို ထပ်တိုးလာကာ…

''ပေး…''

ဖုန်းကို ဆွဲယူလိုက်ပြီး စားပွဲကို နောက်ပြန်မှီလိုက်၏။

''ဒီမှာ လာကြည့်…''

ကြည့်…ဆိုတော့ ကြည့်ဖို့အတွက် လည်ပင်းရှည်မိသည်။ ဒါပေမယ့် မမြင်ရ၊ ခြေဖျားထောက်ကူလိုက်တာလည်း သေချာမမြင်ရပေ။

ကမ္ဘာ က သူမ ကို ခပ်ချဉ်ချဉ်မျက်စန်းများနှင့် စောင်းကြည့်



ဆိုက်ပြီး သူမ ဘေးကို ကပ်လိုက်၏။ ပခုံးချင်းထိသွားသဖြင့် သူမ ဘေးကိုခွာဖို့ ပြင်လိုက်လျှင် လက်ကို ဖျတ်ခနဲ ဖမ်းဆွဲကာ…

''ဒီတိုင်းနေမှ ဖြစ်ရမှာပေါ့''

အမြင်ကတ်ကတ်နှင့် ကြည့်ဖြစ်လိုက်တိုင်း သူမ ပါးပြင်လေးတွေ ရွှတ်နေတာကို ငေးခနဲ ဖြစ်သွားသည်။ ထို့ပြင် ရှေ့ကို စုလုံးထွက်လာသည့် နှုတ်ခမ်းလေးက နီးကပ်စွာ…

''ဒီမှာ အလယ်ခလုတ်ကို နှိပ်လိုက်…၊ ပြီးရင် ဒီဘက်အပေါ်က ခလုတ်ကို နှိပ်လိုက်တာနဲ့ ဝမ်းကနေ ဇီးရိုးထိ နံပါတ်တွေ ပေါ်လာမယ်၊ မင်းက ခေါ်ချင်ရင် ဒီမှာ ဖုန်းပုံလေးပေါ်ကို လက်နဲ့ အသာလေးဖိရုံပဲ၊ ဒီမှာ စပီကာပုံ ပေါ်လာမယ်၊ ထပ်နှိပ်လိုက်တာနဲ့ ခေါ်နေပြီ…''

ရှင်းပြနေရင်း မျက်နှာနှစ်ခုက ဘေးတိုက် နီးကပ်သွား၏။ သူမ ကလည်း စိတ်ဝင်တစားဖြစ်သွားသဖြင့် ပခုံးချင်းထပ်၊ ပါးချင်းကပ်နေတာကို မေ့သွားခဲ့သည်။

''တစ်ယောက်ယောက်ကခေါ်လို့ ဖုန်းဝင်လာရင် ဒီမှာ Answer ကို နှိပ်လိုက်၊ ပြီးရင် စပီကာကို နှိပ်၊ ဒါဆို ပြောလို့ရပြီ၊ ရော့… ကိုယ်ပြောတဲ့နံပါတ်ကို ခေါ်ကြည့်…''

''အင်း…''

သူမ က ဘာခလုတ်မှမပါဘဲ အနက်ရောင်မှောင်လက်နေသည့် ဖုန်းအပြားကြီးကို ယူလိုက်ပြီး သူပြောသည့်နံပါတ်များကိုခေါ်ဖို့ နံပါတ်တွေကို အရင်ဖွင့်လိုက်သည်။ ကမ္ဘာ က ဘေးကနေကြည့်နေပြီး…

''ဟုတ်တယ်…၊ ဟန်းဖုန်းချင်းခေါ်ရင် ဇီးရိုးနိုင်း မလိုဘူး၊ ကိုယ်ပြောတာကို ခေါ်…''

သူမ ခေါ်လိုက်တော့ ကမ္ဘာ့ ဆီက သံစဉ်လေးတွေ မြည်လာ၏။ ကမ္ဘာ က ဖုန်းထုတ်ယူကာ ဖွင့်လိုက်ပြီးမှ ပြန်ပိတ်၍…

''ကိုယ် ပြန်ခေါ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

သူမ က ဖျတ်ခနဲ လင်းလာသည့် စကရင်နဲ့ကိုကြည့်၍ မျက်မှောင်လေးကြုတ်သွားကာ...

"အသံ ဘာလို့မမြည်တာလဲ.."

"မင်းက လူကြားထဲမှာ မြည်မှာစိုးတယ်ပြောလို့ Silent လုပ်ထားတာ၊ ဒါလေး နှိပ်လိုက်.."

ဟု ပြောကာ ကမ္ဘာ က သူပဲ နှိပ်ပစ်လိုက်သဖြင့် ဖုန်းနဲ့ သူမ လက်ကလေးကို ထပ်ဆုပ်ကိုင်ထားသလို ဖြစ်သွားသည်။

ဖုန်းထဲမှာ အာရုံရောက်နေသည့် သူမ ကိုယ်လေး သတိမှ မသိမသာ တုန်သွား၏။ ပြီးတော့ ပခုံးချင်း ကပ်ဖိကာ မျက်နှာငုံ့ထားသဖြင့် ကမ္ဘာ့ မျက်နှာက ကိုယ့်ပါးနဲ့ ထိလုထိခင်ဖြစ်နေခြင်းကိုပါ သတိရသွားသည်။

ဒါပေမယ့် ရှင်းပြနေသည့် ကမ္ဘာ့ ပုံစံက သူမ လို တွေးနေတာမျိုး မရှိသည့်ပုံမျိုးမို့ ပခုံးလေး မသိမသာကျုံ့ကာ ပင့်သက်ရှိုက်ထားမိသည်။ ဖုန်းက မြည်သံတွေထွက်လာသလို သူမ မနေတတ်မထိုင်တတ် ဖြစ်လာတာက ပူပူထူထူကြီး...

"ဒီမှာ... ဖုန်းထဲမှာ မင်းကြိုက်တဲ့အသံ ထည့်လို့ရတယ်၊ ringing tone ကို ဖွင့်၊ မဟုတ်ရင် ဒီမှာ Vibration၊ ခုနကလို အသံမပါတော့ဘဲ တုန်နေမယ်၊ တုန်တဲ့နှုန်းကတော့ အသံနည်းနည်း ရှိမှာပေါ့၊ သံစဉ် မဟုတ်တော့ဘူး၊ ရပြီလား.."

"ရပြီ.."

သူမ က ဖုန်းကိုကိုင်ပြီး သူ့လက်ထဲက ရုန်းထွက်ကာ ဘေးကို မသိမသာ ရွှေ့ရပ်လိုက်၏။ နှာခေါင်းထဲမှာ သူ့ကိုယ်က စီးကရက်နံ့လိုလို ကွမ်းယာနံ့လိုလို ဒါမှမဟုတ် ရေမွှေးနံ့လားမသိ၊ လူချင်းခွာလိုက်ပေမယ့် သူ့ကိုယ်နံ့က စွဲကပ်ပါလာ၏။





သူမ ဖုန်းကို လက်ဆန့်ကိုင်ရင်း တင်ပါးနားမှာ ဖိကပ်ထားလိုက်ကာ...

"ဖုန်းပိတ်ထားလိုက်ရင် အဲ...ဘယ်လိုပိတ်ရသလဲ ပြောဦးလေ"

ပြောပြီး သူ့ကို ဖုန်းပြန်ပေးတော့ ကမ္ဘာ က ဖုန်းနဲ့ သူမ ကို တစ်လှည့်စီကြည့်ပြီး ပြုံးလိုက်သည်။

ထို့နောက် ပြန်လှည့်ထွက်သွားရင်း...

"ပိတ်ထားလဲ အဝိုပဲဆိုတော့ မပြောတော့ဘူး"

"ဟင်!... ဘာဖြစ်လို့လဲ"

သူမ သူ့နောက်က ပါလာမှန်းသိကာ အသံမထွက်ပေမယ့် သွားတွေပေါ်အောင် ရယ်လိုက်ရင်း...

"ပိတ်ပြီး အလိုအလျောက်ပြန်ပွင့်သွားအောင် ငါ လုပ်ထားတယ်"

"ဘာ!.."

မအူမလည်နဲ့များ မင်းက ကြိုးစားသေးတယ်။ ဟား...၊ ကမ္ဘာ့ ကျောက်နှာ မော့သွားတာကို နောက်ကနေ သူမ မြင်သည်။ ရယ်လိုက်တာကို မသိ..။

ကမ္ဘာ တကယ် လုပ်ထားသည်လို့ပဲထင်ကာ ထော့နင်းထော့နင်းတွေ၊ လက်ကဒက်ရာတွေ မရှိတော့သည့်အဖြစ်ကို မလိုလားစွာကြည့်၍ မျက်စောင်းရွယ်ရင်း နှုတ်ခမ်းလေးကို ဖိကိုက်ပစ်မိသည်။

ဒီဒဏ်ရာတွေနဲ့ အကြာကြီး ဒုက္ခိတဖြစ်နေပါလား၊ ကောင်းသွားပြီဆိုတာနဲ့ ဘယ်သူ့ကို ဒုက္ခပေးရမလဲ စဉ်းစားနေသည့် မျက်နှာကြီးနှင့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )

"မင်းက သုန္ဒရီ ရဲ့ဒီဇိုင်နာလား"

"ဟင်!… ဟုတ်ပါတယ်"

"အို…"

အနားရောက်လာသည့် အမျိုးသမီးကို သူမ အံ့သြစွာ ကြည့်မိ၏။

အသက်ကတော့ သုံးဆယ်ကျော်လောက်ရှိနိုင်လျက် စင်ပေါ်မှာ လျှောက်နေသည့် မော်ဒယ်လေးတွေလိုပဲ ဝတ်ထားသည်။ အချိုရည်ဟု ထင်ရသော စပျစ်ရောင်အရည်တွေပါသည့် ဖန်ခွက်ကိုကိုင်ထားသည့် လက်မှာလည်း ရှည်လျားသည့် လက်သည်းရှည်တွေက ကိုယ့်ကိုယ်ကိုယ်တော့ လှသည်လို့ ထင်ကြသလား မသိ…။

"တို့က ဟောဒီ နတ်သမီးစင်တာရဲ့ပိုင်ရှင်…၊ 'မင်းသမီး' လို့ ခေါ်တယ်…"

"ဟုတ်ကဲ့"

"အခု ဒီရှိုးပွဲကို စီစဉ်လုပ်ကိုင်သူပေါ့"

"သော်…"





မင်းသမီး ဆိုတာကို ဒီမလာခင်ကတည်းက ကြားခဲ့ပါသည်။ သူမက အပျိုကြီးဖြစ်ကာ ရည်းစားဟောင်းနှင့်ပြတ်သွားပြီးကတည်းက အချစ်ကိုမသိတော့ပါဟု ထူးဆန်းစွာ ကြေညာခဲ့သူဟု ဆူး က ပြောပြထား၏။

မြင်ရတာကတော့ တော်တော်လှအောင် ပြင်ဆင်ထားကာ ခေတ်ဆန်လွန်းတာကလည်း သိသာလွန်းသည်။ ဝတ်စားပြင်ဆင်ထားပုံနှင့် အကြည့်ရဆိုး၏။

"မင်းသမီးက အရမ်းလက်ဖွာတာ၊ ချမ်းလဲ ချမ်းသာတယ်၊ ပွဲတစ်ခုခုရှိပြီဆို၊ သူချည်းပဲ ဦးဆောင်သွားတာ၊ ဘာစပွန်ဆာမှ မမျှော်ဘူး" တဲ့…။

သူမ ဦးဆောင်လမ်းညွှန်မှုတွေနှင့် အောင်မြင်သွားသည့် မော်ဒယ်တွေ အများကြီးရှိသည်လို့လည်း ပြောသေးသည်။

"မင်းက မော်ဒယ်လေးတွေကို ရုပ်လုံးကြွအောင် ပြင်ဆင်ပေးနေတဲ့သူပေါ့၊ လုံးဝကို မထင်ရဘူး"

"ဟုတ်ကဲ့၊ သူမ ကို မြင်တိုင်း ဒီလိုပဲပြောကြတယ် မမမင်းရဲ့၊ တကယ်တော့ သူမ က ဒီဇိုင်နာစစ်စစ်လဲ မဟုတ်ပါဘူး"

"ဘယ်လို…"

စင်မြင့်ထက်က ဆလိုက်မီးတစ်ချက် ဝေ့သွားသဖြင့် မင်းသမီး အံ့သြသွားသည့်မျက်လုံးက ပိုပြူးသွားသလိုပင်…။

ထို့ပြင် သူမ ရဲ့ပုံစံကိုပါ စိတ်ဝင်တစား ထပ်ကြည့်ကာ…

"သူမ…၊ အင်း… နာမည်က သူမ နော်၊ ဟုတ်တယ်…၊ ကြားဖူးတယ်…၊ နာမည်ကတော့ ရိုးပေမယ့် ဆန်းဆန်းလေးပါ၊ ဒါပေမဲ့ မင်း…"

မင်းသမီး က ဖန်ခွက်ကိုင်ထားသည့်လက်ကို ခါပြလိုက်သဖြင့် အထဲကအရည်တွေ ဖိတ်ဖိတ်စဉ်စဉ် ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အို!..."

"အဲ...အဲ...ဆောရီး.."

"ရပါတယ်..."

သူမ ဝတ်ထားသည့် နံ့သာရောင်ဝတ်စုံလေး၏ ဒူးနားလောက်မှာ စပျစ်ရောင် အစက်အပြောက်တွေ စွန်းထင်သွား၏။ သူမ ပျာ… သလဲ ခါချနေပေမယ့် ရပါတယ်လို့လည်း ပြောရှာသည်။

မင်းသမီးက ငုံ့၍ သပ်ခါနေသည့် သူမ မျက်နှာလေးကို ရီ… မေးစဉ်းနေသည့်မျက်လုံးတွေနှင့် သေချာလိုက်ငုံ့ကြည့်၏။ ပြီးတော့...

သူမ ရဲ့ ကျစ်ဆံမြီးလေးနှစ်ဖက်ကို ကြည့်ကာ အကောက်… တိုကပ်ကပ်နှင့် ကိုယ့်ဆံပင်ကို ပြန်စမ်းကြည့်၏။ စမ်းနေရင်း လက်… နားကွင်းဝိုင်းကြီးဆီ ရောက်ကာ...

"တို့မှာတော့ တန်းလန်းဆိုလို့ နားကွင်းပဲ ရှိတယ်၊ အဟွန်း… ဟွန်း"

ရယ်လိုက်ပြီး ဖန်ခွက်ကို တစ်ချက်မြှောက်ကြည့်ကာ အမှောင်… ကို လွှင့်ပစ်လိုက်သည်။

"လှလောကတိုတိုလေးကို ဘာဖြစ်လို့ လှလှပပ မနေရတာ… မင်းမျက်နှာမှာ လှလှပပလဲ လိမ်းကျံမထားဘူး၊ ကျစ်ဆံမြီးနဲ့ အင်္ကျီ… လဲ..."

"သူမ ဒီလိုပဲ ဝတ်တတ်လို့ပါ၊ အဲဒါကြောင့် စောစောက ပြော… တာလေ၊ သူမ က ဒီဇိုင်နာ မဟုတ်ပါဘူး၊ အင်္ကျီတွေပဲ လှအောင် ချုပ်တတ်တာ၊ မျက်နှာကို မပြင်တတ်ဘူး"

"တတ်ရမှာပေါ့ကွာ..၊ ဒီပညာက မိန်းကလေးတိုင်း တတ်… တတ်သင့်တာပဲ၊ မင်း ပြင်လိုက်ရင် အရမ်းလှသွားမှာ..."

ပြောပြီး စင်ပေါ်မှာ အလှည့်ကျလျှောက်ထွက်လာသည့် မော်ဒယ်… တစ်ယောက်ကို လှမ်းကြည့်ပြကာ...





"တွေ့လား သူ့မျက်နှာကို..၊ လုံးဝ တစ်စက်မှ မလှဘူး၊ ဒါပေမယ့် ကြည့်ကောင်းနေတာ"

"သူ လှပါတယ် မမမင်း ရဲ့..."

"လှတယ်.."

မင်းသမီး နောက်ထပ် မျက်လုံးပြူးနှင့် ကြည့်ပြန်သည်။ ပြီးတော့ ခေါင်းညိတ်နေတာက ဘာကို သဘောပေါက်သွားမှန်းမသိ။ ထိုစဉ်...

"အား!... မူးလိုက်တာ.."

"မမမင်း.."

"အင်း..."

"မမမင်း ဘာဖြစ်တာလဲဟင်.."

"ဖယ်..."

မင်းသမီးမျက်နှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ရှေ့ကို ငိုက်ခနဲ ပြိုဆင်းလာကာ သူမ ကိုလည်း တွန်းဖယ်၏။ သို့သော် သူမ ကလည်း မဖယ်၊ ထိန်းလို့လည်း မရတော့ဘဲ...

"ဝေါ..."

"အို!..."

သူမ ရင်ဘတ်တစ်ခုလုံး ပေကျံကုန်လေသည်။ မင်းသမီး သည် မူးမိုက်အော့အန်နေသည့်ကြားက လက်ကာရင်း တောင်းပန်ဖို့ ကြိုးစားနေ၏။

"ရတယ်.. ရပါတယ်..၊ မမမင်း သူမ ကိုတွဲလေ..၊ ဟိုနောက်မှာ ခဏ သွားထိုင်ရအောင်.."

"ဆောရီးနော်..၊ တို့ကို တွဲပေးပါ၊ လမ်းမလျှောက်ချင်တော့ဘူး၊ အိပ်ခန်း...အိပ်ခန်းကိုပဲ.."

"ဟုတ်.."

တစ်ကိုယ်လုံး ပစ်မှီထားသည့် မင်းသမီး ကို မနိုင်မနင်းတွဲ၍

www.burmeseclassic.com



သူမ လမ်းပြတဲ့အတိုင်းပဲ ရောက်အောင် ပို့ပေးလိုက်ရသည်။

"အို!... ဘယ်လိုဖြစ်လာလဲ သမီးရယ်"

အိပ်ခန်းဆိုသည့် ဒုတိယဆင့်တံခါးကို တက်မည်ဆိုမှ ဆ ခြောက်နှစ်လောက်အရွယ် ကောင်မလေးတစ်ယောက်နှင့် မိန်းမဝဝကြီး တစ်ယောက် ဘယ်ကပြေးထွက်လာမှန်း မသိဘဲ သူမ တို့ဘေး ရောက်လာ၏။

"ဟဲ့... ဒီပါလေး..၊ ညည်းအစ်မကို တွဲစမ်း"

တစ်ကိုယ်လုံး ပေရေနေသည့် သူမ ကိုတော့ တစ်ချက်မှ ကြ ဖော်မရဘဲ မင်းသမီး ကို တစ်ဖက်တစ်ယောက်တွဲဖို့ ကြိုးစားကြ

သူမ က ဖယ်ပေးလိုက်ပြီး နောက်ဆုတ်လိုက်သည်။

"သူမ..."

ခေါင်းမထူနိုင်အောင် ခွေယိုင်နေသည့် မင်းသမီး က လှ လှုပ်လှဲ့ ခေါ်၏။

"သူမ..နော်..."

"ဪ... ဘာတွေ ရွတ်နေတာလဲ..၊ ဒီဘက်တည့်တည့်လှည့် သမီးရယ်၊ အိပ်ခန်းက အပေါ်မှာလေ.."

"သူမ..."

မင်းသမီး ၏ခေါ်သံကို အပေါ်ထပ်ပါသွားတဲ့အထိ ကြား သေးသည်။ ရပ်ငေးနေပြီးမှ သန့်စင်ခန်းရှာကာ ကိုယ်ပေါ်က အည အကြေးတွေကို လောလောဆယ် ဆေးကြောပစ်ဖို့ သတိရသည်။

ကိုယ်က စက်ချုပ်တဲ့ပညာမှာပဲ စိုက်နှစ်တော့ဖို့ စိတ်ကူးထား မိမိ ကိုင်တွယ်ရမည့် လောကအထာအကြောင်း ကျွမ်းကျင်နှံ့စပ် သည်။ အဝတ်အစားဖြစ်ဖြစ်၊ မိတ်ကပ်ဖြစ်ဖြစ် ကိုယ့်အတွက် ကျင်ဖို့ လိုအပ်သည်မို့လည်း ရှိုးပွဲတွေကို စိတ်ပါလက်ပါ လိုက် နေမိတာ ဖြစ်သည်။





ဒီထဲက တစ်ယောက်ယောက်ရဲ့ ဒီဇိုင်နာအဖြစ် ဂုဏ်ယူဝင့်ကြွားရ လောက်အောင် ကိုယ့်ကိုယ်ကိုယ် မဖြစ်သေးဘူးလို့ သတ်မှတ်ပြီး ပွဲနဲ့ နီးမဝေးလေးမှာ တစ်ယောက်တည်း ရပ်ကြည့်နေမိတုန်း မင်းသမီး က ရောက်လာခဲ့သည်။

ထို့ကြောင့် သူမ တစ်ယောက်တည်း အဖြစ်ဆိုးနေတာကို ရုတ် တရက် ဘယ်သူမှမသိလိုက်ကြပေ။ သန့်စင်ခန်းထဲမှာ ကိုယ့်ပြဿနာ ကို ရှင်းလို့မပြီးခင် ဖုန်းဆီက တုန်ခါသံကို ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်တော့ သူမ ရဲ့ သိုးမွေးလွယ်အိတ်လေးထဲမှာ အလင်းရောင်တွေ ဖြစ်နေ၏။ သူမ လက်ကို ရေစင်အောင် ကပျာ ကယာ ခါပစ်လိုက်ပြီး ဖုန်းကိုင်လိုက်ရ၏။

"ဟလို..."

"ရှီ..၊ ငါ ခေါ်တာ နှစ်ခါရှိပြီ၊ မင်း ဘာလုပ်နေလဲ"

"မသိလိုက်လို့ပေါ့"

"မသိရအောင် ဖုန်းကို ဘယ်နှစ်မိုင်လောက်အကွာမှာ ထားလို့လဲ၊ ဟွတ်!..."

"သူမ အရမ်း အလုပ်ရှုပ်နေလို့ပါ၊ ရှင် ဘာလုပ်မလို့လဲ"

"မင်း မနက်က မလာဘူးလေ၊ အခုလဲ မိုးချုပ်တော့မယ်၊ ငါက ဘာနဲ့ စားသောက်ရမှာလဲ"

"ရှင့်ကို ဒီညစာအတွက် ကြက်သားကြော်နဲ့ ပုစွန်အသားလုံး ကြော် လုပ်ပေးထားတယ်လေ၊ တကယ်လို့ မလာဖြစ်ရင်..."

"ဟာ!... မဖြစ်ဘူး၊ ငါ အဲဒီလို နေ့ဖို့ညစာတွေ လုံးဝ မစား တော့ဘူး၊ အခု မင်း အပြင်မှာမို့လား၊ ငါ စောင့်နေမယ်"

"ကမ္ဘာ... ကမ္ဘာ... နေဦး... ဟလို..."

ခေါ်နေရင်း ကမ္ဘာ က ဖုန်းချသွားသဖြင့် သူမ မရမက ပြန်ခေါ် ရ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို သူမ တောင်းပန်ပါတယ်၊ ဒီမှာ… ဟိုလေ… ဟို… စားပွဲထိုးတစ်ယောက်နဲ့ တိုက်မိပြီး အင်္ကျီမှာ ပေကျံနေလို့ အိမ်ကို တန်းပြန်မှဖြစ်မှာ…"

"ဩော်… မင်းကတော့ စားသောက်ဆိုင်မှာလား…"

"ဟုတ်… အဲ… အို… မဟုတ်ဘူး"

"ဟုတ်ဟုတ်,မဟုတ်ဟုတ် မလိုချင်ဘူး၊ မင်း သန့်စင်ခန်းထဲ ခဏဝင်လိုက်၊ ပြီးရင် လာခဲ့…၊ ဒီမှာ မင်းရဲ့အဝတ်အစားတွေ လဲလိုက်ရင် ပြီးပြီ"

သူမ စိတ်ညစ်သွားမိသည်။ အခုဟာက ကိုယ့်အလုပ်ခန်းနဲ့ကိုယ် ဖြစ်နေပြီမို့ အလုပ်တွေပိနေလို့ စောစောသွားရမည်ဆိုလည်း ရသည်။

မိုးချုပ်မှ ပြန်သွားလည်း ပြဿနာဖြစ်ဖို့ မရှိပါ။ သူမ အလုပ်ရှုပ် နေတာကို အားလုံးက သိနေကြသဖြင့် စေ့စေ့ပေါက်ပေါက် မေးတာ မြန်းတာတွေ မရှိခဲ့ပေ…။

ဒီကအပြန် ဝင်ရမှာကို သိပြီးသားပေမယ့် သူ ဖုန်းဆက်လိုက် သဖြင့် မလာနိုင်တဲ့အကြောင်း ပြောလိုက်တာဖြစ်သည်။ သူ လက်ခံ တယ်ဆို မသွားတော့ဘဲ နေလိုက်ဖို့…

"ဒေါက် .. ဒေါက်…"

"လူ ရှိတယ်"

ကမန်းက ‌ာန်း အသံပေးကာ သူမ လွယ်အိတ်လေးကို ကမန်း ကတန်း လွယ်လိုက်၏။ တံခါးဖွင့်လိုက်တော့ ဆူး ကို မြင်လိုက်ရတာ ခေါင်းနားပန်းကြီးသွားသည်။

"ဆူး…"

သူမ ကို ဆူး က အံ့သြသလို ကြည့်လိုက်ပြီး…

"ဘာဖြစ်ထားတာလဲ"

"ဩော်… ဟို…"





ကိုယ် ဖုန်းပြောနေတာကို ဆူး မကြားလိုက်မှန်းသိကာ ရင်ထဲက အလုံးကြီး ပြုတ်ကျသွား၏။ ဘာလုံးကြီးမှန်းမသိဘဲ ဝမ်းသာအားရ ဖြစ်သွားလျက်..

"မမမင်း လေ..၊ ဟို… မင်းသမီး၊ သူ မူးပြီးအန်လိုက်တာ.."

"ဟွန်း…"

ဆူး က နှာခေါင်းလေးရှုံ့သွားကာ…

"အဲဒီတစ်ယောက်က မူးလာရင် အန်တတ်တယ်၊ နင် ဘာဖြစ်လို့ နေတဲ့သူနားမှာ နေတာလဲ၊ ဘယ်မှာ သွားစကားပြောလိုက်တာလဲ၊ တွေ့ပါပဲ..၊ ကားပေါ်မှာ နံစော်နေတော့မှာပဲ"

မေးခွန်းမေးပြီး အဖြေကိုမစောင့်ဘဲ နှာခေါင်းတရှုံ့ရှုံ့နှင့် မဲ့ရွဲ့ နေသည်။

"ငါ နင့်ကားနဲ့ ပြန်မလိုက်တော့ဘူး၊ ဆိုင် ခဏဝင်လိုက်ဦးမယ်"

"ဘာလဲ.. ဟိုအရင်တစ်ခါလို ဖြစ်မှာစိုးလို့လား၊ ငါ ကားမောင်း ကျွမ်းနေပြီ၊ သိပ်မကြီးကျယ်နဲ့..၊ တော်ကြာ အတူသွားပြီး ဒီက ထား ခဲ့တယ်ဖြစ်ဦးမယ်"

မိုးချုပ်မှ သွားတဲ့လမ်းတိုင်း သူမ ကားလိုက်မစီးတော့တာကို သတိထားမိနေသည့်ပုံနှင့် ဆူး မျက်နှာလေး တင်းသွား၏။

ရေအိမ်ထဲဝင်လိုက်ပြီးမှ ပြန်လှည့်ကြည့်ကာ…

"အထူးသဖြင့် ဟိုပုဂ္ဂိုလ်ကို မုန်းလွန်းလို့..၊ ဟွန်း… ရှိုးပွဲသွား မယ်ဆိုတိုင်း ကားယူသွားလို့ ပြောလာတာတွေကို မသိတာမှတ်လို့.."

ပြောနေရင်း တံခါးကို ဆောင့်ပိတ်ပစ်လိုက်၏။ သူမ တံခါးကို မျက်နှာမူရင်း ငိုင်ငိုင်လေး ကျန်ရစ်ခဲ့၏။

အိမ်ပြန် မိုးချုပ်တဲ့အခါ မိုးသောက် နဲ့ မဆုံမိသမျှ ပြဿနာ မရှိပေမယ့် ဆုံမိတဲ့အကြိမ်မှာတော့ စိတ်ပူသည့်မျက်နှာနှင့် အားကြိုနေ သတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မေးမြန်းသမျှတွေကို ဖြေရတာ တော်တော် သတိထားရ သည်။

"အလုပ်ကြိုးစားတာလဲ ကြိုးစားပေါ့ကွ၊ ဒါပေမယ့် အလုပ်ဝင်ချိန်၊ ပြန်ချိန်တော့ သတ်မှတ်ထားသင့်တယ်၊ မင်းက မိန်းကလေး နောက်ပြီး ရန်ကုန်မှာ မင်း ကျွမ်းကျင်တဲ့ပတ်ဝန်းကျင် တစ်ခုမှ မရှိဘူး" တဲ့..။

မိုးသောက် ဇါစေတနာကို သူမ နားလည်သည်။ မလည်မဝယ်နဲ့ စတင် ချဉ်းနင်း ဝင်ရောက်လာကတည်းက အမှားတွေနဲ့ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေလို့လည်း မိုးသောက် စိုးရိမ်စကားတွေဖြေ တိုင်း ဝမ်းနည်းမိသည်။

ခုတော့ သူမ ခေါင်းထဲမှာ အလုပ်တစ်ခုတည်း မဟုတ်တော့ပါ။ ပြိုးပြက်လက်နေသည့် လက်စွပ်တစ်ကွင်းရယ်၊ စာချုပ်ကြီးတစ်ခုရယ်။ ဘဝအတွက် အောင်မြင်ဖို့ကတော့ နောက်ဆုံးမှာပဲ ဖြစ်တော့သည်။

သူမ အတွက်က အောင်မြင်ဖို့ထက် လွတ်မြောက်ဖို့က အဓိက..။





## အခန်း (၂၃)

"ဟင်!... မမမင်း..."

"ရှိက်ထိ"

အခန်းရှေ့မှာရပ်၍ မျက်မှန်လေးချွတ်ပြီးမှ မင်းသမီး က အထဲ ဝင်လာသည်။ ပြီးတော့ သူမ ရဲ့အခန်းကို လှည့်ပတ်ကြည့်နေပြီး...

"စတူဒီယိုဆိုရင်တော့ ကျန်သေးတယ် သူမ ရဲ့..နော်..."

"စတူဒီယိုဖြစ်ဖို့က အဝေးကြီး လိုပါသေးတယ် မမမင်း ရယ်..၊ သူမ မှာ အဲဒီလောက် အင်အားမရှိသေးပါဘူး၊ ထိုင်လေ မမ.."

"ရပါတယ်၊ လုပ်ပါ.."

စားပွဲရှည်ကြီးနားကို ကပ်လာပြီး သူမ ကြည့်နေသည့် ကက်သလောက်တွေကို မတ်တတ်ရပ်နေရင်းကနေ ယူကြည့်သည်။ ထို့ပြင် စားပွဲပေါ်မှာ ညှပ်လက်စဒီဇိုင်းကို ရှုမ်းကြည့်၍...

"ဒီ ကက်တလောက်တွေ ဘယ်သူ ရှာပေးတာလဲ"

"သူမ ပဲ ရှာတာပါ..၊ နောက်ပြီး မော်ဒယ် အင်ကြင်းပွင့် က ကူညီတယ်၊ သူက နိုင်ငံခြားဖက်ရှင်တွေဆို အရမ်းကြိုက်တာလေ"

"မော်ဒယ် အင်ကြင်းပွင့်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သူက မင်းဆီကို ရောက်လာတယ်"

မင်းသမီး က အံ့သြနေပုံပေါ်သည်။ ပြီးတော့ သူမ ကိုလည်း စိုက်ကြည့်၏။

"အင်ကြင်းပွင့် က အရမ်းကို အပေါင်းရခက်တဲ့ မော်ဒယ်ကျ- သူ့ရဲ့ back round ကလဲ ကျော်ကြားတဲ့ အနုပညာရှင်တွေချည်းပဲ... သူကိုယ်တိုင်လဲ ဒီလမ်းကြောင်းပေါ်ကို တက်လာကတည်းက အော မြင်လာတာကိုး..၊ မင်း တော်တယ် သူမ..၊ ဒီဘက်မှာ ကြိုးစားလို ပါ၊ ပြီးတော့ ဒါပဲတတ်တယ်ဆိုပြီး မနေပါနဲ့၊ အလှအပတွေဆို မ စိတ်ဝင်စားလေ အောင်မြင်လေ ဖြစ်မှာပါ၊ အဲဒါကို ယုံကြည်ထား--

ဟုတ်ကဲ့ပါ"

မင်းသမီး က ရဲတောက်နေသည့် အနီရောင်ဝတ်စုံနှင့်၊ နှုတ်ခမ်း ကလည်း နီရဲလျက် မျက်မှန်ပြန်တပ်လိုက်တော့ မျက်မှန်ထဲမှာပါ ရိပ်တွေ ဖြစ်နေ၏။

"မင်းက ထူးခြားတဲ့မိန်းကလေးပါ၊ တို့ ဒီမနက် အိပ်ရာကနိုး နဲ့ မင်းကိုပဲ သတိရနေတယ်၊ ဒီနေ့ နိုးထခြင်းဟာ မင်းအတွက် ဖြစ် သလိုပဲ၊ နိုးနိုးချင်း မင်းကိုတွေ့ပြီး စကားပြောချင်နေတာ သိလား-

သူမ ရယ်နေရင်း အင်္ကျီပုံပေါ်မှာ အဖြူရောင် ပန်းပွင့်လေးတ ကို ရင်ဘတ်နဲ့ ပခုံးထိပ် နေရာရွေး၍ ကပ်ကြည့်နေသည်။

"မနေ့ညက တို့ အခန့်ချလိုက်တော့ မင်းကို ဖယ်စေချင်တာ မင်းက မဖယ်ခဲ့ဘဲ တို့ကို တွဲထားတော့ မင်းကို ပေကျံကုန်တာပေါ့

"ရပါတယ် မမမင်း ရဲ့..၊ မမ အရမ်းမူးမိုက်နေမှန်းသိလို့ ထားတာပါ၊ တမင် ဂရုမစိုက်ဘွာ လုပ်ပစ်လိုက်တာမှ မဟုတ်တာ

"ဟုတ်ပါတယ်..၊ မင်း တို့ကိုလွှတ်ပြီး နောက်ဆုတ်သွား တို့ ပုံကျသွားမှာပဲ၊ မျက်လုံးတွေပြာပြီး ဘာမှကိုမသိလိုက်တာ





မိနစ်လောက်ပဲ၊ ဝိုင်ကြောင့်မဟုတ်ဘဲ နှလုံးကို လေရိုက်သွားတာမျိုး လျှပ်တစ်ပြက် ပြာဝေသွားတာ သိလား၊ အဲဒါကြောင့် သူမ ကို အရမ်းလေးစားပြီး ကျေးဇူးတင်သွားတာ..."

"ရပါတယ် မမမင်း၊ အေးအေးဆို ထိုင်လေ..၊ သူမ ကော်ဖီဖျော် ထားတာ ရှိတယ်"

သူမ က ကိုင်ထားတာတွေကို ချထားလိုက်ပြီး နောက်ခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ ဓာတ်ဘူးလေးနဲ့ ဖန်ခွက်တစ်လုံး ပါလာ၏။

"မုန့်တော့ မရှိဘူး၊ မမ ဒီတိုင်း သောက်တတ်လားဟင်"

"ရတယ်..၊ ကော်ဖီလဲ သိပ်မသောက်ချင်ပေမယ့် မင်းနဲ့ စကား ပြောချင်သေးလို့ ထိုင်လိုက်ဦးမယ်"

မင်းသမီး က သူမဘာသာ ခုံဆွဲထိုင်လိုက်သည်။

"ဆူး နဲ့ ညီအစ်မ တော်တယ်နော်"

"ဟုတ်ကဲ့ မမ"

"ဒါပေမယ့် သူနဲ့ သိပ်မတွေ့ရသလိုပဲ၊ ရှိုးပွဲမှာလဲ မင်းသေးမှာ သူ မရှိဘူး"

"ဟုတ်ကဲ့ မမ၊ သူမ က နယ်ကလာတာပါ၊ ညီအစ်မ တော်ပေမယ့် တွေ့လဲမတွေ့ဖြစ်ကြဘူး၊ သူမ တို့ ဆုံကြတာ ခြောက်လလောက် ပဲ ရှိသေးတာ.."

"ဪ..."

မင်းသမီး က သူမ ထည့်ပေးသည့်ကော်ဖီကို တစ်ကျိုက်သောက် လိုက်ပြီး အခန်းကို ဝေ့ကြည့်ပြန်သည်။

"ဒါဆို သူမ က မိဘတွေ မရှိတော့ဘူးလား"

"မရှိတော့ဘူး မမမင်း..၊ သူမ မှာ ဆူး တို့ဖေဖေက တစ်ဦး တည်းသောဆွေမျိုးပါ၊ မေမေ ဆုံးသွားတော့ ဦးလေးဆီကိုပဲ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ…"

"ကျောင်းရောပြီးခဲ့လား…"

"ဟုတ်ကဲ့…၊ မေမေကလေ ကျန်းမာရေးချို့တဲ့နေတဲ့ကြားက သူမ ကျောင်းပြီးအောင် အားတင်းထားခဲ့သလိုပဲ၊ ကျောင်းပြီးတာနဲ့ မေမေ ဆုံးသွားတာပဲ"

"ဪ… ဆောရီးကွာ၊ စိတ်မကောင်းလိုက်တာ…"

"ရပါတယ်"

လို့ ပြောသည့် သူမ မျက်နှာလေး မျက်တောင်လေး တဖျပ်ဖျပ် ခတ်သွားတာကို မင်းသမီး ကြည့်ပြီး သက်ပြင်းချမိသည်။

"အင်း…၊ သူမ က ရန်ကုန်ကိုရောက်တာနဲ့ ချက်ချင်း အောင်မြင်ခဲ့တာကိုး…၊ ဒါ အဆိုးထဲက အကောင်းပေါ့ မဟုတ်ဘူးလား"

"ဒီလိုလဲ မဟုတ်ခဲ့ပါဘူး မမမင်း ရယ်…၊ သူမ ရန်ကုန်ကို ရောက်တာနဲ့ အရမ်း ဒုက္ခရောက်ခဲ့ပါသေးတယ်"

"ဟုတ်လား…"

မင်းသမီး က ရှေ့ဆက် မေးချင်ပုံပေါ်ပေမယ့် မမေးသလို သူမ ကလည်း ဘာမှဆက်မပြောဘဲ နေသဖြင့် ခဏ တိတ်ဆိတ်သွား၏။

"သူမ…"

"ရှင်…"

"ယူ တို့ကို ခင်မင်စိတ် ဖြစ်ရဲ့လား"

"ခင်ပါတယ် မမမင်း ရဲ့…၊ သူမ မှာ ချစ်ခင်ရမယ့်သူလဲ သိပ်မရှိပါဘူး၊ မမမင်း က ခင်ဖို့ကောင်းတဲ့သူပါ"

မင်းသမီး က ပြုံးနေလျက်…

"မင်းက အဖြူထည်လေးပါ၊ ခင်တဲ့သူကို ဖြစ်ဖြစ်၊ မခင်တဲ့သူကို ဖြစ်ဖြစ် စာနာ နားလည်တတ်တဲ့သူ၊ မင်းကို တို့ ကူညီချင်တယ် တို့ ခင်တွယ်မိတဲ့ မိန်းကလေးက မပြည့်စုံမှုတွေ များနေပြီး ရိုးသား



ကြိုးစားတဲ့သူလဲ ဖြစ်နေတော့…"

"နေပါစေ မမရယ်…၊ သူမအတွက်က ဒါလောက်ကိုပဲ ပြည့်စုံလှပါပြီ၊ မမမင်း ကို ကျေးဇူးတင်ပါတယ်"

"တို့က ကျေးဇူးဆပ်ချင်နေတာပါ…၊ တို့မှာလဲလေ ဆွေမျိုးနီးစပ်တွေ အများကြီးရှိပေမယ့် အရင်းအချာတစ်ယောက်မှ မရှိတော့ဘူး၊ တို့ကလဲ အိမ်ထောင်မရှိတော့ ဆွေမျိုးတွေထဲက အငယ်အနှောင်းတွေတော့ ဝိုင်းနေတာပါပဲ၊ တို့ ပိုင်ဆိုင်သမျှကို မက်မောလို့…"

တစ်ယောက်တည်းပြောပြီး ရယ်နေသေးသည်။ သူမ က စကား လှည့်ပြောလိုက်…၊ အလုပ်လုပ်လိုက်နှင့် တစ်ချက်မှ ငြိမ်ငြိမ်လေး ရပ်မနေတာကိုလည်း သတိထားမိကာ…

"မင်းက ကြည့်လေ အမိပွာယ်ရှိလေ၊ အရမ်း ချစ်ဖို့ကောင်းတဲ့ ချာတိတ်ပဲ…"

"သူမ…"

"ဟင်!…"

တံခါးဝမှာပေါ်လာသည့် မိုးသောက် ကို လှည့်ကြည့်ကာ မင်းသမီး က စကားမဆက်တော့ဘဲ ပေါင်ပေါ်မှာ တင်ထားသည့်အိတ်ကို ပြန်ချိတ်ပြီး ထ,ရပ်လိုက်၏။

"တို့လဲ ပြန်ဦးမယ်၊ သူမ ကို ပြောစရာတွေ ကျန်သေးတယ်ဆိုတော့ တစ်ရက်ရက်မှာ တို့ ဆက်သွယ်မယ်၊ စားသောက်ကြရင်း စကားတွေ ပြန်ဆက်ရအောင်၊ ပြန်မယ်၊ ဘိုင့်ဘိုင်"

"ထိုင်ပါ မမမင်း ရဲ့…၊ ကိုမိုး က ဧည့်သည် မဟုတ်ပါဘူး၊ သူ နဲ့ သူမ တို့က မောင်နှမတွေပါပဲ"

"ဟုတ်ပါတယ်၊ အေးဆေးထိုင်ပါ"

မိုးသောက် က ဝင်လာရင်း ပြောပေမယ့် မင်းသမီး က ရင်းနှီးသည့်အပြုံးနှင့် ခေါင်းခါ၍…

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်..၊ ရတယ်..၊ တို့ကလဲ ညည့်သည်မဖြစ်ချင်လို့ကို ဖြ
မှာ..."

မိုးသောက် ကိုပါ နှုတ်ဆက်ပြီး မင်းသမီး ထ,ပြန်သွား၏။

"ကိုမိုး ထိုင်လေ"

"မထိုင်ချင်ပါဘူး၊ ခင်မျှားလေးကို ပြောစရာရှိလို့"

"ဟင်!..."

မိုးသောက် က သူမ ရပ်နေသည့်ဘေးထိ ရောက်အောင်လာပြီး စားပွဲမှာ လက်တစ်ဖက်ထောက်၍ သူမ ရဲ့ဘေးတိုက် မျက်နှာလေးကို ကြည့်သည်။

"ဒီညလဲ မိုးချုပ်မှ ပြန်မှာလား"

"ဟုတ်တယ်..၊ ချုပ်မှာပဲ၊ အလုပ်တွေက အားလုံး အရေးကြီး နေကြတာပဲလေ"

"နေ့ဘက်ကျတော့ ရှော့ပင်းစင်တာတွေမှာ လေ့လာနေပြီ တော့လား.."

"ဟင်!..."

မိုးသောက် မျက်နှာက ရယ်မြူးရိပ်ဟန်ရှိပေမယ့် တစ်ခုခုကို မသေ နပ်စွာ ရိလိုက်တာမှန်း သိသာ၏။ သူမ နေ့လယ်ခင်းတွေမှာ အပြင်ကို မကြာခဏ ထွက်ဖြစ်ခဲ့တာ မှန်သည်။

ရှော့ပင်းထွက်တာတော့ မဟုတ်ပါ။ ဂုဏ်မြင့်သူ ဆိုသည့် ကျော ရှင်တစ်ယောက်ကို တွေ့လိုတွေ့ငြား အရှာထွက်ခဲ့တာဖြစ်သည်။

ဒါက ကိုယ့်သောကနဲ့ကိုယ်မို့ ဘယ်သူ့ကိုမှ တိုင်ပင်လို့မရ..

"ဆောရီး..၊ ကိုယ်က မင်းတစ်ယောက်တည်း သွားလာနေတာ တွေ့လိုက်လို့ အံ့သြသွားလို့ပါ၊ မေးတာ မဟုတ်ပါဘူး"

"အဟွန်း..၊ ရှော့ပင်းထွက်တာတော့ မဟုတ်ပါဘူး ကိုမိုး ရယ်.. ဖန်စီပစ္စည်းလေးတွေ ကြည့်ချင်တာနဲ့ သွားဖြစ်တာပါ၊ လိုအပ်တာလေး





တွေ့ရင်တော့ ဝယ်တာပေါ့နော်"

မိုးသောက် က သူမ ရဲ့ကျစ်ဆံမြီးလေးအနားမှာ ရှိနေသည့် စံပယ်ပွင့်လို ခေါင်းစည်းကွင်းလှလှလေးတွေကို တစ်ချက်ကြည့်ရင်း...

"မင်းရဲ့မွေးနေ့က လေးလပိုင်း နှစ်ဆယ့်လေးရက်ဆို..."

"ဟင်!... ဟုတ်တယ်၊ ကိုမိုး ဘယ်လိုလုပ်သိတာလဲ.."

"ဆူး ပြောတာ.."

"ဪ... မနေ့က သူ့မွေးနေ့အတွက် သူမ က လက်ဆောင်ပေးလို့ သူက ပြန်မေးတာနဲ့ ပြောလိုက်မိတာ၊ မြို့မှာ မွေးနေ့တွေ၊ ဘာနေ့ ညာနေ့တွေနဲ့ အားလုံးက ပျော်စရာချည်းပဲနော်၊ သူမ တို့တော့ ဆူး မေးမှပဲ ကိုယ့်မွေးနေ့ကို ပြန်စဉ်းစားရတယ်"

"ဘာဒေးညာဒေးဆိုပြီး ပုံကြီးချဲ့ သတ်မှတ်ကြတာက တခြားနေ့ တွေပါကွာ၊ မွေးနေ့ကတော့ အဓိပ္ပာယ်ရှိပါတယ်၊ ကိုယ်က ချစ်တဲ့သူ၊ ကိုယ့်ကိုချစ်တဲ့သူတွေပေါ့၊ အားလုံးရဲ့ ဂရုစိုက်အလေးထားခြင်း၊ ခင်မင် ကြင်နာခြင်းတွေနဲ့ နွေးထွေးစွာ ကြည်နူးနေနိုင်တယ်၊ တခြားသော သက်ရောက်မှုတွေလဲ ရှိသေးတယ်ကွာ၊ အများကြီးပါပဲ၊ ကိုယ်ဆိုတော့ ကိုယ့်မွေးနေ့ဆို ဘုရား သွားဖူးတယ်၊ အလှူဒါနလေး လုပ်တယ်၊ ဒီ လောက်ပဲ..၊ သူများရဲ့မွေးနေ့တွေ ဖိတ်တဲ့အခါ သွားဖြစ်ပေမယ့်လဲ လူမှုရေးရှုထောင့်တစ်ရပ်အနေနဲ့ ဆောင်ရွက်လိုက်တာမျိုးပဲ၊ ဒါပေမယ့် အခု..."

မိုးသောက် က လက်ပိုက်လိုက်ရင်း စားပွဲကို နောက်ပြန်မှီကာ...

"မင်းရဲ့မွေးနေ့ကို အရမ်း သိချင်တာမျိုး၊ သိလိုက်တာနဲ့ မွေးနေ့ က မကျော်လွန်သေးဘူးဆိုတော့ ဘာလက်ဆောင်ပေးရမလဲလို့တွေးပြီး ကြည်နူးသွားတာမျိုး တစ်ခါမှ မခံစားခဲ့ဖူးဘူး"

"လုပ်တော့မယ် ကိုမိုး ကလဲ၊ သူမ ဘာလက်ဆောင်မှ မလိုချင် ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်လိုက်ကျွေးရမှာ စိုးလို့လား"

"ဟင့်အင်း၊ မဟုတ်တာ"

"မင်းကို တစ်ခုခု အရမ်းကို ပေးချင်နေတာ၊ မွေးနေ့မှာဆိုတော့ ပိုပြီး အခိပ္ပာယ်ရှိသွားတာပေါ့"

သူမက ညှပ်စကို ပုံမပျက်အောင် ကိုင်လိုက်ပြီး စက်ခုံမှာ သွားထိုင်လိုက်တော့ မိုးသောက် က ပါလာကာ…

"ဒီနေ့ ဧည့်သည်လာဖို့ ရှိသေးလား"

သူမ က မော့မကြည့်ပေမယ့် မိုးသောက် နာရီကြည့်လိုက်တာကို မျက်ဝန်းထောင့်မှာမြင်ကာ…

"အဲဒီလို မရှိဘူး ကိုမိုး ရဲ့…၊ သူတို့ လာချင်ရင် ရောက်လာကြတာပဲ"

"မင်း တစ်နေကုန် ဒီထဲမှာ နေဖြစ်တာ များတာပေါ့၊ အညောင်းမိအောင်ကွာ.."

"မမိပါဘူး၊ မမဖြူ တို့ဆိုင်က ဖုန်းလာတယ်ဆိုရင် အောက်ထပ်ကို ပြေးဆင်းသွားပြီး ဖုန်းပြောရမယ်၊ တစ်ခုခုလိုရင် အခန်းပိတ်ခဲ့ပြီး ဈေးပြေးတယ်၊ ဟိုသွား၊ ဒီသွားတော့ ရှိနေတာပါပဲ"

"ကိုယ် ဖုန်းတစ်လုံး ဝယ်ပေးမယ်"

ဟင်!…

သူမ စက်ချုပ်နေတာတောင် ရပ်လိုက်မိတော့မလို ဖြစ်သွား၏။ မလိုလားသည့်စိတ်က ချက်ချင်းဖြစ်ကာ…

"ဒါလေးတွေပဲ အညောင်းဖြေဖို့ ရှိပါတယ်ဆို၊ ကိုမိုး ကလဲ.."

"ဘယ်ဟုတ်မလဲ..၊ မင်းအလုပ်ကလဲ တွင်ကျယ်လာမှာပဲ၊ ဖုန်းတစ်လုံးရှိတာ အချိန်ကုန်လူပန်း သက်သာတယ်၊ ကိုယ့်ရဲ့ အဆင့်အတန်းလဲ မြင့်မားမယ်၊ နောက်ပြီး…"

"သူမ မလိုချင်ဘူး"





ပြောမည့်စကားတောင် ရပ်သွားမိကာ ဘာပေးမယ်ပြောပြော 'ဟင့်အင်း' ချည်းပဲ လုပ်တတ်သည့် သူမ ကို စူးစိုက်ကြည့်မိသည်။

သူ့ရင်ထဲမှာ နောက်ထပ် များပြားစွာပေးဖို့ ရှိနေတာတွေကို ဘယ်လိုလုပ်ရမလဲ..၊ ခက်နေတာက အိမ်မှာ ဆူး တစ်ယောက်လုံး ရှိနေသေးသည်။

အမြဲတမ်း ဘာသိဘာသာပဲ နေလာခဲ့သလို ဆူး နဲ့ပတ်သက်တာ ဘာဖြစ်ဖြစ် ကောင်းတတ်တာရော၊ မကောင်းတတ်တဲ့ကိစ္စရော သူ တစ်ချက်မှ လှည့်ကြည့်ခဲ့တာမဟုတ်..။

သူမ ကျမှ နေရာတကာ မြင်တတ်နေသည့်သူ့မှာ ပေးချင်တာတွေလည်း ပေးဖို့ ခက်နေသည်။ မေးချင်တာတွေလည်း မမေးရဲ..။

မွေးနေ့လေး မေးမိတာတောင် ပြောတော့ပြောမြဲပြီး ဆူး တို့ ဆုငေါ့နေတာတွေ မပြီးနိုင်..။

ကိုယ် ဘာဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သိပေမယ့် ဘယ်သူကိုမှ မပြောရဲသည့်အဖြစ်ပါလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

အပြင်က ပြန်လာကြပြီး အခန်းတံခါးဖွင့်နေတုန်း သူ နာရီကြည့်တော့ မင်းလူ က လိုက်ငုံ့ကြည့်ကာ…

"ဘာဖြစ်လို့လဲ‥"

"မနက်က သူ မလာဘူး"

တံခါးဖွင့်နေရသည့် သက္က က နောက်ပြန်လှည့်ကြည့်၍…

"မင်းရဲ့တစ်ကိုယ်လုံး ကောင်းနေပြီပဲ၊ သွားလာရင်းလဲ စားသောက်ဖြစ်နေတာပဲဟာ၊ သူ့ကို လာချက်ပြုတ်ခိုင်းမနေပါနဲ့ကွာ၊ ငါ အရေးကြီးလို့ ခေါ်လိုက်ရင် လာခဲ့ပါလို့ မှာထားရင် ပြီးတာပဲ"

"မပြီးလို့ပေါ့ကွ‥၊ လာကိုလာရမယ်မှန်းသိတာတောင် မလာဘဲနေလို့ မရမကခေါ်ထုတ်နေရတာ၊ ငါ စားစား၊မစားစား သူ ဒီမှာချက်ပြုတ်နေမှ နေ့တိုင်း အဝင်အထွက်ရှိမှာပေါ့၊ ပြီးတော့ ငါ ထမင်းဟင်းဆိုရင် အပြင်မှာ မစားတတ်ဘူး"

သူတို့ အထဲကို ဝင်လာကြတုန်းမှာ တံခါးဝမှာ အရိပ်လေးတစ်ရိပ် ရောက်လာ၏။ လှည့်ကြည့်လိုက်ကြတော့ သူမ ပဲ ဖြစ်သည်။

စိမ်းပြာရောင် အပေျာ့သားဝတ်စုံလေးနဲ့ဖြစ်ကာ အင်္ကျီက လူရည်ချွန်ကော်လံမျိုး ရင်ဘတ်နားမှာသိုင်းချည်ထားတာမို့ ပုံစံလေးကဆန်းနေ၏





ဘယ်တော့မှ ဖြီးလိမ်းထားတဲ့ပုံစံ မရှိခဲ့သည့် မျက်နှာလေးက ပြောင်တင်းတင်းလေးပဲဖြစ်ကာ တစ်ခုခု စိတ်မောလာမှန်းလည်း သိသာသည်။ ဒါပေမယ့် ကိုယ့်ကို စူးပြုံကြည့်နေသည့် မျက်လုံးတွေကို မြင်လိုက်ရသဖြင့် တံခါးဝမှာပဲ သူမ တွံ့ခနဲ ဖြစ်သွား၏။

"ကျော်သက်‥ သူ‥‥သူလား‥ သူမ‥"

လူချင်း ဖျတ်ခနဲ ကွယ်လိုက်ပြီး မင်းလူ က ကပ်မေးသည်။ ကျော်သက် က မျက်နှာငုံ့လိုက်ပြီးမှ နှုတ်ခမ်းတွေမလှုပ်ဘဲ 'ဟုတ်တယ်' လို့ ဖြေသည်။

ညနေခင်းမှာ စိမ်းပြာရောင်လေးနှင့် သူမ သည် နေ့ခင်း လင်းသွားသလို ဝင်းဝင်းစက်စက်လေးနှင့် လှနေ၏။ ထူခဲသော ကျစ်ဆံမြီးနှစ်ဖက်၏အဖျားလေးတွေမှာလည်း စိမ်းပြာရောင် ပန်းပွင့်ပါသည့် ခေါင်းစည်းကွင်းလေးတွေနဲ့မို့ ခေတ်ဆန်ဖို့ မလိုဘဲ ဆန်းနေ၏။

သူမ သည် ဟင်းသီးဟင်းရွက်တချို့ ထောင်ထွက်နေသော လက်ဆွဲအိတ်ကို တစ်ဖက်ကဆွဲ၍ အားလုံးကိုကျော်ဖြတ်ပြီး အထဲဝင်သွားသည်။ သက္ကု က တမေ့တမော လိုက်ငေး၍…

"မင်း ပြောသလို နယ်ကလာတဲ့ ခပ်နုံနုံ ပုံမကျပန်းမကျလဲ ဟုတ်ပါလား"

"အေးလေ‥၊ နဖတ် ဝင်းညက်နေတာပဲ၊ ဖိုးကမ္ဘာ မင်း သက်သက် လျှိုချင်တာလား"

"ငါ့မျက်လုံးထဲမှာ အဲဒီလောက်ပဲ"

"ဟွန်း‥‥"

"ကဲ‥‥ ကိုင်လာတာတွေ ထားခဲ့ပြီး ပြ ကြတော့"

"အံမယ်"

ကမ္ဘာ နှင်တော့ မင်းလူ မျက်လုံးတွေ ပင့်သွားပြီး‥‥

"တွေ့လား‥‥"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ..၊ အစကတည်းက ဒီကောင့်ကို လိုက်ပို့တာပဲဟာ သွားမယ်"

ကျော်သက် က သူမ တစ်ယောက်တည်းမို့ သူတို့တွေ အုပ် လိုက်ရှိနေတာ မသင့်တော်မှန်း တွေးမိသည်။ ဘာပဲဖြစ်ဖြစ် သူမ ထိတ်လန့်သွားသည့်မျက်လုံးလေးတွေကို မြင်လိုက်သည်မို့ ကိုယ် အလိုက်သိရမည်။

"ငါတို့ လစ်ပြီ၊ မင်း မနက်ဖြန် ထွက်ခဲ့မလား"

"မသိဘူးကွာ..၊ ညကျမှ ဖုန်းဆက်မယ်"

"အိုခေ"

သူတို့ ပြန်သွားသည်နှင့် တံခါးပိတ်ထားလိုက်ပြီး ကမ္ဘာ အခ ကို ဝင်ခဲ့သည်။ သူမ က လန့်သွားသည့်ပုံနှင့် ဖျတ်ခနဲ လှည့်ကြည့်

"ဆောရီးပဲ၊ မင်းကို ဝယ်ခြမ်းခဲ့ပါ ခိုင်းရတာ အားနာပါတယ် ဒါပေမယ့်..."

"ရပါတယ်"

သူမ ပြောပုံက တိုတိုပြတ်ပြတ်၊ ပြီးတော့ အစိမ်းကြော်အတွ လှီးခြမ်းလာသည့် အသီးအရွက်တွေကို ရေစစ်ထားသည့် ဆန်ခါ ကနေ ထပ်၍ ဖိချပြီး တစောင်းလှည့်စစ်ထားလိုက်ကာ...

"မနက်ဖြန် သူမ မလာနိုင်ဘူး၊ ရှင် အပြင်မှာပဲ တစ်ခုခု..."

"ဟာ!... မရဘူး၊ ငါ အပြင်မှာ လုံးဝ မစားဘူး၊ မင်း ပြောပြီးသားနော်"

သူမ က ဒယ်အိုးတစ်ဖက်၊ ဆီပုလင်းတစ်ဖက်နှင့် သူ့ကို ဒေါသ မကင်းစွာကြည့်၍...

"သူမ ရှင့်ကို တောင်းပန်နေတာ၊ မနက်ဖြန်..."

"မတောင်းပန်နဲ့..၊ မဖြစ်ဘူး"

"ဒီမှာ..."





သူက လုံးဝ လက်မခံနိုင်သည့်မျက်နှာနှင့် ပြန်လှည့်သွားသဖြင့် သူမ ပြန်ခေါ်ကာ...

"ရှင် ဒီလောက်ထိ သဘောထားမသေးပါနဲ့၊ ဒီမှာလဲ လူမှုရေး ဘာညာ ရှိတယ်၊ ရှင့်ကို နှစ်ရက်စာ ချက်ပြုတ်ပေးထားမယ်ဆိုတော့လဲ မရ၊ တစ်ခါတလေ ခွင့်ပြုပါဆိုတော့လဲ 'မဟုတ်ဘူး၊ ရှင် သူမကို စာချုပ်ကြီးကိုင်ထားပြီး ဒုက္ခပေးနေတာလား'

"ငါ့ဘက်က..."

"တင်း..တောင်..."

ကမ္ဘာ စကားရပ်သွား၏။ အပြင်က ဘဲလ်သံကြောင့် ဟိုကောင် တွေ ပြန်လာသလားဟုတွေးရင်း အပြင်ကို ထွက်လာခဲ့လျှင်...

"ဟာ!..."

ချောင်းကြည့်ပေါက်မှ မြင်လိုက်ရသည့် မျက်နှာတွေကြောင့် မျက်လုံးပြူးသွား၏။ တီလေးနဲ့ ဒေါ်ထိပ်တင်..။

သူ ငိုင်နေတုန်း နောက်ထပ် ဘဲလ်သံ မြည်လာပြန်၏။ မတတ် နိုင်..၊ အထဲကို ပြန်ဝင်ပြေးခဲ့မိကာ...

"ရှီ... ငါ့အဒေါ်တွေ ရောက်နေတယ်"

"ဟင်!..."

"ဒေါင်..."

သူမ ကိုင်ထားသည့် ယောက်မ ဒေါင်ခနဲ လွတ်ကျသွား၏။

"မင်း အမူအရာ မပျက်နဲ့နော်"

သူမ ကိုမှာပြီး ရှေ့ပြန်ထွက်ဖို့ ပြင်ကာမှ...

"ငါ့ကို မောင် လို့ခေါ် ကြားလား.."

ဘုရား... ဘုရား..။

သူမ လက်ဖျားလေးတွေပင် အေးစက်သွားသလား မသိ၊ အပြင် က စကားသံတွေကို နားစွင့်ရင်း ကိုယ့်ကိုယ်ကိုယ် ဘာချက်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမယ်မှန်းတောင် မသိတော့သလို..။

"သား ဘာဘာ.."

"တီလေး ဘာလုပ်ဖို့ လိုက်လာတာလဲ"

"အမလေး မေးရက်လိုက်တာ သားရယ်..၊ မင်း ဘယ်လို လုပ်သွားတာလဲဟင်၊ ကြည့်စမ်း... ဒီလို ဘယ်တုန်းကမှ မလုပ်ခဲ့ဖူး ဘဲနဲ့ ဒီတိုက်ခန်းကို ဘယ်သူ ရှာပေးတာလဲ၊ ဟိုကောင်လေးတွေမို့ လား၊ ထင်တယ်..၊ မေးတုန်းကတော့ ဘာမှမသိသလိုလိုနဲ့.."

"သူတို့က ကျွန်တော် ခိုင်းသလို ဆောင်ရွက်ပေးကြတာပါ"

"ဟုတ်ပါတယ်..၊ သိပါတယ်၊ အဲဒါကြောင့် သား ရှိတဲ့နေရာကို သူတို့ သိကိုသိရမယ်လို့ မင်း အန်ကယ်လ်က တပ်အပ်ပြောတာ..."

ဒေါ်စုလတ် က လက်တစ်ဖက်မှာ လက်ပွေ့အိတ်ကြီးချိတ်လျက် အထဲကို လှမ်းဝင်လာသည့် ခြေလှမ်းတိုင်းမှာ မျက်လုံးတွေက တစ် ချက်မှ မနားဘဲ ဇာတ်ခန်းလုံးကို လိုက်ကြည့်သည်။

"ဟင်!... ကြော်သံလော်သံနဲ့ အနံ့... အနံ့က..."

အသံနှင့်အတူ အနံ့ထွက်လာတာကို နှာခေါင်းရှုံ့ပွပွနှင့် ရှူရှိုက်ရင်း နောက်ဖေးကို ချက်ချင်းဝင်၏။

"ဟင်!..."

စိုးရိမ်ခဲ့ရတာ တကယ် ဖြစ်နေခဲ့ပြီလား။ ကျစ်ဆံမြီးလေးနှစ်ဖက် နှင့် ကျောပေးလျက် တစ်ခုခု ကြော်နေသော မိန်းကလေး..။

"သူက..."

နောက်က ပါလာသည့် ကမ္ဘာ ကို စိတ်မြန်လက်မြန် လက် နောက်ပြန်ဆွဲ၍...

"သူက ဘယ်သူလဲ.."

"ကျွန်တော် လက်ထပ်ပြီးပြီ"

"အို!..."





"ငါ မပြောဘူးလား စု ရယ်..၊ ခုခေတ်လူငယ်တွေ ဒီလမ်းပဲ ္ဘင်ကြမှာဆိုတာ..."

ဒေါ်ထိပ်တင် က နောက်ကို တစ်ချက်မှမလှည့်သော ကျစ်ဆံမြီး ္ဘင့် အိမ်ဖော်ပုံစံ ကျောပြင်လေးကို မဲ့ရွဲ့ကြည့်၏။

'လည်လွန်းတဲ့ဘီး ချေးသင့်' လို့ ပြောရမလား၊ 'လင်ဆန်ရွေးတာ ္ဘင်ခွေးနဲ့သွား' လို့ပဲ ပြောရမလား၊ ပြောလိုက်ချင်သေးပေမယ့် စကားကို ္ဘစ်းခုလတ်မှာပဲ ရပ်လိုက်ရသည်။ ဘုရင်ပဲဖြစ်ဖြစ်၊ အိမ်ရှေ့မင်းဖြစ်ဖြစ် ္ဘင်းသားဖြစ်တိုင်း မင်းသွေးနဲ့ပဲ လက်ဆက်ခဲ့ကြတာမှ မဟုတ်ဘဲ..။

သားမွေးယပ်နဲ့ ခပ်တဲ့လေကို အေးတယ်မထင်ဘူးဆိုပြီး ကြမ်း ္ဘြားလေကို မက်လို့ ဆင်းပြေးမှတော့ ကြမ်းပေါ် အိပ်တတ်တဲ့သူနဲ့ပဲ ္ဘွေ့မှာပေါ့..။ ဒေါ်စုလတ် က သူမ ၏ကျောပြင်ကို ငေးကြည့်ရင်း ္ဘလ်ပူလောင်သွားသည့်ရင်ထဲမှာ ဘေးကနေ ဒေါ်ထိပ်တင် ကြည့်တာ ္ဘွေ၊ မဲ့လိုက်တာတွေ ဘာမှသတိမထားမိ..။

"ဘယ်ကလဲ..၊ နာမည် ဘယ်သူတဲ့လဲ.."

"ရန်ကုန်ကပဲ၊ နာမည်က ရှီ.."

"ရှီ..."

ဒေါ်စုလတ် က သံယောင်လိုက်ခေါ်သည်။ ထိုအချိန်ထိ သူမက ္ဘျာက်ရုပ်လေးလိုနေတုန်း...

"ရှီ.. တီလေးတို့နဲ့ မိတ်ဆက်ပေးချင်လို့ ခဏ..."

သူမ စိတ်ကို ထိန်းချုပ်နေတုန်းမို့ ကမ္ဘာ ခေါ်လိုက်တဲ့အချိန်မှာ ္ဘာ်တော်လေး နေသာထိုင်သာရှိသွားပြီဖြစ်ကာ မီးပိတ်လိုက်ပြီးမှ ္ဘာက်လှည့်၏။

တီလေး ဆိုသော အမျိုးသမီးကြီးက သူမ ကို ရှုးရှုးရဲရဲ စိုက်ကြည့် ္ဘ၏။ မျက်နှာကျပုံ၊ မျက်ခုံးနေပုံတွေက ကမ္ဘာ နှင့် တော်တော်ဆင်တူ ္ဘတ် ကြိုးခပ်သေးသေးနှင့် တပ်ထားသည့် စိန်လော့ကက်က ရင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ လွဲယမ်းနေသဖြင့် ပြိုးပြက်လက်နေသည်။

ရန်ကုန်ကလူတွေ ရွှေ သိပ်မဝတ်ဘူးဆိုပေမယ့် ဒီအမျိုးသမီး ကြီးကတော့ လက်ကောက်တွေ ဝတ်ထားတာ ထပ်ညပ်နေလေသည်။

ထိုပြင် လက်ချောင်းတွေမှာလဲ ပြိုးပြိုးပြက်ပြက်နှင့်···

"သူ··· သူ့မိဘတွေက···"

ဒေါ်စုလတ် က စကားစ,လိုက်ပြီး သူကိုယ်တိုင် သူမ ဆီ တိုးလျှောက်သွားကာ···

"မင်း မိဘတွေကရော···"

"ဆုံးကုန်ကြပါပြီ"

"ဟင်!··· ဒါဆို မင်းက···"

"ဦးလေးနဲ့ နေတာပါ"

ဒေါ်စုလတ် မျက်နှာပျက်နေတာ မသိမသာလေး မဟုတ် ဒီကောင်မလေးကို သားက ချစ်သတဲ့လား၊ ကြည့်စမ်း··။

ပြောရလောက်အောင် လှတာလည်း မဟုတ်၊ ပုံစံကြည့် တည်းက ဘယ်လောက် အဆင့်အတန်းမျိုးဆိုတာ ခန့်မှန်းလို့ ရ သည်။ သူတို့မှာတော့ လူငယ်ကြိုက် ဖြစ်ရအောင်ဆိုပြီး အိမ်ထောင် ရှာနေတာတောင် ကိုယ့်မျက်စိကျတာမျိုးမဟုတ်ဘဲ မော်ဒယ်လေး ထဲမှာ ရှာရသည်။

ဟော့ထ် ဖြစ်နေတဲ့ပုံတွေ မျက်စိထဲမှာ မတွေ့ပေမယ့် ရွေး စာရင်းထဲ ထည့်ခဲ့ရ၏။ တကယ်တမ်း မျက်စိကျသွားတော့ ဒီလို မျိုးလား··။

"ရှိ···"

ကိုယ့်အဒေါ် ပုံပန်းပျက်နေတာကိုသိကာ သူမ ဘေးမှာ သွား လိုက်ပြီး ဝခုံးလေးကို ဖက်ထား၍···

"ဒါက ကိုယ့်ရဲ့အဒေါ် ဒေါ်စုလတ် တဲ့··"



"ဟုတ်ကဲ့··"

သူမ က ကမ္ဘာ့ လက်ကို ပခုံးပေါ်က တွန်းချရင်း ပြုံးပြ၍ ခေါင်းငုံ့သည်။ ဒေါ်ထိပ်တင် သည် ကမ္ဘာ က သူမ ကိုကျတော့ ထည့်သွင်း ပြောဖော်မရသဖြင့် မျက်နှာတင်းသွားကာ···

"မိတ်ဆက်မပေးပါနဲ့ဦး၊ ကိုယ့်အဒေါ်မျက်နှာကို အရင်ကြည့် လိုက်၊ မင်းရဲ့အဒေါ် ရင်ထဲမှာ ဘာတွေဖြစ်နေပြီလဲဆိုတာ···"

ကမ္ဘာ့ မျက်နှာတည်တည်က ဒေါ်ထိပ်တင် ဆီ ရောက်သွား သည်။ သူ့အတွက် ဆွေမျိုးထဲက အိမ်ထောင်ဖက်ဖြစ်ဖို့ဆိုသည့် ခေါင်း စဉ်နှင့် သူ့အတွက် မိန်းမရှာနေတာ ဒီမိန်းမကြီးပဲ ဖြစ်၏။

"ဒီမှာ အန်တီတင်··၊ ကိုယ် စိတ်ချမ်းသာတာကို လုပ်ပစ်လိုက်ပြီ ဆိုကတည်းက ဘယ်သူတွေ ဘာဖြစ်ဖြစ်ဆိုတဲ့ ဥပေက္ခာကို နဖူးမှာတပ် ထားပြီးသား၊ ကျွန်တော် လက်ထပ်ပြီးပြီ၊ ကိုယ်ချစ်သူနဲ့ ကိုယ်···"

သူ ပြန်ဖက်လိုက်တော့ သူမလက်ကလည်း ဖယ်ချဖို့ ရှေ့ဆင့် နောက်ဆင့် ပါလာ၏။ ဒီတစ်ခါ သူ့လက်ကို သူမ ပခုံးလေးမှာ ဖိဆုပ်ပစ်လိုက်ပြီး ငြိမ်ငြိမ်နေဖို့ သတိပေးလိုက်သည်။

"နေဦးသား··၊ တီလေး ပြောဦးမယ်"

"ပြောပါ··"

"လက်ထပ်ထားပြီးပေမယ့် နှစ်ဖက်မိဘ ထိမ်းမြားပေးမှ တင့် တယ်တဲ့အိမ်ထောင်ရေး ဖြစ်မှာ၊ သူနဲ့ပတ်သက်ပြီး···"

"သူ့ကိုစစ်ဆေးနေဖို့ မလိုတော့ဘူး တီလေး၊ တီလေးတို့ သဘော ကျ ကျေနပ်လောက်စရာ သူ့မှာ ဘာမှမရှိဘူး၊ မိဘမဲ့တစ်ကောင်ကြွက်၊ ဦးတော့ ဆင်းရဲတယ်···"

"ဒါဆို သူ အစက ဘယ်လိုနေခဲ့သလဲ၊ ပညာရော···"

"ကျောင်းပြီးနေပြီ"

"အေးပါ··၊ အဲဒါတွေ မင်းရဲ့တီလေး မေးပါစေလား၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လူကြီးက မေးမြန်း အကဲခတ်ရမှာပေါ့၊ ဒါမှ စကားပြောရင်
မင်းရဲ့မိန်းကလေး ယဉ်ကျေးသိမ်မွေ့မှု ရှိ့မရှိ၊ စိတ်ဓာတ်စည်းကမ်း
ကောင်း၊ မကောင်း...''

''ဘာမှမကောင်းလဲ ဘာမှ လုပ်လို့မရတော့ဘူး၊ သူက ကျွန်တော်
ဇနီး ဖြစ်သွားပြီ၊ တီလေး...တီလေး အခု ဒီထိလိုက်လာတာ ကျွန်တော်
ခေါ်တာ မဟုတ်ဘူးနော်၊ အဲဒီအတွက် ကျွန်တော်တို့ လွတ်လွတ်လပ်
လပ် အေးအေးဆေးဆေး နေပါရစေ''

''ဟုတ်ပါပြီ...၊ တီလေးက သားကို စိတ်ပူလွန်းလို့ ရှာဖွေလိုက်
လာတာပါ၊ ဒီလို လုပ်ထားနိုင်တယ်ဆိုတာလဲ တွေးမိပေမယ့် မဖြစ်နိုင်
ဘူးထင်လို့ မမှားသင့်တာ မမှားရအောင် တားဆီးနိုင်ဖို့လေ၊ အခု
သားက တကယ် လုပ်ခဲ့ပြီဆိုတော့ ဘာတတ်နိုင်တော့မှာလဲ..''

''ဟင်!... ဘယ်လို ပြောလိုက်တယ် စု...''

ဒေါ်ထိပ်တင် ဘယ်လိုမှကို မယုံနိုင်...၊ ကမ္ဘာ လို မင်းသားတစ်
ပါးလောက် မြင့်မားသော စည်းစိမ်ခြွေရံတွေနှင့် ခမ်းနားသောဘဝ
ပိုင်ဆိုင်ထားသူက ဒီလိုမိန်းကလေးကို ရွေးချယ်သင့်သလား...။

ရွေးချယ်တာကိုရော...၊ လက်ခံပေးစရာလား။ ဒီလိုအဆင့်ပဲရှိ
မိန်းကလေးက ငွေကြေး အတော်အတန်ပေးရင် ကျေနပ်စွာ လက်
နှုတ်ဆက်သွားမှာပဲ...။ ဒါမှမဟုတ်ရင်လည်း ခြိမ်းခြောက်တာ၊ စီးပွား
ဘာတွေပဲဖြစ်ဖြစ် ပံ့ပေးလိုက်ရင် ပြီးပြီ...။

''စဉ်းစဉ်းစားစား ပြောပါ စု ရယ်...၊ ကလေးတွေက ပြောလွယ်
ဆိုလွယ်နဲ့ အကြောက်အရွံ့ မရှိကြတာကို လူကြီးက တည့်မတ်ပေး
မှာလေ..''

ဒေါ်စုလတ် ကို နောက်ထပ် သတိပေးစကားပြောတော့ ကမ္ဘာ
မျက်လုံး စူးခနဲ ရောက်လာ၏။

''ဒီအချိန်မှာ လူငယ်တိုင်းကတော့ လူကြီးတွေကို မုန်းမှာ





အန်တီတင် က မိတ်ဆွေကောင်းပီသစွာ အမုန်းခံပြီး ပြောနေတာပါ၊
ဒါ ဘယ်လိုမှ မဖြစ်သင့်ဘူး၊ ဒီမှာ စု...၊ ဒီထိ ရှာဖွေလမ်းပြပြီး စု
ကို တို့ ခေါ်လာတာ ကလေးတွေကို လက်ထပ်ပေးဖြစ်အောင် မဟုတ်
ဘူးနော်၊ ကိုမျိုး သိရင်လဲ လုံးဝ သဘောတူမှာ မဟုတ်ဘူး၊ တောင်း
ရမ်းပါ့မယ်ဆိုရင်တောင် လက်ခံမယ့်မိဘ မရှိ၊ အိမ်ခြေယာခြေမဲ့...''

''အန်တီတင်...''

''သား ခဏ...''

ဒေါ်စုလတ် က ဘာတစ်ခွန်းမှ မပြောမဆိုဘဲ ခေါင်းငုံ့နေသည့်
သူမ ကို ကြည့်ကာ...

''မင်းရဲ့ဦးလေးက ဘာလုပ်သလဲကွယ့်''

''ဆန်ပွဲရုံ ရှိပါတယ် အန်တီ၊ နယ်က ပို့ကုန်တွေကို လက်ခံတဲ့
ကုန်လှောင်ရုံတွေလဲ ပိုင်ပါတယ်၊ ဒါပေမယ့် သူမ က အဲဒါတွေနဲ့လဲ
လုံးဝ မသက်ဆိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးအရင်း မဟုတ်
တဲ့အပြင် သူမ တို့က...''

''ရှုပြီ..''

ဒေါ်စုလတ် နားထောင်နိုင်စွမ်း မရှိတော့သလို မျက်လုံးတွေ
မှိတ်ပစ်လိုက်ရင်း လက်နဲ့ပါ ကာမိသည်။ ဒါပေမယ့် ပြောရဲလွန်းသည့်
သူမ မျက်နှာက စိတ်အာရုံမှာ ထင်နေခဲ့၏။

မျက်လုံးဖွင့်လိုက်တော့လည်း ဒီတိုင်းပဲ ဖြစ်သည်။ ရှီ ဟုခေါ်ပြီး
သူကိုယ်သူ သူမ လို့ ပြောနေသော မိန်းကလေး၏မျက်ဝန်းထဲမှာ
ကမ္ဘာ့ လိုယောကျ်ားကို ဆုံးရှုံးရမှာ စိုးရွံ့သည့်ပုံစံ စိုးစိမျှမရှိ..။

ဆင်းရဲတာကို ကြွားစရာလား၊ ဒေါ်ထိပ်တင် ရှေ့မှာမှ ခရေစေ့
တွင်းကျ ပြောနေလိုက်တာ ကျကျနန..။

ဒီယောကျ်ား ဘယ်လို အဆင့်အတန်းလဲဆိုတာရော သိရဲ့လား..၊
ဘဝချင်း ဘယ်လောက် ကွာဝေးသလဲဆိုတာရော တွေးမိရဲ့လား..။



www.burmeseclassic.com

www.burmeseclassic.com



"လာကြ..၊ အိမ်ရှေ့မှာ သွားပြောရအောင်"

ဘာတွေဖြစ်နေနေ ကိုယ့်ကလေးက တစ်စက်မှ ကြောက်ရွံ့နောက်တွန့်မည့်ပုံ မရှိသည်မို့ သူပဲ ဦးဆောင်ပြီး ရှေ့ကို ပြန်ထွက်ရသည်။

"ရှင်တို့ လွတ်လွတ်လပ်လပ် ဆွေးနွေးကြပါ၊ သူမ ဒီမှာ လက်စတွေကို ချက်လိုက်ဦးမယ်"

"ဟင်!..."

ဒေါ်စုလတ် ကျောခိုင်းပြီးမှ တုံ့ခနဲ ရပ်သွား၏။ ပြောဆိုပုံက ကြုံ့ကြုံ့က်သလို စီရင်ကြပါတော့လို့ ပြောလိုက်တာမျိုးလား၊ ဒါမှမဟုတ်ရင်လည်း...

သားအပေါ်မှာလည်း တပ်မက်ခုံမင်မှု အနည်းငယ်မျှ မရှိတဲ့ပြောပုံမျိုး..၊ လှည့်ကြည့်လိုက်တော့ သူမ က မီးဖိုနားကို ပြန်ရောက်နေပြီဖြစ်သည်။ လူကြီးတွေကို ဘာထင်နေတာလဲ..။

"ရှီ..၊ မင်း အပြင်ကို လိုက်ခဲ့ဦး"

ကမ္ဘာ့ မျက်နှာကလည်း တင်းနေသည်ပင်။ ဒီကလေးတွေ တစ်ခုခုများ အဆင်မပြေဖြစ်နေကြတာလား..၊ ဒေါ်စုလတ် စဉ်းစားနေပြီး ဘာမှအဖြေမရှိပေမယ့် ဒေါ်ထိပ်တင် ကတော့ တူဝရီး ထွက်သွားကြသည့်နောက်ကို မလိုက်ဘဲ မသိမသာ ချန်ရစ်ခဲ့ပြီး...

"ဟင်းတွေက မွှေးကြိုင်နေတာပဲ၊ မင်းက ထမင်းဆိုင်မှာ အလုပ်လုပ်ခဲ့ဖူးပုံပဲ"

သူမ ဒေါသ ထောင်းခနဲ ဖြစ်သွားသည်။ ဆင်းရဲတာကို ဆင်းရဲပါသည်လို့ ပြောပြီးသား..၊ ဒါပေမယ့် လှည့်ကြည့်လိုက်မိပြီး ဘာမှ ပြန်မပြောခဲ့ပါ။ ဝယ်လာသည့် ကဏန်းတွေကို အလုံးလိုက်ကိုင်၍ ဘရပ်ရှ်လေးနှင့် သေချာ ခြစ်ဆေးနေလိုက်သည်။

"မင်းနာမည်က ရှီ လား..၊ သူမ လား.."

"အတူတူပါပဲ"



ဖြေပုံကို မကြိုက်၊ ဒါပေမယ့် ဒေါ်ထိပ်တင် က ပြုံးလိုက်ကာ...

"မင်း ဘယ်လိုနာမည်ပဲ ဖြစ်ဖြစ်ပါ၊ ကမ္ဘာ့ ကို ဘာဖြစ်လို့ ဆက်ထပ်ခဲ့တာလဲ"

သူမ မျက်နှာလေး ဖျတ်ခနဲ မော့လာတော့ လက်ကကာလိုက်ပြီး...

"မင်းနဲ့ ကမ္ဘာ မှာ အကြောင်းတစ်ခုခု ရှိနေမယ်လို့ ငါ ပြောခဲ့ရဲ့အယ်..၊ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်မှမဖြစ်နိုင်တာ၊ ကမ္ဘာ က ရွှေမင်းသား၊ မင်းက စင်ဒရဲလား၊ ဒါပေမယ့် မင်းက စင်ဒရဲလားလိုလဲ အပ်မက်စရာကောင်းလောက်အောင် မလှတာ..၊ မင်းကိုမှချစ်မိလို့ ဆက်ထပ်ခဲ့ပါတယ်ဆိုတာ ပုခက်ထဲက ကလေးကို သွားပြောမှရမယ်"

မာနကတော့ တစ်ခုခု ပက်ခနဲ ပြောလိုက်ချင်တာ ဖြစ်သည်။ ဒါပေမယ့် ကိုယ့်ဘက်မှာ အနှောင်အဖွဲ့ရှိနေသည်မို့ အံကြိတ် နှုတ်ခမ်းကိုက်ထားရင်း စကားလုံးရွေးနေရသည်။

"အမှန်အတိုင်း ပြောပါ ရှီ..၊ ခု ကမ္ဘာ လဲ မရှိပါဘူး၊ သူ့ကို ဆက်ထပ်ခွင့်ရဖို့ ဒိတ်ဒိတ်ကျဲ သူဌေးသမီးတွေ ဝိုင်းဝိုင်းလည်နေတဲ့ထဲမှာ အရမ်း စိတ်ညစ်ပြီး အိမ်က ထွက်သွားတာ၊ မိန်းမခိုးသွားတာ မဟုတ်ပါဘူး၊ အဲဒါကို ငါ သိပြီးပြီ၊ မင်းကို ဘယ်လောက်ပေးပြီး ဒီလို သရုပ်ဆောင်ပေးဖို့ ငှားထားတာလဲ.."

"အန်တီတင်.."

အနားကို ကမ္ဘာ ဖြုန်းခနဲ ရောက်လာတာ သူမ လက်တစ်ဖက်ကိုဆွဲ၍ ကိုင်ထားသည့် ကဏန်းတွေကိုပါ ဖုတ်ချပစ်လိုက်ကာ...

"မင်း လက်သွားဆေးစမ်း"

ဒေါသထွက်နေသည့် အတိုင်းအတာကြောင့် နီရဲသည့်မျက်နှာနှင့်အသံတွေပါ တုန်နေ၏။

"အန်တီတင့် ကို ကျွန်တော် ဒီထက်ပို ပြောစေချင်တာလား၊ အန်တီတင့် စကားတွေ ဒီမှာတင်မရပ်ရင် ကျွန်တော့် မိုက်ရိုင်းမှာနော်.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထိပ်တင် မျက်နှာကြီး ပျက်ကျလျက် သူခိုး လူမိသွားသလ ဘာမှလည်း မပြောနိုင်··။ စိတ်ထဲမှာ ထင်လိုက်လို့ ရှီ ဆိုတဲ့ ကော မလေးကို အစ်အောက်မေးကြည့်တာ ဖြစ်၏။ ကမ္ဘာ ချက်ချင်း ဖြ လှည့်ဝင်လာမယ်လို့ မထင်··။

"ငါက မျိုးရိုးဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့··"

"မလိုပါဘူး··၊ ဆင်းရဲတဲ့မိန်းမကို ယူတာနဲ့ မျိုးရိုးဂုဏ်သိက္ခ ထိခိုက်တယ်ဆိုရင် ကမ္ဘာ ဆိုတဲ့ကောင်ကို အမှိုက်တစ်စလို လွှင့် ထားလိုက်ဖို့ ပြောပြီးသား၊ အဲဒါ တြိဂံစံအိမ်ကကိစ္စ၊ အန်တီတ ပြောခွင့်မရှိဘူး"

"မင်းက···"

"ဘာဖြစ်ကြတာလဲ ဘာဘာ···"

ဒေါ်စုလတ် နောက်ထပ် ပြန်ရောက်လာလျှင်···

"တီလေး အခု ပြောစရာရှိတယ်ဆိုတာ မပြောနဲ့တော့၊ ပြော ရင်လဲ အန်တီတင့် ကို ပြန်လွှတ်လိုက်ပါ၊ ဒါ ကျွန်တော့်ပိုင်နယ် မဖိတ်ဘဲ လာတာကို မကြိုက်ဘူး"

"ကြည့်စမ်း···"

"ဆောရီး··· ဆောရီးပါ မမတင် ရယ်၊ သား···"

"သွားမယ်···"

ကမ္ဘာ့ က လက်မှာရေစက်လက်နှင့် သူမ ကို ဆတ်ခနဲ ဆော ဆွဲကာ အိပ်ခန်းဘက်ကို ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်ထွက်သွာ ၏။ ပြီးတော့ တံခါးကို အသံမြည်အောင် ဆောင့်ပိတ်သည်။

"တောက်!···"

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ··၊ အပြင်မှာ လူကြီးတွေက···"

"မင်း···"

သူမ ဒေါသဖြစ်ဖြစ်နှင့် သူမ လက်မောင်းလေးနှစ်ဖက်ကို ဆော





ဆွဲယူလိုက်စဉ်··

"သား တီလေးတို့ ပြန်လိုက်ဦးမယ်၊ ဒီကနေ ဘယ်မှ ထပ် မပြောင်းနဲ့တော့နော်၊ မနက်ဖြန်ကျမှ ပြန်လာခဲ့မယ်"

ဒေါ်စုလတ် အသံကြောင့် ဆုပ်ကိုင်ထားသည့်လက်တို့ကို ပြန် လွှတ်သည်။ ဒါပေမယ့် တစ်ခွန်းမှ တုံ့ပြန်မပြောခဲ့ပေ။ သူမ သည် နှစ်ယောက်အိပ်ခုတင်ကြီးကို မသိမသာ လှမ်းကြည့်ပြီး တံခါးနှင့် အနီးဆုံးမှာ ကျောပေး၍ ကမ္ဘာ နဲ့ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

ထွက်သွားပြီထင်တော့မှ ကမ္ဘာ က တံခါးကို ဆွဲဟ ကြည့်ကာ ဂျိမ်းခနဲ ပြန်ပိတ်၍···

"အဲဒီလို ပြောပြလိုက်ရလို့ ကျေနပ်သွားလား၊ မင်းကိုယ်မင်း သရုပ်ဆောင်နေတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက် ထင်နေလား ရှီ··၊ ဒီလူတွေက ဘယ်လိုလူတွေလဲ··၊ မင်းနဲ့ငါ ဘာလုပ်ထားကြသလဲ··၊ အဲဒါတွေကို ဘယ်ချောင်မှာ သွားထိုးလိုက်တာလဲ··"

"ဘယ်ချောင်မှာမှ ထိုးလို့မရလို့ ဒီတိုင်းပဲ ပြောလိုက်ရတာလေ၊ လူကြီးတွေလိုက်လာတယ်ဆိုလို့ သူမ ဘယ်လောက် တုန်လှုပ်သွားခဲ့ သလဲ ရှင် သိလား၊ မှိုချိုးမျှစ်ချိုးပြောနေတာကို ဘယ်နားနဲ့ ထောင်ပြီး ရင်ဘတ်ထဲမှာ ဘယ်လောက် လောင်မြိုက်သွားသလဲ ရှင် မသိဘူး မို့လား"

"သိလဲ မတတ်နိုင်ဘူး၊ အခြေအနေ ဒီလိုကြုံလာရင် ဒီတိုင်း ဖြစ်မှာကို အနီးစပ်ဆုံးတော့ မင်း တွေးနိုင်ရမှာပေါ့၊ ပြီးတော့ ဘယ် အဆင့်ထိပဲ ပြောဆိုနေနေ မင်းက တကယ့်ဇနီး မဟုတ်ဘူး၊ မင်း နာစရာ မလိုပါဘူး၊ လုပ်ရမှာ တစ်ခုပဲရှိတယ်၊ မင်းနဲ့ငါ ချစ်လို့ လက်ထပ်ထားတယ်၊ လူကြီးတွေအမြင်မှာ ချစ်ခြင်းကိုခွဲမှာစိုးတဲ့သရုပ် ပီပြင်နေရမယ်၊ ဒါပဲ···"

"အဲဒါကို သူမ လုံးဝ မလုပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပြတ်ပဲပြောပြီး သူမ က သူ့မျက်နှာကို ရဲရဲတင်းတင်း စိုက်ကြည့်၏။

"ရှင် ပြောတဲ့အတိုင်း ငြိမ်နေပေးဖို့အတွက် သူမ သဘောတူခဲ့တာ သရုပ်ဆောင် ပီပြင်ရပါ့မယ်လို့ မပါဘူး"

"မပါလို့ ရမလားကွ..၊ လင်မယားက လင်မယားနဲ့ တူရမှာပဲ။ ဒီမှာ ရှီ...၊ မင်းကို ငါက ထိစပ် ပတ်သက်ချင်လွန်းလို့ ပြောနေတယ် မထင်နဲ့၊ ငါ့ဘက်မှာ ဒီလုပ်ကြံဇာတ်လမ်း ပျက်ဖို့ဆိုတာနဲ့ ရင်ဆိုင်ရမှာတွေ အများကြီးရှိနေလို့ ပြောနေတာ..၊ လူကြီးရှေ့မှာ ခုနကလို ရှင်တွေဘာတွေနဲ့ မပြောမိအောင် ကြိုးစားပါ၊ နောက်ပြီး မလိုအပ်ဘဲ မင်း ဘာမှမပြောပါနဲ့.."

"ဒါကတော့ သူမ သိက္ခာကို စော်ကားနေတဲ့ဟာ..."

"မင်း ငါ့မိန်းမ ဖြစ်နေသရွေ့ ဘယ်သူမှ မစော်ကားစေရဘူး"

ကမ္ဘာ က ပိတ်ပြောပစ်သည်။

"နောက်တစ်ခုက ဒီနေ့ကစပြီး မင်းနားမှာ ဖုန်း အမြဲ ရှိပါစေ၊ ငါ ခေါ်လိုက်တာနဲ့ ချက်ချင်း ထ,လာနိုင်တဲ့ အကွာအဝေးလောက်မှာ မင်း ရှိနေပါ"

"သူမ အလုပ်လုပ်နေတာက ရှင်နဲ့ နီးနီးလေးမှာမှ မဟုတ်တာ အမိန့်တွေ လုပ်မနေပါနဲ့"

သူနဲ့ နီးကပ်စွာရှိနေသည့်အဖြစ်ကို သူမ ဘယ်တော့မှ မပြောဖို့ ဆုံးဖြတ်ထားပြီးသား..။

"သူမ ကို မိဘမဲ့တစ်ကောင်ကြွက်ဆိုပြီး ရှင် အရမ်း အထင်သေး လွန်းတယ် ကမ္ဘာ..၊ ကြိမ်စကြာနဲ့ ရိုက်ခေါ်လို့ ရှေ့မှာ ဒူးတုပ်လျက် ဘွားခနဲ ပေါ်လာတာမျိုးကို လိုချင်နေတာ ရှင်လဲ ရာဇဝင်ထဲက ဘုန်းကံကြီးမားတဲ့ဘုရင်တစ်ပါး မဟုတ်သလို သူမ ကလဲ ရှင့်ရဲ့ကျေးကျွန် မဟုတ်ဘူး"



"မင်း အကျယ်ချဲ့တွေးနေတာပဲ၊ ငါ့အခက်အခဲကို ငါ ဖြေရှင်းချင်တဲ့အတွက် တစ်ကိုယ်ကောင်းဆန်ဆန် ပြောမိဆူမိတာတွေ ရှိချင်ရှိမယ်၊ မင်းပြောသလိုတော့ မဟုတ်ဘူး၊ လူတိုင်းမှာ မတတ်သာတဲ့အကြောင်းတွေ ရှိကြတာပဲ၊ အဲဒါကို မင်း တွေးကြည့်ပေါ့.."

ကမ္ဘာ က တံခါးဖွင့်၍ အပြင်ကို ထွက်သွားရင်း...

"နောက်နေ့ကစပြီး မင်း ညနေပိုင်းမှာပဲ လာခဲ့ပါ"

"ဘာ!..."

"ဟုတ်တယ်..၊ လင်မယားဆိုတာ အလုပ်ပြန်ချိန်မှာတော့ အတူရှိရတာပဲလေ၊ တီလေးတို့ ထပ်ရောက်လာတဲ့အချိန်မှာ မင်း မရှိခဲ့ရင် ညဘက်မှာဆို ငါ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး"

ပြောနေရင်း နောက်ကို ပြန်လှည့်ကြည့်လိုက်သဖြင့် သူမ နဲ့ မျက်နှာချင်းဆိုင်မိပြန်၏။

"မင်းဘက်က ငါ့ကို ဒီ့ထက် ရင်းနှီးတတ်ဖို့လိုတယ် ရှီ..၊ ခေါ်ထိပ်တင် ချက်ချင်း အကဲခတ်မိသွားတာမျိုး မင်း ထပ်လုပ်ရင် မင်းနဲ့ငါ ဒီလိုစကားတွေ ပြောနေရဦးမှာ..."

ချက်ပြုတ်စရာတွေ ရှိနေတာကိုတောင် သတိမရနိုင်တော့ပေ။ သူမ ငိုချင်စိတ်တွေ ဖြစ်လာခဲ့ပြီး သူ့ကို နောက်ထပ် လွန်ဆန်ပြောနိုင်သည့်အင်အားလည်း မရှိတော့..။

ရှေ့ဆက်ပြီး သူမ ဘာထပ်လုပ်ရမလဲ..။

www.burmeseclassic.com



## အခန်း (၂၅)

ဒဂုန်စင်တာရောက်တိုင်း ဂျေဒိုးနပ်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ ဒါပေမယ့် ကမ္ဘာ က ကော်ဖီပဲသောက်ပြီး ဘယ်တော့မှ မုန့်မစားပေ။

"မင်းက နာရီတကြည့်ကြည့်နဲ့ ဘာဖြစ်တာလဲ.."

"ရှီ ရောက်နေမှာစိုးလို့"

"မင်း သူ့ကို သော့အပိုပေးထားတယ်မို့လား၊ ရောက်တော့ ဘာဖြစ်လဲ"

သူ မရှိတုန်းမှာ တီလေးနဲ့ ထပ်တွေ့နေမှာစိုးလို့ဆိုတာကို မပြော ဖြစ်၊ ဒီကောင်မလေး ကြောက်တော့ကြောက်တတ်ပြီး ပြန်ပြောပြဆို တော့လည်း အလိုက်အထိုက်စကားဆိုတာ မပါ..။

"ဟာ!... ကျားသားမိုးကြိုး၊ ဟိုမှာ... ဟိုမှာ.. မင်းရဲ့ ရှီ... ဟင်!...

သူ အံ့သြသွားကာ ကျောခိုင်းထိုင်နေသည့်နောက်ကို လှည့်ကြည့် လိုက်မိသည်။ မုန့်တွေကာထားသည့် ဂျေဒိုးနပ်ဆိုင်ထဲကို ဘယ်တော့ ကမှ လှည့်မကြည့်ခဲ့ဖူးသဖြင့် ကမ္ဘာ တို့ ရှိနေတာကို သူမ မသိပေ။





ဒီနားကဖြတ်မိလျှင် မုန့်နဲ့ ကော်ဖီနံ့တွေ ရတတ်တာကို သတိ ထားမိနေသဖြင့် ဖန်စီဆိုင်ရှေ့မှာ ရပ်လိုက်ရတာတောင် နှာခေါင်းပိတ် ထားချင်၏။

စားစရာအနံ့ပေမယ့် ဒီလောက် မွေးမျိုးကြိုင်လှိုင်နေသည့် အနံ့ ကို သူမ မကြိုက်၊ ကိုင်လာသည့် ကြယ်သီးအရောင်နှင့် တစ်ထပ် တည်းတူနိုင်မည့် ခရစ်စတယ်အရောင်ကို လိုက်ရှာရင်း မျက်လုံးက ချိတ်ကျင်းထားသည့်ပစ္စည်းတွေပေါ်မှာပဲ ဝေ့ဝဲနေကာ...

"ညီမ ဒီအရောင် ဆွဲကြိုးလေးဖြစ်ဖြစ်၊ လက်ပတ်ဖြစ်ဖြစ် မရှိဘူး လားဟင်"

"ဘယ်အရောင်လဲ"

ဆိုင်ရှင်ကောင်မလေးက သူမ လက်ထဲက ကြယ်သီးကို လက် လှမ်းသည်။ သူမ ကလည်း လှမ်းပေးတာပဲ ဖြစ်၏။ ဒါပေမယ့် ပြေးသွားသည့်စက်လှေကားဆီ မျက်လုံးရောက်သွားလျှင်...

"ဟယ်!... သူ... သူ..."

လှမ်းထားသည့်လက်ကို ပြန်ရုတ်ကာ သူမ အားလုံးကို မေ့လျော့ ကာ လှေကားဆီ ပြေးထွက်ခဲ့မိ၏။

ဂုဏ်မြင့်သူ က တစ်ယောက်တည်းဖြစ်ကာ အဝါနှင့်အနက် ကြမ်းစောင်းကန့်ထားသော ခါးရှည်ကိုယ်ကျပ်ကို ဝတ်ထား၏။ ပြီးတော့ စတော့ကင်အနက်ရောင်နှင့် ကြိုးသိုင်းရှည်အိတ်အနက် ကို လွယ်ထားသည်။ သူမ လှေကားပေါ်တက်လိုက်တာနှင့် ဂုဏ် သူ က အောက်ရောက်သွား၏။

သွားနေသည့် စက်လှေကားပေါ်မှာ နောက်ထပ် ပြေးလွှားမဆင်း ဖြင့် သူမ အသည်းတယားယားနှင့် လှေကားအဆုံးရောက်တဲ့အထိ စောင့်နေရ၏။

"ဒီမှာ... ဂုဏ်မြင့်သူ... ဒီမှာ..."



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်မြင့်သူ က ခြေလှမ်းကျဲသလောက် လမ်းလျှောက်တာ [illegible] သည်။ အောက်ရောက်လာပြီး ဟိုဒီထွက်တွေ လုပ်နေသေးကာ [illegible] ခေါ်နေပေမယ့် တော်တော်နှင့်မကြား..။

"ဂုဏ်မြင့်သူ..."

ဘေးလူတွေ ငဲ့ကြည့်ကုန်တာကိုလည်း မရှက်နိုင်ဘဲ ဂုဏ်မြင့် [illegible] နဲ့ မျက်နှာချင်းဆိုင်မိအောင် သူမ တခြားဘက်က ပြန်ပတ်လို [illegible] တော့မှ...

"ဟင်!..."

သူမ လည်း မောနေပြီဖြစ်ကာ ရှောင်စရာမလိုတော့မှ ဂုဏ်မြင့် [illegible] ခြေလှမ်းတွေရပ်သွားပြီး သူမ ကို မြင်လေသည်။

"ဂုဏ်မြင့်သူ.. သူမ ကို မှတ်မိလားဟင်"

"အင်း..."

ဂုဏ်မြင့်သူ မျက်နှာတစ်ချက်ပျက်သွားကာ ချက်ချင်းပဲ [illegible] မဖြစ်သလို ပြုံးလိုက်ပြီး...

"ယူ တော်တော် ပြောင်းလဲသွားတာပဲ၊ တိုက်ပ်ကို ပြန်ဖ [illegible] မနည်း စဉ်းစားလိုက်ရတယ်၊ အခု အဆင်ပြေနေပြီလား"

"ဘယ်လိုလုပ်ပြေမှာလဲ ဂုဏ်မြင့်သူ ရယ်..၊ ဟိုကိစ္စလေ..."

သွားလာနေကြသည့် လူတွေကြားထဲမှာ မပြောသင့်မှန်း သိ [illegible] မယ့် တစ်ခုခုစားရင်း ပြောရအောင် ဘာညာဆိုသည့် အထာတွေ [illegible] သူမ သတိမရနိုင်..။

ထို့ပြင် သူမ အတွက် အဲဒီလောက်လည်း အချိန်မရှိတော့ [illegible] မို့...

"ဟိုလေ... လက်စွပ်.. လက်စွပ်ကိစ္စကြောင့် သူမ [illegible] ဒုက္ခရောက်နေရတယ်၊ အဲဒါ ဂုဏ်မြင့်သူ ကိုတွေ့မှ ဖြစ်မှာမို့လို့ [illegible] လိုက်ရှာနေတာ.."





"လက်..စွပ်..."

ဂုဏ်မြင့်သူ မျက်နှာမှာ ဖြောင့်မတ်လိုခြင်း၊ ကောက်ကွေ့လိုခြင်း [illegible] ရုတ်တရက် ရှုပ်ယှက်ခတ်သွား၏။ လက်စွပ်ဆိုသည့် စကားသံ [illegible] သံယောင်လိုက်ပြောရင်း မျက်နှာလွှဲပစ်တော့မလို ဖြစ်သွားပြီးမှ [illegible] မျက်နှာဆီ ပြန်ရောက်၏။

"လက်စွပ်ကို ကမ္ဘာ့ ဆီက ယူလာပြီး သူမ ဂုဏ်မြင့်သူ လက်ထဲ [illegible] အပ်ခဲ့တာလေ"

သူမ ၏ မျှော်လင့်လှုပ်ရှားနေသော မျက်ဝန်းလေးတွေကို ပြန် [illegible] ငေးစိုက်ကြည့်ရင်း ဂုဏ်မြင့်သူ မျက်နှာငုံ့သွားလိုက်၊ လွယ်ထား [illegible] အိတ်ရှည်လေးရဲ့ကြိုးကို အဓိပ္ပာယ်မဲ့ ပွတ်သပ်ဆွဲတင် [illegible] [illegible]...

"အဲဒီနေ့က လက်စွပ်ဘူးကို ဆွမ်းယူပြီးမှ သူမ အတွက် လမ်း [illegible] ဆိုပြီး ပိုက်ဆံ တစ်သောင်း ဂုဏ်မြင့်သူ ပြန်ပေးခဲ့တာလေ၊ [illegible] တယ်ပဲ ဒီအတိုင်းပဲ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ လက်စွပ်ကို [illegible] ယူသွားတဲ့အဖြစ်မျိုးရောက်အောင် ပြောခဲ့တာလဲ၊ လက်စွပ်ကို [illegible] မြင့်သူ မရဘူးလို့ ဘာဖြစ်လို့ ပြောခဲ့တာလဲ၊ ပြောစမ်းပါ.."

သူမ စိတ်လှုပ်ရှားလွန်းသဖြင့် အသံလေးတွေ တုန်နေ၏။ [illegible] တော့ ဂုဏ်မြင့်သူ လက်မောင်းကို ကိုင်လှုပ်၍ ရှေ့ထပ်တိုးကာ...

"သူမ က အထဲကပစ္စည်းကို လက်စွပ်မှန်း သိခဲ့ပေမယ့် ဘယ် [illegible] လက်စွပ်ဆိုတာတော့ မသိခဲ့ပါဘူး၊ အဲဒါကြီးကို ဂုဏ်မြင့်သူ ယူ [illegible] တာ တို့နှစ်ယောက် အသိဆုံးပဲ၊ အခု..."

"သူမ..."

ဂုဏ်မြင့်သူ က သူမ ကိုင်ထားသည့်လက်ကို စိတ်မကောင်းသ [illegible] ကြည့်နှင့် အသာလေး ဖယ်ချပစ်လိုက်ကာ...

"ယူ အရမ်း စိတ်လှုပ်ရှားနေတယ်၊ နည်းနည်း ပြန်[illegible]ပြီး..."



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ပိုင်းတစ်စနှင့် ဂုဏ်မြင့်သူ မျက်လုံးတွေ တစ်နေရာ စူးစိုက်ရပ်တန့်သွားခဲ့၏။ သူမ ကိုကြည့်၍ မလိမ်ရက်၊ မညာရ လောက်အောင် စိတ်က နူးညံ့သွားခဲ့ရင်း အကောင်းဆုံးအဖြေတစ်ခု ပေးဖို့ စိတ်မှာ ဖြစ်လိုက်ပြီးမှ…

"ဟုတ်တယ်…၊ လက်စွပ်က ဘူးခွံချည်းပဲ တို့လက်ထဲ ရောက် လာတာ…"

"ဘာ!…"

သူမ ငယ်ထိပ်ကို မိုးကြိုးခစ်ချခံလိုက်ရသလိုပင်…။

ထိုစဉ် သူမ ရဲ့နောက်ကနေ လူရိပ်တွေ ကျရောက်လာခဲ့ ဂုဏ်မြင့်သူ က ကမ္ဘာ့ မျက်နှာကို ရှုံ့ရှာသည့်အကြည့်နှင့် ကြည့်လိုက် ပြီး…

"ယူက မလိမ်ဘူးဆိုရင် တစ်ယောက်က လိမ်လို့ဖြစ်မှာ တို့ကတော့ ဘာလက်စွပ်မှ မယူခဲ့တာ လုံးဝ သေချာတယ်၊ ကိုယ် ချင်လို့ မင်းကိုတောင် လူစားလွှတ်ခဲ့တဲ့ဟာ၊ သူပေးတဲ့ လက် လက်စွပ်ကို တို့က လက်ခံစရာလား…"

"ဂုဏ်မြင့်သူ…"

သူမ ခေါင်းတွင်တွင်ခါရင်း ဂုဏ်မြင့်သူ နောက်ကို လိုက် အတင်းပြေးတက်၏။ ကမ္ဘာ က လက်ကိုဆွဲထားလိုက်ကာ…

"မလိုက်နဲ့တော့…"

"ရှင် ဖယ်စမ်းပါ၊ ဒါ…မဟုတ်ဘူး…၊ သူမ ယူတာ မဟုတ် လက်စွပ်ဘူးကို သူ့လက်ထဲ…"

သူမ စကားမဆက်ဖြစ်ဘဲ ကမ္ဘာ့ ဆီကို မျက်လုံးတွေ သံသယ ပြေးကပ်သွားပြီး…

"ရှင်…ရှင်… လက်စွပ်မပါတဲ့ ဘူးခွံကြီးကို ပေးခိုင်းတာလား

"ဘာကွ!…"





ဂုဏ်မြင့်သူ ပြောသွားသမျှကို ကမ္ဘာ က အလုံးစုံ ကြားလိုက်တာ မဟုတ်။ သူမ စကားကြောင့် မျက်နှာမှာ ဖျန်းခနဲ ရဲတက်သွားကာ…

"မင်း ငါ့ကို ဘာပြောလိုက်တယ်…"

"သူမ ပြောတာ မဟုတ်ဘူး၊ ဂုဏ်မြင့်သူ ဒီတိုင်းပြောသွားတာ၊ သူ့ဆီရောက်လာတာ ဘူးခွံချည်းတဲ့၊ ရှင်တို့နှစ်ယောက် ဘယ်သူက လိမ်နေတာလဲ၊ သူမ က ရှင်တို့ကြားထဲက…"

"မင်း တော်နော်…"

"ကဲ… ကမ္ဘာ ရာ…၊ မင်းတို့ကလဲ လူတွေ သတိထားမိကုန်ပြီ"

ကျော်သက် တို့ ပွဲကြည့်ပရိသတ်လုပ်နေလို့ မရတော့ဘဲ သူမ နဲ့ ကမ္ဘာ့ ကြားကို ဝင်ရောက်ဖျန်ဖြေဖို့ ကြိုးစားရတော့သည်၊

"မင်းတို့သုံးယောက်ထဲမှာ တစ်ခုခု မှားနေတာပါ၊ အဲဒါကို မဖော်ထုတ်ဘဲ သူ့စွပ်စွဲ၊ ကိုယ့်စွပ်စွဲနဲ့ ပြဿနာက ပြီးဦးမှာလား…"

သူမ သည် မျက်ရည်တွေပြည့်လျှမ်းနေသည့် မျက်ဝန်းများနှင့် ကမ္ဘာ့ ကို စူးစိုက်ကြည့်နေဆဲဖြစ်ကာ…

"ရှင်တို့…"

"ဘာ…ရှင်တို့လဲ…၊ မင်း ငါ့ကို အဲဒီလိုမျက်လုံးနဲ့ မကြည့်နဲ့…"

သူမ ကလည်း ခံစားချက်တွေအပြည့်နှင့် ကမ္ဘာ ကလည်း နည်း နည်းမှသည်းခံဖို့ အစီအစဉ်မရှိတဲ့သူ…။

"ဒီလိုရှိတယ် သူမ ရဲ့…၊ ကျွန်တော် နည်းနည်း ပြောပါရစေ"

ကျော်သက် ကပဲ သူမ ကို တောင်းပန်ရင်း ရှေ့ထပ်တိုးကာ…

"သူ ဘူးခွံချည်းပဲ ရတယ်လို့ ဂုဏ်မြင့်သူ က ပြောသွားတယ်မို့ လား၊ ပြီးတော့ ထွက်သွားခါနီးမှာ ပြောသွားသေးတယ်၊ သူ လက်မခံ ချင်တဲ့သူ့ဆီက လက်ထပ်လက်စွပ်ကို လက်ခံစရာလားတဲ့၊ အဲဒီစကား တွေ ရှေ့နောက်မညီတာကို ပြန်တွေးကြည့်ပါဦး၊ လက်မခံချင်တဲ့သူက ဒီဘူးကို ဘာဖြစ်လို့ ယူထားလိုက်သလဲ…"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ်၊ ကမ္ဘာ တို့ဘက်က ကြွယ်ဝမှုကို သူမ သေချာ သိရရင် ဒီအလုပ်မျိုး လုပ်မှာ မဟုတ်ဘူးဆိုတာ ပေါ်လာမှာပါ၊ ပြီး တော့ အဲဒီနေ့က ဂုဏ်မြင့်သူ နဲ့ သွားတွေ့ပြီး လက်စွပ်ပေးခိုင်းတာက လူကြီးချင်းနားလည်ထားကြတဲ့ ချည်နှောင်မှုတွေ၊ ဒါကို ဘူးခွံချည်းပဲ ပေးခိုင်းပါ့မလား''

သူမ ဟိုမျက်နှာကြည့်၊ ဒီမျက်နှာကြည့်နှင့် ဘာမှလည်း မပြော တတ်တော့ပေ။ ထို့နောက် ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ရောက် ကာ…

''ဟုတ်ပါပြီ…၊ အချိန်တန်တော့ သူမ ကပဲ မလည်မရှုပ်ပါ''

သူမ အားလုံးရှေ့ကနေ လှည့်ထွက်လာခဲ့သည်။ ဒီနေရာမှာ မျှော် လင့်ချက်တွေ လမ်းဆုံးပြီးပေါ့။ ဂုဏ်မြင့်သူကိုတွေ့လျှင် အားလုံး ရှင်းသွားပြီလို့ ထင်ထားခဲ့သည့် မျှော်လင့်ချက်တွေက သဲထဲရေသွန်လိုက် သလို…။

ဂုဏ်မြင့်သူ တကယ်ပဲ မရှိးသားခဲ့တာလား…၊ သူမ ကတော့ ကားနဲ့တိုက်မိသည့်ညက ကိုယ့်ကိုမြင်တာနှင့် 'သူနိုးမိပြီ' လို့ ကမ္ဘာ ပြောလိုက်တာကိုပဲ နားထဲမှာ စွဲနေသည်။

ဒီလက်စွပ်ကို သူမ မလိမ့်တစ်ပတ် လုပ်ယူသွားသည်ဟု အစက တည်းက ဂုဏ်မြင့်သူ ပြောထားခဲ့တာ သေချာနေသည်။

လက်စွပ်ကို လိုချင်တာလား၊ သူမ ကို ချောက်တွန်းချင်တာလား မျက်ရည်တွေဝေ့တက်လာလိုက်၊ မျက်တောင်ခတ်ပစ်လိုက်လို့ ပြန်လည် ကြည်လင်သွားလိုက်နှင့် ကားတွေ တစ်စီးပြီးတစ်စီး ထွက်သွားပေမယ့် သူမ မတက်နိုင်ခဲ့ပေ…။

နာရီ ငုံ့ကြည့်တော့ ညနေ ခြောက်နာရီ…။

''လာ… သွားမယ်''

လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ပစ်လိုက်သဖြင့် သူမ ထိတ်လန့်သွား



တာ မော့ကြည့်လိုက်မိသည်။ ကမ္ဘာ က သူမ ပြန်ရုန်းနေတာကို မလွှတ်ဘဲ ဖိဆုပ်ထားကာ…

''ကားတွေ ဒီလောက်ကျပ်နေတာ တိုးမတက်ဘဲနဲ့ ဒီတိုင်းရပ်နေ ရင် သန်းခေါင်ကျော်မှ အိမ်ပြန်ရောက်လိမ့်မယ်''

''အို!… သူမဘာသာ ဘယ်အချိန်ရောက်ရောက် သွားနေကျ၊ လက်ကို လွှတ်ပါ''

သူမ မှာ ဒဂုန်စင်တာထဲရောက်ပြီး ဘာမှလည်း မဝယ်ဖြစ်ခဲ့ဘဲ အကျီစောင်းသားကွပ်ဖို့ ကိုက်ထိုးဝယ်လာသည့် ဇာပန်းလိပ်လေးတစ် မျိုးပဲ လက်ဆွဲအိတ်လေးနဲ့ ပါလာသည်။

ကမ္ဘာ က လက်ကိုဆွဲခေါ်လိုက်သဖြင့် ဆလင်းဘက်ခ်က ပခုံး ပေါ်က လျှောကျ၊ အိတ်လွတ်ကျမှာစိုးလို့ ဆုပ်ကိုင်ထားရနှင့် ရုန်း လည်း မရုန်းနိုင်တော့ပေ…။

ကားတွေရပ်ထားသည့်နေရာမှာ ဘန်ကားအဖြူလေးနှင့် ကျော် သက် ရယ်၊ မင်းလူ ရယ်က အသင့်စောင့်နေ၏။ ကမ္ဘာ က နောက်ခန်း တံခါးဖွင့်ပေး၍…

''တက်…''

''မတက်နိုင်ပါဘူး''

''ဟိတ်!…''

လက်ကလွှတ်လိုက်တာနှင့် သူမ က ပြန်လှည့်ပြေးဖို့ ပြင်သော ကြောင့် ကမ္ဘာ အမိအရ ပြန်ဆွဲကာ ကားထဲ တွန်းထည့်လိုက်၏။

ပြီးတော့ တစ်လမ်းလုံး သူမ ရန်တွေ့လာတာ မပြီးနိုင်တော့…။

''ဘယ်သူတွေ့တွေ့ မတတ်နိုင်ဘူး၊ ဒီအလုပ်ကို လုပ်မှတော့ သိတဲ့လူတချို့တလေဆိုတာ ရှိလာမှာပဲ၊ ဒါကို အစကတည်းက မှင်း မတွေးထားဘူးလား''

''ရှင်ကတော့ ယောက်ျားလေးပဲ၊ ပြောအားရှိမှာပေါ့…''

www.burmeseclassic.com

www.burmeseclassic.com



''ယောကျ်ားလေးလဲ နာမည်ပျက်တာ၊ သိက္ခာကျတာ ရှိတာပဲ တစ်ခုကိုလိုချင်လို့ တစ်ခုကိုစွန့်ရတာ၊ မင်းနဲ့ငါ အတူတူပဲ၊ လုပ်မနေ နဲ့..''

''ကျို..''

''အား...''

ရုတ်တရက် ကားက ဟမန်းကတန်း ဝိုက်ချလိုက်သဖြင့် သူမ ရန်မတွေ့နိုင်တော့ဘဲ ကမ္ဘာ့ ရင်ခွင်ထဲကို ပစ်ခလက်ခတ် ရောက်သွား၏။ သူလည်း ပုံပန်းပျက်ကာ အမှတ်တမဲ့ သူမ ကို ပြန်ဖက်ထားလိုက်မိ၏။

ဒီတော့မှ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ပျက်ကုန်သည်ကို လည်ပင်း ရှည်ကြည့်မိသည်။ ဘာမှလည်း မဟုတ်ပါလား..။

'ရန်ဖြစ်ချင်ဦးဟ' ဆိုပြီး ဒီကောင်တွေ သက်သက်လုပ်တာ..။

ကမ္ဘာ ဒေါပွသွားပေမယ့် မှန်ထဲမှာ မျက်လုံးချင်းဆုံတော့ ကား မောင်းသည့် ကျော်သက် မျက်နှာက ခပ်တည်တည်...

''ဆောရီး သူမ ရာ..၊ ရှေ့မှာ ခွေးနှစ်ကောင် မလွတ်မလပ် လာရစ်နေလို့ ရှောင်လိုက်တာ...''

''ခုမှပဲ နားအေးတော့တယ်.. အဲ...မဟုတ်ပါဘူး၊ ခုမှပဲ ရင်တုန် ပြေတော့တယ်လို့..''

တစ်ယောက်က ဘာလိုလိုပြောပြီး တစ်ယောက်က မဟုတ် မဟတ်တွေနှင့်။ သူမ ကိုယ့်နေရာကို ပြန်ရွှေ့ထိုင်လိုက်ပေမယ့် ရင်တွေ ပရမ်းပတာ ခုန်နေဆဲ..၊ အရှိန်နှင့်မို့ ရုတ်တရက် ပြန်ရုန်းထွက်လို့မရခဲ့ ထဲမှာ ကျော်သက် တို့ ပြောသည့်စကားတွေကြောင့် တမင်လုပ်တာမှန်း လည်း သိလိုက်တော့ ပိုဆိုးသည်။

ကမ္ဘာ့ ထံမှလည်း လုံးဝ တိတ်ကျသွားခဲ့သဖြင့်...

''ကျော်သက် ပိုင်တယ်ကွာ..၊ မင်းသာ ပညာမသုံးတတ်ရင်...''



''အပွန်း..၊ ဘာဖြစ်နိုင်လဲ ဆက်ပြော...''

''ဖြော် နားအေးပါးအေး ခုလိုနေနိုင်မလား၊ ဘာကိုပဲ တိုက်မိ ိုက်မိ ရှင်းရမှာပဲလေ''

ဒီကောင်တွေ မပြီးနိုင်ပါလား..၊ ကမ္ဘာ က သူမ ကို အားနာစိတ် းဖြစ်မိလျက် မသိမသာ ငုံကြည့်လိုက်မိသည်။ သူမ ခမျာ ဟိုဘက် ိုလှည့်ထားလိုက်တာ လည်ပင်းကျိုးမတတ်..။

ပြုံးချင်ချင်ဖြစ်သွားသည့် နှုတ်ခမ်းသားတို့ကို ဖိကပ်စေ့ထားရင်း ံပင်တစ်ချက်သပ်ရင်း သူလည်း ဟိုဘက်လှည့်လိုက်မိသည်။

သူမ နဲ့ကျွမ်း ဆွဲလွဲမှေ့ပိုက်မိတာတွေ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ောက်ရှိနေပြီမှန်း မသိ..။

ဒီတစ်ခါကတော့ ကျော်သက် တို့ တမင်လုပ်ပစ်လိုက်မှန်း သိနေ ော့ သူမကို ဖက်ထားလိုက်မိတာကလည်း အမှတ်တမဲ့မဟုတ်ခဲ့တာ သေချာသည်။

ရင်ထဲမှာ လှုပ်ခတ်နွေးထွေးနေဆဲက ခုထိ ကျန်ရစ်၏။ ရင်ခုန်သံ ဟာ သူနဲ့ အဲလောက်ထိ စိမ်းသက်ခဲ့လို့လား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ရှင်!... ဘယ်လို..."

လှမ်းနေသည့်ခြေလှမ်းက မြေပြောင်ပြောင်မှာ ခလုတ်တိုက်မိ မတတ်ဲ ဖြစ်သွား၏။ သူမ ကို ငုံ့ကြည့်ပြီး မိုးသောက် က ရယ်သည်။

သူ ဆုံးဖြတ်ခဲ့သည့်နေ့ကျမှ သူမ ဝတ်ထားတာကလည်း ပန်းနုရောင် အနက်ပွင့်လေးဖြစ်ကာ သူ ဝတ်ထားတာလည်း အဝါနုနှင့် ဖြတ်ဆက်ကာန့်ထားသည့် စပို့ရှပ်ပန်းရောင် ဖြစ်နေသည်။

ရန်ကုန်ကိုရောက်တာ မကြာသေးပေမယ့် သူမ အသားရောင်တွေပြောင်းလာတာ မြန်သည်။ ကျစ်ဆံမြီးလေးနှစ်ဖက် ချထားတတ်သော်လည်း နယ်က မအူမလည်ပုံစံမျိုးလေးလည်း မပေါက်တော့ပါ..။

ခေတ်သမျှ အင်္ကျီဒီဇိုင်းတွေက မော်ဒယ်တွေနှင့် သီးခြားဆန်းပြားကွဲပြားကာ ဆန်းလည်းဆန်းသည်။ သူမ ကိုယ်လေးပေါ်မှာ ထင်းရှင်းနေစေတာမျိုးလည်းဖြစ်လျက် မဟာဆန်ဆန် ချောမွေ့ နုဖတ်နေတာမျိုး..။

"မင်း အရိမ်းကို လှလာတယ် သူမ ရယ်..၊ တစ်နေ့နေ့ မင်းသွားဘာပြန်တာတွေကိုတွေးပြီး စိတ်မချဖြစ်နေရတာနဲ့ ကိုယ် ရင်မောလှပြီ၊ အဲဒါကြောင့် ဒီနေ့တော့ မင်းကို မဖြစ်မနေ ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ပြီး ထွက်လာတာ.."





"ကိုမိုး က သူမ ကို..."

"ရည်းစားစကား ပြောနေတာ"

"ဟင်!..."

သူမ မျက်ဝန်းတွေ ဝိုင်းဝိုင်းလည်သွား၏။ ရည်းစားစကားဆိုပြီးတော့ လူကြီးတွေကိုလည်း ပြောပြီးပြီ။ အားလုံးကလည်း ကျေနပ်ကြတယ်ဆိုတာ ဘာလဲ..။

"သူမ..."

"ရှင်.."

"ဟိုရှေ့ကဆိုင်မှာ စကားပြောရင်း တစ်ခုခု စားပါလား"

သူမ ကို ဆိုင်ကြီးတွေမှာ တခမ်းတနား ဖိတ်ခေါ်ကျွေးမွေးလို့မရပေ။ ဘယ်လိုခေါ်ခေါ် မလိုက်၊ ဘာကျွေးတာမှလည်း မစား..။

ထို့ကြောင့် လမ်းဘေးမှာပဲ လူမြင်သူမြင် ထိုင်ရင်း စကားပြောဖို့ကြိုးစားရသည်။ ဒါတောင် သူမ က ဟိုကြည့်ဒီကြည့်...

"လာပါကွာ..၊ ကိုယ့်ဘက်က အရမ်းတန်ဖိုးထားပြီး အလေးအနက်ပြောချင်တဲ့စကားကို သွားလာရင်း မပြောချင်လို့ပါ၊ ခဏတော့ ထိုင်ပေးနော်"

"ကိုမိုး သူမ လေ..."

"ဟုတ်ပြီ၊ ထိုင်ပြီးမှ ပြော..."

ထိုင်ကို မထိုင်ချင်တာမို့ သူမ အကြီးအကျယ် စိတ်ညစ်သွားခဲ့၏။ မိုးသောက် အနားမှာ ရှိနေတုန်း ဖုန်းလာလိုက်လျှင် သွားပြီ..။

ထို့ပြင် ရည်းစားစကား ပြောမှာမှန်း သိနေလျက်နှင့် နားထောင်ဖို့အတွက် လိုက်ထိုင်ပေးရမှာက မသင့်တော်ဘူး ထင်သည်။

သူမ ဆိုသည့်မိန်းမဟာ နောက်ထပ် လေး,ငါးလနီးပါးလောက်ထိ ဘယ်ယောက်ျားတစ်ယောက်နဲ့မှ ချစ်ခင်စုံမက် လက်ထပ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ...

www.burmeseclassic.com



"အအေး မှာလိုက်မယ်နော်၊ မင်း ရင်ပူနေတယ်မို့လား"

"ဟုတ်… အဲ… အို… ကိုမိုး ကလဲ…"

ကယောင်ကတမ်းတွေ ဖြစ်ကုန်သည့် မျက်နှာလေးကို မိုးသောက်က စိတ်မပျက်နိုင်ဘဲ တစိမ့်စိမ့် ငေးကြည့်၏။

"မင်း ကိုယ့်ကို သံယောဇဉ် နည်းနည်းပါးပါးလေးတောင် မဖြစ်ဘူးလားဟင်"

သူမ နဲ့ သူ မျက်လုံးချင်း ဆုံသွား၏။

အအေးဆိုင်လေးမှာထိုင်ရင်း ရင်ပူနေတာတွေ ငြိုင်ရတော့မည် အဖြစ်လား…။

"သံယောဇဉ်ဆိုတာတော့ ရှိတာပေါ့ ကိုမိုး ရယ်…၊ သူမ ရန်ကုန်ကို စ,ရောက်လာကတည်းက သူမ အပေါ်မှာ နွေးထွေးလာခဲ့တဲ့သူဟာ လက်ချိုးရေလို့ ရပါတယ်၊ ဒီလိုလူတွေထဲမှာ သူမ ရဲ့ မမေ့နိုင်တဲ့နေရာက အစ်ကိုပုဂ္ဂိုလ်တွေပါ"

"မဟုတ်ဘူးလေ…၊ ကိုယ်က မင်းရဲ့ ဦးထိပ်ပန်ဆင်ထိုက်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးနေရာကို လိုချင်လို့ တောင်းနေတာမှ မဟုတ်ဘဲ၊ မင်းရဲ့နှလုံးသားတစ်နေရာမှာ ထာဝရပိုင်ဆိုင်ခွင့်ကို လိုချင်တာ…"

သူမ မျက်လွှာချသွားသည်။ ရန်ကုန်မြေဟာ သူမ အတွက် သုခဘုံလား၊ ငရဲလားတော့ မသိ။ ဒီနေ့ထိ စိတ်ပူပန် ချောက်ချားရခြင်းများနှင့် တစ်ညမှလည်း နှစ်ခြိုက်စွာ အိပ်စက်ခဲ့ရတယ် မရှိ…။

ချစ်သူရှာဖို့၊ အိမ်ထောင်ဖက်ရွေးဖို့ မပြောနှင့် ကိုယ့်ပါးစပ်ထဲ သွင်းဖို့ ဟင်းချက်စရာဝယ်တာတောင် ဘာလေးချက်ရရင် ကောင်းမလဲ လို့ စိစစ်ရွေးချယ်လိုစိတ် မဖြစ်ခဲ့တာ ဝဋ်ကြွေးတစ်ခုလိုပင်…။

အချိန်ပြည့် နှိပ်စက်နေခဲ့တာက ကမ္ဘာ နဲ့ပတ်သက်တားမိသည့် ပြဿနာအကြောင်း…၊ သုတ်သုတ်သွား၊ သွက်သွက်ပြန်၊ လူမသိအောင် ဘယ်လိုလှုပ်ရှားမလဲ ဆိုတာတွေကလွဲ၍ သူမ ခေါင်းထဲမှာ ဘာမှ



မရှိခဲ့ပေ…။

ဒီထဲမှာ မိုးသောက်နေ ဆိုသူဟာ လေးစားခင်မင်ဖို့ကောင်းသည့် ယောက်ျားကောင်းတစ်ယောက်အဖြစ်ထက် မပိုခဲ့တာ အပြစ်တစ်ခု ဖြစ်နေပြီလား…။

"ကိုယ် မင်းကို ချစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သေချာနေခဲ့တာ ကြာပြီ"

ပြောနေတုန်း အအေးနှစ်ပုလင်း ရောက်လာတော့ သူက သူမ ဘက်ကို တိုးပေးလိုက်ရင်း…

"မင်းဘက်မှာ ကိုယ့်အတွက် ဘာမှ အခွင့်သင့်ရှိမနေနိုင်ဘူးဆိုတာလဲ ကိုယ် နားလည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ဘဝကို အပြင်းအထန် ရုန်းကန်နေရတဲ့သူ ဖြစ်နေတယ်၊ အဲဒီလို မိန်းကလေး တွေထဲမှာမှ မင်းက ပိုပြီး လေးနက်တဲ့ မိန်းကလေးပါ၊ အဲဒါကြောင့် ကိုယ် နားလည်နေတာ မင်းကို ချစ်ခွင့်တောင်းဖို့ထက် ပိုပြီး မြန်မြန် နီးစပ်မှာက လက်ထပ်နိုင်ဖို့ပဲ၊ အဲဒါကြောင့် ကိုယ် မေမေ့ကို ဖွင့်ပြောလိုက်တာပါ"

"မဟုတ်သေးဘူး ကိုမိုး…၊ အဲဒါကိုက ကိုမိုး မှားနေတာ…၊ သူမ ကိုမေးပြီးမှ…"

"မေးနေရင် မင်းက ခေါင်းခါဖို့ အခွင့်သင့်ဖြစ်နေမှာ သေချာတယ်လေ၊ ဘဝကို အားကိုးရှာပြီး ရပ်တည်ချင်တဲ့ မိန်းကလေးမှ မဟုတ်တာ၊ မင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ကြိုးစားနေတာ ပြီးဆုံးတဲ့အထိလဲ ကိုယ် မစောင့်နိုင်ဘူး၊ အဲဒီလို အောင်မြင်မှုတွေ သရဖူဆောင်းနိုင်တဲ့အချိန်မှာ ကိုယ်က မင်းရဲ့ အမိကလူဖြစ်နိုင်ဖို့ဆိုတာ မသေချာတဲ့ဘက်မှာ ရှုံးဆယ်ရာနှုန်းလောက် ဖြစ်နေမှာ…"

"ကိုမိုး ကလဲ သူမ အဲဒါတွေကို စိတ်မဝင်စားဘူး ခုမှ…"

"မင်း စိတ်မဝင်စားတာတွေကို ကိုယ် ရှင်းပြနေတာပဲလေ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမှုရအောင် ကြိုးစားဖို့ဆိုတာကလဲ မင်းနားကို ဘယ်လိုမှ ကပ်ဖို့ မလွယ်ဘူး၊ မေမေကနေ ဦးလေးဆီမှာ သမီးတောင်းလိမ့်မယ် လူကြီးတွေကစီစဉ်ပေးမယ်လို့ ပြောလာရင် ခေါင်းမခါလိုက်ပါနဲ့ သူမ ရယ်..နော်...၊ ကိုယ်တို့ စေ့စပ်ထားရုံဖြစ်ဖြစ် သဘောထားရအောင်''

''မဖြစ်ဘူး..၊ သူမ...''

''ဖြစ်လိုက်ပါကွာ..၊ မင်း မချစ်တတ်တာကို ကိုယ် ခွင့်လွှတ်ပြီး မြတ်မြတ်နိုးနိုး ယုယသွားမှာပါ၊ အခု မင်း အိမ်မပြန်တော့ဘဲ စကူးရိုး မှာပဲနေတော့မယ့်အစီအစဉ်ကြောင့် ကိုယ် ရင်ပူသွားတာ၊ ဘဝအတွက် အောင်မြင်မှုက လိုအပ်ပေမယ့် မိန်းကလေးတစ်ယောက်ရဲ့ ကြိုးစားမှု ဟာ ဒီလောက်ကြီးထိတော့ မလိုပါဘူး၊ မင်းက မဖြစ်မနေ လုပ်မှာပဲ ဆိုရင်တောင် မင်းကို ကိုယ် တရားဝင် စောင့်ရှောက်ခွင့်ရချင်တယ်''

ဘာတွေ လာပြောနေတာလဲ..၊ တရားဝင် စောင့်ရှောက်ခွင့်ဆိုတာ ဘာတွေလဲ..။ သူမ ရဲ့ ပူထူနေသည့်ခေါင်းထဲမှာ ကမ္ဘာ နဲ့ ဒေါ်စုလှတို့၏မျက်နှာကြီးတွေပဲ တစ်ပြန်ကစ်လှည့်စီ ပေါ်နေကာ ဒေါ်ထိပ်တင် လည်း ပါလေသည်။

ဟန်ဆောင်နေကြတာဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူမ က အခု ကမ္ဘာ နဲ့ လက်ထပ်ထားရတာဖြစ်သည်။

မိုးသောက်နေ ၏ စိတ်ရင်းစေတနာကို ယုံကြည်ထိုက်၍ဖြစ်စေ လူကြီးတွေကိုယ်တိုင် စုံဖက် လက်ထပ်ပေးမှာကို နာခံသင့်လို့ဖြစ်စေ ဘာကြောင့်မှ လက်ထပ်လို့မဖြစ်ပါ..။

ဒါဆို စေ့စပ်ထားမည်ဟု ပြောခဲ့ရင်ရော...

''စေ့စပ်ပြီးပြီဆိုရင် မင်း ခဏခဏ ခေါင်းခါနေတဲ့ မသင့်တော်ပါ ဘူးဆိုတဲ့ အသွားအလာ အနေအထိုင်မျိုးတွေ မရှိတော့ဘူး၊ လိုက်ပို့ လာကြိုတာလောက်တော့ ဓာင့်တယ်သွားမယ်လေ၊ ညမှုညတာမဟုတ် ရင် ပြီးတာပဲ၊ ကိုယ်က တရားဝင် စောင့်ရှောက်ပြောဆိုခွင့်တွေလဲ



ရှိလာမယ်၊ ဒါက လူကြီးတွေကိုယ်တိုင် သတ်မှတ်ပေးတဲ့ မင်းအတွက် ကိုယ့်ရဲ့တော်ပေါ့''

သူမ စကားတစ်ခွန်းမှမပြောနိုင်ဘဲ အအေးပုလင်းကိုပဲ ဖိဆုပ် ထားမိသည်။ ကိုယ့်ဘက်က မဖြစ်နိုင်တာကို အကြောင်းတစ်စုံတစ်ရာ မပြောဘဲ မိုးသောက်နေ က နောက်ဆုတ်မည့်ပုံ မရှိပေ။ ဘယ်လိုလုပ်ရ မလဲ..။

ပြဿနာတစ်ရပ်ကို မရှင်းနိုင်သေးဘဲ နောက်ထပ် ပြဿနာတစ်ခုက စလာခဲ့၏။ ဒေါသအာဃာတများနှင့် လက်ထပ်လိုခြင်းကို ခေါင်းညိတ်ခဲ့ရပြီးမှ ချစ်ခင်စုံမက် လက်ထပ်ပါရစေဆိုတာကိုတော့ ငြင်းပယ်ရမှာ ဖြစ်၏။

ဒါဟာ ဘဝကပေးသည့် သင်ခန်းစာဆိုလျှင်...

''အသွားမတော်တော့ တစ်လှမ်း..''ဆိုတာမျိုးလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ညည်းကတော့ မီး ဆိုပေမယ့် အေးချမ်းနေတာပဲနော်၊ ကျုပ်
မှာတော့…"

"အေးချမ်းချင်ရင် အေးချမ်းမှုရှာပေါ့ အန်တီရဲ့၊ အန်တီ ရော
လာရင် ဘြိဂ်စံအိမ်ကြီး ခေါင်းပေါ်ရွက်လာတာကိုး"

"ဘြိဂ်စံအိမ်က အရေးကြီးဆုံးဖြစ်နေလို့ပေါ့ မီး ရယ်…၊ ညည်း
လူငယ်တွေကတော့ ပြုံးနိုင်ရယ်နိုင်မှာပေါ့၊ လူကြီးတွေက ဘယ်
လှမ်းရင် ဘယ်ခရီးဆိုက်မယ်ဆိုတာ ကြိုသိနေတာကိုး"

မီး က ကော်ဖီနှစ်ခွက်ကိုင်လာပြီး ဒေါ်ထိပ်တင် ရှေ့မှာ တစ်ခွ
ချပေးသည်။ သူမကတော့ ထိုင်လျက်သားနှင့် ဆိုဖာမှာထိုင်ကာ
ချင်းချိတ်လိုက်ပြီးမှ…

"ဘာဘာ က ဒီလောက်တောင် ဆိုးနေလို့လား၊ မီး သိတော
မသိလိုက်ဘူး"

"အဲဒါကြောင့် တို့တွေ မျက်လုံးပြူးနေတာပေါ့၊ အခုကိစ္စကတေ
ငါတစ်ယောက်တည်းဖြစ်နေတာ မဟုတ်ဘူးနော်၊ စု ကိုယ်တိုင် ညည
ဆီကို လွှတ်တာ၊ ဒီလိုပြောခဲ့ပါ၊ ဒီလို အကူအညီတောင်းပါဆိုတ
သူပဲ ပြောလိုက်တာ၊ ကမ္ဘာ က တို့ပတ်ဝန်းကျင်မှာ တစ်ခါမှ မမြင်



မကြားဖူးတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ထားတယ်လေ၊
ဘယ်သူက ယုံနိုင်မှာလဲ"

"ကိုယ် မယုံတိုင်း တကယ် မဟုတ်ဘူးလို့ ပြောလို့ရသလား
အန်တီရဲ့၊ ပြောပုံအရဆို ကောင်မလေးက ဆင်းဆင်းရဲရဲလေးမို့လား၊
လူကြီးသိလဲ သဘောမတူနိုင်ဘူးဆိုတာသိလို့ ဖုံးဖိ လှုပ်ရှားနေတာ
ဖြစ်မှာပေါ့"

"ဘာလေး…၊ ဟိုကောင်လေးနဲ့ တစ်လေသံတည်းထွက်နေပြန်ပြီ၊
ဒါက ဖြစ်တတ်တဲ့သဘာဝတွေပါအေ၊ တကယ် မြင်နေရတာက အဲဒီ
လောက်ထိ မရိုးစင်းဘူးအေ့၊ သူတို့က လင်မယားနဲ့ လုံးဝမတူဘူး၊
ကောင်မလေးကဆို တကယ့် အိမ်ဖော်မလေးလိုပဲ၊ ကမ္ဘာ က သဟောက်
သဟမ်းနဲ့ပြောဆိုနေတာကို မျက်လုံးလေးနဲ့တောင် လှန်မကြည့်ရဲဘူး"

"ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ကိုယ်ယူထားပြီး ဘယ်သူ့သားသမီးမှန်း
မသိ၊ ဘယ်အရပ်ကမှန်း မသိ၊ ကြင်ကြင်နာနာရှိဖို့ဆိုတာ ဝေးလို့
ကောင်မလေးက အရုပ်လေးကျနေတာပဲ"

"ချောလွန်းလို့လား…"

"မချောပါဘူး…၊ ဒါပေမယ့် ရုပ်ဆိုးကြီးတော့ မဟုတ်ပါဘူး၊
ဘာဖြစ်ဖြစ်အေ ဘြိဂ်စံအိမ်ရဲ့အရှင်သခင်ဖြစ်လောက်အောင် မခန့်ညား
ပါဘူး၊ ရွှေပင်နားတော့ ရွှေကျေးဆိုတာ စာထဲမှာပဲ သတ်မှတ်ချက်ရှိတာ
ပါ၊ လူတစ်ယောက်ရဲ့ဘဝကို ရွှေရည်ငွေရည်လောင်းပေးရုံနဲ့ အရောင်
မပြောင်းနိုင်ပါဘူး"

"အင်း… အန်တီပြောတာနဲ့ပဲ ဘာဘာ့ ကိုတောင် မီး စိတ်ဝင်
စားလာပြီ"

"ဝင်စားစမ်းပါအေ၊ ကျုပ်လဲ ညည်း စိတ်ဝင်စားမှ အေးသာရာ
ရမှာပါ၊ ကမ္ဘာ က ညည်းနဲ့ ရင်းနှီးတယ်လေ၊ ပြီးတော့ မိန်းမငယ်လေး

www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ညည်းက နှံ့နှံ့စပ်စပ်ရှိတဲ့သူ၊ အဲဒီကောင်မလေးက စက်ချုပ်တတ်တယ် သိလား၊ ဘယ်လောက် ဆင်းရဲမွဲတေနေတဲ့ထဲက ဆွဲထုတ်ပြီး ပိုက်ဆံပေး ခိုင်းထားတာတယ် မသိဘူး၊ သေချာအောင် စုံစမ်းပေးစမ်းပါ''

ရောက်လာကတည်းက တစ်ချက်မှ မနားအောင် ပြောနေသည့် ဒေါ်ထိပ်တင် ကို မီး က ကော်ဖီလေးမော့လိုက်၊ ခေါင်းညိတ်လိုက်နှင့် အပြုံးမပျက်ကြည့်နေခဲ့၏။

''အခု ဘာဘာက မိန်းကလေးတစ်ယောက်နဲ့ ဟန်ဆောင် လက်ထပ်ထားတယ်ပေါ့''

''အဲဒီလိုပဲဖြစ်မှာက သေချာတယ်၊ ခက်နေတာက ဒီကိစ္စ တကယ်ဟုတ်နေရင် စု တို့က မထူးစိတ်ပိုက်လိုက်မှာ..''

''ဘယ်လို!..''

''သူတို့တူက မေတ္တာရှိနေတာ မှန်တယ်ဆိုရင်တော့ ခွဲမှာမဟုတ်ဘူးလို့ ငါ ထင်တယ်''

''ဒါဆို ကောင်းတာပေါ့''

''ဘာကောင်းတာလဲ မီး ရယ်..၊ ဒုက္ခပါပဲ၊ လောဘသက္ကာယနည်းလိုက်တာ၊ ကမ္ဘာ လို ကုဋေကြွယ်သူဌေးကို ငါတို့မျိုးထဲက လွှတ်မြောက်ခွင့် လုံးဝ မပေးနိုင်ဘူး၊ ဘယ့်နှယ်.. ကိုယ့်ဆွေမျိုးဒိတ်ဒိတ်ကြဲတွေထဲမှာ ကြိုက်တာ ကောက်ယူလို့ရရဲ့သားနဲ့ ဘာမဟုတ်တဲ့ဟာကို ရွှေဘုံပေါ် တင်ပေးလိုက်ရမလား''

''သြော်... သူ ရွေးချယ်တာ မှန်ရင်တော့...''

''ဒါ မဖြစ်ရဘူး မီး..၊ ကမ္ဘာ ကို ညည်းရဲ့ညီမနှစ်ယောက်တည်းက တစ်ယောက်နဲ့ လက်ထပ်ဖြစ်ဖို့ ကျုပ်က တာဝန်ယူထားရတာ''

မီး က ပြုံးလိုက်သည်။ သူမမှာလည်း အရင်းအချာတစ်ယောက်မှ မရှိခဲ့ပေ။ ညီမဆိုတာကလည်း အတူလာနေကြသည့် ဝမ်းကွဲညီမတွေပဲ





ဖြစ်၏။

တြိဂံစံအိမ်မှာ ကမ္ဘာ ဆိုသည့် ယောက်ျားလေးတစ်ယောက်တည်း ရှိကြောင်း ကြားသည်ဆိုကတည်းက ကမ္ဘာ နှင့် မတိမ်းမယိမ်းအရွယ် မိန်းကလေးမွေးထားသည့် ဆွေမျိုးစုတွေက သူနဲ့ထိုက်တန်သည်၊ ငါနဲ့ထိုက်တန်သည်ဆိုတာတွေ သမိုင်းနဲ့ချီပြီး ရှိခဲ့သည်ပဲ ပြောရမလား..။

မီး ကတော့ တြိဂံစံအိမ်နဲ့ ဆွေမျိုးရင်းချာပေမယ့် စည်းစိမ်ဥစ္စာဆိုတာလည်း မပူရ၊ ကမ္ဘာ နဲ့ မတိမ်းမယိမ်းအရွယ်လည်း မဟုတ်ခဲ့သည်မို့ ဒီလို ရှုပ်ထွေးမှုတွေထဲမှာ မပါပေ။ ထို့ပြင် ကမ္ဘာ နဲ့လည်း ရင်းနှီးတဲ့သူ ဖြစ်ခဲ့၏။

''ဒါပေမယ့်နော် ပြောလို့သာ ပြောရတာ၊ အန်တီ စေ့စပ်ကြောင်းလမ်းရေးလုပ်နေတဲ့ ဆွေမျိုးစုချင်း လက်ထပ်ဖို့ဖြစ်မြောက်ရေး အစီအစဉ်ကို အန်တီစု တို့က သဘောမကျသလိုပဲ''

ကိုယ့်စိတ်ကူးနဲ့ကိုယ် ကောက်မေးလိုက်တော့ ဒေါ်ထိပ်တင် မျက်နှာပျက်သွား၏။ သို့သော် ချက်ချင်းပြင်ဆင်လိုက်ကာ...

''သူတို့ကတော့ ကြိုက်တာရွေးရမယ့် သားရှင်ဖြစ်နေတာကိုးအေ့၊ ကမ္ဘာ ကလဲ ဘယ်ဆွေမျိုးအပေါ်မှာဖြစ်ဖြစ် ရိုင်းသလားမမေးနဲ့၊ ကိုတွေကလဲ တြိဂံစံအိမ်ကြီးနဲ့သာ မယှဉ်ဘူးဆိုရင် လူချမ်းသာတွေပါပဲ၊ ဘာဖြစ်ဖြစ် ရွှေနဲ့ရွှေသား ဂဟေထားဆိုတာလို...''

''အင်း... ကာယကံရှင်ရဲ့ဆန္ဒက အဓိကပါပဲလေ''

''သြော်... မီး ရယ်..၊ ညည်းကလဲ ကြားကျကျနေချင်တဲ့စကားတွေ ပြောနေပြန်ပြီ''

''မီး ဒီလိုပဲ နေလာတာဥစ္စာ''

''ဟုတ်ပါတယ်၊ ဒါပေမယ့် အမျိုးကိုထိတော့ မချိုအောင်ဆိုတာမျိုး၊ လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုတာလဲ ရှိတယ်လေ''

''ဘယ်သူကမှ မထိဘဲ၊ မဆိတ်ဘဲ ဘာကိုနာရမှာလဲ၊ မီး ပြောချင်



www.burmeseclassic.com

www.burmeseclassic.com



တာက ဒီကိစ္စမျိုးက လိုချင်သလောက် သဲ့ယူလို့ရတာတာလဲ မဟု
ဘူး၊ အန့်တီတို့ ကြိုးပမ်းနေကြတာ မပင်ပန်းဘူးလား"

"ပင်ပန်းချင်လဲ ပင်ပန်းပါစေတော့ကွယ်၊ ဒီလို ရှက်ကျဝင်မေ
လေးနဲ့တော့ သဘောမတူနိုင်ပါဘူး"

ဒေါ်ထိပ်တင် ပြောနေတာက အမျိုးကိုယိုလို့ မရှိအောင်မှာ
လိုလို၊ 'ဘယ်သူမှမထိနဲ့ အားလုံး ငါ့ဟာ' ဆိုပြီး ရတနာပုံကြီးမှာ
ထိုင်ပြီး ဥစ္စာခြောက်နေတဲ့လူလိုလို တစ်ခုခုနဲ့တော့ တူ၏။

ထိုစဉ်လေးအတွင်းမှာ ဖုန်းသံမြည်လာသဖြင့် မီး က ကော်ဖီ
ကိုချထားလိုက်ပြီး ဖုန်းကိုင်၏။

"ဟလို..."

"မီးမီး လားဟင်၊ အန်တီစု ပါ"

"ဟုတ်ကဲ့ အန်တီစု မီး ပါ၊ ဘာအကြောင်းထူးရှိလို့လဲဟင်"

မီး က ဖုန်းပြောရင်း ဒေါ်ထိပ်တင် ကို လှမ်းကြည့်သည်။
ထဲမှာ ဒေါ်နုလတ် အသံက နူးညံ့တည်ငြိမ်မှုများနှင့်...

"မီး ရယ်၊ သမီးရဲ့မောင်လေးအကြောင်း ပြောပြချင်တယ်ကွ
အန်တီစု မမဟင် ကိုတောင် မီး ဆီသွားပေးပါလို့ ပြောမိသေးတယ်"

"ဟုတ်ကဲ့"

"မီး က လွတ်လွတ်လပ်လပ် နေတတ်တဲ့သူဆိုတော့ အပူမ
သလို ဖြစ်မှာလဲစိုးလို့လေ"

"ရပါတယ် အန်တီစု ရဲ့...၊ အန်တီတင် ပြောပြထားလို့
သိသင့်သလောက်တော့ သိနေပါပြီ"

"ဟင်!... ဟုတ်လား..."

ဒေါ်နုလတ် က ဝမ်းသာအားရဖြစ်သွားသည့်အသံနှင့်ပါ။ ဒေါ်
တင် ဘယ်တုန်းက လာသွားလဲ၊ အခု အနားမှာရှိနေလား ဘာ
လုံးဝမမေးခဲ့ပေ။ မီး သိနေပြီမို့ ပို၍ အားတက်သရောဖြစ်သွားပုံရှိတာ





"ဟုတ်ပါတယ် မီး ရယ်...၊ လူကြီးတွေ ဘယ်လိုမှမထင်မှတ်တဲ့
နေရာတောင့်ကနေ ရုန်းထွက်သွားတာ၊ မမတင် ပြောသလို ဒါ တမင်
ခန့်တီးထားတယ်ဆိုတာလဲ သူတို့ပုံစံတွေအရ ဖြစ်နိုင်နေတယ် မီး ရဲ့
အဲဒါကို အန်တီစု သေချာ သိချင်တယ်"

"သိချင်တယ်ဆိုတာက အန်တီစု က ဘယ်လိုလဲဟင်"

မီး က ဖုန်းကိုင်ရင်း အပြင်ကိုလျှောက်ထွက်သွားသဖြင့် ဒေါ်ထိပ်
တင် ကော်ဖီသောက်ရင်း လိုက်ကြည့်နေ၏။

"မီး က သေချာသိထားချင်လို့ပါ၊ ဘာပဲဖြစ်ဖြစ် ပြန်ခွဲပစ်မှာလား၊
ဒါကို သိပြီးရင် ဘာလုပ်မှာလဲ"

"မီး ရယ်... မိဘဆိုတာကတော့ သားရွှေအိုးထမ်းလာတာ
မြင်ချင်တာပေါ့ကွယ်၊ ဒါပေမယ့် ဒီမိန်းကလေးကိုမှ စုံမက်နေပါပြီဆိုရင်
တော့ အန်တီစု တို့ ဖွတ်ခွဲပစ်ရင် ကိုယ့်ကလေးနဲ့ အရင် ရန်သူဖြစ်ရမှာ၊
သားက မုန်းတီး အထင်လွဲမှာကိုတော့ မလိုချင်ဘူး"

"ဒါဆိုရင် သူတို့ တကယ် လက်ထပ်ကြတာ ဟုတ်၊မဟုတ်
မီး က သေချာအောင် စုံစမ်းပေးရုံပဲပေါ့"

"ဟုတ်ပါတယ်..၊ ဒါ တကယ် မဟုတ်ဘူးဆိုရင်တော့ အားလုံး
ခံနာကြမယ့်ကိစ္စကို အန်တီစု တားရမှာပဲလေ၊ တကယ် မဟုတ်ပါစေ
နဲ့လို့လဲ ဆုတောင်းမိတာ အမှန်ပဲကွယ်"

"ဒါပေါ့ အန်တီစု ရယ်..၊ ဘာဘာ့ လို ကောင်လေးမျိုးနဲ့
ဆိုက်ထိုက်တန်တန်လေးပဲ ဖြစ်သင့်ပါတယ်၊ ကောင်မလေးက ဒီပိလဲ
လှဘူးဆို.."

"အင်း..၊ မလှပေမယ့် ချစ်စရာလေးပါ၊ ရိုးသားပုံလေးလဲရှိတယ်"

ဒေါ်နုလတ် တို့ ဘယ်သောအခါမှ သူတစ်ပါးကို မှီချိုးမှုမျိုး
သယ်ခဲ့ဖူးတာ မရှိပေ။ ဒါကို မီး နားလည်ပြီးသားပါ။ ဆွေမျိုးစုထဲမှာ
ခင်အားအကြီးမားဆုံး ရပ်တည်နိုင်သူမို့ မာနကြီးသည် မောက်မာ



www.burmeseclassic.com

www.burmeseclassic.com



သည့်ဟု အချင်းချင်း တီးတိုး အတင်းအဖျင်းပြောတာတွေ ရှိခဲ့ပေမယ့် ပြောဆိုဆက်ဆံဖူးတဲ့သူတိုင်း သိကြသည်။

ခုလည်း ကမ္ဘာ နှင့် ဘယ်လိုမှမနီးစပ်သင့်သော မိန်းကလေး တစ်ယောက်အပေါ်မှာ ချိုးဖဲ့ပြောသည့်စကား တစ်လုံးမှမပါ ..။

"သားက တကယ် မေတ္တာရှိနေတာမှန်ရင်တော့ သုံ့မျက်လုံးထဲမှ တို့တွေ မြင်တာထက် ပိုလှချင်လှနေမှာပေါ့၊ နာမည်လေးတော် သား ကခေါ်တာ ရှီ တဲ့၊ ကောင်မလေးက သူ့ကိုယ်သူတော့ သူ လို့ ပြောတာပဲ"

"ဟင်!... ဘယ်လို..၊ ဘယ်သူ..."

မီး အသံ ဖုန်းထဲမှာ ဘယ်လိုပုံစံဖြစ်သွားသည် မသိ..။

"ဘာဖြစ်လို့လဲ မီး..၊ နာမည်က နှစ်လုံးတည်းပါ၊ အန်တီ ထင်တာတော့ နာမည်က သူမ ဖြစ်လိမ့်မယ်၊ သားက ရှီ လို့ခေါ်တာ အဲဒါကိုတွက်ကြည့်တော့လဲ သား တကယ်ချစ်နေတဲ့ မိန်းကလေး လို့ တွေးမိပြန်ရော၊ ဘာပဲဖြစ်ဖြစ် မီး ရယ်..၊ တကယ် မဟုတ်ကြ ဆိုရင် အန်တီစ ဒီတိုင်း ကြာကြာ ဆက်မထားနိုင်ဘူး၊ အမြန် သိချင်တယ်ကွယ်၊ မီး က သားနဲ့ သူငယ်ချင်းလိုနေကြတာမို့လား မီး ကိုဆိုရင် သူ အမှန်အတိုင်း ပြောမှာပါ"

"စိတ်ချ အန်တီစ၊ မီး တာဝန်ယူမယ်"

"အေးပါကွယ်၊ ဝမ်းသာလိုက်တာ၊ အကြောင်းထူးတာနဲ့ ဖုန်း ဆက်နော် မီး"

"ဟုတ်ကဲ့ပါ"

ဖုန်းပိတ်လိုက်ပြီး မီး သက်ပြင်းရှည်ကြီးနှင့် ပြုံးနေမိခဲ့၏။ ကမ္ဘာ နားကိုရောက်နေတာ သူမ တဲ့လား..၊ မင်း သိရဲ့လား သူမ... မင်းနဲ့ တို့ ပတ္တာန်းဆက်တွေ ရှိခဲ့ကြတယ်..။





## အခန်း ( ၂၇ )

တိုက်ကလေးက ခြံကျယ်ကြီးထဲမှာ ဘန်ကလိုဆန်ဆန်လေး ရှိ နေကာ အထဲမှာလည်း ခေတ်မီသားနားသော အပြင်အဆင်များနှင့် သွားနေ၏။

ဒီမှာ မင်းသမီးတစ်ယောက်တည်း လာနေသည်တဲ့၊ ထမင်းချက် ဆတ်လျှော့ မိန်းကလေးတစ်ယောက် ရှိပေမယ့် ညအိပ်မထားဘူးလို့ ပြောသည်။

"သူက အလှအပတွေ အရမ်းဝါသနာပါတာ၊ ဒါကြောင့် ရှိုးပွဲတွေ မှာ သူပဲ ရှေ့ဆုံးကလေ၊ သူ စင်တင်ပေးတဲ့ မော်ဒယ်တွေလဲ အောင်မြင် သွားကာ များတယ်၊ တချို့ကတော့ မင်းသမီး ရဲ့စိတ်က ပေါင်းရခက် တယ်လို့ ပြောကြတာပဲ၊ ဒါပေမယ့် အဲဒီလိုလူတွေက စိတ်ရင်းကောင်း ဆတ်ပါတယ်၊ သူမ သူနဲ့ ခင်မင်သွားတာ ကံကောင်းတယ်၊ အခင်မင် မျက်စေနဲ့နော်၊ အလိုက်အထိုက် ဆက်ဆံ"တဲ့..။

စက်ချုပ်ဆိုင်ကနေတစ်ဆင့် သူမ ကို လှမ်းခေါ်တာမို့ ဆိုင်ကို ရင်ဝင်ခဲ့ရသည်။ ဖြူပြာ-ကပ် သူမ ကို လိပ်စာနဲ့တကွ ပြောပြရင်း ညှို့ တိုက်တွန်းခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး ရဲ့ ကိုယ်ပိုင်စင်တာတွေကို သူမ သိနေပေမယ့် အိမ်ထဲ တော့ သိကိုမသိခဲ့ပေ။ ထို့ကြောင့် အထဲကို ဝင်လိုက်သည်နှင့် သူမ ထိုင်တဲ့အထိ ဟိုဒီ လိုက်ငေးနေမိဆဲ…

"ဟိတ်… ငေးလှချေလား"

"မမမင်း.."

သူမ ထ,ရပ်လိုက်တော့ မင်းသမီး က ရယ်ကာ…

"ထိုင်ပါ..၊ ထိုင်နေစမ်းပါ၊ မင်း လာရင် စားသောက်ဖို့ တို့ကိုယ်တိုင် ရှမ်းထမင်းချက်နေတာ.."

"ဟင်!…"

"စားသောက်ပြီးမှ ပြန်ရမယ်၊ ဒီတစ်ခါ စကားမပြတ်ဘဲ မပြန်ရဘူး၊ ဒါပဲ"

"အယ်… မဖြစ်လို့ပါ မမမင်း ရယ်..၊ သူမ လေ…"

"ဘာဖြစ်သွားတာလဲ..၊ အိမ်မှာ ငိုမယ့်၊ ဆူမယ့်သူရှိတာ ကျွန် တာပဲ၊ အလုပ်တွေရှိတာ တို့ သိသားပဲ၊ နှစ်နာရီလောက် အချိန်ဖြုန်းလို့ ဘာမှဖြစ်မသွားနိုင်ပါဘူး"

"ဟုတ်ပါတယ်၊ ဒါပေမယ့်လေ…"

"ဒါပေမယ့် မနေနဲ့တော့၊ မင်းနဲ့ ဟိုတစ်ခါ စကားမပြတ်ဘဲ ထ,လာခဲ့ရတာ တို့က ကျေနပ်တယ်မှတ်လို့လား၊ အခု မင်းနဲ့ အေးအေး ဆေးဆေးပြောဆိုကြဖို့ တို့လဲ အချိန်ယူထားရတာပဲ၊ ဘာဖြစ်လဲ… တို့မိန်းမသားချင်း ဒီမှာ ဘယ်လောက် အေးချမ်းသလဲ၊ တို့ကတော့ အဲဒီလို တရင်းတနှီးပြောဆိုကောင်းတဲ့သူမျိုး ရှာနေတာ၊ လူတိုင်းက ပေါင်းသင့်တာမှ မဟုတ်တာ၊ သူမ ရော တို့ကို ကိုယ်ရေးကိုယ်တာ ရင်ဖွင့်စရာတွေဘာတွေ မရှိဘူးလား"

"ရှင်!…"

သူမ အံ့ဩသည့် မျက်ဝန်းလေးများနှင့် မင်းသမီး ကို ကြည့်လေ



ချိန့်ကို မင်းသမီး ဘက်က ခင်မင်ရင်းနှီးနေတာကို ခံစားမိပါသည်။ သူမ လည်း မင်းသမီး ကို ခင်သည်။

ဒါပေမယ့် အတွင်းရေး၊ အပြင်ရေးတွေ ပြောကြရလောက်အောင် တော့ မဟုတ်ဘူးထင်၏။

"သူမ က တို့ကို စိမ်းနေလို့ပါ၊ တို့ကတော့ မင်းကို ကိုယ့်ရဲ့ သူမျိုးမကောင်းတွေထဲက ညီမဝမ်းကွဲတွေထက်တောင် ပိုသလားပဲ၊ လေးနဲ့ ခင်သွားတာ၊ စိတ်ထဲမှာ အရမ်းရင်းနှီးခဲ့တာလေ၊ ဒါနဲ့ သူမ မှာ မသာယာခဲ့တဲ့ ဘဝအကြောင်းတွေ ရှိခဲ့တယ်ဆို၊ အနှိမ့်အမြင့် သွနဲ့ ကြမ်းတမ်းခဲ့တဲ့ မိသားစုအကြောင်းပဲလား..၊

အချစ်ရေးဘာညာ အသည်းကွဲတာတွေလား၊ ဘာဖြစ်ဖြစ် တို့နဲ့ ပြောမယ်ကွာ..၊ တို့လဲ ရင်ဖွင့်မယ်၊ ဘယ်လိုလဲ…"

သူမ ရင်ထဲမှာ ပူလောင်သွားသည်။ ကိုယ့်အိမ်ဖြစ်က တစ်ရုံတစ် ယောက်နဲ့ ရင်ဖွင့်တိုင်ပင်လို့ကောင်းတဲ့ အကြောင်းအရာတစ်ခုမှ မပါ..။

မင်းသမီး ကတော့ အထီးကျန်ဆန်ဆန် နေတက်ခဲ့ပေမယ့် တစ် ခါတလေ ရင်းနှီးခင်မင်တဲ့သူ တစ်ယောက်ယောက်နဲ့ စကားတွေ ပြောပြီး လွတ်လွတ်လပ်လပ် နေလိုက်ချင်တာမျိုး ဖြစ်မှာပါ..။

"ဒါဆို တို့က စ,ပြောမယ်"

မင်းသမီး က သူ့အကြောင်းကို တကယ် စ,ပြောလာခဲ့၏။ သူမ ထိုင်နေရတာ ဖင်မကျတော့ပါ။ ခြင်းရမှာလည်း ခက်နေသည်။ နေ့ကျမှ ကမ္ဘာ ကလည်း စောစောလာဖို့ မှာထား၏။

"တကယ်တော့ကွာ..၊ ချမ်းသာပြီး ခြွေရံသင်းပင်းတွေ ပေါများ ဘယ်ဆိုတာ ကိုယ့်အတွက် သာယာမှုကို မဖြစ်စေပါဘူး၊ တို့ကတော့ သွေးမျိုးနီးစပ်တွေ ရှိကြပေမယ့် ဘယ်သူနဲ့မှ မရောဘူး၊ ကြားကျူး ပြီး အားလုံးနဲ့ ကင်းအောင်နေလိုက်တယ်၊ ဒါတောင်မှ တို့ကို သည်းကွဲမှုဆိုးလိုလိုဖြစ်အောင် ပြောပြီး ကဲ့ရဲ့ကြသေးတယ်၊ အဲဒါ

www.burmeseclassic.com



ဇာစိမ်းတွေမဟုတ်ဘူး သိလား"

"မမမင်း က တကယ် အသည်းကွဲခဲ့တာပေါ့နော်"

"ဟုတ်တယ်..၊ ဒါပေမယ့် ချစ်သူကို ပိုင်ဆိုင်ခွင့်မရတိုင်း အသည်းကွဲတာမှ မဟုတ်တာ၊ သူနဲ့ တို့ မပေါင်းကြရပေမယ့် မုန်း... ကြတာ မဟုတ်ဘူး"

"ဟင်!..."

"ဟုတ်တယ်...၊ နားလည်မှုလွဲပြီး ကိုယ့်လမ်းကိုယ်လျှောက်... ဆုံးဖြတ်ချက်တွေနဲ့ ကျောခိုင်းခဲ့ကြပေမယ့် လုံးဝ ပြန်လည်တည့်မတ်... မဖြစ်နိုင်တော့တဲ့အချိန်မှာ တို့နှစ်ယောက် နားလည်မှုတွေရခဲ့ကြတယ်"

"ဒါ...ဒါဆို ပြန်ချစ်ကြပြီးမှ..."

မင်းသမီး က ခေါင်းညိတ်၍ မချိပြုံးလေးနှင့် မျက်လွှာချရှာသည်။

"တို့လဲ ချစ်သူ မရှာချင်တော့သလို ကြင်ဖော်ဆိုတာတွေကို... စိတ်မဝင်စားတော့ဘူး၊ သူလဲ အိမ်ထောင်ရေး အဆင်မပြေဘူးထင်... တယ်၊ မိန်းမကို မိဘတွေနဲ့ထားခဲ့ပြီး နိုင်ငံခြားထွက်သွားတာ ပြန်မလာ... တော့ဘူးလို့ ကြားတယ်"

"ဪ အဲဒီလိုလား..၊ စိတ်မကောင်းလိုက်တာ မမမင်း ရယ်"

"ပြီးသွားပါပြီ..၊ အခု တို့ရင်ထဲမှာ ဘာမှမရှိတော့ဘူး၊ မင်းရော... ချစ်သူရှိခဲ့ဖူးလား"

"ဟင့်အင်း"

ခေါင်းငုံ့သွားသည့် သူမ ကို မင်းသမီး က စိုက်ကြည့်နေလျက်... ခဏစောင့်သေးသည်။ သူမ ဘာမှမပြောတော့မှ...

"တကယ်တော့ တို့ သူမ ကိုခေါ်ပြီး တို့ရဲ့အကြောင်းတွေ ပြော... နေတာ မင်းနဲ့ရင်းနှီးပြီး ဒီ့ထက် ပြောရဲဆိုရဲဖြစ်လာတဲ့ အတိုင်း... အတာတစ်ခုကို လိုချင်လို့ပါ"

"ဟင်!... မမ ပြောတာ သူမ နားမလည်ဘူး"



"ပြောမယ်..၊ သူမ နဲ့ပတ်သက်တဲ့ သတင်းတစ်ခု တို့ ကြားထားတာရှိတယ်.."

သူမ ထိတ်ခနဲ ဖြစ်သွား၏။ ဒါပေမယ့် ဒီကိစ္စ အပြင်လူသိလို့ မဖြစ်နိုင်..။

"တို့က ရင်းနှီးပေမယ့် မင်းကတော့ နည်းနည်း စိမ်းနေတယ်ထင်လို့ မေးရမှာ အားနာတယ်၊ အဲဒါကြောင့် ရင်ဖွင့်စရာ မရှိဘူးလားလို့ မေးပြီး တို့အကြောင်းတွေ ပြောပြတာ..."

"ဘာတွေလဲဟင်.. အား...အားမနာပါနဲ့.."

တိုးကျသွားသည့် သူမ အသံလေးကို နားထောင်ရင်း မင်းသမီး က ပြုံး၍...

"ဒါဆို ပြောမယ်နော်..၊ မင်းနဲ့ ကောင်လေးတစ်ယောက် ငြိနေတယ်ဆိုတာ..."

"ဟင်!... အို... မဟုတ်ဘူး.."

"နေဦးလေ..၊ တို့ စကားဆုံးမှ မင်း ခေါင်းခါသင့်လား၊ ခေါင်းညိတ်သင့်လား ဆုံးဖြတ်ပါ"

သိသာစွာ လှုပ်ရှားတုန်ယင်နေသည့် သူမ မျက်ဝန်းလေးတွေ၊ နှုတ်ခမ်းလေးတွေမှာ အဖြေရှိနေပါပြီ။ သို့သော် ဒါက ကိုယ်တိုင်ဝန်ခံဖို့ လိုနေသည့်ကိစ္စမို့...

"ချမ်းသာတဲ့ကောင်လေးတစ်ယောက်ဆီက ငွေကိုယူပြီး သူ ခိုင်းတဲ့အတိုင်း မင်း လုပ်နေရတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာတော့ အပြင်လူတွေ တိတိကျကျ မသိတဲ့အတွက် ထင်ကြေးနဲ့ ပြောနေကြတာတွေ၊ မင်းအတွက် မကောင်းဘူး သူမ.."

"သူမ..."

ခေါင်းခါ ငြင်းဆန်နိုင်စွမ်းမဲ့ပါပြီ..။ မျက်ဝန်းမှာ မျက်ရည်မြစ်တို့ ပြည့်လျှံလျက် ရှော်ရှောစီးဝင်စရာ မရှိသော နူးညံ့သည့်ပါးပြင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းရာနယ်မြေတစ်ခုသာ ဖြစ်ခဲ့၏။

ဟပေါက်ပေါက် ကြွေဆင်းနေသော မျက်ရည်စက်တို့သည် ရင်ဘတ်လှလှထက်မှာ စိုစွတ်စေခဲ့ပြီး…

"တို့ကတော့ ကြားတဲ့အတိုင်း မဖြစ်နိုင်ဘူးဆိုတာ သိတယ်၊ မင်းရဲ့ရိုးသားမှုကို လုံးဝကို ယုံလို့လေ၊ ဒါ တကယ်ဖြစ်နိုင်တယ်လို့ တွက်မိတာကတော့ မင်းက အရမ်းချို့တဲ့နေလို့ပဲ၊ 'အူမတောင့်မှ သီလစောင့်တယ်' ဆိုတဲ့စကား ရှိတယ်မို့လား၊ ပြီးတော့ 'ဝိုက်ဆံမရှိရင် ကတိမတည်နိုင်ဘူး'လေ၊ မင်း တစ်ခုခုကြောင့် ငြိမ်တာဆိုရင် အဲဒါကို ပြောပြပါ၊ မင်းဘက်က တို့ ရပ်တည်ပေးချင်တယ်"

"မမမင်း ရယ်…၊ သူမ…သူမ အဲဒီလိုမိန်းကလေး မဟုတ်ပါဘူး၊ လူတွေက ဘာဖြစ်လို့ သူများအကြောင်း မကောင်းပြောချင်ကြတာလဲဟင်"

"ချီးမွမ်းထိုက်ရင် မသိသလို နေမယ်၊ ကဲ့ရဲ့ဖို့ရှိရင် ပုံကြီးချဲ့ပြောမယ်၊ ဒါ ပတ်ဝန်းကျင်ပဲကွ…၊ လူဆိုတာကလဲ တစ်ယောက်တစ်ကမ္ဘာ တည်နေလို့ရတာမှ မဟုတ်ဘဲ၊ ဘယ်မှာဖြစ်ဖြစ် ပတ်ဝန်းကျင်နဲ့ မလွတ်ကင်းနိုင်တဲ့အတွက် ထာဝရ လျှို့ဝှက်ထားနိုင်ခြင်းဆိုတာလဲ မရှိဘူး၊ မင်း အရမ်းကို နုငယ်ဖြူစင်လွန်းပါတယ် သူမရယ်…၊ မင်းရဲ့စိတ်ထဲမှာ မွန်းကျပ်နေတာတွေ၊ မင်းရဲ့အပြုအမူ အပြောအဆိုတွေမှာ ပေါ်နေတယ်၊ အဲဒါ ဘာတွေလဲ၊ တို့ကို တကယ် ရင်းနှီးယုံကြည်တယ်ဆိုရင် ပြောပြပါ"

သူမ ရဲ့ မျက်ဝန်းတွေ အခိုက်အတန့်တော့ ခြောက်သွေ့သွားခဲ့၏။ ရင်ထဲမှာ ဝိတ်လှောင်မွန်းကျပ်နေတာတွေကို ပြောပြရင်း ရင်ဖွင့်တိုင်ပင်လိုက်ရသည့် ပေါ့ပါးခြင်းကိုလည်း ကိုယ်တိုင် ခံစားဖူးသွားခဲ့သည်။

မင်းသမီး က သူ ထင်ထားခဲ့သည့်အတိုင်း ဖြစ်လာမှဲ့သည်မို့ သူမ ကို ကရုဏာသက်သည့် မျက်ဝန်းများနှင့်ကြည့်လျက်…



"မင်းရဲ့ဘေးမှာရှိနေတဲ့ ကမ္ဘာ ဆိုတဲ့ကောင်လေးဟာ ဘယ်လိုလူလဲဆိုတာ မင်း သိလား"

"ဟင့်အင်း…"

ဖြစ်ရလေ ကောင်မလေးရယ်…၊ ကိုယ် ကောက်ရထားတာ အမှိုက်ထုပ်လား၊ ရတနာထုပ်လားဆိုတာတောင် မသိခဲ့ဘူးတဲ့လား…။

သိသွားခဲ့ရင်လည်း သူမ ပုံစံက ဝမ်းသာအားရ ဖြစ်သွားမည့်ပုံ ရှိပေ။ သူခိုးဟု စွပ်စွဲခံထားရခြင်း၊ ကမ္ဘာ နှင့်ပတ်သက်နေရသည့် အနှောင်အဖွဲ့ကနေ လွတ်မြောက်လိုခြင်းမှလွဲ၍ ကမ္ဘာ ဘာဖြစ်ဖြစ် ကိုယ်နှင့်မဆိုင်ဟု သဘောထားပုံလည်း ရ၏။

ထို့ကြောင့် မင်းသမီး က လမ်းကြောင်းပေးလိုက်တာတောင် ကမ္ဘာ က ဘယ်လိုလူလဲဆိုတာ တစ်ခွန်းမှ မမေးခဲ့ဘဲ…

"မမမင်း သူမ ကို ကူညီမယ်ဆိုရင်လေ အဲဒီလက်စွပ် သူမ တကယ် မယူဘူးဆိုတဲ့ အမှန်တရားကို ဖော်ထုတ်ပေးပါနော်၊ ဂုဏ်မြင့်သူ ဆိုတာ မမမင်း တို့နဲ့ဆိုရင် အသိုင်းအဝိုင်းချင်း နီးစပ်ပါတယ်"

"အင်း… တို့ ကတိပေးတယ်၊ ဂုဏ်မြင့်သူ ကိုလဲ တို့ သိပါတယ်"

"ဟင်!… မမ… မမမင်း တကယ် သိတယ်ပေါ့"

"သိတယ်လေ…၊ ကမ္ဘာ က တို့မောင်လေးပဲဟာ…"

"ဟင်!…"

သူမ ဆတ်ခနဲ တုန်သွား၏။ မင်းသမီး က တည်ငြိမ်သည့်အပြုံးနှင့် ဆိုဖာမှာ ပခုံးစောင်းလေးနဲ့ မှီ၏။ ပြီးတော့ ခြေချင်းချိတ်လိုက်ပြီး…

"သူ့ရဲ့အုပ်ထိန်းသူတွေဆီက ဒီသတင်းတွေ ထွက်လာတာပဲ၊ ကမ္ဘာ နဲ့ပတ်သက်နေတာ မင်းဆိုတာ သိလိုက်ရလို့ ဒီကိစ္စ ကြားဝင်ဖို့ ဆုံးဖြတ်လိုက်တာ၊ သူတို့ပြောသလို မဖြစ်နိုင်ဘူးဆိုတာလဲ ယုံလို့

www.burmeseclassic.com



ပေါ့လေ၊ မင်းရဲ့အကြောင်းတစ်ခုခုဆိုတာကို တို့ သိရမှ ရှေ့ဆက်ကူညီဖို့ ဖြစ်မှာမို့လား''

''မမက ဘယ်လိုကူညီမှာလဲဟင်၊ ဟိုလေ… သူမ ကို စာချုပ်ဖြေပေးဖို့ ပြောပေးမှာလား၊ သူ့ရဲ့အန်တီက သူမ ကို ဘာတွေပြောနေတာလဲ၊ သူမ သိပါရစေ''

ခင်းသမီး က ခေါင်းခါ လက်ကာလိုက်ရင်း…

''ဆန္ဒမစောနဲ့လေ…၊ ဒါတွေကို ရုတ်တရက် ဖြေရှင်းဖို့က မလွယ်ဘူး၊ မင်းနဲ့ ကမ္ဘာ ရဲ့အဆင့်အတန်းက အရမ်းကွာနေတော့ ပြောကြတဲ့စကားတွေလဲ မလှမပတွေပဲပေါ့၊ စိတ်အေးအေးထားပါ၊ လက်ထပ်ကိစ္စလဲ အမှန်အတိုင်း ဖြစ်လာမယ်၊ ဒီအနှောင်အဖွဲ့ကလဲ မင်း လွတ်မှာပါ၊ ဒါပေမယ့် အချိန်ကာလတစ်ခုတော့ လိုတယ်၊ လွတ်မြောက်ရုံတိုင်းမှာ သာယာမှုရှိကြတာ မဟုတ်ဘူး သူမ ရဲ့…၊ မင်းရဲ့ လွတ်မြောက်မှုဟာ ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာသစ်တစ်ခုကို ရောက်ရှိခြင်းနဲ့ တူညီတဲ့ လွတ်မြောက်မှုမျိုး ဖြစ်ဖို့လိုတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဘက်မှာ အင်အားမရှိဘူး၊ ပြီးတော့ မိန်းမသား…''

''သူမ နားလည်ပါပြီ၊ မမမင်း ကိုလဲ ယုံကြည်ပါတယ်''

''ကျေးဇူးပဲ…၊ တို့က ကမ္ဘာ့ အစ်မ တော်ပေမယ့် မင်းဘက်က ယုံကြည်စွာ ရပ်တည်ပေးမယ့်သူဆိုတာ နားလည်ထားပါ၊ နောက်ထပ် တို့က ကောင်းမယ်ထင်လို့ စီစဉ်ပေးသမျှကိုလဲ အကြွင်းမဲ့ ယုံကြည်ခြင်းနဲ့ လိုက်ခဲ့ဖို့ပြောချင်တယ်''

''ဒါတွေ သူရော သိနေပြီလားဟင်၊ မမမင်း နဲ့ သူ…''

''မင်းနဲ့ ငြိနေတဲ့နောက်ပိုင်းမှာ မဆုံဖြစ်ဘူးထင်တယ်၊ သူနဲ့တွေ့ရင်တော့ တို့ မေးလိုက်တာနဲ့ သူ ပြောမှာပါ၊ အိမ်ထောင်ပြုဖို့ကို အရမ်းစိတ်ပျက်နေတဲ့အကြောင်းတွေ ဟိုအရင်က သူ ပြောနေတာပဲ၊ ဒီလို ကြံဖန်ရုန်းထွက်သွားတဲ့အထိတော့ မဖြစ်လောက်ဘူး ထင်ခဲ့တာ၊



ဘာပဲဖြစ်ဖြစ် ညီမလေးရယ်…၊ ကမ္ဘာ ကလဲ တို့မောင်လေးဆိုတော့ သူ့ဘက်က ဖြူစင်တာကိုလဲ တို့ သိတယ်၊ အိမ်ထောင်ပြုရမယ့် တကယ့်အဖြစ်ထဲက ရုန်းထွက်ခဲ့တာ■■လွဲရင် သူက လူကောင်းတစ်ယောက်ပါ၊ လက်ထပ်ကိစ္စနဲ့ ချည်နှောင်မိခဲ့ကြပေမယ့် သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေငဲ့ပြီး ပတ်သက်နေရဦးမယ့်အချိန်တွေမှာ နားလည်ပေးပါလို့ တို့ ပြောချင်တယ်''

သူမ ခေါင်းညိတ်ပြီးမှ ကြောင်တောင်တောင်လေး ပြန်ငေးမိသည်။

မိမိ အားကိုးတကြီး ပြောပြတိုင်ပင်နေမိတဲ့သူက ကမ္ဘာ ရဲ့ဆွေမျိုးအရင်းကြီး ဖြစ်နေသည်။

သူမ ဟာ သနားစရာသတ္တဝါ ဖြစ်နေပြီလား…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၉ )

"အဓိပ္ပာယ်မရှိတာ..၊ အဲဒီလို လုပ်ချင်တိုင်းလုပ်လို့ ရမလား.."

"မင်းက မရပေမယ့် သူမ ဘက်က လှည့်ကိုင်မယ်ဆိုရင် သူမ က မင်းကို အတိုက်အခံပြုရဲမှာလား၊ မင်းရဲ့ ဟန်ဆောင်လက်ထပ်ထားတဲ့ ဓနီးနေရာကို ကုပ်တွယ်နေမယ်လို့ရော မင်း ထင်သလား"

ကမ္ဘာ အသံတိတ်သွား၏။ မင်းသမီး က ရောက်လာကတည်းက တစ်ချက်လေးမှ မထိုင်ခဲ့ပေ။ အခန်းကို လှပတ်ကြည့်၍ ပြောလိုရာကို ပြောနေခြင်းသာ ဖြစ်၏။

"အန့်တီတင် အကြောင်း မင်းက ပိုသိမှာပါ၊ မင်းရဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး အိမ်မှာ ဝင်ထွက်နေတာ တို့နဲ့ တွေ့တဲ့အကြိမ်ရေထက် ပိုများပါတယ်"

"သိတယ်..၊ အဲဒီမိန်းမကြီးကိုပဲ ကျွန်တော် မုန်းတာ၊ တီလေး အဲဒီလို သံသယတွေဝင်သွားတာ သူ့ကြောင့်..၊ ဒီအစီအစဉ်တွေ ဖြစ်လာတာလဲ သူ့စနက်ပဲ.."

"ဘာဘာ ရယ်..၊ ဘယ်သူ့ကြောင့်လို့ တွေးနေမယ့်အစား မမ ပြောတာကို နားထောင်စမ်းပါ၊ ဒီအချိန်မှာ မင်းတို့နဲ့ အန့်တီစု တို့





ခဏခဏ တွေ့လို့ မဖြစ်ဘူး၊ အထူးသဖြင့် သူမ ကို သူတို့ ဟိုမေးဒီမေး တွေ ထပ်လုပ်နေရင် စကားထဲက ဓာတ်ပြပြီး မင်းတို့ကိစ္စပေါ်မှာပဲ၊ ပေါ်သွားရင် မင်း ကြိုးစားထားသမျှတွေ သွားပြီပေါ့၊ အမြန်ဆုံး အိမ်ထောင်ချထားရေးဆိုတဲ့ ဝဲဂယက်ထဲကို မင်း ပြန်ရောက်သွားမှာ၊ သူမ ကို တို့က ချစ်တယ်ဆိုပေမယ့် မင်းက ကိုယ့်မောင်လေးပါ၊ မင်း စိတ်ချမ်းသာရေးကို ဦးစားပေး စဉ်းစားထားတာ၊ သူမ လဲ မနစ်နာရအောင်၊ မင်း စိတ်ကူးတဲ့အတိုင်းလေး ချောချောမောမော ဖြစ်သွားစေချင်တာရောပေါ့"

ဟုတ်သည်..၊ သူမ ကတော့ ဒီကိစ္စပေါ်သွားလေ ကောင်းလေလို့ ကဆုန်ပေါက် အော်ချင်နေတဲ့သူ ဖြစ်သည်။ သူမ ရှိတဲ့အခိုက်မှာ တီလေးတို့နဲ့ သူမ တွေ့သွားလို့ မဖြစ်ပေ..။

"မဟုတ်ဘူးဆိုတာ သေချာရင် ရအောင်ခွဲပစ်မယ်တဲ့၊ ဟုတ်နေရင်လဲ မတတ်သာလို့ ပေးစားလိုက်ရုံရင်တောင်..."

"မသက်သာစရာတွေဖြစ်ဖို့လဲ မရှိဘူး၊ ကျွန်တော် လုပ်ထားတဲ့ ကိစ္စကို တခြားလူဝင်ဖျက်လို့လဲ မရဘူး၊ လုပ်ကြည့်ပါလား.."

"ခက်ကော့တာပဲ ဘာဘာ ရယ်..၊ မင်းကို မလုပ်ရဲပေမယ့် လုပ်ရဲတဲ့လူကို လုပ်မှာပဲလို့ မမ ပြောနေတာလေ၊ နားလည်စမ်းပါကွာ၊ မမ ပြောတဲ့ အစီအစဉ်အတိုင်း ဒီကနေပြောင်းဖို့ လုပ်၊ အဲဒီနေရာကို လောလောဆယ် ဘယ်သူမှမသိအောင်နေ၊ သူမ နဲ့ မင်းအတွက် အဆင်ပြေအောင် တို့ စီစဉ်ပြီးသားပါ"

ကမ္ဘာ က ဆိုဖာပေါ်မှာ ပစ်ချလက်ခတ် ထိုင်နေရာကနေ မင်းသမီး ကို မယုံသင်္ကာသလို မျက်လုံးလှန်ကြည့်လျက်...

"မမ ကရော တီလေးက အကူအညီတောင်းတာကို လက်ခံပြီး ကျွန်တော့်ကို အကြံတစ်မျိုးပေးနေတာ ဘာလုပ်တာလဲ၊ သူ့ဘက်က ကိုယ့်ဘက်သား လုပ်တာလား၊ နောက်ကျောက ဓားနဲ့ထိုးဖို့ကြံတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း… ဟွန်း…"

မင်းသမီး က ငေးခနဲ ကြည့်လိုက်ပြီးမှ မျက်နှာမော့၍ ဟက်ဟက်ပက်ပက် ရယ်၏။

"ဘာဘာ ရယ်..၊ မင်းသမီး ဆိုတဲ့ မင်းအစ်မကို သေချာပြန်ကြည့်စမ်းပါဦး၊ နှစ်ပါးသွားက,ခွင့်မသာခဲ့ပေမယ့် အမြဲတမ်း မင်းသမီး နော်၊ မိန်းမကြမ်း ဘယ်တော့မှ မလုပ်ဘူး၊ ဗီလိန်ဆန်တဲ့အလုပ်တွေကို အမုန်းဆုံးပဲ"

ကမ္ဘာ က မထိတထိမဲ့၍ နေရာမှ ထ,ရပ်လိုက်သည်။ မင်းသမီး ရုတ်တရက် ရောက်လာပြီး သူမ နှင့်တွေ့ပြီးပြီလို့ အစချီကာ အားလုံးသိပြီးတာတွေကို ပြောပြခဲ့သဖြင့် သူ ဝန်ခံလိုက်တာဖြစ်သည်။

"ကျွန်တော်ကလဲ သူများ ဦးဆောင်တဲ့နောက်က လိုက်ချင်တဲ့ကောင် မဟုတ်ဘူး"

လို့ ပြောလိုက်တော့ မင်းသမီး က ရယ်ကာ…

"ဒါကို ဦးဆောင်တယ်လို့ မပြောနဲ့လေ၊ လှည်းဘီး နှံ့နစ်နေရင် မင်းတစ်ယောက်တည်း ဆွဲတင်လို့ရမလား၊ တို့တွေက စေတစ်လုံးမှိုင်ရှင်တွေမှ မဟုတ်တာ.."

ကမ္ဘာ တစ်ခုပြောမလို့ လှည့်လိုက်စဉ် တံခါးပွင့်သွားသဖြင့် ဒီဘက်ပြန်လှည့်ကြည့်မိ၏။

"ဟင်!… မမမင်း…"

"သူမ…"

မင်းသမီး ရဲ့ ရယ်လက်စနှင့်မျက်နှာက တည်တည်တံ့တံ့လေး ဖြစ်သွားကာ…

"ဝင်ခဲ့လေကွာ..၊ မင်းရှိမှ ပြောလို့ရမယ့်စကားတွေ ရှိတယ်၊ လုပ်စရာတွေရှိတာ ထားလိုက်ပြီး ဒီမှာ လာထိုင်…"

သူမ မျက်လုံးတွေ ကမ္ဘာ့ ဆီ ရောက်သွား၏။ ကမ္ဘာ က မျက်





နဲ မျက်လုံးချင်းဆုံပြီး တစ်ဖက်လှည့်သွား၏။

"မမမင်း သူမ ဒီနေ့ အချိန်မရတော့ဘူး၊ ချက်ပြုတ်ပြီးတာနဲ့.."

"မင်းမှာ အချိန်တွေ ဒီလောက်တောင် ဆင်းရဲနေသလား"

ဆတ်ခနဲ လှည့်လာသည့်မျက်နှာမှုန်မှုန်နှင့် ကမ္ဘာ့ လေသံက ခေါက်ဆတ်ဆတ်…

"မင်းရဲ့ အရေးကြီးအချိန်တွေထဲမှာ ငါ့အတွက် ထည့်ထားရမယ်ဆိုတာ မင်း မသိဘူးလား"

"သိလို့ သူမ သေလုအောင် ပြေးလွှားနေရတာပေါ့၊ ရှင် ခေါ်တိုင်းရောက်အောင်လာတယ်၊ ရှင် သတ်မှတ်ထားသမျှ ဖြစ်အောင် သူမ လုပ်ပေးသွားတယ်၊ မကျေနပ်သေးဘူးလား"

"ဟာ!… မင်းကို ကျေနပ်ချင်လို့ ပြောနေတာ မဟုတ်ဘူး၊ သိအပ်လို့ ပြောနေတာ"

"ကဲ… ကဲ… အဲဒီလို မနှုးညံ့တတ်တာတွေကြောင့် လူကဲခတ်ခွယ်တာ၊ ဘာဘာ ကလဲ ကိုယ်ချစ်လို့ လက်ထပ်ထားတဲ့မိန်းမကို ဘယ်ယောကျ်ားက ဒီလိုဆက်ဆံမှာလဲ၊ ကိုယ့်လေသံကို သတိလဲထားဦး"

"ဘယ်သူမှမရှိဘဲနဲ့ အလကားနေရင်း ကြင်နာပြရမှာလွှား"

ဆံပင်ကို ဖွပစ်လိုက်ပြီး ဆတ်ခနဲ ကျောခိုင်းပစ်တော့ မင်းသမီး က ပြုံးကာ…

"နူးညံ့ဖို့ပဲ မမ ပြောတာလေ..၊ ပြောကျင့်ဆိုကျင့်ဆိုတာ မြန်းခနဲ လိုအပ်မှ ပြင်လိုက်လို့ရတာ မဟုတ်ဘူး"

ကမ္ဘာ က ဘာမှမပြောတော့ဘဲ ငြိမ်နေပြီးမှ ဒီဘက်ပြန်လှည့်ကာ…

"အဲဒါတွေ မင်း သတိထားရမှာ.."

သူမ ကို လက်ညှိုးထိုး၍ တရားခံလို စွပ်စွဲလိုက်တာမျိုး..။

"မင်း ပြောဆိုတာတွေကြောင့် ဒီလိုတွေ ဖြစ်ကုန်တာ၊ သူများရှေ့ရောက်မှ ပြုံးတီပြုံးကြောင်..၊ ငုတ်တုတ်မေ့…"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခါးထောက်လိုက်သေးသည်။

"လူရှေ့ကျမှ တရှင်..ရှင်...နဲ့ ဘာမှမဆိုင်ပါဘူးဆိုတဲ့ သရှ
အပီအပြင် ဖမ်းပြနေတာ"

"ရှင် အဲဒီလို လုပ်တတ်လား၊ သူမ ကတော့ တမင်တာ
ဘာမှမပါဘူး၊ နေတတ်သလိုနေတာ၊ ပြောတာဆိုတာ မကြို
လူစိမ်းလာတာနဲ့ သူမ ကို အခန်းထဲထည့်ပိတ်ထား"

"အဲဒီလိုလုပ်ဖို့အတွက်နဲ့ ငါက မင်းကို လူယုတ်မာအဖြစ်
ထိန်းချုပ်ထားရမလား..၊..တောက်..."

"ရှင် သူမ ကို တက်မခေါက်နဲ့နော်.."

"ကဲ... တော်ပါပြီ..၊ တော်ပါပြီကွယ်..၊ ဒုက္ခပါပဲ.."

ငိုအားထက် ရယ်အားသန်ဆိုတာလို မင်းသမီး တည်တည်
နေလို့မရဘဲ ပြုံးချင်သည့်မျက်နှာနှင့် ဖြစ်နေတော့သည်။

ရန်ဖြစ်နေကြတာက နားငြီးဖွယ်ဖြစ်မလာဘဲ ချစ်ဖို့ေ
ကောင်းနေသေးသည်။ နှစ်ယောက်စလုံးကို နားလည် ချစ်ခင်
သောစိတ်ကြောင့် သူ့ရင်ထဲက အစီအစဉ်တွေမှာလည်း ဤကဲ့သို့





## အခန်း (၃၀)

"မီး သွားရှာတယ် အန်တီစု၊ မရှိဘူး"

"ဘုရားရေ!..."

"ကြည့်ရတာ အန်တီစု တို့ သူတို့နေရာကို သိသွားပြီဆိုကတည်း
က ပြောင်းဖို့စီစဉ်ထားတာ ဖြစ်မယ်"

"ဟုတ်မယ်..ဟုတ်မယ်.. ဒုက္ခပါပဲ၊ ဒီတစ်ခါ တကယ် ပုန်းနေ
တော့မှာ၊ ဘယ်လိုလုပ် တွေ့အောင်ရှာရမလဲ၊ လုပ်ပါဦး မီး ရယ်.."

"လူကြီးတွေက ခွဲမှာစိုးလို့ ဖြစ်မှာပေါ့ အန်တီစု ရယ်..၊ အန်တီစု
ဝဲ သူက ချစ်နေတယ်ဆိုရင်တော့ မခွဲဘူးဆို.."

"အခုက ချစ်တာ,မချစ်တာ မသိရသေးဘူးလေ မီး ရယ်..၊
အဲဒီလို ဟိုမရောက်ဒီမရောက်အခြေအနေနဲ့ ကလေးနှစ်ယောက် ဒုက္ခ
တွေ့မှာ စိုးတာ..၊ တစ်ဖက်မိန်းကလေးခမျာလဲ နစ်နာတာပေါ့"

"အန်တီစု က သူတို့ကို တကယ် လက်ထပ်တာမဟုတ်ဘူးလို့
တွက်ထားတာလား"

"ဟုတ်တယ်..၊ အဲဒီလိုဖြစ်ဖို့ပဲ များတယ် မီး..၊ ဘာသာ က
ရည်းစားထားတာပဲပေမယ့် လက်ထပ်ဖို့ထိ အရေးတယူ ပြောနေတာ

www.burmeseclassic.com



တစ်ခါမှမရှိဘူး၊ ချစ်သူ တကယ်ရှိနေရင် ဒီမှာ အိမ်ထောင်ပြုဖို့ကိစ္စတွေ စိတ်ညစ်လောက်အောင်ပြောနေတာကို သူ ဖွင့်မပြောဘဲနေပါ့မလား"

"ဖွင့်မပြောရဲလောက်အောင် ကောင်မလေး အခြေအနေက မကောင်းဘူးဖြစ်နေလို့ဆိုရင်လဲ ဖြစ်နိုင်တာပဲ"

"အင်း… ဟုတ်တော့ ဟုတ်ပါတယ်"

"အန်တီစု မပူပါနဲ့၊ မီး အစွမ်းကုန် ကြိုးစား စုံစမ်းပေးပါ့မယ်"

ဖုန်းပြောနေတုန်း ဒေါ်ထိပ်တင် ဝင်လာသဖြင့် မင်းသမီး က လှည့်ကြည့်ပြီး ပြောလိုပြီးမှ ဖုန်းချကာ…

"ရောက်လာပြန်ပြီ၊ ဘာတွေ ထူးခြားလို့လဲ ပြော…"

"မထူးခြားပါဘူးအေ..၊ လူငယ်တွေများ လျှင်လိုက်တာ ချက်နေ တာပဲ၊ ဒါနဲ့ ညည်းနဲ့ ကမ္ဘာ တစ်ခါမှ မတွေ့ရသေးတာ တကယ်နော်"

မင်းသမီး က မျက်နှာကို သိသာအောင် တင်းပစ်လိုက်ကာ…

"တကယ်လားငေ့ ပြန်မေးခံရတာကို မီး အရမ်းမုန်းတာ၊ အန်တီ က ဘယ်လိုထင်လို့လဲ"

"အိုအေ..၊ အချင်းချင်းတွေမို့ ပွင့်ပွင့်လင်းလင်း မေးတာပါ ညည်းကလဲ.."

ဒေါ်ထိပ်တင် မျက်နှာက မူမမှန်ပေ။ ပြောမကောင်းတော့လို့သာ လိုးလွှဲပြောလိုက်ရတာမှန်း သိသာနေသည်။

လည်တော့ တော်တော်လည်ပါ၏။ လက်ပွေ့အိတ်ကြီးကို ချိတ် ထားသည့်လက်ကနေ ဖြုတ်ဖို့တောင် မေ့လျော့နေသည့်ပုံနှင့်…

"ငါက ကမ္ဘာ့ အတွက် ပူတာပါ၊ မဟုတ်မဟတ်တွေ လျှောက် လုပ်နေရင်း အတည်ဖြစ်သွားရင် မတန်မရာမိန်းကလေးက ကောင်းစား သွားဦးမယ်"

"ကောင်းစားတော့လဲ သူ့အုပ်ထိန်းသူတွေ ပူရမှာပါ၊ အန်တီ ချမ်းသာတာတွေထဲက ခွဲယူမှာမှ မဟုတ်ဘဲ.."





"ညည်းကလဲ အရေးထဲမှာ ကျုပ်ကို ဘုဂလန့်ပြောနေပြန်ပြီ၊ ကမ္ဘာ့ ကို လက်လွှတ်ခံလိုက်ရရင် ဘာတွေ ဆုံးရှုံးကုန်မလဲ သိလား၊ ငါက ဒါတွေကိုမြင်လို့ ဟိုကောင်မလေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖယ် ထုတ်ပစ်ဖို့ သေချာ အစီအစဉ်ဆွဲနေတာ…"

မင်းသမီး က 'အံ့လည်း အံ့သြပါရဲ့' ဆိုသည့် မျက်ဝန်းတို့နှင့် ကြည့်လျက်…

"အဲဒါတွေ စီစဉ်ဖို့ကိုလဲ အန်တီစု တို့ တွေးမိမှာပါ၊ သူတို့ရဲ့သား တို့ အန့်တို့တူမတွေနဲ့…"

"ညည်းနဲ့လဲ ညီအစ်မ တော်ပါတယ်"

"ထားလိုက်ပါ..၊ သူတို့နဲ့ သဘောတူနေရင် အစကတည်းက ပြောဆိုကြောင်းလမ်းထားတာမျိုးတွေ လုပ်ခဲ့မှာပါ"

"အဲဒါပြောတာလေ..၊ စု တို့ကိုက ရေလိုက်လွဲနေကြတာ၊ ကိုယ့် အမျိုးတွေကို စာရင်းထဲထည့်ချင်တာ မဟုတ်ဘူး၊ ဟို မွေးစားသား အုပ်စုက မိန်းကလေးတွေကျတော့ ကြောက်ရတာနဲ့ပဲ နေစပ်ထားမယ် ဆိုလဲ ခေါင်းညိတ်၊ ပေးစားရအောင်ပါဆိုလဲ မငြင်းရဲ.."

"ဘာပဲဖြစ်ဖြစ် မိန်းကလေးက မကြိုက်ရင် ကြိုးတုပ်ပေးစားလိုက် လို့ ရတယ်၊ ယောကျ်ားလေးက မကြိုက်ဘဲနဲ့တော့ ပေးစားလို့ မရဘူး နော်၊ မီး ကတော့ ဘာဘာ နဲ့တွေ့ဖြစ်ရင်တောင် အလိုက်အထိုက်ပြော ဆိုပေးရုံပဲ၊ ဝီလိန်မလုပ်ဘူး"

'အားကိုးချင်စရာပဲ' ဆိုသည့် အကြည့်တစ်ချက် ရောက်လာ၏။

မင်းသမီး မျက်နှာလွှဲနေလိုက်သည်။ ဒီထက်မက ဘာတွေကို တောင် မျက်နှာလွှဲနေဖို့ ဆုံးဖြတ်ပြီးသား..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မဟုတ်သေးပါဘူး၊ မင်းရဲ့အလုပ်က ဒီဓိုင်နာပဲ၊ အဲဒီလောက် လိုလို့လား"

သံသယမျက်ဝန်းတွေရှေ့မှာ သူမ မျက်နှာ ဘယ်ကိုပြေးဝှက်ထား ရမှန်းမသိ..။ အိမ်ထဲကထွက်လာသည့် ဆူး က မိုးသောက် နဲ့ သူမ ကို ဘာစ်လှည့်စီကြည့်၍ ခပ်မှဲ့မှဲ့ နှုတ်ခမ်းများနှင့်...

"လိုလို့ သွားရတာပေါ့ ကိုကိုရယ်..၊ ဖေဖေတို့တောင်မှ ဘာမှ မမေးဘဲနဲ့၊ အပိုတွေ..."

ပြောလည်းပြော ထွက်လည်းထွက်သွားတာမို့ သူ့စကားကို မိုးသောက် ဘာမပြတ့်ပြန်ဘဲ ဘိတ်နေလိုက်သည်။ ပြီးမှ ဆလင်းဘာက်ခံ ပခုံးမှာလွယ် လျက် လက်ဆွဲအိတ်လေးနှင့်ခြေလှမ်းပြင်နေသည့် သူမ ကိုပြန်ကြည့်၍...

"ဟိုမှာ ညအိပ်နေတာတောင် ကိုယ် စိတ်မချတာ မင်း သိသားနဲ့ သူမ..၊ အခု ဘယ်ကို လိုက်နေဦးမှာလဲ"

"မိတ်ကပ်ပညာလဲ လိုချင်လို့ပါ ကိုမိုး ရယ်..၊ သင်ပေးမယ့်လူနဲ့ အနီးကပ်နေချင်လို့လေ၊ ပြီးတော့..."

"မိတ်ကပ်ပညာ ဟုတ်လား..၊ မင်း ဘယ်နိုင်ငံကနည်းပညာ လိုချင်သလဲ၊ ကိုယ် စီစဉ်ပေးမယ်၊ အိမ်ကနေ တစ်လှမ်းမှထွက်ဖို့ မလိုဘူး"



"သားရယ်..၊ မင်းကလဲ..."

ဒေါ်စိုးယု အိမ်ထဲကထွက်လာတော့ သူမ စိတ်ညစ်သွားသည်။ သောက် က မိဘကို ဖွင့်ပြောထားသည်ဆိုတတည်းက ဒီကိစ္စတွေ ပြဖြစ်အောင် မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေတာ ကြာပါပြီ။ စိုးယု သည် ဟိုတုန်းကနှင့် ဘာမှမဆိုင်သော နူးညံ့သည့်မျက်နှာ သူမ ဆေးမှာ လာရပ်၏။

"ဒါ သူ့တက်လမ်းပဲဟာ ကြိုးစားပါစေ..၊ အများနဲ့ သက်ဆိုင်တဲ့ လုပ်ဆိုတာ အိမ်ထဲမှာပဲ အပတ်တကုတ် ကြိုးစားနေလို့ဖြစ်တာမှ တ်တာ၊ သူမ အတွက်က မျက်စိဖွင့်နားဖွင့်ဖို့ ပိုပြီး လိုအပ်ပါတယ်"

မိုးသောက် မျက်နှာကြီးက မကြည်လင်ပေ..။

"သမီး ဦးလေးကတောင် သမီး ထသွားတော့ ပြောနေသေးတယ်၊ ရှိးသားမှန်းသိလို့သာ လွတ်လပ်သလို သွားလာပါစေဆိုပြီး ကြည့် တာပဲ၊ လက်လွှတ်စပယ် ထားသလို အဖြစ်မခံနိုင်ဘူးတဲ့"

"အို...သူမ သိပါတယ် ဒေါ်ဒေါ်ရယ်..၊ ခွင့်ပြုတဲ့အတွက်လဲ ခမ်းကို ဝမ်းသာနေတာပါ"

"ယောက်ျားလေးတွေ မလာရဘူးဆိုတော့ မိတ်ကပ်ပညာသင်ဖို့ တွက်က စခန်းသွင်းလေ့ကျင့်နည်းတွေ ပါနေလို့လား"

မိုးသောက် က သူ မကျေလည်တာကိုပဲ မေးသည်။ သူမ ကြိုတင် ိုးစားထားသည့်အမေးအဖြေမျိုးတွေ မဟုတ်တော့။ ချက်ချင်း ပြန် ပြနိုင်..။

"လိပ်စာက သုံးနေရာတောင်ဆိုတော့ ကြိုချိန်းမထားဘဲနဲ့လဲ ာတွေ့ဖို့ မလွယ်ပါဘူး၊ ဖုန်းဆက်ခွင့်ရော ရှိရဲ့လား.."

"ရှိပါတယ်..၊ သူမ ကို ဖုန်းနံပါတ်ပေးခဲ့ဖို့တော့ ပြောထားပါ ယ်၊ ဒီမှာ..."

သူမ ကြိုရေးထားသည့် ဖုန်းနံပါတ်ကို ပေးလိုက်တော့ ငုံ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး မိုးသောက် မျက်မှောင်ကြုတ်သွား၏။

"ဟန်းဖုန်းနံပါတ်ကြီးပဲ..၊ ကိုယ်က မင်းနဲ့ပြောဖို့ကို သူတို့ ခွင့်ပြုပြီးမှ ပြောရမှာလား"

"မဟုတ်ပါဘူး၊ အဲဒီဖုန်းက သူမ ကို ပေးထားတာပါ"

"ဘာ!..."

မိုးသောက် အသံကြီးကြောင့် ဒေါ်စိုးယု တောင် အထိတ်တလန့် ဖြစ်၏။ သူမ မျက်ဝန်းလေးတွေ ဒေါ်စိုးယု နှင့် မိုးသောက် ကို တောင်းပန်သလိုကြည့်ကာ...

"မဟုတ်ပါဘူး ကိုမိုး ရဲ့..၊ ဟိုလေ... သူမ အတွက် အဆင်ပြေအောင် လောလောဆယ်ပေးကိုင်တာမျိုးပါ၊ ဒီဖုန်းကို သူမ က ဝယ်ရမှာ"

"ဪ... ဒီလိုလား"

ဒေါ်စိုးယု က စောစီးစွာ နားလည်ဟန်ပြ၍ သားဖြစ်သူကို စည်းရုံးသည့်မျက်ဝန်းတွေနှင့် လှည့်ကြည့်သည်။ မိုးသောက် ကတော့ သုန်မှုန်နေသည့်မျက်နှာမှာ ပျော့ပျောင်းသည့်ပုံ တစ်စွန်းတစ်စမှ မရှိပေ..။

"သူမ ကလေ ဟို... ကိုမိုး တို့ ဦးတို့က စိတ်ပူမှာစိုးလို့ပါ၊ မိတ်ကပ်ပညာရော သူမ့ မသိသေးတဲ့ ဒီဇိုင်နာအလုပ်တွေ အားလုံးကိုပါ အရမ်းတတ်ချင်လို့၊ သူတို့နဲ့ အနီးကပ်အတူနေဖို့ သူမ ကပဲ ပြောခဲ့ရတာ၊ အဲဒီထဲက ဒေါ်လီ ဆိုတဲ့အစ်မက နိုင်ငံတကာကရထားတဲ့ ဆုတံဆိပ်တွေ အများကြီးပဲ၊ မြန်မာနိုင်ငံမှာ ဒီပညာနဲ့ အခြေချဖို့ကျတော့ သူ တစ်ခါမှ အားမထုတ်ခဲ့ဖူးဘူးတဲ့၊ အဲဒါကို လောလောဆယ် လူသိမခံဘဲ သူ့ရဲ့ပညာကို ရအောင်ယူပြီး အတူ အလုပ်လုပ်ကြဖို့ အောင်စီမံနေရာက စီစဉ်ခဲ့ကာ..၊ သူမ သင်ယူခွင့်ရတာ ကံကောင်းလို့ပါ ကိုမိုး ရယ်..၊ အပြင်ခြေ့သည် မလာရဘူးဆိုတာကလဲ သူမ ကို ပြိုင်ခံရနှာစိုးလို့၊ သူမ ကိုယ်တိုင် သိုသိုသိပ်သိပ်နေဖို့ ဆုံးဖြတ်တာပါ"

"ကဲပါ.. သူမ ပြောနေတာ အားလုံးက ဖြစ်သင့်တာတွေချည်းပဲ၊ မော်ဒယ်အောင်စီတွေ သူ့ထက်ငါ အပြိုင်အဆိုင်ဖြစ်နေကြတာ ဆူးပြောနေတာတွေ တို့ ကြားနေတာပဲဟာ၊ ညည်းအစ်ကိုက စိတ်ပူလို့ပြောတာပါ၊ ကဲ..သွားစရာရှိတာသွား၊ အိမ်ကိုတော့ မကြာခဏပြန်လာပေါ့"



"ဟုတ်ကဲ့"

သူမ ခေါင်းညိတ်၍ လှည့်ထွက်လိုက်လျှင်...

"သူမ..."

"ဟင်!..."

မိုးသောက် က သူမ လက်ကောက်ဝတ်လေးတစ်ဖက်ကိုဖမ်းဆွဲထားလိုက်၏။ ဒေါ်စိုးယု သက်ပြင်းတစ်ချက်ချကာ ပြန်လှည့်ဝင်သွားတော့သည်။ 'ဖြစ်ချင်တိုင်းသာ ဖြစ်ကြတော့'ဆိုသည့်မျက်နှာနှင့် ခေါင်းပါ ခါ၏။

"ကိုမိုး..."

'ဘာလဲဟင်'လို့ မေးမလို့ပေမယ့် နောက်ဆက်တွဲစကားတွေက မထွက်..။ မိုးသောက် က သူမ လက်ကလေးကို ဆွဲခေါ်သွားကာ အပြင်ဘက် ခေါင်းရင်းထောင့်နားကျမှ ပခုံးလေးနှစ်ဖက်ကိုဆုပ်ကိုင်၍ မျက်နှာချင်းဆိုင်ကြည့်လိုက်ကာ...

"မင်း ဘာတွေ လုပ်နေတာလဲ..၊ မင်း ပြောတာတွေ အဓိပ္ပာယ် မရှိဘူး သူမ၊ အဓိပ္ပာယ်တွေ ပြည့်ဝနေလဲ မင်းကို ကိုယ် အဲဒီလောက် စိတ်မချနိုင်ဘူး"

"ကိုမိုး ကလဲ..."

"မင်း ရန်ကုန်ရောက်လာပြီး ဒီအိမ်မှာနေတဲ့အချိန်က တကယ့် ခဏလေးပါလား၊ အဲဒါ အောင်မြင်မှုတွေဆိုရင်လဲ ကိုယ် မနာလိုနိုင်တော့ဘူး၊ မင်းကို ကိုယ် လက်ထပ်ပါရစေ"

"ဟင်!..."

"မင်း မကြည်ဖြူဘဲ လူကြီးတွေအားကိုးနဲ့ ကိုယ် မကြိုးစားချင်လို့ ဒီထိ စောင့်နေခဲ့တာ၊ အခု ကိုယ် စောင့်နေခဲ့ရတာ အလကားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းမှာ အောင်မြင်ဖို့ကလွဲပြီး ကိုယ့်အတွက် ဘာမှ ပြင်ဆင်ချိန်မရှိဘူး''

''နေပါဦး..နေပါဦး ကိုမိုး ရယ်၊ လွှတ်ပါ.. ဦး မြင်သွားပါ့မယ်''

သူ့လက်ကွေကို အတင်းဖြေချရင်း သူမ တောင်းပန်မိသည်။ ပြောခဲ့သမျှတွေဟာ အမှန်တရားတွေပါပဲ။ ဒါပေမယ့် ပညာသင်ကြားဖို့အတွက် တင်းကျပ်ဖို့တွေတော့ မလိုပေ..။ ထည့်ပြောလိုက်ရတာက ကိုယ့်ပြဿနာကြောင့် ဖြစ်သည်။

''စာချုပ်ရက်မစေ့ခင် ဒါမှမဟုတ် လက်စွပ်ပြဿနာ အဖြစ်မှန် မပေါ်ခင်ပေါ့နော်၊ မင်းကို လူ သတိမထားမိလေ ကောင်းလေပဲ၊ မောင်လေးနဲ့ လက်ထပ်ထားတဲ့အဖြစ်ကတော့ ရှိခဲ့ပြီးသားပေမယ့် တို့တွေဘက်က ဒီသတင်းကို ဖွမယ့်လူ မရှိဘူး၊ လူမသိလေ ကြိုက်လေဆိုတဲ့ အနေအထားပဲ၊ မင်းကို နှိမ်ချပြောတာ မဟုတ်ဘူး၊ အမိကက မင်းအတ်က ဘယ်သူမှမသိဘဲ ဒီကိစ္စ ပြေလည်သွားရင် မင်းဟာ ကွာရှင်းထားတဲ့မိန်းမလေးလို့ ဘယ်သူ သိမှာလဲ၊ တတ်နိုင်သမျှ လူမသိနိုင်အောင် တို့ကလဲ မင်းတို့အတွက် နေရေးထိုင်ရေးကို စီစဉ်ပေးထားတာ၊ မောင်လေးလဲ အပြင်သိပ်မထွက်ရဘူး''

သူမ တို့ နှစ်ယောက်စလုံးကို မင်းသမီး က အခန်းပြောင်းကတည်းက မှာထားခဲ့သည်။ ပြီးတော့ အလုပ်ထိုင်ဖို့အချိန်ရယ်၊ သင်တန်းချိန်ရယ်ကို သူပဲ သေချာခွဲပေး၏။

''မောင်လေးက မိန်းမရသွားပြီဆိုတဲ့သတင်း အတည်ဖြစ်သွားလောက်တဲ့အထိ သူမ နဲ့ အတူရှိနေရမှာ၊ ခုလိုမျိုး တစ်နေရာမှာ ရှောင်တိမ်းနေလိုက်တာမျိုးပေါ့၊ လိုအပ်ရင် သူမ လက်ကိုခွဲပြီး အိမ်ကို သွားရရမယ်၊ အဲဒီကျမှ မင်း ပျောက်နေတာက မိန်းမယူသွားတာပါလားဆိုတာ အားလုံး လက်ခံကြမှာ...''

''သူမ ကလဲ ဖြစ်ခဲ့သမျှမှာ မှားခဲ့မှန်ခဲ့တာတွေ ရှိပေမယ့် မင်းတို့ နှစ်ယောက် အတူ စာချုပ်ချုပ် သဘောတူခဲ့တဲ့အထိ လုပ်ခဲ့ကြတာပဲ၊



ဘယ်သူမှ တိုက်တွန်းခဲ့တာ မပါဘူးလေ၊ ခုပဲဖြစ်ဖြစ်၊ စာချုပ်ရက်ပြည့်တဲ့အထိဖြစ်ဖြစ် မင်းက ကမ္ဘာ ရဲ့ဇနီးအဖြစ်ပဲ ရှိနေခဲ့တာ၊ မခံချင်ဒေါသနဲ့ တနံ့နံ့ တွေးနေမယ့်အစား ကိုယ့်အခက်အခဲကိုဖြေရှင်းကြရင်း ဖြစ်ရဘယ်လို့ပဲ မှတ်လိုက်ပါနော်၊ တို့က ကိုယ်ချင်းမစာလို့ပြောတာ မဟုတ်ဘူး၊ မင်းတို့ ဒေါသတွေနဲ့ ခဏခဏရန်ထဖြစ်နေကြတာကို စိတ်ပူလို့..''

သူမ သည် မိုးသောက် ရှေ့မှာရှိနေလျက်နှင့် နားတွေ၊ မျက်လုံးတွေက မနေ့တနေ့က အတိတ်မှာ တစ်ခေါက်ပြန်သွားနေသလို ခဏတစ်ဖြုတ် ကျောက်ရုပ်လေး ဖြစ်သွားခဲ့၏။

''ကိုယ် မစောင့်နိုင်တော့ဘူးကွာ၊ ကြာလေ နီးစပ်လေ ဖြစ်ရမယ့်အစား ပိုပိုဝေးသွားသလိုပဲ၊ တစ်အိမ်တည်း အတူနေတဲ့ ကိုယ်ကမင်းနဲ့ ဘာဖြစ်လို့ ဝေးနေရတာလဲ''

''သူမ ဒီကို ရောက်လာတာကိုက လုံခြုံတဲ့အုပ်ထိန်းမှုတစ်ခုရဲ့ အရိပ်ကို လိုချင်လို့ပါ၊ အားကိုးရှာပြီး အိမ်ထောင်ပြုဖို့ မဟုတ်ဘူး၊ ကိုမိုး ပြောနေတာတွေက သူမ ရင်ထဲမှာ တစ်ခါမှ ထည့်မစဉ်းစားခဲ့ဘူးတဲ့အကြောင်းတွေ ဖြစ်နေတယ်၊ သူမ စဉ်းစားပါရစေ၊ အတင်းအကျပ်ကြီးတော့ မလောပါနဲ့''

''ဖြုတ်!..''

မိုးသောက် ခေါင်းခါလက်ခါဖြစ်နေပုံက လူငယ်လေးတစ်ယောက်သိုဝင်။ သူမ ကတော့ သူ့ရှေ့ကနေ လွတ်မြောက်ဖို့ကိုပဲ ကြိုးစားနေသည့်မျက်နှာလေးနှင့် ခြေလှမ်းတပြင်ပြင်..။

''ဇော်ဦး သူမ...''

မိုးသောက် က ရှေ့ကနေ ပိတ်ထားလိုက်ကာ...

''ဘယ်သူ့အပေါ် ဘယ်လို စည်းသွားထားထား ကိုယ်ကတော့အခွင့်အရေးရမှ ဖြစ်မယ်၊ မင်းကိုတွေ့ချင်ရင် ကိုယ် ဖုန်းဆက်မယ်၊ မင်း ထွက်လာခဲ့ပါ''

www.burmeseclassic.com



"ခဏ ခဏတော့…"

"ကိုယ် နားလည်တယ်၊ နောက်ပြီး မင်း အဲဒီကိစ္စပြီးရင် ကိုယ်တို့ လက်ထပ်ဖို့…"

"အို!… မဖြစ်ဘူး"

သူမ ဟန်မဆောင်နိုင်စွာ ပျာပျာသလဲ ဖြစ်သွား၏။ ဒီကိစ္စပြီးရင် ဆိုတာက မိုးသောက် အတွက် သင်တန်းတာကာလလို့ သတ်မှတ်ထား ပေမယ့် သူမ အတွက်က ကမ္ဘာ နှင့် ကွာရှင်းပြီးစ တစ်ခုလပ် မိန်း ကလေးတစ်ယောက်အဖြစ်နှင့်…

"သူမ စဉ်းစားပါ့မယ်၊ လူကြီးတွေကိုလဲ ဘာမှ ထပ်မပြောပါနဲ့ဦး။ အချိန်ကာလတွေလဲ မသတ်မှတ်ပါနဲ့နော်၊ သူမ တောင်းပန်ပါတယ်…။ အဲဒီလို တင်းကျပ်မှုတစ်ခုနဲ့ သူမ မနေချင်ဘူး"

မိုးသောက် ၏ မချင့်မရဲမျက်ဝန်းတွေက ဆည်းဆာချိန်မှာပေ မယ့် တလက်လက် စူးရဲနေ၏။ အပြာရင့်ရင့်ချည်ချောပိုးကွက်စိပ်နှင့် ရှပ်အင်္ကျီလက်တိုအပြာနုပွပွကို ဝတ်ထားသည့် မိုးသောက် ပုံစံက သပ်ရပ် ရှင်းသန့်နေခဲ့သည်။

အောင်မြင်နေသည့် စာရေးဆရာဖြစ်သည့်အလျောက် ဘယ်အချိန် ကြည့်ကြည့် နူးညံ့တည်ကြည်သည့်သွင်ပြင်နှင့် ကြည့်ကောင်းတဲ့သူပါ…။

မိုးသောက် ကို စတင်ရင်းနှီးပြီဆိုကတည်းက ချောမွေ့ တည် ကြည်တဲ့ယောက်ျားတစ်ယောက်ဆိုတာ သူမ သုံးသပ်မိသည်။ အထင် ကြီး လေးစားစိတ်လည်း ဖြစ်ခဲ့သည်။

ဒါပေမယ့် သူက ဤသို့ဤပုံ ချစ်ခွင့်ပန်လာနိုင်သည်ဟု မတွေးခဲ့ ဖူးသလို မိုးသောက် နှင့်ပတ်သက်၍ သူမ ရင်ထဲမှာ စိတ်ကူးရင်ခုန်ခဲ့ဖူး တာလည်း မရှိ…။ သိရ ကြားရသမျှဟာ အံ့သြစရာမဟုတ်လော် ပေမယ့် မထင်မှတ်တာတွေပဲ ဖြစ်နေခဲ့သည်။ ခုတော့…။



## အခန်း (၃၂)

"ဒုန်း … ဒုန်း…"

စက်သံရပ်သည်နှင့် တံခါးထုသံကြီးက မိုးခြိမ်းသွားသလား ထင် ရသည်။

"လာပြီ…"

သူမ ကမန်းကတန်း ထသွားပြီး တံခါးဖွင့်လိုက်တော့ တစ်ဖက်မှာ ခါးထောက်ရပ်နေသည့် ကမ္ဘာ က သူမ ကို ကျော်၍ အခန်းထဲကို လှမ်းကြည့်ကာ…

"နာရီလေးဘာလေး ကြည့်ဦး၊ ဘယ်နှစ်နာရီ ရှိပြီလဲ"

သူမ ကလည်း နာရီကို သမင်လည်ပြန် မော့ကြည့်လိုက်ပြီး…

"ဆယ့်တစ်နာရီရှိပြီလေ"

"မင်းကို နာရီမေးနေတာ မဟုတ်ဘူး၊ ဒီစက်သံကြီးနဲ့ လုံးဝ အိပ်လို့မရဘူး၊ အဲဒါ တော်တော့…"

"တော်လို့ဖြစ်မလား…၊ နေ့ခင်းဘက်ကျတော့ သင်တန်းချိန်နဲ့ ညှိသည်နဲ့ တွေ့နဲ့ ညကျမှ အလုပ်လုပ်ရတာ…"

"ဟား!…"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသနားပဲလို့ ညည်း၍ ခေါင်းတစ်ချက်ကုတ်သည်။ စိတ်ထဲ သလောက် မပြောမိအောင် ထိန်းချုပ်နေရသည့်မျက်နှာနှင့်…

"နောက်မလုပ်နဲ့ကွာ…၊ နေ့လယ်ဘက်မှာ မော်တာနဲ့ချုပ်၊ ဒါမှ မဟုတ် ညနေ…"

"အို!… မော်တာသံကြီး သူမ နားမခံနိုင်ပါဘူး"

"ဒီအသံကျတော့ သာယာနေလား၊ ခြေရော လက်ရော မနား တာကို"

"မနားရပေမယ့် ကိုယ့်ပိုဆက်ရှင်နဲ့ကိုယ် ငယ်ငယ်ကတည်းက အသားကျနေခဲ့တာ၊ ပြီးတော့ မော်တာသံကြီးကို ပတ်ဝန်းကျင်က ခံနိုင်မှာ မဟုတ်ဘူး"

"ဒီအသံကိုလဲ ငါ မခံနိုင်ဘူး"

"ရှင်က ဟိုဘက်မှာနေတာ ဘာဆိုင်လို့လဲ၊ သူမ က ရှေ့မှာ ချုပ်တာ အဝေးကြီး"

"ဟာ!… မင်းကလဲ လက်ပေါက်ကပ်တာပဲလား"

"ရှင်က သူမ ထမင်းအိုးကို ရိုက်ခွဲဖို့ပြောနေတာလေ"

"ဒါ ထမင်းအိုးလား…၊ ဟင်းအိုးအတွက်ပါ ပေးမယ်၊ မင်းစက် တွေ အားလုံး နားလိုက်"

"ရှင်နော်…"

တံခါးတစ်ဖက်စီမှာ မျက်နှာချင်းဆိုင်ရပ်ပြီး ရန်ဖြစ်ဖို့အကြောင်း က စ,လာ၏။ ဆယ့်ခုနစ်ပေ တိုက်ခန်းရှည်ကြီးက တကယ်တော့ မျက်နှာစာတစ်ဖက်ပဲရှိတာ ဖြစ်သည်။

မင်းသမီး ၏အစီအစဉ်ဖြင့် ကျောချင်းကပ်တိုက်ခန်းကို နံရံဖွင့်ပြီး တံခါးပျောက်တပ်ထားသဖြင့် နှစ်လုံးတွဲကြီးဖြစ်သွားကာ ကမ္ဘာ အခန်း ကထွက်တော့ ဟိုဘက်လမ်း၊ သူမ ဘက်ကထွက်တော့ ဒီဘက်လမ်း…။

နှစ်ခန်းကူးချင်ရင်လည်း အလွယ်လေးပဲဖြစ်ကာ ဒီနေရာမှာ





တံခါးတပ်ထားသည်ဆိုတာ, မသိလျှင် သူတို့နှစ်ယောက် အတူနေ သည်ဆိုတာလည်း ဘယ်သူမှ သိဖို့မလွယ်…။

ကမ္ဘာ က နေရာကမရွှေ့ဘဲ သူမ အခန်းထဲကို နောက်ထပ် လည်ပင်းရှည်ကြည့်ကာ…

"ရောက်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ ခုချိန်ထိ ပစ္စည်းတွေက အထုပ်လိုက်၊ အပုံလိုက်၊ မင်း အဲဒီလောက် မအားမလပ်လုပ်နေနိုင် ပေမယ့် ဘေးလူ နားငြီးတယ်"

သူမ ကလည်း ကမ္ဘာ့ လိုပဲ ကိုယ့်အခန်းကိုယ် ပြန်လှည့်ကြည့် မိပြီး…

"ဘာတွေ ရှုပ်နေလို့လဲ…၊ အထုပ်အပိုးတွေကရော ဘယ်လောက် များနေလို့လဲ၊ မိုးလင်းတာနဲ့ ကိုယ့်အချိန်တွေထဲမှာ လည်ပတ်ပြီး ရှင့် အတွက်လဲ ပြေးလာချက်ရသေးတယ်"

ကမ္ဘာ ငြိမ်ကျသွားသည်။ လုပ်လည်း လုပ်နိုင်တဲ့ မိန်းကလေးပါ။ ပြေးပြေးလွှားလွှားနှင့် လုပ်ကိုင်သွားတာပေမယ့် ဖိတ်ဖိတ်စဉ်စဉ် ဖရို ဖရဲ ဖြစ်သွားတယ်ဆိုတာ မရှိ…။

မိန်းကလေးတစ်ယောက်ကို ပြောဆိုရင်းနှီးဖူးရုံထက် မပိုခဲ့သည် မို့ မသိတာလားတော့ မပြောတတ်ပါ။ သူမ လို မိန်းကလေး ကိုတော့ သူ အံ့သြတာ အမှန်ပင်…။

တစ်ခုကိုလိုချင် တစ်ခု ဆုံးရှုံးရသည်ဆိုတာလည်း သူမ နှင့်ကျမှ ရာဇဝင်ပျက်ပြီလားမသိ…။ လိုချင်တာကိုလည်း ရအောင်ယူသည်။ တာဝန်ဝတ္တရားဆိုတာကိုလည်း ပျက်ကွက်တယ် မရှိခဲ့…။

"ရှင် အဲဒါ ပြောချင်တာလား၊ နောက် နာရီဝက်လောက်ဆို သူမ နားတော့မယ်၊ ရပြီလား"

တံခါးပြန်ပိတ်ဖို့လုပ်တော့ ကမ္ဘာ က တံခါးဘောင်မှာ ကိုင်ထား သည့် လက်တစ်ဖက်ကို ဖြုတ်ချလိုက်ပေမယ့်…



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ငါ့သူငယ်ချင်းတွေ လာမှာမို့လို့ လေးယောက်စာ ချက်ပေး..."

"လေးယောက်စာ..."

စဉ်းစားလိုက်ပေမယ့် ချက်ပြုတ်ဖို့အတွက် တကူးတက သွားလာ အချိန်ယူရတာမျိုး မရှိတော့သည်မို့ ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ကမ္ဘာ့ အတွက် ဟင်းချက်စရာကို တစ်ပတ်စာ ဝယ်ထည့်ထား တာမို့ တစ်ပတ်မပြည့်ခင် ကုန်သွားလည်း မင်းသမီး ဆီ ဖုန်းဆက် လိုက်ရုံသာ..။ ထို့ကြောင့် ဈေးဝယ်ပေးရမည့်တာဝန်လည်း မရှိ..။

သူမ အတွက်က အလုပ်ရှုပ်နေလေ ကောင်းလေပင်..။

'အခု ငါ ဘာလုပ်ထားသလဲ' ဆိုတာကို သတိမရချင်..။ တစ်နေ ကုန် ပင်ပန်းပြီး အိပ်ရာဝင်ပြီဆိုမှ ... သို့ရက်ကို ပြက္ခဒိန်မှာ ငေးရင်း စိတ်ညစ်ညူးပေမယ့် အိပ်လို... ... ပျော်သွားတာပါပဲ..။

တစ်လမှာ ဆယ်ရက်တည်းပဲ ... လည်း အကောင်းသား..။





## အခန်း (၃၃)

အနေနီးနေတော့ သူမ က ချက်ပြုတ်ပြီးလျှင် သေချာ ဖူးခပ်ပြင် ဆင်ပေးတဲ့အထိ လုပ်ပေးသည်။ ဒီနေ့ ချက်ရတာများသဖြင့် ကျော် သက် တို့ ရောက်လာတဲ့အထိ သူမ ချက်လို့မပြီးသေး..။

"ဒီမှာ... ရှင်တို့ စားလို့ရပြီနော်"

အကြောင်းကြားလိုက်တာနှင့် ဘယ်တုန်းကတည်းက စား သောက်ဖို့ ပြင်ဆင်နေကြမှန်းမသိသော ကျော်သက် တို့က ချက်ချင်း အထဲရောက်လာသည်။

သူမ က ဘေစင်မှာ အမွှေးဆပ်ပြာနှင့် လက်ဆေးနေ၏။

"ဟား... ဟင်းတွေက တကယ့်ဂွတ်ဒ်ပဲ"

အစားမက်သည့် သက္က ပဲ ဦးဆုံးဝင်ထိုင်သည်။ ကျော်သက် က လက်ဆေးနေသည့် သူမ ကျောပြင်လေးကို လှမ်းကြည့်ပြီး ကမ္ဘာ့ ကို မျက်စပစ်ပြ၏။

"ခေါ်လိုက်လေကွာ.."

လေသံသာသာလောက်နှင့် မျက်နှာရှေ့တိုးပြောတော့ ကမ္ဘာ က ခေါင်းခါ၏။ ကျော်သက် က မနေတတ်မထိုင်တတ်ဖြစ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"သူမ ပါ ကျွန်တော်တို့နဲ့ ဝင်စားလိုက်ပါလား"

"ရှင်!..."

"ခင်မင်ရင်းနှီးနေကြပြီပဲ"

ဟုတ်လည်း မဟုတ်ဘဲနဲ့ဆိုသည့် မင်းလူ မျက်နှာကြီး မော့လာ၏။ သတ္တ က စားပွဲအောက်ကနေ ခြေထောက်နဲ့လှမ်းဖိပြီး မင်းလူကို တိတ်တိတ်နေဖို့ သတိပေးသည်။

"သူမ က ချက်ပြုတ်ပြီးထွက်သွားတော့ စားရမှာ မျက်နှာ လို့ပါ"

ကျော်သက် က ဆက်ပြောပြီး သူမ ကို ဖော်ရွေစွာ ပြုံးပြသည်။ မခင်ကြပေမယ့် သိနေကြတာ ကြာပြီပဲ..။

"ရပါတယ်..၊ စားကြပါ၊ သူမ က ချက်ပြုတ်ပေးဖို့ တာဝန် ထားတဲ့အတွက် ချက်ပေးနေတာ၊ မျက်နှာပူဖို့ မလိုပါဘူး"

ပြောပြီး သူမ က ဟိုဘက်ခန်းကို ကူးသွားသည်။ ကျော်သက် က ကမ္ဘာ ကို အပြစ်တင်ချင်သည့်အကြည့်နှင့် ခုံဆွဲထိုင်လိုက်က...

"မင်းကလဲ နှစ်ယောက်တည်းနေပြီး တစ်အိုးစီခွဲနေတယ်၊ ချက် ပြုတ်ပြီးမှ ကိုယ့်ကို လာပို့နိုင်းလဲ ရတယ်၊ သွားစားလဲ ဖြစ်တာပဲ တံခါးတစ်ချပ်ပဲ ခြားတဲ့ဟာကို.."

"ဟုတ်တော့ဟုတ်တယ်၊ သူမ တော်တော်ပင်ပန်းမှာပဲ၊ မင်း ဒီလိုခိုင်းတာလား၊ အနိုင်ကျင့်သလိုကြီးတော့ မလုပ်ပါနဲ့ကွာ"

"အေးလေ၊ သူ့ခမျာ မင်းနဲ့ လာငြိနေရတာ မြုံ့မိတဲ့ငါးကလေး လိုပဲနော်၊ သူနဲ့ မသက်ဆိုင်လောက်ဘူးလို့ မင်း အစောကြီးကတည်းက တွက်မိထားတာ၊ ဒါကို တမင် ပုံချပြီး ကိုယ်ကျိုးအတွက် အသုံးချတာ ကိုယ့်ကိုယ်ကိုယ် သိ.."

"ခွေးကောင်..၊ အဲဒီပါးစပ်ကြီးကိုပိတ်ပြီး တိတ်တိတ်နေ"

ကမ္ဘာ က ရွှန်းနဲ့ခေါက်တော့မလို စားပွဲတစ်ဖက်ကနေ လှမ်း





ရွယ်ပြီး ပွစိပွစိနှင့် ဆဲပစ်လိုက်၏။ သတ္တ ဇက်ပုသွားကာ..

"ပြောပြတာပါ၊ မင်း ကျေးဇူးတင်တတ်အောင်လို့"

"မတင်တတ်တဲ့ကောင်လို့ မှတ်လိုက်..."

ကမ္ဘာ က ရွဲ့ပြီး ပုစွန်ချဉ်သုပ်ကို လှမ်းခတ်လိုက်၏။ ထိုစဉ် ဖုန်းသံကြားလိုက်သဖြင့် ကိုယ်စီကိုယ်င ဝါးမျိုနေကြငြိုငြစ်သော မျက်နှာတွေ ထိုးထိုးထောင်ထောင် ဖြစ်သွားကြ၏။

ပြိုင်တူ လှမ်းကြည့်လိုက်မိတာက ဘေစင်ဆောင်းက အထက်စင်ပေါ် သို့။ ကျော်သက် ကပဲ ထသွားပြီး ဖုန်းကို ယူလာကာ...

"ဟန်းဖုန်းပဲကွ၊ GSM နံပါတ်၊ မင်း သိလား"

ဖုန်းကို ကမ္ဘာ ရှေ့မှာ ချပေးလိုက်၏။ မင်းလူ က တောက်ယူမည် လုပ်တော့ ကမ္ဘာ က လက်ကိုဆွဲထားလိုက်ကာ ခေါင်းခါပြသည်။

"ဟုတ်သွားပဲ..၊ သူမ အိမ်ကဆိုရင် ရှော့ ရှိတယ်"

သတ္တ က ထမင်းပြန့်စားရင်း မြည်နေသည့်ဖုန်းကို အားလုံးပဲ ဒီတိုင်းကြည့်နေလိုက်ကြ၏။ ဖုန်းက ခဏပဲနားပြီး ထို့နောက် သုံးခါ တိတိ ခေါ်ပြီးမှ လုံးဝ နားသွားသည်။

ထမင်းတစ်ဝက်နှင့် လက်စသတ်၍ ကမ္ဘာ က ထ,ရင်း ငိုက်၏။ ဘေစင်မှာ ပလုတ်သွားကျင်းပြီးမှ ဖုန်းကိုလာပြန်ယူပြီး ထွက်သွားလျှင် ကျော်သက် တို့က လိုက်ကြည့်နေကြသည်။

တံခါးတစ်ချပ်ခြားထားခြင်း၏ ဟိုဘက်ဒီဘက်မှာ လမ်းမဟုတ် ပေ။ တံခါးနှင့်ကပ်လျက်တွေမှာ အိပ်ခန်းတွေဖြစ်လျက် သူ့အိပ်ခန်းက တော့ အမြဲတမ်း စေ့ထားတာပဲဖြစ်ကာ သူမ အိပ်ခန်းက ဘယ်တော့ ဆို ပိတ်လျက်သား..။

ဟိုဘက်ကပ်လျက်မှာ မျက်နှာချင်းဆိုင် တံခါးမဟုတ်ဘဲ ကြမ် ပြွက်ထိုးခန်းဆီး၏အထဲမှာ ထမင်းစားခန်း..။ သူ ဝင်သွားပြီး ထမင်း စားခန်းကိုကြည့်လိုက်တော့ သူမ မရှိပေ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စကားပြောသံတွေ ကြားလိုက်ရကာ…

“ညီမကလဲကွာ..၊ ပညာရဲရင့် ပွဲလယ်တင့် ဆိုတာလဲ ရှိသာ ကိုယ့်အရည်အချင်းနဲ့ကိုယ် ဒီလို ဖြစ်လာတာ၊ ဘာဖြစ်လို့ ခေါင်းငု ချင်ရတာလဲ၊ မင်း ဒါကို လက်ခံရင် အခုချက်ချင်း…”

“နေပါစေ ဦးဇော်ဇော်..၊ သူမ အဲဒီလောက်ထိလည်း မ မြောက်သေးဘူး ထင်လို့ပါ၊ တစ်ဦးတစ်ယောက်နဲ့ ချိတ်ဆက်ပြီး တ နွယ်တစ်စင်ထောင်ဖို့လဲ ဆန္ဒမရှိဘူး၊ သူမ မှာ ဦးဆောင်လမ်းပြနေ ဆရာတွေ ရှိတယ်၊ ခုလို အောင်မြင်လာခဲ့တာ သူတို့ကြောင့်ပါ၊ သူတ မတိုင်ပင်ဘဲ သူမ ဘာမှမလုပ်ဘူး”

“အစကတည်းက ကိုယ့်ထူးကိုယ်ချွန်ခဲ့ရတာ မဟုတ်လား ညီမအကြောင်းကို တို့ ကြားပါတယ်၊ ညီမလို ထူးခြားတဲ့အရည်အသွေ ရှိတဲ့လူက လောင်းရိပ်တစ်ခုအောက်မှာ ရေရှည်ရှိမနေသင့်ဘူး၊ တို ညီမလေး ရုပ်ရှင်မင်းသမီးဖြစ်တဲ့အခါ သူ့အနားမှာ ရှိသင့်ဆုံးက ညီ လို့ ထင်တယ်၊ ပညာတွေ လျှို့မနေပါနဲ့ကွာ..၊ ညီမ ဘယ်လိုကြိုးစား တယ်ဆိုတာ ညီမလေးက သိလို့ အားကိုးတကြီး တို့ကို လွှတ်တာပါ”

“ဆောရီးပဲ ဦးဇော်ဇော်၊ ကိုယ်ပိုင်လှုပ်ရှားဖို့ စိတ်ကူးတွေ သူ မှာ မရှိသေးလို့ တောင်းပန်ပါတယ်၊ ဟို… ဖုန်းချိန်းထားတာရှိ သူမ ကို ခွင့်ပြုပါဦးရှင်”

“သြော်… ချိန်းသည်ကလဲ နှင်မှပဲ ပြန်ဖို့ သတိရတယ်”

“နှင်တာတော့ မဟုတ်ပါဘူး၊ သူမ အတွက် အရေးကြီးတဲ့ဖု လို့ပါ”

“ရပါတယ်ဗျာ..၊ ဒီလက်ဆောင်တွေကိုတော့ ယူထားလိုက်ပါ”

“အို!… မယူချင်ပါဘူး၊ မထားခဲ့ပါနဲ့၊ စာရင်းထဲက တွက်ထ တဲ့အတိုင်းပဲ ထားခဲ့ပါ”

“လုပ်ပါကွာ..၊ ဒါလောက်နဲ့ မင်းကို ဘာမှမထိခိုက်ပါဘူး”





“မဟုတ်ဘူး…”

“သွားပြီ”

“ဒီမှာ…”

သူမ ၏ လှမ်းခေါ်သံလေးအဆုံးမှာ ကျွတ်ခနဲ စိတ်ပျက်သံလေး ပါ၏။ ပြီးတော့ တံခါးပိတ်လိုက်ကာ ဒီဘက်ပြန်လှည့်တော့ ရှေ့ ကိုထွက်လာသည့် ကမ္ဘာ နှင့် ရင်ဆိုင်မိ၏။

“ဖုန်းချိန်းထားတာ ဘယ်သူနဲ့လဲ..”

ကမ္ဘာ လက်ထဲကဖုန်းကို မြင်လိုက်တော့ သူမ မျက်နှာ ပျက်သွား ၏၊ ဒါပေမယ့် ဘာမှမပြောဘဲ ထမင်းစားခန်းထဲ ဝင်သွားသဖြင့် ကမ္ဘာ သည်း လိုက်ဝင်သည်။

ထမင်းပေါင်းအိုးကိုဖွင့်လိုက်လျှင် ထမင်းနံ့ချည်းပဲ မဟုတ်ဘဲ မွှေးပျံ့သောအနံ့တစ်မျိုးကြောင့် ကမ္ဘာ က ထမင်းထည့်နေသည့် သူမ ဘားမှာ သွားရပ်ကြည့်၏။ ထမင်းထဲမှာ ငါးတွေလည်း မြင်သည်။ ထမင်းကလည်း အဖြူမဟုတ်ဘဲ အဝါရောင်သမ်းကာ မွှေးတော့မွှေး၏။

သူမ က ထမင်းပန်းကန်ကို စားပွဲပေါ်တင်လိုက်ပြီး အုပ်ဆောင်း ကို ဖွင့်လိုက်၏။ အုပ်ဆောင်းအောက်မှာ ဘာမှလည်း မရှိ၊ ငရုတ်သီး မ်းတွေက ရေတွေ စိုရွှဲလျက်၊ ပန်းကန်လုံးလေးထဲမှာကျတော့ ခေါက် ဆွဲပြုတ်တွေ..။

သူမ က ထမင်း တော်တော်ဆာနေပုံရကာ သူ့ကို တစ်ချက်မှ မော့မကြည့်ဘဲ ငရုတ်သီးစိမ်း ညှပ်ထားသည့်အဖတ်လေးတွေကို တပ် ထားသည့် ဇွန်းသေးသေးလေးနဲ့ယူ၍ ထမင်းပေါ်တင်သည်။

ပြီးတော့ ဇွန်းနဲ့ခပ်ပြီး ပါးစပ်ထဲ ထည့်၏။ ခေါက်ဆွဲပြုတ်ရည် ထဲက အရည်ကို ခပ်သောက်ခြင်းဖြင့် ထမင်းစားခြင်းကို လည်းပိတ် သွားသည်။

စားသောက်နေသည့် ဇွန်းသံ၊ ပန်းကန်သံ တစ်ချက်မှမထွက်..။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ထမင်းက ဘာလဲ.."

သူပဲ ဓနေနိုင်မထိုင်နိုင်မေးကာ မတ်တတ်ကနေ စားပွဲမှာ လက်ထောက်ကာ သေချာလိုက်ငုံ့ကြည့်သည်။ သူမ က မော့မကြည့်..။

"ထမင်းပေါင်းအိုးထဲကို ငါးသေတ္တာ ထည့်ထားလိုက်တာ"

"အဲဒီလို ရလား"

"ရလို့ စားနေတာပေါ့"

ပြေပြေပြစ်ပြစ်ဖြေတာ မဟုတ်ပေမယ့် ဖြေသံကို သူ စိတ်မဝင်စားပါ..။

"ရှတ်သီးစိမ်းတွေက ဘာလုပ်ထားတာလဲ"

"ရှောက်သီးညှစ်ပြီး အချဉ်လုပ်ထားတာ"

"ဩော်... အဲဒါ ရှောက်ရည်တွေလား၊ ခေါက်ဆွဲပြုတ်က သင်္ဘောသပ်စားကြတာ မဟုတ်ဘူးလား"

"သူမ ဘာသာ ဘယ်လိုစားစား ဘာဖြစ်လို့ မေးနေတာလဲ၊ တော်ကြာ သင်ထန်းစ,ရင် ဒေါ်လီ တို့ ရောက်လာတော့မှာ၊ ထမင်းဖြောင့်ဖြောင့် စားပါရစေ"

"စားပေါ့..၊ မင်း စားနေတာတွေကို ဘာတွေမှန်းမသိလို့ မေးတာ မမေးဘူးလား၊ ထမင်းနဲ့ဟင်း မချက်နိုင်လောက်အောင် မင်း ဖြစ်နေတာကရော သဘာဝလွန်နေတာ မဟုတ်ဘူးလား"

"သွန်တော့ရော ဘာဖြစ်လို့လဲ..၊ ရှင့်အတွက် ဖွယ်ဖွယ်ရာရာ သူမ လုပ်ပေးနေတာကို မကျေနပ်သေးဘူးလား"

"ကျေနပ်တယ်..၊ နောက်နေ့တွေဆို မင်းနဲ့ ငါ [illegible]အိုးတည်အတူစားမယ်၊ ဟိုမှာဖြစ်ဖြစ်.. ဒီမှာဖြစ်ဖြစ် ကြိုက်တဲ့နေရာမှာ ချက်အဆင်ပြေသလို ယူစား..."

သူမ က ထမင်း ပါးစပ်ထဲထည့်ပြီးမှ မော့ကြည့်သည်။

"မလိုပါဘူး..၊ ရှင့်အတွက် ချက်ပေးတာ ရှင် စားပေါ့၊ ရှင့်



သူမ ဘာဆိုင်လို့လဲ"

"ဆိုင်လို့လဲ ရတယ်မို့လား၊ ငါ့ကို ကောင်းအောင်ချက်ပြုတ်ပေးပြီး မင်း ဒီလိုစားနေတာ.."

"သူမ ဘာမှမဖြစ်ဘူး၊ ဒီ့ထက် ဆိုးရွားတာတွေတောင် မျိုချခဲ့ဖူးတယ်"

ဟိုစဉ် ဖုန်းက မြည်လာပြန်သည်။ ကမ္ဘာ က ကိုင်ထားဆဲမို့ ငုံ့ကြည့်လိုက်တော့ စောစောကနံပါတ်ပဲ ဖြစ်နေ၏။

"ရော..."

သူမ က နားထောင်လိုက်ပြီး...

"ဟင်!... ကိုမိုး..."

မိုးသောက် ဆက်တာမှန်းသိတော့ သူ့ကို မော့ကြည့်လိုက်မိသည်။ ကမ္ဘာ က လှုယဉ်ကျေးပီသစွာ လှည့်ထွက်မသွားခဲ့ဘဲ လက်ပိုက်ပြီး သေချာရပ်ကြည့်နေ၏။

"ဒီညနေ..."

"... ... ... ..."

"ကိုမိုး သူမ အားမှာ မဟုတ်ဘူး"

"... ... ... ..."

"မတုတ်ပါဘူး ကိုမိုး ရယ်.."

"... ... ... ..."

"ဆန်းဒေးဆိုရင် ရလားဟင်..၊ နေ့လယ် တစ်နာရီလောက်လေ"

"... ... ... ..."

"ဟုတ်ကဲ့ပါ၊ အင်း..."

သူမ ဖုန်းချလိုက်တော့ ကမ္ဘာ က စူးစူးရဲရဲကြည့်နေပြီးက်...

"အဲဒါ ဘယ်သူလဲ.."

"ဦးလေးရဲ့သား.."

www.burmeseclassic.com



"ခစ်ကိုလို့ပြောလိုက်ရင် ပြီးတာပဲ"

"မဟုတ်ဘူး၊ နောက်အိမ်ထောင်ကပါတဲ့ သား"

"ဟွန်း…၊ ထင်သားပဲ"

ဘာလိုလိုပြောပုံကြောင့် သူမ နဲ့သူ မျက်လုံးချင်းဆုံသွားသည်။ နီ့နှစ်ရောင် ဆွယ်တာလက်ရှည်နှင့် ကော်ဖီရောင်ဘောင်းဘီကို ဝတ်ထားသည့် ကမ္ဘာ က အိမ်နေရင်းလည်း မင်းသားရုပ်အောင် နေတတ်သူ ဖြစ်၏။

ကောက်သည့်ဆံပင်သည် ပခုံးထောက်အောင် ရှည်နေပေမယ့် ဖွာကားကားကြီးမဟုတ်ဘဲ တမင်တကာ ပုံသွင်းထားသလို နားသယ်စပ်တွေမှာ နောက်ပြန်ကပ်ထားတာကြောင့် မျက်နှာသွယ်သွယ်နှင့် လိုက်ဖက်နေ၏။

သူ့မျက်နှာမှာ ငြိမ်ငြိမ်မနေတတ်တာ နှုတ်ခမ်းတွေပဲ ဖြစ်သည်။ ပြုံးနေဘာရှိလျှင်တောင် နှာခေါင်းတစ်ဖက်ပါအောင် မဲ့၍ ပြုံးတတ်တာ မျိုး…။

တစ်ခါတလေ အောက်မေးဖျားလှုပ်၍ မထိတထိ မဲ့ကြည့်တာတွေ ရှိသေးသည်။ သူဌေးသားဟု ကင်ပွန်းတပ်ထားခဲ့သော ထိုလူဟာ လူတိုင်းကို အထင့်မြင်သေးတတ်သည့် မျက်လုံးတွေနဲ့ပဲ ကြည့်သည်ဟု သူမ က မြင်၏။

ထို့ကြောင့် သူ့ပုံစံ၊ သူ့ဝတ်စားပုံတွေက တစ်ခါတစ်ခါ ငေးသွားမိလောက်အောင် ကြည့်ကောင်းနေတတ်ပေမယ့် သူမ မမြင်သလိုပဲ နေသည်။ ခေါင်းထဲမရောက်အောင် ထားလိုက်၏။ ကိုယ်က သူခိုင်းတာခံနေရသည့် အလုပ်သမား…။

"ရှိ… မင်းကို တစ်ခုတော့ ပြောထားမယ်နော်"

ကမ္ဘာ က စ,ပြောလိုက်တော့ မြန်မြန်ဆန်ဆန် စားသောက်ပစ်လိုက်၍ ပြီးသွားပြီမို့ သူမ ပန်းကန်ကိုင်ပြီး ဘေးစင်ကို ထ,သွား၏။



အားလုံးကို ဆေးကြောနေတုန်း သူက အနားရောက်လာပြီး…

"မင်းနဲ့ ငါ ပတ်သက်နေရမယ့်ကာလမှာ မင်း ဘယ်ကောင်နဲ့မှ ရှိုးမသား ငြိလို့ မရဘူး"

သူ့ကို မကြည့်ပေမယ့် စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားမိသည်။

"ရှင်ကရော သိန်းပေါင်းများစွာတန်တယ်ဆိုတဲ့ လက်စွပ်ကို သူမ ယူဘူးဆိုတာ ရှင် အခု သိနေပါပြီ၊ အဲဒါကို ပြန်ရဖို့ မကြိုးစားတော့ ဘူးလား"

"ပစ္စည်းပြန်ရအောင် ကြိုးစားတယ်ဆိုတာ ဘယ်သူ့လက်ထဲမှာ ရှိတယ်၊ ဘယ်လို ယူထားတယ်ဆိုတာ သေချာသိပြီး လက်ဆုပ်လက် ကိုင်ပြနိုင်မှ ဖြစ်မှာ…၊ အဲဒါတွေနောက် ခြေရာကောက်ဖို့အတွက် ငါ စိတ်မဝင်စားဘူး"

"ဒါပေါ့…၊ ရှင် သူမ ကို ခိုင်းချင်နေတာကိုး…"

"ဟွန်း… လက်စွပ်ကိစ္စ ပေါ်သွားလဲ မင်းကို ငါ ကွာပေးချင်မှ ဖြစ်တာ ရှိ…၊ ဒေါသဖြစ်စရာတွေ တွေးမနေစမ်းပါနဲ့…"

"ရှင်… ဘာပြောတယ်…"

ကွာရှင်းရဖို့အချိန်ကို လက်ချိုးရေတွက်နေရသည့်ရင်ထဲမှာ သူ့ စကားကြောင့် ပူလောင်သွား၏။

"မင်းကို ပေးလိုက်တဲ့အတွက် ဒီဇယားတွေ ရှုပ်လာတာပေမယ့် မင်း လက်စွပ်ခိုးသွားတယ်လို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့ဘူး"

"ဟင်!…"

"ဒါပေမယ့် လက်စွပ်ကြောင့် ငါ ဒုက္ခရောက်သွားတာက အမှန် ပဲလေ၊ ဒီလက်စွပ်ကို လက်ခံလိုက်တာနဲ့ စေ့စပ်လက်ထပ်ဖို့အတွက် ကမ်းလှမ်းခြင်း၊ လက်ခံခြင်းတွေ ဖြစ်မြောက်ပြီလို့ လူကြီးချင်း လက် ခံလိုက် စီစဉ်ကြတာ၊ အဲဒီထဲမှာ မရိုးသားစွာ ကြံစည်တာ ဘယ်သူဖြစ် မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်လိုလုပ် သိမှာလဲ၊ ရှင့် သူမ ကို တမင်တကာ..."

"အဲလိုတော့ မဟုတ်ဘူး၊ ဒါပေမယ့် လက်စွပ်ပျောက်သွားကော ပေါ်သွားရင် အဲဒီလက်စွပ်ကို ကျွန်တော်ချစ်တဲ့သူကိုပဲ ပေးပြီး လက်ထပ်ခွင့်တောင်းတာပါလို့ ငါ့ဘက်က ပြောချင်တယ်၊ အဲဒါမှ ငါ့ခုက္ခတွေ အားလုံး အေးမှာ..."

သူမ က လက်ဆေးထားပြီးမှ ရေသုတ်ဖို့ သတိမရဘဲ သူ့ကို စိန်းစိန်းကြီး ကြည့်နေခဲ့၏။

"ဘာပဲဖြစ်ဖြစ် မင်းရေပ်၊ ငါရယ်၊ ဂုဏ်မြင့်သူ ရယ် ကြားမှာ ရှုပ်ထွေးမှုဖြစ်သွားခဲ့တာပဲ၊ ဖူးလို့မရတာတွေကို မင်းမှာလဲ တာဝန်ရှိတယ်လေ"

သူမ နှုတ်ခမ်းလေးကို နာကျင်လာအောင် ဖိကိုက်ထားမိရင်း—

"အဲဒီညက သူမ ရှင့်နားထိ ဆင်းမလာခဲ့ရင် ဒီလိုတွေ စိတ်ညစ်ရမှာ မဟုတ်ဘူး"

ဟု နောင်တရသံနှင့် ဆိုသည်။ ကမ္ဘာ က သူမ မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီး တဖြည်းဖြည်း ပြုံးယောင်သမ်းလာသည့် နှုတ်ခမ်းများနှင့်...

"အဲဒီအတွက် အဲဒီအချိန်လေးမှာ မင်းကို ငါ့ ကျေးဇူး အရမ်းတင်ခဲ့တယ်"

"တော်ပါတော့...၊ စိတ်ချ... ရှင့်ပြဿနာ ပြီးဆုံးအောင် သူမ က ပေးဆပ်ရတော့မှာပဲ၊ အဲဒါတွေ ဘာမှမလိုပါဘူး"

သူမ သူ့ရှေ့ကနေ ချာခနဲ လှည့်ထွက်ခဲ့သည်။

ညကျတော့ ကမ္ဘာ ပြောထားတာကိုလည်း သတိရကာ အလုပ် စောစောသိမ်း၍ အိပ်ရာဝင်ဖို့ ကြိုးစားပေမယ့်...

မပြောဘဲနဲ့ သိစေချင်... မမေးဘဲနဲ့ မပြောချင်ဘူး... မြင်နေတာကြာရင်... မင်း သိလာလိမ့်မယ်... တစ်နေ့နေ့... တို့... မင်းနဲ့ငါရဲ့ တစ်နေ့နေ့...



သီချင်းသံတွေ ထွက်လာကတည်းက ကျယ်ကျယ်လောင်လောင်တွေ မဟုတ်ဘူးဘဲ သဘောထားပြီး အိပ်နေလိုက်တာ ဘယ်ဂနိုမှ မပျော်နိုင်...။

သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေကြသည့်ဒဏ်ကို နားသော်တဆင်၍ သူမ ဆင်းရဲဒုက္ခကြီးစွာ ဖြစ်နေခဲ့၏။ ဒီလူတွေ တစ်နေကုန် ဒီမှာနေပြီး ဘာတွေလုပ်နေကြတာလဲ...။

သူမ တို့အခန်းက ညဘက်ဆို ဘေးနှစ်ဖက်က ရှိုးရှမ်းတွေမှာလည်း လူ မရှိ၊ မျက်နှာချင်းဆိုင်ကလည်း လမ်းကျယ်တွေမို့ ဆူညံသံအတွက် ပြဿနာ သိပ်မရှိပေ...။

ဒါကြောင့် ကိုယ် ညဘက်အလုပ်လုပ်တော့ သူက နားငြီးတယ်ဆိုပြီး လာပိတ်ပင်သည်။ သူ့ကျတော့ ဒီအချိန်ထိ...။

ကမ္ဘာ ကတော့ သူမ စက်ချုပ်နေသည်ပဲထင်ပြီး ကျော်သက်တို့ မပြန်သေးတာနှင့် ထုံးစံအတိုင်း ဂစ်တာတီးနေတာ ဖြစ်သည်။

သူတို့ တွေ့ဆုံပြီဆို စားသောက်တာတွေ၊ လမ်းထွက်တာတွေဖြစ်ရင်ဖြစ်၊ အခန်းအောင်းပြီဆိုရင်တော့ သီချင်းဆိုကြတာပဲ ဖြစ်၏။

ကျော်သက် တို့ ပြန်သွားကြတော့ ဆယ့်တစ်နာရီခွဲနေပြီ။ ဘာရယ်မဟုတ်ဘဲ တံခါးနားထိ လျှောက်သွားမိပြီး နားစွင့်ကြည့်မိလျှင် စကားပြောသံလိုလို အသံတစ်မျိုး ကြားလိုက်သဖြင့်...

"ဒေါက်... ဒေါက်..."

"... ... ..."

"ရှိ..."

ခဏကြာတော့ တံခါးပွင့်သွားကာ...

"ဘာလဲ..."

မီးရောင်ကို ကျောပေးထားပေမယ့် ဒီဘက်မှာလည်း မီးရောင်ရှိတာမို့ သူမ မျက်နှာလေးကို မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဘယ်သူနဲ့မှ ပြောနေတာ မဟုတ်ဘူး"

ဆောင့်အောင့်ပြောတာပေမယ့် သူမ အသံလေးက တုန်ခါနေသဖြင့် ကမ္ဘာ့ မျက်လုံးတွေ ပို၍ ရှုံးစိုက်သွားပြီး…

"မင်း ငိုနေတာလား"

သူမ ဘာမှမဖြေဘဲ တံခါးပြန်ပိတ်ဖို့ ပြင်လိုက်တော့ သူက လက်နဲ့တွန်းထားလိုက်ကာ…

"ဘာဖြစ်လို့လဲ..၊ ပြော…"

"ရှင်တို့လေးယောက် ပျော်ပွဲရွှင်ပွဲ ဖြစ်နေတာလေ၊ ပျော်ကြပါ၊ ဒီမှာတော့…"

"မင်း ဘာဖြစ်လို့လဲ၊ တံခါးတွေပိတ်ထားတာကို ကြားရလို့လား"

"ဩော်…၊ ရှင့်ကျတော့ ဒီလိုပြောတယ်၊ သူမ စက်ချုပ်တုန်းကတော့…"

"မတူဘူးလေ..၊ မင်းရဲ့စက်သံက ကြမ်းပြင်ကနေ Vibration နဲ့ လာတာ"

အိပ်ချင်ပြီး အိပ်မရသဖြင့် ဖန်စပ်နေသည့်မျက်လုံးတွေကို ထပ်ပွတ်လိုက်တော့ မျက်ရည်ကြောင့် စိုစိုစွတ်စွတ် ဖြစ်သွား၏။

"ရှင်က ကလဲ့စားချေတာပေါ့၊ ရပါတယ်..၊ လုပ်ပါ…"

သူမ တံခါးကို ဖွတ်ပိတ်သည်။ ကမ္ဘာ က သူ့ကိုယ်နဲ့ ခံထားလိုက်ပြီး…

"မဟုတ်ဘူးနော်..၊ မင်း ထင်တာတွေ ဖွတ်မပြောနဲ့၊ မင်း စက်ချုပ်နေတာပဲဆိုပြီး အမှတ်တမဲ့ဆိုနေခဲ့ကြတာ၊ အဲဒါကြောင့်ဆိုရင် ဆောရီးပဲ"

"ရှင် ဖယ်ပေးပါ"

"မကျေနပ်ဘူးလား"



"ကျေနပ်နပ် မနပ်နပ်"

သူမ က ကျစ်ဆံမြီးနှစ်ဖက်ကို ဖြေနေရင်း တစောင်းလှည့်ရပ်ပစ်သည်။ ပြီးတော့ မျက်လုံးကိုပွတ်လိုက်၊ ဆံပင်ကိုင်လိုက်..။

ကမ္ဘာ က သူမ ကို စိုက်ကြည့်၍…

"တောင်းပန်ပါတယ်၊ နောက် မဖြစ်စေရဘူး"

လို့ တည်ကြည်သည့်လေသံနှင့် ထပ်ပြော၏။ သူမ ဘာမှမပြောတော့ဘဲ ပြန်လှည့်ကြည့်ကာ…

"ရှင် သွားတော့"

"မင်းက ဘာဖြစ်လို့ ကျေနပ်တယ်လို့ မပြောတာလဲ"

စိတ်မရှည်စွာကြည့်မိရင်း မျက်လုံးချင်းဆုံတော့ နူးညံ့နေသည့် ကမ္ဘာ့ မျက်ဝန်းတွေကြောင့် သူမ မျက်နှာလွှဲပစ်မိ၏။

"ရပါတယ်..၊ သူမ အရမ်း အိပ်ချင်လာလို့ စိတ်တိုသွားတာပါ"

"အိုခေ..၊ ဂွတ်ဒ် နိုက်"

သူ ဖယ်ပေးလိုက်မှ တံခါးပိတ်ရသည်။ ဆက်လက် ငိုချင်နေတဲ့ စိတ်တွေ ဘယ်ရောက်ကုန်မှန်း မသိ..။ ထူးဆန်းသည့် အကြည့်တစ်ချက်က သူမ ရင်ထဲမှာ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ညတိုင်းတော့ မဟုတ်ပေမယ့် တစ်ခါတလေ စိတ်အိုက်ရင် သူမ ည ကိုးနာရီ၊ ဆယ်နာရီကျမှလည်း ရေချိုးတက်သည့်အကျင့် ရှိသည်။ အလုပ်သိမ်းပြီးတာနှင့် ရေချိုးနေတုန်း တစ်ခုကို သတိရကာ ခေါင်းလျှော်ပစ်လိုက်မိသည်။

ဒီနေ့မှ မလျှော်ပစ်လျှင် နောက်နေ့ကစပြီး သုံးရက်ထိ လျှော်ဖြစ်မှာ မဟုတ်တော့ပေ။ ကိုယ့်အကြောင်းကို မေ့နေခဲ့သဖြင့် ရေချိုးရင်း သတိရကာ မဖြစ်မနေ လျှော်လိုက်ရခြင်းဖြစ်၏။

ကံဆိုးချင်တော့ ခေါင်းလျှော်နေတုန်း ရေဖွင့်ချလိုက်တာ ရေက အားနည်းစွာကျလာပေမယ့် တခဏ ပြတ်ကျသွား၏။

ပျော်ဆင်းလာသည့် ခေါင်းလျှော်ရည်တွေ မျက်စိထဲ ဝင်ကုန်ကာ…

"အား… စပ်လိုက်တာ၊ ရေ ဘာဖြစ်တာလဲ"

လက်ကိုင် ဘုကိုစမ်းပြီး လှည့်တော့လည်း ဘယ်လိုလှည့်လှည့် လက်ကလည်း ချော်နေတာ ရေက ကျကိုမကျတော့တာ ဖြစ်သည်။





ရေကန်နားကို စမ်းသွားပြီး ရေခပ်ဖို့ ကြိုးစားတော့လည်း ဘယ်လိုကုန်းကုန်း ရေကို မမီ။ ညဘက် ရေစောင့်ပြီး တင်ဖို့၊ ဖြည့်ထားဖို့အလုပ်ကို သူမ မကြာခဏ ပျက်ကွက်ခဲ့၏။

တစ်ခါတလေ ရေက ဆယ့်တစ်နာရီလောက်မှလာတော့ အဲဒီအချိန်မှာ လူက အိပ်ချင်နေပြီမို့ မတင်ဖြစ်တော့ပေ…။

ဒါပေမယ့် သူမ က ရေသိပ်မသုံးသည်မို့ ခါတိုင်းတော့ ပြဿနာ မရှိခဲ့ဘဲ…

"ဒုက္ခပါပဲ"

သူမ မျက်လုံးဖွင့်ဖို့ ကြိုးစားလေ… စပ်လေ…။

"အား… စပ်တယ်၊ ကမ္ဘာ… ကမ္ဘာ… လုပ်ပါဦး၊ ခဏ လာပါဦး"

သူမ ရေချိုးခန်းတံခါးကိုဖွင့်ကာ လှမ်းခေါ်မိတော့သည်။ ကမ္ဘာ ချက်ချင်း ရောက်လာ၏။

"ဘာလဲ…၊ ဘာဖြစ်တာလဲ"

"ရေ… ရေမကျတော့ဘူး၊ စပ်တယ်၊ လုပ်ပါဦး၊ ကြည့်ပေးပါ"

သူမ ရက်ဖို့လည်း သတိမရတော့ဘဲ…

"မိုက် ဘာဖြစ်တာလဲ…၊ လုပ်ပါ…"

"ငါ-ဘယ်လိုလုပ် သိမှာလဲ…၊ ကန်ထဲမှာ ရေ မရှိဘူးလား"

"မရှိဘူး…၊ မနေ့က ရေမဖြည့်ထားမိလို့"

"ငါ့အခန်းထဲ လိုက်ချိုး"

"ဟင်!…"

သူမ မဖြေရသေးခင် ကမ္ဘာ က သူမ လက်ကို ဆွဲသွား၏။

"အို!… အဲဒီလို မဖြစ်ဘူးလေ၊ စောင်…စောင်…တဘက် ယူပေးပါ"

"လုပ်မနေနဲ့၊ ခင်ဗျားကို ဘယ်သူမှ မမြင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖို့သတိရတော့ သူမ ကိုယ်ပေါ်ကို ရေတွေ တဖြောဖြော ကျလာကြပြီဖြစ်၏။

ဒါတောင် ခေါင်းလျှော်ရည်တွေဝင်ပြီး စပ်နေသည့်မျက်လုံး တော်တော်နှင့်မဖွင့်နိုင်··။

ကြည့်လိုက်တော့ ကမ္ဘာ အနားမှာ မရှိပါ။ ဒီထဲထိ ဆွဲခေါ်လာ သူပဲ ရေဖွင့်ပေးခဲ့တာဖြစ်မည်။ ရှက်လိုက်တာ··။

သူမ ထဘီရင်လျားနှင့် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိကာ—

"ဒုက္ခပဲ··၊ သူ ငါ့ကို ဒီတိုင်းကြီး မြင်သွားပြီပေါ့"

သူမ ဟိုဒီလိုက်ကြည့်ပြီး တဘက်တွေ ဘာတွေလည်း မမြင် သောကြောင့် ရေချိုးခန်းထဲမှာ လက်လေးပိုက်ရင်း အကြာကြီး ရပ်နေ မိ၏။

"ဒုန်း··"

တံခါးထုသံတစ်ချက် ပေါ်လာကာ···

"ပြီးနေပြီမို့လား··၊ ဘာလုပ်နေတာလဲ"

ဟင်!··· သူမ တုန်ခနဲ ဖြစ်သွား၏။ ကိုယ့်အပြစ်နဲ့ကိုယ် ပါ ပြီးမှ မျက်နှာမကြည့်ရဲ ဖြစ်နေ၏။

"ရှိ···"

"ပြီးပြီ··၊ ဟို··· ဒီမှာ တဘက်မရှိဘဲနဲ့ ဘယ်လိုလုပ်မလဲ"

"မင်း တဘက်ခြုံပြီး ဝင်တာမှမဟုတ်ဘဲ၊ ဒီတိုင်းပဲ ထွက်ခဲ့ပေါ့"

"ဟင့်အင်း··၊ သူမ ရေချိုးခန်းထဲမှာ တဘက်သွားယူပေး···"

"ဒီမှာ ရှိတယ်၊ ထွက်ခဲ့···"

သူမ တံခါးဖွင့်လိုက်ပြီး လက်လှမ်းလိုက်တော့ သူမ လက်ထဲ တဘက်တစ်ထည် ရောက်လာ၏။

ဆွဲယူကြည့်လိုက်ပြီး ကိုယ့်ဟာ မဟုတ်မှန်းသိပေမယ့် မတတ် နိုင်··။ တဘက်ကို ပခုံးမှာ လုံအောင်ဆွဲခြုံလိုက်ပြီး ထွက်လိုက်တော့—





"ညဘက်ကြီးကျမှ ခေါင်းလျှော်ရေချိုးနဲ့ မင်း ကိုယ့်ကိုယ်ကိုယ် ဘာမှတ်နေလဲ"

တံခါးနှင့် ခပ်လှမ်းလှမ်းမှာ ပြောချင်လွန်းလို့ စောင့်နေပုံရသည့် ကမ္ဘာ က သူမ ကို ခြေဆုံးခေါင်းဆုံးကြည့်၏။

ဆူနေတာမို့ ငြိမ်နေလိုက်ရပေမယ့် ရေစိုရွှဲကပ်နေသည့်ကိုယ်ကို ကြည့်တော့ သူမ ရှက်ရှက်နှင့်ခွန်းတုံ့မပြန်ဘဲ လှည့်ထွက်လာခဲ့မိသည်။

ကိုယ့်ဘက်ကို ပြန်ရောက်သည်နှင့် တံခါး ကမန်းကတန်း ပိတ် လိုက်ပြီး သက်ပြင်းချမိသည်။

တော်သေးသည်··၊ သူ့ဒွေးတွေလို ရေကန်ဆင်းစိမ်တဲ့ ချိုးနည်း တွေနဲ့ ချိုးမိလျှင် သွားပြီ··။

ရေချိုးခန်းထဲကို တဘက်လေးတစ်ထည်နဲ့ ဝင်၊ တဘက်စောင် နဲ့ ပြန်ပတ်ထွက်၊ သူမ သာ အဲဒီလိုအကျင့်နှင့် ရေချိုးခန်းဝင်မိလျှင်··။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၅ )

တစ်ခါမှတော့ မိုးသောက် နဲ့ ဒီလို နှစ်ယောက်တည်း
လာဖူးပါ။ ဒါပေမယ့် မနားတမ်း လှုပ်ရှားစဉ်းစားနေရတဲ့အလုပ်
ခဏတဖြုတ် မေ့ထားခွင့်ရတာကို သူမ စိတ်ထဲမှာ လွတ်လပ် ကြည်
နေမိသည်။ သို့သော်...

ကန်ရေပြင်လေးကိုငေး၍ စားသောက်နေတုန်း မျက်နှာရှေ့
မှာ အုပ်စုလိုက်ဝင်လာကြသည့် လေးယောက်ကို မြင်လိုက်သ
သူမ ကိုင်ထားသည့်ဇွန်းတောင် ပြုတ်ကျလေသည်။

"ပေး... ကိုယ် ထည့်ပေးမယ်"

မိုးသောက် က ချစ်စနိုးပြုံးလျက် သူမ ကြက်ပေါင်းခေါက်
ထဲကို ချဉ်စပ်လေး နည်းနည်းထည့်ပေးသည်။ အဲဒါလည်း သူမ
မရိုက်မိ...။

မျက်မှောင်ကြုတ်နှင့် ရှုတင်းတင်း စိုက်ကြည့်နေသည့်
မျက်လုံးဆီ ခဏခဏ အကြည့်ရောက်နေမိသည်။ ပြီးတော့ သူ
လူတွေ...



ကျော်သက် တို့ကို မြင်နေရတော့ ရှက်သည့်စိတ်တွေနှင့် ရင်ထဲ
သောင်ဘင်ခတ်နေသည်။ ကမ္ဘာ က သူမ နဲ့ လက်ထပ်ထားတဲ့
...။

ကိုယ့်ကိုယ်ကိုယ် ကွယ်ရာမှာ ဖောက်ပြန်နေမိတဲ့ မလုံလဲခြင်းကို
ားနေမိ၏။

"ဒီနေ့ မင်း အရမ်းလှတာပဲ သူမ၊ အဖြူရောင်လေးအဝတ်ိုင်း
က်နှာလေးက ဖြူအု သန့်စင်နေတာပဲ"

"အဟွန်း"

သူမ မချိုသွားဖြလေး ရယ်မိသည်။ ဒီနေ့ကျမှ ဒီလိုဝတ်လာမိလေ
င်းဆိုသည့် နောင်တက ကိုယ့်ခေါင်းကို ထုပစ်ချင်မိ၏။

"ဒီကပြီးရင် လပြည့်ဝန်းကို ခဏတော့ ဝင်မယ်နော်"

"ဟင်!..."

"မင်းအတွက် ကိုယ် လက်ဆောင်တစ်ခု ဝယ်ပေးချင်လို့"

"အဲဒီလောက် အချိန်မရတော့ဘူး ကိုမိုး ရဲ့၊ သူမ ခုတောင်..."

"ခဏလေးပါကွာ၊ ဝယ်ပြီး ပြန်ထွက်ရုံပဲ၊ ပြီးရင် ကိုယ်ပြန်
..."

"အဲဒါလဲ မဖြစ်ဘူး ကိုမိုး၊ သူမ ဘာသာ ပြန်ပါ့မယ်၊ ဟိုလေ...
းထိလိုက်ပို့လို့ တစ်ယောက်ယောက်မြင်သွားရင် မကောင်းလို့ပါ"

မိုးသောက် မျက်နှာပျက်သွားတာကို သိပေမယ့် တစ်ချက်မှ
ကြည့်မလွဲဘဲ စူးစိုက်ကြည့်နေသည့် ကမ္ဘာ့ မျက်လုံးတွေကို မျက်လုံး
း မဆုံဘဲနဲ့ သိနေသည်။

"သံပရာတစ်ခွက်"

"ချဉ်ချဉ်လေး"

ကျော်သက် က သံပရာရည် မှာသည်။ ကမ္ဘာ က ိသက်ကို
က်ကြည့်ရင်း ချဉ်ချဉ်လေးလို့ အော်၏။ ခိုးချောင်ခိုးဝှက် မျက်လုံးချင်း

www.burmeseclassic.com



ဆုံသွားတော့ ကမ္ဘာ က မှဲ့ရွှဲပြုံး၏။

သူမ ရင်ထဲမှာ ဒိန်းခနဲ မြည်သွား၏။ ခုနေများ ကမ္ဘာ ဒီဘက်[illegible] လာပြီး မဟုတ်တရုတ်တွေ ပြောဆိုပစ်ရင် သူမ အတွက်က…

“ဘယ်လိုလဲ ကမ္ဘာ…၊ ဝင်းဝင်းစက်စက်ကလေး ဖြစ်နေတာ[illegible] ငေးပြီး ရင်ထဲမှာ ကျွမ်း ဆယ်ပတ်လောက် ထိုးနေပြီလား”

“သွားစမ်းပါ”

“သွားစမ်းပါဆိုတဲ့ မျက်နှာကြီးကလဲ…”

ကျော်သက် နဲ့ မင်းလူ က တစ်လှည့်စီ ကလိနေကြ၏။ [illegible] သည် အဖြူရောင်ပျော့အိအိပြောင်နေသည့်အသားပေါ်မှာ လည်[illegible] ရင်ဘတ်နဲ့ လက်ဝတွေမှာ အပြာရောင်အနားကွပ်လေးတွေ လုပ်[illegible] သည့်ဝတ်စုံနှင့်…။

စကကထဘီ၏ပုံစံက ဒူးနားအောက်မှာ ပျော့တွဲကာ ခြေ[illegible] လေးပေါ်ထိ မအုပ်တအုပ် ပုံကျနေ၏။ ထို့ပြင် ရင်ဘတ်နှင့် [illegible] အောက်နားတို့မှာ အပြာရောင်ပန်းပွင့်လေးတွေ တစ်နေရာစီ ခပ်ကျဲ[illegible] ထိုးထားသည်။

ကိုယ်တိုင် ပုံစံအမျိုးမျိုး ချုပ်ဝတ်နိုင်သည့် သူမ ကိုယ်[illegible] ရယ်ဒီမိတ်တွေဝတ်ပြီး ဖက်ရှည်ဖြစ်နေသည့် မိန်းကလေးတွေထ[illegible] သာသည်။

ခါတိုင်းလို ကျစ်ဆံမြီးနှစ်ဖက် ချထားတာလည်း မဟုတ်[illegible] ဆံပင်နှစ်ဖက်ခွဲကို နားအထက်နားထိ တစ်ဖက်စီ သိမ်းတင်ထား[illegible] ကြောင့် နားသယ်စပ်နှင့် ကုတ်သားစပ်နုနုလေးတွေမှာ ဖြူနုစိမ်[illegible] နေ၏။

သူမ ဆိုသော မိန်းကလေးသည် တစ်နေ့တခြား တိုးတက် [illegible] မြင်လာတာနဲ့အမျှ သူမ ၏ ဖြူစင်ဝင်းနှစ်နေသည့်အလှက နှ[illegible] ဆင်းနေသလို ကြည့်နေရင်း ငေးချင်လာအောင် ပြောင်းလဲနေခဲ့သ[illegible]



ကမ္ဘာ စကားတစ်ခွန်းမှမပြောဘဲ မျက်လုံးမခွာတာကို တစ်[illegible]ဘက်နဲ့တစ်ယောက် မျက်စပစ်ပြရင်း သက္က က ဟိုဘက်ကို လှမ်း[illegible]ည့်သည်။ ပြီးတော့…

“သူ့ဘဲ ဖြစ်မယ်ကွ၊ ဒီလူ့ကို ငါ မြင်ဖူးတယ်၊ ဘယ်မှာမှန်း…၊ [illegible]ယ်သူမှန်း မသိဘူး”

ကမ္ဘာ ကတော့ သိနေသည်။ ဟိုနေ့က ဖုန်းပြောနေသည့် ကိုမိုး[illegible]တာ…။

“ကမ္ဘာ သူမ ကို မင်း အထင်သေးနေတာလား၊ ကိုယ့်ကိုယ်ကိုယ် [illegible]နေတာလား၊ တွေဝေနေရင်တော့ ကြာရင် မလွယ်ဘူးနော်”

“အေးကွ…၊ သူမ တော်တော် လှလာတယ်နော်၊ ငါတို့ မကြာ[illegible]ဘာ မြင်ဖူးနေတာတောင် ဒီလိုပုံစံထွက်လာတော့ မျက်လုံးပြူးသွား[illegible]ယ်”

“ဘာပဲဖြစ်ဖြစ် မင်း ပိုင်ပြီးသားနော် ကမ္ဘာ၊ မပြောမရှိနဲ့…”

သူတို့လည်း ဟိုကိုလှမ်းကြည့်မိတိုင်း သူမ ကို တစ်သျှူးလေး [illegible]မ်းပေး၊ အအေးထည့်ပေးနှင့် တယုတယတွေ အိုဗာဖြစ်နေတာကို [illegible]မရဲ့ ဒေါသတွေ ပွထကုန်ကြ၏။

ထိုစဉ် ပိုက်ဆံရှင်းပြီး ထ,ရပ်လိုက်ကြတော့ သူမ က ဆလင်း [illegible]တ်ကြိုးလေးကို ပခုံးမှာချိတ်ရင်း ကမ္ဘာ့ ကို လှမ်းကြည့်၏။

ကမ္ဘာ က မျက်နှာငံ့ပစ်လိုက်ပြီး တစ်စက်မှ မသောက်ရသေး[illegible]သည့် သံပရာရည်ကို ခပ်လှမ်းလှမ်းရောက်အောင် ပက်ပစ်လိုက်၏။

သူမ ငေးခနဲ ဖြစ်သွားကာ ပြီးတော့မှ မိုးသောက် နောက်ကို [illegible]ကာ မသာမယာနှင့် ပါသွားခဲ့၏။ ကမ္ဘာ့ အပြုအမူကို ကျော်သက် [illegible]ပါ အံ့အားသင့်ကုန်ကြသည်။

“ဒီလောက် တင်းနေရင်လဲ တစ်ခုခု ချလိုက်လုပ်ကွာ”

သက္က ကိုယ့်လူထိတော့ မခံချင်။ ကျော်သက် က ဆော်ငေါ့၍…

www.burmeseclassic.com

www.burmeseclassic.com



""အဲဒီလိုလုပ်လို့ မဖြစ်ဘူးလေ၊ သူတို့က ဘာမှဆိုင်တာ မဟုတ်ဘူး၊ သူမ မှာလဲ အခွင့်အရေးရှိတာပဲ""

""မဆိုင်ဘူးလို့တော့ မပြောစမ်းပါနဲ့၊ ကမ္ဘာ မှာ လုပ်ပိုင်ခွင့်အများကြီးရှိတယ်""

သဏ္ဍာ က ခွတ်ပြောနေ၏။ ကမ္ဘာ မျက်နှာ တင်းနေလျက် ထွက်သွားသည့်ကားကို စူးစူးရဲရဲကြည့်နေတာ မြင်ကွင်းထဲက ပျောက်ကွယ်သွားတဲ့အထိ..။

သူမ မျက်နှာလေးကို စိုးရိမ်မကင်း ကြည့်နေရင်း မိုးသောက် မှာလည်း မေးရခက်၊ မမေးဘဲလည်း မနေနိုင်တော့ဘဲဖြစ်တော့..

""နေမကောင်းလို့လား သူမ၊ မျက်နှာလဲ မကောင်းဘူး""

""ဟင်!... ဟို... ကောင်းပါတယ်""

သူမ ပြုံးဖို့ကြိုးစားပေမယ့် မပီပြင်၊ မျက်လုံးထဲမှာ ကမ္ဘာ့ မျက်နှာ တင်းမာနီမြန်းနေတာကိုပဲ မြင်နေသည်။ ဒီလို သွားလာမိတော့ သူမ မှာ အဲဒီလောက် အပြစ်ကြီးသွားသလား..။

ဒီလိုအခွင့်အရေးမျိုး သူမ မှာ မရှိတော့ဘူးလား။ သင့်တော်ခြင်း မသင့်တော်ခြင်းကို စဉ်းစားရင်း မိုးသောက် ကို အားနာဖို့ပင် မေ့လျော့ကာ တွေးမိလိုက်၊ ငေးမိလိုက်..။

လပြည့်ဝန်းပလာဇာကို မရောက်ဖူးပေမယ့် ရောက်နေလို့ရောက်နေမှန်းလည်း မသိ၊ သိတော့လည်း ကြည့်ဖို့ငေးဖို့ကို သတိမရပေ..

""သူမ...""

""ရှင်...""

""ဖိနပ်လေးတွေ မလှဘူးလား""

""လှပါတယ်""

""တစ်ရန်လောက် ရွေးပါလား၊ ကိုယ် ဝယ်ပေးချင်လို့""

""ဟင်!...""



လှတယ်လို့ ပြောမိပေမယ့် သူမ တစ်ချက်ပဲ ငေ့ခနဲကြည့်မိတာဖြစ်သည်။ ဖိနပ်တစ်ရန်ပြတ်မှ တစ်ရန်ဝယ်စီးတတ်သည့်အကျင့်ကကိုယ့်ခြေထောက်ထဲမှာ ဖိနပ်ရှိနေသမျှ နောက်ထပ် ဖိနပ်အသစ်တွေကိုစိတ်ဝင်တစား ဘယ်တုန်းကမှ မဖြစ်ခဲ့..။

""နေပါစေ ကိုမိုး ရယ်..၊ သူမ ဖိနပ်ဝယ်ထားတာ သိပ်မကြာသေးဘူး""

""ကြာကြာ၊မကြာကြာကွာ..၊ မင်းကို ကိုယ် တစ်ခုခု ပေးချင်နေတာ ဘာပေးရမှန်းကို မသိဘူး၊ လက်စွပ်လေးတစ်ကွင်း ပေးချင်ပေမယ့်ဟိုလိုဒီလိုအဓိပ္ပာယ်တွေ ဖြစ်ကုန်မှာစိုးပြီး မင်း လက်ခံမှမဟုတ်ဘူးဆိုတာကို သိနေတယ်""

""လက်စွပ်တွေဘာတွေ ကိုမိုး ရယ်..၊ မဟုတ်တာ...""

""သိတယ်လေ..၊ ဒါပေမယ့် မင်းရဲ့မွေးနေ့ကျရင်တော့ ကိုယ်ပေးချင်တာ ပေးမှာနော်၊ ခုတော့ ဖိနပ်လေးတစ်ရန်ပဲ လက်ခံပေး...""

""မလိုအပ်လို့ပါ ကိုမိုး ရယ်နော်၊ ပြီးတော့ သူမ အလုပ်ရှိသေးတယ်၊ ပြန်ချင်ပြီ""

""ပြန်ချင်ရင် မြန်သွားအောင် စကားမများနဲ့တော့၊ လာ...""

မိုးသောက် က သူမ လက်ကိုဆွဲ၍ ဖိနပ်ဆိုင်ရှေ့မှာပဲ ရပ်လိုက်သည်။ လက်ကို ပြန်ရုန်းပေမယ့် ဖိဆုပ်ထားမြဲနှင့် စင်ပေါ်က ကြိုးသေးလေးတွေနှင့် ကျောက်တွေလက်နေသည့် ခုံမြင့်ဖိနပ်လေးကို ယူလိုက်၏။

""မင်းစီးတဲ့ ခုံမြင့်လောက်ပဲ၊ ဒါလေး စီးကြည့်...""

""အို!... ကိုမိုး""

မိုးသောက် က သူမ ရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်ကာ ဖိနပ်ကို ချပေး၏။ သူမ ဘယ်လိုမှ နေမရတော့ဘဲ စီးထားသည့်ဖိနပ်ကို ချွတ်ကာ စီးကြည့်လိုက်ရတော့သည်။ ပြီးတော့ ထိုင်ချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



''အတော်ပဲ..၊ ဒီခိုင်းကြိုက်ရဲ့လား၊ မင်း စီးနေတာ ဒီပုံစံလေးတွေ ပဲမို့လို...''

''ကြိုက်ပါတယ်၊ ဘယ်လောက်တောင်လဲဟင်''

''မင်း မတ်တတ်ရပ်လိုက်ပါ၊ ကိုယ် ကြည့်ချင်လို့''

''ကိုမိုး လဲ ထလေ၊ သူမ ခြေထောက်နားမှာ..''

''ဘာဖြစ်ဖြစ်ကွာ..၊ ကိုယ့်သဘောနဲ့ကိုယ် ဘယ်သူ့ကြောက်ရ မှာလဲ''

မထဘဲနေလည်း ရမှာမဟုတ်တော့ သူမ မတ်တတ် ပြန်ရပ်လိုက်ကာ ဘဘီစလေးကို ဖိနပ်ပေါ်ရုံလေး မ,လိုက်ရ၏။

''အရမ်းလှတယ်၊ မင်းခြေထောက်လေးက ဖြူဖြူပြည့်ပြည့်လေး ဆိုတော့ အဖြူလေးနဲ့ အတော်ပဲ''

သူမ ဖိနပ်ကိုပြန်ချွတ်၍ အဟောင်းကိုပဲ စီးလိုက်ကာ ဖိနပ်ကို ပြန်ငုံ့ကောက်လျှင် မိုးသောက် ကလည်း ငုံ့လိုက်သဖြင့် နှစ်ယောက် ဆုံသွား၏။

''ဖယ်ပါ ကိုမိုး ရဲ့..၊ ဖိနပ်က စီးကြည့်ပြီးပြီ၊ မကိုင်ပါနဲ့''

''ဈေးနှုန်းကြည့်မလို့ပါ၊ မင်း ကြည့်ရင် နည်းတာများတာတွေ ပြောပြီး ဂျီကျဦးမှာ၊ ဖယ်...''

ဒါပေမယ့် ဖိနပ်က ဘယ်လက်ထဲမှ မပါသေးမီ...

''ဖျန်း''

''ဟာ!...''

''ဟယ်!...''

ဖိနပ်များမှာ ကော်ဖီဘူးတစ်ဘူး ပြုတ်ကျလာသဖြင့် ဖျန်းခနဲ စင်ထွက်ကုန်သော ကော်ဖီတွေက ဖိနပ်နှင့် မိုးသောက် လက်ကိုပါ စွန်းထင်း ပေကျံကုန်လေသည်။

ပြီးတော့ သူမ ရဲ့အဖြူရောင်ထဘီနားစမှာ မြင်လို့မကောင်း..





''ဆောရီး... ဆောရီး၊ တကယ် လွတ်ကျသွားလို့ပါ''

မိုးသောက် နီရဲနေသည့်မျက်နှာနှင့် ဆတ်ခနဲ မတ်လိုက်လျှင် ကော့်သက် နဲ့ မင်းလူ က မိုးသောက် ရဲ့တစ်ဖက်တစ်ချက်မှာ နေရာ ယူ၍ ပျာပျာသလဲ တောင်းပန်လိုက်ကြသည်။

''မင်းတို့ တမင်လုပ်လိုက်တာလို့ ကိုယ်ကပြောရင် မဟုတ်ဘူးလို့ ပြောမှာမို့လား''

ဒါ ကော်ဖီဘူး ဘယ်သူ့လက်ထဲက လွတ်ထွက်လာသလဲဆို သည့် တရားခံရှာသည့်အကြည့်နှင့် တစ်ယောက်စီကို စူးစိုက်ကြည့်မိ စဉ် သူ့ထက်မလျှော့သော တင်းမာခြင်းဖြင့် ပြန်ကြည့်နေသော မျက်နှာ တစ်ခု..။

သူ မေးလိုက်တော့ ထိုမျက်နှာကပဲ ခပ်ရင့်ရင့် မဲ့လိုက်လျက်...

''တမင်လုပ်ဖို့အတွက် မင်းနဲ့ ငါတို့ ငြိထားတာရှိခဲ့လား''

မိုးသောက် မျက်မှောင်ကြုတ်သွား၏။ ထိုမျက်နှာကပဲ မျက် စောင်းထိုးလိုက်သလို မချိုမချဉ်မဲ့ပြုံးနှင့် မျက်တောင်ဖျားတွေကို မွေး စင်းကြည့်ကာ...

''စဉ်းစားလိုက်လေ..၊ ရှိခဲ့တယ်ဆိုရင် မင်း မေးတာ ဟုတ်တယ် လို့ ခုပဲ ငါ ဖြေမယ်''

''အို!... တော်ပါတော့''

ကမ္ဘာ လို့ ခေါ်မိတော့မလို့ ပါးစပ်ဖျားမှ တည်းတည်းလေး..၊ ကိုမိုး လို့လည်း မခေါ်ဖြစ်လိုက်ဘဲ သူမ မိုးသောက် ကို ကိုယ့်ဘက်ပါ အောင် ဆွဲလိုက်မိသည်။

ဒီတော့မှ ကမ္ဘာ့ မျက်လုံးတွေ သူမ မျက်နှာဆီ ရောက်၏။ ဆောလူတွေလည်း ဝိုင်းကြည့်နေကြပြီဖြစ်သည်။ ထို့ပြင် သန့်ရှင်းရေး အလုပ်သမားတွေ ပြေးလွှားရောက်လာကြကာ ဖိနပ်ဆိုင်ရှင် အမျိုး သမီးက ထွက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖိနပ်အတွက် ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော် ရှင်းပေးမယ်"

ကမ္ဘာ က ပြောလိုက်တာနှင့် ကျော်သက် က ဖိနပ်ကို ကောက်ယူ ကာ ဆိုင်ရှင်လက်ထဲ ပြန်ထည့်၍ ပိုက်ဆံ တစ်ခါတည်း ထုတ်၏

"ဆောရီးပါ၊ မတော်တဆဖြစ်ကြတာကို ဒီမှာပဲ ကျေနပ်လိုက်ပါ နော်၊ တောင်းပန်ပါတယ်"

မင်းလူ က ထပ်တောင်းပန်ပြီး ကမ္ဘာ ကို ဆွဲခေါ်သွား၏။

ဒီလောက်ထိ ပိုင်စိုးပိုင်နင်း လုပ်လွန်းသည့်အဖြစ်ကိုတော့ သူမ ဖြေသိမ့်မရခဲ့ပေ။ မိုးသောက် ရှေ့မှာပဲ မျက်ရည်တွေ ဝေ့တက်လာခဲ့ သည်။

ဘဝမှာ တစ်စုံတစ်ခုသော လောင်းရိပ်အောက်မှာ ရှင်သန်ရခြင်း မဖြစ်ပါရစေနဲ့...။



## အခန်း (၃၆)

"ဒီည ၉ါ ဆယ့်တစ်၊ ဆယ့်နှစ်လောက်ကျမှ ပြန်ရောက်မှာ၊ မင်း နေရဲလား"

သူမ ထမင်းချက်နေသည့်နားကို သူ ရောက်လာတော့ မနေ့က အဖြစ်အတွက် မပြောတော့ဘူးလို့ မျိုသိပ်ထားခဲ့သည့်ရင်ထဲမှာ ဖြောင်း ဆန်လာသည်။

"မင်း မနေရဲရင်..."

"ဒီမှာ..."

သူမ မီးဖိုကို မီးပိတ်ပစ်လိုက်ပြီး သူ့ဘက်လှည့်လိုက်သည်။

"မနေ့က ဖိနပ်ဆိုင်ကကိစ္စ ရှင် တမင် လုပ်တာမို့လား"

သူကလည်း တမင် မေ့ပျောက်ထားပုံရှိကာ သူမ မေးလိုက်တာ နှင့် မျက်နှာက ချက်ချင်း တစ်မျိုးဖြစ်သွား၏။

"တမင်လုပ်လိုက်တာမှန်း သူတောင် သိတယ်၊ မင်း မသိ ဘူးလား"

"အဲဒါ ဘာဖြစ်လို့လဲ...၊ သူမ က ရှင်နဲ့ လူမသိသူမသိ လက်ထပ် ထားခဲ့တာနဲ့၊ ဘယ်လမ်းမှ သွားခွင့်မရှိတော့ဘူးလား၊ ဘယ်သူနဲ့မှ မတွေ့ရဘူးလား"

www.burmeseclassic.com



"ဟုတ်တယ်..၊ မရှိဘူး၊ မင်းနဲ့ ငါ့အတွက် အချိန်ကာလ သတ်မှတ်ထားတယ်၊ အဲဒီအချိန်အတွင်းမှာ မင်း ဘာမှလုပ်ခွင့်မရှိဘူး"

အနိုင်နဲ့ပိုင်းပြီး သူက လှည့်ထွက်သွား၏။ သူမ နှုတ်ခမ်းလေး ကိုက်ရင်း ကျန်ခဲ့လေသည်။ ဆက်ပြောနေလည်း ကမ္ဘာ ဆိုတဲ့လူကို သူမ နိုင်မှာ မဟုတ်ပါ..။

ထိုစဉ် ဖုန်းသံကြောင့် သူမ စိတ်တွေ ဖုန်းပြောခြင်းတွေ ရောက်သွား၏။

"ဟလို.."

"... ... ... ..."

"ဟုတ်ကဲ့ မမမင်း.."

"... ... ... ..."

"ရှင်!... ဟုတ်ကဲ့၊ ဟုတ်ကဲ့ သူမ ရပါတယ်"

ဖုန်းသံကြောင့် လှည့်ကြည့်လိုက်သည့် ကမ္ဘာ့ မျက်နှာက မမမင်း ဆိုသည့်အသံကြားမှ ပြန်လှည့်သွားသည်။ ဘယ်လောက် မုန်းစရာ ကောင်းလိုက်သလဲ..။





## အခန်း (၃၇)

စာကြည့်ခန်းထဲက စကားသံတွေကြောင့် ဒေါ်စိုးယု ခြေလှမ်းတုံ့ သွားမိသည်။

ရိုင်းတယ်ပြောပြော၊ လူမှုရေးမရှိဘူးဆိုဆို ကိုယ့်အကြောင်း ပြောနေသံကြားတော့လည်း ခြေလှမ်းက ရှေ့မဆက်နိုင်တော့ပေ..။

"ကိုကိုကလား၊ အန်တီယု ကလား ဖေဖေ"

"သားအမိနှစ်ယောက်စလုံးပဲ..၊ မောင်မိုး သူမ ကို သဘောကျနေတယ်ဆိုတာ ယောကျ်ားချင်းမို့ ဖေဖေ ရိပ်မိတာ ကြာပါပြီ၊ သူ့အမေ ကို ပြောထားတဲ့အထိ ပြင်ဆင်ထားမယ်လို့တော့ မထင်ခဲ့ဘူး၊ စိုးကလဲ သူမ ကို လိုလိုလားလား ရှိတယ်၊ လင်မယားချင်းပေမယ့် ဖေဖေ့ကို သမီးရှင်အဲဖြစ်နဲ့ ကမ်းလှမ်းတာတဲ့၊ မောင်မိုး ကိုယ်တိုင် ရှိတယ်"

"ဟွန်း... အဲဒီလိုဖြစ်နေကြတာ သမီး လဲ သိပါတယ်၊ အန်တီယု ကိုယ်တိုင် တောင်းတဲ့အထိဆိုတာကတော့ သိသာလွန်းတယ်"

"ဘာကိုလဲ.."



www.burmeseclassic.com

www.burmeseclassic.com



''သူမ ကို လိုလားတာလေ၊ ရောက်စတုန်းက ဒီလိုဟုတ်လို့လား ခုတော့ ဟိုက နာမည်ကျော်ဖြစ်တော့မှာလေ၊ ငွေလဲ သိန်းချီဝင်နေပြီဆို တော့ မက်ပြီပေါ့''

''အဲဒီလို မပြောနဲ့ သမီး…၊ သူမ လို မိန်းကလေးကို ဘယ်လို သားရှင်မဆို မျက်စိကျမှာပဲ၊ ဒီပညာတတ်လို့၊ ဝင်ငွေရှိလို့ဆိုတာတွေ မပါလဲ သူမ က အဖိုးတန်တဲ့ မိန်းတလေး၊ သမီးကို ဒီကိစ္စ အခု ဖွင့်ပြောတာ၊ သူများကို ပုတ်ခတ်နှိမ့်ချဖို့ မဟုတ်ဘူး၊ သားအမှန် ယောက်ချင်းမို့ ရှင်းရှင်းပြောရရင် မောင်မိုးသောက် နဲ့ သမီးနဲ့ကို လက်ထပ်ပေးချင်တဲ့စကားမျိုး စိုး ကို ဖေဖေ အရိပ်အမြွက်ပြောဖူးတယ် အဲဒီအချိန်မှာ သူမ ရောက်လာဖို့ဆိုတာ အဝေးကြီးပဲ၊ အဲဒီကတည်းက စိုး က လိုလိုချင်ချင် မရှိခဲ့ဘူး၊ ဒါကြောင့်လဲ ဖေဖေ့ဘက်က သမီးရှင် ဖြစ်နေလို့ ထပ်ပြောဖို့ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတယ်''

''ဖေဖေက သမီး အနေအထိုင်မတတ်လို့လို့ ပြောချင်တာလား''

''ဖေဖေ ပြောဖို့မလိုဘူး၊ ဒါကို သမီး သိရမှာ၊ မိန်းကလေးတစ် ယောက်ရဲ့အရည်အချင်းက ငွေရှာနိုင်ဖို့မှ မဟုတ်တာ၊ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း ယောကျ်ားပီသတဲ့လူတိုင်း ဒီလိုပဲ တွက်မှာပဲ၊ အခု ဖေဖေ ဘယ်လောက်မျက်နှာငယ် အရှက်ရခဲ့သလဲ သိလား၊ သူများ သိသိ,မသိသိ ဖေဖေ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာငယ်တယ်''

''ငယ်စရာ မလိုပါဘူး၊ ဖေဖေက လင်မယားချင်း ပွင့်မှ မပွင့် လင်းတာ''

''ဘာ!…''

''ဒီနေရာမှာ သမီးက ဒေါ်စိုးယု ရဲ့သမီးဆိုရင် ဖေဖေ သမီးကို သဘောကျကျ,မကျကျ ဖေဖေ့သားနဲ့ ပေးကို ပေးစားရမှာပဲ''

နားထောင်နေသည့် ဒေါ်စိုးယု နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ရပ် ဖြစ်သွန်း သွားၿ၏။ သားက သူ့နဲ့ပဲ ညားသင့်သတဲ့လား…။





ထိုကိစ္စပြောစဉ်က ဦးတိုးနိုင် ဖြစ်သွားသည့်မျက်နှာကိုလည်း ခုမှ သဘောပေါက်တော့သည်။ ဆူး တို့ကတော့ မသျှောသောစွဲနှင့် ရှိနေဆဲ…။

''ဘာပဲဖြစ်ဖြစ် မိဘမရှိ၊ အခြေမဲ့အနေမဲ့နဲ့ ဆူး လိုမိန်းမက တန့်ဖိုးချင်းကွာပြီးသား၊ ကိုကို့လို နိုင်ငံကျော် စာရေးဆရာက ဘယ်လို မိန်းမနဲ့ လက်ထပ်သင့်တာလဲ''

''အခု သူကိုယ်တိုင် ရွေးသွားတာပဲ''

''သမီး ပတ်ဝန်းကျင်မှာလဲ သမီးက ကိုကို့ ကားကို ယူစီးနေပြီ၊ ကိုကိုနဲ့ တွဲသွားတွဲလာလုပ်နေတာတွေ၊ ဖေဖေ့မိန်းမရဲ့သား ဖြစ်နေတာ တွေကြောင့် သမီးနဲ့ ကိုကို ညားကိုညားမှာလို့ ပုံသေတွက်ထားကြတာ၊ အခု ဘယ်လိုလုပ်မလဲ၊ တကယ်ဝဲ သိသာသိနေတာ၊ အဲဒီတစ်ယောက် ဒီလောက်ထိ အရေးပါလာမယ်လို့ ထင်ကို မထင်ဘူး''

'ထင်'တစ်လုံးနဲ့ပဲ နေခဲ့လိုက်တော့ ဆူး ရေ…။

ဒေါ်စိုးယု နေရာမှခွာခဲ့ရင်း သက်ပြင်းချသည်။ မသဲမကွဲကြား လိုက်ရတာက ဆူး ရဲ့ တက်ခေါက်သံ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

မွေးနေ့ဆိုသည့် အခင်းအကျင်းက မြက်ခင်းပြင်စိမ်းစိမ်းမှာ စားပွဲ တွေ ခပ်ကျဲကျဲနှင့် ပန်းတွေစိုက်ထားတာ၊ မီးရောင်စုံတွေ ဆင်ထားတာ အားလုံးက ကဗျာဆန်ပြီး လှနေ၏။

တိုက်ကြီး၏ မျက်နှာစာတစ်ပြင်လုံး မြက်ခင်းပြင်ကျယ်ကြီးမြင် ကာ ခြံစည်းရိုးနားကပ်လျက်မှာပဲ ကျောက်ခက်ပင်ကြီးတွေ တန်းစီစိုက် ထား၏။

အားလုံး အစိမ်းရောင်ပဲဖြစ်သည်။ စားပွဲတစ်ဝိုင်းမှာ မီးရောင်တစ် မျိုးနှင့် ဂီတသံငြိမ့်ငြိမ့်လေးက နားထဲမှာ ချိုဆိမ့်နေသလိုပင်…။

"အရမ်းလှတာပဲနော် မမမင်း…"

သူမ သဘောကျနေတာကိုကြည့်ကာ မင်းသမီး က ပြုံးသည်။ ပြီးတော့ ပန်းခရမ်းရောင်ထိုးထားသည့် မီးရောင်အောက်က သူမ ပုံစံလေးကိုလည်း ကြည့်မိ၏။

ခိုပြာရောင်ဇာပြောင်ကို ရှေ့နောက်လည်ဝိုင်းဟိုက်ချကာ ကုတ် သားလေးတွေ ဝင်းထိန်နေ၏။ ဒါပေမယ့် အင်္ကျီက လက်ရှည်မို့ မရိုင်း ပေ…။





စကက်အကျပ်ကလည်း သိပ်ကျပ်တာမဟုတ်ဘဲ ကိုယ်လုံးရှိတဲ့ အတိုင်း ချပ်ချပ်ကပ်ကပ်လေးဖြစ်သည့်ပြင် ခြေလှမ်းလိုက်တိုင်း ခြေ သလုံးသား ဖြူဝင်းဝင်းက ဇာအပါးရဲ့အောက်မှာ ဝင်းခနဲ၊ ထင်းခနဲ…။

"မင်း အောင်မြင်မှာပါ"

"ဟင်!…"

ရုတ်တရက် မဆိုင်တာကိုပြောလိုက်သဖြင့် ဟိုဒီလိုက်ကြည့်နေ သည့် သူမ မျက်လုံးက မင်းသမီး ဆီ ပြန်ရောက်လာ၏။

"မင်း ဝတ်သမျှ အထူးအဆန်းလေးတွေချည်းပဲ၊ ပြီးတော့ ကိုယ် လုံးအရမ်းလှတယ် သိလား၊ မိန်းကလေးချင်းတောင် အားကျတယ်၊ အကယ်ပြောတာပါ၊ မင်း ဝတ်ထားတာတွေက မင်းရဲ့အလှကြောင့် ပြီး အရောင်ထွက်နေတာ ထင်တယ်"

"မမမင်းကလဲ လုပ်ပြီ"

"ဒါပေမယ့် ကျစ်ဆံမြီးလေးနှစ်ဖက်နဲ့ နေတာက မကောင်းဘူး"

ပြောလိုက်ကာမှ ဆံပင်တွေကို နောက်မှာ အားလုံးသိမ်းပြီး ဆံထုံး ဟုစ်လည်းမဖြစ်အောင် ပုံ့ပုံ့ဝိုင်းဝိုင်းလေးလုပ်ထားခဲ့သည့် ကိုယ့်ခေါင်း ဆို မသိမသာ ပြန်ကိုင်လိုက်မိသည်။

"သူမ အပြင်ထွက်ရင် ဆံပင်ချမထားပါဘူး မမ ရဲ့"

"ဟုတ်တယ်…၊ အခု မင်းက ပညာတွေတတ်နေပြီပဲ၊ ပြင်ထား တာ အားလုံး ပြည့်စုံပါတယ်၊ အမြဲနေတဲ့ပုံစံကို ပြင်သင့်ပြီလို့ ပြောတာ"

စကားပြောနေတုန်း အမျိုးသမီးနှစ်ယောက် သူမ တို့ဆီ ရောက် လာကာ…

"ကဲ… စ,တော့မယ်၊ မင်းမင်း ရေ စားပြီးပြီလား"

"နည်းနည်းပါးပါးတော့ စားတာပေါ့၊ အများကြီး စားလို့ ဘယ် ဖြစ်မလဲ"

"ဟုတ်ပါပြီ၊ သူရော…"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!..."

ကိုယ့်ကို မေးတော့ သူမ ဘာမေးမှန်း မသိ..၊ မင်းသမီး နေရာမှ ထရပ်လိုက်ကာ...

"ပါမှာပေါ့၊ ဒါပေမယ့် က,မှာတော့ မဟုတ်ဘူး၊ ပညာရေး တာမင်ခေါ်လာတာ"

"ဟုတ်လား၊ ဒါဆို သွားမယ်၊ လာ..."

နှစ်ယောက် ပြန်ထွက်သွားတော့ မင်းသမီး က သူမ နား မျက်နှာငဲ့လိုက်ပြီး...

"လာ ထ..၊ အထဲမှာ မင်း မသိသေးတဲ့ ဒီဇိုင်နာတွေရဲ့ ဒီယာအမျိုးမျိုးကို လေ့လာလို့ ရတယ်၊ မော်ဒယ်တွေ အများကြီး"

ပြော၍ လက်ကိုပါဆွဲလိုက်သဖြင့် သူမ ထ,လိုက်ခဲ့မိသည် တိုက်ကြီးထဲကို ဝင်လိုက်တာနှင့် လည်ပတ်နေသည့် ရောင်စုံမီး အောက်မှာ လူတွေ မနည်း..။

အပြင်မှာထက် ပို၍ ညှို့သက်သော တီးလုံးသံလေး ပျံ့လွင့် ၏။ ယောကျ်ားနဲ့ မိန်းမတွေ မျက်နှာချင်းဆိုင် က,နေကြတာ တော့မရိုင်းပေမယ့် သူမ မျက်လုံးထဲမှာ မဝင်ပေ..။

ဒီစုံတွဲတွေအားလုံးက ချစ်သူတွေတော့ မဖြစ်နိုင်..။

ဘာဖြစ်လို့လဲဆိုလျှင် ဝင်လာတဲ့လူတွေနဲ့ ဆွဲခေါ်တဲ့လူတွေ ဖို့,ကို ငြင်းဆန်ရင်းနဲ့ က,ဖြစ် တွဲဖြစ်သွားတာတွေ အားလုံးကို မြင်နေရ၏။

"ဒီမှာ ထိုင်နေနော်၊ ကြည့်နေရင်း ကီးဝင်လာရင်လဲ တစ်ယော ယောက်နဲ့ ဝင်တွဲလို့ရတယ်၊ ရမ်းရမ်းကားကားတွေ ဒီမှာ မဖြစ်တတ် ဘူး၊ တစ်အောင့်ကြာရင် ပိုပြီး လူစုံလာမှာ.."

"ဟုတ်ကဲ့..၊ သူမ ဒီမှာပဲ နေပါ့မယ်"

ဒါမျိုးတွေကို ရုပ်ရှင်ထဲမှာလည်း မြင်ဖူးနေတာမို့ သိပ်





မထူးဆန်းပါ။ ဒါပေမယ့် ဝင်လာတဲ့သူတွေဆီရောက်လိုက်၊ က,ကြတဲ့ ဆီရောက်လိုက်နှင့် ပျင်းဖို့ မေ့နေသောမျက်လုံးတွေက တစ်နေရာမှာ စူးစိုက်သွားမိ၏။

ကမ္ဘာ ရယ်..၊

ဟုတ်ပါသည်။ အနက်ရောင်ဝတ်စုံနှင့် ဖြူဝင်းသည့်မျက်နှာက ထင်းနေ၏။ အားလုံးသောအတွဲတွေထက် ဟိုးနောက်ကျကူမှာဖြစ်ကာ အနက်ရောင်လည်း ဖြစ်နေတော့ သူမ ရုတ်တရက် မတွေ့ခဲ့ခြင်းဖြစ် သည်။

အနက်ရောင် ရှပ်အင်္ကျီလက်ရှည်သည် ပခုံးနှစ်ဖက်မှာ မင်းညီ မင်းသားတွေလို ငွေရောင်ပန်းနွယ်တွေနှင့်ဖြစ်လျက် ရင်ချိုင့်နှစ်ဖက်မှာ လည်း ပြောင်လက်နေသည်။

အင်္ကျီလက်ဖျားကို လက်ကောက်ဝတ်ပေါ်ရုံလေး ခေါက်တင် ထားကာ ရင်ဘတ်ကြယ်သီးနှစ်လုံး ဖွင့်ထား၏။ ထို့ကြောင့် လည်ပင်း က တုတ်ခဲပြောင်အိနေသည့် ပလက်တီနမ်လုံးချောကြိုးက ဟင်းနေ သည်။ လက်မှာပတ်ထားသည့် လက်ပတ်တွေနှင့် တန်းချိန်တွေက ရှပ်ယှက်ခတ်ကာ စည်းချက်နှင့် ယိမ်းနွဲ့နေပုံကလည်း ကြည့်လို့ ကောင်း၏။

ကမ္ဘာ ဆံပင်က ကောက်ပေမယ့် အုတ်ခဲနေတာမဟုတ်ဘဲ ခပ်ပါး ပါး ပျော့နွဲ့နွဲ့မို့ ဖိုးရိုးဖားရားချထားပုံပေါက်နေတာကိုက စတိုင်လ်တစ် မျိုး ဖြစ်နေသည်။

သူ ဒီည ညဥ့်နက်မယ်ဆိုတာ ဒီမှာ အချိန်ဖြုန်းဖို့ပဲ။ လူ့ရှုပ်ဆို သည့်အသိတစ်ချက်ဖြစ်ကာ သူမ နှုတ်ခမ်းလေးစူသွားမိသည်။

လူရိပ်တွေထဲမှာ ပျောက်သွားလိုက်၊ ပေါ်လာလိုက် မြင်နေရသော မျက်နှာဖွေးဖွေးကို စိုက်ကြည့်ရင်း ဟိုရောက်ဒီရောက် ကြည်လင်နေ ခဲ့သည့်စိတ်က နောက်ကျို ရှုပ်ထွေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကျတော့ ထင်သလိုနေခွင့် ရှိသလား၊ ဒေါသလား၊ မခံချင်စိ
လား မသိ။ သူမ အံကြိတ်လိုက်မိသည်။

ထိုစဉ် မီးရောင်ပြောင်းသွားကာ ဒီအကက်ကစုံတွဲ နေရာရွှေ့လို
သဖြင့် ကမ္ဘာ တို့က ထင်းထင်းကြီး ဖြစ်လာသည်။ ထိုအခါ ကမ္ဘာ
နဲ့ မျက်နှာချင်းဆိုင်မှာ က,နေသည့် ညှို့ငင်သောအပြုံးနှင့် မိန်းကလေး
ကို မြင်လိုက်လျှင်…

ဂုဏ်မြင့်သူ…၊

ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွားသည်။ ပြီးတော့ ကိုယ့်ကိုယ်ကို
ဘာဖြစ်သွားမှန်းမသိလိုက်မိ ဆတ်ခနဲ ထရပ်လိုက်မိ၏။ ဒီမိန်း
သူက ဒီလိုလား…။

ကိုယ့်မှာတော့ သူတို့ကြောင့် ရှင်းမရသည့်ပြဿနာတွေထဲမှာ…
ကမ္ဘာ့ မျက်လုံးတွေလည်း သူမ ဆီ ရောက်လာခဲ့၏။

"ဟင်!… ရှီ…"

မျက်လုံးချင်းဆုံလိုက်သည်နှင့် သူမ ရှာခနဲ လှည့်ထွက်လာ
သည်။ ကမ္ဘာ ဆက် မက,တော့ဘဲ သူမ နောက်ကို ပြေးလိုက်
အပြင်ရောက်တာနှင့် သူမ ဘယ်ဘက်ကို ချိုးကွေ့သွားမှန်းမသိ
လို့ ခဏရပ်ပြီး ဟိုဒီ လိုက်ရှာမိစဉ်…

"အို!… ဖယ်စမ်းပါ"

"လာပါကွာ…၊ ဒီမှာ တစ်ယောက်တည်း ပျင်းစရာကြီး၊ မင်းမင်း
နဲ့ပါလာတာ လှမ်းမြင်ကတည်းက လာပြီး မိတ်ဆက်ချင်နေတာ၊ လာ
ပါ၊ အထဲ ခဏပြန်ဝင်ရအောင်…"

"ရှင် ဘာလုပ်တာလဲ"

သူမ ရှေ့က ကာဆီးထားကာ လက်ဆွဲတော့မလို ပခုံးဖက်တော့
မလို လုပ်နေသည့် အရပ်မြင့်မြင့် ခပ်ဖိုင့်ဖိုင့်လူနားကို ကမ္ဘာ ရောက်
သွား၏။ ထို့နောက်…





ပခုံးတစ်ဖက်ကို မျက်နှာချင်းဆိုင်ပါလာအောင် ဆွဲလှည့်လိုက်ပြီး
ခွမ်းခနဲ ထိုးပစ်သည်။ ခံလိုက်ရသည့်လူ သူကိုယ်သူ ဘာဖြစ်သွားမှန်း
မသိလိုက်ခင် မီးဆင်မထားသည့် ပေါ်တီကိုအစွန်းတိုင်မှာ ပက်ခနဲ
လန်ကျသွား၏။

သူမ အထိတ်တလန့် ဖြစ်သွားစဉ် နောက်ထပ် အင်္ကျီရင်ဘတ်ကို
ဆွဲလိုက်သဖြင့်…

"တော်ပါတော့၊ ဘာမှဖြစ်တာလဲ မဟုတ်ဘဲနဲ့…"

သူ့ကို တွန်းပစ်လိုက်ရင်း တားဆီးကာ သူမ ကားတွေထားတဲ့ဆီ
အပြေးတစ်ပိုင်း လျှောက်သည်။ ညှော်ခံပွဲကို ရောင်ကွင်းသွားတာမို့
မှောင်ရိပ် နည်းနည်းတော့ ကျ၏။

ကမ္ဘာ က နောက်က လိုက်လာရင်း…

"ခဏနေဦး…၊ စကားပြောရအောင်…"

"ဘာမှပြောဖို့ မရှိဘူး"

"ငါ့ရှေ့မှာ ဂုဏ်မြင့်သူ ရှိနေတာကို မင်း တလွဲထင်နေတာ
မို့လား၊ အဲဒါ…"

"တော်ပါတော့"

လူတွေနဲ့လည်း အလှမ်းကွာနေတာမို့ စိတ်ကို မထိန်းလိုက်နိုင်။
သူမ သူ့ကို အော်ပစ်လိုက်ရင်း မျက်နှာကိုလည်း လက်ညှိုးလေး ထိုး
ကာ…

"ရှင်… ရှင်တို့ ပူးပေါင်းပြီး…"

"မဟုတ်ဘူး၊ အဲဒါကို ပြောမလို့၊ ငါက သပ်သပ်…"

"ဘြော် အတူတူဆိုတဲ့အဖြစ်က တစ်ယောက်နဲ့တစ်ယော
ဖက်နမ်းရှိုက်နေတာမျိုးလား၊ ရှင့်ရဲ့ သပ်သပ်စီက ရင်ခုန်စရာပဲနော်"

သူမ က ပြောပြီး မဲ့ပစ်လိုက်ကာ ချာခနဲ ပြန်လှည့်၏။ ကမ္ဘာ
က လက်ကို ဖမ်းဆွဲထားကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ ဒီလိုနေကြတာပဲ၊ သူများရဲ့ မွေးနေ့မင်္ဂလာပွဲမှာ ရန်သူတွေ့ရင်တောင်မှ ရန်မဖြစ်မိအောင် ရှောင်ရတယ်"

"ဒါဆို ခုနက ရှင် ဆွဲထိုးခဲ့တဲ့လူကရော…"

ဂျမ္မာ ဒေါသဖြစ်သွားသည့်မျက်နှာနှင့် ဘာမှလည်း ရုတ်တရက် မပြောနိုင်ဘဲ ကျွတ်ခနဲ ဖြစ်၏။

သုမ နှုတ်ခမ်းမဲ့ကာ လှည့်ထွက်သွားတော့ ခဏရပ်ကြည့်နေပြီးမှ ပြေးလိုက်သည်။ သုမ က မင်းသမီး နဲ့အတူ လာတာမို့ မင်းသမီး ရဲ့ကားထဲ ဝင်ထိုင်နေလိုက်၏။

"ဟိတ်… အတူပြန်မယ်၊ ဆင်းခဲ့…"

"မလိုပါဘူး၊ သုမ ရှင်နဲ့လာတာ မဟုတ်ဘူး"

"ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဆင်းခဲ့…"

"မဆင်းဘူး"

"တောက်!…"

ဂျမ္မာ ဘောင်းဘီအိတ်ထဲ လက်တွေထည့်ထားရင်း ကားထဲက သုမ ကို စိုက်ကြည့်နေမိ၏။ ထို့နောက် သူ့ကားတံခါးကို နေရာကနေ လှမ်း၍ လော့ခ်ဖြုတ်ထားလိုက်ပြီး ဟိုဘက်က ပတ်သွားကာ မင်းသမီး ရဲ့ကားထဲ ဝင်လိုက်၏။

"ရှင် ဘာလုပ်တာလဲ…၊ ကိုယ့်ကားနဲ့ကိုယ် သွားပါလား"

ဂျမ္မာ က စကားပြန်မပြောဘဲ ကားကို ခြံထဲကနေ မောင်းထွက်ခဲ့၏။ ည ကိုးနာရီပင်မထိုးသေးပေမယ့် လမ်းသွယ်ထဲမှာတော့ မှောင်ပိတ်နေခဲ့သည်။

"လက်စွပ်ပြဿနာက သူ ဝန်မခံဘဲနဲ့ ဘာမှလုပ်လို့မရတော့ဘူး"

ဂျမ္မာ က ကားမောင်းနေရင်း လှည့်မကြည့်ဘဲ ပြော၏။

"ဒီကိစ္စ ငါ ဘာမှလုပ်လို့မရသေးလို့ နေနေရတာ၊ သူ့မျက်နှာ မြင်တိုင်း ဒါကို အစဖော်ပြီး စစ်မေးနေရအောင် သူက ငါ့ရဲ့အချုပ်သား



လဲ မဟုတ်ဘူး၊ ငါ့မှာ ဘာမှလဲ သက်သေမရှိဘူး၊ အခု ငါနဲ့ က၊နေတာက ဟယ်ရီရိုလင်း၊ သူ ဝင်က၊တာနဲ့ မင်း မြင်တာပဲ၊ အစကတည်းက တွဲနေတာ လုံးဝ မဟုတ်ဘူး"

"ဒါဆို လက်စွပ် သူ့လက်ထဲမှာ ရှိနေတယ်ဆိုတာ ရှင် သိတယ်ပေါ့"

"ဘာမှမရေရာတဲ့ တွက်ချက်မှုပဲလေ၊ သေချာတာက မင်းကို တရားခံလို့ ဘယ်တုန်းကမှ ငါ မထင်ခဲ့ဘူးဆိုတာပဲ၊ အဲဒါ မင်းကို ငါ ဝန်ခံပြီးသားပါ၊ ဒါပေမယ့် လက်စွပ်ကြောင့်…"

"တော်ပါတော့…၊ ဘာအကြောင်းတွေရှိရှိ သုမ က ရာဇဝတ်သားအဝက ကျွတ်မှာမှမဟုတ်ဘဲ၊ ဒီအမှုမှန်မပေါ်သရွေ့ သူခိုးအဖြစ်နဲ့ သုမ က ရှိနေပေးရမယ်၊ ရှင် ထားသလို နေ၊ စေရာသွား…"

ကားက ခပ်ဖြည်းဖြည်းသွားနေရင်းကနေ သိမ့်ခနဲ ထိုးရပ်သွားသည်။

"အဲဒီလိုပြောရအောင် မင်းကို ငါက ဘာတွေ ခိုင်းစေနေလို့လဲ…၊ ငါ့အတွက် အဆင်မပြေတာလေးတွေ လုပ်ပေးဖို့…"

"ဟွန့်…"

သူ့စကားမဆုံးခင် သုမ က မဲ့ပစ်လိုက်တော့ စကားက ဒီမှာပဲ ရပ်သွား၏။ ရေ့ကားမီးရောင်သည် ကားထဲက သုမ မျက်နှာလေးကို ရှင်းလင်းစွာ မြင်နေရလျက်…

"မင်း အဲဒီမျက်နှာနဲ့ ငါ့စကားကို မထိတထိ လုပ်မပစ်နဲ့နော်၊ မင်းကို ရှင်းပြနေတာ၊ ဂုဏ်မြင့်သူ ဆိုတဲ့ မိန်းမနဲ့ အထင်လွဲမခံချင်လို့…"

"ဘာကြောင့်ဖြစ်ဖြစ် ရှင်းဖို့ မလိုပါဘူး၊ သုမ အထင်လွဲလွဲမလွဲလွဲ ရှင် ခိုင်းစေဖို့အတွက် အမြဲ အဆင်သင့်ပဲ"

"မင်း…"

www.burmeseclassic.com



ကမ္ဘာ သူမ ပခုံးလေးတစ်ဖက်ကို သူ့ဘက် ယိုင်လာအောင် ဆွဲခါပစ်လိုက်ရင်း…

“မင်းကို ငါ ဆွဲနမ်းမိတော့မယ်၊ ရှဲနေတာတွေ တော်တော့…”

သူမ မျက်ဝန်းလေးတွေ ဝိုင်းသွားလျက် ကိုယ်ကို ပြန်ပြီး တည့်မတ်ဖို့ ကြိုးစားသည်။

ကမ္ဘာ က မလွှတ်သောကြောင့် သူ့ဘက်ကို ယိမ်းယိုင်လျက်ထနေ ဘယ်လိုမှ ရုန်းမရ…။

ဒီဇိုင်နာဆိုသည့် အောင်မြင်မှုတွေ အပြည့်အဝရနေပြီဖြစ်သည့် သူမ မျက်နှာလေးပေါ်မှာ ပြေပြေနုနုလေးနှင့် လှနေပုံက လက်ရာမြောက်ပါ၏။

သူမ ၏ ပါးပြင်လေးတွေ၊ နှုတ်ခမ်းလေးတွေကို ရူးစိုက်ကြည့်ရပြီးမှ ကမ္ဘာ မျက်နှာလွှဲပစ်မိသည်။ ပြီးတော့ သတိလက်လွှတ်ဖြစ်ချင်နေသည့်စိတ်ကို ဖြေသည့်အနေနှင့် ပင့်သက်ရှိုက်၍ လက်ကိုလည်း လွှတ်ပေးလိုက်၏။

ရှေ့ကို တည့်တည့် မျက်နှာမူလိုက်သော်လည်း လှုပ်ရှားနေသည့်စိတ်ကြောင့် စတီယာရင်မှာ တင်ထားသည့်လက်တို့က တင်းတင်းကျပ်ကျပ် ဖိဆုပ်ခြင်းသို့ ရောက်၏။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေတာလဲဆိုတာ မသိချင်…၊ အဆင်ခြေစရာ ဘာအကြောင်းမှမရှိသော အခြေခံသဘောတရားတွေဟာ…။



## အခန်း (၃၉)

မင်းသမီး အိမ်ထဲကို လှမ်းဝင်လိုက်သည်နှင့် တြိဂံစံအိမ်ကြီး၏ မျက်နှာစာ ညှော်ခန်းသုံးခုအနက် အနီရောင်ဖြန့်ခင်းသော အတွင်းညှော်ခန်းဆီမှ မညင်သာသော စကားသံတွေကို ကြားလိုက်ရ၏။

“မတတ်နိုင်ဘူးဆိုတဲ့ စကားတစ်ခွန်းနဲ့ လုံးထွေးရောမချနဲ့လေ၊ ဘာဘာ မိန်းမခိုးသွားတာ နှင် သိတယ်၊ သိလို့ သွားလဲတွေ့ပြီးပြီ၊ အခုလိုထပ်ဖြစ်အောင် နင်ဝဲ လက်ထောက်ချလိုက်တာ မဟုတ်ရင် ဘာလဲ၊ စု ရာ နှင် တကယ် မထင်ရဘူး”

“မထင်စရာ မရှိပါဘူး မောင်ရယ်၊ မောင်က သူ့အစ်ကိုအရင်းမှ မဟုတ်တာ”

“မဟုတ်ဘူး မမစော…၊ မနေ့ကလည်း ကိုကိုနိုင် တို့လင်မယား လာသွားသေးတယ်၊ အားလုံး စု ကို အထင်လွဲနေကြတာ…၊ ဘာဘာ့စိတ်ကို ကိုကိုဇော် တို့လဲ သိသားပဲ၊ သူ မကြိုက်တာကို ဘာမှ ဖွတ်လုပ်လို့မရဘူး၊ စု နဲ့တွေ့ပြီးတဲ့နောက်နေ့မှာပဲ အဲဒီကနေ ပြောင်းပြေးသွားကြတယ်၊ ခုထိ စုံစမ်းလို့ကို မရဘူး၊ စု တကယ် ပြောနေတာ…”

မင်းသမီး ခြေလှမ်းတုံ့သွားပေမယ့် ရပ်မနေဘဲ ဆက်ဝင်လာခဲ့သည်။ တြိဂံစံအိမ်၏အိမ်တော်ထိန်းကြီး ဦးဘညို က ဝဲဘက် နံသာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ချည်းပဲ ဆင်ထားသည့် ဒုတိယဧည့်ခန်း၏အဝင်ဝကနေ တစ်ချက်လှမ်းကြည့်ပြီး ပြန်လှည့်သွား၏။

ဧည့်ခန်းအဝင်ဝမှာ မင်းသမီး ရဲ့ပုံရိပ် ပေါ်လာသည်နှင့် အားလုံး၏အကြည့်တွေ သူမဆီကို စုပြုံရောက်လာကြသည်။ မင်းသမီး က အားလုံးကိုကြည့်ပြီးမှ ဒေါ်စုလတ် ကို ပြုံးပြ၍ အထဲဝင်လာ၏။

ရောက်နေကြသည့် တိုက်စံအိမ်၏ မွေးစားသားကြီး ဦးဇော်သာပိုင် နှင့် ဇနီး ဒေါ်စောမြတ်သူ တို့က မင်းသမီး ၏မျက်နှာကို အားမနာတမ်း စိုက်ကြည့်နေကြလျက်…

"မင်းသမီး ကိုမြင်မှ သတိရတယ်၊ ပြီးခဲ့တဲ့ Tues Day က မွေးနေ့တစ်ခုမှာ ဘာဘာ နဲ့ မင်းသမီး ဆုံကြတယ်မို့လား"

မင်းသမီး က တရားခံမေးသလို စစ်မေးသည့် ဒေါ်စောမြတ်သူ ၏မျက်နှာကို ဂရုစိုက်မနေပါ။ စဉ်းစားသလို လှည့်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ…

"တွေ့လိုက်တယ်…၊ သေချာတောင် မမြင်လိုက်ပါဘူး၊ တိုက်ထဲမှာ က,နေကြတုန်းဆိုတော့လေ၊ ခဏကြာတော့ မရှိတော့ဘူး"

ဒေါ်စုလတ် အံ့ဩနေပေမယ့် ဒေါ်စောမြတ်သူ က မယုံကြည်သည့် မျက်နှာနှင့်…

"အပြင်မှာ ရှုတစ်ယောက်ကို ဆွဲထိုးသွားတာရော မသိလိုက်ဘူးလား၊ သူကောင်မလေးကို နှောင့်ယှက်လို့ဆိုလား…"

မင်းသမီး က ခုမှသိလို့ အံ့ဩသလိုလား၊ ဒါမှမဟုတ် ဒေါ်စောမြတ်သူ ဒါတွေသိနေတာကို အံ့ဩတာလား ဘာမှန်းမသိသော အကြည့်နှင့် မျက်ခုံးလေးတွေ ပင့်သွားလျက်…

"ဟုတ်လား… ဖြစ်နိုင်တယ်၊ အဲဒါကြောင့် မီး ကားကို ယူမောင်းသွားတာကိုး၊ သူ့ကားက ခြံခေါင်းရင်း မှောင်ထဲမှာလေ"

"ကားချင်းလဲတော့ရော…"





"အဲဒါလဲ မသိလိုက်ဘူး၊ မီး က မနက်ဆို ကိုးနာရီလောက်မှ နိုးတာလေ၊ မီး နိုးလာတော့ သူ ကားချင်းလာလဲသွားပြီ"

အစကတည်းက တစ်ယောက်တည်း သီးသန့်ဆန်စွာနေခဲ့သည့် မင်းသမီး ကို ဒီ့ထက် ဘာမှပိုမပြောနိုင်။ မင်းသမီး လည်း ဘယ်တုန်းကမှ ဘယ်သူ့မှ ဂရုမစိုက်ခဲ့သည့်ပုံစံအတိုင်း…

"အန်တီက ဘာဘာ့ ကိုတွေ့လိုက်ပြီး ဆွဲခေါ်မထားရကောင်းလားလို့ အပြစ်တင်ချင်တာလား ဒါမှမဟုတ် ဘာဘာ နဲ့ မီး နဲ့အဆက်အသွယ်ရှိနေတယ်လို့ ထင်နေတာလား"

"အန်တီတို့ကတော့ သေချာ ဘယ်ပြောနိုင်မလဲကွယ်၊ ဒါပေမယ့် ဘာဘာ နဲ့ တိုက်စံအိမ် ဘယ်လိုဖြစ်နေကြတယ်ဆိုတာ မင်းသမီး သိတာပဲ၊ ဒီမှာ ဒီလောက် အလိုရှိနေတဲ့လူကို ညည်းက…"

"အလိုရှိနေတဲ့သူလို့ ပြောရအောင် ဘာဘာ က ဝရမ်းပြေးတစ်ယောက်မှ မဟုတ်တာ အန်တီ၊ မီး ကလဲ ဝရမ်းပြေးဖမ်းတဲ့အေးဂျင့် မဟုတ်ဘူး၊ ဒီကအကြောင်းတွေ ကြားနေပေမယ့် ဘာဘာ့ ကို ရှာဖွေခေါ်ထုတ်ပေးဖို့က မီး အလုပ်မှ မဟုတ်တာ…"

"သိပါတယ်…၊ တို့တွေ ဘာဖြစ်နေနေ ညည်းတို့က အေးဆေးပဲဆိုတာ…"

ဒေါ်စောမြတ်သူ က ဒေါ်စုလတ် ဆီ အကြည့်တစ်ချက် ဝေ့လိုက်ပြီး ရီသည်။

"အဟာမ်း…"

ဦးဇော်သာပိုင် က ချောင်းဟန့်သံနှင့်အတူ စကားဝိုင်းထဲဝင်ဖို့ ကိုယ်ကို မတ်မတ်စန့်စန့်ပြင်၍…

"မသေချာတာတွေ ထိုင်ပြောပြီး အချိန်ကုန်ခံမနေနဲ့ပေါ့ ဒီမှာ စု…၊ ဘာဘာ့ ကို သမီး ဆောင်းမြတ်ရာသီ နဲ့ လက်ထပ်ပေးဖို့ အားလုံး စီစဉ်နေကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"စီစဉ်ချင်ကြတာကတော့ ကိုကိုမောင် တို့ကလဲ နှင်းမမမောင်နဲ့ လက်ထပ်ဖို့ သူတို့ဘာသာ သေချာနေကြတာပဲ"

ဒေါ်စုလတ် စိတ်ညစ်ညစ်ဖြစ်လာသည်နှင့် ပြောချင်နေတာတွေကို ဒီတိုင်းပဲ ပြောချပစ်လိုက်သည်။ ဦးဇော်သာပိုင် တို့ မျက်နှာတွေ ညှိမှောင်သွားကြပြီး…

"ငါတို့က ကိုယ့်ဘာသာ သေချာနေကြတာ မဟုတ်ဘူး၊ မောင်မောင်လတ် နဲ့လဲ ပြောဆိုပြီးပြီ၊ လက်ထပ်ပေးပြီးတာနဲ့ အမွေကိစ္စရှင်းကြမယ်၊ ကလေးတွေ ဟန်နီးမွန်းထွက်ဖို့အတွက် ဘယ်နိုင်ငံ၊ ဘယ်ခရီးထိ ဖြစ်မယ်၊ အားလုံး စီစဉ်ခဲ့ကြတာ"

ဒေါ်စုလတ် မျက်မှောင်တုတ်သွားတာမြင်တော့ ဒေါ်စောမြတ်သူက အလျှင်စလိုဝင်၍…

"မောင်မောင် က သူ့အစ်ကိုကြီးကို လေးစားပါတယ်၊ အရင်းအချာမဟုတ်ပေမယ့် ခုချိန်ထိ မောင် ပြောတဲ့အတိုင်း ဖြီးတယ်"

နိုင်ငံခြားရောက်နေသည့်လူကို ချီးမွမ်းခန်းဖွင့်၍ စကားနဲ့ ချည်တုပ်နေသည်။ ကြိုက်စံအိမ်ရဲ့ မျိုးဆက်ရတနာဟာ ကမ္ဘာ့ ရဲ့ဖခင် ဦးမောင်မောင်လတ် နှင့် ဒုတိယသား ဦးမျိုးလတ် ရယ်၊ အငယ်ဆုံးသမီး ဒေါ်စုလတ်ကေသရီ ရယ်ပဲ ဖြစ်သည်။

ဒေါ်စုလတ် ငယ်စဉ်ကတည်းက ချူချာသဖြင့် နာမည်ကြောင့်လို့ တွက်ချက်ကာ စုလတ် ဟဲ တွင်ကျန်ရစ်ခဲ့သည်။

ဒီ ရင်သွေးရတနာသုံးယောက် ရှိလာမှ အရင်က 'ကောင်းကင်စံအိမ်'ဟာ 'ကြိုက်စံအိမ်'အဖြစ် ပြောင်းလဲ တည်ရှိခဲ့ခြင်းပင်…။

ပြောကြကြားဆို မွေးစားသားတွေကို သားသမီးနဲ့မခြား ချစ်ခင်စွာ စောင့်ရှောက်မွေးမြူခဲ့ကြပေမယ့် အမွေကိစ္စမှာတော့ သူတို့ မပါခဲ့ပေ။

သို့သော် ပတ်ဝန်းကျင်၏ မြှောက်ပိုးပင့်ကော်စကားများနှင့် ချစ်ခြင်းမေတ္တာတွေ နွယ်လိုရစ်ပတ်ရှုပ်ထွေးလျှက် နောက်ထပ် မျိုးဆက်





သစ်တို့ မွေးဖွားပြန်သည့်နောက်မှာ ရှင်းမရအောင် ဖြစ်လာခဲ့ခြင်း ဖြစ်၏။

ကြီးသူကို ငယ်သူက ရိုသေလေးစားကြသည့် အစဉ်အလာကြောင့် မွေးစားသားတို့၏စကားတွေက အမိန့်လိုဖြစ်ခဲ့ပြီး ဒေါ်စုလတ်တို့သုံးယောက် ချောင်ပိတ်မိသလို ဖြစ်နေခဲ့ကြသည်။ လိုချင်လွန်းတော့လည်း မပေးချင်။ မေတ္တာမပါသည့် ရယူလိုခြင်းတွေမှာ သူတို့ရဲ့သမီးတွေ အနေအထိုင်မတတ်တာတွေလည်း ကြားနေမြင်နေရသည်။

လူငယ်ချင်းကလည်း မသင့်မြတ်ကြ၊ ဒါကို ဘယ်လိုလုပ် လက်ထပ်ပေးရမလဲ…။ ထို့ကြောင့် သူတို့ မသိအောင် တခြား တစိမ်းထဲက သင့်တော်တဲ့ တစ်ယောက်ယောက်ကို ကြိုတ်ရှာခဲ့တော့လည်း…

"ဂုဏ်မြင့်သူ ဆိုတဲ့ မိန်းကလေးနဲ့ ဘာဘာ့ ကို ကြောင်းလမ်းပေးတယ်မို့လား၊ အဲဒါလဲ နင့်စနက်ပဲ စု…၊ ငါတို့က ပြဿနာဖြစ်လာမှ သိရတာ…"

လျှို့ဝှက်ထားတာကို ဦးဇော်သာပိုင် ပြောလိုက်တော့ မျက်နှာတော့ ပူသွား၏။ ဒါပေမယ့် ပြဿနာဆိုသည့်အသံကြောင့် စိတ်ဝင်တစားဖြစ်သွားကာ…

"ဘာတွေဖြစ်လို့လဲ ကိုကိုဇော်…၊ ဆွေမျိုးလည်းဆွေမျိုးမို့ တစိမ်းတွေထဲက မိတ်ဆွေတွေဆိုတာလည်း စု တို့ဘက်က အားနာရမယ့်လူတွေ ရှိတာပဲ၊ ရှိတာက သားလေးတစ်ယောက်တည်း လက်ထပ်ပေးသင့်တဲ့ မိန်းကလေးတွေက အများကြီး၊ စု တို့ဒုက္ခကိုလည်း ကြည့်ပါဦး"

"ဘာမှ ဒုက္ခများဖို့ မလိုဘူး၊ သမီးဆောင်း နဲ့ လက်ထပ်ပေးခဲ့ရင်ပြီးသွားမှာကို ခုတော့ ကောင်းသေးလား၊ စိန်လက်စွပ်ပေးပြီး စေ့စပ်တယ်တဲ့၊ မြေပါလဲ ဆုံး၊ သားလဲဆုံး"

ယောက်ျားဖြစ်သူက ပြောတော့ ဒေါ်စောမြတ်သူ က နာကြည်းသည့်အကြည့်နှင့်…

"လက်စွပ်ကိုယူပြီး ဟိုကောင်မလေးက ရည်းစားနဲ့ သုံးဖြုန်းနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ရှက်တတ်ရင် လဲသေဖို့ကောင်းတယ် စု…၊ အဲဒါတွေ ဘာဘာ က ပြန်ပြောမပြဘူးလား၊ လူဝယ်ချင်းဆိုတော့ သူလဲ ရှက်မှာ ပဲ၊ အိမ်မှာကျတော့ ရွှေမင်းသားလေ၊ ဂုဏ်မြင့်သူ နဲ့ကျမှ အရှက်ကွဲ သွားတာကိုး၊ ရုတ်တရက် မိန်းမခိုးသွားတဲ့အထိ ဖြစ်တာလဲ အဲဒါတွေ ပါချင်ပါမှာ၊ နင် ဘယ်လောက် ငြင်းနေနေ ခွေမျိုးထဲက ရွေးထုတ်ပြီး ဘာဘာ နဲ့ လက်ထပ်ပေးရမှာကို နင် လုံးဝ မကြည်ဖြူဘူးဆိုတာ ရှင်းနေတာပဲ စု ရဲ့…"

"ကိုကိုဇော် အဲဒီလို ရှင့်ရှင့်သီးသီး မပြောပါနဲ့…"

"အေး… လိုရင်ပဲ ပြောတော့မယ်၊ ဘာဘာ ကို နင်တို့ပဲတွေ့တွေ့ ငါတို့ပဲ ရှာတွေ့တွေ့ အဲဒီမိန်းကလေးနဲ့ မဖြစ်ဖြစ်အောင် ခွဲရမယ် အခြေအမြစ်မရှိတဲ့ ပေါက်ပန်းလေးဆယ်နဲ့ အဖြစ်မခံနိုင်ဘူး"

ဦးဇော်သာပိုင် က တင်းမာသည့်လေသံနှင့် တစ်ထစ်ချ ဆုံး ဖြတ်၏။ ဒေါ်နုလတ် ကလည်း မာနရိပ်တွေ သမ်းနေသောအကြည့်မှင် ရှုးစိုက်လျက်…

"စု သဘောနဲ့ ဆုံးဖြတ်လို့ မရဘူးဆိုရင် ကိုကိုဇော် လဲ အနေသာ ကြီးပါ၊ သားက စု ရဲ့သား မဟုတ်ပေမယ့် တူအရင်းခေါက်ခေါက် ကိုကိုဇော် က တစိမ်း…"

"အာပြောတယ်…"

ဦးဇော်သာပိုင် နေရာမှ ဆတ်ခနဲ ထရပ်၏။ ချက်ချင်းပဲ ဆွဲလွှဲ ရိုက်နှက်တော့မလို စားပွဲခုံ ခံနေတာကို ခြေတစ်ဖက် မရမကတိုး၍ လက်သီးဆုပ်ကြီးပြင်လျက်…

"စကားကို ပြင်ပြောလိုက်စမ်း စု…၊ နင် ဒီလို ပြောရဲရအောင် ဘာလဲ…၊ ငါက သွေးမတော်တဲ့နေရာမှာ အေးအေးရပ်နေလို့ ရောင် တက်ပြောမလာနဲ့၊ အဖေကြီးက ငါ့အတွက်…"

"ခဏ နေပါဦး"





မင်းသမီး က လက်တပြင်ပြင်ဖြစ်နေသည့် ဦးဇော်သာပိုင် ကို ကြည့်၍ ခပ်ဖြည်းဖြည်း ထရပ်ကာ…

"အန်ကယ်မျိုး လဲ ခရီးသွားနေတယ်မို့လား၊ စကားဆိုတာ ပြော ပါများရင် အမှားပါတတ်ကြတာပဲ၊ မသိတဲ့လူတွေမှ မဟုတ်တာ၊ ဒီ လောက် မဖြစ်ကြပါနဲ့"

"မင်းသမီး နင် ဘေးဖယ်နေစမ်း၊ နို့နံ့မစင်သေးတဲ့ပါးစပ်က ဘုရားသံ၊ တရားသံနဲ့…"

ဒေါ်စောမြတ်သူ ပါ ထရပ်လိုက်တော့ ဒေါ်စုလတ် ရှေ့မှာ လင် မယားနှစ်ယောက် အားကောင်းမွမောင်းသန် ဖြစ်သွား၏။ မင်းသမီး က ဟိုဘက်အစွန်မှာပါ…။

ဒေါ်စုလတ် က ထိုင်နေလျက်က မထဘဲ လင်မယားနှစ်ယောက် ကို စိုက်ကြည့်နေခဲ့၏။ လောဘရောင်တွေထွက်နေသော ကိုကိုဇော့် မျက်နှာကြီးပေါ်က အေးစက်ခြင်းများသည် ဒီနေရာမှာ မင်းသမီး သာ ရှိမနေလျှင် ကိုယ့်ကို သတ်ပစ်မလားတောင် မသိ…။

မင်းသမီး ကတော့ တိုးမပေါက်နိုင်တဲ့ စကားတွေကို စောင့်ရင်း သိချင်နေတာကိုမေးဖို့ စိတ်စောနေသည်မို့ မကျေနပ်ကြတာတွေ ပေါက် ကွဲချင်နေတဲ့ အခြေအနေဆိုတာတွေ ဘာကိုမှ ဂရုမစိုက်မိဘဲရှိကာ…

"မီး မသိလို့ တစ်ခုလောက် မေးပါရစေနော်…၊ နို့နံ့မစင်ဘူးဆိုရင် လဲ မစင်တဲ့သူချင်းတောင် မသိလိုက်တဲ့သတင်းမို့လို့ အံ့ဩလို့ပါ၊ ဂုဏ် မြင့်သူ ကို မီး သိတယ်၊ ဒါပေမယ့် သူ့မှာ ချစ်သူ မရှိပါဘူး၊ ရှိရင် တောင် ဒီလက်စွပ်ကို ရမှ သုံးနိုင်စွဲနိုင်တဲ့လူမျိုး မဖြစ်လောက်ဘူးထင် တယ် အန်တီ၊ အဲဒါ သေချာလို့လား"

ဒေါ်စောမြတ်သူ ဆတ်ခနဲ လှည့်ကြည့်ပြီး ရုတ်တရက် ခရီး ခုနကတော့ ကမ္ဘာ ဘာဖြစ်နေနေ သူနဲ့မဆိုင်သလိုလို ပြောနေသည့် ခုကျတော့ ကမ္ဘာ ကိစ္စအဝဝကို သူပဲ အသိဆုံးဖြစ်နေသည့်အတိုင်း…။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝမကျသည့်စကားတွေကို ဒေါ်သဖြစ်သွားသော်လည်း ကိုယ် ပြောတာကို မယုံမကြည်မေးလိုက်တာမို့ မခံနိုင်..။

"သေချာ သိချင်ရင် ညည်း သွားစုံစမ်းပေါ့၊ ကောင်လေးနာမည် က တစ်လုံးတည်းရယ်၊ ဇေ တဲ့၊ စမ်းချောင်းက ပြွတ်သပ်ညပ်နေတဲ့ တိုက်ခန်းစုတ်စုတ်ပြတ်ပြတ်မှာ နေတယ်၊ အတိအကျသိချင်ရင် ပြော လို့ရသေးတယ်၊ မိဘတွေက တကွဲတပြားဖြစ်နေတဲ့ စရိုက်ပျက်တွေပဲ မောင်နှမသုံးယောက် ရှိတယ်၊ အိမ်ထောင်မရှိ၊ အလုပ်လက်မဲ့တွေ ဘာသိချင်သေးလဲ.."

မင်းသမီး က အံ့သြ ငေးငိုင်သွားသည့် မျက်နှာလေး လုပ်ထား ကာ ခေါင်းညိတ်နေလိုက်၏။ လက်စွပ်ယူထားတဲ့ တရားခံကို ဖော် ထုတ်နိုင်ပြီမို့ ကျေနပ်ဝမ်းသာသွားခြင်းကို ဖုံးဖိ၍ ဒီနေ့ ရောက်လာခဲ့မိ ခြင်းအတွက် ကံကောင်းလေခြင်းဟုလည်း သတ်မှတ်ခဲ့၏။

"အခု မျိုး က ခရီးသွားတာ ဘယ်လောက် ကြာနေပြီလဲ စု"

"မင်းက ဘာလုပ်ဦးမလို့လဲ စော..၊ နောက်ထပ် မိုက်ရိုင်းတာကို ခံချင်သေးလို့လား၊ ဘာမှထပ်ပြောမနေနဲ့၊ မောင်မောင်လတ် နဲ့ပဲ ပြော မယ်"

ဦးဇော်သာပိုင် က ဒေါ်စုလတ် ကို အကြီးအကျယ် ဒေါ်ပွ လျက်...

"မင်းရဲ့မိန်နေဂျာနဲ့ စက်ရုံမှူးကို သတင်းရတဲ့နောက် မျက်ခြည် မပြတ်လိုက်ကြည့်ဖို့ သေချာကျပ်ပေးထား၊ လှိုင်သာယာဘက်က ကုမ္ပဏီကကောင်တွေပဲ မောင်းခိုင်းထားတယ်"

"နေကြပါဦး ကိုကိုဇော် နဲ့ မမစော.."

စိတ်မထိန်းနိုင်အောင် ဖြစ်လာကာမှ ဒေါ်စုလတ် က ထိုင်ရာ ကနေ ထ,ရပ်လိုက်ကာ...

"စု တို့ သားလေးက တရားခံ ဝရမ်းပြေး မဟုတ်ဘူးနော်





ကြိုက်စံအိမ်က မျိုးဆက်အရှင်သခင်တစ်ပါးအတွက် မျိုးဆက်အုပ်ချုပ်နိုင်သူ တွေပဲ ဆုံးဖြတ်လို့ရမယ်၊ ကိုကိုဇော် တို့က စောင့်ထိန်းသင့်တဲ့အပိုင်း တွေကိုတောင် ချိုးဖျက်ရှေ့တိုးလာပြီဆိုတော့ စု ကလဲ ထိန်းသိမ်း ဆင်ခြင်နေစရာ မလိုတော့ဘူး၊ လူလေး ရွေးချယ်ထားတဲ့ မိန်းကလေး ကို ပစ်ပယ်ဖို့ သင့်,မသင့် စု တို့မောင်နှမသုံးယောက် ဆုံးဖြတ်မယ်၊ ဘေးတစ်စိမ်း မလိုဘူး"

"ဘာပြောတယ် မိစု..၊ နင်..."

"အို!... နေ... မလုပ်နဲ့..."

ဦးဇော်သာပိုင် က လက်သီးဆုပ်လျက် ခြေလှမ်းရွေ့၏။ ဒေါ်စော မြတ်သူ က ,ဆွဲထားကာ...

"မောင်ပဲ သူ့စကားကို ဂရုစိုက်ဖို့ မလိုဘူးဆို၊ စော တို့ မောင် မောင် နဲ့ ပြောဆိုခဲ့တာပဲဟာ"

ဒေါ်စောမြတ်သူ ဘာပြောနေနေ ဒေါ်စုလတ် က နောက်ထပ် ဘာမှထပ်မပြောတော့ပေ။ ဒါပေမယ့် မကြောက်တတ်သည့်မျက်ဝန်း တွေကတော့ သည်းခံနေတာလား၊ ကြောက်တာလားဆိုတာကို သိသာ အောင် ခွဲခြား ဖော်ပြနေသလိုဝင်..။

"တောက်...၊ ငါကိုယ်တိုင် ထမ်းပိုး ထိန်းကျောင်းလာခဲ့ရတဲ့သူ က ပမာမခန့် စော်ကားလိုက်တာ၊ ခွေးကိုက်ခံရတာထက် ဆိုးတယ်"

အမျိုးမျိုးသော ကြိမ်းဝါးခြင်းဖြင့် ဦးဇော်သာပိုင် တို့ ပျောက်ခွာ သွားကြသည်။ ဧည့်ခန်းထဲမှာ အကြာကြီး တိတ်ဆိတ်သွားပြီးမှ ဒေါ်စုလတ် ဆိုဖာပေါ်ကို တအိအိ ထိုင်ကျသွားလျက်...

"လောဘတွေ အဆိပ်တက်နေတာ ကြောက်စရာကောင်းလိုက် တာ၊ ရှက်ကြောက် စောင့်ထိန်းရမှန်း ဘာမှမသိတော့ဘူး"

တစ်ယောက်တည်း ညည်းတွားသလို တီးတိုး ရေရွတ်နေခဲ့၏။ မင်းသမီး လည်း စိတ်မကောင်းပါ၊ ဘာဘာ့ အတွက် ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



အစုလိုက်အပြုံလိုက် တက်နေကြမှန်း သိပေမယ့် ဒီအချိန်မှာတော့ ဘာမှမတတ်နိုင်သေးဘူးပဲ ပြောရမှာ ဖြစ်၏။

သူ့စိတ်ထဲမှာ အခြေအနေတစ်ခုကို ဆုံးခန်းတိုင် အောင်မြင်အောင် ဖန်တီးချင်သည်။ ဒီအတွက် မမှားနိုင်ဘူးလို့လည်း ယုံကြည်နေခဲ့၏။

နက်မှေးသော ရှားရင့်ရောင် ကနုတ်ပန်းများနှင့် ကျွန်းဆက်တီ ကြီးပေါ်မှာ အရုပ်ကြိုးပြတ်သလို ခပ်ငြိမ်ငြိမ် မှိုလှဲငေးငိုင်နေသော ဒေါ်စု လတ် ကို စိတ်ထဲက တောင်းပန်မိရင်း…

“အန်ကယ်လ်က တကယ်ပဲနော်…၊ သူတို့ ဒီလောက် ချမ်းသာ တာတောင်မှ လောဘက မသတ်နိုင်ဘူး၊ စက်ရုံတွေ၊ ကုမ္ပဏီတွေ ပိုင်ထားတာတောင် အများကြီးကို ထပ်လိုချင်နေတာ၊ အန်ကယ်လ် ဦးနိုင် တောင်မှ ဒီလောက် အပြောမကြမ်းဘူး”

“သူကတော့ အကြီးဆုံး အစ်ကိုကြီးအဖြစ်နဲ့ မောင်နှမအားလုံး အပေါ်မှာ ဩဇာညောင်းခဲ့တာကိုး”

ဒေါ်စုလတ် သည် အားနည်းသောမျက်ဝန်းများနှင့် လေလျှော့ရိလျှော့ ရဲ ပြော၏။

“ဘာပဲဖြစ်ဖြစ် သူ ပြောတဲ့စကားတွေ ဘောင်လွတ်နေတာကို သတိထားသင့်ပါတယ်၊ အန်တီစု တို့ မောင်နှမတွေ အားလုံးအပေါ်မှာ သူ့ ဩဇာ ဘယ်လောက်ညောင်းနေနေ ဘာဘာ က သံပတ်ရုပ်တစ်ရုပ်မှ မဟုတ်တာ”

ဒေါ်စုလတ် က ငေးချင်ရာငေးနေရင်း မချိသောပြုံးခြင်းနှင့် ကိုယ့်ကို ခပ်မတ်မတ် ပြင်ထိုင်လိုက်၏။

“ဒီလိုပါပဲကွယ်၊ အတွင်းသိဆိုတဲ့သူ ဒါမှမဟုတ် လူယုံပေါ့၊ လူယုံသတ်ရင် သေတယ်ဆိုတာ ကြားဖူးတယ်မို့လား၊ အတွင်းလူ သစ္စာဖောက်ပြီဆိုရင် ဘဝ သို့မဟုတ် ဖွဲ့စည်းမှုတစ်ခုခုဟာ ရုတ် တရက်တော့ ပျက်စီးပြိုကွဲသွားကြတာပဲ”





ဒေါ်စုလတ် က ပြောနေရင်း မင်းသမီး ကို လှည့်ကြည့်ကာ…

“မီး က တစ်ခုခုများ ပြောစရာရှိလို့လား”

“သူတို့ ပြောသွားတာတွေပါပဲ၊ စုံစုံလင်လင်ကို မီး လဲ ခုမှ သိရတာ”

“လက်စွပ်ကိစ္စလား…”

“ဟုတ်…”

ဒေါ်စုလတ် သက်ပြင်းချ၏။

“အဲဒီလို ဟိုမရောက်ဒီမရောက် လက်စွပ်ပျောက်သွားပြီထင် တယ်လို့ တွေးမိပါတယ်၊ အတွင်းကျကျ သိဖို့လဲ မကြိုးစားခဲ့ပါဘူး ကွယ်၊ သူတို့က စေ့စပ်ဖို့ ငြင်းတာမှမဟုတ်တာ၊ ကိုယ့်ကလေးကမှ မကြိုက်တာ၊ လက်စွပ် ဘယ်လောက်တန်တန် ဘာတတ်နိုင်မှာလဲ”

“သူတို့ပြောသလို ဘာဘာ က ဂုဏ်မြင့်သူ ကို မျှော်လင့်ခဲ့ဖူး သလားဟင်၊ ဟိုက ရည်းစားရှိတယ်ဆိုပြီး ရှက်သွားတယ် ဆိုတာ တကယ်လား”

ဒေါ်စုလတ် လေးလေးပင်ပင် ခါယမ်းနေသည့်ခေါင်းက အခုနှင့် မရပ်…။

“မဖြစ်နိုင်ပါဘူး…၊ ဒါပေမယ့် သွားတွေ့ဖို့ကို သိပ်မငြင်းခဲ့တော့ ဒီတစ်ယောက်နဲ့တော့ အဆင်ပြေမှာပဲလို့တွက်ပြီး စေ့စပ်လက်စွပ်ထည့် ပေးလိုက်တာ၊ ဂုဏ်မြင့်သူ နဲ့ စီစဉ်တဲ့ကိစ္စရဲ့နောက်မှာ လူလေး ဘာ အမူအရာမှ မပျက်ခဲ့ပါဘူး၊ နောက်ထပ်စီစဉ်ဖို့ ထပ်ရှိလာတာတွေ ကိုကိုနိုင် တို့က သူတို့သမီးကို… အိုကွယ်… မပြောချင်တော့ပါဘူး၊ ဘာဘာ ပျောက်သွားမှုကိုပဲ သူ အဲဒီလောက်ထိ စိတ်ပျက်သွားခဲ့မှန်း သိတာ၊ သားလေးကို အရမ်းစိတ်ပူတယ် မီး ရယ်…၊ တတ်နိုင် သလောက် ရှာပေးပါ၊ သူဦးလေးလဲ အဲဒီစိတ်နဲ့ ခရီးသွားရတာတောင် မဖြောင့်ရှာပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်က မိုးကောင်းသွားတာကို ပြန်မလာသေးတာလား"

"ဟုတ်တယ်..၊ အလုပ်ကိစ္စတွေ မပြတ်လို့လေ၊ ကိုကြီးက မိုးကုတ် မိုးကောင်းကလုပ်ငန်းတွေကို ဖြတ်ဖို့ ပြောထားတာကြာပြီ၊ သားလေးရဲ့ အိမ်ထောင်ရေးက ပိုအရေးကြီးလာလို့ ဘာမှမလုပ်နိုင်ခဲ့ဘူး ခုတော့ ကိုကြီး ပြန်လာတော့မှာ..."

"ဟင်!... အန်ကယ်လ်မောင် ပြန်လာမယ်"

"ဟုတ်တယ်..၊ မခေါ်လို့ မရဘူးလေ၊ ခုနက ပြောသွားကြတာ မကြားဖူးလား၊ မရှိတဲ့လူကို ဆွဲထည့်ပြောပြီး အနိုင်ယူချင်တာ၊ တကယ်က အမွေကိစ္စတွေရှုပ်မှာကိုသိလို့ ဒီကိစ္စ အမြန်ဆုံး စီစဉ်ပေးဖို့ ကိုကြီး ကိုယ်တိုင် ညွှန်ကြားတာပါ၊ လူကြီးတွေ ချမှတ်ခဲ့တဲ့ အစဉ်အလာက အိမ်ထောင်ရက်သားကျမှ ဘဝကို နားလည်ချင်စိတ်တွေဖြစ်ပြီး တည်ငြိမ် မှုရှိတယ်လို့ဆိုတာ အမွေတွေအားလုံးက ဘာဘာ အိမ်ထောင်ကျမှ လွှဲပြောင်းအပ်နှံလို့ဖြစ်မှာလေ၊ တကယ်တော့ သူ ချစ်တာလေးကို ရွေးလိုက်တယ်ဆိုရင်လဲ ကျေနပ်ပေးနိုင်ပါတယ်ကွယ်၊ လူလေးအတွက် တစ်ဖက်က စည်းစိမ်ဥစ္စာတွေပါဖို့လဲ အဓိကမကျပါဘူး၊ စိုးရိမ်တာက လူကြီးတွေ ဖွတ်စီစဉ်လိုက်မှာစိုးပြီး ဒါကို ရှောင်ရှားဖို့ တစ်ခုအတွက်နဲ့ မဟုတ်မဟတ်တွေ ဖြစ်သွားမှာကိုပါ"

"စိတ်ချပါ အန်တီ ရယ်..၊ ဒီကိစ္စ အရမ်းကို အရေးကြီးနေပြီမှန်း မီး နားလည်ပါပြီ၊ အမြန်ဆုံး သိရအောင် ကြိုးစားပေးပါ့မယ်နော်"

ဒေါ်စုလတ် က ယုံကြည်သည့်မျက်ဝန်းတွေနှင့် ပြုံးနိုင်ဖို့ကြိုးစား ရင်း ခေါင်းညိတ်ရှာသည်။ မင်းသမီး ကို ယုံကြည်မှုတွေဖြစ်နေမိတာ ဘယ်လို တွန်းအားမှန်း မသိပါ..။

ဒါပေမယ့် ခုထိတော့..။



## အခန်း ( ၄၀ )

စကားပြောသံကြားရတာ မဆန်းပေမယ့် မိန်းကလေးသံဖြစ်နေ တော့ စိတ်ဝင်စားသွားသည်။

ထမင်းစားမလို့ အဆင်သင့်ထည့်ယူလာပြီး အုပ်ဆောင်းအောက် သွင်းထားခဲ့သည့် ထမင်းပွဲနဲ့ ဟင်းယန်းကန်ကိုလည်း ထုတ်လိုက်ပြီး ဖြစ်သည်။

ဒါပေမယ့် စကားသံတွေကြောင့် အုပ်ဆောင်းအောက် အသာပြန် ထားလိုက်ကာ နှစ်ခန်းကူးသည့်တံခါးမှ မလွယ်ပေါက်ကနေ ချောင်း ကြည့်လိုက်မိသည်။

ဒီအပေါက်က သူ့ညှော်ခန်း၊ ကိုယ့်ညှော်ခန်းထိ ထုတ်ပေါက် မြင် ကွင်းကျယ် မြင်ရသည်။ ကမ္ဘာ နဲ့ အမျိုးသမီးတစ်ယောက်..။

ဆံပင်ရှည်ကြီးက တင်ပါးထိရှိ၏။ သူမ က ဒီဘက်လှည့်နေတာ မို့ ခပ်ဝိုင်းဝိုင်းနှုတ်ခမ်းတွဲလေးနှင့် မျက်နှာလေးကိုပါ မြင်နေရ၏။

ဆံပင်တွေ ရှည်ပေမယ့် ရုပ်မင်းရောင်ခါးရှည်ကိုယ်ကျပ်အင်္ကျီ ပြတ်လေးနှင့် ကျပ်ကပ်နေသော ဆွဲသားဂျင်းပင်နီအရှည်ကို ဝတ်ထား သည်။

www.burmeseclassic.com



ကိုယ်လုံးသွယ်သွယ်လေးမို့ ကြည့်ကောင်းပါသည်။ သို့သော် သူမ၏ မျက်တောင်ဖျားတို့ စင်းကျလျက် နွဲ့နေတာလား၊ ယိုင်နေတာလား မသိ...။

"ကဲ... နှင် ပြန်ပါတော့ ဆောင်း ရာ.."

"ဟင့်အင်း..၊ တမင်ရှာဖွေပြီး ရောက်အောင်လာခဲ့ရတာ၊ မပြန်ပါဘူး"

"ဟ!... ကျွတ်!... ထိုင်မှာဖြင့် ထိုင်စမ်းဟာ..."

"အိမ်ရှင်က နှင်ထုတ်နေတော့ ဘယ်လိုလုပ် ထိုင်ရမလဲ"

ဆောင်း ဆိုသည့် အမျိုးသမီးက လည်ပင်းကိုဖက်ပစ်လိုက်သဖြင့် မတ်တောက်ရပ်ရင်း သူမကို ထိန်းကိုင်ထားသည့် ကမ္ဘာ မျက်နှာငုံ့ကာ ရှေ့ကို စိုက်ခနဲ ယိုင်သွား၏။

"ဟား!..."

"အိုး!..."

ဒယိမ်းဒယိုင်တွေဖြစ်ကုန်လျက် ဆောင်း က ဆိုဖာပေါ်မှာ နောက်ပြန်ထိုင်ကျသွားပြီး ကမ္ဘာ ကိုယ်ကြီးက သူ့ပေါ်မှာ ကုန်းကွစီးမိုး လျက်...

ဒီ!... သူမ ရင်ထဲမှာ ဒိန်းခနဲ လှုပ်ခါသွား၏။ အသွေးအသားမှ သည် အရေပြားထိ သွေးစက်သေးသေးလေးတွေ ခုန်ပေါက် ဆောင့် တိုးနေသလို ကိုယ့်ကိုယ်ကိုယ် ပွတ်သပ်ကုတ်ဖဲ့ပစ်ချင်စိတ်တွေ ဖြစ် သွားသည့်အတိုင်း...

မျက်နှာချင်းထပ်လျက် လဲကျသွားတော့ ဘာတွေ ဖြစ်ကုန်ပြီလဲ..။ ချောင်းကြည့်ပေါက်ကနေ မျက်နှာခွာလိုက်ပြီး တံခါးမှာ ကျောကပ် ထားရင်း မျက်လုံးတွေကိုပါ မှိတ်ထားလိုက်မိသည်။

ဆောင်း ဆိုတာ ဘယ်သူလဲ..။

"ဖေဖေတို့အားလုံး နှင်နဲ့ ငါ့ကို..."





"အဲဒါတွေ မပြောနဲ့တော့၊ အခု ဘာလုပ်မလဲ ပြော..."

"ဘယ်သူမှ မသိမမြင်အောင် ပုန်းနေတယ်ဆိုလို့ တွေ့အောင် ရှာလာတာလေ၊ တွေ့ချင်လို့ပေါ့..၊ ဘယ်မှာလဲ ရှိ ဆိုတဲ့ နှင့်မိန်းမ..၊ တို့ လုံးဝ မယုံဘူးနော်၊ ပြ... ခု... ခေါ်ပြ.."

"ပြချင်ရင် နှင့်ကို ပြဖို့မလိုဘူး ဆောင်း၊ သူလက်ကိုဆွဲပြီး ကြိုက်စံအိမ်ရှေ့ ရပ်လိုက်တာနဲ့ အားလုံး ငါသဘောအတိုင်း ဖြစ်တယ်"

"အဟွန်း..၊ ဟုတ်မှာပေါ့၊ ဒါပေမယ့် နင် မသွားရဲဘူးမို့လား၊ ဟုတ်မှမဟုတ်တာ၊ မဟုတ်လို့ လူကြီးတွေက နောက်တစ်ယောက်နဲ့ ထပ်စီစဉ်မှာလဲ စိုး၊ ဟုတ်တယ်ထင်ပြီး လက်ထပ်ပေးလိုက်ရင်လဲ နာပြီလေ၊ နင်က လမ်းပေါ်က ရွက်ကျပင်ပေါက်လေးကို ခဏတစ်ဖြုတ် ခေါ်နိုင်းထားတာကိုး.."

"ဆောင်း..."

"ဒေါသဖြစ်သွားလား..၊ နှင့်ရဲ့ ဂုဏ်မြင့်သူ ရှုပ်ထားတဲ့ အရှုပ် ထုပ်ကိုပါ ပြောရဦးမယ်၊ နှင့်တီလေးတို့ မျှော်လင့်တကြီး ဆက်သခဲ့ပေ မယ့် အဲဒီလက်စွပ်က လူကြီးတွေမသိလိုက်ဘဲ သူ့ရည်းစားကို ထိုးပေး ပစ်လိုက်တာ သိရဲ့လား၊ ဟွန်း... ရှာလွန်းရှက်တိုက်တာလေ၊ ဘာတွေ ဖြစ်ကုန်လဲ..၊ ငါကတော့ သူလို မလုပ်ပါဘူး၊ နှင်နဲ့ဆိုရင် အချိန်မရွေး ခေါင်းညိတ်ပြီးသားပဲ"

"ဆောင်း... နင် ပြန်မှာလား၊ ငါ ဆွဲထုတ်ရမှာလား"

"ငါ နှင့်ကို သိပ်ချစ်ခဲ့တာ"

"ဟာ!..."

"ဒုန်း..."

"အင်း..."

ဘာသံတွေလဲ..၊ သူမ တံခါးကနေ ပြေးထွက်ခဲ့ကာ စားခိုခုံဆောင်း မှာရပ်လိုက်သည်။ စကားသံတွေ ကြားနေရဲ့ပေမယ့် ဘာတွေမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိနားကာပေ…။

လက်စွပ်က ဂုဏ်မြင့်သူ ပြန်ဝှက်ထားတာပဲ၊ ဆောင်း ဆိုတာက သူ့ရဲ့သည်းစားဟောင်းလား၊ ဒီရှုပ်ထွေးမှုတွေကို ကမ္ဘာ က ကြိုသိနေတာပျိုး၊ ဘာမှလည်း အံ့ဩပုံမပြ၊ ဒါဆို ကိုယ် ရင်ဆိုင်နေရသည့် အဖြစ်တွေဟာ…

ချက်ဝန်းအိမ်မှာ မျက်ရည်တွေ စိုစိုစွတ်စွတ်ဖြစ်လာ၏။ သူတို့ ငွေဖဲပုံးကပ်နေသောမြင်ကွင်းနှင့် ကမ္ဘာ နဲ့ ဂုဏ်မြင့်သူ တို့ တွဲကာ နေကြသည့်အဖြစ်တွေက ကိုယ်သာလျှင် ဘာမသိ၊ ညာမသိ ဖိနှိပ် အုပ်စိုးခြင်းခံခဲ့ရသော ရယ်စရာ အရူးတစ်ယောက်အဖြစ် ပေါ်လွင်လာခဲ့ရင်း…

"ရှီ…၊ ဟော့…"

တံခါးခေါက်သံ ကြားလိုက်ရသည်နှင့် သူ ဝင်လာတော့မှာကို သိလိုက်ကာ သူမ ကျလုလုမျက်ရည်တွေကို မျက်တောင်တဖျပ်ဖျပ် ခတ်၍ အကင်းအကျပ် ဖျောက်ဖျက်ဖို့ ကြိုးစားရ၏။

"ထမင်း မစားရသေးဘူးမို့လား"

ဝင်လာတော့ လက်ထဲမှာ ထမင်းပန်းကန်နှင့်…

"တစ်ယောက်တည်း စားရမှာ ပျင်းလို့၊ အတူတူ စားရအောင်"

"သူမ မဆာသေးဘူး"

ကမ္ဘာ က ထမင်းစားပွဲနားရောက်နေကာမှ နောက်ပြန်လှည့်ကြည့်၏။ နာရီကြည့်တော့ နေ့လယ် တစ်နာရီထိုးတော့မည်။ ကိုယ်ကတော့ ဆာနေတာပါ…။

သူမ သင်တန်းချိန် မပြီးသေးတာကို အသံကြားလို့ စောင့်နေတာ ဖြစ်သည်။ ဒီနေ့ကျမှ သူမ နှင့်အတူ ထမင်းစားချင်စိတ်တွေ ဘာလို့ ဖြစ်နေမှန်းမသိ…။

ပန်းကန်ကို စားပွဲမှာချလိုက်ကာ အုပ်ဆောင်းကို ဖွင့်လိုက်လျှင်





အောက်မှာ ထမင်းတစ်ပန်းကန်နှင့် မှိုကန်စွန်းကြော်တစ်ပွဲ…။

နောက်ထပ် ဘာပန်းကန်မှလည်း မရှိတော့ဘဲ ဘာဟင်းမှလည်း မတွေ့၊ ကမ္ဘာ သူ့ပန်းကန်ကိုပါ အုပ်ဆောင်းအောက် ထည့်ပစ်လိုက်ပြီး အပြင်ကို ပြန်ထွက်ခဲ့၏။

"ရှီ…၊ မင်း နေ့တိုင်း ထည့်ယူသွားတာ ဟင်းတစ်ပွဲပဲလား၊ အဲဒီဟင်းက အသီးအရွက်ကြော်ပဲပေါ့၊ ဟုတ်လား"

သူမ က စက်ခုံမှာထိုင်ချလိုက်ပြီး သူ ပြောတာကို လှည့်မကြည့်ဘဲ ချုပ်လက်စ အပြာရောင်အထည်ညှပ်စတွေကို ကိုင်၍…

"သူမ က ငယ်ငယ်ကတည်းက ဟင်းတစ်မျိုးပဲ စားခဲ့ရတာ၊ အဲဒီဟင်းကလဲ အသီးအရွက်တွေပဲ"

"အပိုတွေ မပြောနဲ့…"

ကမ္ဘာ က သူမ ဘေးကို ရောက်သွား၏။ စက်ခုံပေါ်မှ လက်နှစ်ဖက်ထောက်၍ ငုံ့လိုက်ကာ…

"မစားဖူး၊ မမြင်ဖူးတဲ့လက်က ဘာဟင်းမျိုးဖြစ်ဖြစ် ဘယ်သူမှ လိုက်မမီအောင် ချက်တတ်နေသလား"

သူမ ထိုင်လျက်ကနေ ဆတ်ခနဲ မော့ကြည့်၏။

"ဟုတ်တယ်လေ…၊ ချက်တတ်ပြုတ်တတ်နေလို့၊ အခု ရှင်လဲ အသုံးတည့်နေတယ်မို့လား၊ သူမ တတ်ထားတဲ့ပညာတွေက သူများကို အလုပ်အကျွေးပြုဖို့လေ…"

"ရှီ…"

ကမ္ဘာ့ လက်နှစ်ဖက်က စက်ခုံကို ဖြန်းခနဲ ပုတ်ပစ်လိုက်ပြီးမှ ပြန်ငုံ့ကာ…

"မင်း ပြောနေတာတွေ ဟုတ်တယ်…၊ မင်းကို အသုံးချတာ ဒါပေမယ့် မဟုတ်တာတွေရှိတယ်၊ အဲဒါ မင်း နားလည်အောင် ငါ မပြောနိုင်တဲ့အကြောင်းတွေ…"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ရှင် မပြောလဲ သူမ အားလုံး နားလည်နေပြီ"

ပြောနေရင်း ငိုသံလေးပါလာ၏။ သူမ ဆက်မပြောဘဲ နှုတ်ခမ်းလေးကိုက်ပစ်သည်။ ပြီးတော့ ကိုယ့်အသံကို တုန်ခါခြင်းနည်းအောင် ထိန်းချုပ်ရင်း…

"ပြောဖြစ်တိုင်းလဲ သူမ ရှုံးပါတယ်"

အားအင်ဆုတ်ခန်းသလို ဖြစ်နေသည့် ကိုယ်ကို ထူမတ်ရင်း သူမ လက်လေးထောက်၍ ထရပ်လိုက်သည်။ ထိုင်နေသည့် ခုံကိုပါ ခြေထောက်နဲ့တိုက်၍ ရွှေ့ဖယ်ပစ်လိုက်ကာ…

"ရှင့်ရဲ့ စာချုပ်အတိုင်း မပြီးဆုံးမချင်း သူမ ဒီတိုင်း ရှိနေပေးမယ်၊ ဘာမှမမေးဘူး၊ ရှင်နဲ့ ဘာမှ ပြိုင်ဆိုင်မပြောဘူး၊ မလိုအပ်ဘဲ သူမနဲ့ ရောနှောရင်းနှီးတာတွေ လာမလုပ်ဖို့ ရှင် ကတိပေးပါ"

မျက်ဝန်းမှာ မျက်ရည်တွေက ပြည့်နေပြန်ပြီ။ မငိုမိအောင် ထိန်းချုပ်ဖို့လည်း မဖြစ်နိုင်တော့တာမို့ သူမ သူ့ရှေ့က ပြေးဖို့ ကြိုးစား၏။

"ဘာကတိမှ မပေးနိုင်ဘူး၊ နေဦး…"

ကမ္ဘာက သူမ ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်လိုက်ကာ မျက်နှာလေးကို စူးစိုက်ကြည့်၏။ နုနုပြေပြေလေး ဝင်းမွတ်နေသည့် ပါးပြင်လေးတွေက အနီရောင်သမ်းချင်လျက် မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းလေးတွေက ပြူးပြက်လက်၍ ပို၍စူးသည်။

သူမကို စေ့စေ့ကြည့်မိတိုင်း တစ်မျိုးတစ်မည်ဖြစ်သွားတတ်သော ရင်ဘတ်သည် ခုတော့ ထိန်းချုပ်မှုကင်းလွတ်သွားသည့် မြင်းရိုင်းတစ်ကောင်လို ခုန်ပေါက် လှုပ်ရှားနေခဲ့ပြီ…။

"ရှင်… ရှင်…နော်… လွှတ်…"

သူမ အတင်းရုန်းသည်။ ရုန်းနေရင်း သူ့ရင်ခွင်ထဲ ရောက်သွား၏။ ကမ္ဘာ သည် နဖူးပြေပြေလေးကို အရင်ဆုံး ဖိကပ်နမ်းကာ မျက်ဝန်းလေးတွေကို နောက်ထပ် မှိတ်ကျသွားအောင် နမ်းသည်။





မျက်ရည်တို့ ဖြတ်ခင်း စီးစွတ်သွားသည့် ပါးပြင်လေးတွေကို ရှပ်တိုက်သွားခဲ့ပြီး…

"ဟင့်အင်း…၊ သွား…"

သူမ အတင်း ခေါင်းခါပစ်၍ သူ့ရင်ခွင်ကို တွန်းတိုက်ရုန်းကာ…

"သွား…၊ ရှင်… ရှင်…ထွက်သွား…"

နောက်ကို ကမန်းကတန်းဆုတ်၍ သူနဲ့ အလှမ်းကွာသွားအောင် ကြိုးစားပေမယ့် ခုံနဲ့တိုက်မိပြီး သူမ ယိမ်းထိုးသွား၏။ ကမ္ဘာ က လက်ကို ပြန်ဆွဲယူကာ…

"ငါ မင်းကို ဒီ့ထက် ရင်းနှီးချင်တယ် ရီ…၊ မင်းကို နမ်းတာ အနိုင်ကျင့် ရမ်းကားလိုက်တာ မဟုတ်ဘူး၊ ငါ့ရဲ့ဇနီးအဖြစ် ရင်ဘတ်ထဲ ထည့်လိုက်တာ…"

ဟင်!… သူမ ဆတ်ခနဲ ဖြစ်သွား၏။ လက်ကို ဆောင့်ရုန်းလိုက်တော့ သူက လွှတ်ပေးကာ…

"ကွာရှင်းပေးဖို့ ရက်တွေ၊ လတွေ တွက်ပြီး သိပ်မျှော်လင့်မနေနဲ့တော့၊ ငါ့ဘက်က မသေချာဘူး…"

"ဘာ!… ဘာပြောလိုက်တယ်"

ကိုယ် နားကြားမှားတာလား…၊ သူမ တံတွေးတစ်ချက်မျိုချရင်း ကမ္ဘာ့ မျက်နှာကို ပြူးတူးပြဲတဲ ကြည့်သည်။ ကမ္ဘာ က လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်ပြီး ပြန်ကြည့်ကာ…

"ဟုတ်တယ်…၊ မင်းကို ငါ ကွာရှင်းပေးမှာ မဟုတ်ဘူး"

ကြည့်စမ်း…၊ သူမ နှုတ်ခမ်းသားလေးတွေ မဟတဟ ပွင့်သွား၏။ ကိုယ့်ဘဝက ဒီလောက်တောင် ခုခံအားမဲ့နေပြီလား…။ မာနနှင့် ဒေါသ တ မျက်လုံးတွေကိုပါ ပြာမိုက်သွားစေလျက်…

"လူပါးဝဦး"

ကမ္ဘာ့ မျက်နှာ တစောင်း လည်ထွက်သွားတဲ့အထိ ရိုက်ချက်က

www.burmeseclassic.com



ပြင်းသည်။ အဆမတန် နာကျင်သွားသည့် ပါးတစ်ဖက်ကို လက်ခုံနဲ့ ကပ်လိုက်ရင်း ကမ္ဘာ ပြန်လှည့်ကြည့်ကာ…

"တောက်…"

စူးရဲသော မျက်ဝန်းများက မီးတောက်မီးလျှံတွေ တလွန့်လွန့် တက်နေသကဲ့သို့ရှိလျက် ဒေါသကို ထိန်းချုပ်ထားရတာမျိုး။ သို့သော် ပေါက်ကွဲချင်နေတာကို ဘယ်လိုမှ တားဆီးမထားနိုင်ဘဲ…

"မင်း…"

သူမ ပခုံးလေးနှစ်ဖက်ကို ဆွဲခါပစ်လိုက်မိသည်။

"မင်းကွာ.."

"ဘာလဲ..၊ ရှင် သိပ်ကို ဒေါသဖြစ်သွားလား၊ ရိုက်လေ… ရိုက်လိုက်စမ်းပါ၊ သခင်နဲ့ ကျွန် စော်ကားခံလိုက်ရတော့ နာမှာပေါ့၊ ရှင် ကြိုက်သလို တုံ့ပြန်လိုက်.."

သူမ ကလည်း အံကြိတ်၍ မျက်နှာလေး တစောင်းလှည့်ပေး သည်။ ကမ္ဘာ က သူမ ပါးပြင်လေးထက်မှာ နှာခေါင်းချွန်ချွန်နှင့် ဖိ ကပ်ပစ်တော့မလို ငုံ့မိုးကျလာလျက်…

"မိန်းမတစ်ယောက်ရဲ့ ပါးပြင်ဟာ ရိုက်နှက်ဖို့ မဟုတ်ဘူး ရှီ..၊ ဒါပေမယ့် ယောက်ျားတစ်ယောက်ကို ပါးရိုက်ရဲရင် ဘယ်လိုသတ္တိမျိုး မွေးထားရမယ်ဆိုတာတော့ မင်း သိထားဖို့ လိုတယ်"

"ဘာ!…"

သူမ နဲ့ ကမ္ဘာ မျက်လုံးချင်း ဆုံသွားကြ၏။ နီးနီးကပ်ကပ်လေး ပေမယ့် သူမ မျက်နှာလွှဲဖို့ မေ့နေခဲ့၏။ ကမ္ဘာ က ခြိမ်းသာခြိမ်း၍ မရွာသောမိုးလို ရှေ့ဆက်တိုးမလာခဲ့ဘဲ သူမ ပခုံးသားလေးတွေထက် မှာ ဖိဆုပ်ထားသည့်လက်တို့ကို ဖြေချလိုက်၏။

"ငါ မင်းပြောတဲ့ လူစားမျိုး မဟုတ်ဘူး၊ တကယ် ယုတ်မာတတ် ရင် မင်းအပေါ်မှာ အခွင့်အရေးတွေ အများကြီး ယူလို့ရတယ်ဆိုတာ





မင်း မှတ်ထားစမ်းပါ"

သူမ ခေါင်းခါရင်း စက်ရုပ်တစ်ရုပ်လို ပြန်ထိုင်လိုက်မိ သည်။ ပြီးတော့ ပါးရိုက်လိုက်မိသော နာကျင်နေဆဲ လက်ဖဝါးတစ် ဖက်ကို ဖိဆုပ်ထားမိကာ ငိုချင်နေတာမှန်း ကိုယ့်ကိုယ်ကိုယ် မသိလိုက် ခင် မျက်ရည်စက်တွေ ဖြစ်လာခဲ့၏။

ကမ္ဘာ သည် သူမ ကို ငုံ့မိုးကြည့်နေပြီးမှ ကျောခိုင်းရပ်လိုက်ကာ…

"ငါ ချည်နှောင်ဖို့ ကြိုးစားပေမယ့် လျှော့တိလျှော့ရဲပဲ ထင်တယ်၊ ဒါပေမယ့် မင်းက အခု တစ်ဖက်စကို ဆွဲဖြတ်လိုက်တော့ တင်းသွားပြီ ရှီ..၊ အဲဒါကြောင့် ပြတ်တောက်မခံနိုင်ဘူး၊ မင်း ငါ့နားကနေ ဘယ်မှ သွားလို့မရတော့ဘူးဆိုတာ အတိအကျ သေချာတယ်"

သူမ ကို တစ်ချက် ပြန်ငုံ့ကြည့်ပြီး သူ ထွက်လာခဲ့သည်။ ရင်ထဲ မှာ ဖြောင်းဆန်အောင် လှုပ်ခါနေဆဲရှိသည့် ခံစားချက်တွေ ဘာသာမဲ့ နေတိုင်း…

သူမ စွပ်စွဲပြောဆိုလာသမျှကို တိကျသော ဖြေရှင်းချက်များနှင့် ပြန်လည် မချေပနိုင်ခဲ့တိုင်း…

ရှီ ဆိုသည့် သူမ ကိုပဲ ပခုံးလေးနှစ်ဖက်ကနေ အရုပ်လေးတစ်ရုပ် လို ဆွဲလှဲကိုင်ပေါက်ပစ်ချင်သည်။ မျက်ရည်တွေ ပြည့်အိုင်နေတတ် သည့် မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်နေရင်း ရင်ခုန်လှုပ်ရှားလာ သမျှ အတင်းပွေ့ပိုက်နမ်း၍ တအားငိုသွားအောင် ဒုက္ခပေးချင်၏။

နာရီ၊ စက္ကန့်တွေ ရွေ့လျားနေတာနဲ့အမျှ သူ့စိတ်တွေ သူမ အနား မှာ ဖြစ်နေခဲ့တာကို တစ်နေ့တခြား သိသိလာသည်။ ဒီလို မဖြစ်ချင်ပေ မယ့် ဒါပဲ သေချာနေ၏။

အခန်းကူးတံခါးနားမှာ ခြေစုံရပ်၍ တံခါးရဲ့တစ်ဖက်ငယ်ကို ကျော် သွားနိုင်ဖြစ်နေသော စိတ်တို့က ဘာကို တောင်းဆိုနေသည်မှန်း မသိ ပေ။ ထို့စဉ်…

www.burmeseclassic.com

www.burmeseclassic.com



စက်ချုပ်သံကြမ်းကြမ်းက နားထဲကို ထိုးဖောက်ဝင်လာခဲ့ပြီး…

"အား!…"

သူမ ၏ စူးစူးဝါးဝါးအော်သံလေးက အသည်းခိုက်အောင် နာကျင်သွားမှန်း သိသာလျက်…

"ရှီ…"

ကမ္ဘာ ချာခနဲ ပြန်လှည့်ပြေးသည်။

"အား…၊ သေပြီ … သေပါပြီ…"

"ဘာဖြစ်တာလဲ၊ ဘာ… ဟာ!…"

သူမ သည် စက်ချုပ်အပ်မှာ စိုက်လျက်သားဖြစ်နေသည့် လက်ညှိုးကို ဖိကပ်ထားပြီး အပ်ကို အပေါ်ပြန်တက်သွားအောင် စက်ရဲ့ဘီးကို လှည့်လိုက်၏။

"အား…"

"နေဦး…၊ ခဏနေဦး…"

အပ်က လက်ညှိုးထိပ်ကို ထုတ်ချင်းပေါက် စိုက်နေသည်မို့ ဖြန်ဆွဲထုတ်နေသည့် သူမ မျက်နှာလေးက အံကြိတ်ထားပေမယ့် သွေးမရှိတော့သလို ဖွေးဆုတ်နေ၏။

ကမ္ဘာ ရောက်လာကာ တနုံ့နုံ့ ဆွဲထုတ်နေသည့်အပ်ကို မြန်မြန်ပြန်တက်သွားအောင် သူမ လက်ချောင်းလေးထိပ်ကနေ ထပ်ဖိကာလိုက်ပြီး ဘီးကို ဆတ်ခနဲ လှည့်ပစ်လိုက်၏။

"အား!…"

သူမ စူးစူးဝါးဝါးအော်ကာ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွား၏။

"ရှီ…"

"နာတယ်…၊ အရမ်းနာတာပဲ"

"နာမှာပေါ့…၊ ဘယ်လို ဖြစ်သွားတာလဲ၊ ထ လိုက်တော့ကွာ"

သူ ဆွဲထူတဲ့အတိုင်း သူမ ကိုယ်လေး ပါလာ၏။ တုန်ယင်အော





စက်နေသည့် ကိုယ်ခန္ဓာတစ်ခုလုံးက ချွေးစေးတွေနှင့် စိုစွတ်နေသေးသည်။

အပ်စိုက်ခံထားရသည့်ဒဏ်ရာသည် သွေးတစ်စက်မှမထွက်ဘဲ နီကျင်ကျင် အစက်လေးအဖြစ်သာ မြင်ရကာ ဆိုဖာမှာ ထိုင်လိုက်မိကာမှ သွေးစလေး စို့ထွက်လာ၏။ သူမ ကို ထိုင်ခိုင်းထားပြီး ရေချိုးခန်းရှေ့က တန်းမှာ တင်ထားသည့် တဘက်ကို သွားဖြုတ်လိုက်သည်။ ပြီးတော့ သူကိုယ်တိုင်ပဲ သူမ နဖူးနဲ့ လည်တိုင်ကြားက ချွေးတွေကို သုတ်ပေး၏။

အဲကွန်းထ ဖွင့်တော့ မီးပျက်နေသည်မို့ စာအုပ်တစ်အုပ်ကောက်ယူကာ ယပ်ခတ်ပေးသည်။ သူမ သည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် လက်တို့ ဖိဆုပ်ထားရင်း…

"နာတယ်…၊ တစ်ခါမှ မဖြစ်ဘူးတော့ သူမ ဒီလိုကြီး မခံစားခဲ့ဖူးဘူး သိလား၊ အရမ်း ကြောက်တာပဲ"

မျက်လုံးထဲမှာ အပ်နောက်ပါသွားသည့် လက်ညှိုးပုံစံကြီးကို မြင်ကာ တဆစ်ဆစ် တိုးဆောင့်နာကျင်လာသည့်ဝေဒနာနှင့် ရော၍ ကြောက်လန့်နေတာလည်း မပြေ၊ ဗိုက်ပါ နာကျင်လာတာလည်း သိသာနေခဲ့လျက်…

"ဟား!…"

သူ့ဘာသာ ပျာလောင်ခတ်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသဖြင့် သူမ ငိုချလိုက်တော့ ကမ္ဘာ ဆံပင်တွေကို ပြန်ဖွမိလျက် ရှုံ့မဲ့သွားသည်။

"တိတ်ပါကွာ…၊ ဒီမှာ ဘာလုပ်ရမှန်း မသိတော့ဘူး၊ အဲဒါ ကိုယ့်ကြောင့်ဖြစ်တာ…၊ မင်း စိတ်လှုပ်ရှားပြီး မှားကုန်တာ"

တောင်းပန်သလိုလို ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သလိုလို ပြောရင်း သူမ ဘေးမှာကပ်ထိုင်၏။ ထို့နောက် ဖိဆုပ်ထားသည့် လက်ညှိုးလေးကို ဆွဲကြည့်လိုက်တော့ သွေးတွေ တော်တော်ထွက်နေပြီ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အရက်ပြန် ရှိလား၊ ဒီမှာ.."

သူမ ရှိုက်နေရင်း ခေါင်းခါသည်။ ဒီအချိန်မှာ ဒေါသတွေ၊ မာန တွေ ဘာမှမရှိတော့ဘဲ သူဟာ ကိုယ့်ရဲ့ သူငယ်ချင်းကောင်း၊ ဒါမှ မဟုတ် တစ်ယောက်တည်းသော အားကိုးရာလူလို လက်ကို ကိုင်ထား တာလည်း ကျေနပ်သည်။

ပခုံးလေးကို သိမ်းဖက်လိုက်တော့လည်း သူ့ရင်ခွင်တစ်ခြမ်းမှာ သူမ မျက်နှာလေး ဖေးတင်ထားခဲ့မိ၏။

"ဒဏ်ရာက အရမ်းကြီးတယ်၊ ပေါ့ဆလို့ မရဘူး၊ ကာကွယ်ဆေး ထိုးဖို့ ဆရာဝန် ပင့်ရမယ်၊ လောလောဆယ် အရက်ပြန်ဆွတ်ထား အောင်၊ ထ..."

သူ ထရပ်လိုက်ရင်း သူမ ကိုပါ တစ်ပါတည်း ဆွဲထူလိုက်သဖြင့် အတူတူ ပါလာရင်း သူမ က မော့ကြည့်သည်။ ဘာမှမမေးဘဲ ရှိုက်နေ ပေမယ့် သူ နားလည်ကာ...

"မင်းနဲ့ကိုယ် လင်မယားလေ၊ ဆရာဝန်လာရင် ဒီတိုင်း သိသွားမှာ တင့်တယ်မှာပေါ့၊ မင်းသိက္ခာအတွက်ပါ"

သူမ ဖြေတာကို မစောင့်ဘဲ သူ့အခန်းထဲထိ ခေါ်သွားသည်။ သူမ ဘာမှမငြင်းနိုင်ဘဲ ချက်ချင်း နီရဲရောင်တက်လာသည့်လက်ကိုသာ ကြောက်လန့်နေမိ၏။

အရက်ပြန်ဆွတ်တာတောင် အထိမခံနိုင်တော့အောင် နာကျင် လာသည်။ ငိုပြီးရင်း ငိုချင်နေတာကို မျိုသိပ်ထားသော်လည်း ရှိုက်သံ မပါသည့် မျက်ရည်တွေကတော့ ကျမြဲသာ..။

ဆရာဝန် ရောက်လာတော့ ကာကွယ်ဆေး ထိုးပေးခဲ့ပြီး...

"လက်ထိပ်လက်ဖျားတွေက တခြားနေရာတွေထက် ပိုပြီး နာ ကျင်တယ်၊ နှင်းဆီဆူး စူးတာတောင် အခန့်မသင့်ရင် ကွေးလို့ဆန့်





မကောင်းအောင် ဖြစ်သွားသေးတယ်လေ၊ ညှော်မမိအောင်တော့ ဂရု စိုက်ကွယ့်၊ တကယ်လို့ ဒီည အကိုက်အခဲတွေ ကြမ်းလာရင် ဆေး သောက်လို့ရအောင် သောက်ဆေး ပေးခဲ့မယ်၊ သက်သက်သာသာနဲ့ ပြီးရင်လဲ ပြီးသွားမှာပါ၊ မကြောက်နဲ့နော်.."

ဆရာဝန်က ကမ္ဘာ ကို ပြောလိုက်၊ သူမ ကို လှည့်မှာလိုက်နှင့် အခန်းကိုလည်း မျက်လုံးတစ်ချက်ဝေ့သည်။ အနီးဆုံးက ဆရာဝန်ကို အရေးပေါ် ခေါ်လိုက်ရတာမို့ မျက်နှာစိမ်းမို့ အကဲခတ်တာ ဖြစ်ဖည်။

"ဒေါက်တာ ကျွန်တော့်မိန်းမ ကိုက်ခဲပြီး သောက်ဆေးနဲ့ မသက် သာရင် ညမှုညတာ ဒေါက်တာ့ကို ပင့်လို့ရမလား၊ ဖုန်းနံပါတ်လေး တစ်ချက်လောက်..."

ဒေါက်တာက ခေါင်းညိတ်ပြီးမှ ခပ်တွေတွေဖြစ်သွားကာ...

"ဒီဘက်မှာ ညကိုးနာရီထိတော့ ရှိမယ်၊ နောက်ပိုင်းမှာ မြောက် ဥက္ကလာ ရောက်နေပြီဆိုတော့ အရမ်းဝေးတယ်၊ အဆင်မပြေဘူး ထင် တယ်"

ဒီလောက်ပြောတာနှင့် ကမ္ဘာ သဘောပေါက်သွား၏။ ထို့ကြောင့် ဆရာဝန်ကို ကားနားထိ လိုက်ပို့ပြီး ခေါင်းထဲမှာ ရှုပ်ယှက်ခတ်အောင် စဉ်းစားနေမိ၏။

အပ်ပေါက်ရာလေးဆိုပေမယ့် ဒဏ်ရာက နည်းတာမဟုတ်၊ ခု တောင် သူမ ဒီလောက်ခံစားနေရရင် ကြာလေ ပိုဆိုးလေ ဖြစ်နိုင်သည်။

အဖျားတွေဘာတွေတက်တဲ့အထိ မဖြစ်ဘူးလို့ရော ပြောနိုင် လား။ သူ အထဲကို ပြန်ဝင်ခဲ့စဉ် မင်းသမီး ဆီက ဖုန်းလာသဖြင့် အပြင်ကို ပြန်ထွက်ခဲ့ရ၏။

"မမ ပြော..."

"ပြောချင်လွန်းလို့ပါ ဘာဘာ ရယ်..၊ မင်း အပြင်ကို တစ်ချက်မှ မထွက်ပါလား၊ ကိုကလဲ မလာအားဘူး၊ ဘာတွေ ဖြစ်နေတာလဲ"

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး၊ အဲဒါ မေးမလို့လား"

"မဟုတ်ပါဘူး ဘာဘာ ရယ်..၊ ဒေါသက ဖြစ်ချင်နေပြီ၊ မောင်လေးရဲ့ မွေးသဖခင်ကြီး မနက်ဖြန် ပြန်လာမယ်တဲ့"

"ဟင်!..."

"ဟုတ်တယ်..၊ အန်တီစု လဲ သနားပါတယ်ကွယ်၊ မင်းကို မတွေ့တော့ ဟိုက ရောက်လာရင် ပြဿနာအကြီးကြီးတက်မှာတွေးပြီး လှုမမာလေးလို ဖြစ်နေရှာတယ်"

"အဲဒါ သူတို့လုပ်တာပဲ၊ ကမ္ဘာ ဆိုတဲ့ကောင်ကို သစ်ပင်တစ်ပင် ပျိုးသလို ဂရုစိုက် မွေးမြူပြီး နွားသိုးတစ်ကောင်လို..."

"မဟုတ်ပါဘူး မောင်လေးရယ်..၊ အခု အရမ်းကို နောင်တရနေပါပြီ၊ မင်း ပြန်သွားရင် ဒီကိစ္စတွေလဲ..."

"မမက ကျွန်တော့်ကို ပြန်ခိုင်းနေတာလား"

"ခဏဖြစ်ဖြစ် သွားတွေ့စေချင်တာပါ၊ အခု အန်ကယ်လ်ဇော်တို့ကလဲ ဆောင်း နဲ့ လက်ထပ်ဖြစ်ဖို့ကို အတင်းအကျပ် မဖြစ်ရဲတော့ဘူး ထင်တယ်၊ မောင်လေး ဖေဖေ ပြန်လာမယ်ကြားကတည်းက ငြိမ်သွားကြတယ်"

ဆောင်း ကတော့ ဒီထိ ရောက်အောင်လာသွားပြီးပါပြီ၊ မျော်ထပ် ဘယ်လို အစွယ်အပါးတွေ ထပ်ပါလာဦးမည်မသိ။ ဒါပေမယ့် ဆောင်း အကြောင်း သူ မပြောဖြစ်ခဲ့ပါ..။

"အဆိုးဆုံးက ဆောင်း တို့သားအဖနဲ့ ဟိုမိသားစုပဲလေ အန်ကယ်လ်မောင် ပြန်လာပြီဆိုရင် သူတို့ နည်းနည်းတော့ အရှိန်သေသွားမှာပါ၊ ကိုယ့်အဖေနဲ့ ပြန်တွေ့ပြီး မင်းဖြစ်ချင်တာလေး ခွေးချွေကြည့်ပါလား၊ သူမ နဲ့ ဟန်ဆောင်နေတယ်ဆိုတာလဲ 'စာချုပ်..."

"မမ..."

"ဟင်!..."





"ရှီ နဲ့ ကျွန်တော့်ရဲ့ အလုပ်သဘောချုပ်ခဲ့တဲ့ စာချုပ်ကို ဖြဲပစ်လိုက်ပြီ"

"ဘာ!..."

"သူ့ကို ကျွန်တော် ကွာရှင်းပေးမှာ မဟုတ်ဘူး"

"ဟော့တော်..."

ဖုန်းထဲက မင်းသမီး အံ့သြသွားပုံက ဝမ်းသာသွားတာနှင့်လည်း တူ၏။ ကမ္ဘာ က ဂရုမစိုက်မိပါ..။

"သူ ကျွန်တော့်ကို လက်မခံနိုင်သေးဘဲ ဖေဖေတို့နဲ့တွေ့လို့ မဖြစ်ဘူး၊ မမပဲ ဒီလိုနေ၊ ဒီလိုပုန်းဖို့ လမ်းပြထားခဲ့ပြီး ခုမှ လက်ထောက်မချလိုက်ပါနဲ့.."

"ဒီလိုတော့ တို့ မလုပ်ပါဘူး ဘာဘာ ရယ်..၊ ဒါပေမယ့်လေ သူမ ကို အန်တီစု တွေ့ပြီးသားပဲ၊ မင်းရဲ့ဖေဖေနဲ့..."

"တော်ပါတော့ဗျာ..၊ စိတ်တွေ အရမ်းရှုပ်နေလို့ မစဉ်းစားချင်ဘူး၊ ဒီနေရာကလဲ မလုံခြုံဘူးဆိုတော့ ရှီ နေကောင်းတာနဲ့ ကျွန်တော် သွားမယ်"

"ဟင်!... ဘယ်လို..၊ ရှီ... အဲ... သူမ နေမကောင်းဘူး ဟုတ်လား၊ အဲဒါကြောင့် မင်း ဒေါကန်နေတာလား၊ ဘာဘာ..."

ဗလစ်ဆန်အောင် ပြောနေသေးတာကို ကြားလျက်နှင့် ဂိတ်ပစ်လိုက်သည်။

စိတ်ထဲမှာ အရေးကြီးနေတာက-ရှီ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

အနှာရှိုက်တက်ကာ သူမ သတိလစ် မေ့မြောသွားသဖြင့် ညနှစ်နာရီခွဲမှာ ဆေးရုံတင်လိုက်ရသည်။ အချိန်မတော်ပေမယ့် ကျော်သက် တို့ ပြေးလွှားရောက်လာကြသည်။

"ဒီလောက်တောင် ဖြစ်သွားသလား၊ အခု ဘယ်လိုနေလဲ"

"ကိုယ်ပူတော့ ကျသွားပြီ၊ သတိမရသေးဘူး၊ မင်း ငါခိုင်းထားတာ လုပ်ပြီးပြီလား"

"အေးပါ..၊ မနက်ဖြန် သတင်းစာမှာပါအောင် သေချာလုပ်ထားတယ်၊ ဒါနဲ့ မင်းရဲ့ ရှီ ကျေနပ်မယ် မထင်ဘူးနော်၊ ခုလိုဖြစ်သွားတော့ သတင်းစာမှာပါလာရင် မင်း မတရားလုပ်သလိုကြီး ဖြစ်နေဦးမယ်"

ကျော်သက် နဲ့ ကမ္ဘာ ပြောနေကြတာကို သဏ္ဍာ တို့ ဘာမှဝင်မပြောဘဲ နားထောင်နေကြ၏။ အချိန်မတော် အိပ်ရာကနေ ထလာကြတာမို့ အိပ်ချင်နေတာတော့ မဟုတ်ပေမယ့် အာသွက်လျှာသွက် မဖြစ်သေးတာမျိုး..။

ကမ္ဘာ က ဖုန်းထုတ်ပြီးမှ ပြန်ထည့်လိုက်ကာ တစ်ခုခုပြောတော့မလိုနှင့် မပြောဘဲ အခန်းထဲကို ဝင်သွား၏။ ကျော်သက် က မင်းထူ နဲ့ သဏ္ဍာ ကို နေခဲ့ဖို့ လက်ပြပြီး သူ့ပဲ လိုက်သွားခဲ့၏။



"မပူပါနဲ့တော့၊ စိတ်ချရပါပြီ"

အထွေထွေ အထူးကုဆရာဝန်နှင့် သူနာပြုဆရာမက အားပေးသလို ပြုံးပြကာ ဆရာဝန်က ကမ္ဘာ ပခုံးကို တရင်းတနှီး ပုတ်ခတ်၍...

"ဒဏ်ရာကို ရေဆွေးပတ်အုပ်ထားတာလား၊ အာငွေ့ပေးထားတာလား"

"ဗျာ!..."

ကမ္ဘာ မျက်နှာတစ်ပြင်လုံး မီးရောင်အောက်မှာ ရဲတွတ်သွား၏။ ပြီးတော့ ဆံပင်သပ်လိုက် နဖူးပွတ်လိုက်နှင့် တိတ်ကျသွား၏။

"အဟွန်း..ဟွန်း.. လုပ်ရမှာပေါ့၊ မဟုတ်ရင် ဒီဒဏ်ကို ခံနိုင်ဖို့ မလွယ်ဘူး"

နောက်ထပ် ဘာမှ ထည့်ပြောမသွားပေမယ့် သူနာပြုဆရာမလေး နှုတ်ခမ်းလေးကို လက်နဲ့ကွယ်၍ ရယ်သွားသည်။ ကျော်သက် မျက်လုံးတွေ လူနာခုတင်ပေါ်မှာ ပက်လက်ကလေးရှိနေသည့် သူမ ရင်ဘတ်ပေါ်က လက်ချောင်းကလေးတွေဆီ ရောက်သွားသည်။

"သွားတော့.."

"ဟာမ်!..."

သူ ကြည့်နေတာကို ပျက်သွားအောင် ကမ္ဘာ က ပခုံးတစ်ဖက်ကို တွန်းလွှတ်လိုက်၏။

"ဘယ်သွားရမှာလဲ"

"အပြင်ကို..."

"မင်းက သူမ ကို ဖက်နမ်းမလို့လား"

"ဟေ့ကောင်..."

ကျော်သက် က နာခေါင်းရှုံ့ပွပွနှင့် သူ့ကို မမြင်ဖူးသလို မျဉ်ဆုံးခေါင်းဆုံးကြည့်၏။

"မင်း အဲဒီလောက်ထိ ဖြစ်သွားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ က ဝန်မခံပေမယ့် 'ဘာဖြစ်လဲ' ဆိုသည့် နှုတ်ခမ်းသား တို့ကို မဲ့ပစ်လိုက်ပြီး သူမ နားကို လျှောက်သွားသည်။ ညဝတ်အင်္ကျီ ပေါ်မှာ ကုတ်အင်္ကျီရှက်ကို ထပ်ဝတ်ထားသည့် ကမ္ဘာ သည် သူမ ကြောင့် ကမန်းကတန်း ပြေးလွှားထွက်ခဲ့တာမှန်း သိသာလျက်…

"ငါတို့ မဆုံဖြစ်ကြတာ သိပ်မကြာသေးပါဘူး၊ မင်း ရင်ထဲကို ကြိုမသိလိုက်ရတာ ရင်နာတယ်"

"သေလိုက်!…"

"အေးပါ၊ ဒီလိုပဲ ဖြစ်သွားမှ ကောင်းမှာပါ၊ မင်းအ ချစ်တယ် ဆိုရင် အားလုံးပြီးပြီ၊ သူမ က ဘဝဆင်းရဲပေမယ့် အရှက်နဲ့ မာနနဲ့—"

"သူက ငါ့ကို မုန်းနေတာထင်တယ်"

ကမ္ဘာ က သူမ ဘေးမှာ ရပ်နေရင်း မျက်နှာလေးကို ငုံ့ကြည့်လိုက် လို့နောက် နဖူးဆံစလေးတွေကို တယုတယ ပွတ်သပ်ပေးနေကာ…

"ငါ့ကိုယ်ငါတောင် နားမလည်လိုက်ဘူး၊ မျက်တောင်တစ်ခတ် ပင့်သက်ရှိုက်မှာပဲ ဝုန်းဒိုင်းကျဲကုန်တာ…"

"သူမ ကို မင်း ဟိုအစကတည်းက စိတ်ဝင်စားခဲ့တာပဲ၊ အဲဒါ မင်းကိုယ်မင်း မသိပေမယ့် ငါတို့ သိတယ်လို့ ပြောခဲ့သားပဲ"

ဒီတုန်းကတော့ ကမ္ဘာ မဲ့ရွဲ့ငြင်းခဲ့လေသည်။ မီးရောင်အောက်မှာ ဖြူဖျော့ဖျော့ မျက်နှာလေးနှင့် အဖျားရှိန်ကြောင့် နှုတ်ခမ်းလေးတွေ ရဲနေသေးသော သူမ သည် ကျစ်ဆံမြီးလေးနှစ်ဖက်ကြောင့် ပို၍ တင့် တယ်အေးချမ်းသော အလှတရားတို့နှင့် ပြည့်စုံနေ၏။

ကမ္ဘာ က သူမ ရဲ့ စိမ်းညို့သော မျက်ခုံးတန်းလေးကို ဖွဖွလေး တို့ထိကိုင်နေရင်း တစိမ့်စိမ့်ငေးနေကာ ကျော်သက် ကတော့ ငေးနေသူ ၏မျက်နှာကို ဘေးကကြည့်၍ ခေါင်းညိတ်နေသည်။

မယုံလို့လည်း မဖြစ်…။



## အခန်း (၄၂)

ဘယ်သူတွေကြည့်ပြီး ဖြုံးနေမလဲ…၊ မသက်မသာ သက်ပြင်းတွေ ချနေသလား၊ ဘာမှ ဂရုမစိုက်နိုင်ဘဲ ဖုန်းတစ်လုံးနှင့် မိုးသောက် အပြင်မှာ ခေါက်တုံ့ခေါက်ပြန် ဖြစ်နေသည်။

ဖုန်းခေါ်နေတာ မနေ့ကတည်းက ဖြစ်သည်။ ဒီနေ့လည်း မိုးချုပ် တော့မည်။ ဖုန်းဝင်နေပြီးမှ မကိုင်ဘဲ ပိတ်ပစ်လိုက်သည့်တစ်ချက်မှာ ဒေါသရော စိတ်ပူတာရော ရင်ထဲမှာ ရွှေသွား၏။

သူမ ဘယ်လိုအချိုးချိုးနေတာလဲ ဒါမှမဟုတ် တစ်ယောက် ယောက်ရဲ့ မယောဂလား။ ဘယ်လောက် အလုပ်ရှုပ်နေနေ သူမ က ဖုန်းပိတ်ပစ်တဲ့အထိတော့ လုပ်မှာ မဟုတ်တာကို ယုံကြည်နေသည်။

တိုးတက်ရေး၊ အောင်မြင်ရေးဆိုသည့် ခေါင်းစဉ်တွေနှင့် လွတ် လပ်စွာ သွားလာနေထိုင်ခွင့်ပြုပေးလိုက်သည့် ဦးလေး ဦးတိုးနိုင် ကို လည်း အပြစ်တင်သလိုမျိုး သူ ပြောခဲ့မိပြီ…။

နောက်ထပ် ဘာမှပြောစရာမရှိတော့ပေ။ သူမ နဲ့ စကားပြောမိ ရင်သာ အကျပ်ကိုင်ပြီးတော့ဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုနှင့်ဖြစ်စေ သူမ ထွက်လာအောင် လုပ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ တွေ့ကြလျှင်တော့ ဘာတွေဘယ်လိုရှိရှိ သူမ ၏ မျက်စိအောက်ကပျောက်မသွားအောင် ထာဝရပိုင်ဆိုင်နိုင်ရေးအတွက် အတင်းအကျပ် ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။

"ကျွတ်!…"

ဒီနံပါတ်ကိုပဲ ခေါ်နေရလွန်းလို့ 'လူကြီးမင်း' ဖြေသံကလည်း ကျက်သရေမဲ့စွာ နားထဲစွဲနေပြီ၊ ညောင်းညာကိုက်ခဲသလို ဖြစ်လာသည့် ခြေထောက်တွေကို သတိရကာမှ ဖုန်းကို အိတ်ထဲပြန်ထည့်၍ အထဲဝင်လာခဲ့စဉ်…

"ဟယ်!… သတို့သမီးက ရှီ တဲ့ ကြည့်စမ်း…၊ ဘေးမှာ သူမ လို့ ကွင်းခတ်ထည့်ထားသေးတယ်၊ ဖေဖေ့တူမများ ဖြစ်နေမလား မသိဘူး"

ဆူး ရဲ့အသံက တကယ် အံ့ဩတာနှင့်မတူပါ။ ရယ်သံလေးရွှတ် လျက် မိုးသောက် ဝင်လာတာကို လှမ်းကြည့်ပြီး တမင်တကာ လှောင် ရယ်နေသလိုပင်…။

"မဟုတ်တာ သမီးရယ်၊ သူမ က ဒီလိုလုပ်ပါ့မလား၊ လူကြီးတွေ စိတ်ပူနေတာကို စ,နောက်စရာကျနေတာပဲ"

ဦးတိုးနိုင် ကလည်း အနားမှာရှိနေသည့် ဒေါ်စိုးယု ကိုရော ဝင်လာသည့် မိုးသောက် ကိုပါ အားနာစိတ်နှင့် ဆူး ကို မျက်မှောင်ကုတ် ကြည့်၏။ ဆူး က မမြင်သလိုနေကာ…

"လူကြီးတွေထက် ပိုပူနေတဲ့သူကို အားတက်သွားအောင် သတင်း ပေးတာပါ"

ဆူး က မိုးသောက် မျက်နှာကို ပြောင်ပြောင်ကြည့်ပြီး တည့်တည့် ပြောတော့သည်။ မိုးသောက် ကလည်း ကိုယ့်သောကနဲ့ကိုယ် သတင်းစာတောင် မလှန်ဖြစ်ခဲ့တာမို့ ဆူး ကိုင်ထားသည့်သတင်းစာကို စိတ်ဝင်စားကာ ဆိုဖာမှာ ဝင်ထိုင်လိုက်၏။





တမင်တကာ နှိုးဆွလှောင်ရယ်နေတာကိုတောင် ဒေါသဖြစ်နေ သလား မသိ။ ဆူး က ငုံ့ကြည့်ပြီး နှုတ်ခမ်းမဲ့လိုက်ကာ မျက်လုံးက ဒေါ်စိုးယု ဆီကိုပါ ရောက်၏။

"သတို့သားက ကမ္ဘာ တဲ့၊ ဘွဲ့တွေ၊ ဒီဂရီတွေနဲ့ ထယ်ဆင့်အကယ် ဒမီပဲ၊ မိဘတွေကလဲ ပညာတတ်တွေပဲ၊ ပြီးတော့ ဒီမှာ ပါသေးတယ်၊ တိုက်ဂစ်အိမ် တဲ့"

သတင်းစာ ဖတ်ပြလိုက်၊ မျက်နှာမော့လာပြီး ဖြစ်နိုင်ချေတွေပြော လိုက်နှင့် ဆူး က သူမ ဒီလို တကယ်ဖြစ်နေနိုင်သည်လို့ ပြောတာနှင့် မတူဘဲ မတန်မရာတွေ နှိုင်းယှဉ်ရှုတ်ပြရင်း ချိုးဖဲ့နေတာနှင့် တူလေ သည်။

"အင်း… ပြောလို့ ဘယ်ရမလဲနော်၊ နာမည်ကျော် ဒီဇိုင်နာပေါက် စလည်း ဖြစ်၊ ရုပ်လေးကလဲ လှတပတ ကြည့်ပျော်ရှုပျော် ဖြစ်လာပြီ ပေ၊ သူဌေးတစ်ယောက်တော့ ရနိုင်တာပေါ့"

"ခဏပေး…"

မိုးသောက် က လက်လှမ်းတော့ ဆူး က လက်ကို လွှဲပစ်လိုက် ကာ…

"သူများဖတ်နေတာကို ဘယ်လိုဖြစ်တာလဲ"

"သမီး…"

"ဖေဖေကလဲ ဆူး လဲ ဖတ်ပြနေတာပဲ၊ ဖတ်ကြည့်လဲ ဒါတွေပဲ"

ဦးတိုးနိုင် မျက်နှာပူကာ သမီးဖြစ်သူကို ကလေးတစ်ယောက်လို လက်လေးတစ်ဖက် ဆွဲခေါ်သွားပြီး ကွယ်ရာကျမှ…

"နင် ဒီလောက်တောင် စိတ်ပုပ်ရသလား၊ ဒီလိုစကားတွေ ပြော နေရသလား၊ အဲဒါ နင့်ညီမ…"

လို့ ပြောပြောပြီး ရိုက်နှက် ဆုံးမပစ်ချင်စိတ်တွေ ဖြစ်နေခဲ့၏။ မိုးသောက် မျက်နှာကလည်း ဟန်ဆောင်မရနိုင်လောက်အောင် ရှုတ်



www.burmeseclassic.com

www.burmeseclassic.com



ယွင်းလျှက်…

"အဲဒါကို ဖတ်ကြည့်ရမှ ဖြစ်မယ် ဆူး…၊ ကိုယ့်ကို ခဏပေးပါ"

"ဟွန်း…၊ ဒီက မဟုတ်တာတွေ ရွတ်ပြနေတာကျနေတာပါ ရော…"

ဆူး က သတင်းစာပေးရင်း မိုးသောက် ဘေးမှာ နီးကပ်စွာပြောင်း ထိုင်လိုက်၏။ ပြီးတော့ ပခုံးချင်းထပ်နေအောင် တိုးကပ်၍ ဖတ်ပြီးသား ကိုပဲ လိုက်ငုံ့ကြည့်ကာ…

"တွေ့လား…၊ တွေ့ပြီလား…၊ လက်ထပ်ပြီးစီးခြင်းတဲ့၊ ရှီ ကျ တော့ ဘွဲ့တစ်ခုပဲ ပါတယ်၊ မိဘတွေလဲ မပါဘူး၊ အဲဒါကြောင့်ပြော တာ၊ ကိုကိုတို့ရဲ့ သူမ ဖြစ်နိုင်တယ်လို့…"

ဒေါ်စိုးယု က ပြုံးစိစိ ဖြစ်နေသည့် ဆူး မျက်နှာကို စိတ်ပျက်စွာ ကြည့်၍…

"မေမေ့ကို ပေးပါဦး သားရဲ့…"

သတင်းစာက ဒေါ်စိုးယု လက်ထဲ ရောက်သွားပြန်ကာ နောက် ဆုံးကျမှ ဦးလေးဖြစ်သူထံ ရောက်၏။

ဒေါ်စိုးယု နဲ့ ဦးတိုးနိုင် တို့ မျက်လုံးချင်းဆုံသွားသည်။ မိုး သောက် ကတော့ မျက်နှာခပ်လွှဲလွှဲနှင့် ဘာမှလည်းမပြော၊ ဘယ်သူ့ကို မှလည်း မကြည့်…။

"ရှီ ဆိုတဲ့နာမည်ကို ဘေးမှာ ဘာသာပြန် တမင်ထည့်ထားတယ် ဆိုတော့ မြန်မာမိန်းကလေးမဟုတ်လို့ ဖြစ်မှာပါ၊ မိဘနာမည် မထည့် ထားတာကိုက…"

ဒေါ်စိုးယု က သားဖြစ်သူ ရင်ထဲကမီးကို တတ်နိုင်သမျှ ငြိမ်း သတ်ပေးဖို့ ကြိုးစား၏။ ဒါပေမယ့် မိုးသောက် ထ,ထွက်သွားသဖြင့် စကားတောင် ဆုံးအောင် မပြောဖြစ်လိုက်…။

"အမလေး ကိုကိုရယ်၊ ထင်ပဲ ထင်ရက်တယ်၊ အန်တီယု ကမှ



အနီးစပ်ဆုံး တွေးနိုင်သေးတယ်၊ ကိုကို ဒီလောက်တောင် မှန်နေရ သလား"

"သမီး ဘယ်လိုပြောလိုက်တာလဲ"

"ကိုကိုက အဲဒီလို ဖြစ်နေတာကိုး၊ သူမ ဘယ်လောက်တော်နေနေ ဒီလိုလူမျိုးနဲ့ ခုလို လွယ်လွယ်ကူကူ ဖြစ်သွားပါ့မလား၊ ထင်ယောင် ထင်မှားကို ဖြစ်ဖို့ မရှိဘူး၊ စားသောက်ဆိုင်မှာ အဆိုတော်ကောင်မလေး ကို မီလျှံနာသူဌေးက ပန်းကုံးစွပ်ပေးသွားတာမျိုးဆိုရင်တော့ ဟုတ် တုတ်တုတ်…"

ဆူး ရဲ့ အထင်မြင်သေးခြင်းက ချက်ချင်းပေါ်လာ၏။ ဒေါ်စိုးယု မနေနိုင်တော့ပါ…။

"သူမ ဒီရက်ပိုင်းမှာ မဆက်သွယ်လို့ အားလုံး စိတ်ပူနေကြတယ် ဆူး၊ သူက ညည်းရဲ့ညီမ မဟုတ်ဘူးလား၊ ပြောသမျှ စကားထဲမှာ စိုးရိမ်တာ၊ စာနာတာ ဘာမှမပါတဲ့အပြင်…"

"ဘာကို စိုးရိမ်ရမှာလဲ အန်တီယု ရဲ့၊ သူမ က ကိုယ့်ခြေထောက် ပေါ် ကိုယ် ရပ်နိုင်တယ်ဆို…"

မေးလိုက်ပြီး ဖအေကို လှမ်းကြည့်လိုက်သေးသည်။

"သူ့အတွက် ဘာမှ ပူဖို့မရှိဘူး၊ ဆူး အတွက်ပဲ ပူရတာဆို…"

လူကြီးနှစ်ယောက် ကြားမှာ မျက်လုံးတွေပြေးလွှား၍ မေးခွန်း တွေ ထုတ်နေလျှက်…

"တကယ် ဟုတ်နေရင်တောင် ဟိုဘက်က သူဌေးရဲ့မိဘတွေက ပူရမှာပါ"

နောက်က ပြောဆိုနေသံတွေကြောင့် စိတ်ဖိစီးမှုတွေ အရှိန်မြင့် ကာ မိုးသောက် အခန်းထဲဝင်၍ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

မျက်လုံးထဲမှာ သတင်းစာမျက်နှာပေါ်က ရှီ(သူမ)ဆိုသည့် သတို့ သမီးနာမည်က ပြုံးပြုံးပြဲပြဲကြီး ခွဲကျန်ခဲ့၏။ ဘာမှ သေချာသေးရပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒါဟာ သူမ ပဲလို့ ဘာဖြစ်လို့ စိတ်ထဲမှာ သေချာနေမှန်း မသိ…။

နောက်ထပ် ဖုန်းထုတ်လိုက်ပြီး ခေါ်ပေမယ့် 'လူကြီးမင်း' ကပဲ နှုတ်ဆက်၏။ သူမ ဘာတွေလုပ်နေသလဲ…၊ ဟိုတစ်ခါ လပြည့်ဝန်း ပလာဇာမှာ နောက်က တမင်တကာ လိုက်ချိတ်သည့် လူရွယ်နဲ့များ ပတ်သက်နေသလား…။

“ဟား!…”

မှန်းကျပ်လာသည့် ရင်ထဲမှာ သက်ပြင်းတွေ ရှူရှိုက်မှုတ်ထုတ်နေလို့လည်း မပြေ။ ကြာလေ ပိုကျပ်လေ။

ရင်မောခြင်းဟာ ပင်ပန်းမောပန်းခြင်းထက် ဆိုးရွားမှန်း ကိုယ်တိုင် ခံစားဖူးမှ သိတော့သည်။

နောက်ဆုံး ဘယ်လိုမှ မနေတတ်တော့ဘဲ ထိုင်ရာမှ ထရပ်လိုက်ရင်း ဖုန်းနဲ့ကားသော့ကို တစ်ဖက်စီကောက်၍ အခန်းထဲက ပြန်ထွက်ခဲ့

“ကိုကို…”

ဆူး က သူ့အခန်းရှေ့မှာ လက်ပိုက်လေးရှိနေလျက် သူ ထွက်လာတာကို နားလည်နေသည့်မျက်ဝန်းလေးတွေနှင့် ရယ်၏။

“ကိုကိုက သူမ လက်ထပ်သွားတယ်လို့ ထင်နေတာပေါ့၊ ဟုတ်လား”

“မင်း စိတ်မဝင်စားခဲ့တဲ့အကြောင်းတွေမို့လား၊ ဘာဖြစ်လို့ စပ်စပ်စုစုတွေ ပြောနေတာလဲ”

“ဟုတ်တယ်… စိတ်မဝင်စားခဲ့ဘူး…၊ ဒါပေမယ့် သူမ ကို စိတ်မဝင်စားတာ၊ ကိုကို့ကို မဟုတ်ဘူး”

မျက်မှောင်ကုတ်၍ စူးရဲနေသော မျက်ဝန်းနှင့် ရီဝေညှို့ငင်သော မျက်ဝန်းတို့ ဆုံစည်းသွား၏။

ဆူး က ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီး အသံလေးထွက်အောင် ရယ်ကာ…





“ကိုကို လွှမ်းချင်သလောက် လွှမ်းလို့ရပါတယ်၊ ဒါပေမယ့် ပြေးစက်ပေါ်မှာ ပြေးနေသလိုပေါ့၊ ပြေးလွန်းလို့ ချွေးထဲမှာရျော်ပြီး ဖုန်းဖုန်းလဲကျသွားရင်တောင် တခြားကိုတော့ ရောက်သွားမှာ မဟုတ်ဘူး”

ပြောပြီးတော့ စိုက်ကြည့်နေသည့် မိုးသောက် ကို ပြန်မော့ကြည့်သည်။

“ကိုကို အပင်ပန်းခံနေလဲ အပိုပဲဆိုတာ သိစေချင်လို့”

စကားဆုံးသည်နှင့် မျက်နှာလေးက တင်းတင်းမာမာ ဖြစ်သွားသည်။ ချာခနဲ လှည့်ထွက်သွားသဖြင့် လွဲယမ်းရိုက်ခတ်သွားသည့် နားဆွဲပိုင်းလေးတွေက တစ်စုံတစ်ရာအတွက် စိန်ခေါ်သွားသလို ရှိလေသည်။

မိုးသောက် ဒီတိုင်းရပ်ကြည့်နေခဲ့ရင်း ရှုပ်ထွေးသွားသည့်အတွေးများနှင့် ရုတ်တရက် ဘာလုပ်ဖို့ဆိုတာတောင် မေ့နေခဲ့သည်။

ဆူး ပြောသွားသည့်စကားတွေက ကမ္ဘာကြီး ပြောင်းပြန်လည်သွားသလို…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၃ )

""နေကောင်းရဲ့လား ရှီ…""

""အင်း…""

သူမ ချက်ဝန်းလေးက ကမ္ဘာ့ မျက်နှာထက်မှာ အကြာကြီး ငြိတွယ်နေပြီးမှ အပြင်ထွက်သွားကြသည့် ကျော်သက် တို့နောက်ကို တစ်ချက်ဝေ့ကာ…

""သူမ အားနာလိုက်တာ၊ အားလုံး သူမ ကြောင့်…""

""မဟုတ်ပါဘူး၊ ကိုယ့်ကြောင့်ပါ""

ကမ္ဘာ က လယ်သာဂျက်ကက်အနက်ခါးတိုနှင့် စပို့ရှပ်အနုဝါကို ဝတ်ထား၏။ ဆံပင်တွေ ဖြန့်ထားတိုင်း ကြည့်ကောင်းနေတတ်သည့် မျက်နှာ ချောချောက အရင်လို ရန်ဖြစ်ချင်နေသော သုန်မှုန်နေသည့်ပုံစံမျိုး မဟုတ်သဖြင့် ပိုပြီး ကြည်လင်ချောမွေ့နေသည်။

ကောက်သည့်ဆံပင်ရှည်တွေ ခပ်အုပ်အုပ်နှင့် မျက်နှာသွယ်သေမယ့် မိန်းမဆန်သည့်ပုံစံမျိုးလည်း မဖြစ်‥။

ဒီလို ချောမွေ့ပြည့်စုံနေသည့် လူတစ်ယောက်သည်…

""ကိုယ်တို့ လက်ထပ်ပြီးစီးကြောင်း ဒီနေ့ သတင်းစာထဲမှာ ပါလာပြီ""





""ဟင်!… ဘယ်လို…""

သူမ စိတ်တွေ ညှို့သက်တွေဝေနေဆဲ ကြားလိုက်ရသည့်စကားကြောင့် လှဲနေရာကနေ အတင်း လူးလဲထ,မိသည်။ ကမ္ဘာ က သူမ လက်မောင်းလေးတစ်ဖက်ကို ဖိထားလိုက်ပြီး…

""လှဲနေပါ‥၊ အပြင်းအထန် ဖျားထားတော့ မင်း နုံးနေမှာပေါ့၊ အားလုံးက ပြီးသွားပြီ၊ ဘာမှ ပြင်ဆင်ဖြည့်စွက်လို့ မရတော့ဘူး""

""ကမ္ဘာ‥၊ ရှင်… ရှင်… တကယ် လုပ်ပစ်တယ်‥၊ ရှင်… တကယ် ပြောနေတာလား‥""

""ညာစရာလား ရှီ‥၊ မင်းရဲ့သဘောတူညီမှုကို စောင့်ဖို့ ကိုယ့်မှာ အချိန်မရှိတော့တဲ့အတွက် လုပ်လိုက်ရတာ၊ ကိုယ် တောင်းပန်ပါတယ်""

သူမ က ထ,ထိုင်ဖို့ သူ့လက်ကို အတင်းဖယ်ချသည်။ ကမ္ဘာ က မဖယ်ခဲ့ဘဲ…

""မင်းအပေါ်မှာ ကိုယ့်စိတ်တွေ ဖောက်လွဲဖောက်ပြန် ဖြစ်နေပြီမှန်း သိလိုက်တာနဲ့ ဆုံးရှုံးမခံနိုင်လို့ လုပ်ပစ်လိုက်တာ‥၊ သူငယ်ချင်းတွေတောင် အံ့သြနေကြတယ်၊ ကိုယ့်ကိုယ်ကိုယ်လဲ ဘာဖြစ်သွားမှန်း မသိလိုက်ဘူး""

""ရှင် ဘာဖြစ်ဖြစ် သူမ နဲ့မဆိုင်ဘူးလေ‥၊ အခု လုပ်လိုက်တာ ရှင်နဲ့ သူမ…""

""တစ်သက်လုံး အတူနေကြဖို့ပါ""

""အို!… မဖြစ်ဘူး၊ ရှင် ဘယ်လို… အို!… ဒုက္ခပါပဲ၊ ဒီသတင်း ဦးလေးတို့သာ သိသွားရင်…""

သူမ တုန်လှုပ်နေတာကို ကမ္ဘာ က တိတ်ဆိတ်စွာ ကြည့်နေပြီးမှ…

""ကိုယ် တွက်လိုက်တာ မင်းရယ်၊ ကိုယ်ရယ်ပဲ၊ တခြား ဘယ်သူမှ မပါဘူး""



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မလား..၊ သူမ မှာ ဦးလေး ရှိသေးတယ်"

"မင်းပဲ ပြောတာလေ၊ ဦးလေးအရင်း မဟုတ်ဘူးဆို၊ မလွှဲသာလို့ စောင့်ရှောက်ပေးထားတဲ့သဘောပဲ ဆိုတော့..."

"ရှင် ပြောတော့ လွယ်လှချေလား"

"ဘယ်ကလာ လွယ်ရမှာလဲ..၊ ကိုယ်လဲ ရင်ဆိုင်ရဦးမှာတွေ အများကြီးပဲ"

"အဲဒါတွေကို ပြောတာ..၊ ဒီလိုလုပ်လိုက်တာ သတင်းစာဖိုး အကုန်ခံလိုက်တာနဲ့ ဖြစ်မြောက်သွားမှာပဲ၊ ဒါပေမယ့် လူကြီးမိဘတွေကို..."

"မလိုပါဘူး..၊ မင်းနဲ့ငါ ပေါင်းမှာ၊ သူတို့က လက်ခုပ်တီးပေးမလား၊ ခဲနဲ့ပေါက်ထုတ်မှာလား ဒါ သိဖို့ပဲ၊ ကျန်တာ မလိုဘူး"

ကမ္ဘာ့ မျက်နှာမှာ ဖွတ်တရွတ်ဆန်ခြင်းတွေ ပြည့်နှက်နေ၏။ သူမ လက်မောင်းသားလေးတွေပေါ်မှာ ဗိကပ် ဆုပ်ကိုင်ထားခြင်းကို နည်းနည်းမှ မလျှော့ဘဲ...

"ကိုယ့်ဖေဖေ ပြန်လာမယ်ဆိုတာ ဒီနေ့လား၊ မနက်ဖြန်လား မသိဘူး၊ အဲဒီအခါ ရှင်းရမှာတွေဖြစ်လာရင် မင်းနဲ့ငါ တစ်စီမံတွေ ပြန်ဖြစ်သွားမှာကို မလိုချင်တာ..၊ ပြီးတော့ ငါ လုပ်ခဲ့တဲ့လုပ်ရပ်အတွက် နောင်တမရတဲ့ပြင် မင်းမျက်နှာကို ကြည့်မိတိုင်း ကျေနပ်နေတယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား..."

"မသိချင်ဘူး..၊ သူမ အဲလိုကြီးလဲ မလုပ်နိုင်ဘူး ကမ္ဘာ၊ ရှင် သူမ ကို အသိမပေးဘဲ ဘာဖြစ်လို့ လုပ်လိုက်တာလဲ..၊ ကျေးဇူးတင်နေတဲ့စိတ်တွေတောင် ပျောက်ကုန်ပြီ သိလား၊ ရှင် နေရာတကာ နိုင်လိုမင်းထက် သိပ်လုပ်တယ်"

သူမ အတင်းအကျပ် ရုန်းနေကာ ငိုတော့မည်ဆိုတာလည်း သိလိုက်သဖြင့်...





"ကိုယ် စောင်းပန်နေတာ ရှိ..၊ မင်း ရုပ်ပျက်မှာင်ပျက်လုပ်ပစ်လို့ လူတွေ သတိထားမိကုန်ရင်လဲ အားလုံး တလွဲတွေချော်တွေ ဖြစ်ကုန်မှာအပြင် ဘာမှ ပြောင်းလဲသွားမှာ မဟုတ်ဘူး"

ရုန်းထဖို့ ကြိုးစားစဉ် တံတောင်နဲ့ဖိမိလိုက်သည့် မာကျောကျော အရာကို သတိထားမိလိုက်စဉ် သူမ ရဲ့လှုပ်ရှားမှုတွေ နှေးကွေးသွားခဲ့၏။

အပြာရောင် ဘီးလေးတစ်ချောင်း..။

သူမ ပန်းတစ်ဖက်မှာ ပုံခဲကျနေသော ဆံပင်တွေကို ချက်တောင်များလေးစင်း၍ ငုံ့ကြည့်လိုက်မိ၏။ သူမ ကျစ်ဆံမြီးမဖြေဘဲ အိပ်လျှင် ခေါင်းကိုက်တတ်သည်လို့ ကမ္ဘာ့ ကို ပြောခဲ့ဖူးသည်။

ပြေပြေလည်လည် ပြောဖြစ်ဆိုဖြစ်ကြတာတော့ မဟုတ်ပါ။ သူမ ကိုဆို အမြဲတမ်း အလုပ်များနေတတ်သူ၊ အလုပ်မရှိ အလုပ်ရှာနေတဲ့သူ စသဖြင့် ဝေဖန်တတ်လွန်းလို့ စကားများရင်း၊ ရန်ဖြစ်ရင်း ပြောခဲ့မိတာ ဖြစ်သည်။

ဒီဆံပင်ကို ဘယ်သူ ရှင်းပေးထားတာလဲ..၊ ပြီးတော့...

"အား!... ကိုက်တယ်၊ အရမ်းကိုက်တာပဲ"

သူမ လက်ဆန့်ထားရင်း အော်နေမိ ဘုန်း နွေးခနဲ ဖြစ်သွားခဲ့သည့်ည..။

"ကမ္ဘာ မလုပ်ပါနဲ့..၊ ရပါတယ်..."

သူ့ခံတွင်းထဲ ထည့်ပစ်လိုက်သည့် ဒဏ်ရာနှင့်လက်သည် ကိုက်ခဲနာကျင်မှုတွေအားလုံး ယူပစ်လိုက်သလို ပျောက်သွားသဖြင့် ငြင်းနေရင်းနဲ့ သူမ ငြိမ်သက်သွားခဲ့မိတဲ့အဖြစ်တွေ..။

သူမ ခေါင်းလေး ခေါင်းအုံးထက်သို့ တဖြည်းဖြည်း ပြန်ကျသွားခဲ့၏။ ဖြစ်ခဲ့တာတွေကို ပြန်တွေးလိုက်သည်နှင့် သူ လုပ်ပစ်လိုက်တာအားလုံးကို ခွင့်လွှတ်နားလည်ပေးချင်စိတ်တွေ နေရာယူလာသည်။

ကိုယ်က ဘာသားနဲ့ထုထားတာမို့လို့လဲ..၊ သနားစရာကောင်းလှချင်



www.burmeseclassic.com

www.burmeseclassic.com



သနားသည်။ ချစ်စရာတွေ့ရင်လည်း ချစ်တတ်ပါ၏။ တွေ့ကြတာ မကြာခဲ့ဘူးဆိုပေမယ့် ကမ္ဘာ နဲ့ သူမ အတူနေ အတူစားနေခဲ့ကြသည့် လူတွေ..။

မသင့်မြတ်ကြတာတွေထဲမှာ ရင်းနှီးစွာ ထိတွေ့ပတ်သက်ခဲ့တာ တွေ၊ တစ်ယောက်နဲ့တစ်ယောက် သိသာမလွယ်ခဲ့သော ငဲ့ညှာစာနာမှု တွေ.. ဒါတွေလည်း ရှိခဲ့ကြသည်။

ပြေလည်ငြိမ်းချမ်းသွားကြမည်ဆိုရင်တော့ ဒါတွေဟာ သံယော ဇဉ်တွေအဖြစ် အခိုင်အမာ ရှိလာမှာပါ။ ဒါပေမယ့် ကမ္ဘာ ရဲ့ ဘဝ အခြေအနေနဲ့ သူမ ရဲ့ဘဝက...

"ရှီ..."

သူမ ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွားသဖြင့် မဟုတ်တာတွေ ဆွဲတွေးနေမှာစိုးသောကြောင့် ကမ္ဘာ က ဒဏ်ရာရှိထားသည့် လက် ဖဝါးလေးကို ညင်သာစွာ ဆွဲယူလိုက်၏။

"ဘာတွေညာတွေ လျှောက်တွေးမနေနဲ့ကွာ..၊ ကိုယ့်ကို မင်း ယုံကြည်ပါ၊ မင်းဘက်မှာ ကိုယ် ရှိနေမှာဖြစ်သလို ကိုယ့်ဘက်မှာ မင်း ရပ်တည်ပေးရမယ်၊ ကိုယ်တို့အတွက် ဒါပဲလိုတာ.."

သူမ လှဲနေရင်း ခေါင်းခါ၍ အားငယ်သည့်အတွေးကြောင့် မျက် ရည်တွေ ဝေ့တက်လာ၏။ မျက်ဝန်းထောင့်ကနေ ပူနွေးစွာ ဖြတ်ဆင်း သွားပြီးမှ...

"မယုံနိုင်ဘူး..၊ သူမ ရှင့်ကို မယုံဘူး၊ ရှင်နဲ့ သူမ မဖြစ်နိုင်ဘူး ဆိုတာ..."

"ဘာလို့ အဲဒါတွေ ခေါင်းထဲထည့်နေတာလဲ၊ မင်းမှာ ကျော ထောက်နောက်ခံ ဘာမှမရှိဘူးဆိုတာ ကိုယ် သိတယ်၊ ကိုယ့်အသိထဲ မှာ မင်းက တစ်ကောင်ကြွက်ပဲ သိရက်နဲ့ ကိုယ် ဆုံးဖြတ်ခဲ့တာ မင်းကို ကိုယ် နားလည်ဖို့အပြင် ဘာလိုသေးလဲ"





"လိုတယ် ကမ္ဘာ..၊ လိုလို့ပဲ ရှင် အိမ်ကနေ ထွက်ပြေးနေရတယ် မို့လား၊ သူမ ကို ဒုက္ခမပေးပါနဲ့..၊ သူမ ဒီတိုင်းလေးပဲ နေပါစေ၊ ဆင်းရဲတယ်ဆိုတာ သူမ ဘဝပဲ၊ ဘယ်လောက် ဆင်းရဲဆင်းရဲ..."

"မင်းကို ငါ လက်ထပ်တဲ့နေ့ကစပြီး မင်းက ဆင်းရဲတဲ့ သူမ မဟုတ်တော့ဘူး၊ ကိုယ့်ရဲ့ ရှီ.."

ကမ္ဘာ သည် ကိုယ်တွေ ငါတွေနှင့် နူးညံ့သွားလိုက်၊ စိတ်ရှုပ်ခြင်း တွေ ဖြစ်လိုက်နှင့် သူမ ကို ဘယ်လို စည်းရုံးရမှန်းမသိ ဖြစ်နေသည်။

"မင်းက ကိုယ့်ရဲ့ ရှီ ပါ..၊ တိတ်တော့.."

သူမ ရဲ့ဆောင်း ခုတင်စွန်းမှာ ကိုယ်တစ်ပိုင်းပိလာတဲ့အထိ ရှေ့တို တိုးလိုက်ပြီး ဆံစတွေထဲထိ တိုးဝင်သွားသည့် မျက်ဝန်းထောင့်က မျက်ရည်စတွေကို တယုတယ သုတ်ပေးသည်။

"မင်းကို ကိုယ် အရမ်းဆိုးခဲ့မိတာ ပြန်တွေးကြည့်ရင် မင်း ကိုယ့်ကို အများကြီး ကူညီခဲ့တာပါ၊ အဲဒါတွေကို တွေးမိလေ မင်းကို ကိုယ် မစွန့်လွှတ်နိုင်လေပဲ၊ ကိုယ် ဘယ်လောက်ချမ်းသာချမ်းသာ မင်းလိုမိန်းကလေးမျိုး ထပ်မရနိုင်တော့ဘူး ရှီ၊ အဲဒါကြောင့် အစမှ သိမ်းပိုက်ခဲ့ရတာ..."

"ဒေါက် .. ဒေါက်..."

တံခါးခေါက်သံကြား ဖြတ်ဝင်လာသဖြင့် ကမ္ဘာ့ ကိုယ် ပြန်မတ် သွား၏။

"မောင်လေး ဘာဘာ..."

မင်းသမီး အသံကြောင့် နှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။

"မောင်လေး အန်ကယ်လ်မောင် ရောက်နေတယ်"

ဘယ်သူလဲ ဆိုသည့် အထိတ်တလန့် မျက်ဝန်းလေးတွေကို ကမ္ဘာ က နှစ်သိမ့်သည့်အကြည့်တစ်ချက်နှင့် ပြုံးပြလိုက်ကာ..

"ကိုယ့်ဖေဖေ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

သူမ မျက်ဝန်းတွေ တံခါးဆီ ရောက်သွားစဉ် စေ့ထားသည့်တံခါး ရွက်က အသာလေး ပွင့်သွား၏။

ရှေ့ဆုံးမှာ မြင်လိုက်ရသည့် မျက်နှာဖြူဖြူကြောင့် သူမ ရင်တွေ ဒိန်းခနဲ တက်သောင့်သွား၏။ မဟာနဖူးကျယ်နှင့် လေးထောင့်ဆန် သည့် မျက်နှာပြည့်ပြည့်သည် နိုင်ငံခြားသားကြီးတစ်ယောက်လို ဖြူ လွန်းပြီး အနီရောင် သမ်းနေ၏။

ဒါပေမယ့် အသားဖြူသလောက် ထူတန်းမည်းနက်သော မျက်ခုံး များနှင့် ထူပြည့်သည့်နှုတ်ခမ်းတို့က မြန်မာဆန်သောရုပ်သွင်ကို ဖော်ပြ နေကြ၏။

ဘောင်းဘီအနက်ပွပွ၊ ရှပ်အင်္ကျီအဖြူပေါ်မှာ လောင်းကုတ်ရှည် ကြီးကို ဝတ်ထားသည်။ ထိုလူကြီးဟာ ကမ္ဘာ ရဲ့ဖေဖေဆိုလျှင် ကမ္ဘာ နဲ့တူတာဆိုလို့ အိသာစွာ လှိုင်းထနေသောဆံပင်ပဲ ဖြစ်၏။

နောက်က တစ်ယောက်ကတော့ အသားဖြူပေမယ့် နီနေလောက် အောင် မဟုတ်၊ ဒါပေမယ့် ထိုလူကြီးသည် မျက်နှာမသွယ်ပါ..။

မိတ်ကပ်ရောင် မတ်တတ်စင်းနှင့် ရှင်အင်္ကျီအဖြူလက်ရှည်ကို ကြယ်သီးစုံအောင်တပ်၍ ဘောင်းဘီက ကော်ဖီရောင်ပွပွ..၊ နောက်တစ် ယောက်ကိုတော့ သူမ သိပါသည်။ ထိုအမျိုးသမီးကြီးက သူမ ဆီကို ရောက်လာခဲ့ဖူးသည့် ဒေါ်စုလတ်..။

နောက်ဆုံးမှာမှ မင်းသမီး မျက်နှာ ပေါ်လာခဲ့၏။

ဒီလူတွေက ဘယ်သူတွေလဲ..၊ တိုက်စံအိမ်ကြီးက အရှင်သခင် သုံးဦးစလုံး ကိုယ့်ရှေ့ရောက်လာကြသည့်အဖြစ်ကို သူမ လုံးဝ မတွေး မိ။ မသိရှိခဲ့ဘဲ...

"မေမေ..."

ကမ္ဘာ က ဆတ်ခနဲ ထရပ်လိုက်ပြီး တစ်လှမ်းချင်း လျှောက်ဝင်



လာသည့် ဦးမောင်မောင်လတ် နှင့် အားလုံးကို ကြည့်သည်။ ဒီအချိန် ဤကဲ့သို့ စုံညီစွာ ရောက်လာလိမ့်မည်ဟု မထင်ခဲ့သဖြင့် စိတ်ထဲမှာ ဖျာသွား၏။

သူမ လက်ကို ပြေးဆွဲပြီး ထွက်ပြေးရမလား..၊ မေမေ့ရှေ့မှာ ဒူးထောက်တောင်းပန်ရမည်လား ဘယ်လို အစီအစဉ်တွေနှင့် ရောက် လာကြမှန်း မသိသောကြောင့် ဘာလုပ်ရမှန်းလည်း ခသိ..။ နောက်ဆုံး ဒေါ်သမကင်းသည့်အကြည့်က မင်းသမီး ဆီ ရောက်သွားခဲ့လျှင်..

"စိတ်အေးအေးထားပါ မောင်လေးရယ်..၊ အားလုံးက ကိုယ့်မိဘ တွေပဲ၊ မောင်လေးကို စိတ်ဒုက္ခရောက်အောင် ဘယ်သူမှ မလုပ်ဘူး"

မင်းသမီး က ကမ္ဘာ မျက်လုံးတွေကို နားလည်သွားပြီး လိုရင်းကို ပြောလိုက်၏။ သူမ မျက်လုံးတွေကို စုံမှိတ်ထားပေမယ့် ခုတင်ဘေးထိ လျှောက်လာကြသည့်အရိပ်သုံးခုက အာရုံထဲမှာ ပီပြင် ထင်ရှားနေသည်။

မင်းသမီး ရဲ့စကားတွေက စကားသံမဟုတ်ဘဲ ပြင်းထန်သည့် မုန်တိုင်းတစ်ခုလို နားထဲကနေ ရင်ထဲထိ ဝုန်းဒိုင်းကြဲဝင်၏။ ခပ်စောင်း စောင်းလှဲနေခဲ့သော အနေအထားမှာ လက်တစ်ဖက်က ခေါင်းအုံးစွန်း ကို ပိဆုပ်ထားခဲ့လျက် တစ်ဖက်သည် မွေ့ရာစခင်းကို ဆုပ်ကိုင်ထားမိ၏။

ဒဏ်ရာရှိနေသည့်လက်ကို ညာတာဖို့ သတိမရ..၊ သတိရတော့ လည်း နာနေတာကို နာသည်လို့ မထင်။ သူမ ဒီနေရာမှ လွတ်မြောက် နိုင်သော ပုလောင်မှုသည်သာ အဓိက ဖြစ်နေခဲ့သည်။

အနားမှာရောက်နေကြတာ လူတွေမဟုတ်ဘဲ နတ်တွေ ကိုယ် ထောင်ပြလာသလို ကိုယ်ဟာ သေးငယ် ကြုံလှီသွားခဲ့၏။

'လူကြီးတွေ ဝင်လာကတည်းက မျက်လုံးတွေ မှိတ်ပစ်သည်၊ နှုတ်ဆောင် မှာ်ရအောင် ရိုင်းတဲ့မိန်းကလေး' စသည့် ပြစ်ချက်များနှင့် အလုံး ပြန်ထွက်သွားပါစေ..။

'နှင်နဲ့ ငါတို့သား တူလို့လား၊ တန်လို့လား' ဆိုတဲ့ စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောကြပါစေတော့၊ ဒီအချိန်မှာ အလိုချင်ဆုံးက လွတ်မြောက်ခြင်း ဖြစ်သည်။

ဘယ်လိုမှ နှိုင်းယှဉ်မြင့်တင်ဖို့ မလွယ်ကူသော ဘဝနှစ်ခုကို ပေါင်းစပ်မိ၍ တစ်သက်လုံး အောက်ကျသိမ်ငယ်စွာ ဖြတ်သန်းရတော့မည့်ဘဝတစ်လျှောက်လုံးအတွက် လတ်တလော ဘာတွေဖြစ်ဖြစ် ခါးစည်းခံလိုက်ချင်၏။

သူမ ဖွတ်အတင်း မှိတ်ချထားသဖြင့် မျက်ခွံလေးတွေ ဖိကပ်ပိတ်ကာ မျက်တောင်ဖျားလေးတွေ ကော့တက်နေတာကို မောင်နှမသုံးယောက် တိတ်ဆိတ်စွာ စီးမိုး ရပ်ကြည့်နေခဲ့ကြသည်။

မျက်နှာလေးတစ်ဖက်ကို စောင်းလှည့်ထားပေမယ့် အားလုံးကို မြင်နေရ၏။ ခေါင်းအုံးထက်မှာ ပြန့်ကျနေသော ဆံနွယ်များနှင့် ဖြူဝင်းသော ဂုတ်သားထက်က စိမ်းညို့မှောင်သည့် ဆံယဉ်စလေးတွေ...။

ခဏလေးပေမယ့် တိတ်ဆိတ်ခြင်းက စိုးထိတ်ဖွယ်ရာအထိ ငြိမ်နေသည်။ ဦးမောင်မောင်လတ် ပထမဆုံး ပင့်သက်မှုဉ်းမှုဉ်းချ၍ မျက်နှာလွှဲ၏။

"ဒီမိန်းကလေးက ရှီ လား.."

"နာမည်က သူမ ပါ၊ ရှီ ဆိုတာ ကျွန်တော် ခေါ်တာ"

"သတင်းစာမှာ နာမည်အရင်းနဲ့ မိဘတွေကို ဘာဖြစ်လို့ မထည့်တာလဲ"

စူးစိုက်ကြည့်နေသည့် ဖခင်ရှေ့မှာ ကမ္ဘာ မျက်လွှာချလိုက်ရင်း--

"သူက မိဘတွေ မရှိတော့ဘူး"

"မီးမီး ပြောလို့ သိသင့်သလောက် ငါ သိပြီးပြီ၊ အခု မေးတာကိုပဲ ဖြေပါ"

ကမ္ဘာ ရုတ်တရက် မဖြေနိုင်ဘဲ ငြိမ်ကျသွားသည်။ နောက် ပြန်မော့ကြည့်ကာ...



"ကျွန်တော့်မှာ ပြဿနာ နည်းနည်းရှိလို့ပါ ဖေဖေ"

ဦးမောင်မောင်လတ် က လက်နှစ်ဖက် နောက်ပစ်လိုက်ပြီး ကမ္ဘာကို စိုက်ကြည့်နေ၏။ အတန်ကြာမှ...

"ရှောင်ပုန်းနေရုံနဲ့ ပြဿနာရှင်းလို့ မရဘူး၊ မင်း ယောကျ်ားမဟုတ်ဘူးလား ဘာဘာ၊ လူကြီးတွေကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင် လုပ်တာလဲ.."

"ကျွန်တော် သဘောမကျတာကိုပဲ ပြောနေတာ ဖေဖေ၊ လုံးဝ မေတ္တာထားလို့မရတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် လက်မထပ်ချင်ဘူး"

"သူ့ကိုတော့ မေတ္တာရှိတာ သေချာလား.."

ကမ္ဘာ သူမ ဆီကို ဖျတ်ခနဲ ကြည့်သည်။ သူ ခေါင်းညိတ်လိုက်ရင်း ဖေဖေ ဘာစကားတွေ ပြောမှာလဲ..။

ကိုယ် ထင်သလို လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးသည့်အတိုင်း ကြောက်မရွံ့ ဖြေလိုက်ရပေမယ့် သူမ ရှေ့မှာ မဖွယ်မရာတွေ ပြောပစ်လိုက်မှာကိုတော့ အဖြစ်မခံနိုင်ပေ..။

ဦးမောင်မောင်လတ် ကလည်း သူ မဖြေမချင်း တိတ်ဆိတ်စွာ စောင့်ဆိုင်းနေခဲ့၏။

"သူက ကျွန်တော့်ရဲ့ အနာဂတ်ပါ..."

မေးသံဖြေသံတွေတိုင်းဟာ သူမ အသားတွေကို ပစ်မှန်နေသလို နာကျင်လာခဲ့၏။ ဖြစ်ချင်ရာဖြစ်၊ သူမ မျက်လုံးမှိတ်လျက်တိုင်း တုတ်လှုပ်မှုမလှုပ်ဘဲ နေခဲ့သည်။

တစ်အောင့်ကြာ တိတ်ဆိတ်သွားခဲ့ပြီး လှုပ်ရှားသံသဲ့သဲ့နဲ့အတူ...

"ဖေဖေ..."

ကမ္ဘာ့ ခေါ်သံက တံခါးဘက်ကို မျက်နှာမူထားသည့်အသံမို့ လူကြီးတွေ ပြန်ထွက်သွားကြပြီမှန်း သူမ သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ကျွန်တော့်ကို တစ်ခုခု ပြောသွားပါ"

မေးသံနှင့် အဖြေကြားမှာ တိတ်ဆိတ်ခြင်းတွေပဲ ရှိနေခဲ့ပြီးမှ…

"ဘာပြောစေချင်တာလဲ ဘာဘာ…"

"အခု ကျွန်တော့်ကို နှုတ်ဆက်ခဲ့တာလား၊ ကြိုဆိုတာလား ပြော ခဲ့ပါ"

"မင်းကို နှုတ်ဆက်ထားခဲ့ရင် ဗြိုဂံစံအိမ်မှာ မျိုးဆက်တုံးသွား မှာပေါ့"

စကားသံ ခဏရပ်သွားပြန်၏။ ပြီးမှ…

"ဒီလိုပြောလိုက်တော့ ရိုင်းသွားပြီလား..၊ မျိုးဆက်သစ်ရဲ့ စကားကို နားမလည်ဘဲ လူကြီးမိဘကို အထင်အမြင်လွဲပြီး ကိုယ့်ကိုယ် ကိုယ် ဥာဏ်သိုးဖြစ်အောင် ခံယူချက်တွေ ပြင်းထန်ခဲ့တဲ့ကလေး လူမိုက် လေးလို့တောင် ထပ်ပြောချင်သေးတယ်"

ထိုအသံသည် ဒီမှာတင်ပဲ ပျောက်ကွယ်ပြီးဆုံးသွားကာ…

"သမီး ဆေးရုံက ဆင်းလို့ရပြီလို့ ပြောတယ်၊ ညနေ တီလေးတို့ လာခေါ်မယ်နော် သား၊ ဘယ်မှ ထွက်မသွားနဲ့တော့၊ သားတို့ကို ကြည် ကြည်ဖြူဖြူ လက်ထပ်ပေးမယ်"

ဆိုသည့် ဒေါ်စုလတ် ၏စကားလုံးတွေကို သူမ ကြားလိုက်ရလေ သတည်း..။

* * * * *



## အခန်း (၄၄)

"သမီးရေ ပြီးပြီလား.."

"ပြီးပြီ တီလေး..၊ ဒီမှာ မီးငယ် ဂျီကျနေလို့.."

"ဟုတ်လား.."

ဒေါ်စုလတ် ဆွဲကြိုးကြီးတယမ်းယမ်း မျက်မှန်တဝင်းဝင်းနှင့် သူမ တို့အခန်းထဲကို ဝင်လာသည်။ သုံးနှစ်နီးပါး ကြာခဲ့ပြီဖြစ်သော အချိန်ကာလဟာ မနေ့တစ်နေ့က အဖြစ်အပျက်အကြောင်းအရာတွေ နှင့် အများကြီး ခြားနားသွားစေခဲ့ပြီ ဖြစ်၏။

ကမ္ဘာ နဲ့ သူမ တို့ကို ကြီးကျယ်ခမ်းနားစွာ လက်ထပ်ပေးခဲ့ပြီး ဦးမောင်မောင်လတ် က ဆွေမျိုးစုပြဿနာတွေကို သူပဲ ရှင်းလင်းသွား ခဲ့သည်။

ဦးမျိုးလတ် ကတော့ အသည်းမကောင်းသည့်ရောဂါဖြစ်ကာ ဆေးကုသဖို့အတွက် ဦးမောင်မောင်လတ် နှင့် မရွှေမနှောင်းတို့ဆီ မှာ နိုင်ငံခြားလိုက်သွားခဲ့တာ ဖြစ်၏။

ဒါပေမယ့် ကံမကောင်းခဲ့ဘဲ ပိုရောက်ပြီး သိပ်မကြာခင်မှာ ဆုံးသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာ ခေါင်းချမည်ဟု စိတ်တင်းကာ ဦးမျိုးလတ် ပြန်ဖို့ ဖွတ်ပြင်နေရင်း ဆုံးခဲ့ရတာမို့ မောင်နှမအားလုံး ကြေကွဲမဆုံး ဖြစ်ခဲ့ရသည်။

နောက်ထပ်ပြီး ဦးမောင့်မောင်လတ် ကျန်းမာရေး ဖောက်ပြန်လာတော့ သူမ အမြွာရင်သွေးလေးနှစ်ယောက်ကို မွေးဖွားပြီး သုံးလမှာ ဖြစ်၏။

ဟိုမှာ လုပ်ငန်းတွေ မနိုင်မနင်းနှင့် လူ ဗုန်းဗုန်းလဲတော့သည်။ ကမ္ဘာ လိုက်သွားခဲ့ရသည်။ ထိုအချိန်မှစ၍ ပြန်မလာနိုင်ခဲ့တာ။ ဒီနေ့ ကလေးနှစ်ယောက်၏ တစ်နှစ်ပြည့်မွေးနေ့ ..။

အီးမေးလ်တွေ သုံးရက်ဆက်တိုက် ရောက်လာခဲ့၏။ VZO မှာ တွေ့ကြတော့လည်း တောင်းပန်သည်။

(သားနဲ့သမီး မွေးနေ့ကိုတော့ ကိုယ် အရောက်ပြန်ခဲ့မယ် ရှီ။ ဖေဖေလဲ ကျန်းမာရေး စိတ်ချရပြီ၊ လုပ်ငန်းတွေမှာ ပြဿနာရှိတာလဲ အားလုံး အိုခေပြီ၊ အရမ်းလွမ်းတာပဲကွာ)

မျက်နှာချင်းဆိုင် ကြည့်နေပြီး လွမ်းပြနေသည်။ စာတွေထဲမှာလည်း လွမ်းနေ၏။

သူနဲ့ စကားပြော၍ ပြုံးနေရင်း သူမ မျက်ရည်ကျတော့ 'ကိုယ့်ကို လွမ်းလို့လား' လို့ မေးလေသည်။ သူမ ခေါင်းညိတ်ပြရင်း ရှိုက်ငိုမိ၏။

သူ့ကို မပြောဖြစ်ခဲ့တဲ့စကားတွေ သူမ ရင်ထဲမှာ ပြည့်သိပ်နေခဲ့၏။ မပြောလိုက်ရမှာစိုးလို့ ညတိုင်း ထင်ရာတွေတွေးပြီး ငိုခဲ့ရတာလည်း ခေါင်းအုံးလေးပဲ သိပါသည်။

ဦးလေးငယ် ဆေးကုဖို့ လိုက်သွားခဲ့ပြီး ပြန်မလာနိုင်ခဲ့သည့် အဖြစ်ဟာ ကမ္ဘာ နောက်ထပ် ထွက်သွားသည့်နောက်မှာ အိပ်မက်ဆိုး တစ်ခုလို သူမ ကို ညတိုင်း နှိပ်စက်နေခဲ့သည်။

သူ ပြန်လာနိုင်ပါ့မလား..။





အတိတ်နိမိတ်မရှိတဲ့စကားမျိုးမို့ တီလေးကိုလည်း မပြောရဲခဲ့ပါ..။

မျက်စိရှေ့ကို သူ ရောက်မလာမချင်း စိတ်မချနိုင်သည့်ရင်ထဲမှာ ဒါတွေကိုတွေးရင်း မျက်ရည်က ဝေ့ဝေ့ဝဲဝဲ ဖြစ်လာပြန်သည်။

"မြေးငယ်လေး၊ အမလေး လှလိုက်တာ မြေး ရယ်..၊ ဘွားမြေးက ဂါဝန်လေးက လှလှ၊ ခြေအိတ်လေးနဲ့ ရှူးဖိနပ်လေးနဲ့ ကြည့်ပါဦး၊ မျက်နှာကြီးကလဲ မှုန်ကုတ်လို့၊ ဘာဖြစ်တာလဲ ဘွားကို ပြောပါဦး"

"မေ့..."

မီးငယ်လေး 'မေကမ္ဘာ' က စကားမပီတပီနှင့် သူမ ကို လက်ညှိုးလေးထိုးသည်။ ပြီးတော့ ဖိနပ်ကို သူ့ဘာသာ ငုံ့၍ မရမက ဆွဲချွတ်နေသည်။

"သြော်... ဒီမေမေက ဖိနပ်ကြီး စီးပေးထားတာကိုး၊ ဟုတ်သားပဲ၊ ကလေးက လမ်းပေါ်ရောက်ရင် စီးမှာပေါ့၊ ကလေး စိတ်ညစ်အောင် လုပ်တယ် ဟုတ်လား၊ လာ မြေး... ဘွားဆီ လာ..၊ ပွဲစွမ ရေ မြေးအတွက် ဘောင်းဘီအပိုနဲ့ စားစရာတွေ ကားပေါ်တင်ထားလိုက်..."

ဒေါ်စုလတ် က မီးငယ်ကို ကောက်ချီလိုက်ပြီး ဖိနပ်ချွတ်ဖို့ချည်း ပြင်နေသည့် လက်ကလေးကိုပါ မရမက ဖမ်းဆုပ်ထား၍ ရယ်ကာ..

"မြေးကို ကြည့်ပါဦး သမီးရယ်..၊ မြေးကြီး နေကမ္ဘာ က ယောကျ်ားလေးဖြစ်ပြီး အရမ်းအေးတာပဲ၊ လိုချင်လို့ ဆွဲလုရမှန်း မသိ၊ ဆာတယ်လောင်တယ်ဆိုပြီး မငိုတတ်၊ မြေးငယ်ကျမှ တကယ့်ကို သူ့ဖအေအတိုင်းပဲ၊ ဘာဘာ ငယ်ငယ်က ဒီတိုင်း တစ်ထပ်တည်းပဲ"

ပြောနေရင်း ရယ်လို့မပြီးနိုင်..။ မီးငယ် ပါးလေးတွေကိုလည်း ဘယ်ပြန်ညာပြန် နမ်းလိုက်ပြီး...

"မြေးကြီးက ဖအေနဲ့ မျက်နှာပဲတူပြီး စိတ်က မအေနဲ့တူတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီ မြေးငယ်လေးက မအေနဲ့တော့ တူပါရဲ့ စိတ်ဆတ်တာ၊ ဇွတ်တရွတ်ဆန်တာတွေက သူ့အဖေခြေရာမှီအောင် နင်းတယ်"

မီးငယ်ကလည်း သူမ ကို သိပ်မကြောက်ချင်ပေမယ့် ဒေါ်စုလတ် အသံကြားလိုက်တာနှင့် ငိုယိုဆူပူမှု တချို့တလေတော့ အေးချမ်းသွားတတ်ခဲ့၏။

"အင်း… သူတို့ကို ကိုလေး မြင်မသွားရဘူး၊ ခုနေသာရှိရင် ဘယ်လောက် ချစ်လိုက်မလဲ‥"

ဒေါ်စုလတ် မျက်ရည်တွေ လည်လာရှာသည်။ ဒါပေမယ့် မျက်နှာငံ့၍ မျက်တောင်တွေ ခတ်ပစ်လိုက်ကာ…

"ကဲ… တီလေးတို့ သွားမယ်၊ ဟိုတယ်က ဖုန်းဆက်ရင် သမီး စိတ်တိုင်းကျ အားလုံးခိုင်းနော်၊ အခင်းအကျင်းပစ္စည်းတွေ ရောက်လာရင်လဲ ကောင်မလေးတွေ နေရာချခိုင်းလိမ့်မယ်၊ သမီး ဘာမှ ဝင်မပြောနဲ့တော့…"

ဒေါ်စုလတ် က မှာလိုက်ပြီးမှ တစ်ခုခုကို စိတ်မချသလို မျက်နှာဖြစ်သွားကာ…

"မဖြစ်ပါဘူး၊ သမီးက ကိုယ်တိုင် ဝင်ပါရမှ စိတ်တိုင်းကျတာ၊ တီလေး ကွယ်တာနဲ့ အလုပ်သမားတွေ ရှုတ်ရှုတ် ရှုတ်ရှုတ်ကြားထဲ ကန့်လန့်ကန့်လန့်ဖြစ်မှာပဲ၊ မတော်တဆ ပစ္စည်းတွေ အရှေ့အဖယ်နဲ့ ထိမိခိုက်မိဦးမယ်‥"

"ရပါတယ် တီလေးရဲ့၊ သူမ မှတ်ထားပါတယ်၊ ပုရွှေး တို့ကို တီလေး ပြောပြထားပြီးသားပဲဟာ"

"မဟုတ်ဘူး၊ တီလေး သိတယ်"

ဒေါ်စုလတ် က ကလေးချီလျက် ထွက်သွားရင်း ရှိသမျှလူတွေကို အားလုံးခေါ်သည်။ ပြီးတော့ ခြံထဲမှာ ဧည့်ခံပွဲအတွက် ခင်းကျင်းပြင်ဆင်ဖို့ကိစ္စအားလုံးအတွက် ပြောထားတဲ့အတိုင်း ထောင့်စေ့အောင် လုပ်ဖို့



မှာသည်။

"သမီး ခြံထဲဆင်းလာရတဲ့အထိဖြစ်ပြီဆို ဘာဆင်ခြေမှပေးနိုင်မစဉ်းစားနဲ့၊ ကြားလား"

သူမ အကြောင်းကို ဒီလောက် အတူနေလာရပြီမို့ ဒေါ်စုလတ် သေချာသိနေသည်။ အိမ်မှာ ချက်ပြုတ်တဲ့နေရာဆိုလည်း ကိုယ်တိုင်ဝင်သည်။

သန့်ရှင်းရေး၊ အလှဆင်၊ ဘယ်နေရာဖြစ်ဖြစ် ဟိုမတ်တတ် ဒီမတ်တတ်လေးတော့ ပါရမှ‥။

သူမ မီးဖိုထဲဝင်ပြီဆိုမှ ချက်ပြုတ်တဲ့လူတွေလည်း လက်ရာတွေပြောင်း၊ ပုံစံတွေပြောင်းဖြစ်ကုန်ကာ စားသောက်ရတာတွေ အဆင်ပြေလာသဖြင့် ဒေါ်စုလတ် သူမ ၏တန်ဖိုးကို သိလာခဲ့ရ၏။

တကယ့်ကို မိန်းမကောင်းမိန်းမမြတ်လေးပဲ ဖြစ်သည်။ ဦးလေးဖြစ်သည့် ကိုလေးကိုယ်တိုင်တောင်မှ သူမ မီးဖိုချောင်မှာဝင်ပြီး စီမံခန့်ခွဲနေတတ်တာလေးကို သဘောကျမဆုံး ဖြစ်နေခဲ့ရှာသည်။

သူမ ကို မျိုးဆက်သစ်ရဲ့ အိမ်ရှင်မအဖြစ် လက်ထပ် ခန့်အပ်ပေးလိုက်ရသည့်အတွက် သူတို့မှာ နောင်တမရှိခဲ့ပေ။ ထို့ပြင် မိသားစုထဲမှာ စိုပြည်လာတာတောင် ရှိပါသေးသည်။

ထို့ကြောင့် သူမ ကို ဒေါ်စုလတ် သမီးလေးလိုလည်း ချစ်သည်။ သူမ ဘယ်လိုနေနေ တစိမ့်စိမ့်ကြည့်ရင်း ကျေနပ်နေခဲ့တာလည်း ရှိ၏။

မိသားစုတစ်ဦး လျော့သွားသည့် ခုချိန်မှာ ပို၍ အားကိုးတွယ်တာစိတ်တွေလည်း ဖြစ်လေသည်။ သူမ ရဲ့ကိုယ်ပေါ်မှာ ခြင်ကိုက်ရာလေးတောင် အတင်မခံနိုင်တာမို့…

"တီလေးနဲ့ ကလေးနှစ်ယောက် ဖြစ်ပါ့မလား…"

"ဖြစ်ပါတယ် သမီးရယ်‥၊ ဒရိုင်ဘာလဲ ပါတယ်၊ ဧည့် ထိုလဲ ခေါ်သွားမှာ၊ သမီးပဲ တီလေး မှာတဲ့အတိုင်း နားထောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"တော်ကြာ ဟိုကိုယ်တော် ပြန်လာရင် ပြဿနာရှာမှာနော်"

"ဟုတ်ကဲ့ပါ တီလေးရဲ့"

ကားပေါ်တက်ကြတော့ မညို ရင်ခွင်ထဲကနေ သားကြီးက သူမကို လှမ်းကြည့်နေသဖြင့်…

"ဟော… မြေးက သူ့အဖေကို ကြိုဖို့ မေမေ့ကိုပါ လိုက်စေချင်တယ် ထင်တယ်"

"သွားပါ တီလေးရယ်၊ အိမ်မှာ တစ်ယောက်မကျန်ခဲ့လို့ မဖြစ်ပါဘူး၊ ပြန်ရောက်လာရင် တွေ့ရမှာပဲဟာ.."

"မေ့…"

မီးငယ် က သူမ ကျန်ခဲ့မှာကို နားလည်သွားပုံနှင့် ဘွားအေ ရင်ခွင်ထဲကနေ ကော့ကန်ရုန်းကာ ငိုဖို့အတွက် အပြင်းအထန် အားထုတ်တော့သည်။

"ဟယ်… ငိုတော့မယ်၊ မငိုရဘူးလေ မြေးငယ်၊ လှလှတွေ လိမ်းထားတာ ပျက်ကုန်တော့မယ်၊ ဟိုမှာ ဖေကြီးကိုကြိုပြီး မေမေ့ဆီ ပြန်လာရမှာလေ၊ ကဲ… မောင်ဝင်း ရေ…၊ ဘာငိုင်နေတာလဲ၊ မောင်းစမ်း၊ မြန်မြန်…"

"ဟုတ်…"

မြေးအဘွားနှစ်ယောက်ကို ကြည့်၍ သူမ ပြုံးမိသည်။ မီးငယ်က တစ်ခုခု မကြိုက်တော့ဘူးဆို ဒီလိုပဲ ဇွတ်တရွတ်။ သူမ မီးဖိုခန်းထဲဝင်ကာ ကမ္ဘာ့ အတွက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားတာတွေကို တစ်ခါထပ်ကြည့်သည်။ ပြည့်စုံပြီထင်တော့မှ ရေချိုး အဝတ်အစားလဲ ရသည်။

တင်ပါးထိ အုပ်ခဲဝဲကျနေသည့်ဆံပင်တွေကို ဖြန့်ချပြီးနေရင်း မနေ့က ကမ္ဘာ ပြောသွားခဲ့တာကို တွေးမိပြီး တစ်ယောက်တည်း



ပြုံးမိ၏။

"ဆံပင်တွေ အရမ်းရှည်နေပြီနော်၊ အရမ်းလှတာပဲကွာ၊ ကိုယ် မင်းရဲ့ဆံပင်တွေထဲမှာ မျက်နှာအပ်ပြီး စက္ကန့်သုံးဆယ်လောက် ဖိနှစ် နမ်းပစ်ချင်တယ်" တဲ့..။

ရင်ဘတ်တစ်ခြမ်းဆီမှ ရင်ခုန်သံတစ်ချက် ဒုတ်ခနဲ မြည်သွားသလိုပင်။ ကလေးနှစ်ယောက်ရနေကာမှ ရင်ခုန်သံတွေက ဘာဖြစ်လို့ အသစ်အတိုင်း ဖြစ်နေခဲ့တာလဲ..။

"ခဏလေးပဲ ပေါင်းရပြီး အကြာကြီး ခွဲနေရတာကွ..၊ မင်းကို ကိုယ် အရမ်းလွမ်းတယ်၊ အရမ်း ချစ်တယ်"

သူ ချစ်နေတာတွေကို တတွတ်တွတ်ပြောပြီး သူမ က ချစ်တယ် လို့ ပြန်မပြောတာကိုလည်း ကျေနပ်နေခဲ့သူပါ။ ဒါပေမယ့် ပြန်လာရင် တော့…

"လာပြီ…"

အပြင်က အသံတွေကြောင့် သူမ ဆံပင်ကို နောက်မှာ အော်တိုမစ် တစ်ကလစ်နှင့် သေသပ်အောင် ညှပ်ပြီး ထွက်လာခဲ့သည်။

"မမလေး..၊ မမလေး ဘာကိုလဲ"

နောက်ဖေးက ပြေးထွက်လာသည့် မူမူ က သူမ ကိုလည်း မခွဲရဲဘဲ အမောတကော ပြေးလာပြီး အနားမှာရပ်၍ ကိုယ်လေးရှို့ ကာ…

"ကျွန်မတို့ သုံးယောက်တောင် ရှိပါတယ်၊ ခြံထဲမှာ မာလီနဲ့ ခြံစောင့်လဲ ရှိတယ်၊ ဟိုက အလုပ်သမားတွေလဲ ပါလာမှာပါ၊ မေမေ ကြီး ပြောပြထားတဲ့အတိုင်း ကျွန်မတို့ ခင်းကျင်းပါ့မယ်၊ မမလေး မဆင်းပါနဲ့နော်"

"မဆင်းပါဘူး၊ ငါ ဒီနားကနေ ကြည့်နေမှာပါ၊ သွား… သွား… တီလေးမှာခဲ့တာ နင်ပဲ သိတာမို့လား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်… မမလေး၊ မဆင်းပါဘူးနော်"

ပုစူး က နောက်ကို နှစ်ခါလောက်လှည့်ကြည့်ပြီးမှ ကားကြီးဝင်လာတဲ့ဆီ ပြေးထွက်သွားသည်။ သူမ နာရီငုံ့ကြည့်ရင်း လေယာဉ်ဆိုက်မည့်အချိန်ကို တွက်ကြည့်နေမိသည်။

ပြီးတော့ ဖုန်းစောင့်ရမှာကို သတိရကာ ပြန်လှည့်ဝင်ခဲ့၏။ ဖုန်းလာတာကလည်း ကွက်တိဖြစ်ကာ…

"ဟလို…"

ဟိုဘက်က ပြောသံကို သိပ်မကြားရသဖြင့် ဖုန်းပြန်ချိန်းကာ သူမ အပေါ်ကိုတက်လာပြီး အပေါ်ဖုန်းနဲ့ ပြန်ပြောရ၏။

"ဟုတ်ပါတယ်ရှင်၊ နေကမ္ဘာ နဲ့ မေကမ္ဘာ ပါ"

"… … … …"

"ဟုတ်ကဲ့…၊ နက်ပြာရောင်အခံကို မကြိုက်တာပါ၊ ကျွန်မတို့ပြောတာကလေ မီးပြာရောင်အခံပေါ်မှာ ကမ္ဘာလုံးလေးကို အဖြူရိုင်အပြောင်လေး တင်ပေးဖို့…"

"… … … …"

"ဟုတ်တယ်…၊ အဲဒီလို လုပ်မထားလို့ ပြင်ခိုင်းလိုက်တာ၊ ညည်းခံပွဲမစ,ခင် ရလို့ဖြစ်ပေမယ့် ကျွန်မတို့ ပြင်ဆင်ချိန် လုံလောက်ဖို့ လိုတယ်လေ"

"… … … …"

"ဒါဆိုရင်…"

သူမ စကားပြောနေတုန်း ရေမွှေးနံ့တစ်ချက်နှင့် အရိပ်တစ်ချို့ကြောင့် နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ကမ္ဘာ…"

ဖုန်းပြောနေတာကို ရုတ်တရက် မေ့သွားသည်။ နိုင်ငံခြားရောက်သွားတာ နှစ်နှစ်ချီခဲ့ပေမယ့် ကာလရှည်ကြီးတစ်ခုတော့ မဟုတ်သော



ဘူး ထင်သည်။

ကမ္ဘာ ကတော့ ဆံပင်ရှည်တွေကို နောက်မှာ စုစည်းလျက် လည်ကပ်ဆွယ်တာအဖြူ၊ ကုတ်အင်္ကျီအနက်နှင့် ဘောင်းဘီရှည်အနက်မှာလည်း ဟိုတုန်းကလို ကွင်းတွေ၊ ချိန်းတွေ ဘာမှမပါ…။

အရမ်းကိုပြောင်းလဲသွားသည့်မျက်နှာက ဦးမောင်မောင်လတ် ကို ဆေးရုံမှာ ပထမဆုံး မြင်လိုက်ရသည့်ပုံစံအတိုင်း တစ်ထပ်တည်း…။

ဖြူဖွေးနီမြန်းသည့်မျက်နှာမှာ နှုတ်ခမ်းနှင့် ပါးပြင်တွေက ပိုပြီး အရောင်ရင့်လျက်၊ ခပ်သေးသေးမျက်ခုံးတန်းတို့ကလည်း ပိုထင်းနေသည်။

"ကို အရမ်းချောလာတယ် သိလား"

ကမ္ဘာ ကို ခြေဖျားထိ တမေ့တမောငေးနေပြီးမှ သူမ မျက်ရည်ဝေ့သော မျက်ဝန်းလေးတွေ လှုပ်လီလှုပ်လဲ့နှင့် ပြုံးမိသည်။ ကမ္ဘာ က လက်ပိုက်နေရင်း ခပ်တည်တည်မျက်နှာနှင့် ကြည့်နေလျက်…

"ဟုတ်လား…၊ ပိန်နေလား၊ ဝ,နေလား၊ ဖြူသလား၊ မည်းသလား၊ မင်း ထွက်ကြည့်နေရရင် ပင်ပန်းမှာစိုးလို့၊ အပေါ်ထိ တက်လာပြတာ၊ သေချာကြည့်ပါဦး"

ဒီတော့မှ လေဆိပ်ကို သူမ လိုက်မကြိုလို့ ကမ္ဘာ ဒေါကန်လာတာမှန်း တွေးမိသည်။ ဒါပေမယ့် ဖုန်းထဲက တရစပ် မေးနေတာကို သတိရကာ…

"ဟုတ်ကဲ့…၊ ကျွန်မ နောက်မှပဲ…"

"တော်တော့"

"အို!… ကို…"

ကမ္ဘာ က ဖုန်းကို ဆွဲယူပြီး ဒုက်ခနဲ ချပစ်လိုက်သည်။ ပြီးတော့ ဖုန်းချတဲ့နောက် လှည့်ကြည့်ရင်း တစောင်းဖြစ်သွားသည့် သူမ ကိုယ်လေးကို မျက်နှာချင်းဆိုင် ဆိုးဆိုးဆတ်ဆတ် ဆွဲလှည့်ပစ်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ရှီ..."

"ကို... သူမ လေ..."

"အရမ်းနေနိုင်တာပဲကွာ..၊ လေဆိပ်မှာ ကိုယ် ဘယ်လော မောသွားလဲ သိလား"

"ကိုရယ်..၊ ဒီမှာလဲ သားနဲ့သမီးရဲ့ မွေးနေ့က အကြီးအကျ စီစဉ်ထားတာလေ၊ အဲဒါတွေ ပြင်ဆင်ဖို့..."

"မသိဘူး..၊ မွေးနေ့က ကိုယ့်အတွက် မင်းလောက် အရေးမ ဘူးဆိုတာ မင်း မသိဘူးလား"

သူမ မျက်နှာလေးကို သူ ငေးနေရင်း တမ်းတမက်မောသေ မျက်ဝန်းတွေက ရီဝေ ညှို့သက်သွားခဲ့ပြီး...

"လွမ်းလိုက်တာ ရှီ ရယ်.."

သူမ ကို တင်းနေအောင် ပွေ့ဖိုက်ပစ်လိုက်ရင်း...

"ကိုယ့်မိန်းမကို အဲဒီလောက် ချစ်နေမှန်း ကိုယ့်ကိုယ်ကို ဝေးသွားမှ ပိုသိတယ်၊ အရမ်းချစ်တာပဲ ရှီ၊ ဟိုမှာလေ ပျော်စရာ သိမ့်စရာတွေ ဘယ်လောက်ရှိရှိ..၊ ဘယ်ကိုကြည့်ကြည့် မင်း မြင်နေတယ်၊ ဆံပင်ကောက်ကောက် နီနီတွေထဲမှာ မင်းရဲ့ ကျစ်ဆံ လေးကို တမ်းတရင်း မင်းမဟုတ်တဲ့ မိန်းကလေးတွေကို ဒေါသ ထွက်လို ထွက်.."

သူမ မျက်နှာလေးကို မပြီးဆုံးနိုင်သောအနမ်းများနှင့် အလ တွေကို ပန်းလိုခြွေနေခဲ့၏။ သူ့ခါးကို ပြန်ဖက်ထားမိရင်း ကြည် ရင်ခုန်ခြင်းတွေက တစ်ခါမှ မခံစားဘူးသည့်အတိုင်း...

"ကို..."

"ဟင်!..."

"ကို... ပြန်သွားရဦးမှာလားဟင်"

ဖက်ထားသည့်လက်တွေ အနည်းငယ် ပြေသွားကာ ကမ္ဘာ



သူမ မျက်နှာလေးကို အဖြေရှာသလို စူးစိုက်ကြည့်သည်။ ဖော့ဖော့ သည့် မေးဖျားလေးကနေ နှုတ်ခမ်းသားလေးတွေကို လက်မနဲ့ ဖထိ တထိ တို့ထိလိုက်ရင်း...

"ပြန်သွားစေချင်လို့လား.."

"အို!... ကိုကလဲ"

သူမ မျက်နှာလေး ငိုသွားကာ သူ့လက်တွေကိုပါ ဖယ်ချပစ်လိုက် ၏။ ထို့နောက် ပြန်မော့မလာတော့ဘဲ လည်ပင်းကို ပွတ်လိုက်၊ လက် မောင်းလေးပွတ်လိုက်နှင့် ခဏနေပြီး ဖျတ်ခနဲ လှည့်ထွက်သွား၏။

"ရှီ..."

"ဟင့်အင်း"

"ဟာ!... ငိုသွားတာလား၊ ဘာဖြစ်လို့လဲ၊ ဆောရီးပါ၊ မလုပ်ပါနဲ့ ကွာ..၊ ကိုယ် မေးလိုက်တာ မှားသွားရင် တောင်းပန်ပါတယ်၊ ရှီ..."

သူ အတင်းလိုက်ဆွဲကာ သူမ ဆွဲဖွင့်လိုက်သည့်တံခါးကို ခြေ ထောက်နဲ့ ပြန်ကန်ပိတ်ပစ်လိုက်၏။ ပြီးတော့ ငိုနေသည့်မျက်နှာလေး ကို မရမက ဆွဲမော့ယူကာ...

"ကိုယ် တောင်းပန်ပါတယ်၊ မင်း မေးလိုက်တာနဲ့ ကိုယ် တကယ် စိုးရိမ်စိတ်ဖြစ်သွားခဲ့တာ..၊ လေဆိပ်မှာလဲ သမီးက ကိုယ်ခေါ်တာ မရဘူးကွာ၊ ပြီးတော့ မင်းနဲ့ အရမ်းတူတဲ့ သမီးလေးကို မြင်လိုက်တော့ အရမ်းချစ်သွားပြီး ဖွတ်အတင်း ဆွဲချီ၊ အတင်းနမ်းပစ်လိုက်တာ၊ ကိုယ့် ကို တွန်းထိုး ကုတ်ဖဲ့ပြီး ငိုသွားတယ်သိလား"

သူမ သူ့မျက်နှာကို အံ့ဩနေသည့် မျက်ဝန်းလေးတွေနှင့် မော့ ကြည့်လာ၏။ ကလေးက စိမ်းသက်နေတဲ့မျက်နှာတစ်ခုကို မြင်တာနဲ့ ချက်ချင်းရင်းနှီးဖို့ မလွယ်ဘူးဆိုတာ မတွေးမိဘူးလား..

"မင်းကလဲ လာမကြိုဘူး၊ ပြီးတော့ ကိုယ့်ကို ချစ်ဘယ်လို့ မပြောဖူးခဲ့တာလဲ ကိုယ် ဆွေးနေရတာ မင်း သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုရယ်…"

သူမ နားလည်သွားပါသည်။ ဒါပေမယ့် ကိုယ့်ကို နားမလည်နိုင်သည့် သူ့ကိုတော့ စိတ်က မပြေချင်…။

"မအေက မကြင်နာခဲ့သလို သမီးလေးကပါ ကိုယ့်ကို…"

"အဲဒီလောက် ကလေးဆန်ရသလား ကို…၊ သမီးလေးက သူ့ နဲ့တူပေမယ့် ကို့စိတ်နဲ့ အရမ်းတူတာ၊ ကို ငယ်ငယ်တုန်းက ဆိုးတာ တစ်ထပ်တည်းပဲတဲ့"

"ကိုယ့်ကို ဆိုးတယ်လို့ တီလေး ပြောတာလား"

သူမ က မျက်ရည်တွေ စိုနေသည့် မျက်တောင်များတို့ကို လက်ခုံ လေးနဲ့ ထိကပ်သုတ်ကာ…

"အင်း…၊ ကလေးဆိုတာ ဒီအရွယ်က မြင်ရင် မြင်တာကို မှတ်သားတတ်တဲ့အရွယ်…"

"ကိုယ်တို့သားအဖတွေ VZO ထဲမှာ တွေ့နေကြတာပဲ ရှီ…၊ ဟိုမှာဆို ငါက ကလေးနှစ်ယောက်အဖေ ဖြစ်နေပြီဆိုတဲ့ နွေးထွေးမှုနဲ့ ကိုယ့်မှာ မာန်တွေတက်ပြီး အလုပ်တွေလုပ်ရတာလဲ အဓိပ္ပာယ်ရှိခဲ့ တယ်၊ မိန်းမကိုလွမ်းတိုင်း လုပ်ငန်းတွေထဲမှာပဲ စိတ်ကိုနှစ်ထားရတော့ ပိုပြီး သီလွယ်မြင်လွယ် ဖြစ်ခဲ့ပါတယ်"

ဆံပင်ရှည်တွေ ပခုံးအောက်မှာ စုစည်းလျက် ဖြူဖြူမားမားကြီး ဖြစ်နေသဖြင့် တကယ့် နိုင်ငံခြားသားပုံစံကြီးဖြစ်နေသော ကမ္ဘာ့ ကို သူမ နောက်ထပ် ငေးနေမိပြန်သည်။

ကမ္ဘာ့ ကို ချစ်ဖို့ တွေး၍ ဓေ့ဓေ့ကြည့်မိတိုင်း သူက ရွှေမင်းသား ကိုယ်ဘဝက စင်ဒရဲလား ဆိုတာကို သတိရသည်။ ထို့ကြောင့် ဘဝ ဟာ နောက်ထပ် တစ်ခုခုကြောင့် ဆိုးဝါးစွာ ပြောင်းလဲလာနိုင်သည်ဟု တစ်ထစ်ချရင်း မပျော်နိုင်ခဲ့ပါ…။

ကိုယ့်ကိုယ်ကိုယ် ကြိဂံစံအိမ်ရဲ့ မိသားစုဝင်ဖြစ်ပြီဆိုတာလည်း





မယုံရဲ၊ ကမ္ဘာ က ချစ်နေသည်ဆိုတာကိုလည်း မယုံနိုင်၊ ဤသို့သော မယုံကြည်နိုင်အောင် အလှမ်းကွာနေခဲ့သည့်ဘဝထဲမှာ သူမဟာ သိမ် ငယ်ခြင်းတွေသာ ရှိခဲ့ပြီး…

"ရှီ… ကိုယ်လေ၊ ကိုယ့်ရဲ့အချိန်တိုင်းက မင်းပါ၊ ကိုယ့်ကိုယ် ကိုယ် မယုံနိုင်လောက်အောင် မင်းကို ချစ်ခဲ့မိတာ၊ မင်းက ကိုယ့် မေးတိုင်း ချစ်တယ်လို့ တစ်ခါမှ မဖြေခဲ့တော့…"

"သူမ မှာ ကို့ထက် ရင်းနှီးခဲ့ဖူးတဲ့ယောကျ်ား မရှိခဲ့ဘူး ကို…၊ ကို့ထက်လဲ…"

"ပြောလေ…၊ ဆက်ပြောစမ်းပါ၊ ကိုယ် ဒီနေ့ မြန်မာပြည်ကို ရောက်တာနဲ့ ရအောင်ယူဖို့လဲ ဆုံးဖြတ်ထားတယ်၊ မဖြေဖြေအောင် မေးမယ်၊ ကိုယ် အလိုချင်ဆုံးက မင်းပါးစပ်က ပြောလာမယ့် သိပ်ချစ် တယ်ဆိုတဲ့ စကား…"

"သူမ က မချစ်ခဲ့ဖူးလို့ ကို ထင်တယ်ပေါ့"

"ဘာမှကို မထင်နိုင်ခဲ့တာ၊ မင်းရဲ့ ခွင့်ပြုချက်မယူဘဲ ကိုယ်က မှတ်လက်ထပ်ခဲ့တာလေ၊ ပြီးတော့ လက်ထပ်ပြီးတာနဲ့ မင်း ကြည်ဖြူ တာကို မစောင့်နိုင်ဘဲ ကိုယ်က သိမ်းပိုက်ထားခဲ့တဲ့ကောင်…"

သူမ က ကမ္ဘာ့ ရင်ဘတ်က ကုတ်အင်္ကျီစနှစ်ဖက်ကို ဖွဖွလေး ဆုပ်ကိုင်၍ မျက်နှာကို ငေးသည်။ ကမ္ဘာ က သူမ ခါးလေးကိုသိမ်း ဖက်ထားလိုက်ပြီး…

"ဖြေပါကွာ…၊ ကိုယ့်ကို ချစ်လားဟင်"

သူမ သူ့ရင်ခွင်ထဲ တိုးဝင်မှီလိုက်ရင်း…

"ရှင်ဟာ သူမ အားကိုးမြတ်နိုးရတဲ့ ယောကျ်ားပါ ကို…၊ ကိုက သိမ်းပိုက်ခဲ့ရတယ်လို့ ထင်ပေမယ့် သူမ ကိုယ်တိုင် ပြိုကျခဲ့တာပါ၊ စတန်မရာမှန်းသိရက်နဲ့ ကို့ကို သူမ…"

သူမ ကမ္ဘာ့ ရင်ဘတ်ကို ခိုးနမ်းသည်။ ပြီးတော့ သူ့ခါးကို



www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်စွာ ဖက်ထားလိုက်ရင်း…

"ကို့ကို အရမ်းချစ်ခဲ့တယ်"

"ရှိ ရာ‥"

သူ့ မချင့်မရဲဖြစ်ရင်း သူမ မျက်နှာလေးကို မော့ယူလိုက်စဉ်…

"မောင်လေးရေ…"

ခေါ်သံနှင့်အတူ တံခါးခေါက်လိုက်သဖြင့် မျက်နှာနှစ်ခု ထိစပ်လု ကျကာမှ ဖျတ်ခနဲ ပြန်ခွာသွားသည်။

"မမခင်း လာပြီ"

"မဟုတ်ဘူး‥၊ လေဆိပ်ကို လာကြိုပြီး ပါလာတာ"

ကမ္ဘာ က မင်းသမီး လာခေါ်တာကို ဂရုမစိုက်ချင်သည့်မျက်နှာ နှင့် ဆက်ကဲဖို့ ငုံ့ကျလာတော့ သူမ က ရုန်းထွက်လိုက်ကာ…

"ကိုကလဲ‥"

"ဘယ်လိုလဲ ဘာဘာ၊ လာကြိုတဲ့သူကို နှုတ်မဆက်တော့ဘူး လား၊ တို့ ဒီတိုင်း ပြန်ရတော့မှာလား"

"အလိုက်သိတဲ့လူဆို အခန်းရှေ့ထိ ရောက်လာဖို့ကို မလိုဘူး"

"အို!… ကိုကလဲ‥"

ကမ္ဘာ က ဘုပြောလိုက်ပေမယ့် မင်းသမီး ထံမှ ရယ်သံလေးပဲ ကြားရကာ…

"ဟုတ်ပါတယ်‥ အလိုက်သိချင်တာလေ၊ ပြောစရာရှိလို့ စောင့် နေတာပါ၊ ထွက်မလာတော့ဘူးဆိုရင်လဲ အပြင်ကနေပဲ ပြောတော့ မယ်၊ အန်တီစု ကျတော့ ကလေးနှစ်ယောက်လုံး မနိုင်ဘူးလေ၊ မောင်လေးက ခရီးဝေးက ပြန်ရောက်လာစဆိုတော့ လင်မယားနှစ် ယောက် လွတ်လွတ်လပ်လပ် နေချင်မှာပေါ့၊ သားကြီးက အေးပေမယ့် မီးငယ်လေးက အငိုသန်တယ်မို့လား အဲဒါ မောင်လေးတို့လဲ အနှောင့် အယှက်မဖြစ်ရအောင် မီးငယ်လေးကို မမက ဆယ်ရက်လောက်…"





"ဘာတွေ လာပြောနေတာလဲ‥"

ဆုံးအောင်တောင် မပြောလိုက်ရဘဲ တံခါးဖွင့်သွားသဖြင့် ပုတ် သိုးသိုးပေါ်လာသည့် ကမ္ဘာ့ မျက်နှာကြီးကို မင်းသမီး က မျက်လုံး ပြူး၍ ကြည့်၏။

"စကားတောင် မဆုံးသေးဘူး၊ ဘယ်လို ဖြစ်လာတာလဲ"

"ကိုယ်မွေးထားတဲ့ သားသမီးကပဲ အနှောင့်အယှက်ဖြစ်ရဦးမယ် လို့၊ ဟွန်း… မပြောလိုက်ချင်ဘူး၊ အပျိုကြီးဝိဝိ စာနာစိတ်ကို မရှိဘူး"

"အို!… ကိုကလဲ မမခင်း ကို အားနာစရာ"

"မနာပါဘူး‥၊ ဒီမှာ သမီးလေးက ကျွန်တော့်မိန်းမရဲ့ပုံတူလေး၊ ပြောတာနဲ့တင် လူသတ်ချင်စိတ် ပေါက်လာတယ်နော်၊ ပြီးမှ အပြော ဆိုးလိုက်တာ မပြောနဲ့"

"အမယ်လေး ဘာဘာ ရယ်"

မင်းသမီး က လက်ဝါးနှစ်ဖက် ဖျတ်ခနဲရိုက်ပြီး ပခုံးတွေလှုပ် အောင် ရယ်၏။ ပြီးမှ…

"လင်မယားနှစ်ယောက် တရားကျဖို့ကောင်းလိုက်တာ၊ မိန်းမ လုပ်တဲ့လူကလဲ တွဝရီးနှစ်ယောက်နဲ့ ကလေးနှစ်ယောက်နဲ့ အမြင် ကတ်လို့ သားကြီးကို ခေါ်ထိန်းပေးရမလားဆိုတာကို သူမ ယောက်ျား ရဲ့အရိပ်ကလေးပါ မလှုပ်ပါနဲ့တဲ့‥"

သဘောကျသွားသည့် ကမ္ဘာ့ မျက်နှာကြီးက ချက်ချင်း ပြုံးကျ သွား၏။ သူမ ပခုံးလေးကို ဆွဲဖက်လိုက်တော့ မင်းသမီး ရှေ့မှာမို့ သူမ က ဖယ်ချပစ်၏။

မင်းသမီး က လက်ပိုက်၍ နှစ်ယောက်စလုံးကို ပြုံးမဲ့မဲ့ကြီးကြည့် နေလျက်…

"ခုကျတော့ ဖင်တုန် ရင်တုန်အောင် ချစ်နေကြပြီပေါ့၊ အဲဒီလို ချစ်သွားကြပါစေဆိုပြီး ဟိုတစ်မျိုး ဒီတစ်မျိုး စကားတွေနဲ့ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား ဖန်တီးခဲ့တာလဲ သိရဲ့လား··"

သူမ ကတော့ သိပြီးပြီမို့ ပြုံးနေရင်း မျက်လွှာချ၏။ ကမ္ဘာ ကတော့ သိချင်သွားသည့်မျက်နှာနှင့်···

"ငါ့ပါလို့ ပြောမလို့လား"

"သိပ်ဟုတ်တာပေါ့၊ ထမင်းဟင်းလေးချက်ပေးပြီး တကွဲစီနေရင်း လင်မယားတမ်း ကစားနေကြတာကို တစ်မိုးအောက်မှာ အတူနေဖြစ်အောင် ဖန်တီးလိုက်တာ တို့လေ···"

ကမ္ဘာ့ မျက်နှာ ပြုံးစိစိ ဖြစ်သွား၏။

"ရင်းနှီးပြီးမှ ချစ်လာကြမှာဆိုတော့ ဒီလိုပဲ ဖန်တီးရတာပေါ့၊ အန်တီစု တို့က ဘာဘာ တကယ်ချစ်နေပြီမှန်ရင်တော့ လက်ထပ်ပေးမှာလို့ သိလိုက်ရကတည်းက မင်းတို့ကို နေရာရွှေ့ပေးလိုက်ပြီး ဇာက်ထားလိုက်တာ··၊ ချစ်နေကြပြီဆိုတာ သေချာလောက်တဲ့အချိန်ကျမှ လူကြီးတွေကို ပြေးပြီး အသိပေးလိုက်တာလေ၊ တကယ်တော့ ညီမလေးလို ဖြူစင်တဲ့မိန်းကလေးကို မနစ်နာစေချင်တာ၊ ကောင်းစားစေချင်တာတွေပါ၊ တို့တောင် ခဏလေး စကားပြောမိပြီး ခင်မင်သွားခဲ့တာဆိုတော့ အတူနေဖြစ်ကြရင် မင်းနှလုံးသား အရည်ပျော်သွားမှာပဲလို့ တွက်မိလိုက်တာ···"

"အဲဒါ မမ မှားသွားပြီ၊ ရှီ ဆိုတဲ့ ကောင်မလေးကို ကျွန်တော် လမ်းပေါ်မှာ ကားတိုက်ခံရပြီး လဲကျနေတုန်း သူ့ရဲ့ စာနာညှာတာတတ်တဲ့ စကားသံလေးတွေ ကြားလိုက်ကတည်းက စိတ်ဝင်စားသွားတာ၊ တစ်ယောက်ကထားခဲ့ပြီး ကားမောင်းပြေးတယ်၊ တစ်ယောက်က မထားခဲ့နိုင်ဘူး၊ 'သေသွားမှာပေါ့'လို့ပြောပြီး သူ ဆင်းနေခဲ့တဲ့အထိ ကျွန်တော့်ရဲ့ ရှီ က အရမ်းနူးညံ့တာ···"

"ဩော်··· ဒီလိုလား···"

"ဒါပေါ့"





ကမ္ဘာ က သူမ ဖယ်ချပစ်နေသည့် လက်ကလေးကိုပါ ဖမ်းကိုင်ထားလိုက်ပြီး ရင်ခွင်ထဲကို ယိုင်ကျလာအောင် ဆွဲဖက်ပစ်လိုက်၏။ ပြီးတော့ မြတ်နိုးမဝသည့်မျက်ဝန်းများနှင့် ငုံ့မိုးကြည့်ကာ···

"မျက်နှာလေးကို မြင်လိုက်တော့ ဟိုတစ်ယောက် အယောင်ဆောင်ပြီး လက်ထပ်ယူသွားတဲ့ ကောင်မလေးမှန်း သိလိုက်တယ်၊ သူ မယူဘူးဆိုတာ မြင်လဲ မြင်လိုက်တယ်၊ ယုံလဲ ယုံကြည်နေလျက်နဲ့ မဖြစ်မနေ မိန်းမယူလိုက်ရဖို့ထိလဲ ကိုယ့်အခြေအနေက မဟုတ်သေးဘဲနဲ့···"

"အမလေး··လေး သူ့ ညစ်ပတ်တာတွေ ပြောဦးမယ်၊ သူမ မုန်းသွားရင် တို့ ဒီတစ်ခါ တာဝန်မယူဘူးနော်"

"မလိုပါဘူး၊ ကျွန်တော့်ရဲ့ ရှီ က အဲဒီလို ရုန်းထွက်သွားမယ့် စရိုက် မရှိဘူး"

ကမ္ဘာ က ပြုံးနေသည့်မျက်နှာနှင့်···

"အဲဒီလို ကိုယ့်ဘက်မှာ အခြေအနေဆိုးတွေ ဖြစ်နေတာ မဟုတ်ဘဲနဲ့ အကြောင်းအမျိုးမျိုးပြ··၊ တုပ်ပတ်ချည်နှောင်ပြီး လက်ထပ်ယူထားလိုက်တာ၊ ကိုယ့်ကိုယ်ကိုယ် နားမလည်ခဲ့ပေမယ့် တကယ်ဆို ဟိုးအစကတည်းက ရှီ ဆိုတဲ့ ကောင်မလေးကို မြတ်နိုးနေခဲ့တာ···"

"ဒါပေမယ့် မင်းရဲ့မသိစိတ်ကို ဗုတ်နှိုးဖယ်ရှားလိုက်တာက ဇို့ပါ၊ ဝန်မခံဘူးလား"

ကမ္ဘာ က ရယ်ရင်း နားသယ်စပ်တွေမှာ ခပ်တွဲတွဲ ဖြိုဆင်းလာသည့် ဆံစတွေကို ဟိုသပ်ဒီသပ် လုပ်နေသည်။

"အဲဒါတွေ အန်တီစု ကို ဖွင့်ပြောပြီး တောင်းပန်ခဲ့ရတာ ဒီပံတောင် မကြာသေးဘူး"

"တီလေးက ဘာပြောလဲ··"

"ကျေးဇူးတင်လွန်းလို့ ကိုကြီး ကိုတောင် အီးမေးလ်ပို့လိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ် သားရဲ…"

မီးငယ်လေးကို ချီထားပြီး ဒေါ်စုလတ် ရောက်လာ၏။ မီးငယ်လေးက ဆံပင်လိုင်းတွန့်လေးထင်လျက် ပခုံးထိ အရှည်လေးမှာ ရွှေဝါရောင်လေး သမ်းနေသေးသည်။

မျက်ဝန်းလေးတွေ မှောင်လဲ့နေတာ၊ နှုတ်ခမ်းလေးတွေ ထွေးအိနေတာ သူမ နဲ့ အရမ်းတူနေသဖြင့် ကမ္ဘာ က သမီးကို မြင်လိုက်တာနှင့် အတင်းဆွဲချီသည်။

"အို!… မီးငယ်လေး…၊ ဒါ မီးငယ်ရဲ့ ဖေကြီးလေ၊ ဖေဖေ ခေါ်ကြည့်…၊ ဖေဖေ လို့"

မီးငယ်က ရှုံ့မဲ့မဲ့မျက်နှာလေးနှင့် ရင်ဘတ်ကို တွန်းထားလျက် ကမ္ဘာ အတင်းနမ်းလိုက်သည်နှင့် ငိုတော့သည်။

"မီးငယ်ကကွာ မေမေနဲ့ တူနေတာ မျက်နှာတင်မကဘူး ဖေဖေ နမ်းတာကို ဒေါ်ကန်တာလဲ အတူတူပဲ"

"အို!… ကို…၊ ဘာတွေ ပြောနေတာလဲ"

သူမ မျက်နှာလေး နီရဲသွားလျက် ကမ္ဘာ့ လက်မောင်းကို ထုပစ်လိုက်သည်။ ဒေါ်စုလတ် က သူမ ရှက်နေတာကို ချစ်စနိုးမျက်ဝန်းများနှင့် ကြည့်၍…

"သားကိုလဲ ဂရုစိုက် ပြုစုတယ်၊ သဘောထား နူးညံ့သိမ်မွေ့တယ်၊ မိန်းမကောင်းပီသတဲ့ မိန်းကလေးမျိုးကို ရှာပေးတာ၊ တီလေးက မီးမီး ကို ဆုတောင်း ချီးမြှင့်မှာ…"

စောစောက စကားကို ဆက်ပြောသည်။

"သမီး အားငယ်နေတာကို တီလေး သိတယ်၊ အဲဒီစိတ်တွေ ပျောက်ဖို့ သင့်ပါပြီကွယ်၊ တီလေးရဲ့သားမှာ သမီးလို ဇနီးကောင်း တစ်ယောက်ပဲလိုတာ၊ ချမ်းသာဖို့ မလိုပါဘူး"

"သြော် ဘာဘာ ရယ်…၊ ဟိုမှာ လူကြီးစကား ပြောနေတယ်"





ကလေးက ရှန်း၊ ဖအေက အတင်းနမ်းနှင့် ကမ္ဘာ တို့သားအဖကို မျက်စိနောက်လာပြီး မင်းသမီး က ကမ္ဘာ့ လက်ကို ဖြန်းခနဲ ရိုက်၏။

ထိုအခါ ငိုနေသည့် မီးငယ်လေး၏အသံ တိတ်ကျသွားလျက် မင်းသမီး ကို မျက်လုံးပြူးလေးနှင့် ငေးကြည့်လေသည်။

"ဟော… တွေ့လား၊ သူ့အဖေကိုရိုက်လို့ ဖြစ်သွားတာ၊ မရဘူး ရိုက်ရမှာပဲ၊ ဘာဘာ ဆိုတဲ့ကောင် ကလေးကို ဒီလောက်နမ်းရလား၊ လူဆိုး…၊ ကဲ… ကဲ…"

မင်းသမီး က ကမ္ဘာ့ လက်မောင်းကို ဆက်တိုက်ထုနေသဖြင့် ကလေးက မဲ့မဲ့လေးပြန်ဖြစ်လာကာ ဖအေ့လည်ပင်းကို ဖက်ထားလိုက်ပြီး ငိုလေသည်။

"ကြည့်စမ်း…၊ ဖအေကို သိလိုက်တာ၊ ခုမှ တွေ့ရလို့ တော်သေးတာပေါ့"

မင်းသမီး ပြောနေသမျှ ကမ္ဘာ့ မျက်နှာကြီးမှာ ပျားရည်တွေဆမ်းထားသည့်နှယ် ကလေးကလည်း အငိုပြန်တိတ်သွားပေမယ့် တွန်းထိုးရှုန်းတာတွေ မရှိတော့ပေ…။

ထိုစဉ် ပူစူး က သားကြီးကို ခေါ်လာသဖြင့် သူမ က သားကို ပွေ့ယူလိုက်ကာ…

"မမမင်း ကြည့်ပါဦး…၊ သားကြီးက ဆံပင်တွေ ကောက်ကွေးနေတာရော၊ မျက်နှာရော သူ့အဖေနဲ့ တစ်ပုံစံတည်းပဲ"

"ဟုတ်ပါတယ်…၊ ဟုတ်ပါတယ်…၊ တူတာလေးတွေရပြီးပြီဆိုတော့ လင်မယားနှစ်ယောက် ကျေနပ်နိုင်ပြီလေ၊ ဘာဘာ လဲ နိုင်ငံခြား ဖြစ်သွားရင် သမီးလေး ခေါ်သွား၊ သူမ လဲ သားလေးကျန်ခဲ့ပြီဆိုတော့ အလွမ်းပြေတာပေါ့၊ စီးပွားဆိုတာ အရွယ်ရှိတုန်း ကျန်းမာနေတုန်းပဲ ရှာနိုင်တာမို့လား"

"မရဘူး၊ ဒီတစ်ခါ ဘယ်သွားသွား၊ အားလုံးမပါဘဲ မသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ စကားကြောင့် ရယ်လိုက်မိကြ၏။ ထိုမျှတင်မကဘဲ ကမ္ဘာက သမီးကို ချီထားရင်း သားကြီးနဲ့မလွတ်မလပ်ဖြစ်နေသည့် သူမကို လှမ်းဖက်လိုက်ကာ…

"ရှီ…၊ မမက အားလုံး ဝန်ခံပြီးပြီဆိုတော့ မင်းက မချစ်ဘဲနဲ့ ကိုယ် အတင်းလက်ထပ်ယူခဲ့ရတာလဲ ပေါ်သွားပြီ၊ အဲဒီတော့ အခု ကိုယ့်ကို အရမ်းချစ်နေပါပြီဆိုတဲ့အကြောင်း အားလုံးရှေ့မှာ ပြောပေးကွာ"

"ကိုရယ်…၊ ဘာဖြစ်နေမှန်းမသိဘူး၊ လူကြီးတွေရှေ့မှာ… ဖယ်ပါ…"

"မရပါဘူး…၊ အဲဒါကို လူကြီးတွေရှေ့မှာပဲ ထပ်ကြားချင်တာ၊ မပြောဘူးလား၊ ခုမပြောရင် ညကျ မွေးနေ့ပွဲမှာ ပြောခိုင်းမှာနော်"

"ဟာ!… မသိဘူး၊ သွား…"

သူမ ဘယ်လို ရှောင်ထွက်ဖို့ ကြိုးစားသော်လည်း ကမ္ဘာ အတင်းဖြစ်နေသဖြင့် မင်းသမီး ကလည်း မနေသာ…။

"ပြောလိုက်ပါ သူမ ရယ်…၊ ဘာဘာ့ အကြောင်း မသိသေးဘူးလား၊ လိုချင်တာမရရင် အရမ်းကြောက်ဖို့ကောင်းတာနော်"

"ဟုတ်တယ်၊ လုံးဝ မပြောတော့ဘူးဆိုရင် အခု သားနဲ့ သမီးရှေ့မှာပဲ အတင်းနမ်းမှာ…"

ခြိမ်းခြောက်ခြင်း အမျိုးမျိုးကြားမှာ သူမ ရှက်မနေနိုင်တော့ဘဲ ပြောလိုက်ရတော့သည်။

"ရှင်ပဲ မသိတာပါ…၊ သူမ ရှင့်ကို ချစ်တယ်ဆိုတာ အားလုံးသိတယ်"

"ဟင်!… ဟုတ်လို့လား၊ ဘယ်သူသိလို့လဲ…၊ မမ သိလား၊ သူ ပြောဖူးလို့လား၊ တီလေး ရောယောင်ပြီး ခေါင်းမညိတ်နဲ့နော်၊ သက်သေနဲ့တကွ ပြော…"



ကမ္ဘာ့ တမင်လုပ်နေမှန်းသိတော့ သူမ ကလေးချီထားလျက်နှင့် ထွက်ပြေးလေသည်။ ရယ်သံတွေ ဆူညံသွား၏။

"မီးငယ် တွေ့လား၊ မေမေ ရှက်သွားပြီ၊ ဖေကြီး သွားချော့လိုက်ဦးမယ်၊ တီတီဆီ ခဏသွား…"

မင်းသမီး လက်ထဲကို မီးငယ်ကို ထည့်ပေးကာ ကမ္ဘာ ပြေးလိုက်သွားတော့ ဒေါ်စုလတ် က ခေါင်းတညိတ်ညိတ်နှင့်…

"စိတ်ချမ်းသာလိုက်တာ…"

ဟု ပြော၍ ရယ်နေရင်း စိုစွတ်လာသည့် မျက်ရည်စတို့ကိုလည်း လက်ကိုင်ပဝါနှင့် တို့သုတ်၍…

"မြေးကြီးနဲ့ မြေးငယ်လေးကို တစ်ပြိုင်နက်မွေးပေးတဲ့ သူ့ရဲ့ ချွေးမလေးကို ကလေးတွေရဲ့မွေးနေ့မှာပဲ တန်ဖိုးကြီးတဲ့ လက်ဆောင်ပေးလိုက်တယ်တဲ့၊ သားနဲ့ ပါလာတယ်လေ၊ ဘာမှန်းတော့ မသိရသေးပါဘူး၊ ပြီးတော့ မီးမီး ကူညီခဲ့တာတွေ အန်တီက ပြောပြလိုက်လို့ မီး အတွက်လဲ လက်ဆောင်ပါတယ်၊ သမီးကို ဘြိုက်စံအိမ်ရဲ့ မိသားစုဝင်အဖြစ် တွန်းပို့ပေးတာ ကျေးဇူးတင်တယ်တဲ့"

မင်းသမီး က ရယ်နေသည်။ အားလုံးက အေးချမ်းသွားပါပြီ၊ ဒါပေမယ့် လူမသိလိုက်သော ရှုထောင့်တစ်နေရာတွင်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

ဒီနေ့ ကမ္ဘာ ရဲ့မွေးနေ့မို့ ဘုန်းကြီးကျောင်းမှာ အရုဏ်ဆွမ်းကပ် လိုက်သည်။ ပြီးတော့ ဘုရားမှာ အလှူဒါနတွေပြုလုပ်ခဲ့ပြီး နေ့လယ် ဆယ့်တစ်နာရီထိုးမှ ရက်စထရန့်တစ်ခုမှာ ထမင်းစားဖြစ်ကြ၏။

မိသားစုအစုံပါသည့်ပြင် ကလေးတွေပါသည်မို့ ပွစိ နှင့် ညော တို့ကိုလည်း ခေါ်ခဲ့ရ၏။ ဒါတောင် ထမင်းစားကြတော့ သမီးလေး ဂျီကျနေသဖြင့် သမီးကို ချီထားရင်း သူမ ထမင်းစားခဲ့ရ၏။

ထို့ကြောင့် ကလေးက လှမ်းဆွဲလိုက်သောအခါ သဘော်သီး ဖျော်ရည်တချို့ အင်္ကျီလက်မောင်းကို ပေကျံကုန်သည်။

"မြေးငယ်လေးရေ၊ လာ.. လာ... ဘွားဆီကို လာ...၊ သမီး တီလေးကို ကလေးပေး၊ တစ်သျှူးလေးနဲ့ သုတ်လိုက်"

ဒေါ်စုလတ် က ကလေးခေါ်ဖို့ပေမယ့် ပွစိမ ကပျာကယာ ထခေါ်လိုက်သဖြင့် သူမ က ပေကုန်တာတွေကို ငုံ့ကြည့်ကာ...

"ရတယ် တီလေး၊ သူမ သန့်စင်ခန်း ခဏဝင်လိုက်မယ်၊ သုတ် ပစ်ရုံနဲ့ မနေတတ်လို့"



"မီးငယ်ကကွာ..၊ မေမေ့ကို ဒုက္ခပေးလိုက်ပြန်ပြီ၊ ရှီ... ကိုယ် လိုက်ခဲ့ရမလား"

"ရပါတယ် ကို ရဲ့..၊ ရေလေးနဲ့ နည်းနည်းပွတ်ချလိုက်ရင် ရပါတယ်၊ မီးငယ်က ဆော့လိုက်တာ၊ သူမ သတိလစ်သွားလို့ မရှောင်မိ လိုက်ဘူး"

ကလေးအတွက် ကာကွယ်ပြောရင်း သူမ သန့်စင်ခန်းကို ထ, ထွက်လာခဲ့သည်။

သို့သော် သူမ ခြေလှမ်းတွေ ဦးတည်ရာကို မရောက်တော့ဘဲ စကားသံတွေ နီးကပ်စွာ ထွက်ပေါ်လာသည့် သီးသန့် စားသောက်ခန်း တစ်ခန်းရှေ့မှာ...

"သူတို့ကို ကိုယ် မပြောဘူး၊ မင်းကိုပဲ ပြောနေတာ၊ အခု ပြန် လိုက်ခဲ့.."

"မလိုက်နိုင်ဘူး ကိုကို.."

စကားသံတွေက တံခါးဝကနေ အပြင်ကို နီးကပ်လာသလို လူ တွေကိုပါ မြင်လိုက်ရ၏။ မိုးသောက်နေ နဲ့ ဆွေး ..။

သူမ ခြေတစ်လှမ်းပြန်ဆုတ်ကာ ထောင့်ကွယ်နံရံမှာ ကျောကပ်မိ လိုက်၏။ မိုးသောက် သည် ခရမ်းရင့်ရောင်ရှပ်အင်္ကျီအကွက်နှင့်ဖြစ်ကာ ဒီဘက်ကို မျက်နှာမူထားသည့် ဆွေး ကတော့ အနီရဲရဲဝတ်စုံနှင့် မျက်နှာ တစ်ပြင်လုံးကလည်း နီရဲနေ၏။

ကွယ်ရပ်ကို ပြောင်းနေလိုက်သော်လည်း သူတို့ပုံစံတွေက မျက်လုံး ထဲမှာ စွဲကပ်ပါလာ၏။ မိတ်ကပ်ရောင်ထက် ပိုရင့်၍ အဆီပြန်သလို ဖြစ် နေသော ဆွေး သည် ဝတ်စုံအရောင်သာမက အကြည့်တွေကပါ နီရဲနေ လျက်..။

"ဘာလဲ ကိုကို၊ ကိုကိုက သဝန်တိုတာလား၊ ဒါဟာတော့ မောင် သစ်စ စီဒီယိုသရုပ်ဆောင် ဆူးခက်ဆွေး က ငါမိန်းမလို့ပြီး မွှေးပေးနိုင်

www.burmeseclassic.com



တက်ပြချင်တာလား"

"ဆူး‥"

"လုပ်မနေနဲ့ ကိုကို၊ ရှင်နဲ့ ဆူး နဲ့ ဘာမှမသက်ဆိုင်တဲ့ လင်မယားဆိုတာ ဆူး ရဲ့ပတ်ဝန်းကျင်က အားလုံး သတိတယ်‥"

"မင်း ထင်ရာတွေ စွတ်ပြောမနေနဲ့၊ အခု ငါ မင်းဆီကို ဆင်းလာတာ အမြင်မတော်လို့ လာပြောတာ၊ မင်းနဲ့ဟိုလူတွေ ဒီစားသောက်ခန်းထဲ ဝင်သွားကြတာ၊ အပေါ်ထပ်ကနေ ငါ မြင်တယ်၊ ငါ့မိတ်ဆွေတွေ မမြင်ခင် ငါ ဆင်းလာခဲ့တာ"

"ဘာလုပ်ဖို့လဲ"

"မင်း‥ အခု ဒီကနေ ပြန်လိုက်တော့"

"ဘာအတွက်လဲ‥"

"မင်းသိက္ခာ၊ ငါ့သိက္ခာအတွက်"

"သိက္ခာ ဟုတ်လား‥ အဟွန်း‥၊ ရှင် ဆူး ကိုလက်ထပ်ပြီးမှ အသည်းကွဲ အချစ်ရှုံးသမားကြီးလို တစ်မြို့လုံး လှည့်ပြနေတာကျတော့ ဘယ်သိက္ခာအတွက်လဲ‥"

"ဆူး ‥ မင်းနဲ့ ကိုယ် အဲဒါတွေ အခု မပြောချင်ဘူး၊ ပြောချင်စိတ်လည်း မရှိဘူး၊ မင်းပြန်ပါ"

"မပြန်နိုင်ဘူး ကိုကို၊ ဆူး ထင်သလို သွားလာနေတာ မဟုတ်ဘူး ဆူး နဲ့အတူပါလာတာ အကယ်ဒမီရထားတဲ့ ဒါရိုက်တာနဲ့ ဒီဇိုင်နာတွေ ကလေကချေတွေ မဟုတ်ဘူး"

"ဟိတ်‥"

"ကိုကို လွှတ်နော်၊ ဆူး သိက္ခာကို မစော်ကားနဲ့"

"စော်ကားနေတာ မဟုတ်ဘူး၊ ဘယ်သူ့သိက္ခာကိုမှလည်း ငါ စိတ်မဝင်စားဘူး၊ အဓိကက ကိုယ့်ဘက်က လုံအောင်နေဖို့ပဲ၊ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ လာတာဖြစ်ဖြစ် မင်းရဲ့ ကလက်တက်တက် အနေအထိုင်ကို





လူရှိန်မှာ မဟုတ်ဘူး၊ ဆူး ကနေ ဆူးခက်ဆူး ဖြစ်သွားတာလည်း နာမည်ပဲ၊ လူက ဘာမှမပြောင်းလဲဘူး"

"ရှင် ‥ ရှင် ‥ ခုထွက်သွား‥"

"သွားမယ်၊ မင်း မသွားဘူးဆိုရင် ငါ သွားဖို့ ခြေလှမ်းပြင်ပြီးသား၊ အခု ဒီဆိုင်ထဲကနေ သွားပြီးတာနဲ့ နောက်ဆက်ပြီး ဘယ်လိုရှေ့ကြမယ်ဆိုတာ ဒီည မင်းနဲ့ ငါ ဆွေးနွေးမယ်"

နီရဲနေသည့် ဆူး ရဲ့မျက်နှာနဲ့ မျက်ဝန်းထောင့်တွေ၊ ပြီးတော့ သူမဆီက ရနေတဲ့ ရွံစရာအနံ့အသက်တွေ၊ ဒါတွေက သိက္ခာတဲ့လား‥၊

နောက်ကနေ မှန်တံခါးကို အသံထွက်အောင် ပိတ်ပစ်လိုက်သည့်အသံကြောင့် မိုးသောက်နေ နာကျင်စွာ မဲ့ပစ်မိသည်။

ခြေလှမ်းတို့သည် ဆိုင်၏အပေါ်ထပ်လှေကားဘက်ကို ကွေ့ချိုးလိုက်သည်နှင့်‥‥

"ဟင်!‥‥"

အလှမ်းမကွာလှသောနေရာလေးမှာ သူ့ အလွန် မြတ်နိုးခဲ့သည့် ညိုမှောင်ရွှန်းလဲ့သော မျက်ဝန်းလေးများနှင့် ရပ်ငေးနေသော‥‥

"သူမ‥‥"

မိတ်ကပ်ရောင်ရင့်ရင့် အပျော့သားလေးပေါ်မှာ ရှားရင့်ရောင်အွယ်လေးတွေပါသည့် ဝတ်စုံလေးနှင့် ဆံပင်တွေကို မျက်နှာတစ်ပြင်လုံး အပြောင်သိမ်းကာ နောက်မှာ ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထားး၏။

အင်္ကျီသည် ခုခေတ် မိန်းကလေးတိုင်း ဝတ်ကြသော လည်ကပ်င်ဖုံးကို ဒီဇိုင်းဆန်းလေးနဲ့ဖြစ်ကာ ရင်ဘတ်ပေါ်မှာ တစ်တန်းသွားတုံးက ပြိုးပြက်လက်နေ၏။

ထို့ပြင် နားကပ်လည်းမက နားဆွဲလည်းမကျသော နားဆွဲငုံလေးလည်း လှုပ်လီလှုပ်လဲ့နှင့် လက်တောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ကိုယ်လုံး တဖျပ်ဖျပ်လက်နေသလို ဟိုတုန်းကလို မဟုတ်ဘဲ ဝင်းဝင်းစက်စက် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်နေသော မျက်နှာလေး ကလည်း ပိုလို့တောင် လှနေပါ၏။

မိုးသောက် သတိလက်လွတ် ငေးနေပြီးမှ မျက်နှာလွှဲဖို့ သတိရ၏။ ဒါပေမယ့် မျက်ဝန်းတွေ တိမ်းလိုက်ပြီးတော့မှ ပြန်ကြည့်မိပြန် သည်။

ကြည့်နေလိုက်တာ သူမ ရယ်..၊ မင်းဟာ ငါ ထင်ထားခဲ့တာ ထက် ပိုပြီး သန့်စင်တယ်၊ တန်ဖိုးကြီးတယ်၊ ကိုယ်နဲ့ မထိုက်တန်တဲ့ ပန်းလေးတစ်ပွင့်ပါ..။

မိုးသောက် နှုတ်ဖျားမှာ နှုတ်ဆက်ဆိုက်တာလိုလို၊ နာကျင်သွား တာလိုလို ခပ်ယဲ့ယဲ့မဲ့ပြုံးတစ်ခု ထင်သွား၏။ ပြီးတော့ နေရာမှ ထွက် သွားဖို့ ခြေလှမ်းပြင်လျှင်...

"ကိုမိုး.."

သူ ပြန်လှည့်ကြည့်တော့ သူမ က ဆူး ကျန်ရစ်ခဲ့သည့်ဘက်ကို လှမ်းကြည့်လိုက်ကာ...

"ဒါသတွေနဲ့ မဆုံးဖြတ်ပါနဲ့ ကိုမိုး ရယ်၊ ခုချိန်မှာ ကျိုးပဲ့ပျက်စီး ကုန်မယ်ဆိုရင် အဲဒါတွေက သိက္ခာတရားတွေပါ၊ ကိုမိုး ဆူး ကို နားလည်ပေးလိုက်ပါနော်၊ သူ ကိုမိုး ကို သိပ်ချစ်တာ.."

သူ့ခြေထောက်တွေ ရှေ့သို့၊ နောက်သို့ ဘယ်ကိုမှ မရွေ့လျားဖြစ် ဘဲ သူမ မျက်နှာလေးကိုပဲ စူးစိုက်ငေးနေခဲ့မိသည်။

သေချာတာတစ်ခုက သူမ ရဲ့စကားကို သူ လွန်ဆန်နိုင်မှာ မဟုတ်..။ ထိုစဉ် မိုးသောက် မျက်လုံးတွေ သူမ ရဲ့နောက်ကို ဖျတ်ခနဲ ရွေ့သွား၏။ သူမ လှည့်မကြည့်ရသေးခင် ကမ္ဘာ က သူမ ပခုံးလေးကို ဖက်ထားလိုက်ပြီးဖြစ်ကာ...

"ကွန်ဂရက်ကျူလေးရှင်း"





ကမ္ဘာ့ မျက်နှာထက်က မထိတထိ မဲ့ပြုံးသည် ဆူး နဲ့ ကိုမိုး လက်ထပ်လိုက်တာကို သိနေသည်လား၊ မသိဘဲနဲ့လား..။

ယောကျ်ားချင်းတော့ နားလည်နေသည့် စူးရဲသောအကြည့်တွေ ကတော့ စကားပြောလို့ပါ၊ ဒီယောကျ်ားနှစ်ယောက် ဆုံမိလို့ မိတ်လှူး ရှား ရင်တုန်ရခြင်းသည်လည်း သူမ အတွက် ခုချိန်ထိ အသစ်အတိုင်း ရှိနေတုန်းပင်..။

ကမ္ဘာ နဲ့ သူမ မင်္ဂလာပွဲကြီး တခမ်းတနား ကျင်းပနေသည့်အချိန် က ဦးတစ်ယောက်တည်း ရောက်လာပြီး တခြား ဘယ်သူမှ မလာခဲ့ ကြပေ။ ကိုမိုး ကလည်း ဖုန်းဆက်၍ပဲ...

"မင်း ပျော်ရွှင်ပါစေ.."

ဆိုသည့် စကားလက်ဆောင်လေး တိုတိုတုတ်တုတ်ပေး၍ နှုတ် မဆက်ဘဲ ဖုန်းချသွားသည်။ ထို့နောက်မှာ ကြိုက်စံအိမ်ကြီးကနေ အပြင် ကို သိပ်မထွက်ဖြစ်ခဲ့သလို ဘယ်သူနဲ့မှလည်း နောက်ထပ် မတွေ့ဖြစ် ခဲ့ပေ..။

သည်နေရာမှာ ဤကဲ့သို့ မျက်နှာစုံညီစွာ ပြန်လည် ဆုံဖြစ်ကြလိမ့် မည်ဆိုတာလည်း ဘယ်လိုမှ မထင်မှတ်၊ မမျှော်လင့်ခဲ့တာမို့...

"ကွန်ဂရက်ကျူလေးရှင်း မလိုဘူး ကမ္ဘာ၊ မင်းနဲ့ငါအတွက် ဘာမှမလိုဘူး"

ကမ္ဘာ နှင့် တူညီသော မဲ့ပြုံးကို ထူထောင်၍ မိုးသောက် က စကားကို ပြန်ဆက်၏။

ကမ္ဘာ က မျက်ခုံးနှစ်ဖက် သိသိသာသာ ပင့်လိုက်ပြီး ဟွန်းခနဲ ရယ်သည်။ ပြီးတော့ ဖက်ထားသည့် သူမ ရဲ့ပခုံးလေးကို နာကျင်ပါ လာအောင် ခပ်တင်းတင်း ဆွဲဖက်ပစ်လိုက်ပြီး...

"ကြားလား၊ မလိုဘူး..တဲ့"

သူမ မျက်နှာလေး ပြုံတော့မယ့်မိုးလိုပင်..၊ ကမ္ဘာ က သူမ



www.burmeseclassic.com

www.burmeseclassic.com



ကို ငုံ့ကြည့်ပြီးမှ ဘာမှမဟုတ်တော့သလို သူ့မျက်နှာထက်က ကောက်ကွေ့ကြောင်းတွေကို ချက်ချင်း ပြေချ၏။

ထို့နောက် ခပ်တင်းတင်းဖက်ထားရာကနေ ယုယုယယ ကြင်နာခြင်းဖြင့် မြတ်မြတ်နိုးနိုး ဖြစ်သွားခဲ့ပြီး…

"သွားရအောင်…"

မိုးသောက်နေ ကို ကျောခိုင်းလိုက်သည့်အချိန်မှာတော့ မျက်ရည်လေးတွေ ဝေ့နေသည့် ဖနီးချောလေးကို သနားကြင်နာခြင်းများစွာနှင့်ပါ…။

မိုးသောက် စူးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့၏။ ကမ္ဘာ တမင်တကာ လုပ်ပြသွားတာတွေမှန်း ယောက်ျားချင်းမို့ သူ နားလည်သည်။

သူနဲ့ ကမ္ဘာ ဟာ ပြိုင်ဘက်တွေအဖြစ် ကြိုးစိုင်းအလယ်ကို မရောက်ဖြစ်ခဲ့သော်လည်း တစ်ခုတည်းသောဆုကို ရယူလိုခဲ့ကြတာတော့ အတူတူပဲ ဖြစ်၏။

သူမ ရဲ့ အမြဲတမ်း တည်ငြိမ်ရင်းသန့်နေခဲ့သည့်အလှနှင့် မြင်သူဘဝင်ကို ပွက်ပွက်ဆူအောင် လောင်မြိုက်စေသည့် ဆူးခက်ဆူး ရဲ့အလှ…။

လှသထက် လှလာကြပေမယ့် လှတာချင်းက မတူ…၊

ဟုတ်ပါတယ်၊ မင်းနဲ့ငါ ရခဲ့ကြတဲ့ တန်ဖိုးချင်း ကွာပါတယ်၊ ငါ ဒေါသမစင်နိုင်သေးပေမယ့် သူ့ကို မင်းချစ်နေတာ မြင်ရလို့ ကျေနပ်နိုင်တယ်…။

အချစ်ဆိုတာ ကိုယ်ကပေးနေသလောက် ပြန်ရတတ်တာမျိုးမှ မဟုတ်ဘဲ…။

## လရောင်ကျူးရင့်



www.burmeseclassic.com